

www.burmeseclassic.com
မဟူရာ
(လှိုင်ကော်)
ခန်းကြာညို့ကျော့
လေပြည့်နှော
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေနိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသူ၏စာစုစာရင်း ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
မဟူရာ(လှိုင်ကော်)
ပန်းကြာညိုကျော့ လေပြည်နော့ /မဟူရာ(လှိုင်ကော်)၊
ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၃။
၃၂၀ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁)ပန်းကြာညိုကျော့၊ လေပြည်နော့


မန်းကုံးစုသီစာပန်းချီ

# မဟူရာ
(လှိုင်ကော်)

# ပန်းကြာညိုကျော့လေပြည်နော့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နေရောင်ဘယ်လောက်ပြင်းပြင်း

ကြာပန်းလေးတွေဟာ

အရှုံးပေးလိုက်ကြသလား ...။

အရှုံးပေးလိုက်ကြရင် ....

ကြာတောကြီး ဘယ်ဖြစ်လာမလဲ ...။

တကယ်က ...

ချစ်ခြင်းဆိုတာ

စိတ်နာနေတယ်ပဲဆိုစေ ...

စိတ်နာနေမိရင်းနဲ့

သစ္စာရှိတဲ့ချစ်ခြင်းကို

ပေးနေကြတဲ့သူ

နှစ်ယောက်ကြားမှာ

တစ်ယောက်ယောက်ဆီမှာ

ဆက်ပြီးရှင်သန်စေနိုင်တာပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com

အတိတ်ထဲမှ ချန်ခဲ့ရ

ရှေးလယ်ရာ အမွေအနှစ်တို့ထည်

မြေတိုင်း၌ နှစ်ထည်လည်းရှိ၏ ....။


ကြော် ...

ငါ၏ ချစ်ခြင်းမြို့တော်၊

တစ်ခုထိုတူးတော်ရာ နေရာသည်

တို့နှလုံးသားထဲ

ထိုဆောတူးတော်ခြင်းပဲ ဖြစ်လေသည် ...။



BURMESE CLASSIC .com

မင်းဟာ ...

စိတ်ကူးယဉ်ရုံပဲ

ယဉ်ဖူးလိုက်ရတဲ့

အချစ်တစ်ခုကို

ပြန်မေ့သွားပါလိမ့်မယ် ...။

ငါ့လိုလူကို

ချစ်တယ်ဆိုတာ

စိတ်ကူးယဉ်အဆင့်နဲ့ပဲ

လွန်လွန်းလှပါပြီ ...။



www.burmeseclassic.com

www.burmeseclassic.com

အခု … ကျနေတဲ့
မင်းရဲ့ မျက်ရည်ကို
ခြောက်အောင်သုတ်ပေးနိုင်တာလည်း
မင်းကိုယ်တိုင်ပဲ ဖြစ်နေတယ် …။
ပိုက်ဆံနဲ့သုတ်မှ
စင်မယ့်ခြောက်မယ့်
မင်းရဲ့မျက်ရည်ကို
လူချမ်းသာတစ်ယောက်မဟုတ်တဲ့
ငါ့ရဲ့လက်တွေဟာ
ဘယ်တော့မှ …
ခြောက်အောင်စင်အောင်
သုတ်ပေးနိုင်မှာ မဟုတ်ဘူး …။

ဪ …
အဘယ်မှု …
မြူစင်ကြည်လင်သော
မျှော်လင့်ချက်များပင်ဖြစ်စေ …
မချမ်းသာသည့် သူတစ်ယောက်၏
နှလုံးအိမ်မှာ …
ဖန်စင်ဝန်းစက်အဖြစ်ပဲ
ရှိခွင့်ရသည် …။
ကျလျှင် … ကျေမည် …။
ကွဲကွဲစင်စင်ဖြစ်မည် …။
တားဆီးခွင့်မရှိ …။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ငါ့ေ ၀ ၀ ၀

မြတ်နိုးရာ

ဘ၀လေးသည်လည်း

ကျန်ခဲ့ပြီ ၀ ၀ ၀ ။

ငါ့ေ ၀ ၀ ၀

ကြွေကွဲရာ

နှလုံးသားသည်လည်း

မျက်ရည်ထဲမှာ

ကူးခတ်ရင်း ၀ ၀ ၀

ထွက်ခွာခြင်းလည်း

ဖြစ်ခဲ့ရသည် ၀ ၀ ၀ ။

[illegible] နေရောင်ကျရာ
ကန်ရေပြာတွင်း ရွှေရောင်ဝင်းဝတ်
ပန်းကြာရွက်ရုံ ကြာဝတ်ဆံငါ
ပွင့်ဖတ်လွှာတို့ မညိုမရော
ခေါင်းကိုမော့၍ ကြည်မွေပြာပြာ
ရေပြင်မှလျှင် ကြာတောဆင်၏ ။

ညခင်းချိန်၌ နေရှိန်ငါကား
လျော့ပါးရောက်ခွာ၊ ရှိသောငါတွင်
ရှိပြည့်ပင်၊ ကြာတောတစ်ခွင်ဝယ်
ဝတ်ဆံကြွယ်ရာ၊ ပွင့်ဖတ်လွှာတို့
တချို့ပွင့်နေ ...
ဖူးနေတချို့ ဝန်းဝန်းစိုစို
နေဝန်းသို့ချိန်၊ ကြာဖူးချိန်ဖြစ်
နေဝန်းသို့ချိန်၊ ကြာပွင့်ချိန်ဖြစ်
ပန်းတွေဖြစ်ရင်း ပန်းဘိုးရင်းပင်
ပန်းကြာသို့လျှင် ကြာတောဆင်၏ ။

ကန်ရေပြာထက်၊ ဝန်းစက်လရိပ်
ပုံရိပ်ကျချိန်၊ လသာချိန်တွင်
ကန်ရေပြင်အေး၊ ပန်းပိုမွှေးလျက်
ပန်းကြာရွက်ကြား၊ ပွင့်လွှာကြားတွင်
တိုးဝေ့ဝင်ရင်း၊ ဖြတ်ပြေးရင်းဖြင့်သော
ဆော့ရင်းရုန်းကူး၊ ပန်းကြာဖူးထက်
ပန်းဖူးထက်မှ၊ ဝတ်ဆံလှသာက်
ဝတ်ဆံထက်မှ၊ ပန်းလွှာလှသာက်
ပန်းလွှာလှမှ၊ ကန်ရေပြင်ထက်
တိုဘတ်သည်ဘက်၊ ကူးလူးယှက်ပြေး
လေပြည်အေးတွေ၊ မြန်နှေးတစ်ပို
ပန်းကြာသိုကျော့ လေပြည်နော့၏ ။
ဪ ...
ပန်းကြာသိုကျော့ လေပြည်နော့၏ ။ ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ကြာတော ..၊ ဟုတ်သည် ..၊ ကြာညိုတောသည် တပြန့်တလျား ရှိ၏။ လှေထဲမှာ ကြာတွေ ပြည့်နေပြီ ..။ လှေလယ်မှာ ဆောင့်ကြောင့် လေး ထိုင်နေသည့် ဖိုးသည်း ကတော့ ကြာပန်းများ လာနားသည့် ပျားကို ရန်လုပ်နေ၏။ လက်ဖြင့် လှမ်းပုတ်သည်။

"ပျားတုပ်လို့ ဟုတ်ပေ့ဖြစ်ပြီး .. လက်ကြီး ရောင်တော့မှာပဲ၊ ဖိုး တစ်နေ့ကလည်း နင့်နှုတ်သီး ပျားထိုးလို့ ပျားဆိပ်မိပြီးပြီနော် .. အမှတ် ကို မရှိဘူး၊ ပျားကို ရန်မလုပ်ချင်စမ်းပါနဲ့ ဖိုးသည်း ရဲ့ .. ပျားဆိုတာ ပန်းရှိရာကို လာတတ်တာပဲကွ .."

လှေလေးလှော်နေရင်း မြွေးထုံ ပြောတော့ ဖိုးသည်း မျက်လုံး လေး လှန်၍ သခင်ကို ကြည့်၏။ မျက်စိနောက်နေပုံဖြင့်လည်း ပျားကို ကြည့်သည်။ မြွေးထုံ ဆူသည်မို့သာ ငြိမ်နေရသည့်သဘော ..။

"ဒီကန်ကြီးရယ် .. ကြာပွင့်တွေရယ် ..ရှိနေသရွေ့ ထုံ့ တာအုပ်ဖိုး အတွက်လည်း အားကိုးစရာ တစ်စိတ်တစ်ပိုင်း ဖြစ်တယ် ဖိုးသည်း ရဲ့ .. မြို့ဈေးတက်ရောင်းလိုက်ရင် .. အပြန် ဈေးခြင်းထဲ ဟင်းချက်စရာ လည်း ပါလာတယ်၊ တာအုပ်ဖိုး စုစရာ ပိုက်ဆံအပိုလေးလည်း ပါလာ



www.burmeseclassic.com

www.burmeseclassic.com

တယ်လေ .. နင့်အတွက်လည်း တစ်ခါတစ်ခါ အမဲရိုး နှစ်ရာဖိုးလောက် ပါလာတတ်တယ်ဆိုပါတော့ .. ဟတ် .. ဟက် .. အမဲရိုး ဆိုတော့လည်း ဟင်းချိုရည်လေး ချက်သောက်လို့ရတယ်ဆိုတော့ .. ငါတို့လက်ကျန် အမဲရိုးကို နင်က ဝါးရတာပါလေ ..၊ ပြောတော့သာ နင့်အတွက် ဝယ်တယ်လေးဘာလေးနဲ့ ငါက နင့်ကို ပြောပေမယ့် နင်က အရိုးကိုက်ရတာပါဟာ ..''

''ဝု ..''

ဤသို့ပါပဲလေ ..။ မြွေ့မွေးထုံ မှာ မွေးချင်းရယ်လို့လည်း မရှိ၊ ဖေဖေ နှင့် သားအဖနှစ်ယောက်တည်း နေရတာပေမို့ .. ဖိုးသည်း ကိုပဲ တစ်ခါ တစ်ခါ မောင်လေးလို သဘောပိုက်၍ စကား ပြောပြောနေမိရတတ်ပါ၏။ ဖိုးသည်း ကလည်း လိမ္မာသည်။ ဘာပြောပြော .. နားထောင်နေပုံက နားလည်သလိုလိုကြီးပင် ဖြစ်နေတတ်လျက် ..။

စကားဆုံးလျှင်ဖြင့် ဝု .. ခနဲ့ အသံပေးတတ်သည်။ နားထောင်နေပါသည်ပေါ့..၊ ပြောတာက မှန်ပါသည်ပေါ့ ..။ သခင်နှင့်ခွေး ..၊ ခွေးနှင့်သခင် ..၊ အတိုင်အဖောက် ညီသည်။ အဖော်ရသည်၊ ပျော်ရသည်။ ခုလည်း လှေလယ်မှာ စတိုင်နှင့် ထိုင်နေသည်မှ လက်နှစ်ဖက်ကို အသွားတကျ ထောက်၍ ဟိုမလှုပ် သည်မလှုပ် ငြိမ်ထိုင်ခြင်း။ လှေထဲက ပြုတ်ကျစရာကို မရှိ။ ပြုတ်ကျလျှင် ဖိုးသည်း ရေးကူးတတ်ပေမယ့်.. လှေလှုး လှေမှောက်လျှင် ခွေးထားသည့် ကြာတွေ ရေထဲ ကျကုန်မည် လေ ..၊ အလုပ်က ရှုပ်ရဦးမည်။ ဒါကို ဖိုးသည်း နားလည်သည်လား မသိ။ ဘယ်တော့မှ လှေလှုးအောင် မလှုပ်..၊ လှေမှောက်အောင် မလုပ်..။ ကန်ထဲမှာ မြွေ့မွေးထုံ ကြာပန်းတွေ ခူးလျှင် ကမ်းမှာလည်း မနေခဲ့ ..၊ လှေထဲ အရင်ရောက်တာ လှေဦးလယ်မှာ ဆောင့်ကြောင့်ထိုင်၍ အတက်ကြွဆုံး ဖြစ်နေတတ်သည့် ဖိုးသည်း ပါ။

မြွေ့မွေးထုံ ကြာပန်းတွေ ချိုးသမျှကို လိုက်လိုက်ကြည့်တတ်သည်။





ကြာဖူးလေးတွေကို ကြည့်လိုက် .. ကြာပွင့်တွေကို ကြည့်လိုက်..။ ဗျားဝဲလျှင် ဝုတ်ခနဲ အသံပေး၍ လက်ဖြင့် ပျားကို ပုတ်ဖို့ ကြိုးစားလိုက်ဖြင့် ရှိတတ်ပါ၏။

''ဖေဖေ ပင်ပန်းတယ်ဟ .. အသက်လည်း ရလာပြီလေ .. အရေးထဲ ဒီနှစ်ထဲမှာ ဖေဖေ ချောင်းဆိုးဆိုးနေတယ် ဖိုးသည်း ရာ .. ညဘက်ဆို ချောင်းဆိုးလွန်းတဲ့ညမျိုး ကြုံရင် ဖေဖေ အအိပ်ပျက်ရတယ် .. ချောင်းဆိုးပျောက်ဆေးပုလင်းတွေလည်း ထုံ ဝယ်လိုက် .. ဖေဖေ ဝယ်လိုက်နဲ့ မနည်းတော့ဘူး၊ ဆေးခန်းပြဆိုလည်း မပြတာ ခက်တယ် ဖိုးသည်း ရဲ့.. ဒါကြောင့် ထုံ ဆယ်တန်းအောင်ရင် အဝေးသင်ပဲ တက်မှာ သိလား..၊ ဖေဖေ့ယာတောလေးကို ထုံ ဆက်လုပ်မှာ .. ဖေဖေ နားပါစေဟယ် .. လို့ အထင် ပြောရရင်တော့ ထုံ ဆယ်တန်းအောင်မှာ သိလား ..''

''ဝု ..''

လှေလေးလှော်နေရင်း မြွေ့မွေးထုံ ပြောသမျှ ဖိုးသည်း ဝုခနဲ စကား ထောက်ပေးသည်။ လွန်ခဲ့သည့် နှစ်နှစ်က ဖိုးသည်း ကို မွေးဖြစ်၏။ ဘယ်ကလာမှန်း မသိရသည့် ခွေးမတစ်ကောင်သည် မိုးတွေ ရွာသည့် ညမှာ ထုံ တို့ အိမ်အောက်မှာ ဖိုးသည်း ကို မွေးသည်။ နောက်တစ်နေ့ မနက်မှာ ဖိုးသည်း ၏အမေ ခွေးမကြီးခမျာ အအေးပတ်၍လာ မသိ..၊ ရောဂါအခံပဲ ရှိ၍လား မသိ .. အအေးဓာတ်ကဲနေသော စိုစွတ်စွတ် မြေပြင်မှာ သေနေပြီ ..။

ဖိုးသည်းလေး က အမေ့ရင်ခွင်မှာ ကွေးကွေးလေး ..၊ ညိုညိုလေး ရှိနေလျက် အမေ့နို့ကို စို့နေ၏။ ခွေးမကြီးကို ကိုင်ကြည့်တော့ ပျော့ပျော့ နွေးနွေးလေးပဲ ဖြစ်နေသေးသည်။ သေတာ မကြာသေး ..၊ အမေ ကင်းပြီဖြစ်သည့် ဖိုးသည်း ကို မြွေ့မွေးထုံ နွားနို့ဘူးလေးဖြင့် တိုက်မွေးခဲ့သည်။ နောက်တော့ ထမင်းလေး စားတတ်လာတော့ ကိုယ်စားသည့် ထမင်းဟင်းလေး နယ်ဖတ်ကျွေးရသည်။ ငယ်ကတည်းက အမြီးလေး



www.burmeseclassic.com

www.burmeseclassic.com



တနုံ့နုံ့ဖြင့် ချစ်အောင် နေတတ်ရှာသည့် ဖိုးသည်း ပါ။ မြမွှေးထုံ ကို
လည်း အလွန်ချစ်သည်။ ငယ်တုန်းကဆို .. ဝကစ်ကစ်ကိုယ်လေးဖြင့်
ရင်ခွင်ထဲ အတင်းဝင်တက်တတ်သည့် ဖိုးသည်း ပါ။ ညိုကစ်ကစ်လေး
ဖြင့် ကျောလယ်မှာ အနက်ရောင်လေး ဖြစ်နေလျက် လက်နှင့် ခြေမှာ
အဖြူလေး စွက်သည့် ဖိုးသည်း သည် အရပ်ကြီးရှည်တက်လာသော
မွေးမြင့်တစ်ကောင် ဖြစ်လာမည်ဟုပင် မြမွှေးထုံ မထင်မိခဲ့ ..။ တဖြည်း
ဖြည်း အရပ်လည်း မြင့်လာ.. ဟိုတ်ဟန်လည်း ကောင်းလာကာ ညဘက်
ဆို .. ဘယ်သူမှ ကပ်မရအောင် ခြံလုံသည့် ဖိုးသည်း ဖြစ်နေပါ၏။

"နင်နဲ့ ငါက ဘဝတူပါပဲဟယ် .. ငါ့မှာလည်း အမေ မရှိ .. နင့်
မှာလည်း အမေ မရှိ ..၊ ဖေဖေက ပြောပြလို့ သိရသမျှ ငါ့ကို မွေးပြီး
မေမေ ဆုံးတယ် .. နင့်ကို မွေးပြီး နင့်မေမေ ဆုံးတယ် .. တူတူပါပဲဟာ
ဒါကြောင့် နင့်ကို ငါ့ က မောင်လေးလို ချစ်တာ .. ခွေးလို့ကို မမှတ်ပါ
ဘူး ဖိုးသည်း ရာ .."

"ဝုတ် .."

လေ့လေးကို ကမ်းနားရေချိုးဆိပ် လှေငုတ်တိုင်မှာ ချည်သည်
ရေချိုးဆိပ်တံတားပေါ်မှာ ထားခဲ့ပါသည့် ဝါးတောင်းထဲ ကြာပန်းတွေ
ကို ညင်ညင်သာသာ ပြောင်း၍ သယ်၍ ထည့်သည့် မြမွှေးထုံ ဘေးမှာ
ဖိုးသည်း ရှိနေသည်ပါပဲ ..။ ကြာပန်းတွေအားလုံး ဝါးတောင်းထဲရောက်
တော့ မြမွှေးထုံ ရေထဲဆင်းတော့ ဖိုးသည်း လည်း ရေထဲ ဝုန်းခနဲ
တံတားပေါ်မှ ခုန်ဆင်း၏။ မြမွှေးထုံ ရေကူးတော့လည်း ဘေးမှာ လိုက်
ကူး၏။ ခေါင်းကို လည်တိုင်မော့၍ ရေပြင်ပေါ် ရှေ့ဘက်လည်ပင်း
ဆန့်ကူးနေသည်မှ အသားတကျ ..။ ဤသို့ပင် မြမွှေးထုံ နှင့် ဖိုးသည်း
တို့ ရေကန်ထဲ ရေကူးနေကျ ..၊ ကြာပန်းတွေ ခူးပြီးလျှင် ရေကူးသည်
ရေချိုးပြန်ကြသည်။ မြမွှေးထုံ တံတားပေါ်တက်ကာ ဖိုးသည်း ကို အ
ဆုံး ဆပ်ပြာတိုက်တော့ ငြိမ်ခံ၏။ ဖိုးသည်း အတွက်က ဆပ်ပြာသ





သပ်..၊ မြမွှေးထုံ အတွက်က ဆပ်ပြာသပ်သပ် ..၊ ဖိုးသည်း ကတော့
လျှာလေးထုတ်၍ ဆပ်ပြာတိုက်တာကိုပင် ဇိမ်နှပ်ခံသည်ချည်း ..။ မြမွှေး
ထုံ ထဘီရင်လျားလေးဖြင့် အင်္ကျီတွေဘာတွေကို လျှော်တော့လည်း ဘေး
က ဆပ်ပြာအမြှုပ်ထုပ်ကြီးဖြင့် ထိုင်စောင့်နေသည်။ မြမွှေးထုံ ဆပ်ပြာ
မွှေးလေးဖြင့် ချေးတွန်းတော့လည်း ငြိမ်ကြည့်နေသည်။

မြမွှေးထုံ အဝတ်လေး ရေကျင်း ..၊ ဇလုံလေးထဲ ထည့် .. ရေဆင်း
ကူးမှ ဖိုးသည်း ရေကူးသည်။ ရေကန်ဆိုတာကလည်း မြမွှေးထုံ တို့
ယာတော၏နောက်ဘက်မှာပဲ ရှိတာမို့ ရေချိုးဆိပ်တံတားလေးကို
လည်း ဖေဖေ ဆောက်ပေးထားသည်။ ကိုယ့်အိမ်ကိုယ့်ယာလေးလိုပဲ
ရေကန်နှင့် အသားတကျ ဖြစ်နေရသည်ပါပဲ။ ဤနေရာလေးမှာပဲ မြမွှေး
ထုံ ကြီးပြင်းလာရသည်တည့် ..။ နေစာကိုက ရွာပြင်ဘက်မှာ ..၊ ဤ
နေရာလေးမှာပဲ ဖေဖေသည် ခြေတံရှည်အိမ်ငယ်လေး တစ်အိမ် ..၊ ယာ
တောတစ်ခင်းနှင့် .. သမီးနှင့် အတူနေလာခဲ့သည်တည့်။

အဝတ်ခြောက်လေး ဆဲကာ ကြာပန်းတောင်းကို ရွက်၍ လျှော်
ထားရော အဝတ်တောင်းလေး လက်မှာဆွဲကာ မြမွှေးထုံ အိမ်ပြန်လာ
တော့ ဘေးမှာ ရေစက်လက် ရွှဲရင်း ဖိုးသည်း ပါလာသည်။

နောက်ဘက် ခြံစည်းရိုး ပါးတန်းလေးကို ဖွင့်ဝင်ပြီး အဝတ်လှန်း
တန်းမှာ အဝတ်လှန်းနေချိန် ..၊ တိုးဝင်လာသည်က ဖေဖေ့ စကားသံ..၊
ခပ်ပြင်းပြင်း ပြောနေသည့်အသံ ..။ အတန်မျှ စိတ်ဆိုးမာန်ဆိုးပင် နိုင်နေ
သည့်အသံ ..၊ ဟင့်အင်း .. အတန်မျှ စိတ်ဆိုးနေတာမျိုးပင် မဟုတ်တော့
ပြီ။ တဖြည်းဖြည်း ဒေါသတကြီး ဖြစ်သည့်ဘက်ကို ကူးနေသံ ..။

ဒီအိမ်မှာ ဘယ်သူ ရောက်နေသည် မသိ ..၊ ဖေဖေကတော့ ထို
ရောက်လာသည့်သူကို မကြိုက်တာ သေချာနေပြီ။ ဒေါသဖြင့် ပြောနေ
သည်ကိုးလေ ..။ ဖိုးသည်း ကလည်း နားစွင့်နေပြီ ..၊ မျက်လုံးလည်း
မာနေပြီ ..။ ဖေဖေ့အသံကို ခွဲခြား သိပုံဖြင့် ဖိုးသည်း ကလည်း အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှာ ရောက်နေသည့် လူတစ်ယောက်ကို သဘောမတွေ့ဘဲ ရှိနေတာ သိသာနေသည့်အဖြစ် ..။

"ရှူး .. တိတ်တိတ် လာခဲ့ .. ဟိုရောက်မှ ကြည့်ရှင်းမယ် .. သိလား .."

အသံလေး တိုးတိုးဖြင့် မြမွှေးထုံ ပြောတော့ ...

"ဝုတ် .."

ဟု ဖိုးသည်း ကလည်း အသံလေး တိုးတိုးဖြင့် ပြန်ဝုတ်သည်။ ခြေဖွ၍ မြမွှေးထုံ နောက်ဖေးလှေကားမှ တက်တော့ ဖိုးသည်း ကလည်း အမြီးကို အစန့်သား တန်း၍ ခြေသံဖွဖွဖြင့် နောက်မှ လှေကားထစ်တွေကို နင်းတက်လာပါ၏။

"ဒီမယ် ကိုသုတ .. ခင်ဗျား အတွေး မမှားသင့်ဘူးဗျ .. အဆုံးအဖြတ်လည်း မမှားသင့်ဘူး၊ ခင်ဗျား သမီးလေးကို ပညာသင်ပေးမယ်.. ခေါ်လာခဲ့ပါဆိုတာကို ဘာငြင်းစရာ ရှိလည်းဗျ .. ကျွန်တော့်ဆရာ ရေးလာတဲ့စာလည်း ကိုသုတ ဖတ်ပြီးပြီပဲဥစ္စာ ..၊ ဆရာက သူကိုယ်တိုင် လိုက်မလာနိုင်ပေမယ့် ခင်ဗျားရဲ့သမီးလေးကို ရအောင် ခေါ်လာဖို့တော့ တရရ မှာလိုက်တာပါဗျ .. ခင်ဗျားကို သတင်းစုံစမ်းနေတာတွေလည်း ထည့်ရေးထားတယ်လို့ ဆရာက ကျွန်တော့်ကို မှာလိုက်သေးတယ်၊ ကိုယ့်သမီး .. ပညာတတ်ဖြစ်ဖို့အရေး ဒီလောက် ဝန်မလေးစမ်းပါနဲ့ ကိုသုတ ရာ .. ဒီရွာမှာ ခင်ဗျားတို့သားအဖ ရောက်နေတယ်ဆိုတာ ကျွန်တော် ပြောပြလို့ ဆရာ သိတာ မကြာသေးဘူး သိလား ..၊ ခင်ဗျား အဖေကို သိတဲ့ လူတစ်ယောက်က ပန်းစံကားရွာဟာ ခင်ဗျားအဖေရဲ့ ဇာတိရွာ ဖြစ်တယ်ဆိုတာ ကျွန်တော့်ကို ပြောပြလို့ ကျွန်တော် ဆက်စုံစမ်းနိုင်ခဲ့တာဗျ .. ခင်ဗျားတို့သားအဖ ဒီရွာမှာ ရှိနေနိုင်တယ်ဆိုတာကို ပေါ့ .."

ဟု ပြောနေသံ ကြားရချိန်မှာပင် ...





"ဒီမယ် .. ဟေ့လူ .. ခင်ဗျားကို ကျုပ် သိတာလည်း မဟုတ်ဘူး၊ ဟိုလူပေးလာတဲ့ စာလေးတစ်စောင်ကို ဖတ်လိုက်ရုံနဲ့ ကျုပ်သမီးကို အလွယ် ထည့်လိုက်မယ်လို့ ထင်တာ ခင်ဗျားဆရာရဲ့ အမှားပဲ ..၊ ကဲ.. ပြန်တော့ဗျာ .. ရောက်တာလည်း အချိန်လင့်လှပြီ၊ အိမ်ရှင် မကြည်ဖြူတဲ့နေရာမှာ ကြာကြာနေတာ မကောင်းဘူးဗျ .. အလွန် အလိုက်ကမ်းတရားမသိတဲ့လူမှ နလို နေရဲတာ၊ ပြန်ဗျာ .. ကျုပ်မှာ သမီးလေးတစ်ယောက်ပဲ ရှိတယ် .. ကျုပ် ရှာကျွေးနိုင်တယ် .. အမေ မရှိဘဲ ကျုပ်ရင်ခွင်ထဲမှာ ကြီးလာတဲ့ သမီးလေးကို ခင်ဗျားဆရာမို့ .. ဒီအချိန်ကျတော့မှ လာခေါ်ရဲတယ်ဗျာ .. ဘယ်လိုကြောင့်နဲ့ ကျုပ်သမီး .. ကျုပ်နဲ့ ရှိနေတာ သူ အသိဆုံးပါ၊ သူ့ကို ပြောလိုက်ဗျာ .. လာမပတ်သက်ပါနဲ့လို့ .. ဒါပါပဲ၊ ဆင်းဗျာ .. ဆင်းဗျာ .."

"ဟေ့လူကြီး .. ကောင်းကောင်းပြောတာ နားမလည်ဘူးလား ..၊ မထည့်ရင် .. ရအောင် ခေါ်လာလို့ ဆရာက မှာလိုက်တာနော် ..၊ သေသွားချင်သလား .. လူက အိုနေပြီ .. ချောင်းတဟွတ်ဟွတ်နဲ့ ဖြစ်နေတာ.. လေသံက မာရဲနေသေးတယ် .."

မီးဖိုခန်းကူးတံခါး ပိတ်ထားတာမို့ မီးဖိုထရံပေါက်မှ မြမွှေးထုံ ချောင်းကြည့်ချိန်မှာ ဖေဖေက ထရံဘက်ကို ကျောပေးထားသည်။ လာသည့်လူကြီးက မျက်မှန်နှင့်ဖြစ်ကာ အသားညိုညို၊ အရပ်မြင့်မြင့်ဖြင့် စပို့ရှပ်အင်္ကျီလက်တို၊ အညိုရောင်ဘော ဖြင့် အရပ်ခပ်ဆိုးဆိုးလူကြီး ဖြစ်နေ၏။ ရုပ်ကိုက လူမိုက်ရုပ် ..။

မြမွှေးထုံ တံခါးလေး အသံမမြည်အောင် ဟ,ပေးသည်။ ဖိုးသည်း ကိုယ်ကြီး လျှောစနဲ ဟိုဘက်ကူးသွားကာ လွှားခနဲ ခုန်၍ လက်ကို အရင်ခဲ၏။ ခြေသလုံးကို နောက်တစ်ကျော့ ပြောင်း၍ ခဲသည်။ ခြေသလုံးမှ လွှားခနဲ ခုန်ကာ ပခုံးကို ခဲ၏။ ဖိုးသည်း ၏ မျက်လုံးတွေ တောက်နေသည်။ မာန်ဖီသံကလည်း ကျယ်ကျယ်လောင်လောင် ..။


www.burmeseclassic.com

www.burmeseclassic.com



"လွှတ်လိုက် .. လွှတ်လိုက် .. ဖိုးသည်း လွှတ်လိုက် .."

ဖေဖေပင် လန့်သွားကာ ဖိုးသည်း ကို မနည်း ထိန်းရ ..၊ တားရနှင့် ဖြစ်ကုန်ရကာ ဖေဖေ့လက်တွေ အတင်းဆွဲတော့မှ ဖိုးသည်း မကျေမချမ်းကြီး လွှတ်သည်။ ဖေဖေ့လက်ထဲမှာ ကုပ်ဆွဲခံ ငြိမ်နေပေမယ့် ဖိုးသည်း ၏အကြည့်က ထိုလူကြီးထံမှာပဲ မပြတ်တမ်း ရှိနေသည်။ လက်နှစ်ဖက်က ကြမ်းခင်းပေါ်မှာ ခြစ်နေ၏။ မာန်ဖီသံကလည်း မပြတ်..။

"ဟေ့လူ .. ဆင်းတော့ .. ပြန်တော့ .. နောက်တစ်ခါ လာရင် လည်မျိုခဲတာ ခံရနိုင်တယ် သိလား .. သေလိမ့်မယ် .."

ဟု ဖေဖေ အော်တော့ ဖိုးသည်း ကို ကြည့်၍ ဒဏ်ရာတွေကို လက်ဖြင့်အုပ်ရင်း ထိုလူကြီး မကျေမနပ် ဖေဖေ့ကို ကြည့်သည်။ အကြည့်ကို မကြိုက်သဲ့ ဖိုးသည်း ဝုန်းခနဲ ထိုးဟောင်တော့မှ လန့်ခနဲဖြစ်ကာ ခြေကုန်သုတ်၍ အိမ်ပေါ်မှ ဆင်းသွားပါလေ၏။

ဖေဖေ သက်ပြင်းရှိုက်သည်။ ဖိုးသည်း ၏ ခေါင်းကို သာသာယာယာ ပွတ်သပ်ပေးရင်း ...

"ဖေဖေ့သားကြီး လိမ္မာလိုက်တာကွာ .."

ဟု မျက်ရည်ကျလာလျက် ခပ်ညည်းညည်း ပြောရှာ၏။ ဖိုးသည်း ကလည်း ဖေဖေ့လက်တွေကို လျှာဖြင့် လျက်နေသည်။ သူ ရှိပါသည့်ပေါ့ ..၊ မကြောက်ပါနှင့် ဆိုသည့်သဘော ..။ ဖေဖေ့ကိုလည်း မော့ကြည့်နေသည်။ ဖေဖေ မျက်ရည်ကျနေတာကို မြင်တော့ နားလည်ပုံဖြင့် မျက်နှာလေး ညှိုးသွားကာ ...

"ဝုတ် .."

ဟု အသံလေး တိုးတိုးဖြင့် ညည်းသည်။ နောက်တော့ မျက်လုံးတွေ တောက်လာကာ လူကြီးဆင်းသွားခဲ့ရာ လှေကားဘက်ကို ကြည့်၍ ...

"ဝုတ် .. ဝုတ် ..."





ဟု ထိုးဟောင် ..၊ လိုက်ကိုက်ခဲတော့မယောင် ရုန်းနေတော့ ဖေဖေ အတင်းတားရသည်။ မြမွှေးထုံ ဧည့်ခန်းလေးထဲ ဝင်လာတော့ ဖေဖေ လှမ်းကြည့်ကာ ...

"သမီးရေ .. ဖေဖေတို့ ဒီရွာကနေပြီး .. အမြန်ဆုံး ပြောင်းမှ ဖြစ်တော့မယ်ကွယ် .. အင်း .. လူချမ်းသာတွေများ .. တယ်ပြီး အတ္တကြီးကြသကိုး .. ကဲ .. ကဲ .. ဘာမှ မမေးနဲ့ .. မေးမနေနဲ့ .. ဖေဖေလည်း ဖြေချင်ဘူး .. အဲဒီလူကိစ္စ ဘာမှကို မမေးနဲ့ .. သမီးလေး ရောက်လာပြီး ဖိုးသည်း ကို ဒီအခန်းထဲ လွှတ်ပေးလိုက်တာကိုး .. ကြားသင့်သလောက်လည်း သမီး ကြားထားတာတွေ ရှိမှာပေါ့၊ အဲသလောက်သိရုံနဲ့ပဲ ငြိမ်နေလိုက်တော့ သမီး မြမွှေးထုံ .. ဖေဖေ စိတ်ပင်ပန်းလှပြီ.. သော နားချင်တယ်ကွယ် ..၊ အင်း .. ခွေးလေးတစ်ကောင် လိမ္မာပုံများ.. ခွေးရကျေးရကျိုး နပ်သကိုး ဖိုးသည်း ရယ် .. ဖေ့သားကြီး လိမ္မာပုံများ.."

ဟု ဖိုးသည်း ကို ခေါင်းလေးသပ်ကာ ဖေဖေ အိပ်ခန်းထဲ ဝင်သွားတော့ မြမွှေးထုံ ငိုင်၍ ကျန်ခဲ့ရပါပြီ။ တစ်ခုခုတော့ ဖေဖေ လျှို့ဝှက်ထားတာ သေချာသည်။ မြမွှေးထုံ ကို ခေါ်ချင်သည့်သူဆိုတာကလည်း ရွယ်လွယ်နှင့်ခေါ်မရလျှင် အတင်းခေါ်မည်ဆိုတာမျိုး ဖြစ်နေတာလည်း မြမွှေးထုံ နားနှင့်ဆတ်ဆတ် ကြားထားခဲ့ရပြီးပြီ။ ဖေဖေ့ကိုပင် ရန်မူမည့် စကားတွေ ပြောနေသည်အထိ တင်းမာနေသည်ပဲလေ ..။ ခုလို ကြုံပြီးမှ တော့လည်း ဤနေရာလေးမှာ မြမွှေးထုံ လည်း မနေလိုတော့ပါ။ ဖေဖေ့ကို အလုပ်လျှင် အခက် ..၊ ဖိုးသည်း ၏ လည်ပင်းလေးကို လက်ဖမောင်း သားဖြင့် သိမ်း၍ ဖက်ထားရင်း မြမွှေးထုံ ငိုင်နေသည်။ ဖိုးသည်း ကတော့ မြမွှေးထုံ ၏ ပါးလေးကို နှုတ်သီးမည်းမည်း အေးစက်စက် .. အအိအိလေးဖြင့် ဖွဖွ တို့လာပါ၏။

မြမွှေးထုံ ၏အကြည့်က ပြတင်းဆီမှ လှမ်းလင့်မြင်ရာ စိုက်ခင်းမှာ တစ်ချက်ဟန့်သည်။ ငေးငေးကြီး ရှိနေမိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ စိုက်ထားရာ သခွား .. ဖရုံခင်းတွေ ..။ စားပင် သီးပင်တွေ အခင်းလိုက် အကန့်လိုက် တပြန့်တလျား စိမ်းစိုမြမြ ရှိနေရာနေရာ လေး ..၊ ဖေဖေ့ချွေးတွေ .. ပြုစုဂရုစိုက်ခြင်းတွေဖြင့် ရှိခဲ့ရာ နေရာလေး..။

ဤနေရာလေးကို စွန့်ခွာဖို့ .. ဖေဖေသည် မတွန့်မဆုတ် .. မြန်ဆန် လွန်းစွာပဲ စောစောက ဆုံးဖြတ်ခဲ့ချေပြီ တကား ..။

ဤသည်ကလည်း ထုံ့ ကို .. မပေးနိုင်၍ ..။

မြမွှေးထုံ နားမလည်ချင် ..။

အဘယ်သူသည် ဖေဖေ့သမီး ထုံ့ ကို ပိုင်စိုးပိုင်နင်းကြီး အတင်း လာခေါ်သွားဖို့ ကြိုးစားခွင့် ရှိရမည်တဲ့လဲ ..။

ဖေဖေ့ကိုပင် ရန်မူနိုင်သည်အထိ ပြုမူဖို့ ဘာကြောင့် လုပ်ရဲနိုင်ရ မည်တဲ့လဲ ..။ လျှို့ဝှက်မှုတစ်ခုသည် ဖေဖေ့ထံမှာ ရှိနေသည်။

ဟုတ်သည် ..၊ ရှိနေသည် ..။

ထို လျှို့ဝှက်ခြင်းသည် မြမွှေးထုံ နှင့်လည်း တိုက်ရိုက် ပတ်သက် နေသည်ဟု နားလည်လာနေမိရင်းမှ .. ထုံ့ လန့်လာသည်။ ထုံ .. ဖေဖေ့ ကို မခွဲနိုင်ပါ။ ဘယ်သူ့ထံမှလည်း လိုက်မသွားနိုင်ပါ။

လာခေါ်သည့်သူကလည်း ဖေဖေ့ကို ပထမပိုင်း အရိုသေ ပြောခဲ့ ပုံ ရပေမယ့် ..၊ နောက်ပိုင်းမှာ .. ရန်လိုလာသည် မဟုတ်ပါလား ..။

ဖေဖေ့အတွက် အန္တရာယ်ရှိနေသည့်နယ် ..၊

ထုံ့ အတွက်လည်း အန္တရာယ်ရှိနေသည်တည့် ..၊

မိုးသည်း ၏ လည်ပင်းကို ထုံ တိုး၍ ဖက်ထားမိရပါသတည်း။ နောက်တော့ မိုးသည်း ၏ နပူးနေရာလေးကို နမ်းလိုက်မိရသည့်ပါပဲ..။





အခန်း (၂)

စားပွဲ ကုလားထိုင်လေးတွေ သည်တိုင်း ချန်ထားခဲ့သည်မို့ မြမွှေး ထုံ နှမြောမိရပေမယ့် .. ဖေဖေက အိမ်လေးကို စွန့်ခွာဖို့ ဆုံးဖြတ်ပြီဆို သည်မို့ အိမ်လေးကိုတော့ လွမ်းတဆွတ်ဆွတ်ဖြင့် ချန်ရစ်ခဲ့ရတော့မည် သာ ..။

ပြတင်း၊ တံခါး ခန်းဆီးလေးတွေကအစ ဖြုတ်သိမ်း ယူငင်နိုင် သမျှတော့ မြမွှေးထုံ မှာ မိန်းကလေးပီပီ အားလုံး မချန်ခဲ့ရက်နိုင်စိတ် ဖြင့် ဖြုတ်သိမ်းခေါက်၍ သေတ္တာထဲ ထည့်သည်။ အဝတ်အစားသေတ္တာ.. အိပ်ရာလိပ်၊ အဝတ်အထည် ပခုံးဆွဲအိတ်တွေဖြင့် ထည့်နိုင်သမျှ သိမ်း ထည့် ..၊ စားအိုးစားခွက်ကိုလည်း ခံတောင်းကြီးထဲ စီရီထည့်နှင့် မြမွှေး ထုံ ညနေခင်းကတည်းက သိမ်းဟယ် .. ထည့်ဟယ်ဖြင့် ချွေးဖြိုက်ဖြိုက် ကျနေရသည့်ပါပဲ။ ဖေဖေကတော့ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားနေသည်။

သားအဖနှစ်ယောက် ဘုရားကန်တော့ပြီးချိန်မှာ ဖေဖေကိုယ်တိုင် ဘုရားကျောင်းဆောင်ကို တလေးတမြတ် ပင့်ဆောင်၍ ဆရာတော်ထံ သို့ သွားလိုက်ခြင်းပါ။ ရွာဦးကျောင်းဆရာတော်ထံ ဘုရားဆင်းတုတော် နှင့် ကျောင်းဆောင်လေးကို အပ်နှံ ကန်တော့ခဲ့မည်တဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



"သွားရမယ့်ခရီးက ကြုံသလို သွားကြရမှာ .. ဘုရားဆင်းတုတော်နဲ့ ကျောင်းဆောင်လေးကို ဆရာတော်ထံမှာပဲ အပ်နှံခဲ့တော့မယ် သမီး .."

ဟု ဖေဖေ ပြောခဲ့သည်လေ ..၊ မြမွှေးထုံ ကိုလည်း ဖေဖေနှင့်အတူ ဘုရားကန်တော့ခိုင်းခဲ့ပါ၏။ ထိုစဉ်ကတည်းက ရင်ထဲမှာ ဝမ်းနည်းရိပ် မြင့်နေရသည်က မြမွှေးထုံ ပါ ..။

တကယ်ကိုပင် အခြားတစ်နေရာဆီသို့ ထွက်ခွာရချေတော့မည် တကား ..၊ မသွား၍ မဖြစ်ချေသည်မို့ ဖေဖေကလည်း ထွက်ခွာသွားဖို့ ဆုံးဖြတ်ခြင်းဆိုတာ မြမွှေးထုံ သိပါသည်။ ဖေဖေ စိုက်ပျိုးထားရာ စိုက်ခင်းတွေက ယာတောစိမ်းမြမြအဖြစ် ကျန်ရစ်ခဲ့ရချေဦးတော့မည်။ ဖေဖေ ပြန်မလာခင်လေးမှာ သခွားသီးလေး ပြေးဆွတ် ..၊ ငရုတ်သီးလေး အစိမ်းတချို့ နီတချို့ ခူး၍ ကြွပ်ကြွပ်အိတ်လေးဖြင့် ထည့် ..၊ ဖရုံညွန့်လေး ဖြတ်၊ ဖရုံသီးနုလေး ခူးနှင့် စိုက်ခင်းလေးကို မခွဲနိုင်စွာပဲ ဟိုခူးသည်ဆွတ်ဖြင့် မြမွှေးထုံ ရှိနေခဲ့ရပါသည့်အဖြစ်။ ခူးဆွတ်ထားသမျှ အသီးအနှံလေးတွေက ဟိုတစ်မျိုး နည်းနည်း၊ သည်တစ်မျိုး နည်းနည်းဖြင့် စားအိုးစားခွက်ထည့်ထားရာ ခံတောင်းထဲ ရောက်နေကြပြီ ..။

ဖေဖေ ပြန်ရောက်လာသည်က စက်ဘီးအိုလေးကို နင်း၍ပါ ..။ ရောက်တော့ စက်ဘီးနောက် ကယ်ရီယာမှာ အိပ်ရာလိပ်လေးတွေ စီထပ်၍ တင်သည်။ ကြိုးဖြင့် ထိန်းချုပ်သည်။ စက်ဘီး လက်ကိုင်ကိုင်းနေရာမှာ သားရေအိတ်တချို့ကို ချိတ်သည်။ စက်ဘီးလေးဖြင့် မြို့သို့ စိုက်ခင်းထွက် သီးနှံတွေ အရောင်းထွက်လျှင် ဘေးတွဲလေး ချိတ်ကာ ဟင်းသီးဟင်းရွက်တွေ စီထပ် ထည့်သို တင်ဆောင်ရာ နေရာမှာကျတော့ သေတ္တာတွေ နေရာယူထားပါ၏။ နောက်ဆုံး တင်လိုက်သည်က စားအိုးစားခွက် ထည့်ထားရာ ခံတောင်း ..။

နေရာလေးကို ချင့်၍ ကြည့်ပြီး ထုံ အပေါ် ပြေးတက်ကာ.. ဖေဖေ





ထိုင်နေကျ ပက်လက်ကုလားထိုင်လေးကို ခေါက်၍ ပြန်ပြေးဆင်းလာမိသည်။ ဘေးတွဲနေရာလေးမှာ ထည့်သည်။

"အေးလေ .. ဖေဖေ့သမီးလေး တစ်သက်နေခဲ့ရာ နေရာလေး ဆိုတော့လည်း ဒီအိမ်လေးကို မချစ်ဘဲ ဘယ်နေ့ပါ့မလဲ ..၊ ဖေဖေလည်း ချစ်တာပါပဲ .. ဖေဖေ့စိုက်ခင်းလေးဆိုရင် ဖေဖေ အလွန်မြတ်နိုးတာ..၊ ဘဲ .. ကဲ .. ဖေဖေ အိမ်တံခါးသော့ခတ်လိုက်ဦးမယ် .. ဟိုလူ မနက်ဖြန် ဒီကိုများ ရောက်လာမလား မသိဘူးကွယ့် .. တစ်ယောက်တည်း ဖြစ်ချင်မှ ဖြစ်မှာ .. အဖော် ပါလာနိုင်တယ်၊ ဖိုးသည်း ကို လန့်ပြီး ညဘက်တော့ မလာရဲဘဲ ရှိမှာ .."

ဟု ဖေဖေ ပြောပြီးသည့်နောက်မှ အပေါ်တက်၍ တံခါးသော့ခတ်သည်။ လှေကားဆီမှ ဆင်းလာရင်းလည်း ထုံ့ ကို ကြည့်သည်။ အိမ်လေးကို လွမ်းဆွတ်စွာ မော့ငေးနေပါသည့် ထုံ့ ဆံစလေးကို ဖေဖေ ဘေးမှာ လာရပ်ရင်း သပ်ပေးလာပါ၏။

နောက်တော့ အိမ်ကို တစ်ချက် ထပ်၍ မော့ကြည့်ပါ၏။ မျက်နှာကို ပြန်တင်းသည်၊ ယတိပြတ် ဆုံးဖြတ်ဟန်ဖြင့် စက်ဘီးကို တွန်း၏။ သဘောက ထွက်မည်ဆိုသည့်သဘော ..၊ မြမွှေးထုံ ကမန်းကတန်းလေး စက်ဘီးကို ဝင်တွန်းကူရပါ၏။ ပစ္စည်းတွေက နည်းသည်မှ မဟုတ်ပဲလေ ..။ စက်ဘီးအိုလေးကတော့ သားအဖနှစ်ယောက် မြေလမ်းလေး အတိုင်း စက်ဘီးကို တွန်းလျှောက်ရာ လမ်းလေးအတိုင်း တရွေ့ရွေ့..၊ ဘေးမှာ ပါလာသည်ကဖြင့် ဖိုးသည်း ပါ။ အိမ်ကို ချန်ရစ်ခဲ့ပြီဆိုတာ သည်း မသိ ..၊ အမြီးလေး တထောင်ထောင်ဖြင့် ဘေးမှ မြူးတူးစွာ လိုက်လာသည်။

ဖေဖေနှင့် ထုံ တို့ မြို့ဈေးသွားလျှင်လည်း ဖိုးသည်း က အိမ်မှာ ကျန်ခဲ့တာ မဟုတ်။ အမြဲ ပါလာနေကျ ..၊ ဈေးထဲမှာ ဈေးရောင်းဈေးဝယ် လုပ်ချိန်ဆိုလျှင်လည်း ဖိုးသည်း က ခွေးပါး ..။ ခွေးဂျလည်းမပိ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ဈေးဝယ်သူကို ရန်မလုပ် ..၊ မြွေ့ေးထုံ ထိုင်နေရာဘေးမှာ
ခွေးလည်း ဆောင့်ကြောင့်ထိုင်၍ ငြိမ်ကြည့်နေတတ်သည်။ သခင်နှင့်ခွေး
တူတူထိုင်နေပုံလေးကို ကြည့်၍ တချို့ ဈေးဝယ်အမျိုးသမီးကြီးတွေက
ပြုံးကြသည်။ ဖိုးသည်း ကို ချစ်ကြသည်။ မြင်ဖန်များတော့ ခင် .. ဆို
သည့်နယ် ဈေးဝယ်အဒေါ်ကြီးတွေလည်း ဖိုးသည်း ကို သိသည်
ကလေးတွေလည်း ခင်သည်။ လူကြီးတွေလည်း သဘောကျကြသည်
ဒါက ဈေးမှာ ..၊ အိမ်မှာကျတော့ အချိုးပြောင်းသည့် ဖိုးသည်း ပါ
လူကပ်မခံ..၊ ခြေတံလက်တံ ကလန်ကလားကြီးဖြင့် ဟန်ချီမာန်ဖီသည်

ဟောင်သည်ကလည်း သခင် အပြင်ထွက်မကြည့်မချင်း ပါးစပ်
မစေ့ ..၊ ထွက်ကြည့်၍ ဧည့်သည် အလည်လာသူ ရှာသား လူရင်းကို
ထွက်ကြို၊ စကားတပြောပြောဖြင့် အိမ်ပေါ် ခေါ်တက်လျှင်ဖြင့် ခပ်အေး
အေး နေခဲ့သည်။ သဘောက ဖေဖေနှင့် အဆင်ပြေနေသည့်သူ လာတာ
ကို သိပါပြီဆိုသည့်သဘော ..၊ ဒါပေမယ့် ထိုသူပဲ နောက်တစ်နေ့ လာ
ကြည့် ..၊ ခြံထဲ အဝင်မခံ ..၊ ထုံးစံအတိုင်း ပါးစပ်မစေ့အောင် ဟောင်
သည်၊ မာန်ဖီသည်၊ မျက်နှာထားကြီးနှင့် ကြည့်သည်။ ခြံတံခါးဝမှာ
ရပ်ရင်း တုပ်တုပ်မျှ မလှုပ်ဘဲ ဖေဖေ့အမည် .. 'သုတ ရေ ..'ဆိုသည်
ခေါ်သံကိုသာ အားကိုးရချေသည်ကဖြင့် လာသည့်ဧည့်သည် ရှာသား
ဦးကြီးပဲ ဖြစ်ရပါချေ၏။ ခု .. ဖိုးသည်း ဘေးက ပါလာပြီ ..၊ အိမ်လေးကို
ချန်ခဲ့ပြီဆိုတာ မသိ ..။ ဘေးမှ လိုက်လာရင်းဖြင့် လမ်းဘေးချုံကြားက
ဘာကောင်ကို တွေ့သည်မသိ ..၊ ပြေး၍ ဖမ်းဖို့ပင် ကြိုးစားနေပြန်သည်
မို့ ဖေဖေ့မှာ နောက်ကိုလှည့်၍ ...

"ဖိုးသည်း .. လာစမ်း .."

ဟု ခေါ်ယူရပါသည့်အဖြစ်..၊ ဖိုးသည်း က ယုန်ဖမ်းအကောင်း
ဖားလည်း ဖမ်းသည်၊ တောကြက်လည်း မိလာတတ်သည်။ ဤသို့သော
ဖိုးသည်း ..၊ ခု ဖိုးသည်း အမဲလိုက်ထွက်ဖို့ ဖေဖေ မစောင့်နိုင်တာမို့





ခေါ်ရခြင်း ..၊ တစ်ခါတစ်ခါ မြေကြွက်ကြီးတွေ ကိုက်ချီဖမ်းလာတတ်
သည့် ဖိုးသည်း သည် မြေအလူးလူးဖြင့် ရှိတတ်ခဲ့သည်။ ခုလည်း ဖေဖေ
ခေါ်ခေါ်၍သာ မလာချင့်လာချင်ဖြင့် နောက်ဆံငင်ရင်း ပြန်ပါလာ
ခဲ့ရခြင်းပါတည့် ..။

သားအဖနှစ်ယောက် ရောက်လာရသည်က ကတ္တရာလမ်း တစ်
ချော်ကြီးရှိသော ဟိုင်းဝေးလမ်းမကြီးဘေးရှိ ညောင်ပင်ကြီးအောက်မှာ
ပါ၊ ဖေဖေ ထိုအခါမှ သစ်မြစ်ဆုံထက်မှာ ထိုင်နားသည်။ ခံတောင်းထဲမှ
ရေပုလင်းကို ထုတ်၍ ဖေဖေ့ကို ထုံ ပေးတော့ ဘာမှ ဖေဖေ မပြော ..၊
မော့သောက်သည်။ ထုံ သစ်မြစ်ဆုံမှာ ဖေဖေနှင့် ဘေးချင်းယှဉ်၍ ထိုင်
တော့ ဖိုးသည်း လည်း ဘေးမှာ လျှာအတစ်သား ထုတ်၍ ဆောင့်ကြောင့်
သား ထိုင်နေပါ၏။ တဘက်ဖြင့် ဖေဖေ ချွေးသုတ်နေသည်။ ချောင်း
ဆိုးလာသည်မို့ ခံတောင်းထဲမှာ ထည့်ထားသော ချောင်းဆိုးပျောက်
ဆေးပုလင်းလေး ထုတ်၍ ဖေဖေ့ကို ပေးရပါ၏။ ဖေဖေ ပုလင်းဖုံးလေး
ဖွင့်ကာ နည်းနည်း မော့သောက်သည်။

"ထုံ .. စိတ်မကောင်းလိုက်တာ .. ဖေဖေ အရမ်းမောနေတာ ..၊
ချောင်းက ဆိုး .. စက်ဘီးက တွန်းလာရသေးတယ်၊ ကျွတ်!.. ဟိုလူကြီး
ကြောင့် ဒါတွေ ဖြစ်ကုန်ရတာ .. ဒါမှမဟုတ်ရင် ခုချိန်ဆို ဖေဖေ
ရေဒီယိုလေးဖွင့် နားထောင်နေပြီ .."

ညစာလည်း စားပြီးခဲ့ပြီ ..၊ ခါတိုင်းနေ့တွေထက် စော၍ စားရ
သည်။ ထမင်းစားပြီးချိန်ဆိုလျှင် ဖေဖေ ခြံထဲဆင်း၍ ဘူးစင်လေး
အောက်မှာဖြစ်ဖြစ် .. သခွားစင်ဘေးမှာဖြစ်ဖြစ် .. ဓာတ်ခဲ ရေဒီယိုလေး
ဖွင့်၍ သီချင်းလေး နားထောင်တတ်ပါ၏။ သတင်းချိန်ကျလျှင်တော့
အိမ်လေးပေါ်မှာပဲ နားထောင်တတ်သည်။ ခုကျတော့.. ဖေဖေ့ခမျာ..
သစ်မြစ်ဆုံကြီးထက်မှာ မောမောပန်းပန်း ထိုင်နေရသည့်အဖြစ် ..။

"ကားတစ်စီးစီး လာရင် တားစီးကြတာပေါ့ သမီးရယ် .. ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာက ကုန်ကားကြီးမျိုးဆိုရင် ပိုကောင်းမယ် .. တချို့ ကုန်ကားတွေက ကုန်ပို့ပြန်ကြတာ ..၊ ရသမျှကုန် တင်ပြန်ကြရတာမျိုးဆိုရင်ဖြင့် နောက်ခန်းက ချောင်နေတတ်တယ်လေ .. အဲသလို ကုန်မပြည့်တဲ့ကားမျိုးကြုံရင် .. ဖေဖေတို့ ခရီးကြုံလိုက်ရတာပေါ့ ..''

ဟု ပြောလာတော့ မြွေးထုံ သက်ပြင်းလေး ရှိုက်၍ ငြိမ်နေရပါ၏။ ဖေဖေ့ကို မေးချင်သည်။ ဘာကြောင့် ခုလို ထွက်လာရသည်လဲဆိုသည့်အချက် ..၊ ဟိုလူကြီးနှင့် ဝေးရာကို ဘာကြောင့် ထွက်လာရသလဲဆိုတာ အသေးစိတ် သိချင်သည်။ ထုံ့ ကို လာတောင်းသည်ဆိုတာကတော့ ကြားခဲ့ရသမျှဖြင့်ပင် သိခဲ့ရပြီးပြီ။ ဟိုလူကြီး ပြောခဲ့သည်လေ.. ဖေဖေကလည်း အပြင်းအထန် ငြင်းခဲ့သည်။ ငြင်းတော့ ဟိုလူကြီးက သဟောက်သဟမ်းပင် လုပ်လာချေသေးသည် မဟုတ်ပါလား ..၊ ဒါပေမယ့် လောလောဆယ်မှာ ဖေဖေ့ကို မေး၍လည်း ဖြေမှာ မဟုတ် .. မေးဖို့လည်း မသင့်သေး ..၊ ဖေဖေ စိတ်ရောလူရော ပင်ပန်းနေချိန်ဖြစ်သည်လေ..။ အိမ်ကတည်းက ကြိုတင်၍ ယာထည့်လာပါသည့် ကွမ်းယာထုပ်လေးကို ဖေဖေ အပေါ်အင်္ကျီအိတ်ကပ်မှ ထုတ်၍ ကွမ်းတစ်ရာယူစားသည်။

''ဖိုးသည်း ကို ထန်းလျက်လေး ကျွေးလိုက်ပါ သမီးရယ် .. မေ နေရှာမယ် ..''

ဟု ဖိုးသည်း ကို တစ်ချက်ကြည့်ကာ သနားစိတ်ဖြင့် ဖေဖေ ပြေ ပါ၏။ ခံတောင်းထဲမှ ထန်းလျက်ဘူးကို ထုတ်၍ ဖိုးသည်း ကိုလည် သုံးခဲလောက် ကျွေး .. ထုံ လည်း တစ်ခဲ ငုံထားမိရပါ၏။ ချိုမြမြပေ အမောပြေလာရသည်။ အချိုမှာ အငန်ဓာတ်လေး ပါသည်မို့ ပို၍ အမောပြေချင်၏။

''ရွာက လိုင်းကားက မြို့ကို မနက်ဘက်ထွက်မှာ ရှိပေမယ့် လို ကားနဲ့ ဖေဖေတို့ ထွက်ရင် တစ်ဘက်က ဟိုကောင်တွေ ခြေရာခံနိုင်မ





သမီး ..၊ ဒါကြောင့် ကားကြုံ တားစီးဖို့ .. ခုလို ထွက်လာရတာ ..၊ စိတ်မပင်ပန်းနဲ့ သမီး .. ဖေဖေ ရှိနေသမျှ ဖေဖေ့သမီး ဘယ်တော့မှ အားငယ်မခံဘူး၊ ဖေဖေကလည်း ဖေဖေ့သမီးလေးကို တော်ရုံနဲ့ ချန်မထားခဲ့ဘူး .. ဖေဖေ အသက်ရှည်မှာပါ ..''

ဟု ပြောလာတော့ ရင်ထဲမှာ ဆို့လာရသည်။ ဖေဖေ့စကားက ဖေဖေသည် သေမှ ခွဲမည်။ တော်ရုံဖြင့် မသေ ..၊ သမီးအတွက် ရင်ခွင်တံတိုင်းဖြင့် ကာမည်ဆိုသည့်သဘော ..၊ ချောင်းဆိုးရတာကြောင့်ရော.. ပင်ပန်းသည့် တောင်ယာအလုပ်ကြောင့်ရော ဖေဖေ ပိန်လှီနေတာ အမှန်။ ဒါပေမယ့် ဖေဖေ့မှာ အားမာန်ရှိနေသည်။ သမီးအတွက် ချစ်ဖောဖြင့် တည်သော အားမာန်ပါတည့် ..။

ထိုစဉ်ခိုက် ကားတစ်စီး မောင်းလာသည်။ ကုန်ကား ..၊ ဒါပေမယ့် ကုန်အပြည့်ဖြင့် တာလပတ်ပြည့် အုပ်မိုးထားသော ကား ..၊ ထုံ ရင်ထဲ မောသွားရပြန်၏။ သားအဖနှစ်ယောက် စောင့်ရင်း စောင့်ရင်းဖြင့် မှောင်လာပြီ ..၊ ကားရှေ့မီးကြီး ထွန်း၍ မောင်းလာသည့် ကားကြီးတစ်စီး မောင်းလာနေပြီ ..။ ဖေဖေ ထွက်ရပ်ကာ လက်ပြတားပါ၏။ ကားနောက်ခန်းက ကုန်မရှိ ..၊ ကားဒရိုင်ဘာကြီးကလည်း အသက်ကြီးကြီးထဲက ဖြစ်နေသည်။ ထိုဦးကြီးနှင့် ဖေဖေ စကား အတန်ပြောနေကြသည့်နောက်မှာ ..၊ ကားကြီးက ရပ်စောင့်ပေးလိုက်သည်မှ စက်ရပ်လိုက်၍ပါ။ ဖေဖေ ဝမ်းသာအားရ ပြန်လာသည်။ ပစ္စည်းတွေ သားအဖနှစ်ယောက် ကားကြီး၏ နောက်ခန်းကြီးမှာ တင်ကြပြုကြနှင့် အလုပ်များရသည်ပါပဲ ..။ နောက်ဆုံးတော့ ဒရိုင်ဘာဦးကြီးပင် မနေရက် ..။ လာ၍ကူညီတင်ပေးသည်။ ဖေဖေက ကားပေါ်မှနေ၍ ပစ္စည်းတွေ တင်သည်။ ထုံ က အောက်မှ တင်ပေးနေရသည်မို့ မကြည့်ရက်ခြင်း ..။ နောက်ဆုံးတော့ စက်ဘီးအိုလေးရော .. ဘောတွဲဖြုတ်ထားရာလေးပါ ကားပေါ်ရောက်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ခန်းလည်း ချောင်နေတာပဲ .. ဒီက အစ်ကိုကြီး တူတူ လာထိုင်ပါလား .. မိန်းကလေးကတော့ ခွေးပါလာတာဆိုတော့ နောက်မှာနေခဲ့မှ ဖြစ်မှာ .. ခွေး ခုန်ဆင်းမကျန်ခဲ့ဖို့လည်း လိုတယ် မဟုတ်လား.."

ဟု ဦးကြီး ပြောပါ၏။ ထုံ ခေါင်းလေးညိတ်ပြသည်က ကျေးဇူးတတင်ဖြင့်ပါ။ ဦးကြီး၏ အကူအညီကြောင့် ထုံ တို့ ဤနေရာမှ ထွက်ခွာခွင့် ရကြရခြင်းပါ။ ဖေဖေလည်း ခုမှ စိတ်သက်သာရာ ရချေသည် မဟုတ်ပါလားလေ ..။ ဘာကြောင့်ဆို .. ဖေဖေသည် ရွာလေးမှာ လုံးဝဆက်နေ၍ မရနိုင်တော့ပြီကော .. ဟု ဆုံးဖြတ်ပြီး ထွက်လာကတည်းက အလွန်တရာကိုမှ စိတ်ပင်ပန်းလွန်းနေတာ သိသာနေသည်ပဲလေ ..။ တစ်သက်လုံး အဖေ့မျက်နှာရိပ်လေးကို အကဲဖမ်းကြည့်တတ်ခဲ့ရပါသည့် ထုံ ..။ ဖေဖေ့ရင်ထဲမှ အပူကို သိနေရသည်မို့ ..၊ ခုလို .. ဦးကြီး၏ ကားပေါ် လိုက်ပါခွင့်ရလိုက်ခြင်းသည် ဖေဖေ့သောကတွေကို ပြေပျောက်စေလိုက်တာနှင့်တူတူပဲ ဖြစ်ချေသည်တည့် ..။

"ကျေးဇူးကြီးလှပါတယ် ဆရာရယ် .. သမီးလေးကို မြို့ကြီးမှာ ကျောင်းထားပေးချင်လို့ ထွက်လာရတာပါ၊ ခုလို ဆရာ ကူညီတဲ့ အတွက် အစစ အဆင်ပြေရတာပါဗျာ .."

ဟု ဖေဖေ ဆက်ပြောနေပါ၏။ ဦးကြီးနှင့်အတူ ဖေဖေလည်း ကားရှေ့ခန်းမှာ တူတူ ထိုင်ဖြစ်သည်။

ကားက စတင်၍ ထွက်ခွာပြီ ..၊ ပစ္စည်းပုံတွေကြားထဲမှာ ထုံထိုင်နေသည်။ ဘေးမှာက ဖိုးသည်း ထိုင်နေ၏။ ပထမတော့ ဆောင့်ကြောင့်လေး ထိုင်သည်။ နောက်တော့ ခွေ၍ လိုက်လာသည်။ နောက်တော့ .. လေအေးအေးကြောင့် ဖိုးသည်း ခိုမ်ကျ အိပ်၍ ပါလာပါ၏။ ထုံ သာ ကားနောက်ခန်းထဲမှာ အတွေးတွေဖြင့် နှောင်ရစ်၍ လာရပါ၏။ လက်ဖျားလေးက ဖိုးသည်း ၏ခေါင်းလေးပေါ် ဖွဖွလေး တင်မိသည်။ အုခနဲ အသံပေး၍ ဖိုးသည်း နိုးလာသည်။





လျှာဖြင့် လက်ဖမိုးကို လျက်၏။

"ဘာတွေ ဆက်ကြုံမယ် မသိဘူး ဖိုးသည်း ရေ .. ဘယ်မှာနေမယ်ဆိုတာလည်း မသိရဘူး၊ ဘယ်မြို့ကို သွားမယ်ဆိုတာတောင် ဖေဖေ တွေးထားပုံ ရရဲ့လား မသိဘူး .. ဘယ်ဘက်က လာတဲ့ ကားပဲဖြစ်ဖြစ် ကားချောင်ရင် လိုက်မယ့်သဘောနဲ့ကို စောင့်နေတာ ဖိုးသည်းရဲ့ .."

"ဝုတ် .."

ဘာပဲဖြစ်ဖြစ် .. စကားပြောဖော်တော့ ဖြစ်နေသည့်ဖိုးသည်း ပါ။ အမှောင်ထဲမှာ ကားက မောင်းနေဆဲ ..၊ ငိုက်ခနဲ တစ်ချက် ထုံ ဖြစ်သည်။ ဖျတ်ခနဲ ပြန်၍ နိုးလာရပြန်၏။ ခပ်လှမ်းလှမ်းတွင် မီးရောင်ကို မြင်နေရပြီ ..။

မြို့တစ်မြို့မြို့ကိုတော့ ရောက်ချေတော့မည်ထင့် ..။

ဒါပေမယ့် ယခု မြို့လေးသည် ထုံ တို့သားအဖ မြို့တက် ဈေးရောင်းရာ မြို့လေးတော့ ဖြစ်မနေ ..။ လမ်းကိုက ဆန့်ကျင်ရာဘက် ဖြစ်နေသည်။

ဘယ်မြို့ဘက်ကို ဦးတည်မောင်းသည့်ကား ဆိုတာကိုတော့ စောစောကတည်းက ဖေဖေ သိချေမည်သာ ..။ ကားကို တား၍ ဖေဖေမှ ဆိုဦးကြီး၏ကား ဘယ်မြို့ကို ရောက်မည်ဆိုတာ မေးကို မေးချေမည် သာ ..။

ဒါပေမယ့် ကားကြီးက မြို့ကို ဖြတ်မောင်းလာသည်။ မရပ် ..၊ ရှေ့ဆက်ဆဲ ..။ ဒါဆို .. ရှေ့ကို ခရီးဆက်ချဦးမည့်သဘော ..၊

ဘေးမှာ ရှိနေသည့် ဖိုးသည်း လည်း အိပ်နေပြီ ..။

ဟောက်သံပင် ထွက်နေသေးသည့်အဖြစ် ..၊ ထုံ ပြုံးမိရပါ၏။ ခွေးဆိုသည့်အထဲမှာ .. အိပ်လျှင် ဟောက်သည်ဆိုတာကလည်း ကြားဖူးရုပင် ရှိချင်မှ ရှိမည်။ ကြုံဖို့လည်း ရှားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ... ရှားတကာ့ ခွေးထဲမှာ ဖိုးသည်း ပါသည်။ ငယ်ကတည်းက သေတ္တာလေးထဲ ထည့်၍ ထုံ သိပ်ခဲ့ရတာမို့ ...၊ ဟောက်သံလေး ကြားခဲ့ရကတည်းက ပြုံးမိခဲ့ဖူးသည်။ ခြေဆန့်လက်ဆန့်ဖြင့် ခုလည်း ဖိုးသည်း ဟောက်၍ အိပ်နေသည်တည့် ...။

"နင်ပဲ နားအေးတယ် ဖိုးသည်း ရယ် ..."

ဟု ခပ်တိုးတိုး ပြောမိရင်း ခေါင်းလေးကို ပွတ်ပေးမိရပါ၏။ ကလေးလေးလို ထား၍ ကလေးလေးလို ချစ်ခဲ့ရသည့် ဖိုးသည်း ...၊ ခုလည်း ခေါင်းကြီး ထုံ့ ပေါင်ပေါ် တင်လာသည်။ ဆက်၍ အိပ်သည်။

ကားက တရိပ်ရိပ် ပြေးနေဆဲ ...၊ အိပ်ရာလိပ်ကို မှီ၍ ထုံ လည်း ငိုက်မျဉ်းလာရပါ၏။ ရွာလေးကတော့ ကျန်ခဲ့ပြီကောလေ .. ဟု အိပ်ချင်ဇောဖြင့် ရှိနေသည့်ကြားမှ အိမ်လေးကို လွမ်းစိတ်ဖြင့် တွေးသည်။ စိုက်ခင်းလေးကို လွမ်းစိတ်ဖြင့် တွေးသည်။ မျက်ရည်ကျလာရင်း ငိုက်မျဉ်းခြင်းက လွှင့်ခနဲ ဖြစ်ပြန်၏။

ရွာလေးကို ထုံ မခွဲချင်ပါ ...၊ အိမ်လေးကို ထုံ မခွဲနိုင်ပါ။ စိုက်ခင်းလေးကို ထုံ မထားခဲ့ချင်ပါ ...။

လွမ်းလိုက်ရချေသည်ကောလေ ...။





အခန်း (၃)

"ရွှေရည် ဆုံးသွားတာ တစ်နှစ် ရှိပါပြီ .. ဆရာလည်း ပျောက်သွားလိုက်တာ နှစ်မနည်းတော့ပဲကိုး ...၊ သမီးဟာ အမြဲတမ်း ဆရာနဲ့ မြိုင် တို့အတွက် စိတ်မကောင်းဖြစ်နေခဲ့တာပါပဲ၊ ဘယ်သူတွေ ဘယ်လို ပြောပြော .. သမီး ရွှေရည် ကတော့ဖြင့် ဆရာ့အပေါ် အယုံအကြည် တည်မြဲခဲ့ရှာတယ် .. မြိုင် စိတ်နာနေတာကိုလည်း အပြစ်မပြောရက်ခဲ့ပေမယ့် .. မြိုင် နဲ့ ဆရာ့ကြားမှာ တစ်ခုခုသော လျှို့ဝှက်ချက်တစ်ခု ရှိနေရမယ်လို့ တွေးနေတတ်ခဲ့သူပါ ...။ မြိုင် ကတော့ မြိုင့် ကို ဆရာက စွန့်ပစ်ထားခဲ့တယ်၊ ရက်စက်တယ်လို့ စိတ်နာနေတယ်ကွယ် .. အန်တီ့ အမြင် ပြောရရင်ဖြင့် ဆရာဟာ အဲသလောက် ယုတ်ညံ့မယ့်သူ မဟုတ်ဘူးဆိုတာ သမီးလေး ယုံကြည်ခဲ့သလို အန်တီလည်း ယုံကြည်မိတာပါပဲ ...၊ ဒါပေမယ့် ဆရာကလည်း ပျောက်ခြင်းမလှ ပျောက်သွားတယ်.. စုပ်မမြှုပ်စ ပျောက်သလို ပျောက်သွားခဲ့တယ်ဆိုတော့ မုဆိုးမဖြစ်တဲ့ အန်တီ့အနေနဲ့လည်း မြိုင့် ကို ဘာများ ပြောင်းပျနိုင်စရာ ဂုဏ်ချမ်းသာ ရှိနေနိုင်ပါ့မလဲ ဆရာရယ် .."

ဦးသုတ ငြိမ်သက်၍ နားထောင်နေသည်ပါပဲ။ မျက်နှာထက်မှာ မှိုင်းညို့ ကြေကွဲရိပ်တွေ ရိပ်ရိပ်ထိုးမျှ ထင်ဟပ်လာနေကြပေမယ့် ဘာမျှ ဝင်မပြောသေး ...။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းတစ်ချက်ဆိုးသည် ..၊ နောက်တော့ ဆက်တိုက်ဆိုးသည်။ လက်ကိုင်ပဝါကို အုပ်၍ ဆိုးနေရာမှ အသာလေး လက်ကိုင်ပဝါကို ငုံ့ကြည့်မိသည့်က ချောင်းဆိုးတန့်သွားချိန်မှာပါ ..။

သွေး ..၊ သွေးစသွေးနတွေ စွန်းထင်းနေသည့် လက်ကိုင်ပဝါကို အသာပြန်၍ အင်္ကျီအိတ်ကပ်တွင်းသို့ ဟန်မပျက် ထည့်ရပါ၏။

"ဘာလို့ တည်းခိုခန်းမှာ တည်းရတာလည်း ဆရာရယ် .. အိမ်မှာ လာတည်းပါ.. တစ်အိမ်လုံးမှာဖြင့် အန်တီ တစ်ယောက်တည်းပဲ ရှိတာ..၊ ရွှေရည့် ကိုလည်း အိမ်ထောင်ချပေးလို့ကို မရတော့တာပါပဲ ..၊ ဆရာနဲ့ မြိုင့် အဖြစ်ကို ကြည့်ပြီး ရွှေရည် ပြောခဲ့ဖူးတယ် .. ဒီလောက် ချစ်ကြတဲ့ သူတွေတောင် ကွဲကြရတာတဲ့ ..၊ သူ .. အချစ်ဆိုတာကို စိတ်မချရဲဘူးတဲ့ ..၊ သမီးက ဘွဲ့ရပြီးချိန်မှာ ကုမ္ပဏီတစ်ခုမှာ လုပ်ခဲ့တယ်လေ ..၊ ရုတ်တရက် ဆုံးတာ ..၊ သွေးတိုးရှိနေတာ မသိခဲ့ဘူး ဆရာရယ် .. အဲဒီနေ့က ငါးသလောက်ပေါင်းဟင်းကို ကုမ္ပဏီရှေ့က ထမင်းဆိုင်က သွေးတောင်းတယ်ဆိုပြီး ဝယ်စားသတဲ့၊ အိမ်က ယူသွားတဲ့ ထမင်းချိုင့်ထဲက ပုစွန်ခြောက် ဘာလချောင်ကြော်ကလည်း တကယ့် ပုစွန်ခြောက်နိုင်ချင်း ထောင်းကြော်ထားတာ ..၊ အစိမ်းကြော် တစ်ချိုင့်၊ ပဲကြီးဟင်းရည် တစ်ချိုင့်နဲ့ အဲဒီ ဘာလချောင်ကြော်အပြင် .. အဲဒီ ငါးသလောက်ပေါင်းဟင်းကို ဝယ်ပြီး စားသတဲ့လေ ..၊ စားပြီးသောက်ပြီးတဲ့နောက်မှာ မူးနောက်နောက် ဖြစ်တယ်လို့တော့ သူ့အလုပ်က အလုပ်ဖော် သူငယ်ချင်းတွေကို ပြောခဲ့သေးသတဲ့ ..၊ ဒါပေမယ့် အလုပ်ဆင်း အိမ်ပြန်ရောက်တော့ အန်တီ့ကို အဲသလို သူ မူးနောက်နောက် ဖြစ်နေတာ မပြောပြခဲ့ဘူး ဆရာရယ် .. အမေ စိတ်ပူမှာ စိုးရိမ်ဟန် တူပါရဲ့ .. ရေမိုးချိုးတယ်၊ ရေချိုးပြီးအထွက် .. မူးလဲကျသွားတာ၊ သတိပါ လစ်သွားတာပါပဲ၊ ဆေးရုံပို့ပါရဲ့ .. အသက်မမီလိုက်ပါဘူး ဆရာရယ် .. အင်း .. နောက်ဆုံးတော့ ဒီအိုကြီးအိုမနဲ့ အန်တီပဲ ကျန်ခဲ့ရတော့တာ .. သမီး ဆုံးတာ





သတင်းကြားလို့ သူ့ရုံးက သူငယ်ချင်းတွေ အသုဘမေး လာကြရင်းနဲ့ အလုပ်မှာ ငါးသလောက်ပေါင်း ဝယ်စားတာတွေ .. ခေါင်းမူးနောက်နောက် ဖြစ်တယ်ပြောတာတွေ ပြန်ပြောပြမှ အန်တီ သိရတော့တာ .. စောစော ဆေးသောက်ဦးရင်ဖြင့် ဒီလို ဘယ်အသက်တိုပါ့မလဲ ဆရာရယ် .. သမီးအကြောင်း ဆရာ သိသားပဲ၊ အလွန် ကလေးလိုနေတဲ့စိတ် ရှိတာ .. သူ့ကိုယ်သူလည်း ကျန်းမာတယ်လို့ ထင်နေတာ .. ဘယ်သူ့မဆို ကူညီချင်တာပဲ ရှိတယ်၊ သူ့ကိုယ်သူ ဂရုစိုက်ဖို့ သိပ်အာရုံမထားဘူး ဆရာရယ် .. တကယ်ဆိုရင် အမေလုပ်သူကို ဆေးခန်းပို့ .. သွေးတိုင်းဘာတိုင်းနဲ့ အမြဲ ဂရုစိုက်တဲ့အချိန်ကတည်းက သူလည်း သွေးတိုင်း စစ်ကြည့်ခဲ့ဖို့ ကောင်းတာ .."

အန်တီစိမ့် ကဟော့ စကားရှည်ကြီးကို မနားစတမ်း ဆက်တိုက်ပြောနေသည်။ သမီးကို လွမ်းစိတ်ဖြင့် ပြောနေခြင်း ..၊ နှမြောစိတ်ဖြင့် ပြောနေခြင်း ..၊ သမီးလေးကို သွေးတိုး မစစ်ဆေးခဲ့မိရလေချင်းဟု ယူကျုံးမရ ပြောနေခြင်း ..။ ဦးသုတ ကတော့ ငြိမ်နားထောင်နေသူပဲ ဖြစ်နေရဆဲ ..။ နားထောင်ရင်းလည်း ရင်ထဲမှာ ထိခိုက်နေရပါ၏။ အာရုံထဲ တိုးဝင်လာသည်က အတိတ် ..။ ဟုတ်သည် ..၊ အတိတ်ဆိုမှ ပုံရိပ်များ..၊ စောင်းသံ ပျံ့လွင့်ရာအတိတ် ..၊ လွမ်းမောဖွယ်အတိတ်..။ ချစ်ခြင်းများဖြင့် မြစ်ဖျားခံခဲ့ပေမယ့် လွမ်းမောကြေကွဲဖွယ် ရေစီးသံများဖြင့်သာ အဆုံးသတ်ခဲ့ရလေသော အတ္တိတ်..။ ဟင့်အင်း ..၊ မဟုတ်သေး..၊ အဆုံးမသတ်သေး ..။ လွမ်းဆွတ်ကြေမွကွဲခြင်းတွေက ရင်ထဲမှာ နင့်နင့်ပါအောင် ဖြစ်တည်နေရဆဲပေမို့ .. အဆုံးမသတ်နိုင်ခြင်း။ အဆုံးသတ်သည်ဆိုတာက မြိုင် နှင့် ဆုံတွေ့ခွင့်ပဲ ဖြစ်ချေသည်တကား။ ထိုအဖြစ်ကတော့ အဆုံးသတ်ခဲ့ပြီ ..၊ မြိုင့် အသံ ..၊ မြိုင့် မျက်နှာ နုနု ..၊ မြိုင်၏ချစ်ခြင်းများ ..၊ ထိုအရာများကို ဆုံခွင့် .. လက်ခံခွင့် .. မရှိတော့ပြီ။ အဆုံးသတ်ခဲ့ပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



"မြိုင့် ဖေဖေက သမီး ရွှေရည့် အပေါ်လည်း အတော် စိတ်နာတယ် ..၊ မြိုင် ဟာ ဒီအိမ်မှာ ဆရာနဲ့ ဆုံခွင့်ရခဲ့တယ်၊ ချစ်သူတွေ ဖြစ်ခဲ့ကြရတယ်ဆိုပြီး ရွှေရည့် ပယောဂကြောင့် ဖြစ်ရတာလို့ မှတ်ယူခဲ့တယ်လေ.. အန်တီ့ကိုလည်း အဆက်အဆံကို မလုပ်တော့တာ .. အန်တီ ခင်ပွန်းဖြစ်သူ ကိုသူရိန် ဟာ သူ့ရဲ့သူငယ်ချင်းဖြစ်နေလို့ အန်တီတို့ အပေါ် ယုံကြည်မိခဲ့တာဟာ အမှားပဲတဲ့လေ ..၊ ဒီနေ့အထိ အဆက်အဆံ မလုပ်ဘဲ ဖြတ်တောက်ခဲ့တာပါပဲ၊ ဆုံးပါးခဲ့တဲ့ သူငယ်ချင်းဖြစ်သူအပေါ်မှာ သူ သံယောဇဉ်မပြတ်နိုင်ခဲ့တာမို့ အန်တီတို့သားအမိအပေါ် ဆက်ပြီး ခင်တွယ်မိခဲ့တာတွေ .. ယုံကြည်မိခဲ့တာတွေ အားလုံးဟာ သူ့အမှားပဲ တဲ့လေ..၊ အဲသလို နောင်တတွေနဲ့ နာနာကြည်းကြည်း ပြောခဲ့တဲ့ အစ်ကို အောင်ဇော်ဦး ရဲ့ မျက်နှာကို ဒီနေ့အထိ အန်တီ မမေ့နိုင်ပါဘူး၊ သူ့ဘက်က ကြည့်ရင်တော့ မှန်ပေမှာပေါ့ ဆရာရယ် .. ဒါပေမယ့် အန်တီ ကိုယ်တိုင်က ဆင်းရဲတဲ့ဘဝက လာခဲ့ရသူပါ၊ ကိုသူရိန် က မြတ်နိုးလို့ မိဘတွေ သဘောမတူတဲ့ကြားထဲက ရအောင် လက်ထပ်ခဲ့တာကို ဘယ်လို မေ့နိုင်ပါ့မလဲ ..၊ ချမ်းသာသူတစ်ယောက်ဟာ ဆင်းရဲသူတစ်ယောက်ကို လက်ထပ်တာဟာ .. ချစ်တာဟာ အပြစ်မဟုတ်ဘူးလို့ အန်တီ ခံယူတယ်လေ.. တကယ် အရေးကြီးတာက ချစ်မြတ်နိုးကြဖို့ မဟုတ်လား..၊ ရွှေရည် ဆယ်တန်းနှစ်မှ ကိုသူရိန် ဆုံးခဲ့တော့ .. ကိုသူရိန် ရဲ့ ရှာဖွေစာနဲ့ အန်တီတို့ အခြေမပျက် နေနိုင်ခဲ့တာပါပဲ ..၊ ဘဏ်တိုးနဲ့ပဲ တစ်လ တစ်လ စားလောက်တယ် .. သုံးဖြုန်းနိုင်တယ် .. ဒီလိုအချစ်နဲ့ အခြေတည် .. အိမ်ထောင်ရေးတစ်ခုဟာ သက်ဆုံးတိုင် လုံခြုံနေခဲ့ရတာ ပဲလေ .."

ဒေါ်စိမ့် ကတော့ မှန်သည်ထင်ရာကို ပြတ်သားစွာ ပြောနေဆဲပါ တကား ..။

ဦးသုတ တစ်ချက် တွေခနဲ ဖြစ်၏။





လာတုန်းကတော့ ရွှေရည် နှင့် တွေ့မည်၊ ရွှေရည် နှင့် ဒေါ်စိမ့် တို့ တစ်ယောက်ယောက်မှတစ်ဆင့် အန်ကယ် ဦးအောင်ဇော်ဦး ကို တွေ့ဖို့ ကြိုးစားမည်။ အဖြစ်မှန်ကို အန်ကယ် သိဖို့ လိုအပ်နေပြီဟု ဦးသုတ ထင်သည်။

ဒါပေမယ့် လက်တွေ့မှာက ထိုသို့ ဖြစ်ဖို့ မလွယ် ..၊ ဒေါ်စိမ့် ၏စကားထဲမှာ ပါနေပြီ။ အန်ကယ် ဦးအောင်ဇော်ဦး နှင့် ဒေါ်စိမ့် တို့ အဆက်အဆံ မရှိကြတော့ပြီ ဆိုသည့်အချက် ..။

"သမီး ဆုံးတော့ မြိုင် ခဏ လာတယ် .. အသုဘမေး မလာဘဲ နေနိုင်လို့ ရောက်လာပုံ ရပါတယ်၊ မျက်ရည်ကျတယ် .. အကူငွေ အတော်များများ အန်တီ့လက်ထဲ အပ်ခဲ့ပါတယ် .. ငါးသိန်း ..၊ အန်တီ ယူပါရစေနဲ့လို့ ငြင်းပါတယ် .. ခွတ်ထားခဲ့တာ ..၊ မြိုင့် အဖေရဲ့ စီးပွားလုပ်ငန်းနဲ့ပတ်သက်တဲ့ ငွေကြေးထဲက မြိုင် ပေးရတာမျိုး ဖြစ်နေတာမို့ အကူငွေကို အန်တီ မယူလိုတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် သူတွေကြားထဲမှာဆိုတော့လည်း ကြာရင် လူမြင် မတင့်တယ်ဘူးဆိုပြီး အန်တီ လက်ခံလိုက်ရတယ်၊ ပြီးတော့မှ အိမ်နီးချင်း ဖိုးလုံး နဲ့ မြိုင့်ဆီကို အဲဒီငွေ ငါးသိန်း အန်တီ ပြန်ပို့လိုက်တယ်၊ အစ်ကိုအောင်ဇော်ဦး နဲ့ပတ်သက်တဲ့ ငွေကို အန်တီ မလိုပါဘူးလို့ .. လူကိုသာ လာတာသွားတာ လိုတာပါလို့ .. လူမလာတော့မှဖြင့် ငွေလည်း မလာတော့တာ ကောင်းပါတယ်လို့ စာလေး ရေးပေးလိုက်တယ်၊ မြိုင် အဲဒီစာကို ဖတ်ပြီး မျက်ရည်ကျတယ်လို့ ပြောတာပဲ .. ဖိုးလုံး ကတော့ ကြားထဲက စိတ်ဆင်းရဲပြီး ပြန်လာရှာပါတယ် ..၊ ဘာပဲဖြစ်ဖြစ်လေ .. မြိုင် ပေးတဲ့ အကူငွေကို အန်တီ လက်မခံတဲ့ကိစ္စမှာ အန်တီ မှန်တယ်လို့ ထင်တာပါ .. သမီး ရွှေရည် လည်း တမလွန်က အဲဒီလိုပဲ ရှိမှာပါ.."

ဟု ဆက်ပြောစဉ်ခိုက် ဦးသုတ ကြမ်းပေါ် ထိုင်၍ လက်အုပ်ချီသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကြောင့် .. ဒီလောက်ထိ ဖြစ်ကုန်ကြရတာမို့ -
ကျွန်တော့်ပယောဂ မကင်းသလို .. ကျွန်တော့်တာဝန်လည်း မကင်းတာ
မို့ .. ကန်တော့ပါတယ် အန်တီ ..၊ တကယ်က .. ကျွန်တော်နဲ့ မြိုင်
မပတ်သက်ခဲ့ရင် .. ခုအချိန်ထိ ပတ္တမြားစံအိမ်က အန်ကယ်တို့ မိသား
နဲ့ ဒီခတ္တာမြိုင်အိမ်က အန်တီတို့ဟာ ကောင်းမွန်ပြေပြစ်နေတဲ့ ဆက်ဆံ
ရေးတစ်ခုဟာ ရှင်သန်နေမှာပါ ..၊ ကျွန်တော် ရင်ထဲ မကောင်းပါဘူး
အန်တီ .."

ဟု ပြောရင်း ကန်တော့စဉ်နိုက် အန်တီစိမ့် မျက်ရည်ဝဲ၍ ငြိမ်နေ
ပါ၏။

မောင်သုတ .. ဟု တစ်ချိန်က ခေါ်ခဲ့ရဖူးသော လူရွယ်လေး -
ဆရာ .. ဟုလည်း တန်ဖိုးထား၍ ခေါ်မိရသော လူရွယ်လေး ..။ ခု
တော့ အသားတွေ ပို၍ ညိုနေကာ လူလည်း အလွန်ပိန်ကျနေလျက် -
အသက်အရွယ်ကြီးပုံ ပေါ်နေသည့်သူတစ်ယောက် ဖြစ်နေတာကို ေ
ကြည့် ခံစားမိရပါ၏။

စိတ်ထားနူးညံ့ကာ စောင်းကို ကျွမ်းကျင်စွာတီးတတ်သော လူငယ်
လေး ..၊ အမြဲတမ်း သန့်ပြန့်သော ဝတ်စားဆင်ယင်မှုနှင့် အပြောအဆို
ကအစ အေးချမ်းသော လူငယ်လေး ..၊ ထိုလူငယ်လေးသည် သက်တမ်
ထက် ပို၍ အိုစာနေသောသူတစ်ယောက်အဖြစ် ရောက်လာချေသည်
ကော .. ဟု ဒေါ်စိမ့် ခပ်တွေတွေကြည့်ရင်း ရင်ထဲမှာ မကောင်းနိုင် -

"ထိုင်ပါ ဆရာရယ် .. ပြန်ထိုင်ပါ ..၊ ဘာလို့ သူများလုပ်တဲ့ကိစ္စ
ကိုယ့်တာ ် လုပ်ရတာလည်း ဆရာရယ် .. ဒီလို ဖြစ်ရတာဟာ မြိုင်
အဖေက အဓိကပါ ..၊ မိတဆိုးလေးဆိုပြီး သူပဲ အလိုလိုက်ခဲ့တာလေ
မြိုင် ကိုယ်တိုင်က ဆရာ့ကို ချစ်လှချေရဲ့နဲ့ ဖြစ်ခဲ့တာ သူ မသိပေမယ့်
အန်တီတို့ သိခဲ့တာပဲ ..၊ အစကတော့ အန်တီလည်း မသိခဲ့ဘူးလေ -
သမီး ရွှေရည် ပဲ သိတာ .. သူတို့သူငယ်ချင်းနှစ်ယောက် ကျိတ်ကြ





ဆရာ့ကို ဒီခတ္တာမြိုင်မှာ စောင်းတီးသင်ပေးဖို့ ကြိုးစားခဲ့ကြတာပဲ ..၊
အဲဒါတွေ .. နောက်ပိုင်းမှာ အန်တီ သိခဲ့ရတာတွေပါ .. ကဲ .. ကဲ ..
ဘာမှ သူတစ်ပါးရဲ့အတွက်ကိစ္စ ..၊ သူတို့အတွက်နဲ့ သူတို့ လောင်မြိုက်ရတဲ့
ကိစ္စ .. ကိုယ်က ဘာမှ ဝင်ပြီး တာဝန်မယူချင်စမ်းပါနဲ့ .. ခဏထိုင်ပါ
ဆရာ .. အန်တီ ကော်ဖီလေး ဖျော်လိုက်ချင်တယ် .."

"နေပါစေ အန်တီ .. ကျွန်တော် ပြန်ပါ့မယ် .. ရွှေရည် ဆုံးပါး
တဲ့အတွက် ကျွန်တော် ရင်ထဲ ထိခိုက်ရပါတယ် အန်တီ .."

ဟု ပြောကာ ထပြန်မည်လုပ်တော့ အန်တီစိမ့် တားကာ ...

"အို!... မဟုတ်တာ .. ဘယ့်နှယ် ဒီတိုင်း ပြန်ရမယ်လို့ .. တည်းခို
ခန်း လိုက်ပို့မှာပေါ့ ..၊ တစ်ပါတည်း ကားနဲ့သာ ပြန်လိုက်လာခဲ့ပါ၊
ပါလာတဲ့ပစ္စည်း ပြန်ယူဖို့ပဲ လိုတာပါ .."

ဟု ပြောလာသည်က အန်တီစိမ့် ပါ ..။

ဦးသုတ မပြောမဖြစ်တော့ပြီမို့ ...

"တစ်ယောက်တည်း လာတာ မဟုတ်ပါဘူး အန်တီစိမ့် .. ဒီကို
လာနေဖို့ဆိုတာက အန်တီတို့ကို တာဝန်ပိုစေမှာပါ .. ဟိုမှာပဲ ဆက်
တည်းပါ့မယ်.. နေစရာအခန်းလေး ဘာလေး ရှာငှားပါ့မယ်.. ကျွန်တော့်
မှာ ငွေကြေး အထိုက်အသင့် ပါပါတယ် အန်တီ .. အန်တီ့မှာ မုဆိုးမ
ဘဝနဲ့ ရှိခဲ့ရပြီးတဲ့နောက်မှာ အခု ရွှေရည် ပါ မရှိတော့ချိန်ပါ၊ တာဝန်
မပိုစေချင်ပါဘူး ခင်ဗျာ .."

ဟု ပြောစဉ်နိုက် အန်တီစိမ့် ၏အကြည့်က စူးစမ်းကြည့်ဖြင့် ရှိ
လာပြီ ..၊

"တစ်ယောက်တည်း လာတာ မဟုတ်ဘူး .. ဟုတ်လား .. ဆရာ..
ခတ္တာမြိုင်ကို လုံးဝ မလာတော့ဘဲ ပျောက်ကွယ်သွားချိန်ထိ .. တစ်
ယောက်တည်းပါပဲ၊ မြိုင် နဲ့ တရားရုံးမှာ လက်ထပ်ပြီး အိမ်ငယ်လေး
တစ်လုံးမှာ နှစ်ယောက်ဖြစ်ခဲ့ရာက မြိုင် ကို ကွာရှင်းစာ ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားတယ်ဆိုတဲ့ ဆရာဟာ .. တစ်ခါမှ ခင်္တာမြိုင်ကိုလည်း မလာခဲ့တော့သလို .. တစ်ယောက်တည်းလည်း ပျောက်ကွယ်သွားခဲ့တာပါ ..''

ဟု ရှင်းရှင်း သိချင်သည့်ဟန်ဖြင့် မေးလာတော့ ...

''သမီး ပါလာပါတယ် အန်တီ .. သမီးလေး မြမွှေးထုံ ဟာ မြိုင့်သမီးပါ ..၊ ကျွန်တော်နဲ့ မြိုင် တို့ရဲ့ သမီးပါ ..''

ဟု မပြောမဖြစ်တော့ပြီမို့ ပြောပြလိုက်ရပါပြီတည်း ..။

ဟုတ်သည် ..၊ ခု မပြောလည်း နောင် သိရမည့်ကိစ္စ ..။ ချောင်းဆိုးလျှင် သွေးပါလာနေပြီဖြစ်သည့် လက်ရှိကာလမှသည် နောက်ထပ် ရက်ပေါင်း ဘယ်လောက် ကိုယ့်အတွက် ကျန်မည်ဆိုတာ မသိနိုင်သေးအောင် ဖြစ်လာရချိန်မှာ ..၊ ဦးသုတ အမှန်တရားတစ်ခုကိုတော့ သမီးလေးကို အသိပေး ချန်ရစ်ခဲ့ရမည့်တာဝန် ရှိလာနေပြီ ..။ ရန်ကုန်ရောက်ပြီး ညဘက်မှာပင် ချောင်းဆိုးစဉ်မှာ သွေးစသွေးနတွေ စတင် ပါလာတာကို သိလိုက်ရပြီးသည့်နောက်မှာ မူလက သားအဖနှစ်ယောက် ရန်ကန်စားမည်ဟု ဆုံးဖြတ်ခဲ့သော အဆုံးအဖြတ်သည် ပြောင်းလဲခဲ့ရပါ၏။ သမီးလေးကို အဝေးသင်တက်စေမည်၊ သားအဖနှစ်ယောက် လုပ်ကိုင်စားသောက်မည်၊ အနည်းဆုံး မုန့်ဟင်းခါးဆိုင်လေး သားအဖနှစ်ယောက် ဖွင့်မည်ဟု ရွာကအထွက် ခရီးမှာ မျှော်လင့် ဆုံးဖြတ်ခဲ့သမျှတွေ ပျောက်လွင့်ကုန်ခဲ့ရသည်တည့် ..။

''သမီး .. ဟုတ်လား .. ဘယ်လို!.. ဘယ်လိုရယ် ..''

ဟု တအံ့တဩ အန်တီစိမ့် မေးလာချိန်မှာ ဦးသုတ သက်ပြင်းရှိုက်မိရပါ၏။

''နောက်တော့မှ အဖြစ်စုံ ပြောပြပါ့မယ် အန်တီရယ် .. ရင်ထဲမှာ နာကျင်ကြေကွဲနေရလွန်းလို့ .. လောလောဆယ်တော့ မပြောပြပါရစေနဲ့တော့ .. ကျွန်တော် .. အချိန်အတန်ကြာတဲ့အထိ ရန်ကုန်မှာ အားလုံးနဲ့





အဆက်အသွယ်ပြတ်တောက်ပြီး နေခဲ့ရတာပါ၊ သမီးလေးကို ရတော့မှ ဒီက .. တကယ့်ကို ထွက်ခွာသွားခဲ့တာပါ အန်တီ .. ပန်းစံကား ဆိုတဲ့ ရွာလေးမှာ အပင်တွေ စိုက်ပြီး .. ခြံအလုပ်နဲ့ ကျွန်တော် သမီးလေးနဲ့ အတူနေခဲ့တာပါ .. မြိုင် ကလွဲပြီး ဘယ်သူ့ကိုမှလည်း မချစ်နိုင်သလို လက်လည်း မထပ်ခဲ့ပါဘူး အန်တီ .. သမီး မြမွှေးထုံလေး ဟာ .. သူ့အမေ ဆုံးခဲ့ပြီလို့ ခုထိ ယုံကြည်နေအောင် ကျွန်တော် လိမ်ပြောခဲ့ရဖူးပါတယ် ..၊ သူ့အမေဟာ သူ့ကို မွေးဖွားပြီး ဆုံးပါးသွားတယ်လို့ ..''

ပြောနေရင်း တစ်ချက် အသံတိမ်ဝင်သွားကာ မျက်တောင်ခတ်ရင်း မျက်ရည်ကို ထိန်းနေသည့် ဦးသုတ ကို ဒေါ်စိမ့် ငေးစိုက် မင်တက်ကြည့်နေပါ၏။ သမီးလေး ရှိနေသည်ဆိုတာ လုံးဝ မသိပဲကိုးလေ ..။

''အို .. အဲသလိုဆိုမှဖြင့် ပိုပြီးတော့တောင်မှ အန်တီ့ဆီမှာ နေသင့်တာပေါ့ ဆရာရယ် .. မဖြစ်ပါဘူး .. အန်တီကိုယ်တိုင် ဟိုကပစ္စည်းတွေအားလုံး သိမ်းပြီး .. ခင်္တာမြိုင်ကို ခေါ်လာမှ ဖြစ်မှာ ..၊ သမီး ရွှေရည်သာရှိရင် မြိုင့် သမီးလေးဆိုပြီး အလွန်ချစ်မှာကွယ့် ..၊ ဒါနဲ့ နေစမ်းပါ့ဆရာရယ် .. မြိုင် က သမီးလေး ရှိတယ်ဆိုတာတောင် လေသံ မဟခဲ့ဘူး .. သားလေး မွေးတယ်လို့ပဲ ပြောခဲ့တာ .. အဲဒီသားလေးလည်း ဆုံးသွားပြီလို့ ဖုန်းနဲ့ မြိုင် ပြောပြခဲ့တာ ..''

ဟု ရင်ထဲ မကောင်းနိုင်သမျှ ဖွင့်ပြောလာတော့ ဦးသုတ ခေါင်းခါသည်။

''မြိုင် မသိဘူး အန်တီ.. သူ သိတာက.. သူမွေးတာဟာ ယောက်ျားလေးဆိုတာပဲ .. သေသွားပြီဆိုတာပါပဲ ..၊ သမီးလေး မွေးတာကို သားလေးမွေးတယ်လို့ ဆန့်ကျင်ရာကို ပြောပြ အသိပေးတယ် ..၊ အသက်ရှင်ပါရက်ကယ်နဲ့ သေသွားပြီလို့လည်း လိမ်ကြတယ် .. အဲဒါတွေ .. ကျွန်တော် သိထားသလို .. နောက်ထပ် သိထားတာက ပတ္တမြားစံအိမ်ကအိမ်ဖော်ကြီး ဒေါ်မိ ပါ ..၊ ပြီးတော့ .. အန်ကယ် ဦးဆွေသာ ပါ ..



www.burmeseclassic.com

www.burmeseclassic.com



အန်တီစိမ့် ၏ မျက်နှာထက်မှာ စိတ်ရှုပ်ထွေးရိပ်တွေ ပြည့်သိပ်လာသည်။ ရုတ်တရက် နားမလည်နိုင်သလို ဖြစ်ကုန်သည့်အရိပ်များ…။

နောက်တော့ ဆုံးဖြတ်လိုက်ပုံဖြင့် …

"အို .. ဒါတွေ နောက်မှ ရှင်းအောင် မေးတော့မယ် .. ဖြေရမယ့်သူလည်း စိတ်သက်သာစရာရယ်လို့ကို မရှိတာ ရိပ်မိလာပါရဲ့ …၊ ကဲ.. ကဲ .. လောလောဆယ် လုပ်ရမယ့်ကိစ္စက တည်းခိုခန်းကို အရင်သွားဖို့ပဲ ဆရာ .. ဟိုမှာ မိန်းကလေးတစ်ယောက်တည်း ကျန်ခဲ့တာ .. အားငယ်ရှာမယ် …၊ အဖေလုပ်သူကို မျှော်လောက်ရောမယ် .. သွားစို့ …၊ ပြီးရင် မငြင်းနဲ့ .. တစ်ခါတည်း ခတ္တာမြိုင် ကို လိုက်ခဲ့ .. ဒါပဲ ပြောချင်တယ်.."

ဟု ဆုံးဖြတ်သံ ပေါ်လာပါ၏။

ဦးသုတ ငိုင်နေသည်။ သြော် .. မကြာမလင့်သောအချိန်ကာလတစ်ခုမှာ .. နှလုံးသား၏ ကြေကွဲရာတွေကို အရာရာ မထိမ်မချန် ပြောပြရမည့်ကာလတစ်ခုသို့ ကြုံရချေဦးတော့မည် …၊ အန်တီစိမ့် ကို ပြောပြရချေဦးတော့မည်။ ကိုယ့်နှလုံးသားကို အက်အက်ပါအောင် ထိခိုက်ကြေကွဲနေစေသည့် အရှိန်တွေကို မငြင်းဆန်နိုင်လွန်းစွာ မျိုသိပ် ခံစားခဲ့ရလေသော ကာလတစ်ခုဆီမှသည် ယခုကာလသို့တိုင်.. ဘယ်သူ့ကိုမှ ဖွင့်မပြောပြရသေးသော အဖြစ်တို့ကို ပြောပြရချေဦးတော့မည်။ ရင်တွေပဲ့ပြို ကြေမွရချေမည့် ကာလတစ်ခုကဖြင့် ကြိုလင့်နေချေပြီတည့်..။

"ဒီအဖြစ်တွေကို အရင်ဆုံး ပြောပြရမယ့်သူဟာ တစ်ယောက်တည်းပဲ ရှိပါတယ် အန်တီ .. အန်ကယ် ဦးအောင်ဇော်ဦး ကို အရင်ဆုံး ပြောပြခွင့်ရဖို့ ကျွန်တော် ကြိုးစားရပါမယ် .. ဘာလို့လဲဆိုတော့ အချိန်က အရမ်း တန်ဖိုးရှိလာနေလို့ပါပဲ.. အချိန် သိပ်မကျန်လေလေ .. အချိန်ဆိုတာက ပိုပြီး တန်ဖိုးကြီးလေလေမို့ပါ.. ဒီလောက်ပဲ အန်တီ့ကို ပြောပြထားပါရစေ …၊ နောက်တော့မှ အန်တီ့ကို အဖြစ်စုံတွေအားလုံး အေးအေးဆေးဆေး ပြောပြပါရစေတော့ .."





ဟု ပြောတော့ အန်တီစိမ့် မျက်နှာထက်တွင် နောက်ထပ် အံ့သြနားမလည်ရိပ်တွေ စွန်းထင်းလာကြပြန်သည်။

"ဘုရားရေ .. ဒီကိစ္စ မြိုင့်အဖေ မသိဘူး .. ဟုတ်လား .. အန်တီထင်တာက သူ စီစဉ်တာလို့ ထင်တာ …၊ စောစောက ဆရာ ပြောပြတဲ့ သမီးလေး ရှိတဲ့ကိစ္စကို သားလို့ လိမ်တာ .. ရှင်နေပါရက်နဲ့ သေတယ်လို့ ပြောတာတွေ အားလုံးဟာ ကိုဆွေသာ ကို အဲဒီ-အစ်ကိုအောင်ဇော်ဦးက နိုင်းတယ်လို့ ထင်ခဲ့တာ …၊ မြိုင့် အဖေက နိုင်းတယ်လို့ ထင်မိတာ မဟုတ်ပြန်ဘူးဆိုတော့ .. ဘယ်လိုလဲ ဆရာရယ် .. ဟင် .."

ဟု ညည်းသံ ပေါ်လာပါ၏။

"စောင်းတီးတဲ့လက်တွေတောင်မှ .. ခြံစိုက်တဲ့လက်တွေ ဖြစ်ခဲ့ရတာပဲ အန်တီရယ် .. မထင်မှတ်တဲ့ ဘဝခါးခါးတွေကို ခံရတဲ့အထဲမှာ.. ချမ်းသာသူတွေ လုံးဝ မပါဘူးဆိုတာ မဟုတ်နိုင်တာ မှန်ပေမယ့် .. အဲဒီ ဘဝခါးခါးကြီးကို အများဆုံး ခံရတာကတော့ ဆင်းရဲတဲ့သူတွေ ဆိုတာ .. ဘယ်သူမှ မငြင်းနိုင်ကြပါဘူး အန်တီရယ် …၊ အထူးသဖြင့် ချမ်းသာသူတွေကြောင့် ဘဝခါးကြီးကို နာခံ ရွေးချယ်ပေးလိုက်ရတဲ့.. ကျွန်တော့်ဘဝဟာ .. သက်သေတစ်ခုအဖြစ်တော့ ကျန်ခဲ့မှာပါပဲ .."

ကြေကွဲစွာ ပြောလိုက်သည့် ဦးသုတ ၏အသံ …၊

အခန်းတွင်းဆီသို့ ပန်းစံကား၏ ရနံ့က တိုးဝင်လာ၏။

သြော် .. တစ်ချိန်တုန်းကနှယ်ပင် ပန်းရနံ့ အေးမြမြ .. တိုးဝင်လာဆဲ …။

စောင်းသံနုနုတွေ ဝေခဲ့ဖူးသော အခန်း …၊ ချစ်ခြင်း၏ နူးညံ့မှုတွေ ခိုတည်ခဲ့ဖူးသော အခန်း …၊ ခုကျတော့ .. ပန်းစံကားတို့၏ ရနံ့သည်သာ.. မပြောင်းမလဲ တိုးဝေ့ဝင်နေသည့်အခန်း ဖြစ်နေရချေသည်တကား…။

စောင်းသံလည်း တိတ်ခဲ့ပြီ …၊ ဟုတ်သည် …၊ သုတ ၏စောင်းသံ တိတ်ခဲ့ပြီ …။



www.burmeseclassic.com

www.burmeseclassic.com



သုတ နှင့် မြိုင် တို့၏ နူးညံ့သော ချစ်ခြင်းတွေလည်း အတိတ်ဆီမှ အရိပ်တစ်ခုအဖြစ် ပုံရိပ်မှုန်မှုန်သာ ဤအခန်းမှာ အတိတ်ခြေရာအဖြစ် ကျန်ရစ်ခဲ့ပြီ ..။

ချစ်ခြင်း၏ အတိတ်ခြေရာဆိုသည်က .. နှလုံးသားမှာ ထင်သော ခြေရာ ..။

ဟုတ်သည် ..၊ သုတ ၏ နှလုံးသားမှာ ထင်သော ခြေရာ ..။ ထို ခြေရာသည် .. ဘယ်သောအခါတွင်မျှ မပျောက်ကွယ်နိုင် ..။ မြိုင် ကို ချစ်သော အချစ်သည်လည်း မပြောင်းလဲနိုင် ..။

ဒါပေမယ့် .. အတိတ်ဆိုတာကတော့ ကြေကွဲဖွယ် ဖြစ်ခဲ့ရပြီးချေပြီ တည့် ..။

ဒါကိုတော့ .. သုတ .. မတားဆီးနိုင်ခဲ့ပါ ..။ မြိုင် ..၊ မောင် .. မတားဆီးနိုင်ခဲ့ပါ မြိုင် ..။





ပင်လယ်ကမ်းခြေမှာ
ထင်တဲ့ ခြေရာဆိုတာ
လှိုင်းတွေ ရိုက်တဲ့အခါမျိုးမှာ
ပျောက်ကွယ်သွားရတတ်တယ် ..။

ဒါပေမယ့် ...
နှလုံးသားမှာ ထင်တဲ့
ချစ်သူရဲ့ ခြေရာတော့
ဘယ်လိုကြမ်းကြမ်းလှိုင်းတွေ
ရိုက်ခတ်ပေမယ့်
ကွယ်ပျောက်သွားစေနိုင်မှာ မဟုတ်ဘူး ..။

နှလုံးသားမှာ ထင်တဲ့ ခြေရာတော့
ဘဝတစ်သက်တာမှ
နှလုံးသားမှာပဲ
အမြဲ ထင်နေတတ်တယ် ..။

လောကမှာ ပျောက်ကွယ်လို့ မရတဲ့ ခြေရာ
ပျောက်ဖျက်လို့ မရတဲ့ ခြေရာ ..
အဲဒါက ...
နှလုံးသားမှာ ထင်တဲ့ ခြေရာပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"စောင်းဆိုတာ တတ်ပြီးရင်တောင်မှ တစ်ရက် လက်ပျက်မခံရဘူး ..၊ သင်ပြီး တတ်ပြီးမှ မတီးမခတ် ပစ်ထားရင် လက်ကွက် မေ့တတ်တယ် ..၊ ပညာမေ့တတ်တယ်ဆိုတာ ဆရာ အမြဲ ပြောနေကျ .. သတိပေးနေကျ .. ခုနစ်ရက်လောက် စောင်းမတီးဘဲ နေမိရင် တီးကွက်တီးလက် မေ့ပြီး လက်ပျက်တတ်ပါတယ်လို့ ဆရာ ပြောခဲ့တယ် မဟုတ်လား မြိုင် .. သဘောက .. စောင်းပညာဆိုတာ ပေါ့ပေါ့တန်တန် မထားရဘူးဆိုတဲ့သဘော .. အဲသလောက် ရှင်းပြခဲ့သမျှ ဘာကိုမှ အလေးအနက် မထားဘဲကိုး ..၊ တတ်လွယ်မယ်လို့ အထင်တသေး မရှိနဲ့ .. တတ်ဖို့ရာလည်း သင်ရမယ် .. လေးလေးနက်နက် သင်ရမယ်..၊ တတ်ရင်လည်း အမြဲ တီးခတ်နေရမယ်ဆိုတဲ့အထိ နက်နဲတဲ့ပညာရပ်ကို ရှင်းပြထားတဲ့ကြားထဲက .. ဝါသနာပါလွန်းလို့ပါဆိုပြီး လာသင်တယ်၊ အခု ရွှေရည် က ပုစဉ်းတောင်သံကြိုးကို အစအဆုံး တီးတတ်နေပြီ ..၊ မြိုင် က .. ခုထိ သံဖျားကြိုး .. ဒုံးကြိုးတောင်မှ သွက်သွက်မှန်မှန် မတီးနိုင်သေးပဲ ဖြစ်နေတယ်၊ မှန်မှန်ဖြေစမ်းပါ မြိုင် .. မြိုင် ဟာ စောင်းပညာကို တကယ်တတ်ချင်တာလား .. ဒါမှမဟုတ် စောင်းတီးတတ်တယ်ဆိုတဲ့ ဂုဏ်တစ်ခုကို လူချမ်းသာတို့အလယ်မှာ ပိုင်စိုးချင်တာနဲ့ လာသင်တာ





လား..၊ အလွယ်တကူ တတ်မယ်လို့ ထင်ပြီးတော့ .. ထင်ပေါ်ကျော်ကြားတဲ့ ဂုဏ်တစ်ခုအတွက် စောင်းလာသင်တယ်ဆိုရင်ဖြင့် ပြန်ပါ မြိုင်.."

သူ ပြတ်ပြတ်သားသား မေးလည်း မေး ..၊ မြိုင့် ကို ပြန်ဖို့ စကားလည်း ပြတ်ပြတ်ပြောချလိုက်တော့ ရှေ့မှာထိုင်နေသည့် မြိုင် မျက်လွှာချ၍ ငြိမ်နေသည်။ ဖြူနုနုမျက်နှာလေးက တဖြည်းဖြည်း ပန်းဆီရိုဝ်သမ်းလာနေ၏။ မျက်တောင်တဖျပ်ဖျပ်ခတ်ရင်းလည်း မျက်ရည်မကျအောင် ထိန်းနေတာ သူ မြင်နေရသည်။ စောင်းကို ပိုက်ထားရင်း မြိုင် အတန်ကြာမျှ ငြိမ်သက် ထိုင်နေဆဲ ..၊ ဘာမျှ တုံ့ပြန် မပြော ..။ ငိုချင်သမျှကို အတင်းထိန်းချုပ်ထားရ၍ မြိုင့် မျက်နှာလေး ပို၍ ပန်းဆီရိုဝ်တက်လာနေသည်။

သူ စိတ်မကောင်း ..၊ ဒါပေမယ့် ဘယ့်နှယ် လုပ်မည်လဲလေ ..၊ ခုထိ သံဖျားကြိုးနှင့် ဒုံးကြိုးကိုပင် ဖြစ်မြောက် ပိုင်နိုင်အောင် မတီးနိုင်ပြီဆိုမှ စောင်းပညာ ဘယ်လိုလုပ်၍ ရှေ့ဆက်တက်နိုင်တော့မည်တဲ့လဲ..။ မဆူ၍လည်း မဖြစ်တော့ပြီ ..၊ တစ်လရှိပြီပဲလေ ..။ ဒါကိုပင် မတတ်မမြောက် ဖြစ်နေတော့ သင်ရသည့် ဆရာ စိတ်မောလာရသည်။ ပြီးတော့ သံသယဖြစ်လာရသည်။ မြိုင် သည် တကယ့်ကို မြတ်နိုးစွာသောစိတ်ဖြင့် စောင်းပညာကို တတ်မြောက်အောင် သင်လိုခြင်းမှ ဟုတ်ပါလေစ ဆိုသည့် သံသယ ..။

"မြိုင် .. မြိုင် .. ကြိုးစားပါ့မယ် ဆရာ .."

အသံတိမ်လေးဖြင့် မြိုင် ပြောသည်။ ခေါင်းမမော့ ..၊ မျက်တောင်တဖျပ်ဖျပ်ခတ်နေရာမှ ဖြုတ်ခနဲ မျက်ရည်က ပေါက်ပေါက်စက်စက်ကျလာသည်။ စောင်းပေါ်သို့ သက်သော မျက်ရည်စက် ..၊ ထိုသို့ဖြစ်လာတော့လည်း သူ စိတ်မကောင်းရပြန် ..၊ တကယ်တမ်း တတ်မြောက်လိုစိတ်ကြောင့် မဟုတ်ဘဲ ပေါ်ပြူလာဖြစ်ရုံသက်သက်အတွက် .. အလွယ်တတ်မည်ထင်၍ လာသင်တာမျိုးသာ မြိုင့် ဘက်က ရှိမည်ဆိုလျှင် အပို



www.burmeseclassic.com

www.burmeseclassic.com



သူ ဆူတာကို မခံချင့်စောဖြင့် ထပြန်သွားနိုင်သည်။

မြိုင် ဆိုတာက အလွန်တရာကိုမှ ချမ်းသာသောအလွှာမှ မိန်းကလေး ..၊ ချမ်းသာမာန မရှိဘဲနေမည် မဟုတ် ..။ ရန်ကုန်မြို့ကြီးမှာ ကြယ်စင်ဆိုသည့် ရတနာတိုက်ကြီး ဖွင့်ထားသည့် ဦးအောင်ဇော်ဦး၏ သမီး ..၊ ကြယ်စင်ဟိုတယ်ကြီး၏ အရှင်သခင်လည်း ဖြစ်နေသေးသည့် မြိုင် တို့၏ ချမ်းသာမှုဆိုတာက မြင့်မားထွဋ်ဖျားသို့တိုင်သည့် ချမ်းသာမှုမျိုး ..။ ခုလို စောင်းပညာကို သင်သည့် ဆရာငယ်လေး တစ်ယောက်၏ အဆူအငေါက်ကို ခံရတာမျိုးကိုတော့ ချမ်းသာမာနက လက်ခံဖွယ်ရာ မရှိ။ မာနအမောက် ထောင်ခနဲ ဖြစ်ကာ ထပြန်သွားဖို့ များသည်။

ညံ့ရချေသည်ကော .. ဟု မချင့်မရဲ ဖြစ်ရတာထက် မြိုင် သည် စောင်းကို လာသင်ခြင်းမှာ တကယ့်မြတ်နိုးခြင်းကြောင့် မဟုတ်ဟု သံသယဖြစ်လာနေ၍ ခုလို ပြောမိခြင်းပါတည့် ..။ ခုကျတော့ မြိုင် သည် ထင်သလို ထပြန်မသွားဘဲ မျက်ရည်ကျရင်း သူ့တပည့်အဖြစ်ပဲ ဆက်နေမည့်အဖြေကို ပေးလာရှာပါ၏။

သူ သက်ပြင်းရှိုက်ကာ သူ့စောင်းကို ယူသည်။ စောင်း၏ လက်ရုံးသည် သူ့မျက်နှာနှင့် တပြေး တည့်မတ်နေပါ၏။

"ဟောဒီ သံဖျားကြိုး .. အောက်ဆုံး တစ်ကြိုးကို .. ခုလို စပြီး အထက်ဒုံးကြိုးအထိ .. ဟောလို အတက်တီး သွား .."

ပြောလည်း ပြော .. တီးလည်း တီးပြသည်။

"ညာလက်မနဲ့ ဟောဒီ အထက်ဒုံးကြိုးကနေပြီး ဟောသလို လက်မကို ပေါက်ကာ တီးကာ အောက်ဆုံးသံဖျားကြိုးအထိ တီးသွား.."

သူ ဆက်၍ တီးပြသည်။ သံဖျားကြိုး ..၊ ဒုံးကြိုး .. ဆက်တိုက် တီးပြသည်။

"ဒီလို ညာလက်မနဲ့ လက်ညှိုး တစ်ချက်စီ မောင်းနင်း တီးရတာ





မျိုး ..၊ ညာလက်မနဲ့ လက်ညှိုး ခြောက်ပင်စုံ အတက်အဆင်း တီးရတာမျိုး ..၊ ညာလက်မနဲ့ လက်ညှိုးလေး ပင်စုံနှစ်ပင် ပူးတီးရတာမျိုး .."

ရှင်းလည်း ရှင်းပြ ..၊ တီးလည်း တီးပြနှင့် သူ ဆက်တိုက် အကြိမ်ကြိမ် တီးပြသည်။

"အဲ့ဒါကို အရင် လေ့ကျင့် .. ကျေကျေညက်ညက် .. သွက်သွက်လက်လက် တီးလာနိုင်တဲ့အခါကျရင် အခြေခံသင်ရိုးကို ဆရာ ဆက်သင်ပေးမယ် ..၊ ကဲ .. တီးကြည့်စမ်း .."

ဟု ပြောတော့ မြိုင် သံဖျားကြိုးနှင့် ဒုံးကြိုးကို ဆက်တိုက် တီးနိုင်ဖို့ ကြိုးစားသည်။ ကြိုးစားရင်း တဖြည်းဖြည်း သွက်လာ၏။ အသားတကျ ဖြစ်လာ၏။ သူ့မျက်နှာ ထိုအခါမှ ပြုံးနိုင်လာသည်။ ငေါက်ဟယ် ဆူဟယ်လုပ်လိုက်တော့လည်း ဆရာ့ကို လန့်ရှိန်ဖြင့် မြိုင် တီးနိုင်လာသည်ပဲဟု ပီတိဖြစ်ရ၏။ သနားစိတ်လည်း ဖြစ်ရ၏။ ဟုတ်သည် ..၊ တချို့ တပည့်တွေက ဆရာငေါက်မှ လန့်ရှိန်ဖြင့် တတ်ကြတာလည်း ရှိသည်လေ ..။

မြိုင် က ထိုသို့သော တပည့်စာရင်းထဲ ဝင်နေသည့်အဖြစ် ..၊ ကလေးလိုပါလားဟု စတွင်၍ သူ တွေးဖြစ်သည်။ လန့်တတ်သား .. ဟုလည်း ကလေးလေးကို ကြည့်သလို ကြည့်မိ ..၊ ပြုံးလည်း ပြုံးမိရပါသည့်အဖြစ် ..၊ မြိုင် သူ့ကို ခိုးကြည့်လာသည်။ လန့်လန့်ဖြင့် ကြည့်မှန်းလည်း သိသာ၏။ သူ ပြုံးနေတာ မြင်တော့ မြိုင့် မျက်နှာလေး လန်းလာသည်။ စိုးရိမ်အားငယ်ရိပ်လေးတွေ အတန်မျှ ပြေလျော့လာသည်။ မျက်ရည်ကြည်လေးတွေ စိုစိုလဲ့လဲ့ ပြေနေဆဲ မျက်ဝန်းနက်လေးတွေဖြင့် သူ့ကို မော့ကြည့်လာသည့် မျက်နှာနုနုလေးထက်မှာ ထင်ကျန်နေဆဲ စိုးရိမ်ရိပ်လေးတွေကတော့ဖြင့် အားလုံး မကင်းစင်နိုင်သေး ..။ သူ တစ်ချက် တွေခနဲ ဖြစ်၏။ မြိုင် သည် ဘာကို စိုးရိမ်ထိတ်လန့်နေပါသလဲ..။ သူ စောင်းတီး မသင်ပေးဘဲ ရှိတော့မည်ဆိုတာကို ထိတ်လန့်နေခြင်းပေ



www.burmeseclassic.com

www.burmeseclassic.com



လား ..၊ စိုးရိမ်နေချေသည်လား ..။

"ကဲ .. ကဲ .. ဒီနေ့အဖို့တော့ ဒီလောက်နဲ့ပဲ နား .. နားလိုက်တော့၊ အိမ်မှာ အဲဒီ သံဖျားကြိုးနဲ့ ဒုံးကြိုးကို လေ့ကျင့် .. ဆရာလည်း ဆူရ ငေါက်ရဆိုတော့ စိတ်ထဲ မကောင်းဘူး ..၊ ဒီမှာ ဆက်ကြည့် .."

ဟု ပြောကာ ညာလက်မနှင့် လက်ညှိုး တစ်ချောင်းစီ မောင်းနှင်း တီးတာ၊ ညာလက်မနှင့် လက်ညှိုး ခြောက်ပင်စုံ အတက်အဆင်းတီးတာ၊ ညာလက်မနှင့် လက်ညှိုးလေး ပင်စုံ နှစ်ပင်ပူးတီးတာတွေကို ဆက်တိုက် ဆက်တီးပြလိုက်မိပြန်သည်။ တပည့်ကို တတ်စေချင်ဇောဆိုတာကတော့ ဆရာတိုင်းမှာ ရှိသည်ပဲလေ ..။

"ကဲ .. ကဲ .. ပြန် .. ပြန်တော့ .. မနက်ဖြန် .. လာခဲ့ .. ဆရာ့ကို သံဖျားကြိုးနဲ့ ဒုံးကြိုး သွက်သွက်လက်လက် တီးပြ .. ဟုတ်ပလား.."

ဟု ဆူမိသမျှ စိတ်ထဲမကောင်းနိုင်ဘဲ မြိုင့် ကို ပြန်ခိုင်းမိသည်ပါပဲ။ မနက်ဖြန် လာခဲ့ဆိုသည့် စကားကိုလည်း ထည့်ပြောမိသည်။ ဒါမှ မြိုင် စိတ်ချမည်လေ ..။ မြိုင့် ကို သူ ဆက်သင်ပေးမည်ဆိုသည့်စကားကို သူ ထည့်ပြောလိုက်ချေသည်ကိုး ..။ ဆက်မသင်ပေးမှာ မြိုင် လန့်နေသည်ဟု သူ နားလည်နေမိရသည်မို့ မြိုင် စိတ်အေးအောင် တမင် သူ ပြောမိခြင်းပါ ..။

မြိုင် မျက်လွှာလေး တစ်ချက်ချသည်။

"ကျေးဇူးတင်ပါတယ် ဆရာ.. မြိုင့် ကို ဆက်သင်ပေးတဲ့အတွက်ပါ .."

ဟု ပြောကာ စောင်းလေးကို ပိုက်၍ အိမ်ပေါ်မှ ဆင်းသည်။ ခြံရှေ့မှာ ရပ်ထားသော ကားပေါ်တက်သည်။ ကားလေးမောင်း၍ မြိုင် ပြန်သွားတော့ သူလည်း စောင်းကို စားပွဲပေါ် တင်၏။ စောင်း၏ လက်ရုံးနေရာကို သူ ဦးတိုက်သည်။ ဒါ သူ့အစဉ်အလာ ..၊ သူ မြတ်နိုးရာ စောင်း ..၊ သူ ချစ်သော စောင်း ..၊ သူ့အသက်မွေးဝမ်းကျောင်းပြုရာ





စောင်းကို သူ တရိုတသေ အမြဲ ဦးတိုက်သည်က တပည့်တွေကို သင်ပေးပြီးသည့်အချိန်များမှာပါ ..။ သူ့အိမ်လေးမှာလည်း တပည့်တချို့ လာသင်ကြသည်။ မြိုင် နှင့် ရွှေရည် ကိုတော့ ရွှေရည် ၏ ခတ္တာမြိုင်အိမ်ကြီးမှာ လာသင်ပေးရခြင်းပါ။ ထို့အတွက်လည်း သူ့အိမ်မှာ လာသင်သည့် တပည့်တွေထက် ပိုသော ညဏ်ပူဇော်ခကို မြိုင် နှင့် ရွှေရည် တို့မှ သူ့ကို ကန်တော့ပါ၏။

"ဆရာ .. ကော်ဖီလေး သောက်ပါဦး .. မုန့်လည်း သုံးဆောင်ပါ ဆရာ .."

ရွှေရည် ၏ မိခင် အန်တီစိမ့် မှ သူ့ကို လင်ပန်းလေးဖြင့် သယ်လာသည့် ကော်ဖီနှင့် မုန့်ပွဲလေး စားပွဲပေါ်ချ၍ ဧည့်ဝတ်ပြုပါ၏။ ဤသည်ကလည်း နေ့တိုင်း သူ့မှာ ကြုံရသည့်ကိစ္စ ..၊ အားနာစိတ်ဖြင့် သူ ငြင်းပေမယ့် မရ ..၊ အမြဲ ဧည့်ဝတ်ပြုနေကျပါ ..။

"သမီး ရွှေရည် က စောင်းပညာကို အလွန် တတ်ချင်တာပါ ဆရာ ..၊ ဖခင်ဖြစ်သူကလည်း သမီးလိုပဲ အနုပညာ မြတ်နိုးတဲ့သူပါ..၊ နံရံမှာ တရိုတသေထားပြီး ချိတ်ထားတာက သမီးဖေဖေ့ တယောပါ.. သမီးက တယောလည်း ထိုးတတ်တယ်ဆိုရာမှ အဖေက သင်ပေးခဲ့တာပါ၊ ဆရာ ဟိုဘက်လမ်းက အိမ်လေးမှာ စောင်းတီး သင်ပေးနေတယ်ဆိုတာ သမီး သိတော့ ဝမ်းသာနေတာပါ .. ဆရာ ခုလို ဟိုဘက်လမ်းက အိမ်လေးကို ရောက်လာတာ .. စောင်းတီးသင်ပေးတာတွေ သမီး သိတော့ အိမ်မှာ ဆရာ့ကို တလေးတစား ခေါ်ပြီး သင်ချင်လှပါတယ်ဆိုပြီး သမီးက ခွင့်တောင်းတာနဲ့ အန်တီကိုယ်တိုင် သမီးနဲ့အတူ ဆရာ့အိမ်ကို လာပြီး သမီးကို အပ်ခဲ့တာပါ ဆရာ ..၊ အန်တီကတော့ သမီးရဲ့ ဖေဖေလို .. တယောတွေဘာတွေ မထိုးတတ်ပေမယ့် မြတ်နိုးပါတယ် ဆရာရယ် .. ခုလို သမီးလေး ဂီတကို မြတ်နိုးတဲ့အမွေ အဖေ့ဆီက ရတာ.. ကျေနပ်နေရတာပါ ..၊ မနှစ်က သမီးလေးအဖေ ဆုံးခဲ့ပေမယ့် သူ့ဟာတဲ့



www.burmeseclassic.com

www.burmeseclassic.com



တယောလေး .. ခုထိ အသက်ဝင် အသက်ရှင်နေဆဲပါ ..''

အန်တီစိမ့် ပြောနေသမျှ သူ ငြိမ်သက် နားထောင်နေရာမှ တယောကို သူ ကြည့်မိသည်။ သူလည်း တယောထိုးတတ်သည်ပါပဲ။ တယောထိုးတတ်သည်၊ စောင်းတီးတတ်သည်၊ ပတ္တလား တီးတတ်သည်။ ဤသည်ကလည်း သူ၏ဖေဖေထံမှ ရသော အမွေ ..၊ ဆယ်တန်းမအောင်ပေမယ့် သူသည် ဂီတပညာ၏ ဆရာတစ်ယောက်အဖြစ်တော့ ရပ်တည်နေနိုင်ခဲ့ပါ၏။ အိမ်ငယ်နေရာလေးကို ဖေဖေ ဝယ်ခဲ့သည်။ ပြောင်းခါနီးမှာ ဖေဖေ ဆုံးခဲ့တာမို့ ဖေဖေ ဝယ်ခဲ့ရာ အိမ်ငယ်လေးမှာ သူ တစ်ယောက်တည်း ပြောင်းလာခဲ့ရခြင်း ..၊ ဤအိမ်ငယ်လေးကို ဖေဖေသည် အနုပညာကြေးဖြင့် စုဆောင်းဝယ်ခဲ့ခြင်း ..၊ ဖေဖေနှင့် သူ .. အနုပညာအိမ်ငယ်လေးတစ်ခုမှာ နေကြမည်ဟု မျှော်လင့်ခဲ့ပေမယ့် ဖေဖေ ပါမလာနိုင်ခဲ့ ..။ ငှားနေရာ အိမ်ငယ်လေးမှာပဲ ဖေဖေ ဆုံးပါးခဲ့ရှာပါ၏။ ခု .. သူ တစ်ယောက်တည်း .. ဖေဖေ့ အငွေ့အသက်များ လွှမ်းခြုံရာ အနုပညာပစ္စည်းများနှင့်အတူ ရှိနေရသည့် အိမ်ငယ်လေးမှာ နေနေရပါသည် အဖြစ် ..။

ဘာပဲဖြစ်ဖြစ် .. ဖေဖေ ရှိနေသည်ဟု သူ ခံစားရသည်ပါပဲ ..။

''ဆရာ .. မပြန်သေးခင်မှာ ရွှေရည် တစ်ခု ပြောချင်ပါတယ် .. မြိုင် နဲ့ ပတ်သက်လို့ပါ ဆရာ ..''

ဟု ရွှေရည် လက်ဖက်သုပ်ပန်းကန်လေးဖြင့် ရောက်လာကာ ပြောတော့ သူ တစ်ချက် အံ့အားတသင့် ဖြစ်သည်။ မြိုင် နှင့်ပတ်သက်၍ ရွှေရည် ...ာတွေများ သူ့ကို ပြောပြစရာတွေ ရှိနေရပါသတဲ့လဲ .. မြိုင် က သူ့ထံမှ စောင်းပညာကို ရွှေရည် နှင့်အတူ လာသင်သည်။ သူ က သင်ပေးသည်။ နောက်ထပ် သူကလည်း မြိုင် နှင့်ပတ်သက်တာတွေကို သိဖို့ မလို ..၊ မြိုင် ကလည်း သူနှင့် ထပ်၍ သိစရာအချက်အလက်တွေ ရှိနေဖို့ မလိုအပ် ..။ ဒါ .. သူ့ ခံယူထားမှု ..။





''ဆရာ .. ရွှေရည့် ကို စောင်းလာသင်ပေးတဲ့ရက်မှာ တပည့်တစ်ယောက် တိုးနေတာ .. အဲဒီတပည့်ဟာ မြိုင် ဖြစ်နေတာ ..၊ ဆရာ သိပြီးတဲ့အဖြစ်ပါ .. တကယ်က မြိုင် ကိုယ်တိုင်က ဆရာ့ကို ဆုံကို ဆုံချင်နေတာပါ ဆရာရယ် .. မြိုင် စောင်းတီးတာ ခုထိ မကျွမ်းနိုင်ဘဲ မတိုးတက်နိုင်ပဲ ဖြစ်နေတာကလည်း သူဟာ တကယ့်ကို တတ်ချင်လို့ လာသင်တာ မဟုတ်လို့ပါပဲ ဆရာ .. အဖြစ်မှန်ကို မနေ့ညကမှ မေမေ့ကိုလည်း ရွှေရည် ဖွင့်ပြောပြတာပါ၊ အဲဒီကတည်းက မေမေက ဆူနေတာပါ .. အဲသလို မလုပ်သင့်ဘူးလို့ ဆူတာပါ ..''

မျက်နှာငယ်လေးဖြင့် ရွှေရည် ပြောနေချိန်မှာ အန်တီစိမ့် မှာ မျက်နှာပျက်ပျက်ဖြင့် ထ...ပြီသည်။ ရွှေရည့် ကို ကြည့်ကာ ...

''အေး .. အဲသလို ဝန်ခံချိန်မှာတော့ မေမေ ဒီမှာ မနေချင်ဘူး ..၊ ဆရာ့ကို အားနာတယ် .. ဘာလို့လဲဆိုတော့ ဆရာ့အိမ်ကို သမီးနဲ့အတူ မေမေ သွားခဲ့တာ ..၊ သမီးကို စောင်းပညာ သင်ပေးဖို့ အပ်ခဲ့တာ .. အိမ်ကို လာသင်ပေးပါလို့လည်း မေတ္တာရပ်ခဲ့တာ .. ဒါကြောင့် မေမေ ချက်နှာပူရပြီ .. မျက်နှာပျက်ရပြီ ..၊ ဘာကိစ္စပဲဖြစ်ဖြစ် .. ကိုယ့်ဘက်က ထိမ်ချန်မှု .. လျှို့ဝှက်မှုတစ်ခုကို ဆရာ့အပေါ်မှာ ထားတယ်ဆိုတာကိုက မရိုးသားတာပဲ၊ မြိုင် နဲ့ သမီးတို့ နှစ်ယောက် အဲဒီကိစ္စကို ကျိတ်ကြံကြတာ ..၊ မနေ့ကမှ မေမေ သိရတာမို့ .. အမှန်အတိုင်းပြောရင် စိတ်ထဲ သက်မသာ ဖြစ်ရတယ် .. သမီး ဝန်ခံပါမယ်ဆိုလို့သာ မေမေ မနေ့ညက စိတ်ကို လျှော့လိုက်ရတာ ..၊ အတိုဆုံး ပြောရရင်ဖြင့် သမီးနဲ့ မြိုင် မှားတယ် .. အနုပညာကို အဲသလို ခုတုံး မလုပ်ရဘူး ..''

ဟု ပြောကာ အန်တီစိမ့် အိမ်တွင်းခန်းသို့ ဝင်သွားတော့ သူ နားလည်နိုင်ဘဲ ကျန်ခဲ့ရပါ၏။ ဘာတွေများ မြိုင် နှင့် ရွှေရည် တို့နှစ်ယောက် သူ့အပေါ်မှာ ထိမ်ချန်ထားတာ ရှိချေသည်တဲ့လဲ ..၊ ထို ထိမ်ချန်မှုတစ်ခုကို အန်တီစိမ့် သိရချိန်မှာ မျက်နှာပူရသည်တဲ့ ..။ ရွှေရည့် ကို



www.burmeseclassic.com

www.burmeseclassic.com



သူ ကြည့်တော့ အပြစ်ကျူးလွန်မိသည့် ကလေးငယ်လေးလို သူ့ကို မျက်နှာလေး ညှိုးငယ်ငယ်ဖြင့် ကြည့်သည်။ အကြည့်ထဲမှာ တောင်းပန် ရိပ် ပါသည်။ အနေခက်ရိပ်လည်း ပါသည်။

ရွှေရည် လက်ကလေး ပိုက်လိုက်သည်။ တစ်ခုခုကို ဝန်ခံမည့် ဟန် ..၊ ဆရာ့ရှေ့မှာ မျက်နှာငယ်လေးဖြင့် အရိုက်ခံဖို့ စောင့်နေသည့် တပည့်မျိုးပင် ဆန်နေသည်။

သူ့မှာ ငြိမ်၍သာ ကြည့်နေရပါသည့်အဖြစ် ..၊ လက်ပိုက်ဖြေလိုက် ပြန်ကာ လက်ဖက်သုပ်ပွဲလေးကို သူ့ရှေ့သို့ တိုးပေးသည်ကလည်း ရွှေရည် ပါ ..။ သူ သက်ပြင်းရှိုက်လိုက်ကာ စတင်၍ လက်ဖက်သုပ် တစ်ဇွန်းကို စားသည်။ ဒါမှ .. ကလေးမလေး စိတ်အား နည်းနည်းတက် လာမည်လေ..၊ သုပ်ပေးသည့် လက်ဖက်ကို ဆရာက ယူစားသည်ကိုး ပြောစရာရှိ ပြော .. နားထောင်မည်ဆိုသည့်ဟန်မျိုးဖြင့် သူကလည်း လက်ဖက်သုပ်ကို စားလိုက် ..၊ ရွှေရည့် ကို ကြည့်လိုက်ဖြင့် ရှိလိုက်ရ ၏။ လည်ချောင်းတစ်ချက် ရွှေရည် ရှင်းသည်။ အားယူသည့်သဘော

"ရွှေရည် က .. ရွှေရည် က .. တကယ့်ကို စောင်းတီးတတ်ချင် တာပါ ဆရာ ..၊ အဖြစ်စုံ သိရင်ဖြင့် .. ရွှေရည့် ကိုတော့ မသင်ပေး မနေပါနဲ့ ဆရာရယ် .."

ကြိုတင်၍ စကားခင်းနေသည့် ရွှေရည့် ကို သူ အကဲခတ်သ ကြည့်သည်။ လန့်နေတာ သိသာနေသည်မို့ ခေါင်းညိတ်ပြရပါ၏။ သ ပေးမည်ဆိုသည့် အဖြေ ..၊ ထိုအခါမှ ရွှေရည့် မျက်ဝန်းလေးတွေ ရွှန်း လာပါ၏။ စိက်ေအးသွားသည့်ဟန် ..၊

"ဒီ .. ဒီလိုပါ ဆရာ .. ဆရာ့ကို မြိုင် က .. အရင် တွေ့ဖူးတာ မြိုင့် သူငယ်ချင်းရဲ့ မင်္ဂလာပွဲမှာတဲ့ ဆရာ ..၊ ဆရာက .. ဆရာက အဲဒီမင်္ဂလာပွဲကျင်းပတဲ့ ဟိုတယ်မှာ စောင်းတီးတယ်တဲ့၊ ချစ်သ သစ္စာတိုင်ပတ်မျိုးကို ဆိုတယ်တဲ့ .. အဲဒီဟိုတယ်ဟာ မြိုင့် ရဲ့ဖေဖေပိုင်





ကြယ်စင်ဟိုတယ်ပါ ဆရာ .. မြိုင် လည်း သူ့သူငယ်ချင်းရဲ့ မင်္ဂလာပွဲ လည်း ဖြစ် .. သူ့ဟိုတယ်လည်း ဖြစ်တာမို့ .. အဲဒီမင်္ဂလာခန်းဆောင်မှာ တောက်လျှောက်ရှိနေခဲ့တာတဲ့ .. မြိုင့် သူငယ်ချင်းဆိုပေမယ့် .. ရွှေရည် နဲ့တော့ မရင်းနှီးဘူး ဆရာ .. မေ လို့ ပြောတာပဲ ..၊ မြိုင့် ဖေဖေနဲ့ မေ့ ဖေဖေတို့က လုပ်ငန်းချင်း ပတ်သက်ကြတယ်တဲ့ .. မေ နဲ့လည်း ခင်ကြ တယ်တဲ့ ..၊ အတန်းတော့ မတူကြဘူး ဆရာ.. မေ က ဆေးကျောင်း တက်နေတာ .. ရွှေရည် တို့လို မြန်မာစာ မဟုတ်ဘူး .."

မေ ..၊ သူ တွေခနဲ စဉ်းစား၏။ ဟုတ်သည် ..၊ သတို့သား စော နောင် ဆိုတာဘက်က မင်္ဂလာပွဲတစ်ခုမှာ သူ့ကို ချစ်သံမှုကို ပတ်ပျိုး ဆောင်းနှင့်တီးပေးဖို့ အလုပ်လာအပ်သည်။ ကြယ်စင်ဟိုတယ်မှာ ..၊ သူ ဆိုပေးခဲ့ရဖူးသည်။ သူ့အတွက်ကတော့ မင်္ဂလာပွဲတွေမှာ ချစ်သံမှုကို ပတ်ပျိုးကို စောင်းနှင့် သီဆိုပေးရတာမျိုး အကြိမ်ကြိမ် ကြုံခဲ့ပြီးပြီ ..။ ဒိတ်စာလည်း လာပို့သည်၊ သီချင်းဖြင့် ချီးမြှင့် သီဆိုပေးဖို့လည်း တလေး တစား လာပြောကြသည်။ အနုပညာကြေးကိုလည်း ထိုက်ထိုက်တန် တန် အပ်သည်။ သူလည်း ဆိုပေးသည်။ ဒါ .. သူ့အလုပ် ..၊ ထိုကိစ္စနှင့် မြိုင် နှင့် ဘာများ ပတ်သက်နေရပါသတဲ့လဲ ..။

"အဲဒါ .. မြိုင် .. ဆရာ့ကို မြင်ဖူးသွားတယ် ..၊ ဆရာဟာ အရမ်း အေးချမ်းတယ်တဲ့ .. ဟို .. ဟို .. မျက်နှာလေးကိုက ကြည်စင်နေတာ တဲ့ ..၊ အဲဒါ ဆရာ ဘယ်မှာနေသလဲဆိုတာ သတို့သားဘက်ကို မေ ကတစ်ဆင့် မြိုင် ပဲ မေးတာ ..၊ လိပ်စာသိတော့ .. ရွှေရည့် ကို မြိုင် ပြောတယ် .. သူ စောင်းသင်ချင်တယ်တဲ့ ..၊ တူတူ သင်ကြရအောင် တဲ့ ..၊ သူကတော့ ဆရာ့ကို လိုက်မပြောရဲဘူးတဲ့၊ မေမေနဲ့ ရွှေရည် တို့ပဲ သွားပြောပေးကြပါတဲ့ .. ဆရာက ခွင့်ပြုမြိုင်ကို လာသင်ပေးမယ် ဆိုတဲ့အခါကျတော့မှ သူ ရောက်အောင် လာခဲ့မယ်တဲ့ ..၊ သူ့ဖေဖေ တော့ ရွှေရည် တို့အိမ်မှာ စောင်းသင်မယ်ဆိုတာလောက်ပဲ ပြောပြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ..၊ ဆရာက အသက်ခပ်ကြီးကြီးလို့လည်း ပြောထားမယ်တဲ့ .. ရွှေရည် တို့အိမ် ဆိုတော့ သူ့ဖေဖေကလည်း စိတ်ချမှာပါတဲ့ .. ဆရာ့ကို မြိုင် တို့ရဲ့ ပတ္တာမြားစံအိမ်ကိုတော့ ခေါ်သင်လို့ ရမှာ မဟုတ်ဘူးတဲ့ .. ဆရာက ငယ်လည်း ငယ် .. ရုပ်ကလည်း မျက်တောင်ရှည်ရှည်စင်းစင်း လေးနဲ့ အလွန်ချောတာတဲ့ .. သူ့အဖေက ခွင့်ပြုမှာ မဟုတ်ဘူးတဲ့ ဆရာ အဲဒီတုန်းကတော့ ရွှေရည် ကလည်း မြိုင် တကယ့်ကို သင်ချင်တယ်လို့ ပဲ ထင်ထားတာ .. ရွှေရည် ကလည်း တကယ့်ကို သင်ချင်နေတာလည်း ဖြစ်နေတယ် .. ဆရာ အဲဒီအိမ်နေရာလေးကို ပြောင်းလာတာ ရွှေရည် မသိဘူး ဆရာ .. မြိုင် သိတာ ..၊ ရွှေရည် လည်း နီးနီးနားနားမှာ ဆရာ ရောက်လာတယ်ဆိုတော့ ဝမ်းသာတာပေါ့ ဆရာ .. အဲဒါကြောင့် မေမေ့ကို ပူဆာပြီး ဆရာ့ဆီမှာ စောင်းပညာသင်ခွင့် ရအောင် လာပြော ခဲ့ရတာပါ ဆရာ .."

ခုထိလည်း ထူးခြားတာ သိပ်မရှိလှသေး ..၊ မြိုင် သည် သူ့ကို တွေ့ကာ စောင်းပညာသင်ချင်၍ ရွှေရည့် ကို လာပြောခြင်းပဲ ရှိသည်။ မြိုင့် ဖေဖေက သူ့လို အသက်အရွယ်နှင့် ဆရာမျိုးကို စိတ်မချနိုင်တာမို့ ခတ္တာမြိုင်မှာ လာသင်နိုင်ဖို့ မြိုင် ကြိုးစားသည်ဆိုတာပဲ ရှိနေသည်။ ရွှေရည် လက်ဖဝါးလေးတွေ ပွတ်နေရင်း မဝံ့မရဲ သူ့ကို မော့ကြည့်လာ ပါ၏။ မလုံမလဲလေးဖြင့် အနေခက်နေပုံလေးလည်း ဖြစ်နေသည်။ သူ ကလည်း တည်တည်ကြီး တုံ့ပြန်ကြည့်လိုက်မိပါ၏။ ဆရာတစ်ယောက် ၏အကြည့် ..၊ အကယ်၍ ရွှေရည့် မှာ သူနှင့်ပတ်သက်၍ တစ်ခုခုကို လျှို့ဝှက်ထားတာမျိုး ရှိနေလျှင် ကာရှည် ဟန်ဆယ် ဖုံးဖိမထားနိုင် လောက်အောင်ပင် တည်လွန်းနေသည့်အကြည့် ..။

"မြိုင် ဟာ .. မြိုင် ဟာ .. စောင်းတီးသင်ဖို့ဆိုရင် အစောကြီး အိမ်ကို ရောက်ရောက်လာတတ်တာပါ ဆရာရယ် .. ရွှေရည့် အိမ်ကို အလည်လာသလိုလို ပုံစံမျိုးလေးနဲ့ ပထမဆုံး ဆရာနဲ့စတွေ့ဖို့ ကြံစည်





ခဲ့တာလည်း မြိုင် ပါ .. ရွှေရည် နဲ့အတူ စောင်းတီးပါရစေဆိုပြီး ဆရာ့ ကို ခွင့်ပန်ဖို့လည်း အစကတည်းက မြိုင် ကြိုတင်ပြီး ရွှေရည့် ကို ပြောခဲ့သလို .. ဆရာ့ကို တွေ့တော့လည်း စောင်းတီးသင်ပါရစေဆိုပြီး မြိုင် ခွင့်ပန်ခဲ့တာ ဆရာလည်း ကြုံခဲ့ပြီးပါပြီ ဆရာ .. အဲသလို ဘာလို့ မြိုင် လုပ်သလဲဆိုတော့ .. လုပ်သလဲဆိုတော့ .. မြိုင် က .. မြိုင် က .. ဆရာ့ကို အမြဲ တွေ့ချင် .. နေ .. လို့ .. ပါ .. ဆရာ ..၊ သူက .. သူက.. ဆရာ့ကို မြင်မြင်ချင်း .. ဟို .. ဟို .."

သူ နားလည်လာပြီ။ မြိုင် .. ဘာကြောင့် စောင်းတီးသင့်ဖို့ ရောက်လာသည်ဆိုတာ သူ သိလာရပြီ။ အပြောခက်သည့်နှယ် စကား ရှေ့ ဆက်မရနိုင်ဘဲ ဖြစ်နေသည့် ရွှေရည့် ကို သူ စိုက်ကြည့်သည်။ ဖျတ်ခနဲ ထရပ်သည်။ ရွှေရည် လန့်ရှိန်လေးဖြင့် လက်အုပ်လေး ချီကာ ...

"နောက်မှ .. နောက်မှ .. မြိုင် က .. ရွှေရည့် ကို ဖွင့်ပြောတာပါ ဆရာ ..၊ သူ .. သူ .. ဆရာ့ကို .. မမြင်ရရင်ကို ရင်ထဲ မနေတတ်တော့ဘူးတဲ့ ..၊ အဲဒီတော့မှ သူ .. သူ .. ဆရာ့ကို .. ချစ် .. နေ .. မှန်း .. ရွှေရည် .. သိ .. သိရတာပါ .."

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် လန့်ရှိန်မသေဘဲ ဆက်ပြောရှာသည်။

"မြိုင့် ကိုတော့ အထင်မသေးပါနဲ့ ဆရာ .. မြိုင် ဟာ အရမ်းမာန ကြီးတဲ့ မြိုင် ပါ ..၊ ချမ်းသာလည်း ချမ်းသာ .. တစ်ဦးတည်း သမီးလည်း ဖြစ် .. မိတဆိုးလေးမို့ အဖေကလည်း အရမ်း အလိုလိုက်တာ ခံရတာမို့.. ဘာမဆို လိုတရဘဝနဲ့ နေလာရတဲ့သူပါ .. ချစ်သူရည်းစားရယ်လို့ မထားတာလည်း အမှန်ပါ၊ ဆရာ့ကိုကျတော့မှ .. သူ ဘယ်လိုဖြစ်သွား ဘယ်ဆိုတာ ရွှေရည် လည်း .. နားမလည်နိုင်တော့တာပါပဲ ဆရာ .."

သူ ပြန်တော့မည်ဆိုတာ သိပုံဖြင့် ရွှေရည် ဆက်တိုက် တက်သုတ် နှင်၍ မြိုင် နှင့်ပတ်သက်၍ သူ အထင်သေးမှာကိုလည်း စိုးရိမ်ပုံလေးနှင့် ပြောရှာပါ၏။ သူ .. စားပွဲထက်မှာ စောင်းကို ပိုက်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့ကစပြီး ဆရာ မလာတော့ဘူး .. ရွှေရည် သင်ချင်တယ်ဆိုရင် အိမ်ကို လာခဲ့ပါ ..၊ တစ်ခု မှာခဲ့မယ် .. မြိုင့် ကို ခေါ်မလာပါနဲ့ .. ဒီကို မြိုင် လာတဲ့အခါ ဆရာ သူ့ကို ဘာမှ သင်မပေးနိုင်တော့ဘူးဆိုတာ ရှင်းရှင်းလင်းလင်း အသိပေးလိုက်ပါ ..၊ မင်းလည်း မသင်ဘဲ ဆက်နေနိုင်တယ် ရွှေရည် .. ခုလို .. ဆရာ့အပေါ်မှာ လိမ်ညာတာကိုတော့ .. ဆရာ စိတ်ဆိုးတယ် .."

စကားလုံးတိုင်းသည် ပြတ်သားနေ၏။ မျက်နှာကလည်း ပြတ်သားရိုပ်တွေပဲ အုပ်မိုး စွန်းထင်းနေသည်။ အပြစ်တင်ကြည့်ကို မကွယ်မဝှက်ဘဲ ရွှေရည့် အပေါ်မှာ ခပ်တင်းတင်း ကြည့်ပစ်ခဲ့ပြီးသည့်နောက်မှာ ခြေလှမ်းကြဲကြီးဖြင့် သူ အိမ်ပေါ်မှ ဆင်းခဲ့ပါ၏။

ကွန်ကရစ်လမ်းဘေး ဝဲယာဆီမှ စံပယ်ရုံတန်းလေးက စံပယ်တွေဖွေးဖွေးထနေသည်။ ရနံ့က တသင်းသင်း ..၊ ခြံထောင့်ဆီမှ ပန်းစကားတို့၏ ရနံ့ကလည်း တသင်းမြမြ ..။ ဒါပေမယ့် သူ့ရင်ထဲမှာ ထိတ်လန့်ခြင်းတွေ ပါလာနေလျက် .. ပန်း၏ရနံ့ကို ခါတိုင်းနေ့များလို မခံစားနိုင်ဘဲ ဖြစ်နေသည်။

အာရုံထဲ တိုးဝင်လာနေသည်က မြိုင် ..၊

အလွန်လှသော မြိုင် ..၊ စောစောက သူ မြင်ခဲ့ရသော မျက်ရည်တွေ လဲ့လဲ့ပြေးနေသည့် မျက်ဝန်းနက်နက်လေးတွေ၏အကြည့်သည် ထိတ်လန့်စရာကောင်းလောက်အောင် သူ့ရင်ထဲမှာ ပါလာနေသည်။ မဖြစ် ..၊ ထိုသို့ သူ အဖြစ်မခံနိုင် ..။ အလွန် ကွာခြားသော အလွှာနှစ်ခုမှ လူနှစ်ယောက်သည် စိတ်ကူးယဉ်သော အချစ်တစ်ခုကို ဖန်ဆင်းခွင့်မရှိစေရ ..။ သူ့ကို မြိုင် ချစ်နေသည်ဆိုတာ သိလိုက်ရချိန်မှာ သူ့နှလုံးသားတို့ သိမ့်သိမ့်ခါအောင် လှုပ်ရှားကုန်ရတာ သူပင် ပြန်၍ ထိတ်လန့်ဟအောင် ဖြစ်ကုန်ရသည်ပဲ ..။

သူ့ကို မြိုင် ချစ်နေသည်ဟု မထင်မိ ..၊





သိလာရချိန်မှာ သူ ဘာကြောင့် ရင်ထဲမှာ ခါခနဲ ဖြစ်ရပါသလဲ..။ နောက် .. ဘာကို ထိတ်လန့်လာရပါသလဲ ..၊ အဖြေတစ်ခုကို သိနှင့်နေ၍ ..၊ ဟုတ်သည် ..၊ သိနှင့်နေ၍ ..၊ ဘယ်လိုနည်းနှင့်မှ မြိုင် သည် သူ့ဘဝတွင်းသို့ တိုးဝင်လာခွင့် မရ ..။ မြိုင့် ဖခင်ဘက်က သဘောမျှစရာမရှိ။ သူကလည်း မြိုင့် ကို ချစ်ခွင့်မရှိ..၊ မြိုင် ကလည်း သူ့ကို ချစ်ဖို့မသင့် ..။ ဤသည်က သူနှင့် မြိုင့် အတွက် ရှိနှင့်နေသော အဖြေ ..၊ ဒါကို သိနေ၍ သူ ထိတ်လန့် ချောက်ချားလာရခြင်း ..၊ မြိုင့် ကို သူ ချစ်လျှင်.. ရင်ကွဲကျန်ရမည်ဆိုတာ သိနှင့်နေရင်း ချောက်ချားလာရခြင်း..။

ပြီးတော့ ရင်ထဲမှာ ကြေကွဲခြင်းကလည်း တမြေ့မြေ့ပါအောင် ယှဉ်တွဲ လိုက်လာပြန်သည်။ ခုမှ ဆိုးနေပြီ ..၊ မြိုင့် မျက်နှာလေးက သူ့အာရုံထဲ တိုးတိုးဝင်ဝင် ..၊ ထုတ်၍ မရနိုင်ဘဲ ဖြစ်လာနေသည်။

"မင်း .. ခုလို မလုပ်သင့်ဘူး မြိုင် ..၊ ငါ့ကို ဆုံနိုင်ဖို့ကို မကြိုးစားသင့်ဘူး .. ငါ့ဘဝမှာ ငါနေ .. မင်းဘဝမှာ မင်း နေရင်းနဲ့ မင်းနဲ့ငါဟာ ဘယ်တုန်းကမှ မသိခဲ့ .. မဆုံခဲ့ကြတဲ့ အရင်ကျန်ခဲ့ရာ အတိတ်အတိုင်း ဆက်ရှိနေသင့်တာ ..၊ မင်းဟာ မင်းရဲ့ဘဝကိုလည်း နားမလည်သလို.. ငါ့ရဲ့ဘဝကိုလည်း နားမလည်လို့ .. ခုလို မင်း .. ငါ့ကို ဆုံနိုင်အောင် ကြိုးစားတာပဲ မြိုင် .."

မိုက်လိုက်ချေသည်ကော မြိုင် .. ဟု သူ ရင်ထဲမှ တနင့်နင့် ပါအောင် ထိခိုက်ခံစားရင်း ပြန်လာခဲ့စဉ်မှာ ..၊ သူကိုယ်တိုင်သည်လည်း ရင်ထဲမှာ ကြေကြေမွမွ ဖြစ်နေသော နှလုံးသားကို သိမ်းပြန်လာရသည်သို့ ခံစားလာရချေသမျှ .. အံ့သြထိတ်လန့်စွာဖဲ့ သိသိလာနေရချေသည် အကား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"လွမ်းပိုအောင် ××× ညိုမင်းလွင် ××× လေပြည်ပျိုး ××× တိမ်ခိုးဆင်... လွမ်းပိုအောင် ××× ညိုမင်းလွင် ××× လေပြည်ပျိုး ××× တိမ်ခိုးဆင် ××× မျှော်တိုင်းမှိုင်းလွင်××× ရွှေတွင်ကြုံရ××× ပင်နန်းသာထွေ××× နွေရာမင်းငယ်××× သာသည်လေ ××× အိုကြုံရလွမ်းဘွယ် ××× လှိုင်ကြွယ်သင်းကြူ ××× ဇော်ဇင်ကြိုင်ပျံ့ရှား ××× ရွှေဆပ်သွား ××× ခိုင်မညှူ ××"

လွမ်းပိုအောင်ချီ အလွမ်းဘွဲ့ ယိုးဒယားသီချင်းကို စောင်းနှင့် သင်ပေးနေစဉ်ခိုက် အိမ်တံခါးဝမှာ လူရိပ်ထင်သည်မို့ သူ လှမ်းကြည့်မိရပါ၏။ တပည့်ကောင်လေးကလည်း သူ တီးသည့် တီးကွက်တီးလက်တိုင်း လိုက်၍ တီးကာ သီချင်းလိုက်ဆိုနေရာမှ သူ ကြည့်ရာကို လိုက်ကြည့်သည်။ တံခါးဝဝယ် မြိုင် ရပ်နေချေသည်တကား ..။

မြိုင့် အကြည့်က သူ့ထံမှာ တန့်နေသည်။ အကြည့်က တစိုက်မတ်မတ် နိုင်နေ၏။ မရွေ့မလျားကြည့်သည့် အကြည့်သည် မျက်တောင်မခပ် ..၊ မြိုင့် မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်နေသည်။ ခုလို ညနေခင်းဘက်ကြီး မြိုင် အိမ်တိုင်ရာရောက် ရောက်လာလိမ့်မည်ဟု သူလည်း ထင်မထား ..။





မနက်ပိုင်းက သူ ရွှေရည့် ကို အပြတ်ပြောခဲ့သည်။ ညနေဘက်ကြီးမှာ မြိုင် ရောက်လာသည်က သူ့အိမ်သို့တိုင် ဖြစ်နေ၏။

မြိုင် မျက်တောင်ခတ်သည်။ ဧည့်ခန်းတွင်းသို့ ဝင်လာသည်။ မြိုင့်နင်ခွင်မှာ စောင်းသည် ပိုက်လျှတ်သား ပါလာ၏။

မြိုင် တစ်ခွန်းမျှ သူ့ကို စကားမပြောသေး။ လက်ဖျားလေးတွေ ဘုန်ခါနေတာကို သူ မြင်နေရသည်။ သူကလည်း ဘာမှ မပြောနိုင်သေး။ စင်စစ် ဘာပြောရမှန်းလည်း လောလောဆယ်မှာ တွေးမရနိုင်ဘဲဖြစ်နေသည်။ စကားလုံးတွေ ပျောက်နေသည်။ ကိုယ့်အိမ်သို့တိုင် မျက်ည်ရစ်ဝဲရင်း ရောက်လာသည့် မြိုင့် ကို စကားလုံး ရင့်ရင့်သီးသီးကြီးတွေ သုံးပြီး ပြန်ခိုင်းဖို့ရာလည်း မလုပ်ရက် ..၊ အားအင်မရှိဘဲ ဖြစ်နေသည်။

မြိုင် ဧည့်ခန်းမှာ ထိုင်သည်။ ခင်းထားသော ဖယောင်းပိုးကွက်ပြာတုံးထက်မှာ မြိုင် ကျုံ့ကျုံ့ထိုင်၏။

နောက်တော့ စောင်းကို စောင်းလက်ရုံးနှင့် မျက်နှာ တန်းနေအောင် ပြင်သည်။

"မြိုင် .. မြိုင် တီးပြပါ့မယ် ဆရာ .."

ဟု ပြောကာ သံဖျားကြိုးနှင့် ဒုံးကြိုးကို ခေါက်တုံ့ခေါက်တင်ီးပြနေ၏။

"မြိုင် ကြိုးစားပါ့မယ် ဆရာ .. ကြည့် .. ကြည့် .."

မြိုင် ပြောနေပုံလေးက ရင်ကွဲနာကျနေသည့်သူတစ်ယောက် ဆန်နေသည်။ ရင်တွေကျေနေသည့်သူတစ်ယောက်၏ ပုံရိပ် ..၊ မျက်ရည်ကျလာနေသည်။ လက်ဖျားလေးတွေ တုန်ခါနေသည်။ တုန်ခါနေသည့်က်ချောင်းလေးတွေဖြင့်ပင် စောင်းကို ကြိုးစားပမ်းစား တီးနေသည်။

ညာလက်မနှင့် လက်ညှိုး တစ်ချက်စီ မောင်းနင်းတီးပြသည်။ ညာက်မနှင့် လက်ညှိုး ခြောက်ပင်စုံ အတက်အဆင်း တီးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညာလက်မနှင့် လက်ညှိုးလေး ပင်စုံနှစ်ပင် ပူးတီးပြသည်။ တီးပြနေသည်က ကြေကြေကွဲကွဲ တီးနေသည့်ဟန် ..၊ တုန်လှုပ်နာကျင်နေသည့်ဟန် ..၊

သူ မကြည့်ရက်နိုင်တော့ပြီတည့် ..။

မလာနှင့်တော့ဟု အပြတ်ပြောခဲ့သည့် သူ့စကား ..၊ မြိုင့် ကို လုံးဝစောင်းတီး မသင်ပေးတော့ပါဟု ရွှေရည့် ကို မှာခဲ့သည့် သူ့စကား ..။ ထိုစကားကို ချက်ချင်းပင် မြိုင့် ထံသို့ ရွှေရည် ဖုန်းဆက်ပြောပြခဲ့ဟန်တူပါ၏။

မြိုင် သည် ညနေဘက်တွင် ရောက်လာချေသည်တည့် ..။ စောင်းကို အတီးရအောင် လေ့ကျင့်ပြီး လာတီးပြနေခြင်း ..။

"သူ .. သူ .. ဆရာ့ကို .. မမြင်ရရင်ကို .. ရင်ထဲ မနေတတ်တော့ဘူးတဲ့ ..၊ အဲဒီတော့မှ .. သူ .. သူ .. ဆရာ့ကို ချစ် .. နေ .. မှန်း .. ရွှေရည် သိ .. သိရတာပါ .."

ရွှေရည့် ပြောပြခဲ့သော စကား..၊ ပြန်၍ ကြားလာမိပါသည့်အဖြစ်..၊ အို .. ထိုသို့ ကြားနေမိသည်က ခဏ္တာမြိုင်မှာ သူ ပြန်လာခဲ့ပြီးသည့်နောက်မှာ တောက်လျှောက် အာရုံထဲမှ ဖျောက်မရနိုင်စွာ ကြားကြားနေမိရခြင်း ..၊ ခုကျတော့ .. မြိုင် သည် သူ့အိမ်လေးသို့တိုင် ရောက်လာချေပြီတကား ..။

ဖြစ်ရလေ မြိုင် ရယ် .. ဟု သူ ရင်ထဲမှ ညည်းမိသည်။ သနားစိတ်လည်း ဖြစ်ရသည်။ ရင်ထဲမကောင်းနိုင်တော့ပြီတည့် ..။

"မြိုင့် ကို စောင်းတီးသင်ပေးပါ ဆရာရယ် .. မြိုင် .. ဆရာနဲ့တွေ့ပါရစေ ဆရာရယ် .. မြိုင် လေ .. မြိုင် လေ .. ကြိုးစားပါ့မယ် ဆရာရဲ့ ..၊ ကြည့် .. ကြည့် .. မြိုင် .. မြိုင် .. ထပ်ပြီး တီးပြပါ့မယ် - မမှားစေရပါဘူး ဆရာရဲ့ .."

မြိုင် ပြောနေသည်က အတန်မျှပင် ကယောင်ကတမ်း ဆန်နေ





သည်။ စိတ်အရမ်းထိထားတာလည်း သိသာနေသည်။ နောက်ထပ် မြိုင်စောင်းတီးပြနေတော့ သူ မကြည့်ရက်နိုင်အောင် ရင်ထဲ နင့်နင့်ပါမျှခံစားနေရပါပြီတည်း ..။

စောင်းတီးတပည့် ဆယ့်လေးနှစ်ရွယ် မောင်စိုး လည်း ငေးကြည့်နေချေ၏။ တော်သေးသည် ..၊ လောလောဆယ်မှာ မောင်စိုး တစ်ယောက်ပဲ ရောက်သေးသည့်အဖြစ် ..။

"မောင်စိုး .. ပြန်တော့ .. မနက်ဖြန်မှ ဆရာ့ကို ဒီနေ့တက်တဲ့လွှမ်းပိုအောင်ချီတဲ့ အလွမ်းဘွဲ့ ယိုးဒယားကို တီးပြ .. ဆိုပြ .. ဟုတ်ပလား .."

ဟု သူ တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ဟန်ထိန်းယူပြီး အေးအေးချမ်းချမ်းဟန်ဖြင့် မောင်စိုး ကို ပြောတော့ ကောင်လေး ပြန်သွားပါ၏။ မောင်စိုး မှာ ကိုယ်ပိုင်စောင်း မရှိ ..၊ သူ့ထံမှာရှိသည့် စောင်း သုံးလက်အနက်မှ တစ်လက်ကို ယူ၍ သင်ယူခြင်း ..၊ ပြန်လျှင် စောင်းကို ထားခဲ့ရသည်။

"မနက်ဘက် တစ်ချက် ထပ်လာခဲ့ .. ဆရာ ထပ်သင်ပေးမယ် .. ဟုတ်ပလား .."

ဟု သူ ထပ်ပြောတော့ မောင်စိုး ခေါင်းလေး ထပ်ညိတ်သည်။ အကဲခတ်သလိုလည်း မြိုင့် ကို ကြည့်၏။

"အေး.. အဲဒါကိုတော့ သင်ခန်းစာယူ မောင်စိုး .. သူက .. ဆရာသင်ပေးတာကို ဂရုတစိုက်နဲ့ လိုက်မသင်နိုင်လို့ .. သူ့ကို ဆက်သင်မပေးနိုင်ဘူးလို့ မနက်က ပြောခဲ့တာ .. အဲဒါ .. သူ မသင်ရမှာစိုးလို့ ကြိုးစားကြိုးစား လေ့ကျင့်ပြီး .. အခု လာတီးပြတာ မောင်စိုး .. မင်းလည်း အတူပဲ မှတ်ပါ၊ သေချာမသင်ရင် ဆရာက ဆက်မသင်ပေးဘဲ ထားမှာ ..၊ ဟုတ်ပလား .. သူ့ကိုကြည့်ပြီး သင်ခန်းစာ ယူ .."

ဟု တစ်မျိုးတစ်မည်အတွေး မဝင်အောင် သူ တည်တည်ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ မောင်စိုး ကို ထပ်ပြောရပါ၏။ မြိုင့် ပုံစံက အတန်မျှတော့ အထင်အမြင်တစ်မျိုး ထင်မည်ဆိုလည်း ထင်နိုင်စရာ ဖြစ်နေသည်။

ငိုယိုရင်း စောင်းတီးပြ ..၊ သူ့ကို တွေ့ပါရစေဆိုတာလည်း ပြောနှင့်ဖြစ်နေသည်ကိုးလေ ..။

ခုလို သူ ပြောလိုက်တော့လည်း မောင်စိုး တကယ်ပဲ မှတ်ယုံသည်ပါပဲ။ မြိုင့် ကိုပင် သနားသလိုလေး ကြည့်သွားသေးသည်။ အိမ်လေးပေါ်မှ မောင်စိုး ဆင်းသွားကာ ခြံပြင်ရောက်သည်အထိ သူ ငြိမ်စောင့်နေပါ၏။

မောင်စိုး အပြင်ရောက်မှ မြိုင့် ကို သူ တည်တည်ငြိမ်ငြိမ် ကြည့်သည်။ မြိုင် ကလည်း သူ့ကို မျက်နှာငယ်လေးဖြင့် မော့ကြည့်နေပါ၏။ မျက်ရည်တွေက ဝန်းစက်စက် မျက်ဝန်းဆီမှ ပြိုကျနေသည်။

သူ .. စိတ်ကို တင်းသည်။ မတင်း၍လည်း မဖြစ် ..၊ ပြတ်သားရမည့် စကားလုံးများကို သူ အတိအကျ ပြောနိုင်ဖို့ အရေးကြီးသည်။

"ရွှေရည် .. မြိုင့် ကို ဖုန်းဆက်ပြောတယ် ဆရာ .. အဖြစ်စုံလည်း ဆရာ့ကို သူ ပြောပြပြီးပြီတဲ့ ..၊ ဆရာက မြိုင့် ကို စောင်းတီး ဆက်သင်မပေးနိုင်ဘူးလို့ ပြောခဲ့တယ်တဲ့ .. ဒါပေမယ့် မြိုင် .. အဲသလို အဖြစ်မခံနိုင်ဘူး ဆရာ ..၊ ဆရာက .. ဆရာက .. အဲသလို လွယ်လွယ် ပြောထွက်နိုင်ပေမယ့် .. မြိုင် က ဆရာ့ကို မတွေ့ဘဲ မနေနိုင်ဘူး ဆရာရဲ့ ..၊ ဆရာ မချစ်ချင်နေပါ .. မြိုင် အဲသလို ဆရာ မချစ်နိုင်ဘူးဆိုတာကို လက်ခံပါတယ် .. ဒါပေမယ့် ဆရာ့ကို မြိုင် .. ချစ်နေတာကိုတော့ တားလို့ မရဘူး ဆရာ .."

မြိုင် ပြောလာတော့ သူ ခေါင်းခါသည်။

တစ်ဦးတည်းသမီး ..၊ မိတဆိုးလေးမို့ အဖေက ချစ်သည်၊ အလိုလိုက်သည်။ လူချမ်းသာသမီးမို့ လိုတရာဘဝဖြင့် လူဖြစ်နေရသူ ..၊ ဘဝဆိုတာကို အခက်အခဲမရှိ ဖြတ်သန်းနေရသူ ..။





အချစ်နှင့်ပတ်သက်လျှင် အားအင်ကြီးမားသော မြတ်နိုးဖွယ်အရာတစ်ခုဟု ယုံကြည်နေသည့်သူ ..။

သူက ထိုသို့သောဘဝကို ပိုင်ဆိုင်ရသူ မဟုတ် ..၊ ရုန်းကန်ရသူ..၊ ဆင်းရဲနွမ်းပါးသူ ..။ မြိုင် စိတ်ကူးရဲပေမယ့် သူ စိတ်ကူး လိုက်မရဲနိုင်..။ မြိုင် က အချစ်အတွက် သတ္တိရှိသည်ဆိုတာကို တွေးခေါ် ဆုံးဖြတ်ဝံ့ပေမယ့် သူက မြိုင့် ကို လက်မကမ်းနိုင် ..၊ မြိုင့် ကို ချစ်ဖို့လည်း စိတ်ကူးထဲထည့်မထားဝံ့ ..။

"မင်း မှားနေပြီ မြိုင် .. ကောင်းပြီ .. မင်း ပြောသလိုပဲ ဆိုကြပါစို့၊ မင်း ချစ်နေတာကို ငါ မတားနိုင်ဘူး .. ဟုတ်လား ..၊ ဟုတ်ပြီ .. ငါ မတားပါဘူး ..၊ ဒါပေမယ့် မင်းကို အတိအလင်း ပြောလိုက်ချင်တာက တစ်ခုပဲ ရှိတယ် .. မင်းကို ငါ မချစ်သလို မင်းနဲ့ ဘဝလက်တွဲဖို့ဆိုတာလည်း စိတ်ကူးထဲမှာတောင် မရှိဘူးဆိုတာကိုပါပဲ .. မင်း ချမ်းသာလို့ မင်းကို မချစ်ရဲဘဲ နောက်ဆုတ်နေတယ်လို့ ဝတ္ထုဇာတ်လမ်းတွေထဲက မင်းသားအလွမ်း ဆိုတာမျိုး ငါ ဖန်တီးနေတာ မဟုတ်ဘူးဆိုတာလည်း သိစေချင်တယ် ..၊ ငါ .. မင်းကို မချစ်ဘူး မြိုင် ..၊ ဒီတော့ မင်းကို ချစ်နိုင်တဲ့သူတစ်ယောက်ကို မင်း မဆက်ဆံအပ်ဘူး .. ငါကလည်း ငါ့ကို ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို ငါ မချစ်နိုင်မှန်း ငါ သိရက်ကယ်နဲ့ တွေ့နေ .. ဆက်ဆံနေဖို့ မသင့်ဘူး၊ ငါကိုယ်တိုင်က မင်းနဲ့ ကင်းကင်းနေချင်တယ် .. မင်းကို ငါ အစကတည်းက ငါ ဆက်ဆံခဲ့တာဟာ ငါ့ဆီက စောင်း လာသင်တဲ့ မြိုင် အဖြစ်ပဲ ..၊ ဒီတော့ မင်း ပြန်ပါ .. တစ်ခုအောင့်ကြာရင် ငါ့တပည့် တချို့ ရောက်လာကြလိမ့်မယ်၊ သူတို့ရှေ့မှာ မင်း မျက်ရည်ကျနေတာမျိုးတွေ ဆက်ဖြစ်မနေသင့်ဘူး .. မောင်စိုး တစ်ယောက်ရှေ့မှာ ဖြစ်တာတောင် လွန်လှပြီ၊ မင်းအတွက်ရော ငါ့အတွက်ရော အမြင်မတင့်တယ်စရာ ရောက်နိုင်တယ်..၊ ပြန်ပါ မြိုင် .. ငါ တောင်းပန်ပါတယ် .. ပြန်ပါ .."



www.burmeseclassic.com

www.burmeseclassic.com



သူ တည်တည်ငြိမ်ငြိမ် ပြောနေသမျှ မျက်တောင်မခတ် မြိုင် မော့ကြည့် နားထောင်နေသည်။ သူကလည်း မြိုင် နှင့် နီးရာမှာ မနေ ...။ ပြတင်းအနီးမှာ သွားရပ်၍ ပြောခြင်း ...၊ သူနှင့် မြိုင် သည် ခပ်ဝေးဝေးမှာ ရှိနေလေလေ ပို၍ သင့်လေဟု သူ ယူဆသည်။ မြိုင် သည် ထိုင်နေရာမှ မရွေ့သေးဘဲ ဆက်ထိုင်ရင်း သူ့ကို မော့ကြည့်မြဲ ကြည့်နေသည်။ မြိုင့် မျက်နှာလေး ရဲနေ၏။ ကြေကွဲစိတ်လည်း ဖြစ်ချေမည်။ ခံပြင်းတာလည်း ရှိချေမည်။ ရှက်လည်း ရှက်မည်သာ ...။

မြိုင့် လို ရွှေရည်ပန်းဆက် လှသည့် မိန်းကလေးတစ်ယောက်ကို ချစ်မြတ်နိုးသူတွေ အမြောက်အမြား ရှိကြချေမည်ဆိုတာ သူ သိပါသည်။ မိဘထံ စကားကမ်းကြတာလည်း ရှိကြချေမည်သာ ...။ ဒါပေမယ့် မြိုင် သည် .. သူ့လို သူဆင်းရဲတစ်ယောက်ကိုမှ ချစ်နေရှာသည်တကား ...။ ချစ်မိရသူထံမှ စိမ်းတားပြတ်ထင် ပြောတာကို ရင်စည်း၍ ခံရချိန်မှာ မြိုင် အဘယ်မျှထိ ခံစားရမည်ဆိုတာ သူ မသိ မဟုတ် ...၊ သိသည်။ သနားလည်း သနားသည်။ ရင်ထဲမှာ မကောင်းနိုင် ...၊ ဒါပေမယ့် ရင်ထဲက ခံစားချက်တွေ အားလုံးကို ထိန်းချုပ် ဟန်ဆောင်ယူတတ်သည့် အတတ်ပညာကို သူဆင်းရဲတို့ တတ်ကျွမ်းကြတာ မြိုင် သိနိုင်သည်မှ မဟုတ်ချေသည်ပဲလေ ...။

မြိုင် ခေါင်းငုံ့ချလိုက်တာကို သူ မြင်နေသည်။ တော်တော်နှင့် ခေါင်းသည် မော့မလာနိုင် ...။ မျက်ရည်ပေါက်တွေ ဖျောက်ဖျောက်စက်စက် ကြွေကျနေတာကို ပေါက်ခနဲ ပေါက်ခနဲ ကြွေကြွေအကျ ... အားလုံး သူ ရပ်လျက် မြင်နေရသည်။

ဘယ်လိုမှ ရင်ထဲမကောင်း ...၊ မငိုနဲ့ မြိုင် .. ဟု တားလိုက်ချင်သည်။ ဒါပေမယ့် မြိုင့် မျက်ရည်ကို တိတ်စေမည့်စကားကိုလည်း သူ မပြောနိုင် ...။ မြိုင့် ကို စောင်းတီးသင်ပေးမည်ဆိုတာလေးလောက်မျှပင် သူ မပြောပေးနိုင်ဘဲ အပြတ် ဖြတ်ချပစ်လိုက်ရပါသည့် အဆုံးအဖြတ်





ကြောင့်ပင်လျှင် ...၊ သူသည် မြိုင့် ကို တိတ်ဆိတ်စွာ ရပ်ကြည့်နေသည့် လူတစ်ယောက်အဖြစ်ပဲ ရှိပေးလိုက်ရပါ၏။ သွေးအေးအေးဖြင့် အညှာအတာမဲ့သူတစ်ယောက်ဟု မြိုင် ခံစားသွားလေလေ .. ပို၍ ကောင်းလေလေ မဟုတ်ပါလား ...။

ဒါဆို .. မကြာမတင်မှာပင် မြိုင် သည် သူဆိုသည့် သူ့ကို မေ့သွားနိုင်ပါလိမ့်မည်။ မေ့သွားစေနိုင်အောင်လည်း ပြည့်စုံလုံလောက်နေသော နာကြည်းမှုကြီးက မြိုင့် ရင်ထဲမှာ ပြန့်ပါသွားပါလိမ့်မည်။ ဟုတ်သည်...၊ ဤအိမ်လေး၏ လှေကားထစ်တွေကို နင်းဖြတ်ဆင်းစဉ်မှာ မြိုင် သည် သူ့ကို စိတ်နာနေသော မြိုင် အဖြစ် ခံစားချက်တွေ ရင်နှင့်မဆံ့အောင် ခံစား ပြန်သွားတာပဲ ဖြစ်[illegible]သင့်သည်။

မြိုင် .. ထိုင်ရာမှ ထသည်။ စောင်းကို တယုတယ ပိုက်သည်။ သူ့ကိုလည်း မကြည့် ...၊ ဘာမှလည်း ထပ်မပြော ...၊ မျက်လွှာလေးချ၍ ဧည့်ခန်းမှာ ထွက်သွားစဉ်မှာ အရာရာ မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားနိုင်သည့်သူတစ်ယောက် ဆန်နေသည်။ မျက်နှာထက်မှာ ဖြူဖျော့ဖျော့ အရိပ်တွေ ဝိုးဝင်လာ၏။ မျက်ရည်လည်း ထပ်ကျလာတာ မရှိတော့...၊ စိတ်ကို လျှော့ချလိုက်သည့်သူတစ်ယောက်၏ စိတ်ဓာတ်ကျဆင်းနေသည့်ပုံရိပ်တွေပဲ အုပ်မိုးနေကြသည်။

"ပြောရက်လိုက်တာ ဆရာရယ် .."

ဆိုတာလေးလောက်ပင် မြိုင် ပြောလိုက်တာ ရှိမလာခဲ့ ...၊ ခုလို မြိုင် ဘာမျှ မပြောတော့ဘဲ အိမ်လေးပေါ်မှ ငြိမ်ဆိတ်လွန်းစွာ ဆင်းသွားတာက သူ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ ခြံရှေ့မှာ ရပ်ထားသော ကားလေး၏ နောက်ခန်းမှာ မြိုင် ဝင်ထိုင်သည်။ ရှေ့ခန်းမှာ အသင့် ထိုင်စောင့်နေသည့် ဒရိုင်ဘာက ကားမောင်းထွက်သွားပါ၏။ သူသာ နေရာမှ မရွေ့ဘဲ ကျန်ခဲ့ခြင်း ...။

ရပ်နေရာ ပြတင်းဆီမှ သူသည် တစိုက်မတ်မတ်မျှ .. လိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်က မြိုင့် လှုပ်ရှားမှုတိုင်းကိုပဲ ဖြစ်ခဲ့ရသည်။ မြိုင် .. ကားလေးပေါ် ပါသွားချိန်အထိ သူ ကြည့်နေမိရဆဲ ..။ မြိုင် သည် ကားနောက်ခန်းဆီမှ တစ်ချက်မျှလောက်ပင် သူ့ဘက်ကို ကြည့်လာတာမျိုး မရှိခဲ့ ..။ သူ့ကို စိတ်နာသွားချေပြီလား .. ဟု သူ တွေးမိစဉ်မှာ ချက်ချင်း ငြင်းဆန်လာသည်က သူ့နှလုံးသားဆီမှ ဖြစ်လေသည်။

"မဟုတ်ဘူး .. သူ .. သူ .. စိတ်နာတဲ့မျက်နှာလေးနဲ့ ထွက်သွားတာ မဟုတ်ဘူး .. စိတ်နာတဲ့အကြည့်လေးနဲ့ တစ်ချက်လေးတောင် ငါ့ကို ကြည့်သွားရက်ခဲ့တာ မဟုတ်ဘူး ..၊ မြိုင် .. အရမ်း စိတ်ထိခိုက်သွားတာ .. ခံစားသွားတာ .. စိတ်တွေ ပုံပုံကျ .. ထိခိုက်ကုန်တာ .. အနာဂတ်ဆိုတာကြီး ပျောက်ဆုံးနေသလို ဖြစ်နေတယ်လို့ ငါ .. ငါ .. နားလည်နေရပါလား .. ဟုတ်တယ် .. မြိုင် ဟာ အနာဂတ်ပျောက်နေတဲ့ မြိုင် လို ပြန်သွားတာ ..၊ သူ့မျက်နှာမှာ အဲဒါကို ငါ မြင်နေရတယ် .. မြင်ခဲ့ရတယ် .. ဘာလို့ .. ဘာလို့ .. ငါ .. သူ့ကို .. နည်းနည်းလေးလောက်မှ စိတ်သက်သာရာရအောင် ဖျောင်းဖျောင်းဖျဖျ မပြောတတ်ခဲ့ရတာလဲ .. ဘာလို့ ပြတ်ပြတ်ထင်ထင်ကြီး တည့်တိုးပြောရတာလဲ .. ငါ .. ရက်စက်တာ .. ရက်စက်တာ .."

သူ ရုတ်ခြည်း ခံစားလာရသည်က ထိခိုက် နာကျင်နေသော ဝေဒနာ ..၊ နှလုံးသားဆီမှ တိုးဝင်လာသည့် ဝေဒနာ ..၊ နောင်တဆို သော ခံစားချက်များကို ဦးနှောက်က ဟန့်တားလာပြန်၏။

"ရွေးချယ်စရာလမ်း မရှိဘူး မြိုင် .. မင်းဟာ စိတ်ကူးယဉ်ရုံ ယဉ်ဖူး[illegible]တဲ့ အချစ်တစ်ခုကို .. ပြန်မေ့သွားနိုင်ပါလိမ့်မယ်၊ ငါ့ လူကို ချစ်တယ်ဆိုတာက စိတ်ကူးယဉ်အဆင့်နဲ့တင်ပဲ လွန်လွန်းလှပါ မြိုင် .. ရွှေစင်ရွှေခွက်နဲ့ စားရတဲ့ မင်းလက်လေးတွေ .. ဒန်ဇလုံထဲ ထမင်းတစ်လုတ်ကို အနိုင်နိုင် မျိုချရမယ့် လက်တွေ့ဘဝကို မမြင်တ သေးလို့သာ ငါ့ကို ချစ်ရဲနေတာပါ မြိုင် .."





အတွေးဖြင့် သူ သက်ပြင်းရှိုက်၍ ပြတင်းပေါက်ပေါင်ကို မှီရပ်ရင်း အတန်ကြာမျှ ငိုင်နေမိရပါ၏။ ရင်ထဲမှာ ပေါ့ပါးမလာနိုင်ဘဲ ဖြစ်နေသည်။ ကြေကွဲ နာကျင်ခြင်းတွေလည်း တိုးဝင်လာနေသည်။

မြိုင် နှင့်မဆုံခဲ့လျှင် .. သူ့ဘဝအတွက်ရော .. မြိုင့် အတွက်ပါ ကောင်းလေစွ ဟု တောင့်တမိပြန်၏။ ဒါပေမယ့် လက်တွေ့မှာက သူသည် မြိုင် နှင့် ဆုံခဲ့ရပြီးပြီ။

မြိုင့် ကို .. မြိုင့် ကို .. သူသည်လည်း ခုချိန်မှာ ရွှေရုပ်အဆင်းလေးကို မြင်ချင်းမက မြင်နေမိရသည့် သူတ ဖြစ်နေရချေသည်တကား..။

ဤခံစားချက်သည် .. ရင်ထဲမှာပဲ .. ကျန်နေတာ အမှန်ဆုံးပဲ ဖြစ်လေသည်။

သူမှတစ်ပါး .. ဘယ်သူမှ မသိစေသင့်သည့် .. ကျန်ရစ်ရလေသော ခံစားချက် ..။



www.burmeseclassic.com

www.burmeseclassic.com





ဖြစ်တည်စေဟု
အချစ်တစ်ခုကို
ပန်ဆင်းလို့၍မရ ..။

တန့်နားစေဟု
အချစ်တစ်ခုကို
တားမြစ်လို့၍မရ ..။

နှလုံးသားက ခံစား
နှလုံးသားမှ နှိုးစေ
ချစ်မိလေတဲ့ ထိုအရာ
ပေါက်ဖွားလာသမျှ
နှလုံးသားကသာ သိမ်းဆည်း
နှလုံးသားကသာ ကိုးကွယ်
ချစ်ဦးသူရယ်လေ ..
မခွဲနိုင်ချေသမျှ
သောကဒဏ်ရာနှင့် ကျန်ရစ်သူ
တငွေ့ငွေ့ဆူ ရင်ထဲက သည်အပူကို
ဘယ်လိုမှ ယူမငြိမ်းနိုင်သမျှ
ဘယ်သူမှ ကုမငြိမ်းနိုင်ကြ
နှလုံးသားက ကြွေမွပြီ ..။
ဩော် ...
နှလုံးသားက ကြွေမွပြီ ..။







အခန်း (၆)

မတွေ့ဘဲ ရှိလိုက်ရသည့် ဆယ့်ငါးရက်အတွင်းမှာ ဤမျှအထိ မြိုင် ဖြစ်သွားလိမ့်မည်ဟု သူ လုံးဝ မမျှော်လင့်ထားမိ ..။ မျက်တောင်ခတ် ငေးစိုက်ကြည့်နေရင်း ရင်ထဲမှာ တုန်လှုပ်နေသည်။ အင်္ဂလိခိုက်ကြီး ထိခိုက်နေရပြီဖြစ်သည့်စိတ်ကြောင့် သူ့မျက်ဝန်းမှာ မျက်ရည်တွေ လည်တက်လာနေကြတာကိုလည်း သူ မဟန့်တားနိုင် ..။

ဆေးရုံ ခုတင်ထက်မှာ မြိုင် သည် မျက်တောင်လေးတွေ မေး‌ပိတ်၍ အိပ်နေ၏။ အိပ်နေခြင်းလား ..၊ မှိန်းနေခြင်းလား .. သူ မ သိ ..။ သူ မြင်နေရသည့် မြိုင် သည် ချုန်းချုန်းကျနေသည့် မြိုင် ..၊ မေးရိုးလေးတွေ ပေါ်နေသည့် မြိုင် ..၊ ပါးနားကျနေသည့် မြိုင် ဖြစ်နေသည်၊၊ ပြီးတော့ မြိုင့် မျက်နှာလေးထက်မှာ ထိခိုက်ကြေကွဲရိပ်တွေ မိုးနေတာ ဒကာ သိသိသာသာ ..။ ဩော် - မြိုင် သည် ကြေကွဲနာကျင်ခြင်းဆိုသည့် ဝေဒနာကို အချိန်ပြည့် ရင်စည်း၍ ခံစားနေရချေသည်တကား ..။

ခုတင်ဘေးမှာ သူ အငြိမ်ကြီး ငြိမ်ကျ၍ ငိုင်နေမိရ..ဲ ..၊ မြိုင့်ကို ကြည့်နေမိရဆဲ ..။ အခန်းလေးသည် တိတ်ဆိတ်နေ၏ ..၊ မြင်ကွင်းကို သူ မယုံနိုင်သလို မှင်တက်၍ ကြက်သေသေကြီး ကြည့်နေမိရဆဲ ..။ မြိုင့် နှလုံးသားမှာ ထိုမျှအထိ သူသည် နေရာယူ..နေလိမ့်မည်ဟု ထင်ကို



www.burmeseclassic.com

www.burmeseclassic.com



မထင်မိခဲ့ ..။ ထိုသို့ မထင်မိခြင်းသည် မြိုင့် ချစ်ခြင်းကို အထင်သေးရာ ရောက်ခြင်းမက ရောက်ခဲ့ချေပြီကောဟု နောင်တတွေ ရင်နှင့်မဆံ့ ခံစားနေရချိန်မှာ မြိုင် သည် ဆေးရုံ ခုတင်ထက်မှာ ရောက်နေချိန် ဖြစ်နေပြီ..။

ဖြူလွလွ အိပ်ရာခင်းထက်မှာ စောင်နီနီလေး ခြုံထားသော မြိုင့်သည် ကွေးကွေးလေး ဘေးတစ်စောင်း အိပ်နေ၏။ ရှည်လျားသော ဆံနွယ်တွေက ကျစ်ထားလျက် ကျောဘက်မှာ ခွေဝိုက်ဝိုက်ရှိနေသည်။ ပျောင်းနွဲ့သော လက်ချောင်းသွယ်လေးတွေက ခေါင်းအုံးထက်မှာ ဖေးဖေးယှက်ယှက် ပူး၍ တင်ထား၏။ မျက်ခုံးလေးက ခုံး၍ နက်မှောင်နေသည်။ နှာတံလေးက စင်းနေလျက် .. ပါးပြင်ထက်မှာ အကြောမျှင် စိမ်းမြမြတို့ ပျပျသမ်းအောင်ပင် နုနုနယ်နယ် ရှိလွန်းလှပါသည့် မြိုင့်အသွင် ..။

ဤသို့ လှပပျောင်းနွဲ့သော မြိုင့် ကို သူ အထင်သေးခဲ့သည်ဟု ခုမှ ဝန်ခံနေမိရပြီတည့် ..။ မြိုင် သည် သူ့ကို မေ့သွားမည်ဟု သူ ထင်မှတ်ခဲ့သည်။ စိတ်ကူးယဉ်သော ချစ်ခြင်းတစ်ခုဆိုတာ ကြာရှည် မတည်မြဲနိုင်သည်ဟုပဲ မှတ်ယူခဲ့သည်။ သူ့ကို မြိုင် သည် တကယ် မချစ် .. ချစ်သည်ဟုသာ ထင်မှတ်မှား ချော်နေခြင်းဟု မှတ်ယူခဲ့သည်။ တဒင်္ဂမျှသာ သူသည် မြိုင့် စိတ်ကို လွှမ်းမိုးနေကာ နောက်ပိုင်းမှာ သုတ ဆိုသည့် လူတစ်ယောက်သည် မြိုင့် အာရုံထဲမှ လုံးဝ ပျောက်ကွယ်သွားနိုင်ချေ လိမ့်မည်ဟု ထင်မှတ်မှားခဲ့သည်။

တကယ်တမ်းကျတော့ မြိုင် သည် ရင်ကွဲနာကျခဲ့ရချေသည်တကား ..၊ သူ့ကြောင့် ..၊ သူ၏ ပြတ်သားပြတ်ထင် စိမ်းစိမ်းရက်ရက် ပြောခဲ့သည့်စကားတွေကြောင့် မြိုင် သည် ရင်ကွဲနာဝေဒနာကို သိမ်း၍ သူ့အိမ်မှ ပြန်သွားခဲ့ရချေသည်တကား ..။

"ငါ မှားပါပေါ့လား .. မှားကုန်ပါပေါ့လား .. မြိုင် တစ်ခုခုဖြစ်သွားရင် .. ငါ တရားခံစစ်စစ် ဖြစ်ရပြီ .."





ရင်ထဲ ဆို့တက်နေရင်း သူ မျက်တောင်မခတ် မြိုင့် ကိုသာ ငေးကြည့်နေမိရဆဲ ..။ မြိုင့် လက်မှာ ဒရပ်စ်ပိုက်တန်းလန်းနှင့် ဖြစ်နေသည်။

"မြိုင် .."

ခပ်တိုးတိုး ရွှေရည် ခေါ်စဉ်ခိုက် သူ လက်ကာ၍ တားသည်။ နှိုးပါနဲ့.. ဆိုသည့်ဟန် ..၊ မြိုင် အိပ်နေသည်ဆိုလျှင် အတန်မျှ အားလေးတော့ ရှိသွားနိုင်သည်လေ ..။

"အချိန်မရှိဘူး ဆရာ .. ဒေါ်ကြီးမိ အိမ်ခဏပြန်နေတုန်း ဆရာ့ကို အခေါ်လွှတ်ရတာ ..၊ ဒေါ်ကြီးမိ ပြန်လာရင် ဆရာနဲ့ တိုးလို့ မဖြစ်ဘူး၊ မြိုင့် ကို စောင်းသင်ပေးတဲ့ဆရာဟာ လူငယ်တစ်ယောက် ဖြစ်တယ်ဆိုတာ ဒေါ်ကြီးမဲ မြင်သွား သိသွားရင် .. အန်ကယ့်ကို ပြန်ပြောပြမှာ သေချာတယ်၊ ခုလည်း ပတ္တမြားစံအိမ်ကို ပြန်နားပါ၊ စားသောက်စရာ တွေး ပြန်ယူပါ .. ရွှေရည် စောင့်ပေးပါ့မယ်လို့ မြိုင့် အနားမှာ ရှိနေမယ့် အခွင့်အလမ်းကို ယူလို့ ဒေါ်ကြီးမိ ခဏ ပြန်တာ .. ရေချိုးမိုးချိုးလေးလည်း လုပ်ချင်ပုံ ရပါတယ် .. အန်ကယ်လည်း လာကြည့်သွားပြီးပြီဆိုတော့ ဒေါ်ကြီးမိ ခဏပြန်မယ်ဆိုပြီး ပြန်သွားတာပါ ဆရာ .. အဲဒါ .. မေမေ့ဆီကို ရွှေရည် လှမ်းဖုန်းဆက်ပြီး ဆရာ့ကို ဆေးရုံကို အိမ်ကကားနဲ့ လိုက်ပို့ပေးဖို့ လှမ်းပြောရတာ .."

ရွှေရည် ပြောနေသမျှ သူ ငြိမ်၍ နားထောင်နေရပေမယ့် ရင်ထဲမှာ ငြိမ် ..၊ ထိခိုက်နေရသည်ပါပဲ။ အန်တီစိမ့် ကိုယ်တိုင် ကားမောင်းပြီး လာခေါ်ချိန်သည် မနေ့တုန်းက်ပဲ ဖြစ်ပါ၏။ အရေးကြီးသည် ..၊ ချက်ချင်းလိုက်ခဲ့ပါဟု အန်တီစိမ့် မျက်နှာမကောင်းဘဲ ခေါ်တာမို့ သူ့တပည့်ကောင်လေးတွေကို ပြန်ခိုင်းလိုက်ရကာ ကားပေါ် ပါလာခဲ့ရခြင်းပါ။

ဆေးရုံရောက်တော့ အန်တီစိမ့် မျက်ရည်လည်နေရင်းမှ အခန်းနံပါတ်ခန်းရှေ့အရောက် ပို့ပေးခဲ့ကာ အောက်ထပ်သို့ ပြန်ဆင်းသွားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ ကားထဲကပဲ စောင့်တော့မည်ဟု ပြောသွားခဲ့ပါ၏။ မကြာစေနဲ့
ဟုလည်း မှာခဲ့သည်။ ဘာမှန်ညာမှန်း မသိရဘဲ အခန်းထဲ သူ ဝင်လို
တော့မှ မထင်တာ ကြုံရသည်။

ခုတင်ထက်မှာ မြိုင် သည် ချုန်းချုန်းကျနေသည့် မြိုင် အဖြ
ခွေခွေလေး ခပ်ကွေးကွေး အိပ်နေလျက် ..၊ ခုတင်ဘေး ကုလားထိုင်
လေးမှာ ရွှေရည် ထိုင်မှော်နေသည်က သူ့ကိုပဲ ဖြစ်လေသည်။

ခု .. ရွှေရည့် မှာ မြိုင့် ကို နိုးနေပြီ။ မြိုင့် မျက်ဝန်းလေးတေ
ခပ်ဖြည်းဖြည်း ပွင့်လာ၏။ ရပ်နေသော သူ့ကို တွေ့တော့ အံ့အားသ
ရိပ်ထင်သည်။ ဘာမျှ ပြောမလာ ..၊ သူ့ကိုသာ ငေးကြည့်နေ၏။

"မြိုင်.. ဆရာ့အိမ်က ပြန်သွားပြီးကတည်းက အစားလည်း မစာ
အိပ်လည်း မအိပ်နဲ့ ဖြစ်ကုန်တယ် ဆရာ.. အစတုန်းကတော့ အန်က
က မြိုင် နေမကောင်းဖြစ်တယ်ဆိုပြီး ဆရာဝန် အိမ်ကို ပင့်ကုတယ်
အစားကို မစားဘဲ ဖြစ်နေတော့ .. မအိပ်ဘဲ ဖြစ်နေတော့ .. လူ
ဘယ်ခံနိုင်မလဲ ..၊ လဲတာမှ မြင်တဲ့အတိုင်းပါပဲ ဆရာ .. အတင်း နှာ
ခွက်ကို ပါးစပ်ရှေ့မှာတော့ပြီး တိုက်ကြ .. အစားကျွေးကြပေမယ့် မြိုင်
ပေတေနေတာ ..၊ မစားဘူး .. မသောက်ဘူး .. ကြာတော့ အန်က
ဖိတ်ပူလာသလို ဆရာဝန်ကလည်း ဆေးရုံတက်ခိုင်းတော့တာပဲ ..
လည်း မြင်တဲ့အတိုင်းပါပဲ ဆရာ .. ဆေးသွင်းထားကာမို့ ခုလို ရှိနေတာ
အစာကို နှာခေါင်းက ပိုက်နဲ့သွင်းရင်လည်း မြိုင် ဖြုတ်ပစ်တာမို့ အား
ခက်နေရတာပါပဲ ..၊ ခုလည်း ဒေါ်ကြီးမိ ကို ပတ္တမြားစံအိမ်ကို ပြန်
ပြန်ဖြစ်အောင် ပြောယူရတာ .. ဒေါ်ကြီးမိ မရှိတော့ ဆရာ့ကို ခေါ်ပြ
ဖြစ်ရပါပြီ၊ မြိုင့် ကို အရင်ရက်တွေက အိမ်မှာ သွားကြည့်ခဲ့တာပါ
ဒါပေမယ့် သူ ပြန်ပြီး စိတ်ကို လျှော့လိုက်လိမ့်မယ်လို့ ထင်မိတာ
ကြလည်း ဆရာနဲ့ ပတ်သက်လို့ ဘာမှကို မပြောခဲ့ရှာပါဘူး ..၊ ဒါ
မယ့် သူ့ရင်ထဲမှာ ဖြစ်နေတာတွေကို ကဗျာလေးတစ်ပုဒ် သူ ရေးထာ





ကို.. ပေးဖတ်ခဲ့တာပဲ ရှိပါတယ်၊ ရွှေရည် သိမ်းထားပါတဲ့.. တစ်နေ့
ဆရာ့ကို ပေးလိုက်ပါတဲ့ .. ဒါပဲ မှာခဲ့တာပါ .."

ဟု ရွှေရည် ပြောရင်း မျက်ရည်ကျလာသည်။

မြိုင် ကတော့ ခေါင်းခါပြနေသည်။ မပြောနဲ့ .. ဆိုသည့် ညှိုးဖျော့
လှုပ်ရှားမှုလေးသည် လှုပ်လှုပ်ယှဲယှဲသာ ရှိ၏။ မျက်ရည်လည်နေ
သည့် မြိုင့် မျက်ဝန်းတွေကို သူ မကြည့်ရက် ..၊ မမြင်ရက် ..။ ကြည့်ရမှာ
သည်း အပြစ်မကင်းသူနှယ် ခံစားရသည်။ မြိုင် သည် သူ့ကို ကြည့်ရုံမျှ
ကြည့်နေ၏။ ဘာမျှမပြော ..။

"အဲဒီကဗျာလေးကို ရွှေရည် ဆရာ့ဆီ လာကို မပေးတာပါ.. မြိုင်
ရပ်မျဉ်းတစ်ခုကို ရောက်ရင် .. အဟုန်တန့်ပြီး ဝေဒနာတွေကို
လျှော့ ဖြေချလိုက်မှာပဲလို့ ထင်မိတယ် .. အဲဒီအခါကျတော့လည်း
ဟာ အရင်တုန်းကလိုပဲ သောကကင်းနေတဲ့ မြိုင် ဖြစ်သွားလိမ့်
..၊ ဆရာ့ကိုလည်း မေ့သွားလိမ့်မယ် .. အဲသလို ထင်မိခဲ့တာမို့
လေးကို ပေးကို မပေးဘဲ ရွှေရည် သိမ်းထားခဲ့ပေမယ့် မနေ့က
ဆေးရုံတက်လိုက်ရပြီမို့ ရွှေရည် ဆရာ့ကို အမြန်ဆုံးခေါ်မှ ဖြစ်တော့
ဆိုတာ နားလည်လာပါတယ် ဆရာ .. မြိုင့် ကို ရွှေရည် အဆုံးရှုံး
နိုင်ဘူး ဆရာ .. ဒါပေမယ့် ခက်နေတာက အန်ကယ်ကလည်း
က တစ်ချိန်လုံးလိုလို မြိုင့် နားမှာ ရှိနေတာ .. သမီးအတွက်
နေတာမှ ယောက်ယက်ခတ်ပါပဲ ဆရာ .. ထမင်းချက် ဒေါ်ကြီးမိ
သည်း ခေါ်ထားတာ .. နာ့(စ်)မလေးကိုလည်း ငှားထားတာ၊ ဒီနေ့
နေ့လယ်ဘက် ရွှေရည် စောင့်ပါ့မယ်၊ အန်ကယ်လည်း ပြန်နားပါ
ပြောယူရတယ် .. ဒေါ်ကြီးမိ ကိုလည်း အန်ကယ် ပြန်သွားပြီးတော့မှ
ခေါ် ထပ်ပြောရပြန်ရော ..၊ ခဏ ပြန်နားပါ .. ရေမိုးချိုးပါ .. စားစရာ
ယူလာပါ .. မြိုင့် ကို ရအောင် ရွှေရည် ကျွေးပါ့မယ် ..၊ နာ့(စ်)ကို
နေ့ခင်းဘက် မငှားပါနဲ့တော့ .. ဆိုပြီး အတင်းပြောယူရ .. မြိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ခုလို ဆရာ့ကို ခေါ်ယူရတာပါ ..''

ရွှေရည် ပြောပြီး အခန်းတွင်းမှ ထွက်မည့်ဟန် ပြင်သည်။

''အပြင်က ရွှေရည် ခဏစောင့်ပါမယ် ဆရာ.. မြိုင် ဘယ်လောက်ထိ ခံစားရတယ်ဆိုတာ ဆရာကိုယ်တွေ့ မြင်ပြီးပြီမို့ .. ဆရာ ဆုံးဖြတ်ချင်တာကို ဆုံးဖြတ်ပါ .. ရွှေရည် ဘာမှမပြောလိုပါဘူး .. ရွှေရည် တံခါးခေါက်လိုက်ရင်ဖြင့် ဆရာ အမြန်ဆုံး အခန်းထဲက ထွက်လာပေးပါ ဆရာ .. တစ်ယောက်ယောက် ဒေါ်ကြီးမိ ပဲ ဖြစ်ဖြစ် .. အန်ကယ်ဖဲ ဖြစ်ဖြစ် လာနေတာမြင်ရရင် ရွှေရည် တံခါးခေါက်ပါမယ်၊ လာလော့ဆယ်မှာတော့ ရွှေရည် လှူလာတာ မြင်နိုင်အောင် .. ဟိုးထောင့်ချိုးနေရာလေးမှာ သွားပြီး အခြေအနေစောင့်ကြည့်ပါမယ် .. လာကြပြီဆိုရင်ဖြင့် ပြေးလာပြီး တံခါးလည်း ခေါက်ပါမယ် .. ဆရာလည်း အချိန်မဆိုင်းထွက်လာပါ.. ဟိုဘက်က ဆန့်ကျင်ရာ ထောင့်ချိုးမှာ သွားနေလိုက်ပါ-

- ဟု ရပ်ရမည့် ကော်ရေတာထောင့်ချိုးနေရာလေးကအစ လက်ညှိုးဖြင့် သေချာပြပြီး ရွှေရည် အခန်းပြင်သို့ ထွက်၏။ သူ တွေတွေကြီးကျန်ခဲ့သည်။ မြိုင့် ကို မျက်တောင်မခတ် ငုံ့မိုး ငေးစိုက်ကြည့်နေမိရဆဲ-မြိုင် ကလည်း မော့ကြည့်နေသည်။ နှုတ်ခမ်းလေး လှုပ်လာ၏။ အသံမထွက် ..၊ သူ ခုတင်ပေါ် တင်ပါးလွှဲ ထိုင်လိုက်ကာ မြိုင့် နှုတ်ခမ်းအနီးမှာ နားကို ကပ်၍ နားထောင်မိရပါ၏။

''ဒုက္ခ .. ရှာလို့ .. ဆရာ .. ရယ် .. ရွှေရည် က .. သွား .. ခေါ်-တာ .. ကိုး ..''

တကယ့်ကို မျှင်မျှင်လေး ပွင့်ကျလာသည့် အသံ ..၊ စကားသံတွေဆက်တိုက် ထွက်မလာနိုင်။ မနည်း အားစိုက်ယူ၍ တစ်ချက်တစ်ချက်နားပြီးမှ ပြောနိုင်ခြင်း ..၊ သူ ရင်ထဲ မကောင်းနိုင်တော့ပြီ။ သူ့နှလုံးသားသည်လည်း ခံနိုင်ရည် မရှိတော့ပြီ။ မြိုင် သည် သူ လိုက်လာရခြင်းအတွက် အားနာနေချေသည်တကား ..။





မြိုင့် လက်လေးကို သူ မလွှတ်စတမ်းကြီး စိတ်နောက်ကိုယ်ပါ ဆုပ်ထားမိသည်။ မျက်ရည်က ထိန်းယူမရနိုင်စွာဘဲ ဟန်ဆယ်၍ မရနိုင်အောင် ကျလာရပါ၏။ မြိုင့် နဖူးပြင်လေးပေါ် သူ့လက်ဖဝါးက ဖွဖွသင်ညင် အုပ်မိုးတင်၏။

''မြိုင် ရယ် ..''

သူ့နှုတ်မှ ခပ်ညည်းညည်း ခေါ်သံကာ မချိရင်ကန် ပွင့်ကျလာသည်။ သူ့ခေါင်းသည် ငိုက်ခနဲ ကျ၏။ ဘာကို ထိန်းထားရမည်တဲ့လဲ..၊ စိတ်အစဉ်ကို ဘာနှင့် ဘောင်ကွပ် အုပ်စည်းထားနိုင်စွမ်းတော့မည်တဲ့လဲ ..။ ဘာအတားအဆီးကမျှ သူ့ကို မဟန့်တားနိုင်တော့ပြီ ..၊ ဟန့်တားနောက်ဆုတ်မည့် စိတ်အစဉ်မျိုးလည်း သူ့ထံမှာ မရှိ ..။ ဘယ်သောအခါတွင်မှလည်း ရှိလာနိုင်တော့မည် မဟုတ်။ မြိုင့် နဖူးပြင်လေးကို ဖွဖွနမ်းရှိုက်လိုက်မိချေပြီတကား ..။ ထိုအခါမှ မြိုင် ငိုသည်။ ဒရစ်(ပ်)ပိုက်လွှတ်ရာ လက်လေးဖြင့် သူ့လက်မောင်းကြီးကို အားကိုးရာတစ်ခုနှယ် ဒွမ်မျှ အားစိုက်၍ ဆုပ်ကိုင်နိုင်ဖို့ ကြိုးစားနေသည်။ မြိုင့် လက်လေးကို သူ ဖေးယူ၍ သူ့ရင်မှာ အပ်ထားလိုက်မိရပါပြီ ..။

''မောင် .. သစ္စာဆိုတယ် မြိုင် .. ဘယ်တော့မှ မြိုင့် ကို မောင်မခွဲဘူး .. မခွဲဘူး မြိုင် ..၊ မြိုင် အနေဆင်းရဲ .. ဘဝဆင်းရဲမှာကို မောင်..နီးရိမ်ခဲ့ဖူးတယ်၊ ဘဝချင်း ကွာလှမ်းလွန်းတာကို မောင် သိနေရင်းမြိုင့် ကို မောင် .. ပြတ်ပြတ်သားသား ပြန်နိုင်းတာဟာ မြိုင့် ကို ခုထိ..နိုင်ရင်ကန် ခံစားစေဖို့ မဟုတ်ဘူး မြိုင် .. မြိုင် ဆင်းရဲတွင်းနက်မှာနီးလို့ ပြန်နိုင်းခဲ့တာပါ၊ ခုတော့ .. မြိုင့် ကို သေကောင်ပေါင်းလဲ ခံစားစေဖို့အထိ ရက်စက်မိခဲ့တဲ့ မောင့်ကိုယ်မောင်လည်း .. အပြစ်တင်တယ်..သူကျူးမရလည်း ဖြစ်တယ် .. မောင့် အဆုံးအဖြတ်ဟာ မြိုင့် ရဲ့အသက်ဉာဉ်ကို ယူငင်သွားဖို့ မဟုတ်ဘူး မြိုင် .. ချမ်းသာဘဝထဲကနေပြီး အရမ်းကို ကွာခြားတဲ့ ဆင်းရဲခြင်းဆိုတဲ့ ဘဝတစ်ခုထဲကို မြိုင် ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ရဲတယ်ဆိုရင် .. ဝင်လာပါ မြိုင် .. မောင် ရှိနေသမျှ .. အသက်ရှင်သမျှ.. မောင့်ရဲ့ပညာနဲ့ မောင် ရှာကျွေးပါ့မယ် ..၊ မြိုင့် ကိုတော့ မောင် .. အသေမခံနိုင်ဘူး မြိုင် .. မောင် .. အဆုံးရှုံးမခံနိုင်ဘူး မြိုင် ရယ် ..''

သူ ပြောနေရင်း မျက်ရည်ကျသည်။ မြိုင့် နဖူးပြင်လေးကို အထပ်ထပ် ငုံ့နမ်းနေမိသည်။ တကယ့်ကို လက်မတင်လေး သူ မှီခဲ့ခြင်း ..၊ သူ .. အရောက်နောက်ကျလျှင် မြိုင် သည် .. သူ့ကြောင့် သေဆုံးသွားနိုင်သည်။ ဒါဆို .. သူ ရှုံးကျန်ခဲ့ရချေလိမ့်မည်။ သူ့ကို မြိုင် မော့ကြည့်နေရာမှ သူ့မျက်ရည်ကို သုတ်ပေးနိုင်ဖို့ လက်ကို မြှောက်နိုင်ရန် ကြိုးစားသည်။ လက်သည် မြှောက်မလာနိုင် ..၊ သူကိုယ်တိုင် မြိုင့် လက်လေးကို ဖွဖွယူသည်။ သူ့ပါးမှ မျက်ရည်ကို မြိုင့် လက်ချောင်းလေးတွေဖြင့် သူကိုယ်တိုင်ပဲ ပွတ်သုတ်ပေးမိသည်။

''ဖျော်ရည်လေး တစ်ခုခု သောက်လိုက်ပါလား မြိုင် ရယ် .. မောင် .. တိုက်ချင်တယ် ..၊ ဒီလိမ္မော်ရည်လေး သောက်လိုက်ပါလား.. ရင်ထဲ အေးမှာပေါ့ မြိုင် ..''

ဟု လိမ္မော်ရည်ပုလင်းကို သူ ပြ၍ ပြောတော့ မြိုင် ခေါင်းလေး ညိတ်ပြသည်။ သူ ဖန်ခွက်ထဲ လိမ္မော်ရည်ဖျော်၍ ပိုက်လေးတပ်ပေးကာ ..၊ ပိုက်လေးကို ခေါက်၍ ကောက်စေပြီး မြိုင့် နှုတ်ခမ်းမှာ တပ်ပေးသည်။ မြိုင် သောက်ရှာပါ၏။

''ဖြည်းဖြည်းချင်း သောက် .. မြိုင် ..''

သူ တိုးဖွဖွ ပြောတော့လည်း မြိုင် သူ့ကို မော့ကြည့်ရှာပါ၏။

''မောင့်မှာ အချိန်မရှိဘူး မြိုင် .. ရွှေရည် ခေါ်ရင် .. မောင် ပြန်ရမှာ .. ဒီတော့ နောက်နေ့တွေ မောင် လာလို့ဖြစ်မှာ မဟုတ်ဘူး မြိုင် .. မြိုင့် ဖေဖေ သိရင် .. ပြဿနာတက်ရင် .. မြိုင် ပိုခံစားရမယ် ..၊ မြိုင် နေကောင်းအောင် ကြိုးစားပါ .. စားလည်း စားရမယ် .. အိပ်လည်း အိပ်ရမယ် ..၊ နေကောင်းတဲ့အခါ ရွှေရည့် ရဲ့ ခတ္တာမြိုင်ကို လာခဲ့နော်..





မောင် စောင့်နေတယ် .. မောင်တို့ လက်ထပ်ကြမယ် မြိုင် .. အဲဒီလမ်းတစ်လမ်းပဲ မောင်တို့မှာ ရှိတယ် .. မောင် .. မြိုင့် ကို အဆုံးရှုံး မခံနိုင်ဘူး မြိုင် ..''

ဖျော်ရည်လေးလည်း တိုက်ရင်း .. သူ တောက်လျှောက် ပြောနေမိရပါ၏။ မြိုင် ခေါင်းလေးညိတ်ပြသည်။ မျက်ဝန်းလေးတွေ ရွှန်းလဲ့လာသည်။ ဖျော်ရည်ခွက်ကို ကိုင်ထားသည့် သူ့လက်ပေါ်မှာ လက်လေးကို အုပ်မိုးနိုင်ဖို့ ကြိုးစားရှာသည်။ သူ ထွေးယူ အုပ်ပေးထားမိရပါ၏။ အားလုံးသည် ညင်ညင်သာသာနိုင်နေသည်။ နွေးနွေးညံ့ညံ့ ရှိနေသည်။ မြိုင့် ထံမှာ အားအင်လေးတွေ တိုးဝင်လာနေသည်ဟု သူ သိလာနေရသည်။

''မောင် ..''

တိုးဖွဖွလေး ခေါ်ငင်လိုက်သံသည် သူ့နှလုံးသားသို့တိုင် စိမ့်ခနဲ ...ိုးဝင်၏။ မြိုင့် နှုတ်ခမ်းလေးဆီမှ ...

''ခေါင်း .. ငုံ့ .. ပေး .. ပါ ..''

ဟု အားယူ၍ ပြောသံလေး ပွင့်ကျလာသည်။ သူ ခေါင်းလေးငိုက်...တော့ သူ့နဖူးသည် မြိုင့် နှုတ်ခမ်းအနီးမှာ ဖြစ်ပါ၏။ မြိုင့် ရင်ကို ... မြင်နေရသည်သို့ ခံစားရသည်ကိုးလေ ..၊ တကယ်ပဲ မြိုင် သည် ...နဖူးကို ဖွဖွနမ်းလာချေသည်တကား ..။

သိမ်မွေ့နက်ရှိုင်းသော အချစ်၏အင်အား အဘယ်မျှထိ နှလုံးသား...သို့ငင် ပိုင်စိုးသွားနိုင်သည်ဆိုတာ သူ သိနေရသည်။ မြိုင့် ကို ချစ်မိ...ည်မှ .. နှလုံးသားနှင့်မဆုံအောင် ဖြစ်ကုန်ရပါပြီတည့်။ သူ့တစ်...်လုံးမှာ သွေးကြောမျှင်အနှံ့ .. မြိုင့် ကို ချစ်သည့်အချစ်တွေပဲ ပျံ့တိုး...ကြွချေသည်တည့် ..။

ထိုစဉ်ခိုက် တံခါးခေါက်သံ ပေါ်လာသည်မို့ ကမန်းကတန်း သူ ...်သည်။ မြိုင့် ကို မျက်တောင်မခတ် တစ်ချက် တွေ၍ ကြည့်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင် .. စောင့်နေမယ် မြိုင် .. အခြေအနေပေးရင် .. မောင် .. ဒီကိုလည်း လာတွေ့လို့ ရချေသမျှ လာတွေ့မယ် .."

ဟု ပြောတော့ မြိုင် ခေါင်းခါပြသည်။ မလာနဲ့ .. ဟု တားခြင်း..၊ မြိုင့် ဖေဖေ သိသွားမှာ မြိုင် စိုးရိမ်နေတာလည်း သိသာနေသည်။ သူ မြိုင့် နဖူးလေးကို ဖွဖွ ငုံ့နမ်းမိကာ ...

"မောင် .. သစ္စာစကားကို ပြောမယ် မြိုင် .. မြိုင့် ကို မောင် ချစ်တယ် .. မောင့်ဘဝမှာ .. မြိုင် ပဲ ရှိတယ် မြိုင် ..၊ အရေးအကြီးဆုံးဟာ မြိုင် ပဲ ဖြစ်နေတယ်ဆိုတာ သိထားပါ မြိုင် ရယ် .."

ဟု ပြောကာ မြိုင့် လက်ဖဝါးလေးကို ယူ၍ ဖွဖွနမ်းပြီး မခွဲနိုင်သလို ရှိနေရပါ၏။

နောက်ဆုံးတော့လည်း မသွားမဖြစ်သည်မို့ ဖွတ်နှစ်၍ အခန်းထဲမှ ထွက်ရပါ၏။ ရွှေရည် က အပြင်မှ တလောလောဖြင့် စောင့်နေပြီး နောက်ဘက်ကိုလည်း ကြည့်ကြည့်နေသည်။

"ဒေါ်ကြီးမိ လာနေပြီ ဆရာ .. အိပက် အိပက်နဲ့ လှေကားထစ်တွေကို နင်းတက်လာနေတာမို့ .. ပြေးပြီး လာခေါ်ရတာ ..၊ ဟိုဘက် ထောင့်ချိုးကွေ့မှာ နေပါ ဆရာ .. ဒေါ်ကြီးမိ အခန်းထဲရောက်မှ ရွှေရည် ပြန်ထွက်လာခဲ့မယ် .. ဆရာ့ကို ပေးစရာ ရှိတယ် .."

ဟု ပြောကာ ထောင့်ချိုးကွေ့ဆီသို့ သူ့ကို သွားခိုင်းပါ၏။

ရွှေရည် အခန်းထဲ ဝင်သွားသည်။ တစ်အောင့်ကြာတော့ အသား ဖြူဖြူ အိပက်ပက်နိုင်အောင် ဝခဲနေသည့် ကိုယ်ကြီး တလှုပ်လှုပ်ဖြင့် လာနေသည့် အဒေါ်ကြီးသည် လက်ထဲမှာ လက်ဆွဲခြင်းတစ်ခြင်းကို ဆွဲလျက် ရှိ၏။ အခန်းထဲသို့ ဝင်သွားပြီး မကြာခင်မှာပင် ရွှေရည် သူ ရပ်နေရာသို့ ရောက်လာသည်။

"မြိုင့် ကို လိမ္မော်ရည် တိုက်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ .. ဒေါ်ကြီးမိ ကတော့ မြိုင့် ကို လိမ္မော်ရည်ရအောင် ရွှေရည်





ချော့မော့တိုက်နိုင်ခဲ့တယ်ဆိုပြီး ဝမ်းသာနေရှာတယ် .. အောက်က ကားပါကင်နေရာမှာ မေမေ ရှိနေတယ်၊ ဆရာ့ သွားလိုက်တော့ .. ဒီ စာအိတ်လေးလည်း ယူသွားပါ ဆရာ .. ဆရာ ဖတ်ကြည့်နော် ..၊ ရွှေရည် ဖြင့် မြိုင့် ကို ရေတိမ်နစ်တော့မယ်လို့ကို ထင်မိခဲ့ရတာ ..၊ မြိုင် က ပြောရှာတယ် ..၊ ကျေးဇူးတင်ပါတယ် ရွှေရည် ရယ်တဲ့ .. ရွှေရည် ကိုယ်တိုင် ဒီအချိန်လောက် ပျော်တဲ့အချိန်ရယ်လို့ကို ရှိမလာနိုင်တော့ သလိုပါပဲ ဆရာရယ် ..၊ မြိုင် သေသွားမှာ ရွှေရည် လန့်နေတာ ဆရာ.."

ဟု ပြောကာ သူ့လက်ထဲ စာအိတ်လေး ထည့်ပေးသည်။ နောက်တော့ အခန်းထဲ ပြန်ဝင်သွားပါချေ၏။ သူ ကော်ရေတာကို ပတ်ကွေ့၍ အောက်ထပ်သို့ ဆင်းသည်။ ကားပါကင်နေရာမှာ အန်တီစိမ့် စောင့်နေရှာပါ၏။ သူ ကားနောက်ခန်းသို့ ဝင်ထိုင်သည်။ ကားက ငြိမ့်ခနဲ ထွက်ချေ၏။ အများအားဖြင့် အန်တီစိမ့် ကားမမောင်းလို ..၊ ရွှေရည် ပဲ မောင်းတတ်သည်။ ဤနေ့မှာတော့ ဆေးရုံသို့ ရွှေရည် တက္ကစီဖြင့် သွားခဲ့ပုံ ရပါ၏။ ကားကို ခတ္တာမြိုင်မှာ ချန်ခဲ့ကာ ..၊ အန်တီစိမ့် ကို ဖုန်းဆက်၍ သူ့ကို ကားဖြင့် အခေါ်ခိုင်းခဲ့ခြင်းပဲ ဖြစ်လေသည်။

"မြိုင် ဒီလောက်ထိ .. ဆိုးဆိုးဝါးဝါး ခံစားနေရတာကို ကျွန်တော် မသိခဲ့ဘူး အန်တီရယ် .. ကျွန်တော် ရက်စက်မိခဲ့တာမှ မညှာမထောက် သလိုကြီးပါ ခင်ဗျာ .."

သူ ယူကျုံးမရစိတ်ဖြင့် ပြောတော့ အန်တီစိမ့် သက်ပြင်းရှိုက်သည်။ ကားကို ဂရုတစိုက် မောင်းနေရာမှ ...

"တကယ်တော့ .. အစ်ကိုကြီး ဦးအောင်ဇော်ဦး ရဲ့ မျက်နှာကို ထောက်နေရင် မြိုင် ရေတိမ်နစ်နေတော့မှာပဲဆိုပြီး အန်တီစိမ့် လည်း နှတ်မိုတ် ဆုံးဖြတ်ရတော့တာပါပဲ၊ အမြန်ဆုံး ဆရာနဲ့ မြိုင့် ကို ဆုံပေးမှ ဖြစ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက် ဆိုပါတော့.. ဒါကြောင့် ဒီနေ့ သမီး ရွှေရည် နဲ့ အားလုံး စီစဉ်တိုင်ပင်ပြီး ဆရာ့ကို ခေါ်ရတော့တာပါ ..၊ ဘာပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် .. မြိုင့် အသက်ထက် ပိုအရေးကြီးတာ ဘာမှ မရှိဘူးလေ .. မြိုင့်ကို ဆရာနဲ့ ဆုံပေးမှကို ဖြစ်မှာမို့ အစ်ကိုကြီး ဦးအောင်ဇော်ဦး ဟာ ရွှေရည့် ဖေဖေနဲ့ သူငယ်ချင်းဖြစ်တာတွေ ဘာတွေကို မေ့ထားလိုက်ရတော့တာပါပဲ ..၊ ဆရာနဲ့ မြိုင့် ကို အစ်ကိုကြီး သဘောတူမှာ မဟုတ်ဘူးဆိုတာ အန်တီ သိပါတယ် .. ဒါပေမယ့် မြိုင် က ပိုအရေးကြီးတယ်လေ ..၊ မြိုင့် ကို အန်တီ သမီးလေးလို ချစ်တာပါ .. သူ့ကို မျက်စိမှိတ်ပြီး ရေတိမ်နစ်စေတော့လို့ ပစ်မထားနိုင်ဘူးလေ .."

အန်တီစိမ့် သက်ပြင်းရှိုက်ကာ စိတ်မကောင်းနိုင်ဘဲ ပြောရှာပါ၏။

"သူ .. ဒီလောက်ထိ ခံစားရမယ်လို့ မထင်မိခဲ့တာကိုက သူ့အချစ်ကို ကျွန်တော် အထင်သေးခဲ့ .. တန်ဖိုးမထားခဲ့သလို ဖြစ်ကုန်ရတာပါ အန်တီရယ် .."

ဟု သူ ခပ်ညည်းညည်း ပြောမိရပါပြီ ..။

"မြိုင် က ထူးဆန်းတယ် ဆရာ .. ငယ်ကတည်းက သူ လိုချင်တာကိုမှ သူ ယူတာ .. အဖေလုပ်သူက အရုပ်တွေ ဝယ်လာပေးရင်လည်း .. သူ ကြိုက်မှ ယူတယ် ..၊ အရုပ် ဘယ်လောက်လှလှ .. မကြိုက်ဘူးဆိုရင် ယူကို မယူတာ .. အဖေလုပ်သူ လက်ထဲကကို မယူတာ ..၊ လှည့်ထွက်သွားတာ ဆရာရဲ့ .. အဖေက အရုပ်ကြီးနဲ့ ကျန်ခဲ့ရတာမျိုး ခဏခဏ ကြုံရတာ ရှိတယ်၊ သူ လိုချင်တာဆိုရင် မြေအိုးပုတ်ပဲဖြစ်ဖြစ် .. သစ်သားနဲ့ထွင်းထားတဲ့ သမင်ရုပ် ယုန်ရုပ်လေးတွေပဲဖြစ်ဖြစ် .. ပွဲဈေးမှာ ဝယ်တော့တာပဲ .. အဲသလို .."

ဟု ဆက်ပြောတော့ သူ ငြိမ်သက် နားထောင်နေမိရပါ၏။

"ခုလည်း ဆရာ့ကို မခေါ်ရဘူးလို့ကို မြိုင် က တားတာပါ ..၊ မဖြစ်ချေတော့ဘူးဆိုပြီး အန်တီနဲ့ ရွှေရည် တို့ ဆရာ့ကို ခေါ်ရတာပါကွယ် .."

ဟု အန်တီ ဆက်ပြောချိန်မှာ သူ ငိုင်နေရပါ၏။





ရှေ့ခရီးသည် တော်ရုံ ရင်ဆိုင်ရမှုမျိုးတွေတော့ ဖြစ်မလာနိုင် ..၊ မြိုင် နှင့် လက်ထပ်ဖို့ဆိုတာက .. မြိုင့် ဖေဖေဘက်က ဘယ်လိုမှ သဘောမျှမှာ မဟုတ်။ ရုံးတက် လက်မှတ်ထိုး လက်ထပ်ပြီးလျှင်လည်း မြိုင် သည် .. သူ၏ သေးငယ်သော အိမ်ငယ်လေးတစ်လုံးမှာ .. မပြည့်မစုံဖြင့် ဘဝကို ရုန်းကန်နေရချေမည်။ မြိုင် အံ့နေ ဆင်းရဲမည်၊ အစား ဆင်းရဲမည်၊ ဘယ်လိုမှ မြိုင့် အိမ်မှာလို ချမ်းသောင့်ချမ်းသာ နေနိုင်မည် မဟုတ် ..၊ စားနိုင်မည် မဟုတ် ..။

မြိုင် သည် ချစ်ဇောတစ်ခုဖြင့် သူ့ကို လက်ထပ်ခဲ့သည်ပဲ ရှိစေ .. ကြာရှည် .. မြိုင် ထမင်းစားဝင်နိုင်ပါ့မည်လား ..၊ မျိုချနိုင်ပါ့မည်လား..၊ သူ စိုးရိမ်သည်။ ဒါပေပယ့် မြိုင့် ကို .. သူ .. ချန်ရစ်ခဲ့၍လည်း မဖြစ်..၊ ချန်ထားခဲ့၍လည်း မဖြစ် ..။ ကျန်ရစ်သူဘဝမှာ မြိုင် အသက်ရှင်နိုင်မှာ မဟုတ် ..။

သူ့ခေါင်းတွေ ဆူဝေနေသည်။ မွန်းကျပ်နေသည်။

လက်ထဲမှ စာအိတ်လေးကို သူ ဖွင့်လိုက်မိရပါ၏။ အထဲမှ စာရွက်ခေါက်လေးကို ဖြန့်ဖတ်မိသည်။

ဖြစ်တည်စေဟု
အချစ်တစ်ခုကို
ဖန်ဆင်းလို့၍ မရ ..။

တန့်နားစေဟု
အချစ်တစ်ခုကို
တားမြစ်လို့၍ မရ ..။

နှလုံးသားက ခံစား
နှလုံးသားမှ ခိုင်းစေ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိလေတဲ့ ထိုအရာ
ပေါက်ဖွားလာသမျှ
နှလုံးသားကသာ သိမ်းဆည်း
နှလုံးသားကသာ ကိုးကွယ်
ချစ်ဦးသူရယ်လေ ..
မခွဲနိုင်ချေသမျှ
သောကဒဏ်ရာနှင့် ကျန်ရစ်သူ
တငွေ့ငွေ့ဆူဆူ ရင်ထဲက သည်အပူကို
ဘယ်လိုမှ ယူမငြိမ်းနိုင်သမျှ
ဘယ်သူမှ ကူမငြိမ်းနိုင်ကြ
နှလုံးသားက ကြေမွပြီ ..။
ဩော် ...
နှလုံးသားက ကြေမွပြီ ..။

ရေးတတ်ချေသည်ကော မြိုင် ရယ် ..၊
သူ့နှလုံးသားမှ မျက်ရည်မကြွေ ဘယ့်နယ် ရှိခြိမ့်မည်။
ဩော် .. သူ့မျက်ဝန်းဆီမှ မျက်ရည် .. ဘယ်သို့ မဝေ ရှိလိမ့်မည်တဲ့လဲ မြိုင် ရယ်လေ ..။
သူ့လက်တို့ ဆတ်ဆတ် တုန်ချေ၏။





## အခန်း (၇)

"ဆရာ့အိမ်ကို မြိုင် ပစ်ခေါက်ပဲ ရောက်ခဲ့တာဖြစ်ပေမယ့် .. အဲသလို ရောက်ခဲ့တယ်ဆိုတော့ အဲဒီနေ့က စိတ်ထိခိုက်လွန်းလို့ မြိုင် ကားမမောင်းနိုင်တာမို့ .. ဦးမှန် ကို ကားမောင်းပို့ခိုင်းထားတာ ရှိနေတာမို့ .. ဖေဖေ့ဘက်က သံသယတစ်ခုမှ မရှိရအောင် ဆရာ့အိမ်ရယ်.. မောင်းတီးဖို့ ခတ္တာမြိုင်ကို သွားမှာတွေရယ်ကို လုံးဝ မြိုင့် ဘက်က အာရုံမရှိနေသလို နေခဲ့တာပါ ..၊ ဒါကြောင့်မို့လည်း ဦးမှန် စိတ်ထဲမှာ မနှောင့်စနင်းရယ်လို့ကို မရှိခဲ့တာပဲ ဖြစ်မှာပါ၊ ဘာလို့လဲဆိုတော့ ဆရာ့ကိုလည်း ဦးမှန် မမြင်လိုက်ရဘူးလေ .. ဆရာ့ အသက်အရွယ်ကိုလည်း ဦးမှန် မသိလိုက်ရဘူးဆိုတော့ ဆရာဟာ လူငယ်တစ်ယောက် ဖြစ်တယ် ဆိုတာ ဦးမှန် ဖေဖေ့ကို ပြန်ပြောပြစရာကို မရှိတာ ..၊ ခတ္တာမြိုင်ကို မြိုင် စောင်းတီး လာသင်ခဲ့တုန်းကလည်း မြိုင် ကိုယ်တိုင် ကားမောင်း လာခဲ့တာချည်းပဲမို့ ဦးမှန် ဆရာ့ကို မမြင်ဖူးခဲ့ရဘူးလေ .."

သူ့ပခုံးပေါ် ခေါင်းလေး မှီထားရင်း သူ့လက်ကို မြတ်နိုးစွာ ဖေးကိုင်ထားရင်း မြိုင် ပြောပြနေပါ၏။ အိမ်ငယ်လေး၏ဧည့်ခန်းမှာ မြိုင်သည် ကြည်နူးစွာ သူ့ပခုံးကိုမှီ၍ ထိုင်ရဲသောသတ္တိ ရှိနေသည့်အတွက် ပျော်ကျေးဇူးတင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြိုင် ရင်ဆိုင်ရဲသည်ပဲဟုလည်း ပို၍ သိလာနေရသည်။ မြိုင့် နဖူးပြင်လေးကို သူ ဖွဖွ ငုံ့နမ်းမိ၏။ အုန်းဆီရနံ့သင်းနေသော ဆံစလေးကိုလည်း ငုံ့မှိုး၍ နမ်းမိပြန်သည်။ ဒါပေမယ့် ရင်ထဲမှာ မယုံနိုင်ရဲသေး ..။ ဟုတ်သည် ..၊ မယုံရဲသေး ..။ မြိုင် သည် .. တကယ့်ကိုပင် သူ့ကိုလက်ထပ်ရဲသည့် မြိုင် ဖြစ်ခဲ့တာကို ချစ်ခြင်းကို သိ၍ ယုံချင်သည်ကသပ်သပ် ..၊ ချမ်းသာဘဝထဲက ဆင်းရဲဘဝကို တိုးဝင်ရဲတာကို မယုံရဲနိုင်အောင် အံ့သြချင်ရသည်က သပ်သပ် ဖြစ်နေ သည်။

"ဒါကြောင့် .. မြိုင် တစ်လလောက်ကို အိမ်မှာပဲ နေနေခဲ့တာ ..ဆေးရုံက ဆင်းပြီးကတည်းက ခတ္တာမြိုင်ကိုလည်း မသွားဘဲ နေခဲ့တယ်ရွှေရည် လာလာလည်တာကိုပဲ စောင့်နေခဲ့တာ .. ရွှေရည် နဲ့အတူ ပါလာတဲ့ ဆရာ့အကြောင်းလေးတွေကိုပဲ စောင့်နားထောင်မိခဲ့ရတာ ..၊ ဆရာက အိမ်လေးကို ပြင်ဆင်နေတယ်တဲ့ .. သဘော်ဆေး အပြာရောင်လေးကို အိမ်တွင်းပိုင်းမှာ သုတ်နေတယ်တဲ့ .. ခန်းဆီးတွေလည်း အသစ်ချုပ်ဖို့ ပိတ်စတွေ ဝယ် .. စက်ဆိုင်တွေမှာ အပ်နေတယ်တဲ့ .. ရေချိုးခန်းလေးတစ်ခုကိုလည်း သွပ်မိုးအုတ်ကာလေးနဲ့ အုတ်ကန်လေးနဲ့ ဆောက်နေပြီတဲ့ .. ဆရာ အလွန် အလုပ်များနေတာတဲ့ ..၊ မြိုင် အနေဆင်းရဲမှာစိုးလို့တဲ့ .. အားလုံး ပြောပြတယ် ဆရာ .. မြိုင် လေ.. ဆရာ့ကို သနားလိုက်တာ .. မြိုင့် အတွက် အဲဒါတွေ မလိုပါဘူး ဆရာရဲ့ .. ဆရာနဲ့အတူနေရရင် .. မြိုင် .. အသက်ရှည်မှာပါပဲ .."

မြိုင် ပြောနေသမျှ သူ ငြိမ်သက်၍ နားထောင်နေမိရဆဲ ..။ ပြောလေတော့ သူကလည်း နားထောင်ချင်နေသည်။ မြိုင် ကလည်း သူနှင့်ဝေးခဲ့ရသည့်ကာလတွေအတွက် အတိုးချ၍ ပြောနေသည်။ သူ့အကြည့်က အခန်းနံရံမှာ တန့်၏။ အပြာရောင် သစ်သားနံရံက သစ်သစ်လွင်လွင် ..။ ပန်းချီကားလေးတွေပင် ချိတ်ထားသေးသည်။ အပြာခံတွင်အဖြူရောင် စံပယ်ပွင့်လေးများ ပြန့်ကြဲနေသည့်နယ် ရှိသည့် ပွင့်ရိုက်





ချည်သားခန်းဆီးစသည် လေအနှော့မှာ တသော့သော့ လွင့်၏။ ကြမ်းခင်း ဖယောင်းပုဆိုးကွက်သည်ပင်လျှင် ကျွန်းကွက်ဆင်ဖြစ်ကာ အသစ်ပဲ ဖြစ်လေသည်။

ကော်ပတ်စား၍ လိုက်ကာ ထပ်တင်ထားတာမို့ ဆက်တီစားပွဲနှင့်ကုလားထိုင်တစ်စုံလုံးသည် တောက်တောက်ပပ ရှိနေသည်။ သူကိုယ်တိုင် ပြန်၍ တောက်ပအောင် လုပ်ထားရပါသည့် ဆက်တီတစ်စုံ ..၊ စားပွဲခင်းသည် ပိတ်သားပန်းပွင့်ထိုးဖြစ်ကာ ကုန်တိုက်မှ သူ ရှာဝယ်ခဲ့ခြင်းပါ။ သုံးစုံ ဝယ်ခဲ့သည်။ အဖြူရောင် .. ပန်းရောင် .. အပြာရောင်..။ခု .. ခင်းထားသည်က အဖြူရောင် စားပွဲခင်း ..၊ ပန်းထိုးထားသည်ကနှင်းဆီပွင့်နီနီတွေ ဖြစ်သည်။ အရွက်အခက် စိမ်းမြမြထက်မှာ ကြွားဝင့်စွာ ပွင့်နေသည့် နှင်းဆီပွင့်များသည် အသက်ဝင်လှချေသည်တည့် ..။ ထိုစားပွဲထက်မှာ နှင်းဆီနီလေးတွေ ထိုးထားသော အပြာနုရောင် ဖန်ပန်းအိုးလေး ရှိနေသည်။

တတ်သလောက် သူ ပြင်ဆင်ထားသော အခန်းလေး ..။ မြိုင်ဘယ်နေ့ရောက်လာမည်ဆိုတာ သူ မသိနိုင်သည်မို့ .. နေ့စဉ်နှင့်အမျှ သူ တသသဖြင့် ကြိုတင် ပြင်ဆင်ထားရတတ်ပါသည့် ဧည့်ခန်းလေးသည် ..၊ ဤနေ့မှာတော့ သခင်မအသစ်လေးကို တွေ့ခွင့်ရခဲ့ချေပြီတကား။ သြော် .. လှပနုနယ်လွန်းသော သခင်မအသစ်လေးကို .. အံ့သြစွာပင် အခန်းထဲမှ နှင်းဆီပွင့်လေးတွေ ရင်သပ်ရှုမော ကြည့်ကြပါချေလိမ့်မည်။ ဤသို့ သူ ထင်သည်။ မြိုင် နှင့် ပတ်သက်လာလျှင် သူ့ခံစားချက်တွေက .. နူးညံ့နေတတ်တာ ..၊ စိတ်ကူးတရလည်း တွေးမိတတ်လာသည်အထိ ဖြစ်ကုန်နေရပြီတည့် ..။

"ဒီနေ့တော့ .. မြိုင် .. ခတ္တာမြိုင်ကို သွားလည်မယ်ဆိုပြီး ဖေဖေ့ကိုမနက်စာ ကော်ဖီပွဲမှာ ခွင့်တောင်းခဲ့တာ .. ဖေဖေက ဝမ်းသာနေရှာတယ်၊ မြိုင် ပြန်ပြီး နေကောင်းလာတာကိုပဲ ဝမ်းသာနေတာပါ ..၊ ခုမှ..



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟိုသည်သည် သွားလာချင်စိတ် ဖြစ်လာတာကိုပဲ တိုးတက်လာတဲ့ ကျန်းမာရေးပဲဆိုပြီး ဖေဖေ ကြည်နူးဝမ်းသာနေခဲ့ရှာတာပါ ..၊ ဘာကြောင့် မြိုင် စိတ်ပုံပုံကျ ဖြစ်သွားတာလည်းလို့ ဖေဖေ မေးခဲ့ဖူးပါတယ်.. မြိုင် မဖြေပါရစေနဲ့လို့ပဲ ငိုပြီး တောင်းပန်ခဲ့တာမို့ .. ဖေဖေ ဆက်မမေးတော့တာပါ၊ အဲဒီတုန်းက မြိုင် အိပ်ရာထဲ ပုံပုံလဲနေချိန်ပါ .. နောက်တော့လည်း မြိုင် ပြန်ပြီး ထူထူထောင်ထောင် ဖြစ်လာတာမို့ .. ဖေဖေ ကိုယ်တိုင်ကလည်း မြိုင် စိတ်ထိခိုက်ခဲ့တာတွေကို ပြန်မနှိုးဆွချင်တော့ သလို သဘောပိုက်ပြီး မေးကို မမေးတော့တာပါ ..၊ ဒါပေမယ့် တစ်ခုခု ပြင်းပြင်းထန်ထန် စိတ်ထဲ ခံစားခဲ့ရတယ်ဆိုတာကိုတော့ သိထားရှာပါတယ် .. တော်သေးတယ် မောင်ရယ် .. ဦးမှုန် က မြိုင် စောင်းကြီးပိုက်ပြီး ဆရာ့ဆီကို ရောက်ခဲ့တဲ့နေ့ .. အဲဒီနောက် မြိုင် အဲသလို ဖြစ်ခဲ့တာကို အမှတ်မထားမိဘဲ ရှိနေခဲ့တဲ့အချက်ပါပဲ .. မြိုင် ကလည်း ဆရာ့အိမ်က ပြန်တဲ့အခါမှာ တည်တည်ငြိမ်ငြိမ်ကြီး အရမ်းဖြစ်သွားတာ .. စိတ်ထဲ ကျေနေသမျှ .. အပြင်ဘက်မှာက အရမ်း အေးစက် ငြိမ်ကျနေခဲ့တာမို့.. ဦးမှုန် လည်း ဘာမှကို တစ်မျိုးတစ်မည် မထင်နိုင်ဘဲ ဖြစ်သွားခဲ့တာလေ .."

"မပြောနဲ့တော့ မြိုင် ရယ် .. မောင် .. အဲဒီနေ့က မှားခဲ့တဲ့အမှားကို ခုထိ .. နောင်တမပြေနိုင်သေးသလို ခံစားနေရတာပါ မြိုင် .."

မြိုင့် ကို သူ တားမိရပါ၏။ မြိုင် ကတော့ သူ့လက်မောင်းကြီးကို လက်ဖြင့် ဖေးကိုင်ထားရင်းမှ ရင်ခွင်ထဲ ခေါင်းလေး တစ်ချက်ခွေ့သည်။ သူ့ကို အရမ်းချစ်ရှာသည်ပဲဟု သိရင်း မြိုင့် ခေါင်းလေးကို လက်ဖြင့် ဖေးကိုင်ကာ ရင်မှာ အပ်ထားမိရသည်ပါပဲ ..။

"အဲဒါ .. မြိုင် .. ခတ္တာမြိုင်ကို ဟန်မပျက် အရင်ဝင်တယ်၊ ဒီနေ့မှာ ကားမောင်းပို့ပေးဖို့ မြိုင် ခေါ်ခဲ့တဲ့ ဦးမှုန် ကို ပြန်ခိုင်းတယ်၊ ရွှေရည် နဲ့ပဲ ပြန်လာမှာမို့ လာမကြိုနဲ့လို့ ပြောတာမို့ ဦးမှုန် ပြန်သွားတယ် ..





ပြီးတော့ .. မြိုင် .. ရွှေရည် နဲ့အတူ မောင့်ကို လာခေါ်တာပဲလေ .. ရွှေရည့် ကားနဲ့ပဲ တရားရုံးကို သွားပြီး လက်မှတ်ထိုး လက်ထပ်ခဲ့ကြပြီး ဒီနေ့ဟာ .. မြိုင် စိတ်ချမ်းမြေ့ရတဲ့နေ့ပါ မောင် .. မြိုင့် အချစ်ကို ယုံကြည်ပြီး .. မြိုင့် ကို မောင် ခုလို .. တမြတ်တနိုး လက်ထပ်တဲ့အတွက်.. မြိုင် .. ကျေးဇူးတင်ပါတယ် မောင် .."

သူ နင့်ခနဲ ခံစားရပါ၏။ မြိုင် သည် .. သူ့ကို ကျေးဇူးတင်သည်တဲ့လားလေ ..၊ ဆင်းရဲသည့်ဘဝထဲသို့ ဆင်းသက်လာသည်။ ဘဝချင်းခြားလွန်းသည့် သူ့ကို လက်ထပ်ခဲ့သည်။ ပြီးတော့ သူ့ကို .. ကျေးဇူးတင်စကား ဆိုရှာသည်တဲ့လားလေ .. မြိုင့် အချစ်ကို .. သူ သိရလေလေ .. ရင်ထဲမှာ ကြေကွဲလာရလေ .. မြိုင့် နှလုံးသားကို ကြေမွှအောင် သူ လုပ်ရက်ခဲ့ဖူးသည်။ ဤအတွက် .. သူ .. ဘယ်တော့မှ .. သူ့ကိုယ်သူ ခွင့်လွှတ်နိုင်မှာ မဟုတ် ..၊ မြိုင် ကတော့ အိမ်လေးကို ဝေ့၍ ကြည့်သည်။ ပြုံး၍လည်း သူ့ကို မော့ကြည့်သည်။

"အရင်တစ်ခေါက် မြိုင် ရောက်ခဲ့တဲ့ အိမ်လေးနဲ့တော့ တခြားစီကို ဖြစ်နေသလိုပဲ ဆရာရယ် .. သဘော်အဆောင်နံ့လေးတောင် ကျန်နေသေးတယ်၊ ပြတင်းပေါက်တွေဖာအစ အသစ်သုတ်ထားတာကိုး .. အခန်းနံရံက အပြာရောင် .. ပြတင်းပေါက်ပေါင်တွေကျတော့ မီးခိုးရောင် .. ခန်းဆီးလေးတွေကလည်း အသစ်တွေချည်းပဲ .. မြိုင် .. မီးဖိုဆောင်ကို ကြည့်ချင်တယ် မောင် .."

ဟု ပြောတော့ သူ မြိုင့် လက်လေးကို ထွေးဆုပ်၍ မီးဖိုဆောင်လေးကို ခေါ်လာရသည်။ အိမ်ငယ်လေး၏ ဧည့်ခန်းကြမ်းပြင်နှင့် တစ်ဆင့်နိမ့်မီးဖိုဆောင်လေးသည် ကြောင်အိမ်အသစ်၊ ထမင်းစား စားပွဲဝိုင်းအသစ်၊ လက်စတစ်ထိုင်ခုံပုနိမ့်နိမ့်လေးတွေ အသစ်ဖြင့် ရှိနေသမျှ မြိုင် ရပ်၍ ကြည့်သည်။ လျှပ်စစ်မီးဖို နှစ်လုံး၊ ထမင်းပေါင်းအိုးအသစ် တစ်လုံး၊ ဟောင်းတစ်လုံး၊ စားအိုးစားခွက် ဒန်အိုးငယ်လေးတွေနှင့် ပန်းကန်းလ်



www.burmeseclassic.com

www.burmeseclassic.com



ဒယ်အိုးတစ်လုံးတို့ကို အားလုံး မြိုင် တစ်ခုချင်း လိုက်ကြည့်သည်။ သူက ဘေးမှ တကောက်ကောက် ပါ၏။

"ပိုက်ဆံ ကျန်သေးရဲ့လား ဆရာရယ် .."

ဟု မြိုင် တစ်ချက်ညည်းသည်။ သူ ရယ်လိုက်သည်ပါပဲ။ မြိုင့် ခေါင်းလေးကို ဖွဖွ သပ်ပေးကာ ...

"မြိုင် .. အနေမဆင်းရဲစေချင်ဘူး မြိုင် .. မီးဖိုဆောင်လေးကို မြိုင် မြင်ရအောင်ပဲ မောင် ပို့ပေးတာပါ .. ချက်တာပြုတ်တာက မောင် ပဲ ချက်ပြုတ်မှာ ...၊ မောင်က ချက်ပြုတ်နေကျ .. အသားတကျ ဖြစ်နေပြီ ...၊ မြိုင် ဘာမှ မလုပ်နဲ့ .. ပင်ပန်းမယ် ..."

တကယ့်ကို ကလေးလေးလို ခေါင်းလေးသပ်ပေးနေရင်း သူ ပြောတော့ မြိုင် မော့ကြည့်ရင်း ပြုံးသည်။

"မောင်က မြိုင့် ကို အထင်သေးတာကိုး .. မြိုင် က ချက်တတ်ပြုတ်တတ်ပါတယ် မောင်ရဲ့ .. အိမ်မှာ မြိုင် မီးဖိုဆောင် ဝင်ပါတယ်.. ကြော့ကြော့လေး မနေတတ်ပါဘူး မောင် .. ဒီနေ့ကစပြီး မောင့်မှာ အိမ်ရှင်မ ရှိပြီ .. မြိုင် ချက်ပြုတ်ကျွေးတာကို မောင် စားရမယ် .. ဒါ မြိုင့် ဘဂိန် .."

ဟု ပြောတော့ သူ ခေါင်းခါသည်။

"မဟုတ်ဘူး .. ဟိုမှာက သူဌေးစာတွေပဲ ချက်ခဲ့တာ .. မောင့်လို ဆင်းရဲသား မီးဖိုဆောင်မှာ မြိုင် ချက်ပြုတ်တတ်မှာ မဟုတ်ဘူး .. မောင် ချက်မယ် .. မောင့်အမိန့် .."

တစ်ယောက်နှင့်တစ်ယောက် ခေါင်းလေးခါ၍ တစ်ယောက် စကား တစ်ယောက် ခြေကန်ငြင်းနေရာမှ နောက်ဆုံးတော့ ပြိုင်တူ လှ[illegible]နဲ့ ရယ်မိကြ၏။

ကြည်နူးစရာပါလားလေ .. ဟု သူ ခံစားဖြစ်သည်။ မြိုင် ရယ်လိုက်တော့ ပို၍ ချစ်စရာကောင်းလာ၏။





"အမြဲ အဲသလို ရယ်မောနေရင် တော်ပြီ မြိုင် .. အဲဒါပဲ မောင် လိုချင်တာ ...၊ ခု .. မောင့်ကို မြိုင် လက်ထပ်လိုက်ပြီးပြီ .. မြိုင့် ဖေဖေ လိုက်လာပြီး ခွဲရင် ဘယ့်နှယ်လုပ်မလဲ .. မကြောက်ဖူးလား မြိုင် .."

တကယ်တော့ သူ ကြောက်နေခြင်း ...၊ ခုလို .. မြိုင့် ကို လက်ထပ် ပြီးချိန်မှာတော့ မြိုင့် ကို သူလည်း မခွဲနိုင် ...၊ အို .. လက်မထပ်ခင် ကတည်းကိုက မခွဲနိုင်ဘဲ ဖြစ်နေရပြီ။ မြိုင့် ကို သူ ချစ်သည်လေ ...။ တစ်ချိန်က မြိုင့် ကို နှင်ခဲ့ပေမယ့် .. မြိုင့် ကို ချစ်သောစိတ်က အရာရာ ကို ခုအချိန်မှာတော့ လွှမ်းမိုး အုပ်စီးသွားခဲ့ပြီ။ သူ .. သူ .. မခွဲနိုင်တာပဲ သိတော့သည်တည့် ...။

"မောင့်ကို မြိုင် မြင်လိုက်ကတည်းက အဲဒီ မေ့ မင်္ဂလာပွဲမှာ .. မြိုင် အရာရာကို မေ့သွားသလိုကို ဖြစ်သွားတာ .. မောင့်ကို ငေးကြည့် နေမိခဲ့တာပါ မောင် .. မောင်က အရမ်းအေးချမ်းတာ .. ရုပ်လေးကိုက အေးချမ်းပြီး ထင်းခနဲကို ဖြစ်နေတာ .. မောင့်အသားက ညိုပေမယ့် ဝင်းတယ် .. မျက်ခုံးထူထူကြီးနဲ့ .. မျက်တောင်ရှည်ရှည်စင်းစင်းတွေကို ပိုင်ထားတာ .. မောင်ကသာ မြိုင့် ကို မမြင်တာ .. မြိုင် က မောင့်ကို ခပ်နီးနီးနေရာကကို ငေးကြည့်နေမိတာပါ မောင်.. မေ့ မင်္ဂလာပွဲအတွက် မြိုင် တို့ရဲ့ ကြယ်စင်ဟိုတယ်မင်္ဂလာခန်းဆောင်ကို အခကြေးငွေ မယူဘဲ ကူညီခဲ့တဲ့ မြိုင် ဟာ .. မောင် စောင်းတီးရင်း သီချင်းဆိုနေတာကို ရပ်ငေးနေတော့လည်း ဘေးအပြင်ကတော့ .. သူငယ်ချင်းမင်္ဂလာပွဲ အတွက် .. ကြည်နူးပြီး ငေးနေတယ်လို့ ထင်ကြမှာပါပဲ .. ဒါပေမယ့်.. မြိုင် တစ်ယောက်ပဲ သိထားတာလေ .. မောင့်ကို မြိုင် ချစ်သွားတာ.."

မျက်တောင်မခတ် မြိုင့် ကို ငေးစိုက်ကြည့်နေမိရင်းမှ သူ့လက် ခဝါးတွေက မြိုင့် ခေါင်းလေးပေါ် အုပ်မိုး၍ ဖေးသက်၏။ သူ မသိခဲ့...၊ ဟုတ်သည် ...၊ သူ မသိခဲ့ ...။ မြိုင် သူ့ကို ထိုနေ့က ငေးကြည့်ခဲ့တာ .. ချစ်မြတ်နိုးခဲ့တာ ...၊ ဘာကိုမှ သူ မသိခဲ့ ...။ သူ့စိတ်အစဉ်က ချစ်သူကို



www.burmeseclassic.com

www.burmeseclassic.com

ပတ်ပျိုးထဲမှာ နစ်နေခဲ့သည်။ သူ တီးခတ်ရာ စောင်းမှာပဲ နစ်နေခဲ့သည်။ ခုကျတော့ မြိုင် ပြောသမျှ သူ ငြိမ်သက် နားထောင်ရင်း မြိုင့် ချစ်ခြင်းကို တန်ဖိုးဖြတ်မရနိုင်အောင် ဖြစ်နေရပါ၏။ ချစ်နေရပါ၏။

"မောင်က .. အဲဒီနေ့မှာ အဝါရောင် ပိုးတိုက်ပုံလေး ဝတ်ထားတယ် .. အဖြူရောင် လည်ကတုံးအကျႌလေးနဲ့ပေါ့.. ပုဆိုးက အညိုရောင် ပိုးကွက်စိတ် ပုဆိုးလေး .. အရမ်းကို လိုက်တာပဲ သိလား .. မောင့် အသား ညိုဝင်းဝင်းလေးက အဲဒီအဝတ်လေးတွေနဲ့ အရမ်းလိုက်တာ..၊ ပြီးတော့ .. မောင့်လက်ချောင်းလေးတွေက အရမ်းကို ရှည်သွယ်ပြီး လှနေတာလေ .. မောင် ဆိုတဲ့ ချစ်သမျှကို ပတ်ပျိုးကလည်း နားထဲကို စိမ့်ဝင်နေအောင် တိုးဝင်လာခဲ့တာပါ မောင် .."

သူ ထိုမင်္ဂလာပွဲမှာ ဘာဝတ်ခဲ့သည်ဆိုတာ သူကိုယ်တိုင်ပင် မေ့နေပြီ ..။ မမှတ်မိ ..၊ ဒါပေမယ့် မြိုင် က မှတ်မိနေသည်။ သူ .. မြိုင့် အချစ်ကို မမီနိုင်ဟု ခံစားလာရပါ၏။ သူ ဘယ်လောက်ချစ်သည်ဆိုစေ.. မြိုင့် အပေါ် သူ ချစ်သောအချစ်ထက် မြိုင့် အချစ်က ပိုနေသည်ဟု ထင်ယူလာရလောက်အောင် ကြာလေ .. မြိုင့် နှလုံးသားကို ပိုသိလာရလေ ဖြစ်ကုန်ရပါပြီတည့် ..။ သူ့စိတ်ထဲမှာ မြိုင့် ကို ရတ်ခနဲ ပါအောင် ထွေးပိုက်လိုက်ချင်သည်။ မြိုင့် နှုတ်ခမ်းနုနုလေးပေါ်မှာ သူ့ပါးကို ဖေး ကပ်ထားလိုက်ချင်သည်။

သူ့ကို ချစ်သောစကားတွေကို ပြောပြနေပါသည့် နှုတ်ခမ်းလေး သည် သူ့ပါးပြင်ကို နမ်းလိုက်သည်သို့ ရှိလိုက်စေချင်သည်။ ဒါပေမယ့် သူ့အချစ်တွေက မြိုင့် အချစ်ကို မမီချေပြီကောဟု ထင်လာမိရင်း သိမ်ငယ်သည်သို့ပင် မလုံမလဲ ခံစားလာရပြန်၏။

သူက .. သူက .. သူ့ကို ထိုမျှအထိ ချစ်သော မြိုင့် ကို နှင်ခဲ့ဖူးသေး သည် မဟုတ်ပါလား။ သူသည် မြိုင့် အချစ်နှင့်ပင် မထိုက်တန်သည်သို့ ခံစားလာရသည်။





မြိုင့် ကို လက်ဖဝါးလေးပင် ထွေးဆုပ်လိုက်ဖို့ မထိုက်တန်ဟု သူ ထင်လာမိသည်။ ခေါင်းယမ်းလိုက်မိရင်း ...

"မောင် .. မောင်ဟာ .. မြိုင့် အချစ်နဲ့ မထိုက်တန်တဲ့သူပါပဲ မြိုင် ရယ် .. မြိုင့် အပေါ်မှာ မောင် အသည်းမာမာနဲ့ ဆက်ဆံပြခဲ့တယ်.. လေသံပြင်းပြင်းနဲ့ ပြောခဲ့တယ် .. မောင့်ကြောင့် မြိုင် အလူးအလဲ ခံစား ရင်း .. ဆေးရုံရောက်ရတဲ့အထိ သေကောင်ပေါင်းလဲ ဖြစ်သွားရတယ်..၊ မောင်လေ .. ခုအချိန်မှာ .. အပြစ်ကြီးတစ်ခုဆိုတဲ့ အရိပ်ကြီးအောက်က ရုန်းမလွတ်တဲ့သူ .. ရုန်းခွင့်ပျောက်ဆုံးနေတဲ့သူ .. အဲဒီအပြစ်ကြီးရဲ့ ပေးတဲ့ဒဏ်ကို တစ်သက်ခံလို့ မကုန်နိုင်အောင် ကြွေးရှည်လျားနေတဲ့သူ လို့ ခံစားရတယ် မြိုင် .. မြိုင့် အပေါ် ဆပ်ရမယ့် အပြစ်ကြွေး ဆိုပါတော့၊ ကိုယ့်အပေါ် အလွန်ချစ်တဲ့သူအပေါ်မှာ .. ဆပ်ရမယ့် အပြစ်ကြွေး ရှည် လျားတဲ့ကာလဆိုတာက .. တစ်သက်ပါပဲ မြိုင် ရယ် .. မောင် မတရား ခဲ့ဖူး မြိုင် .. မြိုင့် အပေါ် မောင် မတရားခဲ့ဘူးကွယ် .."

မြိုင့် လက်ချောင်းနုနုလေးတွေက သူ့နှုတ်ခမ်းမှာ ဖေးတင်လာ သည်။ သူ့လက်ကိုဆွဲ၍ ထိုင်ခုံပုလေးတစ်လုံးစီမှာ ယှဉ်၍ မြိုင် ထိုင် သည်။ သူ့လက်ကို မလွှတ်သေး ..။

"မောင့်ကို မြိုင် အထင်ကြီးတာ အဲဒါပါပဲ မောင် .. မြိုင့် ချမ်းသာ ဥစ္စာကို မောင် လုံးဝ စိတ်မဝင်စားတာကိုက .. မောင့်ရဲ့ ချစ်ဖို့ကောင်း တဲ့ ဖြူစင်ရိုးသားမှုပဲ ..၊ စောင်းပညာကို တကယ် စိတ်မဝင်စားဘဲ မောင့်ကို မြင်ချင်တဲ့စိတ်နဲ့ မြိုင် မောင့်ရှေ့ ရောက်လာချိန်မှာလည်း .. မြိုင် ညှဲလွန်းနေလို့ ဆူခဲ့တဲ့ မောင့်မျက်နှာမှာ .. တပည့်ကို တတ်စေချင် တဲ့စေတနာပဲ ရှိတယ် .. မောင့်စိတ်ထဲမှာ မြိုင် ချမ်းသာတာတွေ ဘာတွေ အာရုံထဲကို မဝင်ဘဲ ရှိနေခဲ့တာပဲ .. မြိုင် လှတယ်လို့ လူတိုင်းက ပြော ကြပေမယ့် အဲဒီ လှတာကိုလည်း မောင် စိတ်မဝင်စားခဲ့ဘူး .. မောင့် စိတ်ထဲမှာက စောင်းမတီးတတ်နိုင်ဘဲ ညှဲလွန်းအားကြီးနေတဲ့ မြိုင့်


www.burmeseclassic.com

www.burmeseclassic.com



အပေါ် မချင့်မရဲနဲ့ ဖြစ်နေတာပဲ ရှိခဲ့တာ .. ဆူဖို့ပဲ ဖောဝင်နေတာ ..၊ မောင်ဟာလေ .. အရမ်းကို အဖြူထည်သက်သက် ဖြစ်နေတာ သိလား.. ခုလည်း .. မြိုင့် အချစ်နဲ့ မထိုက်တန်ဘူးလို့ ဖြစ်နေရပြန်ပြီ .. ဒုက္ခပါပဲ မောင်ရယ် .. မောင်က မြိုင့် ကို မချစ်ဘဲ လက်ထပ်ပါမလား .. ချစ်လွန်းလို့ လက်ထပ်တာပဲဥစ္စာ .. မောင့်လိုလူမျိုးက မချစ်ဘဲ ဘယ်တော့မှ မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူမယ့်လူမျိုးမှ မဟုတ်တာ ..၊ ဒီမှာ မောင် .. လက်ထပ်လိုက်ကြပြီဖြစ်တဲ့သူ နှစ်ယောက်မှာ .. ဘယ်သူက ဘယ်သူ့ထက် ပိုချစ်တယ် .. ဘယ်သူက ဘယ်သူ့လောက် မချစ်ဖူးဆိုတာမျိုး အချစ်ပြိုင်နေကြတာထက် .. တစ်ယောက်နဲ့တစ်ယောက် ခွဲမရအောင် ချစ်ကြတယ်ဆိုတာကို ခံစားနေကြရင် ပြည့်စုံနေပါပြီ မောင် .. အဲဒါ အရေးကြီးတာပါ ..၊ မြိုင့် အတွက် အရေးအကြီးဆုံးဟာ မောင်နဲ့ မခွဲရဖို့ ဖြစ်သလို .. မောင့်အတွက် အရေးအကြီးဆုံးဟာလည်း မြိုင် နဲ့ မခွဲရဖို့ပါပဲ မောင် ..''

မြိုင် ပြောတော့ သူ မြိုင့် ရှေ့ ကြမ်းပြင်နေရာမှာ ဒူးလေးထောက်၍ ရှေ့တည့်တည့်မှာ ထိုင်မိသည်။ မြိုင့် မျက်နှာလေးကို တစိမ့်စိမ့် ကြည့်မိသည်။ နဖူးပြင်လေးကို နမ်းမိသည်။ မြိုင့် လက်လေးတွေကလည်း သူ့ပခုံးပေါ် ဖေးတင်လာသည်။ သူ့နဖူးပေါ် မြိုင့် နှုတ်ခမ်းလေး ဖေးတင်လာသည်။ အလွန်တရာကိုမှ နူးညံ့ကာ ပန်းဝတ်လွှာလေးပမာ အိနေသော နှုတ်ခမ်းလေးသည် သူ့နဖူးပေါ် ဖေးဖေးသက်သက် ..။

ဤအနမ်းတစ်ပွင့်ကို .. သူ ရင်နှင့်ရင်း၍ .. နှလုံးသားမှာ သိမ်းဆည်းရချေသည်တကား ..။

''ဖေဖေ .. ဘယ်လိုမှ .. လာခွဲလို့ မရပါဘူး မောင် ..''

စောစောက သူ မေးခဲ့သည့်စကားကို နူးညံ့လွန်းစွာပဲ မြိုင် .. ခုဖြေလာပါချေသတည်း ..။ ဤစကားလေးကိုလည်း .. သူ .. နှလုံးသားမှာ ထပ်မံ၍ သိမ်းဆည်းမိရပြန်ချေ၏။





ချစ်လိုက်ရချေသည်ကော မြိုင် .. ဟု ရင်တွင်းမှ စကားလုံးတွေ လျှံကျနေချေသမျှ သူ မတားဆီးနိုင်ဘဲ ဖြစ်နေကာ .. မြိုင့် ကိုယ်လေးကို သိမ်းကျုံးပွေ့ငင်လိုက်မိသည်က ဤတစ်ကြိမ်မှာတော့ အားအင်ပါလေ၏။ မြိုင့် လက်လေးကိုလည်း သူ့နှလုံးအိမ်နှင့်နီးကပ်သည့် ရင်မှာ ဆွဲအပ်ထားလိုက်ရင်း ...

''မြိုင့် စကားတွေက .. ဟောဒီ မြိုင့် လက်လေးတွေဆီကို မြိုင့် သွေးကြောလေးတွေဆီက စီးမျောရင်း .. မောင့်ရင်ဘတ်ထဲကို စီးဝင်သွားကြပြီ မြိုင် .. မြိုင် သိပါ .. သိထားပါ မြိုင် .. မြိုင့် စကားလုံးတိုင်းကို မောင် ရင်ထဲမှာ .. နှလုံးသားထဲမှာ သိမ်းထားတယ် .. မြိုင် .. မောင့်ကို မခွဲဘူးဆိုတဲ့ စကား .. မောင့်စကားကိုလည်း မြိုင့် နှလုံးသားမှာ သိမ်းထားပါ၊ အခု .. မောင့်နှလုံးသားထက်မှာ ဖေးကပ်ထားတဲ့ မြိုင့် လက်ချောင်း .. လက်ဖဝါးလေးတွေဆီကတစ်ဆင့် .. မောင့်နှလုံးသားဆီက စီးမျော တိုးဝင်နေကြပြီဖြစ်တဲ့ စကားကို သိမ်းထားပါ ..၊ မြိုင့် ကို မောင် .. ချစ်တယ် မြိုင် .. မခွဲဘူး မြိုင် ..''

ဟု ပြောတော့ မြိုင် မျက်ရည်ကျလာသည်။ သူ့ရင်မှာ ခေါင်းလေး အပ်ထားရင်း သူ့ကျောပြင်ကို သိုင်းငင် ဖက်ထားသည်။

''မောင် .. မောင့်ကို မြိုင် စတွေ့တုန်းက ကြားခဲ့ရတဲ့ ချစ်သမျှကို ပတ်ပျိုးကို တီးပြ ဆိုပြပါလား မောင် .. ခုလေ .. မြိုင် တကယ့်ကို စောင်းကိုလည်း မြတ်နိုးနေတတ်ပါပြီ .. မြိုင် အဖြစ်ချင်ဆုံးဆန္ဒတစ်ခု ရှိနေသေးတယ် မောင် .. မောင့်ရှေ့မှာ စောင်းလေးကို ပိုက်ပြီး .. မြိုင် ချစ်သမျှကို ပတ်ပျိုးကို ဆိုပြနိုင်တဲ့ဘဝ ရောက်ချင်တယ် မောင်ရယ်.. မြိုင် စတင် ဆုံတွေ့ခွင့်ရခဲ့တဲ့ အဲဒီနေ့လေးမှာ မောင် ဆိုခဲ့တဲ့ .. ချစ်သမျှကို .. ကိုပေါ့ ..''

ဟု ပြောလာတော့ သူ မြိုင့် ကို ပခုံးလေးပေါ် လက်ကို ဖေးတင်၍ စည့်ခန်းသို့ ခေါ်လာမိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းမှာ သူ ထိုင်သည်။ မြင့် ကိုလည်း သူ့ရှေ့မှာ ထိုင်စေသည်။ စောင်းတင်ရာ စင်ကလေးက သူ့ဘေးမှာ ..။ သူ စောင်းကို ယူ၍ ရင်မှာ ပိုက်၏။ နောက်တော့ .. ချစ်သမျှကို ပတ်ပျိုးကို သူ စောင်းတီး၍ ဆိုပြမိရပါချေသည်တကား ..။

မြင့် သည် မျက်တောင်မခတ် သူ့ကို ကြည့်နေရာမှ လက်ဖျားလေးဖြင့် သူ့မျက်တောင်ကို လှမ်းတို့သည်။ သူ့ရင် နွေးခနဲ ဖြစ်၏။ ချစ်လွန်း၍ လက်ဖျားလေးနှင့် လှမ်း၍ တို့ထိခြင်းဆိုတာ သူ သိနေသည်။ သူ ကံကောင်းချေသည်ကောလေ ..။ သူ့ကို အလွန်ချစ်သော မြင့် နှင့် ဘဝတစ်ခုမှာ သက်ဆုံးတိုင်မျှ နေခွင့်ရသည့်ဘဝကို ပိုင်ဆိုင်ရ၍ ..။ ပြီးတော့ မြင့် အချစ်ကို သူ .. ပိုင်ဆိုင်ရ၍ ..။

"ချစ်သမျှကို ×× မြင်းမိုရ်ရွှေတောင်လုံးသာပလေ ×× လေးဆူဒီပါ ×× သီတာရေမြေ ဆုံးစေတော့လေး ××"

ချစ်သမျှကို သစ္စာတိုင်ပတ်ပျိုးသည် စောင့်သံနှင့်အတူ လွင်လွင်သာသာ ရှိ၏။ ဩော် ... သူ၏ ချစ်သမျှကို .. သစ္စာတိုင်၍ အစ်နှင်းရပါသည့် ချစ်ရသူလေးသည်လည်း သူ၏တေးသံ ..။ သူ၏ စောင်းသံကို မြတ်နိုးမက်မပြေစွာ .. နားထောင်နေချေသည်တကား ..။ စောင်းတော်သံကဖြင့် .. သာလှချေသည်တည့် ..။





## အခန်း (၈)

"အစ်ကိုကြီးကတော့ မြင့် ခုလို ဆရာနဲ့ လက်ထပ်ဖြစ်တာဟာ အန်တီစိမ့် တို့ သားအမိကြောင့်လို့ ခပ်ရှင်းရှင်းပဲ အိမ်မှာ လာပြောသွားတယ် မြင့် .. တကယ်လည်း အစ်ကိုကြီး ပြောတာ မှန်နေတာပါပဲ ..။ မြင့် အသက်ထက် ပိုပြီး တန်ဖိုးရှိတဲ့အရာ ဘာမှ မရှိပါဘူး အစ်ကိုကြီး ရယ်လို့ အန်တီစိမ့် ဖြေခဲ့ပါတယ် ..။ အစ်ကိုကြီးကတော့ ပြောတယ် မြင့် .. ခုလို အလွှာချင်း အလွန်ခြားတဲ့ လူတစ်ယောက်ကို လက်ထပ်မှ မြင့် အသက်ရှင်မယ်ဆိုရင် .. သူ .. မြင့် ကို အသေခံလိုက်ပါ့မယ်တဲ့၊ ဘာလို့လဲဆိုတော့ မြင့် ဟာ အဲဒီဘဝမှာ ကြာရှည် ရပ်တည်နိုင်မှာ မဟုတ်လို့ပါပဲတဲ့ .. ပျော်နိုင်မှာလည်း မဟုတ်ဘူးတဲ့ ..။ အဲဒါကို သူ အသေအချာ သိတယ်တဲ့ .. မြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ရင်ဆိုင်ရမယ့် ရှေ့ခရီးတစ်ခုကို သူ ကြိုမြင်ထားတာမို့ .. အဲသလို စိတ်ဆင်းရဲတာကို ရင်စည်းခံစားနေရမှာထက် သေသွားတာကမှ ကောင်းဦးမယ်တဲ့..၊ သူကတော့ အဖေတစ်ယောက်အနေနဲ့ မြင့် ကို အလိုလိုက်ခဲ့သမျှ .. ချစ်ခဲ့သမျှ .. ခုလို ရင်ကို စုန်ကန်သွားတဲ့ကိစ္စကိုတော့ စိတ်နာတယ်တဲ့၊ အဲသလို ပြောတယ် .. ဒါပေမယ့် အစ်ကိုကြီး ပြောတာ တစ်ခုရှိတယ်.. အမွေပြတ်တော့ ဘယ်တော့မှ မကြေညာဘူးတဲ့ .. သူ့သမီး တစ်ရေး



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ကို မျက်ရည်စက်လက်နဲ့ ရောက်လာမှာကိုလည်း သိနေတယ်တဲ့ ..၊ ခုအချိန်မှာ ခွဲရင်လည်း အကွဲခံမှာ မဟုတ်တဲ့အတူတူ .. မြိုင့်ကို ဆရာနဲ့ လိုက်လည်း မခွဲဘူးတဲ့ .. မြိုင့် ကို ပြန်လည်း မခေါ်ဘူးတဲ့၊ ဒုက္ခဆိုတာ သိပေ့စေတဲ့ .. အဲသလို ပြောတယ် မြိုင် ..''

ခတ္တာမြိုင်၏ဒေသနခန်းသည် အန်တီစိမ့် စကားအဆုံးမှာ အတန်ကြာမျှ ငြိမ်သက်နေ၏။ ဘယ်သူ့ဘယ်သူမှ စကားဆက်လာတာမျိုး မရှိခဲ့။ မြိုင် လည်း မျက်ရည်ဝေ့ရင်း ငိုင်နေသည်။ သူလည်း ရင်ထဲမှာ မကောင်း ..၊ မြိုင့် အဖေ မမှားပါ ..၊ ပြောတာတွေ မှန်နေသည်တည့်..၊ သူ့ထံမှာ မြိုင် အဘယ်အတိုင်းအတာထိ ဆင်းရဲဒုက္ခကို ခံနိုင်မည် မသိ၊ မြိုင် ကတော့ အချစ်ကို သက်ဝင်အားကိုးစိတ်ဖြင့် ခံနိုင်ရည်ရှိမည်ဟု ခုထိတော့ ခံယူ ယုံကြည်နေဆဲ ..။ ဒါပေမယ့် သူကတော့ တစ်နေ့မှာ မြိုင် ခံနိုင်ရည်မရှိဘဲ ဖြစ်ကုန်မှာကို စိုးရိမ်နေမိရပါ၏။ ထိုအခါ မြိုင်သည် မြိုင့် ဖေဖေပြောသည့် စကားနှယ်ပင် ရှိလိမ့်မည်။ စိတ်ဆင်းရဲခြင်းကို ပထမပိုင်းမှာတော့ မျိုသိပ် ကြိတ်မှိတ် ခံစားချေလိမ့်မည်။

နောက်တော့လည်း သူ၏ အိမ်ငယ်လေးတစ်လုံးမှာ ..၊ သေးငယ်သော မီးဖိုဆောင်လေးတစ်ခုမှာ ..၊ ထိုမီးဖိုဆောင်လေးမှာ ချက်ပြုတ်သည့် ဟင်းအမယ် နည်းနည်းလေးဖြင့် ..၊ အို .. အရာရာ ကွာခြားလွန်းနေသော ပတ္တမြားစံအိမ်နှင့် သူ့အိမ်ငယ်လေးဆီမှ မတူညီသော အရာမျိုးစုံ ကြားမှာ ကြာရှည်လွန်းစွာ ရင်ဆိုင် လက်ခံ ရပ်တည်ပေးဖို့ အလွန်တရာကိုမှ ခက်ခဲလာချေလိမ့်မည်။ သူ့ကို မြိုင် ချန်ရစ်ခဲ့မည်ဆိုစေဦး သူ ရင်ကွဲကျန်ခဲ့သမျှ သူ တစ်ယောက်ပဲ ခံစားလိုက်တော့မည်။ မြိုင် စိတ်ချမ်းသာလျှင် အရာရာကို သူ စွန့်လွှတ်နိုင်ပါသည်။

သူ၏အချစ် ..၊ သူ့မြတ်နိုးမှုများ .. သူ့စိတ်ချမ်းမြေ့မှုများ ..၊ သူ၏ချစ်သော မြိုင် ..၊ အားလုံးကို မြိုင့် စိတ်ချမ်းသာမှု တစ်ခုအတွက်ဆိုလျှင် သူ .. ပေးဆပ်နိုင်ပါသည်။





''မြိုင် လက်ထပ်လိုက်ပြီဆိုတာကိုလည်း အန်တီစိမ့် ပဲ ဖုန်းဆက်အသိပေးခဲ့တာပါ ..၊ ဘာလို့လဲဆိုတော့ အသိပေးအပ်တယ်လို့ မှတ်ယူလို့ပါပဲ မြိုင် .. ထင်တဲ့အတိုင်း အစ်ကိုကြီး ရောက်လာတယ် .. ပြောစရာရှိတာလည်း ပြောသွားတယ် .. မျက်ရည်လည်း ကျသွားတယ် .. အဖေကို မျက်ရည်ကျအောင် လုပ်တဲ့ သမီး .. အဖေ့မျက်ရည်တွေ မြိုင့်အပေါ် မအုပ်စည်းပါစေနဲ့တဲ့ ..၊ အဲသလိုတော့ ပြောသွားတယ် မြိုင်..၊ ပြန်သွားချိန်ထိ .. မြိုင့် ကို ပြန်ခေါ်မယ်လို့တော့ ပြောတာမျိုး မရှိခဲ့ဘူး၊ မြိုင် ပြန်လာလိမ့်မယ်လို့ပဲ တရားသေ သတ်မှတ်ပြီး ပြောသွားတာပဲ ရှိခဲ့တယ် ..''

အန်တီစိမ့် ထပ်ပြောခဲ့မှာ သူ မြိုင့် ကို ကြည့်မိသည်။ ဤနေ့မှာ သက်ထပ်သည်၊ ညနေဘက်မှာ အန်တီစိမ့် ကို ကန်တော့ဖို့ လာခဲ့ကြခြင်း ..။ လက်ထပ်စဉ်ကလည်း လက်ထပ်စာချုပ်မှာ အန်တီစိမ့် မိဘအရာဖြင့် လက်မှတ်ထိုးပေးခဲ့သည်ပဲ။ ပြီးတော့ ရွှေရည် ..၊ သူ့ဘက်ကတော့ အိမ်နီးချင်း ဘဘမောင် နှင့် ဦးကြီးအောင် တို့ကိုခေါ်၍ လက်မှတ်ထိုးစေခဲ့ရပါ၏။ သူ့ စောင်းသင်တပည့်များ၏ ဖခင်များပါတည့် ..။

ညနေဘက်မှာ ဘဘမောင် နှင့် ဦးအောင် တို့အိမ်ကိုလည်း သူနှင့် မြိုင် တို့ သွားကန်တော့ခဲ့ကြသည်။ ပြီးတော့ အန်တီစိမ့် အိမ်သို့ လာခဲ့ကြခြင်း ..၊ ခတ္တာမြိုင်မှာတော့ အနေကြာမည်မို့ နောက်ဆုံးမှ လာခဲ့ရခြင်းပါ။

''မြိုင် .. အချိန်မနှောင်းသေးတာမို့ ပြန် စဉ်းစားချင်တယ်ဆိုရင် စဉ်းစားပါ မြိုင် ရယ် .. ဒီနေ့မှ မောင်တို့ လက်ထပ်ဖြစ်ကြတာ ..၊ မောင်နဲ့ မြိုင့် ဘဝမှာ .. မြိုင် ခွဲထွက်မယ်ဆိုရင် အခွင့်သာနေပါသေးတယ်၊ မြိုင် မြင်ခဲ့တဲ့အတိုင်း .. မောင်က ဆင်းရဲတယ် မြိုင် .. မြိုင့် အဖေ ပြောသလို နောက်တော့မှ သောကကို ကြိတ်မှိတ် ခံစားနေမှာ မောင် သနားတယ် .. မကြည့်ရက်ဘူး .. စိုးရိမ်တယ် မြိုင် ..''



www.burmeseclassic.com

www.burmeseclassic.com



မြိုင် ဆတ်ခနဲ သူ့ကို ကြည့်သည်။ ငိုင်နေသည့် အငိုင် ..။ မှိန်နေသည့်မျက်ဝန်းတွေသည် ရုတ်ခြည်း ပြောင်းလဲကုန်၏။ မျက်ဝန်းတွေ လက်တောက်လာသည်။ အကြည့်သည် စူးစူးရှရှ နိုင်၏။

"မောင် .. တကယ်ပြောနေတာလား .. မြိုင့် ကို နှင်နေတာလား..၊ ဒီမှာ မောင် .. မောင့်ကို လက်ထပ်ခွင့်ရဖို့ အခွင့်အရေးကို မြိုင် ဘယ်လောက်ထိ ပတ္တမြားစံအိမ်မှာ စောင့်နေခဲ့ရတယ် .. ဒီနေ့ ထွက်လာချိန်ထိ ဖေဖေ မရိပ်မိပါစေနဲ့လို့ ဘယ်လောက်ထိ ထိတ်လန့် စိုးရိမ်ခဲ့ရတယ်ဆိုဟာ မောင် သိဖို့ ကောင်းတယ်၊ မြိုင့် ကို .. ဘယ်သူ နားလည်လည်.. မလည်လည် မောင်ကတော့ နားလည်ပေးသင့်တယ်၊ မြိုင့် အချစ်က ဒီလောက်ထိ နေ့မကူးအောင် မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲသွားနိုင်မယ်တဲ့လား .. မောင့်အိမ်ငယ်လေးကို မြိုင် မမြင်ဖူးခဲ့တာမှ မဟုတ်ဘဲ.. မောင် မချမ်းသာတာကို မြိုင် မသိခဲ့တာမှ မဟုတ်ဘဲ ..၊ မြိုင် ချစ်လို့.. မခွဲနိုင်လို့ မောင့်ကို လက်ထပ်တာပါ ..၊ အခု နေ့မကူးသေးဘူး.. မောင် သတ္တိကြောင်နေပြီလား .. မြိုင့် အချစ်ကို အထင်သေးနေပြီလား ..၊ မြိုင့် ကို နှင်နေပြီလား မောင် .."

ဆက်တိုက် ပြတ်ပြတ်သားသား မြိုင် ပြောကာ မျက်ရည်ကျလာတော့ သူ့မှာ နေစရာပင် မရှိ ..။ မြိုင့် မျက်ရည်စက်ကို ရင်ဆိုင်နိုင်စွမ်းမည့်နေရာကို သူ ရှာမတွေ့နိုင် ..၊ သူ့နှလုံးသားက သူ့ကို အပြစ်တင်နေပြီ ..၊ မြိုင့် ဘေးမှာ သူ ထိုင်နေရင်း ခေါင်းသည် ငိုက်ခနဲ ကျ၏။

"ဆင်းရဲသားတစ်ယောက်ရဲ့ ရင်ထဲက အချစ်ကိုလည်း မြိုင် .. နားမလည် ᠁ ပါ မြိုင် ရယ် .."

ဟု ပြောလိုက်ချင်သည်။ ပြောရန် အားအင်မကျန်အောင် ဖြစ်နေရရင်း လည်ချောင်းသည် ဆို့ကျပ်နေ၏။ မြိုင့် လက်က သူ့လက်ပေါ် ဖေးတင်လာသည်။ သူ .. ငြိမ်နေသည်ပါပဲ ..။

"မြိုင် .. မြိုင် .. စကားမှားသွားတယ် မောင် .. မောင် .. မြိုင့် ကို





ချစ်လို့ ပြောတယ်ဆိုတာ မြိုင် သိပါတယ် မောင် ..၊ ဒါပေမယ့် မြိုင် ရုတ်တရက် ခံစားရတာတွေ လွှတ်ချ ပြောမိလိုက်တာပါ ..၊ တကယ်ဆိုခဲ့သလို .. မြိုင် .. မောင့်ကို မပြောသင့်ပါဘူး .."

ဟု ပြောလာတော့ ခွင့်လွှတ်နိုင်လွန်းသည့် မြိုင့် ကို သူ ရုတ်ခနဲ ကြည့်မိသည်။ မျက်ရည် ဝေတက်လာနေရင်းမှ ...

"မြိုင် .. မောင့်လို လူ့ငမွဲတစ်ယောက်ကို ဒီလောက်ထိ အောက်ကျို့ခယ ပြောနေဖို့ဆိုတာ မတန်ပါဘူး မြိုင် ရယ် .. မြိုင် .. မောင့်ကို လက်ထပ်တာ မှားနေပြီ ထင်တယ် .. မြိုင် ဒုက္ခရောက်လိမ့်မယ် .. မောင် .. မြိုင့် ကို ထပ်ပြောချင်တယ် မြိုင် .. မောင်ရော မြိုင် ရော .. ရှေ့နောက် မဆင်မခြင် ဖြစ်ခဲ့ပြီထင်တယ် .. ချစ်တဲ့ဇော တစ်ခုနဲ့ လက်ထပ်မိခဲ့ကြပြီ၊ ဒါပေမယ့် အချိန်မလင့်သေးဘူး မြိုင် .. ဘယ်သူမှလည်း သိသူသိ မရှိကြသေးဘူး .. မောင် နဲ့ မြိုင် ဟာ ဘဝလက်တွဲဖော်အဖြစ် ဆိုက်သင့်တဲ့သူနှစ်ယောက် ဖြစ်နေတယ်ဆိုတာ မြိုင့် ဖေဖေ ပြောတာ မှန်နေတယ် ..၊ မြိုင် မောင့်ကို မညှာပါနဲ့ .. မြိုင့် နှလုံးသားကိုလည်း ညှာလိုမလိုက်ပါနဲ့ .. အချစ်ဆိုတာ တစ်ခါတစ်ခါမှာ နောက်တန်းမှာ ထားသင့်တာမျိုး ရှိတတ်တယ်ဆိုတာကို မောင်တို့နှစ်ယောက်စလုံး အချိန်မီ နားလည်လိုက်သင့်ကြပြီ ..၊ တကယ်တော့ မောင် မှားတာ .. မောင် ဒီနေရာက .. မောင့်အိမ်လေးက .. အစောကြီးကတည်းက ထွက်သွားသင့်တာ .. မောင်က လူမိုက် ဖြစ်နေတယ် .. လူမိုက်အားပေးမိနေတယ် ..၊ မြိုင် မိုက်တယ်ထား .. မောင်က အားမပေးသင့်ဘူး..၊ အခုတော့ .. အိမ်လေးကို အလှတွေ ဆင် .. မီးဖိုဆောင်လေးကို ပစ္စည်းတွေ ဖြည့် .. ရေချိုးခန်းလေး ဆောက်တာတွေ လုပ်ပြီး လူမိုက်လုံးလုံး လုပ်နေတာပါ မြိုင် ..၊ တကယ်တော့ .. မြိုင် ပြန်ကျန်းမာလာချိန်မှာ မောင် ဒီမှာ မရှိတော့ဘဲ မြိုင့် ကို ချန်ခဲ့တဲ့သူအဖြစ် ရှိနေသင့်တာ ..၊ မြိုင် ထားသွားတာမျိုး ခံယူသင့်တာ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောပြီး ဝရန်တာနေရာလေးဆီသို့ ရုတ်ခနဲ ထွက်ခဲ့မိရပါ၏။

ရှေ့ခရီးသည် မြိုင့် အတွက် ဒုက္ခသက်သက် ဖြစ်ချေတော့မည် ဆိုတာ သိလာရလေလေ ..၊ ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံး နိုင်ပဲ ယူကျုံးမရ ဖြစ်လာရလေလေ့ ..။

"ငါ တွေဝေတာ .. ငါ တွေဝေတာ .. မြိုင် ဆေးရုံမှာ ခံစားရတာ မမြင်ရက်တဲ့စိတ်နဲ့ ငါ မြိုင့် ကို လက်ထပ်ဖို့အထိ မိုက်မိုက်မဲမဲ ဆုံးဖြတ် ခဲ့မိတာ .. တကယ်တော့ မြိုင် က မိုက်တယ်ထား ..၊ ငါ .. ငါက - ငါ့ဘဝကို နားလည်ရမှာ ..၊ အဲဒီလို ဆေးရုံမှာ မြိုင် ရှိနေတုန်းတော့ ခဏ .. စိတ်ချမ်းသာအောင် ကတိတွေပေးခဲ့ပြီး .. မြိုင် ကျန်းမာလာချိန် မှာ .. ငါ .. ဒီက ထွက်သွားသင့်တာ .. ငါ မှားပြီ ..၊ ငါ .. အမှားကြီး မှားပြီ .. ငါက .. မြိုင့် ထက် အသက်ကြီးတယ် .. မြိုင် က ငယ်လို့ မိုက်တယ်ထား .. ငါက .. ဆင်ခြင်ရမှာ .."

သူ အတွေးတွေဖြင့် ငိုင်နေမိရဆဲ..၊ သူ့ဘေးမှာ လူရိပ်လေး ရောက် လာသည်။ သွယ်နွဲ့နွဲ့ မြိုင် ပဲ ဖြစ်ပါ၏။ မြိုင့် လက်က သူ့လက်မောင်း ကို ဖေးကိုင်လာသည်။

"မြိုင် ကတော့လေ .. ကြာလေ .. မောင့်ကို ပိုအထင်ကြီးလာ လေ .. ပိုချစ်လာရလေပါ ..၊ မြိုင့် ကို ချစ်လွန်းလို့ ပြောတယ်ဆိုတာ - မြိုင် သိတာပေါ့ မောင် .. မြိုင် ဖေဖေ့ဆီ ပြန်သွားရင် မောင် ပျော်ပြီ ကျန်ခဲ့မှာမှ မဟုတ်တာ .. မြိုင့် ကို အမြဲ သတိရနေမယ် .. လွမ်းနေမယ် စိတ်ထဲ ထိခိုက်နေမယ်ဆိုတာတွေ မြိုင် သိတာပေါ့ မောင် .. အဲဒါ - အချစ်ပါပဲ မောင်ရယ် .. ချစ်ရတဲ့သူရဲ့ ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ ချစ်တတ်သူရဲ့ နှလုံးသားက အလိုလို ဖတ်ရှုနိုင်တယ် မောင် .."

သူ .. ရင်ထဲ ဆို့လာရသည်။ မြိုင့် ဘက်ကို လှည့်လိုက်မိသည်။ ဖြူဥဥနှင့် အလွန်လှသော မြိုင် သည် သူ့ကို မော့၍ ပြုံး၍ .. ခွင့်လွှတ် ၍ .. ကြည့်နေချေသည်တကား ..။





သူ .. သူ .. မြိုင့် ကို ရင်ခွင်ထဲ ရုတ်ခနဲ ပွေ့ငင်မိသည်။ မျက်ရည် လည်း ကျလာသည်။ မြိုင့် ခေါင်းလေးပေါ် မေးဖျားကို တင်ထားမိ သည်။ ဆံစလေးတွေကို ငုံ့နမ်းမိသည်။

"ခက်ပြီကော မြိုင် ရယ် .. ဟင် .. ခက်ပြီကော .. မောင်ကလည်း.. မောင်ကလည်း .. မြိုင့် ကို ချစ်သမှလေ .. မြိုင် အတွက်ပဲ စဉ်းစားဖို့ သက်သက် ဖြစ်နေသလိုပါပဲ မြိုင် ရယ် .. မြိုင် .. မောင့်ကို ချစ်သလို.၊ မောင်ကလည်း မြိုင် ကို ချစ်နေမိတာပါပဲ .. အဲဒီအချစ်တွေကြောင့် .. ခက်ကြပြီကော မြိုင် ရယ် .. ဟင် .."

ဟု ညည်းမိရပါ၏။ လက်တွေ့မှာက သူက ဆောက်တည်ရာ ပျောက်အောင် ကြေကွဲခံစားနေရသူ ..၊ မြိုင် က တည်တည်ငြိမ်ငြိမ်ဖြင့် သူ့ကို ဖျောင်းဖျနေသူ ဖြစ်နေ၏။ ပြောင်းပြန်တွေ ဖြစ်ကုန်ပြီကောဟု သူ တွေးမိရပါ၏။ တကယ်က .. သူက မြိုင့် ကို အားပေးနေရမည်။ သူ့အိမ်လေးမှာ မြိုင် သည် .. အရာရာကို ရင်ဆိုင်ရဲနေသော မြိုင် ဖြစ် နေစေဖို့အတွက် အားပေးနေရမည်။ ဒါပေမယ့် ထိုသို့ .. သူ ဖြစ်မလာ နိုင် ..။

"မောင်က .. တကယ့် .. ကလေးလိုပါပဲလား ..၊ ဒီမှာပဲ ခဏထိုင် ကြရအောင် မောင် .. ဒီဝရန်တာနေရာလေးက အေးချမ်းပါတယ်.."

သူ့ကိုလည်း မြိုင် ထိုင်ခိုင်းသည်။ သူ့ဘေးမှာလည်း မြိုင် ထိုင် သည်။ အန်တီစိမ့် နှင့် ရွှေရည် တို့လည်း ဝရန်တာနေရာလေးဆီသို့ လိုက်မလာကြ ..။ သူတို့နှစ်ယောက် အေးအေးဆေးဆေး ပြောကြစေဟု လွှတ်ထားပုံ ရသည်။

"မောင်နဲ့ အတူနေရင် .. မြိုင် က ထမင်းငတ်မှာမို့လား မောင်.."

သူ မဖြေ ..၊ မြိုင့် ကိုပဲ မမိတ်မသုန် ကြည့်နေမိသည်။ မြိုင် ပြုံး ပါ၏။

"မောင်က အငတ်ထားမှာမို့လား .."



www.burmeseclassic.com

www.burmeseclassic.com



မြိုင် ထပ်မေးပါ၏။ သူ့ပခုံးပေါ် မြိုင့် ခေါင်းလေး မှီလာသည်။ သူ မလှုပ်မယှက် ရှိနေဆဲ ..၊

"မြိုင် ထမင်းနပ်မှန်အောင် စားရမယ်ဆိုတာ သိပါတယ် မောင်ရဲ့ .. မြိုင့် ကို မောင် တတ်နိုင်သမျှ စိတ်ချမ်းသာအောင် ထားမယ် .. ပြည့်စုံအောင် ထားမယ် .. မောင့်အချစ်တွေနဲ့ လုံခြုံအေးချမ်းနေတဲ့ဘဝကို မြိုင် ရမယ် ..၊ အဲဒါဆိုရင် ပြည့်စုံနေပြီ မဟုတ်လား မောင် ရယ် .. ဘာလို့ မောင်က မြိုင့် အချစ်ကို လျှော့တွက်ချင်နေရတာလဲ .. မြိုင်က မောင်ရှိမှ ဘဝတစ်ခု ပြည့်စုံတယ်လို့ မှတ်ယူတယ် မောင် ..၊ ဖေဖေ တစ်နေ့မှာ မြိုင့် ကို ခွင့်လွှတ်မှာပါ မောင် ရယ် .. အကြာကြီး မြိုင့် ကို ဖေဖေ ပစ်မထားရက်ပါဘူး .. မကြောက်ပါနဲ့ မောင်ရဲ့ .."

ဟု ပြောလာတော့ သူ ထစ်ခနဲ နားလည်လာသည်။

မြိုင် သည် .. မြိုင် သည် .. ဖခင်မှ မြိုင့် ကို ကြာရှည် ပစ်မထားနိုင်ဟုလည်း ယုံကြည်နေသူတစ်ဦး ဖြစ်နေချေသည်တကား ..။

"မြိုင် .. မောင့်ကို သေချာ ကြည့်စမ်း ..၊ မောင့်မျက်နှာကို သေချာကြည့်ပြီး ရဲရဲကြီး ဖြေစမ်းပါ မြိုင် .. အကယ်၍ မြိုင့် ဖေဖေက .. မြိုင့်ကို ခွင့်မလွှတ်ဘူး .. မြိုင့် ကို ပစ်ထားမယ် .. ဆိုရင် မြိုင် .. ဘာ လုပ် .. မလဲ .. ဘာလုပ်မလဲ ..၊ ဘာကို ပြင်ဆင်ထားသလဲ .. မောင်နဲ့ တူတူ ဆက်နေရဲတဲ့သတ္တိ တကယ်ရော မြိုင့် ရင်ထဲမှာ ရှိနေရဲ့လား .. စိတ်ကူးမယဉ်နဲ့ မြိုင် .. မောင့်ကို .. မညာစတမ်း ဖြေပါ မြိုင် .."

သူ့မျက်ဝန်းတွေမှာ စိုးရိမ် ပူပန်ရိပ်တွေ ပြည့်သိပ်နေမှာကို သူ သိနေသည်။ မြိုင် ကလည်း မော့ကြည့်ရင်း မြင်ချေမည်သာ ..။ မြိုင် .. မျက်တောင်မခတ် သူ့ကို မော့ကြည့်နေ၏။ သူကလည်း မျက်တောင်မခတ် မြိုင့် ကို ငုံ့မိုးကြည့်နေသည်။

မြိုင့် ပခုံးပေါ် ဖေးတင်အုပ်မိုး၍ ဆုပ်ခဲတင်ထားသောလက်ကို မသိမ်းမိ .. မရုပ်မိ ..။





မေးသည်ဆိုကတည်းက မြိုင့် ပခုံးပေါ် သူ့လက်တွေ စိတ်နောက်ကိုယ်ပါ ရောက်သွားကာ ဆုပ်၍ မေးမိခြင်း ..။

"မိတဆိုး သမီးလေးအပေါ်မှာ ဖေဖေ အဲသလို ခွင့်မလွှတ်ဘူးဆိုရင်လည်း .. မြိုင် .. စိတ်ထိခိုက်ရမှာပါ မောင် ..၊ ဒါပေမယ့် မြိုင် .. ဘာတတ်နိုင်မှာလဲ ..၊ မောင့်ကို မြိုင် ချစ်တာဟာ မမှားသလို .. မောင့်ကို မြိုင် လက်ထပ်တာဟာလည်း မမှားပါဘူး မောင် ..၊ တကယ်ချစ်ရင် ဘဝတစ်ခုကို ထူထောင်ရဲတဲ့သတ္တိဆိုတာ ရှိကို ရှိရမှာ ..၊ မောင်က မေးတယ် .. ဘာပြင်ဆင်ထားသလဲ .. ဟုတ်လား ..၊ မောင့်ကို ချစ်ဖို့ .. မယားဝတ္တရား ကျေပွန်ဖို့ .. အဲဒါတွေကို မြိုင် ပြင်ဆင်ထားတာပေါ့ မောင် .."

ဟု မြိုင် ပြတ်သားစွာ ဖြေလာတော့ သူ .. ဤတစ်ကြိမ်မှာ မြိုင့်ကိုယ်လေးကို မချိသောရင်ဖြင့် ပွေ့ပိုက်ထားမိရင်း ...

"မောင့်ကို ချစ်ရဲလိုက်တာ မြိုင် ရယ် .. စွန့်လွှတ်ရဲလိုက်တာ.."

ဟု ညည်းမိရပါသတည်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"မပေါ့မပါးကြီးနဲ့ မြိုင် ရာ … မလုပ်ပါနဲ့ဆိုတာ မရဘဲကိုး … ဒီအဝတ်တွေ မီးပူတိုက်တဲ့ကိစ္စ … မောင် လုပ်နိုင်ပါတယ် မြိုင် ရယ် … မောင် လုပ်နေကျပါ …"

ညှိခန်းလေးမှာ စားပွဲဝိုင်းပုလေး ချ၍ စောင်ခေါက်တင်က … မီးပူတိုက်နေသည့် မြိုင့် ဘေးသို့ သူ ရောက်သွားရကာ မျက်စိမျက်နှာ မကောင်းနိုင်ဘဲ ပြောလည်း ပြော …၊ မြိုင့် လက်ထဲမှ မီးပူလေးကိုလည်း ယူလိုက်ရသည်ပါပဲ။ မွေးခါနီး ဖွားခါနီးဆိုပေမယ့် မြိုင့် ကိုယ်ဝန်သည် သားဦးကိုယ်ဝန် ဖြစ်၍လား မသိ …။ ဗိုက် သိပ်မပေါ် …၊ ဗိုက်ဖုံးအင်္ကျီ ပန်းပွင့်ထိုး အတွန့်များများဖြင့် ရှိနေပါသည့် ပန်းနုရောင်လေးသည် ပွပွချောင်ချောင် ရှိ၏။ ဘီးကျော့လေး ပတ်ထားသော မြိုင့် မျက်နှာမှာ ချွေးစို့နေတာမို့ ပြော၍ သူ ပန်ကာဖွင့်ရသည်။ မြိုင် ရောက်လာချိန်မှာ သက်သောင့်သက်သာ အဖြစ်နိုင်ဆုံး ရှိရအောင် သူ ဝယ်ခဲ့သော ပန်ကာ လေးပါ။ မြိုင် မရောက်မီ နှစ်ရက်အလိုမှာ သူ ဝယ်ခဲ့သော ပန်ကာလေး ပါတည့် …။ ဒါပေမယ့် သူ သိနေသည်။ မြိုင့် ဘဝသည် ဖခင်အိမ်မှာ ဘယ်လိုနည်းနှင့်မှ မပြည့်စုံနိုင် …။ မြိုင် ဖွင့်မပြော၍သာ ရှိမည် … ကြာလေ … မြိုင် အသားတကျ ဖြစ်မလာနိုင်ဘဲ ရှိလေဟု သူ ထင်လာ ရပါ၏။





အုတ်ကာရေချိုးခန်းလေးမှာ အုတ်ရေကန်မှ ရေကို ခွက်ဖြင့် ခပ်ချိုးရသည့်အဖြစ်သည်လည်း ပတ္တမြားစံအိမ်မှ ရှာဝါရေချိုးခန်း …၊ ရေဖလား ရေချိုးစည်ထဲမှာ ရေပူရေနွေး အသင့်ဖြင့် ရေချိုးရသည့်ဘဝနှင့် ဘယ်လို ခံစားရတာချင်း တူနိုင်ပါ့မည်တဲ့လဲ …။ မြိုင့် ကို သူ သနားရသည်ပါပဲ …။

ဝယ်လာသည့် ဘဲကင်တစ်စိတ်ကို မီးဖိုခန်းထဲမှ ပန်းကန်ပြားလေးထဲ ယူထည့် …၊ ကြက်သားကြော်လေးကို ထည့် …၊ ညှိခန်းသို့ ပြန်လာကာ လေးထောင့်စားပွဲလေးပေါ် တင်၍ …

"မြိုင် … အားရှိအောင် ကြက်သားကြော်နဲ့ ဘဲကင်လေး … ကော်ဖီကြမ်းနဲ့ စားလိုက်နော် …၊ ကလေး အနှီးပိတ်စလေးတွေလည်း မောင် ဝယ်လာတယ် မြိုင် … ဘဏ်မှာ စုထားတဲ့ငွေ ထုတ်ပြီး လိုမယ်ထင်တာလေးတွေ ဝယ်လာတာ …"

လက်ကိုင်ပဝါကို ထုတ်၍ မျက်နှာမှာ ချွေးကို သုတ်ပြီး သူ ပြောသော မြိုင် ငေးကြည့်နေသည်။

"မောင်ရယ် … မနက်စောစော ထ … ထမင်းဟင်းချက် … ကလေးတွေကို စောင်းသင်ပေး … မြိုင် အစောကြီး မထရဘူးဆိုပြီး စည်းကမ်းတွေ ထုတ် … အဲသလို ရှိနေတာကို မြိုင် သနားတယ် မောင်ရယ် … မောင် ပင်ပန်းလှပါပြီ …၊ မနက်စာအတွက်ဆိုရင်လည်း မြိုင့် အတွက် ခေါက်ဆွဲကြော်ပေးရ… ပေါင်မုန့်ထောပတ်သုတ်ပေးရ… ကြက်ဥပေါင်မုန့်ကြော် လုပ်ပေးရနဲ့ … ရှိခဲ့တာလည်း မြိုင် တို့ အိမ်ထောင်ကျကတည်းက ဖြစ်နေခဲ့တာ …"

မြိုင် ညည်းချိန်မှာ သူက ပြုံး၍ မီးပူတိုက်ဖို့ ရပ်၍ မြိုင့် ကို ငုံ့မိုးကြည့်ကာ …

"ညည်းမနေနဲ့ မြိုင် … ဟိုမှာ သွားစားစမ်းပါ မြိုင် … မောင် မီးပူတိုက်မယ် … ထ … ထ …"



www.burmeseclassic.com

www.burmeseclassic.com



မြိုင့် ကို ဆွဲငှာပေးကာ စားခိုင်းရသည်။ မြိုင် ကြက်သားကြေ
တစ်တုံးကို ယူကာ သူ့ကို ခွံ့ကျွေးတော့လည်း စားလိုက်သည်ပါပဲ
မြိုင့် ကို နမ်းချင်းထိကာ ...

"တော်ပြီ မြိုင် .. မောင် စားခဲ့တယ် .. စာသင်ပေးရတဲ့ အိမ်
သုံးအိမ်ကအပြန်မှာ မောင် ဆာသလို ဖြစ်လာရတာနဲ့ .. ဆိုင်မှာ ဝင်စား
ခဲ့တာ ..၊ မြိုင့် အတွက်လည်း မောင် ဝယ်လာလိုက်တာလေ ..၊ မြိုင်
စား .. မြိုင် ကျန်းမာဖို့ လိုတယ် .. အားရှိဖို့ လိုတယ် ..၊ အိုဂျီက ပြော
ထားတာ မွေးဖွားရက်က တစ်လလောက်ပဲ လိုတော့တာ .. နောက်လ
ဆယ်ရက်ဆို မွေးပြီ ..၊ မောင့်ရင်သွေးလေး မောင်တို့ရင်ခွင်ထဲ ရောက်ပြီ
မြိုင် .."

မြိုင့် ကို အိုဂျီ ဒေါ်ရှုပါ ထံ တက္ကစီဖြင့် သူ လိုက်ပို့ပေးရသည်
ရွှေရည် က ခဏ္တာမြိုင်မှာ ကားဖြင့် လိုက်ပို့ပေးပါမည်ဟု ပြောပေမယ့်
သူ ခေါင်းခါခဲ့သည်ချည်း ..။ မြိုင့် ကို သူ တာဝန်ယူရမည် ..၊ မြိုင်
ကို အိုဂျီထံ လိုက်ပို့သည့်ကိစ္စ ရွှေရည် ဖြင့် သူ လက်လွှဲလိုက်ခြင်းသည်
မြိုင့် ကို ပေယျာလကန် ထားသည့်နှယ် ဖြစ်သွားမည်။ မျက်နှာလွှဲခဲ့ပါ
လုပ်ရာ ဆန်သည်။ သူ၏ မြိုင် ကို သူ အစစ တာဝန်ယူနေရမည်
ခုလည်း .. မြိုင့် အတွက် သူ ဝယ်လာသမျှသည် မြိုင် စားဖို့ပဲ ဖြစ်ပါ၏
ဆိုင်မှာ စားခဲ့သည်ဆိုတာကတော့ သူ ညာခြင်း ..။

တတ်နိုင်သမျှ သူ့အတွက်ဆိုလျှင် ငွေကို ချွေတာရသည်။ မြိုင်
အတွက်ဆိုလျှင် သူ သုံးရမည်။ ရှေ့ဆိုလျှင် ရင်သွေးလေးအတွက် ..
ဘာလိုလို .. သူ့မှာ ဝယ်စရာငွေ အသင့်ရှိနေဖို့ အရေးကြီးသည်။ ကျန်းမာ
ရေးကိစ္စ ..၊ အဝတ်အစားကိစ္စ ..၊ အာဟာရကိစ္စ ..၊ ပြီးတော့ .. မြိုင်
သည် ရင်သွေးလေးကို ချို့ချို့ငဲ့ငဲ့ ထားရတာမျိုး ကြုံချင်ရှာမည်လည်း
မဟုတ် ..။ စိတ်ခံစားမှု မြိုင့် အပေါ်မှာ ဘာတစ်စွန်းတစ်စမျှ မရှိစေ
ချင် ..။





"ပင်ပန်းလိုက်တာ မောင်ရယ် .. အိမ်တွေမှာ လာသင်ပေးပါဆိုပြီး
မောင့်ကို ခေါ်သင်တဲ့သူတွေရဲ့အိမ်ကိုလည်း မောင် သွားသွားသင်ပေး
ဘာ ငါးအိမ်တောင် ရှိတယ် .. အရင်အိမ်က ငါးအိမ်ဆိုတော့ ဆယ်အိမ်
ဖြစ်နေပြီ ..၊ ဒီအိမ်မှာလည်း လာလာသင်ကြတဲ့ တပည့်တွေကို သင်ပေး
ရတာက ရှိသေးတယ် .. မောင့်ကို ကြည့်ရတာ ပိုပို ပိန်လာတယ်နော်
မောင် .. တကယ်ရော .. ဆိုင်မှာ စားခဲ့တယ်ဆိုတာ ဟုတ်ရဲ့လား မောင်
ရယ် .. စားလာတယ်ဆိုရင်လည်း ဒီမှာ မြိုင် နဲ့ဘူတူ ထပ်စားပါ မောင်..
မြိုင် လည်း ပိုပြီး စားလို့ခံတွင်းမြိန်တာပေါ့ မောင် .. စကားလေး
တပြောပြောနဲ့ စားရတာ ပိုကောင်းပါတယ် မောင်ရယ် .."

မြိုင် သူ့ကို မယုံ ..၊ စားခဲ့ပုံ မရဟု နားလည်နေပုံ ရှိ၏။ သူ
ရယ်လိုက်ကာ နောက်ထပ် ဘဲကင်တစ်ဖတ်ကို မြိုင် ကျေနပ်အောင်
ယူစားပြသည်။ မြိုင့် ကိုလည်း ခွံ့ကျွေးသည်။

"စကားပြောရင်း မြိုင် စားလို့ရတာပဲ မြိုင် ရယ် .. မောင်က
ဒီညွှန်းထဲမှာပဲ မီးပူတိုက်နေရင်း မြိုင် နဲ့ ကပ်နေတာပဲဥစ္စာ .. စား..
စား .."

ဟု ပြောပြီး မီးပူတိုက်တော့ မြိုင် မျက်နှာမကောင်း ..။

"မြိုင့် အင်္ကျီတွေ ပါတယ် မောင် ရဲ့ .."

"မြိုင် က မောင့်အဝတ်တွေ အားလုံး ဗိုက်ကြီးတစ်ပုံနဲ့ တိုက်ပေး
ရမယ် ..၊ မောင်ကတော့ မြိုင့် အင်္ကျီလေးတောင် မတိုက်နိုင်ရဘူးတဲ့
သား..၊ မဟုတ်သေးဘူး မြိုင် ရယ် .. အင်္ကျီတွေလည်း တိုက်မှာပဲ ..
ဘာဖြစ်ဖြစ် .."

မြိုင့် အကြည့်က သူ့ထံမှာ တန့်နေသည်။ နောက်တော့ .. အိပ်ခန်း
မှာ ရောက်နေပြီဖြစ်သည့် ကလေးအိပ်ရာခင်းနှင့် စောင်လေးတွေ ခေါင်း
အုံးလေးတွေဖြင့် ရှိနေသည့် ကလေးပုခက်အသစ်လေးဆီသို့ ရောက်၏။

"မောင် ပိုက်ဆံရော ကျန်သေးရဲ့လား မောင်ရယ် .. ခက်တော့.."



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ချက် မြိုင် ညည်းသည်။ သူ ပြုံး၍ အိတ်ကပ်ကို ပုတ်ပြသည်။

"အပြည့် .. အပြည့် .. မောင် .. ဘဏ်မှာ စုထားတာလည်း ရှိသေးတယ် .. ဒီမှာလည်း ရှိသေးတယ် .. မောင့်ဗီရိုအံဆွဲထဲမှာလည်း ရှိနေသေးတယ် .. ဘယ်ကစမ်းစမ်း .. ညာကစမ်းစမ်း .. ပိုက်ဆံ အမိဖမ်းဆိုတာမျိုးနဲ့ ပြည့်စုံနေတဲ့ မောင်ပါ မြိုင် ရဲ့ .."

"ရွှေရည် က ပြောတယ် မောင် .. မောင်က အရမ်း မာနကြီးတာပဲတဲ့ .. မြိုင့် အတွက် မီးနေသည်သုံး ရှိန်းခိုတို့ နနွင်းတို့ .. စမုန်စပါးထုပ်လေးတို့ .. အဲဒါတွေကအစ ပစ္စည်းအမယ်ပဲ လာမေးတာတဲ့ .. အန်တီစိမ့် က ဝယ်ပေးပါ့မယ်ဆိုတာကို လက်ကို မခံတာတဲ့ .. အဲသလို ပြောတယ် မောင်.. တစ်အောင့်လောက်နေရင် မောင့်တပည့် သုံးယောက်လောက် ရောက်လာတော့မှာ .. မောင် မီးပူတိုက်နေတာ မြင်လို့လည်း မကောင်းပါဘူး မောင်ရယ် .. မြိုင် တိုက်ပါ့မယ် .."

သူ ခေါင်းခါ၏။ မြိုင့် ကို တစ်ချက် ခပ်တည်တည်ကြည့်ကာ..

"အဲဒီတပည့်တွေ မရောက်ခင်မှာ မြိုင် လုပ်ရမယ့်အလုပ်က အစားကုန်အောင်စားဖို့ပဲ မြိုင် .. မောင် အဝတ်မီးပူတိုက်တာ .. ဘယ်သူမြင်မြင် အရေးမကြီးဘူး .. မြိုင် က မပေါ့မပါးနဲ့ဆိုတာ မောင့်တပည့်တွေလည်း သိကြတာပဲ .. စားစမ်းပါ မြိုင် ရ .."

ဟု ပြောတော့ မြိုင် စားသည်။ သူ ဖျော်ပေးရာ ကော်ဖီကြမ်းကိုလည်း သောက်သည်။

"အနီးပိတ်စကိုတော့ မောင် ဝယ်တယ် .. အဲဒါ .. အန်တီစိမ့်ကို ကလေးအနီးပိတ် တစ်ထည်ကို ဘယ်လောက် ပိတ်စဖြတ်ရလဲဆိုတာ မနက်က ဝင်မေးခဲ့တယ်လေ ..၊ တစ်ကိုက်ဆိုလို့ မောင် အထည်နှစ်ဆယ်စာ ဖြတ်ခဲ့တယ် .. အေးရင် သုံးဖို့လည်း ဖလန်ထည်စလည်း ဖြတ်ခဲ့တယ် .. ကလေးကို အနီးပတ်ရမှာဆိုတော့ အဲဒါ .. အန်တီစိမ့်





ကို သွားပြတော့ အန်တီစိမ့် က သူပဲ တစ်ထည်ချင်း ဖြတ်ပေးမယ် .. စက်နဲ့ ချုပ်ပေးမယ် .. ပြီးရင် .. လျှော်လည်း လျှော် .. မီးပူလည်း တိုက်ပါရစေနဲ့ အတင်းပြောလို့ ပိတ်ဖြတ်စရှည်ကြီးတွေ အန်တီစိမ့် လက်ထဲ ခွဲ့ာမြိုင်မှာ ထားခဲ့ရတယ် မြိုင် .. မီးနေသည်ဆိုတာ ခေါင်းလည်း ပေါင်းရတယ်ဆိုလို့ .. မောင် တဘက်အသစ်လည်း ဝယ်လာသေးတယ် .."

ဟု သူ ပြောနေသမျှ မြိုင် ငေးစိုက်၍ အတန်ကြာ ကြည့်နေသည်။ နောက်တော့ သက်ပြင်းရှိုက်၏။ သူကလည်း မီးပူတိုက်လိုက် .. မြိုင့် မျက်နှာလေး ကြည့်လိုက်ဖြင့် စကားတပြောပြောဖြင့် ရှိနေရာတာမို့ မျက်နှာလေး ညှိုးခနဲ ဖြစ်သွားသည့် မြိုင့် ကို ပြုံးပြရပါ၏။

"ဘာလဲ .. မောင် ပင်ပန်းတယ်ဆိုပြီး သနားတာတွေ ပြောဦးမယ် ဟုတ်လား .. မောင် မပင်ပန်းပါဘူး မြိုင် ရဲ့ .. မြိုင့် အတွက်.. မောင့် ရင်သွေးအတွက် .. မောင့်မှာ အားအင်တွေ အပြည့်အဝ ရှိတယ် .. ပိုပို လျှံလျှံ ရှိတယ် .. စိတ်မပူနဲ့ .."

ဟု ပြောနိုက် မြိုင် စိတ်ပိုင်းဖြတ်လိုက်ပုံဖြင့် ...

"မောင့်ကို ပြောမယ် .. ပြောမယ်နဲ့ မောင်ရယ် .. မောင် မြိုင့် အပေါ် နားလည်မှုတွေ လွဲသွားမှာစိုးလို့ မပြောဘဲ နေခဲ့ရတာပါ .. မြိုင် .. မောင့်ကို ပြောချင်တာ ရှိနေတယ် .."

ဟု ပြောလာတော့ နောက်ဆုံး တိုက်နေသည့် မြိုင့် အင်္ကျီထူလေးကို အပြီးသတ် ခေါက်လိုက်ပြီး မီးပူခလုတ်ကို ပိတ်သည်။ အထပ်လိုက် သေသေသပ်သပ် ခေါက်ထားသော မီးပူကျ အဝတ်ထပ်ကို မီးပူတိုက်ခုံလေးပေါ် တင်သည်။ ကြမ်းခင်း ဖယောင်းပုဆိုးပေါ် ပလတ်စတစ်ခြင်းပြားကို ချ၍ မီးပူတိုက်ပြီး အဝတ်တွေကို စီထပ် တင်ထားသမျှ ခုံလေးပေါ် သူ ပြောင်းတင်ပြီး ပြုံး၍ မြိုင့် ကို ကြည့်မိရပါ၏။

"ဘာဝယ်ချင်လို့လဲ မြိုင် .. ပြောပါ မြိုင် ရ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ ပြောတော့ မြိုင် စားမကုန်နိုင်သေးဘဲ ရှိနေသည့် ဘဲကင်နှင့် ကြက်သားကြော်ပန်းကန်ကို ကြောင်အိမ်လေးထဲ သွားထည့်သိမ်းပြီး ပြန်လာကာ သူ့ဘေးမှာ ထိုင်သည်။ သူကလည်း မြိုင် ဘာများ လိုချင်တာလေး ပြောလာမည်လည်းဟု စောင့်သည်။

"မောင် .. ခုလို .. ပင်ပန်းနေတာ မြိုင် မကြည့်ရက်ဘူး မောင်.."

"လာပြန်ပြီ မြိုင် ရာ .. ဒီစကားကို ချန်ပြီး တခြားဥစ္စာကို ပြော.. မောင် ကြားရတာ အပ်ကြောင်းထပ်နေပြီ .. မောင်ကိုယ်တိုင်က - ကာယကံရှင်ကြီးကိုယ်တိုင်က မပင်ပန်းပါဘူးလို့ ပြောနေတာထက် ဘာက ပိုမှန်နေနိုင်မှာလည်း မြိုင် ရဲ့ .. မောင့်မြိုင် ရဲ့ .."

ဟု သူ ရွှင်ရွှင်ပျပျဟန်ဖြင့် ပြောတော့ မြိုင် ခေါင်းခါသည်။

"အစတုန်းက မြိုင် မတွေးမိခဲ့တာတွေ ရှိနေခဲ့တယ် မောင် - မောင့်ကို ချစ်လွန်းတဲ့စိတ် .. မခွဲနိုင်တဲ့စိတ်နဲ့ မြိုင် အဲဒီအချက်တွေကို ထည့်မတွေးမိခဲ့ဘူး ဆိုပါတော့ .."

ဟု ပြောလာတော့ သူ့နှုတ်ခမ်းထက်မှာ အပြုံး ပျောက်သွားရပြီ။ မြိုင့် ကို အကဲခတ်သလို သူ အတန်ကြာ ကြည့်နေ၏။ မြိုင် ကလည်း သူ့အကြည့်ကို ခံနေရတာ မလုံမလဲ ဖြစ်နေပုံရသည်။ နေရခက်နေရသည်။ မျက်လွှာချသွား၏။ သူ .. မြိုင့် ကို မျက်တောင်မခတ် ကြည့်နေရာမှ ...

"ပြောပါ မြိုင် .. မြိုင် အဲဒီတုန်းက မတွေးမိတဲ့အချက်ဆိုတာကို ပြောပါ .."

သူ မြိုင့် မျက်နှာထက်မှာ ဖြစ်တည်လာမည့်ပုံရိပ်များစွာကို ရင်ဆိုင်ရဖို့အတွက် အသင့်ပြင်ဆင်နိုင်ဖို့ ကြိုးစားရင်း မေးလိုက်မိရပါပြီတည်း။ မြိုင် မျက်လွှာလေး ချထားဆဲ ..၊ ခုထိ .. သူ့ကို မော့မကြည့် ..။ ပြောရဲ မဝံ့ဘဲ ဖြစ်နေတာလည်း သိသာနေသည်။ ပြောလည်း ပြောချင်နေမှန်း မျက်နှာရိပ်ကို ဖမ်း၍ သူ သိနေသည်။





"ပြောပါ မြိုင် .."

သူ ထပ်၍ ပြောလိုက်စဉ်မှာ မြိုင် အားတင်းလိုက်ပုံဖြင့် သူ့ကို မော့ကြည့်လာပါ၏။ တည်ငြိမ်လွန်းနေသည့် သူ့အကြည့်ကို ရင်ဆိုင်ရမှာ ခက်နေပုံဖြင့် ပြန်၍ မျက်လွှာချသွားပြန်သည်။ လက်ဖျားလေးတွေက ကြမ်းခင်း ဖယောင်းပုဆိုးထက်မှာ ခပ်ဖွဖွလေး ခြစ်နေသည်။ ပွတ်နေသည်။ ပြောရမည့်စကားအတွက် အထွက်ခက်နေသည့်ဟန်..၊ အပြောခက်နေသည့်ဟန် ..၊ သူ ဘာမှ ထပ်မပြောတော့ပါ။

မြိုင့် နှုတ်ခမ်းမှ ထွက်ကျလာမည့်စကားတွေကို စောင့်ဆိုင်းပေးနေလိုက်သည်။ မြိုင့် မျက်နှာကိုပဲ မမိုတ်မသုန် ကြည့်နေမိသည်။ မြိုင့် နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်နေတာကို သူ မြင်နေရသည်။ ပြောရမည့်စကားအတွက် မနည်း အားစိုက်နေရသည့်ဟန် ..၊ မြိုင် သည် .. သူ့ကို မကြာမတင်မှာ ပြောလာရချေတော့မည့်စကားအတွက် .. ဘာကြောင့် .. ဤမျှအထိ အားစိုက်ယူနေရပါသလဲ ..။ သူ .. အလိုလို သိလာနေရသည်သို့ ရှိလာပြီ ..။ ဓ

မြိုင် သည် .. သူ့ရင်ကို နာကျင်စေမည့်စကားတွေကို ပြောချလာတော့မည်ဟု ..၊ မဖြစ်လာပါစေနှင့် ..၊ ထိုသို့သော စကားမျိုးတွေ ဖြစ်မလာကြပါစေနှင့် ..၊ ကလေးအတွက် ကြိုတင်၍ သူ ဝယ်ထားသော ဆေးဝါးလေးတွေထဲမှာ တစ်ခုခု ဝယ်ဖို့ လိုနေသေးသည်ဟု အားနာ ပါးနာလေးဖြင့် ပြောလာတာမျိုးပဲ ဖြစ်လာကြပါစေတော့ ..၊ ကလေး ခြေအိတ်လေး နောက်ထပ်တစ်စုံလောက် ထပ်ဝယ်ဖို့ ပြောလာတာမျိုး ဖြစ်သွားကြပါစေတော့ ..။ မြိုင့် အတွက် မီးနေဝတ် ထဘီကအစ အသစ်ဝယ်ကာ အန်တီစိမ့် ထံ အပ်ခဲ့သည်။ ထိုထဘီအသစ်ကို သူကိုယ်တိုင် သျှော်၍ မီးပူတိုက် ..၊ ပရုတ်လုံးလေးဖြင့် ဗီရိုထဲ ထည့်ထားသည့်အထဲမှာ နောက်ထပ် ထဘီထပ်ဝယ်ခိုင်းလိုက်တာမျိုးပဲ ဖြစ်လာကြပါစေတော့..။

"မြိုင့် .. မြိုင့် ကို .. အထင်တော့ မလွဲစေချင်ဘူး မောင်.. မြိုင်



www.burmeseclassic.com

www.burmeseclassic.com



မှန်တာကို ပြောပါမယ် .. မောင်နဲ့ နေရတာ မြိုင် ပျော်ပါတယ် မောင်.. မောင့်အိမ်လေးမှာ .. မြိုင် အသားတကျလည်း နေတတ်ပါတယ် မောင်.. ဒီအိမ်လေးဟာ မောင့်အိမ်ဖြစ်သလို .. မြိုင့် အိမ်လေးလည်း ဖြစ်ပါတယ် မောင်ရယ် .. မောင်နဲ့အတူ .. မြိုင် စောင်းလေးတီးနေရင်း .. ချစ်သမျှကို ပတ်ပျိုးကို ဆိုရတာ မြိုင် စိတ်အရမ်းချမ်းသာတာပါ မောင် .. မြိုင်ဟာ မောင့်ကို ချစ်ရင်းနဲ့ .. မောင် မြတ်နိုးတဲ့ စောင်းပညာကို ရအောင် သင်ယူခဲ့တဲ့အထိ .. ရှိခဲ့တာ .. မောင် သိပါတယ် မောင်ရယ် .. ဒီအိမ်လေးမှာ .. မြိုင် .. စောင်းတီးတတ်ခဲ့ရတယ် .. မောင့်ကို မြိုင် စောင်းတီး ခတ်ပြနိုင်ခဲ့တယ် .. မောင်နဲ့အတူတူ .. ပတ်ပျိုးတွေကို ဆိုနေတတ်ခဲ့တယ် .. ဒီဘဝဟာ .. မြိုင့် အတွက် .. အလွန်မြတ်နိုးရာဘဝပါ မောင်.."

သူ ဘာမှ ဝင်မပြော ..၊ ဖြတ်မမေး ..၊ ဝင်လည်း မစွက် ..။ ငြိမ်၍ နားထောင်နေသည်။ မြိုင် ဘာကို ဆက်ပြောလာမည်နည်း ..၊ ဘာကို ပြောချင်၍ ဤမျှအထိ စကားကို အခင်းအကျင်းတွေဖြင့် ပြောနေရပါသတဲ့လဲ ..။ အကဲခတ်သည့်နှယ်ပဲ မျက်တောင်မခတ် မြိုင့် ကို ကြည့်ကာ သူ ငြိမ်နေ၏။ မြိုင် လက်ဖဝါးလေးတွေကို ပွတ်လာသည်။ သူ့ကို မော့ကို မကြည့် ..။

"မြိုင် .. အနေဆင်းရဲပြီး နေနိုင်ပါတယ် မောင် .."

အသံက တိုးတိုးလေး ..၊ ဒါပေမယ့် သူ့ရင်ထဲသို့ ကျေခနဲ ဝင်၏။ ဩော် ... အနေဆင်းရဲသည်တဲ့လားလေ ..။ သူ .. သူ .. အစတည်းက မြိုင့် ကို သတိပေးခဲ့သည့်စကား ..၊ ထိုအချိန်တုန်းကတော့ မြိုင် သည် အချစ်သူရဲကောင်း မြိုင် အဖြစ် .. သူ့ကို .. ခေါင်းမာစွာ တုံ့ပြန်ခဲ့သည်။ အနေဆင်းရဲခြင်း မဟုတ်ပါဟု ..၊ ခုကျတော့ .. မြိုင့် စကားတွေ ပြောင်းကုန်ပြီ ..၊ လေသံတွေ ဆန့်ကျင်လာကုန်ကြပြီ။ သူ ဘာမျှ ဝင်မပြော နားထောင်နေသည်ပါပဲ ..၊ ဆက်ကြားရမည့်စကားတွေသည် .. သူ့ရင်ကို ကျေစေမည့်စကားတွေ ဖြစ်လာဖို့များ လာနေကြပြီဟု သိနေသည်။





သူ့ကို မော့မကြည့်ရဲတော့၍ မြိုင် မော့ကြည့်မလာခြင်းဆိုတာကိုလည်း သူ သိနေသည်။ မျက်တောင် ဆက်တိုက်ခတ်နေရာမှ မြိုင် သည် စိတ်ဒုံးဒုံးချလိုက်သည့်နှယ် ပြောချလာပါ၏။

"မြိုင် ဟာ မိခင်တစ်ယောက်ပါ မောင် .. မြိုင့် ရင်သွေးလေး အတွက် .. မြိုင် စဉ်းစားရမယ် .. မြိုင် အနေဆင်းရဲ ခံနိုင်ပေမယ့် .. မြိုင့် ရင်သွေးလေးကို အဲသလို မဖြစ်စေချင်ဘူး မောင် .. အဲဒါ .. အမေ့ မေတ္တာကြောင့်ပါပဲ ..၊ ပြီးတော့ ဒီမှာနေတာထက် .. ပတ္တမြားစံအိမ်မှာ မြိုင် တို့ ရင်သွေးလေးဟာ မြိုင် တို့နဲ့ အတူရှိနေရင် .. ဘိုးအေနဲ့အတူ ရှိနေရင် .. ပိုပြီး ပြည့်စုံမယ် .. လုံခြုံမယ် .. ချမ်းသောင့်ချမ်းသာနဲ့ နေရမယ် မောင် ..၊ မိဘဆိုတာ သားသမီးက မျက်ရည်ကျပြီး တောင်းပန်ရင် ကျေပေးကြတာပါပဲ .. စိတ်ကို လျှော့လိုက်ကြတာပါပဲ ..၊ ဖေဖေ ဘယ်လောက်အထိ မြိုင့် ကို ချစ်တယ်ဆိုတာ မြိုင် သိပါတယ် မောင်.. ခုလည်း .. ဖေဖေဟာ မြိုင့် ဆီက တောင်းပန်မှုကို စောင့်နေတယ်ဆိုတာ မြိုင် သိနေတယ် .. အလိုလို သိနေတယ် မောင် .. အဖေ့မာနနဲ့ .. သမီးကို လာမတွေ့ပေမယ့် .. သမီး ပြန်အလာကို ဖေဖေ စောင့်နေမယ်.. ဆိုတာ .. မြိုင် .. သိ .. နေ .. တယ် .. မောင် ..၊ ပြီးတော့ .. မောင်လည်း.. အရမ်းပင်ပန်း .. "

"မောင် ပြောထားခဲ့ပြီးပြီပဲ မြိုင် .. မောင် မပင်ပန်းပါဘူးလို့ .."

သူ တည်ငြိမ်လွန်းစွာပဲ မြိုင့် စကားကို ဖြတ်ပြောလိုက်သည်။ ဤတစ်ကြိမ်မှာတော့ သူ ပြောသင့်ပြီတည့် ..၊ မြိုင့် ကို သူ မျက်တောင်ခတ် စိုက်ကြည့်နေသည်။ ပြုံးရိပ်လည်း မရှိ ..၊ ဒေါသရိပ်လည်း မရှိ။ ဒါပေမယ့် .. မာနတွေကတော့ ပြည့်သိပ်နေကြပြီ ..၊ ယောကျ်ားတစ်ယောက်၏ မာနသည် ရင်ကို ဆောင့်နေ၏။ ဇနီးသည်၏ အားကိုးရာ တစ်ခုကိုပင် မပိုင်ဆိုင်ရတော့ပြီဖြစ်သည့် ခင်ပွန်းသည်တစ်ယောက် အဖြစ် လူညံ့ကြီးတစ်ယောက်နှယ် သူက အသက်ရှင်နေရမည်တဲ့လား..။



www.burmeseclassic.com

www.burmeseclassic.com



"မောင်က .. အဲသလို မြိုင် က ပြောလိုက်တာနဲ့ .. မြိုင့် ဆန္ဒအတိုင်း မြိုင် ဆွဲခေါ်ရာနောက်ကို လက်ဆွဲခဲ့ .. လက်တွဲခဲ့ပြီး .. မြိုင့်အဖေရဲ့ ပတ္တမြားစံအိမ်ကြီးကို လိုက်သွားမယ်လို့ မြိုင် ထင်သလား မြိုင် .."

သူ ပြတ်ပြတ် မေးချလိုက်တော့ မြိုင် စတင်၍ ငိုသည်။ သူ့ကိုလည်း မော့ကြည့်ရန် မရဲဘဲ ဖြစ်နေသည်။ သူကတော့ မြိုင့် မျက်နှာကို မျက်တောင်မခတ် .. မလွှတ်စတမ်းကြီး ကြည့်နေဆဲ ..၊ မြိုင် ဘာပြောမည် ..၊ မြိုင့် ဟန်ပန်တွေ ဘယ်လို ဖြစ်လာမည်ဆိုတာ တစ်ခုမှ မလွှတ်စေရအောင် ကြည့်နေမိရဆဲ ..။

"မြိုင် က .. မြိုင် က .. အမေပါ မောင် ..၊ ဒီရင်သွေးလေးရဲ့ အမေပါ .."

"မောင်ကလည်း .. အဖေပါ မြိုင် .. မောင့်ရင်သွေးလေးရဲ့အဖေပါပဲ ..၊ ကိုယ့်ရင်သွေးကို ချစ်ကြရမှာ အမေတစ်ယောက်တည်းကပဲ ချစ်တာ မဟုတ်ပါဘူး မြိုင် .. အဖေလည်း ချစ်တာပါပဲ .. အဖေဆိုတာကလည်း ချစ်တတ်တာပါပဲ ..၊ မြိုင် တစ်ယောက်တည်းပဲ ကွက်ပြီး ချစ်တတ်သလိုတော့ မပြောပါနဲ့ မြိုင် .. ဘယ်လောက်ထိ .. မောင့်ရင်သွေးအတွက် .. မောင် .. တွေးပြီး ဝယ်ချမ်းနေတာ .. ကြိုတင်ပြီး ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် .. ကြိုးစားနေတာ မြိုင် မြင်နေရက်နဲ့ မြိုင် မို့ .. ဒီလို ပြောထွက်တယ် မြိုင် .. ဒီစကား ပြောရက်တယ် .. အနည်းဆုံး မောင် ချစ်နေတဲ့အချစ် .. အဲဒါလေးကိုတော့ မြိုင် ထောက်သင့်တယ် .."

သူ ပေါက်ကွဲပြောကာ အံခဲထားပါ၏။ မြိုင် ခုထိ သူ့ကို မကြည့်ဘဲရှိနေသမျှ သူ ကြည့်နေရင်းမှ ...

"အဲသလို ပြောချင်တာ ပြောပြီး .. မောင့်ကို မကြည့်ဘဲ နေလိုက်တာနဲ့ ဘာမှ ပြီးမသွားဘူး မြိုင် ..၊ မြိုင် က .. ဘာနဲ့ တိုင်းတာနေတာ





လည်း မြိုင် .. ငွေနဲ့လား .. ချမ်းသာခြင်းနဲ့လား .. ဟုတ်လား ..၊ သားသမီးအတွက် .. အဖေဆိုတာ .. ချမ်းသာနေမှ ဖြစ်မှာတဲ့လား .. ဟုတ်လား မြိုင် .."

"အမေတစ်ယောက်ဟာ သူ့ရင်သွေးအတွက် ဘယ်လောက်ထိ ပူပန်ကြောင့်ကြရတယ်ဆိုတာ မောင့်ရင်သွေးလေးကို မြိုင် လွယ်ထားရချိန်မှာ ပိုပြီး နားလည်လာရလို့ပါ မောင်ရယ် .. အဓိကအချက်က .. မြိုင် တို့ရဲ့ သားသမီးလေးတွေကို .. မကြောင့်မကြ .. မတောင့်မတ သားရဖို့ပါ .. ဖေဖေ့မှာ မြိုင် တစ်ယောက်ပဲ သမီးအဖြစ် ရှိကာပါ မောင် .. ဖေဖေ့ချမ်းသာမှုတွေကို မြိုင့် သားသမီးတွေ ပိုင်ဆိုင် စံစားသင့်ပါရက်ကယ်နဲ့ .. မြိုင့် ကြော .. နစ်နာဆုံးရှုံးမှု မဖြစ်သင့်ဘူး မောင်.. အဲသလိုလုပ်ရင် မြိုင် ဟာ မြိုင့် သားသမီးတွေအပေါ်မှာ မတရားရာ ရောက်ပါမယ် .. သူတို့လေးတွေ ချမ်းသာရမှာ ဖြစ်ပါရက်ကယ်နဲ့ မြိုင့်ကြောင့် ဆင်းရဲတဲ့ဘဝမှာ ရှင်သန်ကြရမှာကို မြိုင် .. မျက်ကွယ်ပြုထားမလား မောင်ရယ် .. ဖေဖေ့ကို မြိုင် ခုလို .. ကိုယ်လေးလက်ဝန်နဲ့ .. မျက်ရည်ကျ ကန်တော့တောင်းပန်လိုက်ရင် .. ဖေဖေ ခွင့်လွှတ်မှာပါ.. မောင်ရော မြိုင် ရော .. ပတ္တမြားစံအိမ်ကို ရောက်သွားကြရမှာပါ .. ဖေဖေ့အလုပ်တွေကို မောင်လည်း လိုက်ပြီး ဦးစီးလုပ်ကိုင်ရမှာပါ ..၊ ပြီးတော့ မောင်နဲ့ မြိုင် တို့ဟာ တစ်သက်လုံး ချမ်းသောင့်ချမ်းသာနဲ့ သားသမီးတွေကို လူလားမြောက်အောင် ပြုစု ပျိုးထောင်နိုင်ကြမှာပါ မောင် .. မြိုင် .. တစ်ချက်လေးပဲ အောက်ကျို့လိုက်ရုံပါ .. ကိုယ်ဝန်သည် သမီးကို .. ဖေဖေ ဘယ်လိုမှ အသည်းမာမာနဲ့ မဆက်ဆံလွှတ်နိုင်ပါဘူး မောင်ရယ် .. မောင် .. မြိုင် ပြောတဲ့ အနှစ်အရသာ .. အဆီအနှစ်ကို မြင်ရဲ့လား မောင် .. မြိုင် ပြောချင်တာက .. မြိုင် တို့ရဲ့ သားသမီး အောင်ရေး .."

"မြိုင် ပြောချင်တဲ့စကားတွေရဲ့ အဆီအနှစ် .. အနှစ်အရသာက..



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟာ မောင့်သားသမီးတွေကို ဘာမှ တာဝန်မကျေနိုင်တဲ့ သုတ ဖြစ်နေတယ်ဆိုတဲ့အချက်ပဲ မြိုင် ..၊ မြိုင် လက်ထပ်ထားတဲ့ သုတ ဆိုတဲ့ ကောင်ဟာ .. မယားအပေါ်လည်း ဘာမှ အာမခံချက် မပေးနိုင်သလို- သားသမီးတွေအပေါ်မှာလည်း အာမခံချက် တစ်ခုမှမပေးနိုင်တဲ့ သုတ ဖြစ်နေတယ် .. ဒါကြောင့် .. မြိုင့် ဖေဖေ့ရှေ့မှာ မြိုင် က ကိုယ်ဝန်အရင့် အမာကြီးနဲ့ .. အားကိုးရာတစ်ခုကို ရဖို့ သွားတောင်းပန်ရတဲ့အဆင့်ကို ရောက်ကုန်ရတဲ့အထိ အသုံးမကျတဲ့ သုတ ဖြစ်နေတယ် .. မြိုင့် အဖေ က မြိုင့် ကို တစ်ဦးတည်းသောသမီးလည်း ဖြစ်တာမို့ .. အမွေတွေ လည်း ပေးစရာ ဒီသမီးပဲ ရှိတာမို့ လက်ခံပေးမယ် .. မြေးတွေကိုလည်း ချမ်းချမ်းသာသာ ထားပေးမယ် .. လုံခြုံတဲ့ဘဝကိုလည်း ပေးမယ် - မောင်ကတော့ မြိုင် နဲ့ သားသမီးတွေကို ချမ်းသာတဲ့ဘဝလည်း မပေး နိုင်ဘူး .. လုံခြုံတဲ့ဘဝလည်း မပေးနိုင်ဘူး .. ဘာလို့လဲဆိုတော့ - ဂီတသမားတစ်ယောက် ဖြစ်နေလို့ .. မချမ်းသာလို့ .. ဟုတ်တယ်နော်- မြိုင် ..၊ မြိုင် ပြောတာ အဲဒီအတိုင်းပဲ ဖြစ်နေတယ် ..''

သူ ဆက်တိုက်ပြောတော့ မြိုင် ရုတ်ခနဲ ခေါင်းမော့လာသည်။ ခုမှ မော့လာခြင်း ..၊ တစ်ခုခုကို အလောတကြီး ရှင်းပြဖို့ ကြိုးစားသည်။ သူ လက်ကာလိုက်ပါ၏။

''မြိုင် ပြောတုန်း မောင် နားထောင်ပေးခဲ့ပြီ မြိုင် .. ထပ်ရှင်း မနေနဲ့တော့ .. မြိုင့် မှာ စကားက ကုန်ပြီးနေပြီ .. အဲဒီထက် ထပ်ပြော စရာလည်း စကားလက်ကျန်ရှိနေဖို့ မကောင်းတော့ဘူး .. ရှိနေရ လည်း .. မောင့်ကို ထပ်ပြောပြနေဖို့ မကောင်းတော့ဘူး .. မြိုင် ပြော တာတွေနဲ့ပဲ .. မောင် .. ဟောဒီရင်ဘတ်ကြီး ကျေနေပြီးပြီ .. ထပ်ပြီး မချေချင်ပါနဲ့တော့ ..၊ ဒီမှာ မြိုင် .. ဇနီးတစ်ယောက်နဲ့ သားသမီးအပေါ် မှာ ဖခင်တစ်ယောက်ဟာ ချမ်းသာမှ လုံခြုံမှုပေးနိုင်တယ်လို့ မြိုင် အခိုင် အမာ ပြောရက်သလား .. ဆင်းရဲတဲ့ ဖခင်တွေဟာ ဒုနဲ့ဒေးပါ မြိုင် -





သူတို့ရဲ့အိမ်ထောင်ရေးတွေ ရှင်သန်နေကြတယ် .. လုံခြုံနေကြတယ်..၊ ဘာလို့လဲ သိလား .. စိတ်လုံခြုံလို့ပဲ ..၊ စိတ်က တည်ငြိမ်ရင် လုံခြုံတယ် မြိုင် ..၊ မြိုင် က .. စိတ်မငြိမ်တာ .. စိတ်မလုံခြုံတာ .. ဒါကြောင့် မောင့်အိမ်လေးဟာ မြိုင့် အတွက် မလုံခြုံတော့ဘူးလို့ မြင်လာတာ ..၊ သားသမီးတွေ လူတစ်လုံး သူတစ်လုံးဖြစ်အောင် မောင် ရှာမကျွေးနိုင် ဘူး ..၊ တာဝန်မယူနိုင်ဘူးလို့ မလုံခြုံရာဘဝမျိုးကို မြိုင် မြင်လာတာ..''

သူ ပြောပြီး လှမ်းလင့်မြင်ရာ အခန်းဆီမှ ပုခက်လေးကို ကြည့်မိ သည်။ လက်ညှိုးထိုးပြမိသည်။

''မောင့်ကလေးဟာ .. အဲဒီလို ပုခက်လေးမှာ အိပ်ရမှာ မတန်မရာ ဖြစ်နေတယ်လို့ မြိုင် က မြင်တတ်နေပြီလား.. ဟင် ..၊ မောင် .. ကြိုတင် ပြင်ဆင်ထားနေမိခဲ့ရတဲ့ .. မောင့်ရင်သွေးလေး ရောက်လာမယ့်အချိန် လေးအတွက် .. စီမံထားရာတွေဟာ ဘာတစ်ခုမှ တန်ဖိုးမရှိဘဲ ဖြစ်နေ သလား .. ဒီအိမ်လေးမှာ မြိုင် နေနေရတာ .. မိုးမလုံ လေမလုံနဲ့ ဖြစ်နေ သလား .. မြိုင် ထမင်းငတ်ဖူးသလား .. ဟင် ..၊ မြိုင့် ကို မောင် သတိ ပေးခဲ့ဖူးတယ် .. အဲဒီတုန်းက မြိုင် ဘာပြောခဲ့သလဲ .. မြိုင့် ကို မောင်က ထမင်းအငတ်ထားမှာမို့လို့လားတဲ့.. အခု .. မြိုင် .. အဲဒီ မြိုင် ဟာ .. ထမင်းမငတ်ဘဲ နေနေရတဲ့ဘဝမှာ .. ထမင်းငတ်နေတယ်လို့ ခံစားနေ တတ်ပြီလား ..၊ စားရတဲ့ထမင်းဟာ မြိုင် စားခဲ့တဲ့ .. စားဖူးခဲ့တဲ့ ထမင်း ဝိုင်းနဲ့ မတူတော့တာ တစ်ခုတည်းကြောင့် .. ထမင်းပွဲတစ်ပွဲ မဖြစ်တော့ ဘူးလို့ မြင်တတ်လာပြီလား .. မြိုင် ရာ ..၊ မောင် .. အတန်တန် သတိ ပေးတယ် .. မြိုင့် ကို စဉ်းစားခိုင်းတယ် .. နောက်ဆုတ်ခိုင်းတယ် .. အဲဒီတုန်းက မြိုင့် ဆီမှာ ရှိနေတဲ့ သတ္တိတွေ ရေစုန်မျှောပစ်လိုက်ပြီကိုး..''

သူ ဆက်တိုက်ပြောကာ အံခဲထားသည်။ မြိုင် ငိုပါ၏။ ဤတစ် ကြိမ်မှာတော့ မြိုင့် မျက်ရည်စက်ကို သူ သုတ်မပေးလို ..။ မြိုင် သည် ချမ်းသောင့်ချမ်းသာ မနေရ၍ ငိုနေသော မြိုင် ဖြစ်နေသည်။ ထိုမျက်ရည်



www.burmeseclassic.com

www.burmeseclassic.com

ကို ကုန်စင်သွားအောင် သူ သုတ်ပေးနိုင်မှာ မဟုတ် ..၊ သူလည်း မြိုင့် ကို လောလောဆယ်မှာ လက်ရှိဘဝမှာပဲ ထားနိုင်သည့် သုတာ ဖြစ်နေ သည်။ လူချမ်းသာအဖြစ် ချက်ချင်း မီးတောက် ထဖြစ်မလာနိုင် ..၊ နောင်အနာဂတ်ကိုတော့ သူ မသိ ..၊ လက်ရှိမှာတော့ သာမန် ဂီတဆရာ လေး သုတ အဖြစ်ပဲ ဤအိမ်လေးမှာ မြိုင့် ကို သူ ထားနိုင်သည့်ဘဝ.. မြိုင့် မျက်ရည်က ခန်းမည့်မျက်ရည် မဟုတ်..၊ ချမ်းသာခြင်းကို စောင့်တ နေသည့် မျက်ရည် ..။

"ဒီအိမ်လေးကို မြိုင် ရောက်တဲ့အခါ .. အလှဆုံးဖြစ်အောင် မောင် ကိုယ်တိုင် ဆေးသုတ်ခဲ့တယ် .. ပြင်ဆင်ခဲ့တယ် .. မောင့်ဘဝမှာ အတတ်နိုင်ဆုံးသော ကြိုးဆို ပြင်ဆင်မှုတွေနဲ့ မြိုင့် ကို .. ခေါ်လာခဲ့တဲ့ ဒီအိမ်ဟာ.. မလုံခြုံဘူးလို့ မြိုင် ထင်လာချိန်မှာ .. မြိုင့် ကို မောင် ဘာမှ မပြောချင်တော့ဘူး မြိုင် .. စိတ်မကောင်းစရာ အဖြစ်ဆုံးကတော့ .. မောင်ဟာ လူချမ်းသာဖြစ်မနေတဲ့ အချဏ်ပဲ.. ဆယ်တန်းတောင် မအောင် တဲ့ မောင့်ကို .. မြိုင် .. လက်ထပ်ခဲ့ပြီးပြီ .. အနုပညာသည် တစ်ယောက် ဟာ အနုပညာကြေးနဲ့ မြိုင့် ကို ရှာကျွေးတာပဲ တတ်နိုင်တယ် မြိုင် .. မြိုင့် ကို မောင် အရှင်းဆုံး ပြောပြမယ် .. အသိပေးမယ် .. ကိုယ်ဝန် အရင့်အမာနဲ့ဖြစ်နေတဲ့ မြိုင့် ကို .. မောင် .. ဒီစကား မပြောချင်ဘူး .. ဒါပေမယ့် မပြောလို့လည်း မဖြစ်တော့ဘူး .. ပြောအောင် မြိုင် လမ်းခင်း ပေးတာ .. မောင်ဟာ .. ဘယ်တော့မှ .. မြိုင့် အဖေရှေ့မှာ သူတောင်း စားတစ်ယောက်လို .. အဲဒီ ပစ္စည်းချမ်းသာတွေကို ပေးပါလို့ လက်ဖြန့် ပြီး သွားမတောင်းနိုင်ဘူး မြိုင် .. မောင့်မှာ .. လူတစ်ယောက်ရဲ့မာန ဆိုတာ ရှိတယ် .. အားမာန် .. မာနဆိုတာ ရှိတယ်၊ သိက္ခာနဲ့ဆိုင်တဲ့ မာန .. ယောကျ်ားတစ်ယောက်ရဲ့မာန .. အနုပညာသည်တစ်ယောက်ရဲ့ မာန .. မောင် တောင်းပန်ချင်တယ် မြိုင် .. မောင့်မှာ ပိုင်ဆိုင်ရာဆိုလို့ ချမ်းသာခြင်း မရှိပေမယ့် .. မာန်နဲ့ မာနဆိုတာတော့ ရှိနေပါရစေ .. ပိုင်ဆိုင်နေပါရစေ ..၊ မြိုင် .. ငွေလိုတယ် ဟုတ်လား .. အခု .. မောင်.. ဘဏ်ကို သွားမယ် .. မောင် စုဆောင်းထားသမျှ ငွေအားလုံးကို .. မောင် ထုတ်လာခဲ့မယ် .. မြိုင့် လက်ထဲ ထည့်မယ် .. အဲဒါပဲ မောင် တတ်နိုင်တယ် မြိုင် .. အဲဒီငွေထပ်လေးကို မြိုင် ကြည့်ပါ .. နည်းလွန်း တယ် .. မလုံခြုံရာဘဝပဲ ဖြစ်တယ်လို့ မြိုင် ခံစားရမှာပါပဲ .. အဲသလို ခံစားရရင်ဖြင့် .. မြိုင် .. ဆုံးဖြတ်ချင်တာ ဆုံးဖြတ်ပါ၊ မောင်ကတော့.. တွာမြားစံအိမ်ကို လိုက်နေမှာလည်း မဟုတ်သလို .. မောင့် ရင်သွေးကို လည်း အဆုံးရှုံး မခံနိုင်ဘူးဆိုတာ .. မြိုင် အသေအချာ သိထားပါ .. မောင့်ကလေးကို မောင် ယူရလိမ့်မယ် မြိုင်..၊ မြိုင် ကမှ .. မောင့်ကို အားရစ်ခဲ့နိုင်တယ်ဆိုရင် မောင်က ဘာလို့ မကျန်ရစ်ရဲနိုင်ရမှာလဲ ..၊ ဲ .. မောင် .. ဘဏ်ကိုသွားမယ် .. အခုကျနေတဲ့ မျက်ရည်ကို ခြောက် အောင် သုတ်ပေးနိုင်တာလည်း မြိုင် ကိုယ်တိုင်ပဲ ဖြစ်နေတယ် .. မောင် သုတ်ပေးလို့ ခြောက်နိုင်မှာ မဟုတ်ဘူး .. ဘာလို့လဲဆိုတော့ .. မောင့် လက်တွေက လူချမ်းသာတစ်ယောက်ရဲ့လက်တွေ မဟုတ်လို့ဘဲ မြိုင်.. လက်ဆံနဲ့သုတ်မှ စင်မယ့် .. ခြောက်မယ့် မျက်ရည်အဖြစ် မြိုင် .. ဆုံးဖြတ် တယ်ဆိုရင်တော့ .. မောင့်လက်တွေဟာ မြိုင့် မျက်ရည်ကို ဘယ်တော့မှ ခြောက်အောင် .. စင်အောင် သုတ်နိုင်မယ့်စွမ်းရည်တွေ ရှိနေနိုင်မှာ မဟုတ်ဘူး မြိုင် .."

သူ တောက်လျှောက်ပြောပြီးတာနှင့် အိမ်လေးပေါ်မှ ဆင်းသည်။ နေ့လယ်စာ ခုထိ မစားရသေး ..၊ ရင်သည် ခါနေ၏။ မြိုင့် ကို စားစေ ချင်စေဖြင့်သော စားစရာကို သူ ဝယ်ခဲ့ခြင်း ..၊ ကလေးအတွက် အနီးစ ဘာ ဝယ်နေမိရခြင်း ..၊ တပည့်တွေအိမ်သို့ စောင်းတီးသင်ပေး အပြန်မှာ အိမ်မရောက်ခင် မယားအတွက် စားစရာ ..၊ ကလေးအတွက် .. အနီးစ ဘာ ဝယ်ပြန်လာခဲ့ရစဉ်က ခြေလှမ်းတွေက ကြည်နူးမှုတွေနှင့် ဖြစ်နေ သည်။ ခု .. ခြေလှမ်းတွေက ကြေကွဲမှုတွေနှင့် ဖြစ်နေသည်။




www.burmeseclassic.com

www.burmeseclassic.com



မြိုင့် ခေါ်သံ ပေါ်လာ၏။

သူ ခေါင်းခါပြသည်၊ လက်ကာပြသည်။ လှေကားရင်းဆီ ရောက် နေပြီဖြစ်သည့် ခြေလှမ်းသည် မြန်ဆန်၏။ ရင်သည် ခါနေသည်။ လှိုက် နေသည်။ ဤသို့ သူ ကြုံရချေမည်ဟု .. ခုလို .. မြိုင် နှင့် တူတူနေခဲ့ ရသည့်ကာလလေးတွေ ရှည်လာချိန်မှာ လုံးဝ မမျှော်လင့်ထားမိခဲ့ — ရင်သွေးလေးပါ ရှိလာပြီမို့ .. သူ့အနာဂတ်သည် .. သူ့အိမ်လေး လှပစွာ ဖြစ်ထွန်း တည်မြဲနေသည့်ကာလတွေအဖြစ်ပဲ ရှိခဲ့သည်။

ခုကျတော့ .. ထို မျှော်လင့်ချက်များသည် .. နံလုံးအိမ်ဆီမှ ဖြူ ကြည်လဲ့နေသော ဖန်လုံးဝန်းဝန်းလေး လျှောကျသည်သို့ ကျ..၊ ကွဲကြေ သည်သို့ ကွဲကြေ .. ဖြစ်ကုန်ရပြီ ..။ သြော် .. အဘယ်မျှ ဖြူစင်ကြည်လ သော မျှော်လင့်ချက်များပင် ဖြစ်စေ .. မချမ်းသာသည့်သူတစ်ယော ၏ နှလုံးအိမ်မှာ .. ဖန်စင်ဝန်းစက်အဖြစ်ပဲ ရှိခွင့်ရသည်။

ကျလျှင် ကြေမည် ..၊ ကွဲကွဲစင်စင် ဖြစ်မည် ..၊ တားဆီးခွင့် မရှိ

မြိုင် ရယ် .. ဟုပင် ညည်းတွားယူရလောက်အောင် .. သူ့ အားအင်မကျန်တော့သည့်နှယ် ခံစားရချက်က .. ပြင်းထန်လွန်းသည် ဆိုးဝါးလွန်းနေသည်တည့်...။





## အခန်း (၁၀)

ခြေလှမ်းကြီးကြီးဖြင့် အိမ်လှေကားမှအဆင်းမှာ ခြံတံခါးဝ၌ ရပ်၍ လက်ကိုင်ဖုန်းလေးဖြင့် ဖုန်းပြောနေသည့် မောင်အောင်မြင့် ကို သူ ရင်ဆိုင် မြင်လိုက်ရသည်။ မြိုင် နှင့် သူတို့နှစ်ယောက် ပြောကြဆိုခဲ့ကြ မျှကို ကြားများ ကြားသွားခဲ့ချေပြီလား မသိ။ မောင်အောင်မြင့် မျက် ထက်တွင် စိတ်ထိခိုက်ရိပ်ကို သူ မြင်နေရသည်။ တပည့်သစ်လည်း ကာ သင်လာတာလည်း နှစ်လလောက်ပဲ ရှိသေးသည့် မောင်အောင် သည် လက်ကိုင်ဖုန်းလေး တကိုင်ကိုင် ..၊ ကိုယ်ပိုင်ကားလေးဖြင့် ည်း လာသင်နိုင်သည့် တပည့် လူချမ်းသာလေးတစ်ယောက်တော့ ပါ၏။ ရွှေတောင်ကြားမှာ နေသည် ဆိုတာလောက်ပဲ သူ သိရသည်။ လေးနှင့်ရောက်လာကာ သူ့ထံမှာ စောင်းသင်တပည့်အဖြစ် သင်ပါ ဟု ခွင့်ပန်ခဲ့သည့် မောင်အောင်မြင့် သည် သူ့ကိုလည်း ရိုရိုသေသေ ည်။ မြိုင့် ကိုလည်း တလေးတစား ထားသည်။

တစ်ခါတစ်ရံမှာ သူ့အတွက် .. မြိုင့် အတွက် စားစရာလေးတွေ၊ အတွက် ပုဆိုး၊ မြိုင့် အတွက် ကိုယ်ဝန်ဆောင်ဆေးလေးတွေ ဝယ် တတ်တာမို့ မနည်း တားယူရသည်အထိ ရိုရိုကျိုးကျိုးလေး နေတ



www.burmeseclassic.com

www.burmeseclassic.com



သည့် တပည့်ပါ ..။ ကြိုးကြိုးစားစားလည်း ပညာကို သင်ယူသည့် တပည့် ဖြစ်ပါ၏။ ရွှေကြိုးတပ် လက်ပတ်နာရီ၊ စိန်လက်စွပ်တို့ဖြင့် ရှိတတ်သော မောင်အောင်မြင့် သည် ချမ်းသာမာနလည်း မထားတတ်၊ သူ့ကို ဆရာသမားအဖြစ် တလေးတစား ထားပါ၏။

ခုလည်း ခြံတံခါးဝမှာ ရပ်နေရင်း မျက်နှာမကောင်းပဲ ဖြစ်နေသည်။ သူ .. ဘာမှ မပြောတော့ပါ။ ကြားခဲ့သည်ဆိုလျှင်ဖြင့် သူလည်း ဘာမှ မတတ်နိုင်တော့ပြီ။ အဖြစ်က .. ဖြစ်ခဲ့ပြီးပြီပဲလေ။ သူကလည်း ကြေကြေကွဲကွဲ မြိုင့် ကို ပြောခဲ့ပြီးပြီ ..။ မြိုင် ကလည်း သူ့ရင်ကို ကျေစေမည့်စကားတွေကို ပြောဆိုခဲ့တာ ရှိခဲ့ပြီးပြီ။ ဤအဖြစ်က .. ကျန်ခဲ့ပြီ၊ ဖြစ်ပြီးသွားပြီ ..။ မောင်အောင်မြင့် မကြားစေရဟု တား၍ မရနိုင်တော့ပြီတည့် ..။ အကယ်၍ .. မကြားရဘဲ ဖြစ်ခဲ့လျှင်တော့ ပိုကောင်းမည်ပေါ့ ..။ ခု ဥစ္စာက မောင်အောင်မြင့် ကားရပ်လိုက်သံကိုလည်း သူရော မြိုင် ရော မကြားမိခဲ့ကြ ..။ ကိုယ့်ဇာနှင့်ကိုယ် မြုပ်နေကြသည်ကိုး ..။

"ဆရာ .. ကျွန်တော် လိုက်ပို့ပေးပါရစေ .. ဒီနေ့ .. ကျွန်တော်လည်း ကိစ္စတစ်ခု ကြုံတာနဲ့ .. ဒီတစ်ရက် စောင်းသင်တာ ခွင့်လာပန်တာပါ ဆရာ .. ဒီရောက်တော့ ဆရာနဲ့ မမမြိုင် တို့ ပြောတာဆိုတာတွေ ကြားခဲ့ရပါတယ် .. လှေကားရင်းကပါ ဆရာ .. အပေါ်ကို မတတ်တော့တာပါ ..၊ ဘာပဲဖြစ်ဖြစ် ဆရာရယ် .. မမမြိုင် လည်း သနားဖို့ ကောင်းပါတယ်.. ဆရာကိုလည်း မှားတယ်လို့ ကျွန်တော် မပြောပါဘူး ဆရာ အခု .. ဆရာ .. ဘဏ်သွားမလို့ မဟုတ်လား .. ကျွန်တော် လိုက်ပို့ပေးပါရစေ ဆရာ .. ပြီးရင် အိမ်ကို ပြန်လာပို့ပေးပါရစေ .. ဆရာ စိတ်ထိခိုက်ချိန်မှာ ကျွန်တော် ဘေးမှာ ရှိနေသင့်သလို .. ဆရာ့ကို .. အိမ်ပြန်အရောက် လိုက်ပို့ပေးရမှာလည်း တာဝန်ရှိပါတယ် ဆရာ .."

ဟု ပြောလာတော့ သူ ငိုင်နေသည်။ တကယ်က .. တခြားအချိန်





ဆိုလျှင် သူ ငြင်းမိမည်သာ ..။ တပည့်တစ်ယောက်၏ကားကို ကပ်လိုက်စီးတာမျိုး သူ ဘယ်တော့မှ လုပ်မိမှာ မဟုတ် ..။ ဒါပေမယ့် ခုလိုအချိန်မှာကျတော့ မောင်အောင်မြင့် ပြောသည်က သူ့အတွက် စေတနာနှင့် ပြောနေခြင်းဟု နားလည်နေရသည်။ ငြင်းလျှင် ရိုင်းရာရောက်မည်။ သူ သက်ပြင်းရှိုက်ကာ ခေါင်းပဲ ညိတ်ပြလိုက်ရပါ၏။ သူ သွားမည့် ဘဏ်အမည်ကို မေးသည်။ သူ ဖြေကာ ကားတွင်းသို့ ဝင်ထိုင်လိုက်ရပါ၏။ ထိုစဉ်ခိုက် ဖုန်းမြည်လာတာမို့ မောင်အောင်မြင့် ဖုန်းထူးပါ၏။ သူသွားမည့် ဘဏ်အမည်ကိုလည်း ပြောနေသံ ကြားရသည်။ ဆရာ့ကို လိုက်ပို့ပေးပြီးမှ သူ လာမည် ဆိုတာတွေလည်း ပြောနေတာ ကြားနေရသည်။ သူ အားနာသည်မို့ ကားပေါ်မှ ဆင်းမည်ပြုတော့ မောင်အောင်မြင့် လက်ကာ၍ ကမန်းကတန်း ကားထဲဝင်ထိုင်သည်။ ကားကို မောင်းထွက်လာပါ၏။

ကားမောင်းနေစဉ်မှာလည်း မောင်အောင်မြင့် သူ့ကို ဘာမျှမပြော။ သူ စိတ်ထိခိုက်နေတာ သိ၍ ဖြစ်မည်။ ဘာမျှကို မပြောရှာ ..၊ သူလည်း ခေါင်းထဲမှာ ပန်းဟိုက်နေသည်ပါပဲ။

"မောင်အောင်မြင့် ကို ဆရာ အားနာတယ် .. လိုက်မပို့နဲ့ဆိုတာ တောင်ဘဲကိုး .. စောစောက ဖုန်းလာတယ် မဟုတ်လား .. သွားရမယ့်နေရာ နဲ့ ဆက်တာ မဟုတ်လား .. မောင်အောင်မြင့် အလုပ်ပျက်ပြီကွယ် .. ဆရာ .. တက္ကစီနဲ့ပဲ သွားလိုက်ချင်တယ် .. ကားရပ်လိုက်ပါ .. အပြန်လည်း ဆရာ တက္ကစီနဲ့ ပြန်မယ် .. ဆရာ့ကို အိမ်အထိ လိုက်မပို့ပါနဲ့.."

"မဟုတ်တာဘဲ ဆရာရယ် .. ဆရာ့ထက် ဘာကိစ္စမျှ ကျွန်တော့်အတွက် အရေးမကြီးပါဘူး ဆရာ .. အိမ်ကို ပြန်မပို့လို့ မဖြစ်ဘူး ဆရာ .. မမမြိုင် စိတ်ပူနေပါ့မယ် .."

မောင်အောင်မြင့် မျက်နှာမကောင်း ..၊ အိမ်မပြန်ဘဲ သူ တစ်နေရာမှာ အချိန်ဖြုန်းနေမှာကို စိုးရိမ်ပုံ ရသည်။ မြိုင် စိတ်ပူနေမှာကို စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



နေပုံလည်း ရသည်။ သူကတော့ ဘာကိုမျှ ရေရေရာရာ ကြိုမတွေးရဲနိုင်။ မြိုင် သည် အိမ်မှာ တကယ်ပဲရှိနေရင်း သူ့ကို စိတ်တပူပူနှင့် မျှော်နေသည်ဆိုလျှင်တော့ မောင်အောင်မြင့် တွေးတာက မှန်နေပါလိမ့်မည်..။ ဒါမှမဟုတ် .. မြိုင် သည် .. ပတ္တမြားစံအိမ်သို့ ထွက်ခွာသွားပြီးချိန်လည်း ဖြစ်ကောင်း ဖြစ်နေနိုင်သည်။ သူ အိမ်ပြန်ရောက်ချိန်မှာ မြိုင် မရှိတော့သည့်အိမ်လေးတစ်အိမ်ကိုပဲ သူ ရင်ဆိုင်ကြုံတွေ့ရဖို့ များနေသည်ဟု ရင်ထဲမှာ အလိုလို ခံစားနားလည်နေရသည်သို့ ရှိနေရပါ၏။ တကယ်ပဲ မြိုင် မရှိတော့ပြီဆိုလျှင် သူ ရင်ဆိုင်ရမှာက တစ်ခုပဲ ဖြစ်ပါ၏။ သူ့ရင်သွေးကို သူ ရအောင် ပြန်ယူဖို့ပဲ ကျန်မည် ..၊ မြိုင် ကတော့ ချမ်းသာပုံထဲ နေရစ်လေ ..၊ နေရစ်စေတော့ ..။

ဘဏ်ရှေ့ ကားပါကင်နေရာမှာ ကားကို ရပ်တော့ သူ ဆင်းကာ..

"ပြန်တော့ မောင်အောင်မြင့် .. ဆရာ တက္ကစီနဲ့ ပြန်ပါ့မယ် .."

ဟု ပြောပေမယ့် မရ ..၊ ခေါင်းပဲ ခါသည်။ သူ ဘဏ်ထဲဝင်ကာ ငွေထုတ်ပါ၏။ ငွေထုတ်ပြီး ထွက်လာတော့ မောင်အောင်မြင့်မှ ကားတံခါးကို မှီ၍ ရပ်စောင့်နေရာမှ ခပ်သုတ်သုတ် သူ့ထံ လျှောက်လာသည်။ သူ့ကို ကားရှိရာသို့ စောင့်၍ တူတူ ခေါ်လာပါ၏။ သူ မတတ်နိုင်တော့ပြီ ..၊ ငြင်း၍လည်း ရမှာ မဟုတ် ..။ ဒါကြောင့်လည်း ကားထဲ ဝင်ထိုင်လိုက်ရပါ၏။

"ကျွန်တော် အအေးဘူးလေး ဝယ်သောက်ခဲ့တယ် ဆရာ .. ဆရာ့အတွက်လည်း တစ်ဘူး ဝယ်ထားပါတယ် .. ရင်ထဲ အေးသွားအောင် သောက်ပါ ဆရာရယ် .."

ဟု ဖောက်ထားသော ဖျော်ရည်ဘူးလေးကို ကမ်းပေးလာတော့လည်း အားနာစိတ်ဖြင့် သောက်လိုက်ရပါ၏။ လူကလည်း ရင်တွေ တုန်ချင်ချင် ဖြစ်နေသည်ကိုးလေ ..။

"မောင်အောင်မြင့် လည်း ဆရာ့အတွက်.. ပင်ပန်းရတယ်ကွယ်.."





ဟု သူ ညည်းမိရပါ၏။ ဖျော်ရည်ဘူးကို သူ ကုန်အောင် သောက်လိုက်ပြီးတော့မှ မောင်အောင်မြင့် ကားကို မောင်းထွက်လာပါ၏။ ဖြည်းဖြည်း သူ ငိုက်မျဉ်းလာသည်။ ကားကူရှင်ကျောမှီမှာ မှီချ၍ မျက်တောင်ကို မေးပိတ်ချလိုက်မိရပါ၏။ အိပ်ချင်လိုက်တာ .. ဆိုသည့် ခံစားချက်က တစ်ကိုယ်လုံးကို အုပ်စီးထားသည်တည့် ..၊ တစ်ခါမှ ထိုသို့ သူ မဖြစ်ဘူး ..။ ဤမျှအထိ အလွန်အမင်း ထိန်းမရနိုင်အောင်ပဲ အိပ်ချင်ဇောတွေ နှစ်မနေစဖူး ..၊ သူ့ကိုယ်သူလည်း အံ့သြနေသည်။ ဒါပေမယ့် .. သူ .. မျက်ခွံတွေကို ဖွင့်မရဘဲ ဖြစ်နေသမျှ ကြိုးစား၍ မျက်လုံးတွေ ဖွင့်နိုင်ဖို့ လုပ်မိသေးသည်။ မရ ..၊

"ဆရာ .. အိပ်ချင်လိုက် .. တာ .. မောင် .. အောင်မြင့် .. ရယ်.."

ဟု အနိုင်နိုင် ပြောမိတာတစ်ခုပဲ သူ ကြိုးစားယူလိုက်နိုင်သည်။ ဖွင့်ထားရာ ကားပြတင်းဆီမှ လေအေးက တနေ့နေ့ တိုး၏။

သူ နိုးလာချိန်မှာ သူသည် အခန်းတစ်ခုထဲမှာ ရောက်နေသည်။ ခုတင်တစ်လုံးထက်မှာ အိပ်လျက် ရှိ၏။ မျက်နှာကြက်မှာ မီးသီး ရှိသည်။ ဘေးတစ်ဖက်တစ်ချက်တွေက နံရံတွေပဲ ဖြစ်နေ၏။ အခန်းတံခါးရွက်ကြီးက ပိတ်ထားသည်။ သူ .. ခေါင်းကို လက်ဖြင့် ဖေးညှပ်မိ၏။ အိပ်ချင်စိတ်ကတော့ လုံးဝ ပြေနေတာတော့ မဟုတ်သေး ..။ ခေါင်းတွေ လေးနေဆဲ ..၊ ဒါပေမယ့် သူ နိုးနေပြီ။ သူ ဘယ်တုန်းကမှ ရောက်ဖူးသည့် နေရာတစ်ခုမှာ သူ ရောက်နေခြင်းဆိုတာကိုလည်း သိနေသည်။ ခုတင်ထက်မှ သူ ထ၏။ ခေါင်းအုံးအောက်ဆီမှ စွန်းထွက်နေသည်က သူ့ပိုက်ဆံအိတ် ..၊ ယူကြည့်တော့ ငွေ မလျော့ ..။

သူ.. ဘယ်လို ဤအခန်းထဲ ရောက်လာရပါသတဲ့လဲ..၊ မောင်အောင်မြင့် ရော .. ဘယ်ရောက်နေပြီတဲ့လဲ ..၊ နောက်ဘက် တံခါးရွက်ကို ဖွင့်လိုက်တော့ ရေအိမ်နှင့် ရေချိုးခန်း တွဲလျက်ရှိသည့်အခန်း ဖြစ်နေသည်။ စတီးလ်တန်းပေါ်မှာ တဘက် ရှိ၏။ ရေချိုးဆပ်ပြာခွက် တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



က စင်တန်းမှာ ရှိနေသည်။ ရှာဝါပါသည့် ရေချိုးခန်း ..၊ သူ အခန်းထဲမှ ပြန်ထွက်ကာ ခုတင်ထက်မှာ ထိုင်မိပြန်သည်။ အခန်းထဲမှာ သူ တစ်ယောက်တည်း ..၊ မောင်အောင်မြင့် ရှိမနေခြင်းကိုက တစ်ခုခုတော့ လွဲနေပြီဆိုတာ သူ နားလည်စပြုလာပြီ ..။

အခန်းထဲမှာ သူ ဟိုဟိုဒီဒီ လျှောက်နေမိပြန်သည်။ စားပွဲပေါ်မှာ ချိုင့်တစ်ချိုင့် ..၊ ဖွင့်ကြည့်လိုက်တော့ ထမင်းနှင့် ဟင်းတွေ ဖြစ်နေ၏။

"ဘာကြောင့် မောင်အောင်မြင့် ငါ့ကို ဒီမှာ လာထားရတာလဲ ..၊ ငါဟာ သူ့ကားပေါ်မှာ ထိန်းမရနိုင်အောင် အိပ်ချင်လာပြီးတော့ .. အိပ်ပျော်သွားခဲ့တယ် ..၊ သူဟာ တကယ်ဆိုရင် ငါ့ကို .. ငါ့အိမ် ပြန်ပို့ရမှာ.. ခုကျတော့ .. ဒီကို သူ ခေါ်လာထားခဲ့တာ ဘာကြောင့်လဲ ..၊ သူကရော.. ဘာကြောင့် ငါနဲ့တူတူ ရှိမနေရတာလဲ ..၊ စားစရာတွေကိုတော့ ထားခဲ့တယ် .. ဟိုမှာက ရေခဲသေတ္တာ .."

ဟု ရေခဲသေတ္တာကို သွားဖွင့်ကြည့်တော့လည်း ဖျော်ရည်ဘူးနှင့် ရေသန့်ပုလင်းကအစ .. ပန်းသီးတွေ၊ မုန့်တွေ ရှိနေသည်။ သူ .. နားမလည်နိုင် ..။ ဤမျှ ပြည့်ပြည့်စုံစုံ သူ့ကို ဤနေရာမှာ ရှိနေစေခြင်းသည် သူ့ကို ရန်မူဖို့ မဟုတ်ဟု နားလည်လာမိရပြန်၏။ ဒါဆို .. ဘာအတွက် ဤနေရာမှာ သူ့ကို လာထားရပါသလဲ ..။ ညနေစောင်းတော့ အခန်းတံခါး ပွင့်လာသည်၊ ခုတင်ထက်မှာ ထိုင်နေရာမှ သူ ထရပ်မိပါ၏။ လူလေးယောက်နှင့်အတူ ဝင်လာသည့် လူကြီးတစ်ယောက် ..၊ ထိုလူကြီးကိုလည်း သူ မသိ ..၊ ပါလာသည့် ဗလကောင်းကောင်းနှင့် လူလေးယောက်ကိုလည်း သူ မသိ ..။ ဝင်လာသည့် လူကြီးက သူ့ကို ပြုံး၍ ကြည့်သည်။ အခန်းတံခါးရွက်ကို ပါလာသည့် လူလေးယောက်ထဲမှ တစ်ယောက်က ပိတ်လိုက်ပါ၏။ ပြီးတော့ လေးယောက်စလုံး တံခါးရွက်ရှေ့မှာ မျက်နှာတည်ကြီးတွေနှင့် ပိတ်၍ ရပ်နေကြသည်။ တဖြည်းဖြည်း သူ ပို၍ နားလည်လာရပါပြီ ..၊ သူ့ကို .. ဤနေရာမှ ဘယ်ကိုမှ





ထွက်မသွားအောင် လုပ်နေကြခြင်း ..။ ဘာကြောင့် ခုလို လုပ်ရမည်တဲ့လဲ ..၊ သူ တွေးမရ ..၊ နားမလည်နိုင် ..။

"ထိုင်ပါ ဆရာ ကိုသုတ .. ထိုင်ပါ ..၊ ထမင်းလည်း စားပုံ မပေါ်ဘူး .. ဆရာ့အတွက် အသစ် ထပ်ယူလာတဲ့ချိုင့်ကို စားပွဲပေါ် တင်ထားလိုက် .. ချိုင့်ဟောင်းကို ပြန်ယူသွား .."

ဟု တစ်ယောက်ကို ပြောတော့ အပြင်သို့ တစ်ယောက် ထွက်သွားသည်။ ချိုင့်နှင့် ပြန်ဝင်လာ၏။ ချိုင့်ဟောင်းကို ယူကာ တံခါးအနီး ကြမ်းပြင်မှာ ချထားလိုက်သည်။

"လောလောဆယ် .. ကျွန်တော် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဆရာ သိဖို့ မလိုသေးပါဘူး .. ဒီမှာ ဆရာ နေရလိမ့်မယ် ဆရာ .. ဒါပါပဲ၊ ဆရာ့ဇနီး မြိုင် လည်း .. သူ့အဖေအိမ်ကို ပြန်သွားပြီ ဆရာ .. အဲဒါလည်း လာပြောပြလိုက်တာပါပဲ ..၊ သူက ဆင်းရဲဒုက္ခ မခံနိုင်တော့ဘူးလေ .. သူ့အဖေကလည်း သမီးကိုပဲ လက်ခံမယ်တဲ့ .. သမက်ကိုတော့ လက်မခံနိုင်ဘူးတဲ့ .. အဲသလို ပြောတယ် .."

သူ .. ရင်ထဲ နင့်ခနဲ ဖြစ်၏။ သြော် ... မြိုင် သည် .. ပတ္တမြားစံအိမ်သို့ပင် ပြန်ရောက်နေချေပြီ တကား ..၊ ဒါပေမယ့် .. ထိုကိစ္စ .. ဤလူကြီးက ဘယ်လို သိနိုင်မည်တဲ့လဲလေ ..။ သူ အကဲခတ်သလို ကြည့်တော့ လူကြီးက ပြုံးသည်။

"မထူးတော့ပါဘူး ဆရာ .. အသိပေးရတော့မှာပေါ့ ..၊ ကျွန်တော်က မြိုင့် ဖေဖေရဲ့ လူယုံတစ်ယောက်ပါပဲ .. အမှန်ကန်ဆုံး ပြောရရင်တော့ဖြင့် ကျွန်တော့်သားနဲ့ မြိုင့် ကို နေရာချပေးချင်တဲ့စိတ်က ကျွန်တော့်ဆီမှာ ရှိနေခဲ့တာပါ .. ဒါပေမယ့် မြိုင် က အဲဒီလို ကျွန်တော် ရည်မှန်းထားတာကိုလည်း မသိခဲ့ပါဘူး .. မြိုင့် ဖေဖေလည်း မသိခဲ့ပါဘူး .. ကျွန်တော်ကလည်း ပြောမပြရဲခဲ့ဘူးလေ ..၊ အဲဒီလို ရှိနေတုန်းမှာ မြိုင် က ဆရာ့ကို လက်ထပ်သွားတာပါပဲ .. ကျွန်တော်က ပိုခံစားရ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆရာ ..၊ ကျွန်တော့် မျှော်လင့်ချက်တွေ .. ပျောက်ဆုံးကုန်တာကိုး .. ဆရာဟာ ကျွန်တော့်အတွက်တော့ ဒုက္ခပေးတဲ့သူပါပဲ ..၊ ဆရာ့ကို ကျွန်တော် မေတ္တာထားစရာကို မရှိတာပါ .. ဒါပေမယ့် ကျွန်တော်ဟာ မြိုင့် အဖေလို .. မြိုင့် ကို သတင်းမစုံစမ်းဘဲ နေသလိုမျိုး ဘယ်နေပါ့မလဲ .. မြိုင့် သတင်းကို စုံစမ်းဖို့ .. ကျွန်တော့်လူ မောင်အောင်မြင့်ကို ဆရာ့ဆီ စောင်းတီးတပည့်အဖြစ် လွှတ်တယ် ..၊ ကျွန်တော့်လူ မောင်အောင်မြင့် ဟာ သူ့ဒွေးသားစတိုင်နဲ့ ဆရာ့ဆီ ရောက်လာတာပါ..၊ ကျွန်တော် စီစဉ်ပေးတဲ့ ကား .. ကျွန်တော် ပေးတဲ့ ဖုန်း .. ကျွန်တော် ဆင်ပေးလိုက်တဲ့ လက်ဝတ်လက်စားတွေနဲ့ ဆိုပါတော့ .. မောင်အောင်မြင့် ဆိုတာကလည်း သူ့နာမည်ရင်း မဟုတ်ပါဘူး .. ထားပါတော့လေ.. မောင်အောင်မြင့် လို့ပဲ ဆက်ခေါ်ကြတာပေါ့ ..''

ပြောနေသမျှကို သူ ငြိမ်၍ နားထောင်နေရစဉ်မှာ မြိုင် သည် သူ့ကို ချန်ရစ်ခဲ့သော မြိုင် ဖြစ်နေသည်ဆိုတာကို သိနေရင်း ရင်ထဲမှာ ကြေကွဲနေသည်၊ ခံပြင်းနေသည်။ ရင်သွေးလေးကို အဆုံးရှုံး မခံနိုင်သည့် ခံပြင်းမှု ..။

''ဒီနေ့မှာ မောင်အောင်မြင့် ဖုန်းဆက်လာတယ် .. ဆရာနဲ့ မြိုင် တို့ ဖြစ်ပျက် ပြောဆိုခဲ့ကြသမျှတွေကို လှေကားရင်းက သူ ကြားခဲ့တာတွေ ပြန်ပြောပြတယ် .. ဆရာက ဘဏ်သွားမလို့တဲ့ .. ပိုက်ဆံထုတ်မလို့တဲ့ ..၊ သူ ပြောပြတော့ .. သူ ဘာလုပ်ရမယ်ဆိုတာ ကျွန်တော် သူ့ကို ပြောလိုက်တယ်လေ .. သူက .. နေ့တိုင်း ဆရာနဲ့ မြိုင့် သတင်းအမြဲ ပို့ပေးနေကျပါ ..၊ ဒီနေ့မှ သူ .. သူ့အလုပ်ကို သူ တကယ် စတင်လုပ်ရတာပါ .. သူ့ဆီ ကျွန်တော် ဖုန်းဆက်မေးတော့ .. ဘယ်ဘဏ်ကို သွားနေပြီဆိုတာ သူ ဖြေတယ်,.. ဒါကြောင့် ကျွန်တော်က အဲဒီဘဏ်ကို ကြိုတင်ရောက်အောင် သွားနိုင်ခဲ့တယ်လေ .. ဘဏ်က ကျွန်တော်နဲ့ပိုနီး နေတာကိုး .. အတိုဆုံး ပြောရရင်တော့ ဆရာရယ် .. ကျွန်တော် အသင့်





ယူလာခဲ့တဲ့ အိပ်ဆေးထည့်ခပ်ထားတဲ့ ဖျော်ရည်ဘူးကို .. မောင်အောင်မြင့် လက်ထဲ ထည့်ပေးနိုင်ခဲ့တယ် .. ဆရာ ဘဏ်ထဲရောက်နေချိန်မှာလေ .. ဆရာ ပြန်ရောက်လာတော့ ဖျော်ရည်ဘူးကို သောက်တယ် .. ဆရာ အိပ်ပျော်ခဲ့တယ် .. ဆရာ ကျွန်တော်ပိုင်တဲ့ ခြံကျယ်ကြီးတစ်ခုက ငြိမ်းလုလု အိမ်ကြီးတစ်လုံးထဲက အခန်းတစ်ခန်းထဲကို ရောက်နေတာပါ ..၊ ဒီမှာ ဆရာ နေရပါလိမ့်မယ် ဆရာ .. တစ်ခုပဲ ဆရာနဲ့ ကျွန်တော် အပေးအယူ လုပ်ရလိမ့်မယ် ..၊ ဆရာ့ကို ဆရာ့ရင်သွေးလေး ကျွန်တော် လာပေးမယ် .. မြိုင် မွေးဖွားပြီးတဲ့အခါမှာ ဆိုပါတော့ .. ဆရာက မြိုင့် ကို .. ကွာရှင်းစာချုပ်တစ်ခု .. လက်မှတ်ထိုးပေးရလိမ့်မယ် ..၊ ကလေးရတဲ့အခါကျတော့မှ ထိုးပါ .. အဲဒါ .. အပေးအယူပါပဲ ဆရာ ..၊ မြိုင် ကတော့ သူ့အဖေအိမ်မှာ ရှိနေပြီ .. ကလေး မီးဖွားဖို့ကိစ္စ အဲဒီအချိန်ထိ .. ဆရာ ဒီမှာ နေရပါလိမ့်မယ် ..''

သူ တည်ငြိမ်စွာ ထိုလူကြီးကို ကြည့်မိရပါ၏။ မြိုင် ထွက်ခွာသွားပြီဆိုတာကိုတော့ သူ ယုံသည်။ မြိုင် သည် သူနှင့် တူတူ မနေနိုင်သည့် မြိုင် ဆိုတာ သူ သိခဲ့ရပြီးပြီပဲလေ .. ဒါပေမယ့် ကလေးကို ဘယ်လို ထိုလူကြီး ရအောင် ယူပေးနိုင်ပါ့မည်တဲ့လဲ ..။

''ဆရာက .. ကျွန်တော့်ကို စဉ်းစားသလို ကြည့်နေတာကိုး .. မလိမ်ချင်ပါဘူး ဆရာ .. ခုထိ မြိုင့် ကို ကျွန်တော့်သားနဲ့ နေရာချပေးချင်တဲ့စိတ်ဟာ ရင်ထဲမှာ ရှိနေတုန်းပါပဲ ..၊ သားကလည်း မြိုင့် ကို ချစ်နေဆဲပါပဲ .. ရင်ထဲ ကျိတ်ချစ်ရတဲ့သူကိုး .. သားကို စိတ်ချမ်းသာစေချင်တယ်လေ .. ဆရာနဲ့ မြိုင် တို့ ပြတ်ပြတ်စဲစဲ ရှင်းနေစေဖို့အတွက်.. ဆရာ့ဆီက ပြတ်စဲစာကိုတော့ ရထားချင်ပါတယ် .. ဆရာ့ကိုလည်း ချူတတဲ့ အခွင့်အရေးတစ်ခု တုံ့ပြန်ပေးသင့်တယ်လို့ မှတ်ယူတာမို့ .. ဆရာ့ကလေးကို ဆရာ့လက်ထဲ အပ်မယ်လို့ ဆုံးဖြတ်ထားတာပါ ..၊ ခဲ့သလို ကူညီချင်ပါဆယ် ဆရာ .. ပဏ္ဍမြားစံအိမ်ကို မြိုင် ရောက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ .. သားဆီက ဖုန်းဝင်လာတယ် ဆရာ .. ဒါကြောင့် ကျွန်တော် သိရတာပါ ..၊ ကျွန်တော်ကတော့ မြိုင် နဲ့ ဆရာတို့ ဘယ်အချိန်မှာ အိမ်ထောင်ရေးခရီး အဆုံးသတ်မလဲဆိုတာ သိချင် .. စောင့်ကြည့်ချင်နေတာမို့ .. မောင်အောင်မြင့် ကို လွှတ်ခဲ့တာပါ ..၊ အစောပိုင်းမှာ အဆင်ပြေနေကြတယ်ဆိုတော့လည်း .. အဲသလို ကြားရတာ .. ဆရာတို့ အိမ်ထောင်ရေးဇာတာ မြဲဖို့ပဲလို့ မှတ်ခဲ့တာပါပဲ ..၊ ခုလို .. ကွဲကြမယ်ဆိုတော့လည်း ဆရာတို့ ကံဆုံ လမ်းပျောက်သွားလို့ပဲဆိုပြီး မှတ်ယူတာပါပဲ၊ ကျွန်တော် ဆွေသာ ပါ ဆရာ .. အောင်ဇော်ဦး နဲ့ သူငယ်ချင်း လူရုံပါ.. လုပ်ငန်းမှာလည်း လုပ်ကိုင်ပေးနေပါတယ် ..''

ဟု ပြောလာတော့ သူ ငိုင်နေသည်။ အကဲခတ်သလို သူ ကြည့်ကာ--

''အိမ်ကို ကျွန်တော် ပြန်မယ် .. ကလေးကို .. အိမ်က စောင့်ယူမယ် ..၊ အဲဒါ .. မဖြစ်နိုင်ဘူးလား ..''

BURMESE CLASSIC .com

ဟု မေးလိုက်တော့ ဦးဆွေသာ ခေါင်းယမ်းသည်။

''အဲသလို လာပေးရင် .. ဘေးက သိကုန်မှာပေါ့ ဆရာ ..၊ ကျွန်တော်က ကလေး သေပြီလို့ မြိုင့် ကို လိမ်ရမှာ ..၊ မြိုင့် ကို တစ်နေရာမှာ ကလေးမွေးဖွားစေဖို့အတွက် စီစဉ်သင့်တယ်လို့ မြိုင့် ဖေဖေကို အရင်ဆုံး နားသွင်းရမယ် .. သူ လက်ခံမှာပါ ..၊ အဲဒီတော့မှ မြိုင့် အိမ်က အိမ်ဖော်ကြီးကိုပါ ခေါ်ပြီး တစ်နေရာမှာ မြိုင့် ကို ကလေးမွေးဖွားစေမယ် .. ဆရာ့ကို ကလေးအပ်မယ် ..၊ အဲဒီတော့မှ .. ဆရာက ကွာရှင်းစာလက်မှတ်ထိုးပေးရမှာပါ .. အဲသလို မလုပ်ချင်ဘူးဆိုရင်တော့ ဆရာ့သဘောပါ .. ဆရာ အိမ်ပြန်ချင်တယ်ဆိုရင်လည်း ပြန်ပါ .. ဆရာ့ကလေး၊ ကျွန်တော်လည်း လာပေးနိုင်တော့မှာ မဟုတ်ပါဘူး .. ဆရာနဲ့ မြိုင် ကတော့ ဝေးပြီးနေကြပြီးပြီပဲလေ .. ကလေးနဲ့ ဆက်ဝေးဖို့ပဲ ရှိတော့တယ် .. ဆရာ့အိမ်ထိတော့ဖြင့် လူသိသူသိခံပြီး .. ကျွန်တော် လူမိုက်လုပ်ပြီး ဘယ်ပို့ရပါ့မလဲ ..၊ ဒါက လျှို့ဝှက်ထားရမှာ .. မြိုင့်





အဖေလည်း မသိစေရဘူး .. မြိုင် လည်း မသိစေရဘူး .. သူတို့ သိရမှာက .. ကလေး ဆုံးသွားပြီဆိုတာပဲ ..၊ ဆရာ့ဆီကို .. ဒေါ်မိ နဲ့ လွှတ်ပြီး ကလေးကို အပိုနိုင်းမှာ .. စဉ်းစားပါ ဆရာ .. ဆရာ့ သဘောပါ၊ မြိုင် ကတော့ ကလေးကို ဘယ်လိုနည်းနဲ့မှ ဆရာ့ဆီ အပါခံမှာ မဟုတ်ဘူး ဆရာ ..၊ ဆရာ အိမ်ပြန်မယ်ဆိုရင်တော့ ကလေး ဆုံးသွားတယ်လို့လည်း ကျွန်တော် လုပ်ဖို့ မလိုတော့ပါဘူး .. ဘာလို့လဲဆိုတော့ .. ကလေးကိုမှ လာပို့ပေးလို့မှ မဖြစ်တော့တာ .. သူ့အမေနဲ့ သူ ရှိနေပါစေတော့ပေါ့ ဆရာ ..''

ဟု ပြောလာတော့ သူ အတန်ကြာ ငိုင်နေသည်။

နောက်တော့ .. သ ံ ပြင်းရှိုက်လိုက်မိရပါ၏။ သူ့မှာ ရွေးချယ်စရာ ဘာများ ကျန်တော့ မည်တဲ့လဲလေ ..။

''ကလေးကို ရရင်ဖြင့် .. ဆရာ အဝေးဆုံးကိုသာ သွားလိုက်ပါ..၊ မြိုင့် ကို ကျွန်တော့်သားနဲ့ လက်ထပ်ပေးဖို့ကိစ္စမှာလည်း မနှောင့်ယှက်ပါနဲ့ ဆရာ .. ဆရာ့ကို ကျွန်တော် ကူသလို .. ကျွန်တော့်ကိုလည်း ဆရာ ကူပါ ..၊ ဒါကလည်း မြိုင့် အိမ်ထောင်ရေး ဆိုတာကတော့ မြိုင် ခေါင်းညိတ်မှသာ ကျွန်တော့်သားနဲ့ လက်ထပ်ပေးမှာပါ ဆရာ ..ယ် .. မြိုင် လက်ခံလာဖို့အတွက်ဆိုတာကလည်း အချိန် စောင့်ရဦးမှာပါ .. မြိုင် ဟာ အလွန် ခေါင်းမာတဲ့ မြိုင် ဖြစ်တာ ကျွန်တော် သိပါတယ် .. ခု .. ဆရာ့အိမ်က မြိုင် ထွက်သွားပြီဆိုကတည်းက မြိုင် ဟာ ဘယ်တော့မှ ဆရာ့အိမ်လေးကို ပြန်လာတော့မှာ မဟုတ်ပါဘူး ဆရာ..၊ ဆရာကလည်း ဆရာ့မာနနဲ့ မြိုင့် ဆီကို ဘယ်လိုမှ ဝင်မှာ မဟုတ်ဘူး၊ ငွေမြားစံအိမ်မှာ မြိုင် ဟာ ချမ်းချမ်းသာသာနဲ့ သူ နေချင်ရာမှာ နေဖို့ ဆိုရင်က .. မြိုင့် အဆုံးအဖြတ်ပါ ..၊ ဆရာဟာ ကျွန်တော့်ကို ကူညီရင်.. ကလေးရင်သွေးနဲ့အတူ ဆရာ နေရမယ် .. မြိုင် ကလည်း သူ နေချင်ရာမှာ နေရလိမ့်မယ် .. ဒါပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ သူ ငိုင်နေရာမှာ ဖျတ်ခနဲ ကြည့်သည်။

ဦးဆွေသာ ၏ ကူညီမှုဆိုတာ အတ္တဖြင့် ဖြစ်တည်သော ကူညီမှု ဆိုတာ သူ သိနေသည်။

ဒါပေမယ့် .. ထိုအတ္တသည် သူ့အတွက်တော့ ဆေး ဖြစ်နေ၏ .. သူ၏ရင်သွေးကို သူ ပိုင်ဆိုင်ခွင့်ရမည့် ဆေး ..၊ သူ့ထံမှ ကြေကြေမွမွ ဖြစ်တည်နေသည့် နှလုံးသားကို ကုစားပေးချေမည့် ဆေး ..။

"အဲဒီ ယူလာတဲ့ ကလေးဟာ .. မြိုင့် ထံက ဖြစ်တယ်ဆိုတာ .. အထောက်အထားတော့ ပြရလိမ့်မယ် ဦးဆွေသာ .."

ဟု တိကျပြတ်သားစွာ ဖြေလိုက်သည့်အဖြေသည် ဦးဆွေသာ ကို ပြုံးသွားစေပါသတည်း ..။ အဖြေတစ်ခုဆီမှ ရလိုက်သည်က ..သဘော တူညီမှု ..။

"မြိုင့် ရဲ့လက်စွပ်ကို .. ကလေးနဲ့အတူ ပါလာစေရမယ် ဆရာ သုတ .."

ဟု အသေအချာပဲ ဦးဆွေသာ ဖြေလိုက်ပါသတည်း ..။

သူ ငိုင်နေသည်။

တကယ်တော့ .. မြိုင့် ကို .. သူ ဆုံးရှုံးလိုက်ရပြီ။ ဤအတွက် .. သူ့ရင်ထဲမှာ ကြေကွဲနေသည်ပါပဲ ..၊ မြိုင့် ကို သူ ချစ်သည်။ မခွဲနိုင် အောင် ချစ်သည်။ ဒါပေမယ့် .. သူ့မာနက မြိုင့် စည်းစိမ်ချမ်းသာနောက် သို့ အရှက်မရှိ လိုက်သွားသည့် သုတ ဖြစ်မနေဖို့အတွက်တော့ ခိုင်မာ နေပါသေးသည် မြိုင် ..။

ထို ဦ်း်ကခြင်းသည်ပင်လျှင် .. မြိုင့် နောက်သို့ သူ လိုက်မသွား စေဖို့အတွက် .. ကြီးမားသော မာနတရားကို ပို၍ .. ရင်မှာ .. မြုပ်နှံထား နိုင်စွမ်းချေသည်တည့် ..။





## အခန်း (၁၁)

မြိုင့် အတွက် ဘဲကင်နှင့် ကြက်ကြော်ကို စောင်းသင်တပည့်အိမ်မှ ပြန်မှာ ဆိုင်နှင့်လည်း မဝေးလှတာမို့ ခြေကျင်လျှောက်ရင်း သွားဝယ် ခဲ့က ..၊ မိုးဖွဲလေးတွေ မိခဲ့သည်။ အဝတ်တွေ စိုထန့်ထန့် ဖြစ်ကုန်ရ တာ .. ဆိုင်မှာ ဘာမှမစားဘဲ ဘဲကင်နှင့် ကြက်ကြော်ထုပ်လေးဖြင့် ပြန်ထွက်ခဲ့သည့်အဖြစ်တစ်ခုသည် .. သူ့ကို အအေးပတ်စေခဲ့ပါ၏။

အိမ်ရောက်တော့လည်း တက္ကစီမှ ဆင်းကာ အိမ်ပေါ်ရောက်တာ နှင့် တိုးခဲ့ရသည်က မီးပူတိုက်နေသည့် မြိုင့် ကို မြင်ရတာပဲ ဖြစ်နေခဲ့ သမို့ .. စိုထန့်ထန့်အဝတ်တွေလဲဖို့ထက် မီးပူတိုက်ဖို့က အရေးတကြီး ကာကပ်သွားခဲ့ရသည်။ နောက်တော့လည်း စိုထန့်ထန့်အဝတ်တွေဖြင့် ပင် သူသည် ဘဏ်သို့ ထွက်ခဲ့ရသည်။ ကြေမွနေသော ရင်ဖြင့် ..၊

"မြိုင် ရယ် ..လုပ်ရက်တယ် .. မြိုင့် ကို ကျွေးချင်ဇောနဲ့ စားဖို့ ဆိုင်းကန်ထဲကအစ ဘဲကင်နဲ့ ကြက်ကြော်လေးတွေ ထည့်ပေး .. ပြီး တော့ .. စားခိုင်းရ .. ခွံ့ကျွေးရနဲ့ ရှိခဲ့တဲ့ မောင့်ကို .. မောင့်အိမ်လေးမှာ နေချင်တော့တဲ့အကြောင်း ပြောရက်တယ် .. မောင် .. ဘာမှကို မစား နေခဲ့တာ ..၊ ရင်ထဲမှာ .. ခုထိ အစာရယ်လို့ ဘာမှကို မရှိသေးတာ ပင် ဘာသိမှာလဲ ..၊ မြိုင် က အဖေ့အိမ်ကို ရောက်နေပြီကိုး .."



www.burmeseclassic.com

www.burmeseclassic.com



သူ ကြေကြေကွဲကွဲ တွေးနေဆဲ ..၊ ကိုယ်လက်တွေလည်း ကိုက် နေသည်။ သူ ဖျားနေပြီဆိုတာ သိနေရပါ၏။ ထိုသို့ သူ ဖျားနေတာ ဦးဆွေသာ ကို ပြောပြဖို့လည်း အားရုံထဲ ဝင်မနေ ..။ ဒါပေမယ့် ဦးဆွေသာ ရိပ်မိလာပုံ ရပါ၏။

"ဆရာ .. မျက်နှာကြီး နီနေပါလား .. ဖျားနေတယ် ထင်ပါရဲ့ ဟာ!... ကိုယ်တွေ ပူနေတာကိုး .. မဖြစ်ပါဘူး .. ဆေးတိုက်မှပါ ထမင်းလည်း မစားထားပဲကိုး .. အစာမရှိတော့ လေတွေ ပိုခံနေမှာ ဒါပေမယ့် ဖျားတာဆိုတော့ .. ဆန်ပြုတ်ပဲ ကောင်းပါတယ်..၊ ဟိုကော တွေနဲ့ အဝယ်ခိုင်းမယ် .. ထမင်းမစားနဲ့တော့ ဆရာ .."

ဟု ပြောကာ အရေးတကြီးပင် ဆန်ပြုတ်ဝယ်ခိုင်း ..၊ ဆေး ခိုင်းနှင့် ဦးဆွေသာ အလုပ်များသွားတော့လည်း သူ အားနာသည်။ အ ကြောင့် သူ့ကို ခုလို ခေါ်ထားပါသည့် ဦးဆွေသာ ၏စိတ်ထဲမှာ ဖျားနေတာကိုတော့ စိတ်ပူပေးနေသေးသည်တည့် ..။ မြိုင် က ရက်ရက်စက်စက် ပြတ်သားလွန်းစွာပဲ .. သူ့ကို ချန်ထားရစ်ခဲ့ပြီ လေ ..၊ သူ အိပ်ရာထက်မှာ လှဲချလိုက်မိရပါ၏။ ဦးဆွေသာ စော ပေးသည်။ နောက်တော့ သူ စိတ်ပင်ပန်း ကိုယ်ပင်ပန်းဖြင့် ဖျားလ ဖျားသည်။ ဆန်ပြုတ်ကို ဝင်နိုင်သမျှ သောက်ရသည်။ ဆေးသော သည်။ အဖျားက မသက်သာ ..၊ ပိုဆိုးသွားရသည်က .. သူ့မှာ အ မရှိသည့်အခံထဲမှာ မိုးမိခြင်း ..၊ အအေးမိခြင်း ..။ ပြီးတော့ စိတ်ထိ ရခြင်း ..၊ အိပ်ဆေးရှိန်ကလည်း ထိခဲ့ခြင်းများဖြင့် .. သူသည် တစ်ပ ကြာအောင် အဖျားမကျဘဲ ရှိခဲ့ရကာ .. တစ်ပတ်ကျော်မှ အဖျား စတင်၍ ကျလာခဲ့ပါ၏။

ပိန်ချုံးကျသွားသည့် သူ့ကို ဦးဆွေသာ နေ့တိုင်း နှစ်ခေါက် အနည်းဆုံး လာကြည့်တတ်သည်။ ထိုသူသည် .. မြိုင့် ကို သားဖြစ်သူ ပေါင်းဆက်ပေးချင်နေသည့် လူတစ်ယောက် ဖြစ်နေတာကို သူ သိ





၏။ သားဖြစ်သူ စိတ်ချမ်းသာဖို့အတွက် မြိုင် နှင့် သားဖြစ်သူတို့ က်ဆက်စေချင်သည့်ဇောကိုလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပြ ဝန်ခံ ည်။ သူ့ကို ခုလို ကြည့်ရှု ကုသပေးနေခြင်းသည် သန့်နေသော တစ်ခုတည်းဖြင့် မဟုတ်ဘဲ .. သူ့ထံမှ ကွာရှင်းစာချုပ်တစ်ခုကို ချင်၍ဆိုတာကိုလည်း သူ သိနေရသည်။ အဘယ်မျှထိ .. သူ့ရင်ကို နေစေပါသည့် ခံစားချက်များပါလဲလေ ..၊ ကိုယ့်ဇနီးသည်ကို တစ် သူတစ်ယောက်နှင့် လက်ဆက်မည့်ကိစ္စ .. သူ သိနေရသည်ကိုက.. လွန်းလှသည်။ ဒါပေမယ့် သူ ဘာတတ်နိုင်မည်တဲ့လဲ ..၊ သူ့ဇနီး ယ်တိုင်ကိုက သူ့ကို ချန်ခဲ့ပြီးနေပြီ။ ဖခင်အိမ်သို့ပင် ရောက်နေပြီ။

သူ့ကို စွန့်ထားရစ်ခဲ့ပြီ ..၊ မြိုင့် ကို တစ်ပါးသူနှင့် လက်မထပ်ရဟု ဘယ်လိုမှ မဟန့်တားနိုင်စွမ်းတော့ပြီ ..။ တကယ်က .. အိမ်ထောင် ခဲ့ဆိုတာက ချစ်ခြင်းဖြင့် တည်ဖွဲ့နေခြင်းက ပို၍ မှန်သည်တည့်..၊ .. သူ့ကို စွန့်ခွာသွားပြီဆိုကတည်းက.. သူ့အိမ်ထောင်ရေးက ပြိုကွဲ း‌ခဲ့ပြီပဲ ..။ မြိုင် သည် သူ့ကို ချန်ရစ်ခဲ့နိုင်သည်မို့ ချန်ရစ်စေခဲ့ခြင်းပဲ နေသည်။ တရားဝင်စာချုပ်နှင့် ကွဲကွာတာမျိုး မဖြစ်ရပေမယ့် ချစ် ကတော့ စွန့်ခွာခြင်းဖြင့် ပြီးဆုံးနေခဲ့ပြီးသည့်နောက်မှာ ..၊ သူသည် ကို ကွာရှင်းစာချုပ်တစ်ခုမှာ လက်မှတ်ထိုးပေးလိုက်ရဖို့အတွက် င့် ဖြစ်နေသင့်သည့် လူတစ်ယောက်ဖြစ်ဖို့တော့ ကောင်းနေပြီ။ .. သူ့မာနက ဆုံးဖြတ်ခြင်း ..။ ဒါပေမယ့် .. သူ့နှလုံးသားကတော့ င်ကြေကွဲနေကြသည်ပါပဲ ..၊ ခုလည်း ကြည့် ..၊ ဦးဆွေသာ ၏ ဇောဆိုတာကို သိနေရင်းဖြင့်ပင် သူသည် ဤနေရာလေးမှာ ရှိနေ ည်။ ဤသည်ကလည်း .. သူ့ရင်သွေးလေးကို ရချင်၍ ..၊ ဦးဆွေသာ ကလေးကို ရအောင် ယူဆောင်၍ သူ့လက်ထဲအပ်မှာကတော့ နေသည်ဟု သူ ယုံကြည်နေမိရပါသည့်အဖြစ် ..။

ဒါပေမယ့် .. သူ .. လက်တွေ့ကျကျ ပြတ်သားစွာ သိချင်နေသည်



www.burmeseclassic.com

www.burmeseclassic.com



အရာတစ်ခုက ရင်ထဲမှာ ကျန်နေသေးသည်။ ခု .. လူကလည်း န... ထစ ပြုလာပြီမို့ ...

"ကျွန်တော် .. အိမ်လေးကို သွားကြည့်ချင်ပါတယ် ဦးဆွေ... မြင် မရှိတော့ဘူးဆိုတာ ပိုသေချာအောင်ပါ .. တကယ်က ကျွန်... မဖျားဘူးဆိုရင် .. ညမကူးဘဲ သွားကြည့်ဖြစ်မှာပါ .."

ဟု ပြောတော့ ဦးဆွေသာ တစ်ချက် တွေခနဲ ဖြစ်၏။ သူ... အတန်ကြာ ကြည့်သည်။ နောက်တော့ သက်ပြင်းရှိုက်ကာ ...

"တစ်ပတ်ကျော်လို့ ရှစ်ရက်ထဲတောင် ရောက်နေပြီ ဆရာ... ကပါ .. ဒီည .. ကျွန်တော် .. ဆရာ့ကို ကားနဲ့ ကိုယ်တိုင် လိုက်... ပို့ပေးမယ်၊ မှန်အပြည့်တင်ထားတဲ့ ကားထဲကနေပြီး .. အပြင်ဘ... အိမ်လေးကို ကြည့်ပါ ဆရာ .. မြိုင် မရှိတော့တာ ဆရာ မြင်ရမှာ... သေချာ ကိုယ်တိုင် တွေ့ရမှာပါ .."

ဟု ပြောကာ ပြန်သွားပါ၏။ တကယ်ပဲ ည ရှစ်နာရီလော... ဦးဆွေသာ သူ့ကို ကားဖြင့် အိမ်လေးရှိရာသို့ ခေါ်ဆောင်လာပါ၏...

"တစ်ခုတော့ ကြိုတင် ပြောထားချင်ပါတယ် ဆရာ .. ဆ... လေးမှာ မြိုင် မရှိဘူးဆိုတာ ဆရာ မြင်ရပြီးပြီ .. ယုံပြီဆိုရင်ဖြင့် တ... ဘယ်သူ့ကိုမှ မဆက်သွယ်ပါနဲ့ ဆရာ .. ဥပမာ ဒေါ်စိမ့် နဲ့ ... ကို ဆိုပါတော့ ..၊ ဆရာဟာ ကျွန်တော်နဲ့ ပတ်သက်နေတယ်ဆို... ဘယ်လိုနည်းနဲ့မှ ပေါ်သွားလို့ မဖြစ်ဘူး ဆရာ .. ကလေးကို ကျွန်... ဆရာ့ဆီ ယူလာပေးဖို့ အများကြီး အဟန့်အတား ဖြစ်ကုန်မယ် .. အ... အခဲတွေ ဖြစ်ကုန်မယ် .. ကလေးကို ယူလို့မရအောင် ကြံ့ကြံ့... နိုင်တယ် ..၊ မြိုင့် ဘက်က ကျွန်တော့်အပေါ်မှာ ဘာမှ သံသယ... ဖြစ်နေဖို့ လိုသလို .. မြိုင့် ဖေဖေဘက်ကလည်း အဲသလိုပဲ သံသယ... လိုနေတယ် ဆရာ .. ဒါကိုတော့ လေးလေးနက်နက် ပြောပါရ... ကျွန်တော် ဝန်ခံပါတယ် .. အတ္တမကင်းတဲ့စိတ်နဲ့ ဆရာ့ကို ကျွန်...





...ညီတာ ဖြစ်ပေမယ့် တစ်စိတ်တစ်ပိုင်းကတော့ဖြင့် ဆရာနဲ့ ဆရာ့ ...သွားလေးကို ပေါင်းစည်း တူတူ ရှိစေချင်တာလည်း ပါပါတယ် .. ...က ချမ်းသာတယ်လေ .. သူက .. သူ နေချင်ရာမှာ ချမ်းချမ်းသာသာ ...င့်ရပြီပဲ ..၊ ဆရာ့ဘက်ကတော့ မချမ်းသာတဲ့ကြားထဲမှာ .. ကလေး ...ဆုံးရှုံးရတယ်ဆိုတာ မဖြစ်သင့်ဘူးလို့ ကျွန်တော် မှတ်ယူတယ်"

ဟု ကားမောင်းရင်း ဦးဆွေသာ ပြောပါ၏။ လောလောဆယ်မှာ ...ဦးဆွေသာ ဝယ်လာပေးပါသည့် အင်္ကျီထူကြီးနှင့် ပုဆိုး အဝတ် ...အားတွေကို ဝတ်ကာ ကားပေါ်မှာ အားပြတ်အင်ပြတ်ဖြင့် ထိုင်လိုက် ...သည့်ဘဝ ..။ ဦးဆွေသာ ၏ ကျေးဇူးဟုပင် ပြောရမည့်အပိုင်းတွေ ...ည်း ရှိနေပြီ။ ဆေးလည်း ကုပေးသည်၊ အဝတ်အစားလည်း ဝယ် ...ထားသည်၊ အာဟာရလည်း ကျွေးမွေးထားသည်။ အတ္တမကင်းသည် ...ဦး ..၊ ကျေးဇူးတရားကတော့ ဖြစ်နေသည့် ဦးဆွေသာ ၏ ကူညီမှု ... သူ မစော်ကားလိုပါ။ ငြိမ်၍သာ နားထောင်ပေးလိုက်ရသည်ပါပဲ။

ကားလေးက အိမ်လေးကို မြင်ရသည့်နေရာမှာ .. လမ်းတစ်ဖက်၌ ...ရိပ်အောက်မှာ ရပ်သည်။ တကယ်ပဲ အိမ်လေးသည် မည်းမည်း ...င်နေ၏။ မီးရောင် မရှိ ..။

... ည ရှစ်နာရီလောက်မှာ တစ်အိမ်လုံး မီးပိတ်၍ မြိုင် အိပ်နေတာမျိုး ...း ဘယ်လိုမှ မဖြစ်နိုင်..။ သြော်... မြိုင် သည် အိမ်လေးမှာ တကယ့် ...ရှိတော့ပြီကောလေ ..။ မြိုင် သည် အိမ်လေးကိုလည်း ချန်ခဲ့ပြီ။ ...ကိုလည်း ချန်ခဲ့ပြီ ..၊ မည်းမှောင် တိတ်ဆိတ်နေသည့် အိမ်လေးသည် ...သခင်ကင်းမဲ့နေလျက် ညှိုးညှိုးငယ်ငယ် ရှိနေချေသည်တကား..။ ... သူ မျက်ရည်ဝဲလာသည်။ ခြံဝင်းတံခါးလေးသည်လည်း ပိတ် ...ရှိ၏။ အိမ်ပြတင်းတံခါးတွေလည်း ပိတ်လျက် ရှိ၏။ မမှိတ်မသုန် ...ကြည့်နေရင်း ဦးဆွေသာ ကို သတိရလာလျက် ကြည့်မိသည်။ ဦးဆွေ ...သည်လည်း ရှေ့တည့်တည့်ကိုပဲ ငေးနေတာ မြင်ရပါ၏။ ဦးဆွေသာ



www.burmeseclassic.com

www.burmeseclassic.com



သည်ရော ဘာတွေ တွေးနေမည် မသိ ..။ ကားတွင်းမှာ ထိုင်နေသ
လူတစ်ယောက်သည် မြိုင် နှင့် လက်ထပ်ခဲ့သောသူ ဖြစ်နေလျက်
မကြာမတင်မှာ သူ့ရင်သွေးလေး မွေးဖွားလာတော့မည် ဖြစ်သည်ဆိုတ
ကိုလည်း သိနေသည်။ မြိုင် ချန်ထားခဲ့ရာ ခင်ပွန်းသည်တစ်ယော
ဖြစ်နေသည်ဆိုတာကိုလည်း သိနေသည်။

"ကျွန်တော် တစ်ခု မေးချင်တယ် ဦးဆွေသာ.. မိန်းမတစ်ယော
ဟာ သူ လက်ထပ်ထားတဲ့ ခင်ပွန်းသည်ကို မချမ်းသာလို့ဆိုပြီး ချ
တယ် .. အဲသလို မိန်းမမျိုးနဲ့ .. ဦးဆွေသာ ရဲ့သားကို ဘာလို့ လက်
ပေးချင်နေရတာလဲ ..၊ ဒီမေးခွန်းကို မေးရတာ အလွန် မျက်နှာပူ
ကောင်းနေတာလည်း အမှန်ပါပဲ .. မေးရတဲ့သူက ချန်ခဲ့တာကို ခံ
ခင်ပွန်းသည် ဖြစ်နေတယ်၊ ကိုယ့်မိန်းမကို တခြားလူတစ်ယော
လက်ထပ်ပေးချင်နေတဲ့သူတစ်ယောက်ကို မေးခွန်း မေးနေရတဲ့သူ
နေတယ် .. အဲဒီ တခြားလူတစ်ယောက်ဆိုတာကလည်း ဦးဆွေ
ရဲ့သား ဖြစ်နေတယ် ..၊ ဦးဆွေသာ မစိုးရိမ်ဘူးလား .. တစ်နေ့
ဦးဆွေသာ ရဲ့သားဟာ အကြောင်းတစ်ခုခုကြောင့် ဆင်းရဲသွားရင်
ကျွန်တော့်လို ချန်ရစ်ခံ ယောကျ်ားတစ်ယောက် ဖြစ်သွားမှာကို မစိုး
ဘူးလား .."

မေးသံတွင် နာကြည်းသံ ပါနေသည်။ မီးရောင်ကင်းမဲ့နေသ
အိမ်ကိုလည်း သူ ငေးစိုက်ကြည့်မိပြန်ပါ၏။ မြိုင် သည် သူ တယုတ
ဆေးသုတ်ထားရာ အိမ်လေးမှာ ဆေးရောင်တွေ မပြယ်မလွင့်သေးခ
ပင် .. သစ်လွင်နေဆဲ ဆေးရောင်တို့ဖြင့် ရှိနေသည့် အိမ်လေးကို ချန်
ရစ်ခဲ့သည်တကား ..။

"အရိုးသားဆုံး ပြောရရင်တော့ .. ခုလို .. ဆရာ့ကို မြိုင် ချန်ခဲ
ကိစ္စမှာ .. မြိုင် တကယ်မှားရဲ့လား ဆိုတာကို အသေအချာ မဖြေရဲ
တဲ့သူတစ်ယောက်အဖြစ်ဘဲ ကျွန်တော် ရှိနေတယ် ဆရာ .. ဘာလို့





ဆိုတော့ မြိုင် ဟာ အလွန် ချမ်းချမ်းသာသာနဲ့ နေခဲ့ရတာကို မြင်နေခဲ့
တာကိုး .. သိနေရတာကိုး ဆရာရယ် .. မြိုင် ဟာ မဆင်းရဲဘူးတော့
ဆင်းရဲခြင်းရဲ့ ချို့တဲ့မှု ချို့ငဲ့မှုဆိုတာရဲ့ နက်ရှိုင်းတဲ့ ဒုက္ခကို မသိခဲ့သေး
ချိန်မှာ .. ဆရာ့ကို လက်ထပ်ရဲခဲ့ပေမယ့် .. တကယ်တမ်း ကြာရှည်
ဆင်းရဲတဲ့နေရာမှာ သူ မနေနိုင်တာဟာလည်း မမှားတဲ့အဖြစ်တစ်ခုပါ
ပဲ ..၊ ဒါကြောင့် မြိုင့် ကို အပြစ်တင်ရမှာ ခက်ခဲနေတယ် ဆရာ ..၊
အဲသလိုပဲ .. မြိုင့် ကို အလွန်ချစ်တဲ့သူဟာ ကျွန်တော့်ရဲ့သား ဖြစ်နေပြန်
တယ်၊ မြိုင် ဆိုမှ မြိုင် ဖြစ်နေတဲ့ သားကိုလည်း စိတ်ချမ်းသာစေချင်
တယ် ဆရာ .. ဆရာ နဲ့ မြိုင် တို့ရဲ့ ဘဝကလည်း ရှေ့ဆက်လို့မှ မရ
ကြတော့တာပဲလေ .. သားကို စိတ်ချမ်းသာစေချင်တဲ့ အဖေတစ်
ယောက်အနေနဲ့ .. မြိုင့် ကိုလည်း အပြစ်မမြင်နိုင်အောင် ဖြစ်နေရတာ
လည်း ပါသလို .. မြိုင့် ဘဝကို ချမ်းသောင့်ချမ်းသာနဲ့ ပြည့်ပြည့်လျှံလျှံ
နေခဲ့ရတာတွေ မြင်ခဲ့ သိခဲ့ရတဲ့ အနီးကပ်သူတစ်ယောက်အနေနဲ့
ကတော့လည်း .. ဆရာ့အိမ်လေးမှာ .. ဆရာ့ဘဝလေးမှာ မြိုင် ကြာရှည်
နေနိုင်ရည်မရှိဘဲ ဖြစ်သွားတာကို အပြစ်မပြောရက်ပါဘူး ဆရာ .. ဒါပေ
မယ့် မြိုင့် အဆုံးအဖြတ်ဟာ .. ဆရာ့အပေါ်မှာတော့ မတရားဘူးဆိုတာ
ကျွန်တော် သိပါတယ် .. အဲသလိုလည်း ခံယူပါတယ် .. ဒါကြောင့်
ဆရာ့ကိုလည်း ကူညီမယ်လို့ ဆုံးဖြတ်တာပါ ဆရာ .. ဆရာနဲ့ မြိုင်
တို့ စကားအချေအတင်ဖြစ်ကြချိန်မှာ ဆရာ့ကို ဘဏ်လိုက်ပို့ပေးတဲ့
မောင်အောင်မြင့် ကို ဖျော်ရည်ဘူး ကျွန်တော် ပေးခဲ့တာပါ .. အဲဒီအချိန်
မှာ ကျွန်တော် သိထားရတာ တစ်ခု ရှိနေခဲ့ပြီလေ .. မြိုင့် ဖေဖေ ..
ကျွန်တော့်ဆီ ဖုန်းဆက်လာတယ်.. မြိုင် ဟာ တက္ကစီတစ်စီးနဲ့ သူ့ဆီကို
ရောက်လာပြီတဲ့ .. ငိုယိုတောင်းပန်နေတယ်တဲ့ .. အဲဒါကို ကြားလိုက်
ရတာပါပဲ ..၊ ကြည့်ရတာ .. ဆရာ ဘဏ်ကိုသွားချိန်နဲ့ မရှေးမနှောင်း
ဘဲ .. မြိုင် လည်း တက္ကစီတစ်စီးနဲ့ ပတ္တမြားစံအိမ်ကို ပြန်သွားတာပဲ



www.burmeseclassic.com

www.burmeseclassic.com

ထင်ပါရဲ့ .. ဒါကြောင့် သူ့အဖေက ကျွန်တော့်ဆီကို ဖုန်းဆက်လာတာပေါ့ .. မြိုင့် အဖေ ကိုအောင်ဇော်ဦး နဲ့ ကျွန်တော်က သူငယ်ချင်းလည်း ဖြစ်တယ် .. သူ့လူယုံလည်း ဖြစ်နေတာကိုးလေ .."

ဟု ပြောလာတော့ သူ ဘာကိုမျှ ဆက်မမေးတော့ပါ။ တိတ်ဆိတ်စွာ သူ ထိုင်၍ အိမ်လေးကို ကြည့်နေမိရဆဲ ..၊ မှန်အပြည့်တင်ထားသော ကားတွင်းမှာ သူ ရှိနေသည်။ ကားရပ်သည့်မီးလေး ထွန်းထားရင်း အချိန်အတန်ကြာမှ ကားလေးသည်လည်း ငြိမ်သက်စွာ အိမ်လေး၏ တစ်ဖက်ဝယ် ကားလမ်းလေး ခြား၍ သစ်ရိပ်အောက်မှာ ရှိနေခဲ့ပါ၏။ ည ဆယ်နာရီထိုးတော့မှ ဦးဆွေသာ သတိပေးလာသည်။ ပြန်တော့မည် ဟု ..၊

"နေရစ်ခဲ့တော့ အိမ်လေးရေ .. မင်းဆီကို ငါ ပြန်လာဖို့ မလွယ်တော့ဘူးကွ .. နေရစ်ခဲ့တော့ .. ငါက .. ငါ့ကလေးလေးကို ပိုက်ပြီး .. အဝေးဆုံးကို သွားလိုက်ရတော့မှာ .. ငါ့ဘဝမှာ အရေးအကြီးဆုံးဟာ မြိုင် ဖြစ်ခဲ့တယ် .. အခုတော့ .. မြိုင် က ငါ့ကို ချန်ခဲ့ပြီ .. ဒါပေမယ့် ငါ့ဘဝအတွက် အရေးအကြီးဆုံးအဖြစ် .. ငါ့ကလေးလေးက ရှိနေပြန်ပြီ အိမ်လေးရေ .. မင်း သခင်မ .. မင်းရဲ့ အိမ်တံခါးမကြီးကို သော့ခတ်ခဲ့တယ် ..၊ ပြတင်းတွေကို ပိတ်ခဲ့ .. တံခါးကို ပိတ်ခဲ့တဲ့ လက်ရာလေးတွေနဲ့ .. နောက်ဆုံး ထိတွေ့ကျန်ရစ်ခဲ့လေတော့ .. ကျန်ရစ်ခဲ့လေတော့ အိမ်လေးရေ .."

ဟု ပြောမိသည်က စိတ်ထဲမှပါ ..။ နှုတ်မှ ဘာသံမျှ ထွက်ကျမလာနိုင် ..၊ ကားလေး ငြိမ့်ခနဲ ထွက်၏။

သူ့နှလုံးသားကို နင်းချေ၍ ထွက်သည်သို့ ရှိ၏။

အိမ်လေးထဲမှာ သူ တီးခတ်ခဲ့ရာ စောင်းနှင့် တယောလေးတွေ ကျန်ခဲ့ပြီ ..၊

သူ မြတ်နိုးရာ ဘဝလေးလည်း ကျန်ခဲ့ပြီ ..၊





သူနှင့် မြိုင် တို့၏ ပုံရိပ်လေးများစွာတို့သည်လည်း ကျန်ရစ်ခဲ့ပြီ ..။

ညအချိန်များမှာ စောင်းသံ လွင်ခဲ့ရာ အိမ်လေးသည်လည်း တိတ်ဆိတ်ခြင်းနှင့်အတူ .. ကျန်ခဲ့ပြီ ..။ ဘယ်သောအခါတွင်မှ စောင်းတော်သံ သာသာလေးတွေ လွင့်ပျံ့လာဖွယ်ရာ မရှိနိုင်တော့ခြင်းများဖြင့် .. ကျန်ခဲ့ပြီ ..။

အိမ်လေးသည် သူ့ကို ငေးမောကြည့်ရင်း မျက်ရည်ကျနေသည်ဟု ထားလာရ၏။

ဟုတ်သည် ..၊ မျက်ရည်နှင့်အတူ ကျန်ရစ်လေတော့ .. အိမ်လေးရေ ..။

ငါ၏ နှလုံးသားသည်လည်း မျက်ရည်ထဲမှာ ကူးခတ်ရင်း ထွက်ခွာရပါသည်ဟု လှမ်း၍ ပြောပြလိုက်မိပါသည်ကော အိမ်ငယ်လေးရယ် ..။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





ပင်လယ်ကမ်းခြေမှာ
ထင်တဲ့ ခြေရာဆိုတာ
လှိုင်းတွေ ရိုက်တဲ့အခါများမှာ
ပျောက်ကွယ်သွားရတတ်တယ် ...။

ဒါပေမယ့် ...
နှလုံးသားမှာ ထင်တဲ့
ချစ်သူရဲ့ ခြေရာဟာ
ဘယ်လို ကံကြမ္မာလှိုင်းတွေ
ရိုက်ပုတ်ပေမယ့်
ကွယ်ပျောက်သွားစေနိုင်မှာ မဟုတ်ဘူး ...။

နှလုံးသားမှာ ထင်တဲ့ခြေရာဟာ
ဘဝတစ်သက်တာမှာ
နှလုံးသားမှာပဲ
အမြဲ ထင်နေတတ်တယ် ...။

လောကမှာ ပျောက်ကွယ်လို့မရတဲ့ ခြေရာ
ဖျောက်ဖျက်လို့မရတဲ့ ခြေရာ ..
အဲဒါဟာ ...
နှလုံးသားမှာထင်တဲ့ ခြေရာပါပဲ ...။







## အခန်း (၁၂)

"သမီးလေး ကျွန်တော့်ဆီ ရောက်လာတဲ့အခါတုန်းက .. မြိုင့် လက်စွပ်လေး ပါလာတယ် အန်တီစိမ့် .. ကျွန်တော့်ကို .. ဦးဆွေသာဟာ သူ့ကတိကို တည်ခဲ့တယ် .. ကျွန်တော်ကလည်း မြိုင့် ကို ကွာရှင်းစာချုပ်နဲ့ လက်မှတ်ထိုး ကွာရှင်းခဲ့တယ် ..၊ အဲဒီစာချုပ်ကို ဦးဆွေသာပဲ ယူလာတာပါ .. ကျွန်တော်က လက်မှတ်ထိုးလိုက်ရုံပါပဲ .. ကျွန်တော့် မှတ်ပုံတင်နံပါတ် ဖြည့်ထည့်လိုက်ရုံပါပဲ ..၊ ပြီးတော့ .. စာအိတ်တစ်အိတ်မှာ ပတ္တမြားစံအိမ်လိပ်စာနဲ့ မြိုင့် အမည်ဖြစ်တဲ့ .. ခင်ထားမြိုင် ဆိုတဲ့ အမည်အပြည့်စုံကို ထည့်ရေးပြီး ပေးလိုက်ရတယ် .. ဦးဆွေသာဟာ အဲဒီစာချုပ်ကို စာတိုက်ကနေ တစ်ဆင့် ပေးပို့ဖို့ ကြိုတင် စီစဉ်ထားပြီးပုံ ရပါတယ် အန်တီ .. ကျွန်တော်ကတော့ မြိုင့် လိပ်စာကို အစကတည်းကိုက စုံစမ်းခဲ့ဖူးတာကို မရှိခဲ့တာပါ .. သူ့ချမ်းသာဂုဏ်ကိုလည်း စိတ်မဝင်စားခဲ့တဲ့သူပေမို့ .. သူ့လိပ်စာလည်း သိဖို့ မကြိုးစားခဲ့ဘူးပါဘူး အန်တီစိမ့် ရယ် .."

အဖြစ်စုံကို သူ ရှင်းပြနေရတာက သူ့အတိတ်ကို ပြန်၍ တူးဆွနေရတာနှင့် တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com

တူးဆွနေရသည်က သူ့နှလုံးသားပဲ ဖြစ်လေသည်။ အတိတ်ဆီမှ ကျန်ခဲ့ရာ ရှေးလက်ရာ အမွေအနှစ်တို့သည် မြေတို့၌ နှစ်နေသည်လည်း ရှိ၏။

ဪ ... သူ၏ ချစ်ခြင်းမြို့ဟောင်းတစ်ခုကို တူးဖော်ရာနေရာသည် သူ့နှလုံးသားထဲမှာပဲ နစ်မြုပ်ရာ ဖြစ်နေသည့်အတွက် ...၊

သူ့နှလုံးသားကို တူးဆွ တူးဖော်နေရတာနှင့် မခြား ...၊ အန်တီစိမ့်သည် တစ်ခွန်းသော်မျှ ဝင်မပြောလာ ...၊ ဖြတ်မပြောလာ ...၊ ဖြတ်မေးတာလည်း မရှိ ...။ ငြိမ်၍ နားထောင်နေ၏။ အန်တီစိမ့် မျက်နှာထက်မှာ ထိခိုက်ရိပ်တွေပဲ ပြည့်နေသည်။

"ဦးဆွေသာ က ကျွန်တော့်ကို ငွေဆယ်သိန်း ထုတ်ပေးသေးတယ်၊ တစ်နေရာမှာ လုပ်ကိုင်စားဖို့တဲ့လေ .. သူ့အတွက်က ကျွန်တော်ဟာ .. အဝေးဆုံးမှာ ရှိနေလေလေ .. ပိုကောင်းလေပဲ ဖြစ်နေတယ်ဆိုတာလည်း သိသာနေတာပါပဲ ...၊ ကလေးကိစ္စလည်း သူ့ပယောဂကြောင့် ကျွန်တော့်လက်ထဲ သမီးလေး ရောက်လာရတယ်ဆိုတာလည်း မြိုင်တို့ဘက်က သိကုန်မှာ စိုးတာလည်း ပါမှာပေါ့လေ .. မြိုင် နဲ့လည်း ဝေးသထက်ဝေးနေစေချင်တာလည်း ပါမှာပါပဲ .. ဒါပေမယ့် .. မြိုင်နဲ့ ကျွန်တော်က လုံးဝ နှလုံးသားချင်း ဝေးကုန်ကြပြီဆိုတာ ဦးဆွေသာ ဘယ်သိပါ့မလဲ ...၊ နှလုံးသားချင်း ဝေးကြတာက .. လူချင်းဝေးတာထက် ဆိုးပါတယ် ...၊ လူချင်း တစ်နေရာစီ ဝေးကြတာက ဆုံနိုင်ကြသေးတယ် .. ဆုံနိုင်တဲ့အခွင့်အရေးလည်း ရှိနေသေးတယ် .. နှလုံးသားချင်း ဝေးကြရတာက .. လုံးဝ ဆုံနိုင်ဖို့ကို မရှိတော့တာပါ ...၊ ဘယ်အကွာရာ ဘယ်စာသားနဲ့မှ စာချုပ်တွေလုပ်ပြီး ဟန့်တားနေဖို့ကို မလိုတာပါ ...၊ အဝေးကြီးပဲ အန်တီစိမ့် ရယ် .. ဦးဆွေသာ က ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ ပြောလို့သာ ထိုးပေးခဲ့ရတာပါ .. တကယ်က ကျွန်တော်နဲ့ မြိုင် တို့က .. အစကတည်းက ဝေးနေကြပြီးပြီပဲလေ .."





သူ ပြောနေရာမှ ချောင်းဆိုးလာသည်။ ရင်ထဲမှာ ကျပ်ခဲနေသည်။ ချောင်းဆက်တိုက်ဆိုးနေသမျှ လက်ကိုင်ပဝါဖြင့် နှုတ်ခမ်းပေါ် ဖိအုပ်ထားမိ၏။ ဟပ်ထုတ်မှ ဖြစ်တော့မည့် သွေးစသွေးန အခဲတချို့ကို လက်ကိုင်ပဝါထဲ ဟပ်ထုတ်လိုက်ရသည်။ လက်ကိုင်ပဝါကို အသာ ပြန်ခေါက်လိုက်ချိန်မှာ အန်တီစိမ့် ၏အကြည့်က သူ့နှုတ်ခမ်းမှာ စိုးရိမ်တကြီး တန့်ကြည့်နေသည်။

သူ ခေါက်ထားသည့် လက်ကိုင်ပဝါဖြင့် နှုတ်ခမ်းကို သုတ်လိုက်မိရပါ၏။ ငုံ့ကြည့်လိုက်တော့ သွေးစသွေးရောင်သည် လက်ကိုင်ပဝါမှာ စွန်းထင်းနေချေသည် တကား ...။

သွေးစတချို့သည် သူ့နှုတ်ခမ်းထက်မှာ ဖေးတင် ကျန်ရစ်ခဲ့ချေသည်ကောလေ ...၊ အန်တီစိမ့် ၏မျက်နှာမှာ သွေးရောင် ဖျော့ခနဲ ဖြစ်၏။ မျက်ရည်လည်တက်လာနေသည်။

သူ ခေါင်းခါပြသည်။ အားယူ၍ ပြုံးပြသည်။ အန်တီစိမ့် ကို စိုးရိမ်မှုတွေ လျော့ပါးသွားစေနိုင်ဖို့ ပြုံးပြသည့် သူ့အပြုံး ယဲ့ယဲ့သည် အားအင်ပါမနေတာကို သူ သိနေသည်။ အသက်ပါသောအပြုံးတစ်ခု ဖြစ်မလာနိုင်မှာကိုလည်း သိနေသည်။

"နှလုံးသားထဲက နာကျင်မှုဆိုတာက .. နှလုံးသွေးလျှံတတ်တယ်လေ .. ဒါပါပဲ အန်တီစိမ့် ရယ် .."

သူ ခပ်ညည်းညည်းပြောချိန်မှာ အန်တီစိမ့် မျက်ရည်ကျလာသည်။ သူ ရင်ထဲမကောင်းနိုင် ...၊ သူ့အပူသည် အန်တီစိမ့် ကို ကူးစက်ချေသည်ကောလေ ...။

"မငိုပါနဲ့ အန်တီစိမ့် ရယ်.. အစကတည်းကိုက ဘဝချင်း အလှမ်းဝေးကြတဲ့သူနှစ်ယောက် ပေါင်းစည်းမိကြတာကိုက မှားခဲ့တာပါ .. အစကတည်းက မှားခဲ့တဲ့ အဖြစ်တစ်ခုဟာ အမှားနဲ့ပဲ အဆုံးသတ်ရမှာပါပဲ .. အဲဒါကို ကျွန်တော် လျှော့ပေါ့ တွက်ဆမိခဲ့တာကလည်း အမှား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပါပဲ .. အချစ်ကို ယုံကြည်မိတဲ့အတွက် လျှော့ပေါ့ပြီး အဲဒီအမှားကို အထင်သေးမိခဲ့တာလေ .. အဆုံးသတ်ချိန်ဟာ .. နှလုံးသွေး လျှံကျရတဲ့အဆင့် ဖြစ်ကုန်ပြီဆိုတာ သိရချိန်ဟာ .. နောက်ကျတဲ့အသိပဲ ဖြစ်ရတော့တာပါပဲ .. နောက်ကျကုန်ပြီ အန်တီစိမ့် ရယ် ..''

သူ ကြေကြေကွဲကွဲ ပြောချိန်မှာ အန်တီစိမ့် ခေါင်းခါသည်။

''မဟုတ်ဘူး ဆရာ .. ဆရာ မသိသေးတဲ့ကိစ္စတွေ ရှိသေးတယ်.. ဆရာ ထင်ထားခဲ့သလို မြိုင် ဟာ ဆရာ့အိမ်လေးက ချက်ချင်း ထွက်မသွားပါဘူး ဆရာ .. တစ်ပတ်တိတိ သူ စောင့်ပါတယ် .. ဆရာ့ကို စောင့်ပါတယ် ဆရာရယ် .. ဆရာ ပြန်ရောက်မလာတဲ့ ပထမဆုံးညမှာ မြိုင် ငိုပြီး ခတ္တာမြိုင်ကို ရောက်လာတယ်၊ ဆရာ ပြန်မလာဘူးတဲ့ .. ဆရာ စိတ်နာသွားပြီ ထင်ပါရဲ့လို့ တငိုငိုနဲ့ ပြောတယ် .. အိမ်မှာ အိပ်ဆိုတော့လည်း လက်မခံဘူး ..၊ ခတ္တာမြိုင်မှာ သူ အိပ်လို့ မဖြစ်ဘူးတဲ့.. ဆရာ အိမ်လေးကို ပြန်လာရင် .. မြိုင့် ကို အိမ်လေးမှာ မတွေ့ရင် .. ပြန်လှည့်ထွက်သွားမှာ စိုးတယ်တဲ့ ..၊ ဆရာက အရှမ်း ခံစားနေရတာတဲ့ .. လုံးဝ ပြန်မလာတော့ဘဲ ဇာတ်မြုပ်သွားမှာ စိုးတယ်တဲ့ .. ဒါကြောင့် ရွှေရည် ကို မြိုင် နဲ့အတူ ထည့်လိုက်ရတယ် ဆရာ .. တစ်ပတ်ပြည့်တော့မှ မြိုင် စိတ်ကို လျှော့လိုက်တာပါ .. ကိုယ်ဝန်ကြီးနဲ့ နေ့မအိပ် ညမအိပ် ဆရာ့ကို တမျှော်မျှော်နဲ့ ရှိခဲ့တဲ့ မြိုင် ဟာ .. ဆရာ လုံးဝ ပြန်မလာတော့ဘူးဆိုတာကို တစ်ပတ်ပြည့်ပြီးတော့မှ စိတ်တုံးတုံးချလိုက်တော့တာ..၊ အဲဒီအခါကျတော့လည်း .. မြိုင် စိတ်နာသွားတာမှ .. အဖေ့အိမ်ကို ပြန်တော့တာပါပဲ .. ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့ မြိုင့် ကို အဲသလို ပြန်မလာဘဲ ပစ်ထားရက်တာဟာ မာနကြီးတာတဲ့ .. မြိုင့် ကိုရော .. ရင်သွေးကိုရော .. ရက်စက်တာတဲ့ .. မြိုင် အဲသလို ပြောတယ် ဆရာ..၊ အန်တီစိမ့် လက်ထဲကို ဆရာ့အိမ်သော့ အပ်သွားတယ် .. တက္ကစီတစ်စီးနဲ့ ပတ္တမြားစံအိမ်ကို ပြန်သွားတယ် .. အန်တီစိမ့် လည်း တားချင်တာ





ပါပဲ .. ခက်တာက ဆရာကလည်း ဇာတ်စမြုပ်စ ပျောက်နေတယ် .. လုံးဝ ပြန်မလာတာကိုက ရက်စက်တာ ဖြစ်နေတယ် .. အန်တီစိမ့်မှာ တားဖို့ရာ အင်အား မရှိဘူး ဆရာ .. ပြောအား မရှိဘူး ..၊ မြိုင် ပြန်တော့ ရွှေရည် လိုက်ပို့မယ်ဆိုတာကိုလည်း မြိုင် လက်မခံဘူး .. သူ .. တစ်ယောက်တည်း ပြန်မယ်တဲ့ ..၊ ဆရာနဲ့ ပတ်သက်ခဲ့ရာ ဒီအရပ် .. ဒီနေရာကို သူ ဘယ်တော့မှ ပြန်မလာဘူးတဲ့ .. အထူးသဖြင့် ခတ္တာမြိုင်ဟာ ဆရာနဲ့ မြိုင် တို့ဘဝမှာ .. မြိုင် ဆောင်းသင်ခဲ့ရာ နေရာလေး ဖြစ်နေတယ် .. ဆရာ့အိမ်ဆိုတာကလည်း မြိုင် စိတ်နာရမယ့်နေရာလေး ဖြစ်နေပြီ ..၊ သူ .. သူ့ဒဏ်ရာကို ကျက်အောင် ကြိုးစားရမယ်ဆိုရင်ဖြင့် ဆရာနဲ့ပတ်သက်တဲ့ နေရာ‌တွေကို မေ့လိုက်နိုင်ဖို့ .. မပတ်သက်ဖို့ .. ကြိုးစား ယူရမှာတဲ့ .. အဲသလို ပြောသွားတယ် ဆရာ .. ဆရာ့အိမ်သော့ အန်တီစိမ့် ဆီမှာ ရှိပါတယ် ..''

ဟု ပြောတော့ သူ ငိုင်ခနဲ ဖြစ်၏။ နောင်တသည် ရင်မှာ ယူကျုံးမရစိတ်ဖြင့် ဖြစ်တည်၏။ သူ မှားခဲ့ချေပြီ တကား ..၊ ဦးဆွေသာ ပြောတာတွေကို အဟုတ်မှတ်ခဲ့တာကိုက .. သူ့အမှား ..၊ ဒါပေမယ့် သူ မှားနေ၍ မြိုင့် ထံ မရောက်နိုင်ခဲ့သည့်အဖြစ်တွေ ..။ သူ အဖျားသက်သာသည့်ကာလဆိုရာမှာ .. သက်သာသည် ဆိုရုံမျှလေးဖြင့်ပင် အိမ်လေးဆီသို့ သူ သွားခဲ့သေးသည်ပဲလေ ..။

သြော် .. ထိုအခါမှာကျတော့လည်း မြိုင် သည် .. တကယ့်ကို အိမ်လေးကို ချန်ထားခဲ့ပြီးချိန် ဖြစ်နေချေသည်တကား ..။

ဘာကြောင့် .. ဦးဆွေသာ သည် သူ့အပေါ်မှာ မရိုးမသား ကြံစည်ရပါသလဲ ..။ သူ နားလည်လာရပါပြီ။ မြိုင် နှင့် သူ့ကို ကွဲစေချင်သည်။ အာရှင်းပြတ်စဲစာချုပ်ကိုလည်း လက်မှတ်ထိုး၍ ယူခဲ့သည်။ ဤသည်က ဦးဆွေသာ သည် သားဖြစ်သူနှင့် မြိုင့် ကို နေရာချချင်တာကြောင့်ပဲ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ .. သူ .. မြိုင့် အပေါ်မှာ .. အထင်မှားခဲ့သည်တကား..။ မြိုင်သည် ကိုယ်ဝန် နေ့စေ့လစေ့ကြီးဖြင့် .. သူ့ကို .. မျှော်နေခဲ့ရှာသည်ပဲလေ ..။

ထိုအချိန်မှာ သူကလည်း အဖျားကြီး ဖျားနေချိန် ..၊ ပြီးတော့ မြိုင် သည် ဖခင်ဖြစ်သူထံ ပြန်သွားပြီဆိုသည့် ဦးဆွေသာ ၏ စကားကိုလည်း ယုံကြည်မိနေရင်း ရင်ထဲမှာ ကြေကွဲနာကျင်နေချိန်လည်း ဖြစ်နေသည်တည့် ..။

"မြိုင့် ဖေဖေ .. အန်တီစိမ့် ဆီ ဖုန်းဆက်လာတယ်လေ .. ဘယ်လိုလဲတဲ့ .. စိတ်ဓာတ်မကောင်းတဲ့သူနဲ့ မြိုင့် ကို နီးစပ်အောင် လုပ်ပေးခဲ့တာ .. အခု အန်တီစိမ့် တို့ကြောင့် .. မြိုင် ဒုက္ခရောက်ရပြီ မဟုတ်လားတဲ့ ..၊ သူ့အိမ်ကို ဘယ်တော့မှ လာမပတ်သက်ပါနဲ့တဲ့ .. စိတ်နာတယ်တဲ့ ..၊ အဲသလို အပြတ်ပြောလာတာ .. အန်တီစိမ့် တို့လည်း သားအမိနှစ်ယောက်စလုံး ပတ္တမြားစံအိမ်ကို အဝင်အထွက် မရှိဘဲ ရှိခဲ့ရတာ ခုထိပါပဲ ..၊ မြိုင် ကတော့ အန်တီစိမ့် နဲ့ ရွှေရည် ဆီကို ဖုန်းဆက်တာလေးတွေတော့ ရှိခဲ့ပါတယ် .. ရန်ကုန်မှာ မီးမဖွားချင်တာမို့ .. ဒေါ်မိရဲ့ ကြေတောရွာလေးမှာ မီးသွားဖွားမယ်လို့လည်း ဖုန်းဆက်လာတယ် ဟိုမှာ .. တကယ်ပဲ သွားမွေးပါတယ် .. ယောကျ်ားလေး မွေးတယ်ဆိုတာလောက်ပဲ သိခဲ့ရတာတဲ့ ..၊ ဒေါ်မိ အိမ်မှာ ကလေးမွေးပြီး မြိုင် မေ့သွားလို့ မနည်း ပြန်ကုယူ လုယူရတာတဲ့ .. သတိရလာတော့ အဖျားက ဝင်တယ်တဲ့ .. ကလေးရောလို့ မေးတော့ .. ကလေးလေး ဆုံးသွားပြီလို့ ေ‌ ... မျက်ရည်ကျရင်း ပြောတာတဲ့ ..၊ သားလေး မွေးတယ် ဆုံးသွားပြီဆိုတော့ မြိုင် အဖျားပိုတက်လာလို့ ဆေးရုံတင်ယူရတာတဲ့ ဒေါ်မိ တို့ရွာနဲ့ တစ်မိုင်လောက်မှာ မြို့နယ်ဆေးရုံ ရှိတယ်လေ .. မြိုင် ပြန်ရောက်လာတော့ ဖုန်းဆက်ပြောပြတယ် .. သူ့အတွက်ကတော့ အားလုံး ဘာမှကို မရှိတော့တာပါတဲ့ .. ဆရာကလည်း ပစ်ထားခဲ့တယ်





တဲ့ .. သူ့သားလေးကလည်း သူ့ကို ချန်ထားခဲ့ပြီတဲ့ .. မျက်နှာလေးတောင် မမြင်လိုက်ရဘူးတဲ့ .. အဲသလို ငိုပြီး ပြောတယ် .."

ဟု ပြောလာတော့ သူ မျက်ရည်ကျလာရပါပြီ ..။ သူသည် တစ်သက်လုံး မြိုင့် ကို .. အထင်မှားခဲ့ချေသည်တကား ..၊ မြိုင့် ကို နာပေးခဲ့ချေသည်တကား ..။ ခင်ပွန်းသည်၏ စွန့်ပစ်ခံ မိန်းမတစ်ယောက်အဖြစ် မြိုင့် ကို ရှင်သန်နေစေခဲ့သည်တကား ..

"မြိုင့် ဖေဖေက အစကတည်းက တားတယ် .. တောရွာလေးမှာ သွားမမွေးဖို့ .. မြိုင် က ဇွတ်သွားတာ ..၊ ဒေါ်မိ ကလည်း သူ ကလေး ဖွားတတ်တယ် .. သူက အရပ်လက်သည်မျိုးရိုးဆိုတာတွေ ပြောတာလည်း ရှိနေတယ် .. မြိုင် တို့ အိမ်ကို ဒေါ်မိ ထမင်းချက်အဖြစ် ရွာက နေပြီး ရောက်မလာသေးခင်က အသက်ဆယ့်ရှစ်နှစ်အရွယ်ထိ ဒေါ်မိ တဲ့ မယ်မိ က အမေဖြစ်သူနဲ့ ကလေးမီးဖွားရာကို အမြဲ ပါခဲ့တာတဲ့.. ဝပ်လက်သည် လုပ်ခဲ့တာတဲ့ .. အဲသလို မြိုင့် ကို ပြောပြထားတော့ မြိုင် က ဒေါ်မိ နဲ့ပဲ မွေးမယ်ဆိုပြီး ဖြစ်ရော .. အဖေလုပ်သူလည်း တားလို့ မရဘူး .. မြိုင် ခေါင်းမာတာ ဆရာလည်း သိတာပဲ ..၊ အဖေ လုပ်သူ ထည့်ပေးလိုက်တဲ့ သူနာပြုဆရာမကိုလည်း ရွာရောက်တာနဲ့ ပြန်လွှတ်တာတဲ့ ..၊ မြိုင့် ကို ကြည့်ရတာ ကလေးကို မွေးဖွားတဲ့ကိစ္စ.. ရင်းနှီးတဲ့လူရင်းဖြစ်တဲ့ ဒေါ်မိ နဲ့ပဲ မွေးချင်ပုံ ရတယ် .. ဆရာမကို ပြန်လွှတ်လိုက်တာလည်း အဖေလုပ်သူကို အသိမပေးဘဲ မြိုင် ဟာ ဒေါ်မိ နဲ့ပဲ ကလေးမွေးတယ် .. မေ့မြောသွားလို့ ဒေါ်မိ မှာ နှနွှင်းမှုိင်းတိုက် .. နှာနှက်ရှူနိုင်အောင် နှာဖျားတွေပေးနဲ့ မနည်း လုယူရတာတဲ့ ..၊ မြိုင် ဆိုပုံများ ဆရာမနဲ့ မမွေးဘဲ နေတဲ့ကိစ္စ .. တကယ်တမ်းကျတော့ မတော့မလို့ .. အဲသလိုကို ဖြစ်ကုန်ရတာ .. မြိုင် ပြန်သတိလည်လာတော့လည်း အဖျားဝင်လို့ ဆေးရုံပို့တာတွေ ဖြစ်ခဲ့ရပြန်ရော .."

ဟု ပြောလာတော့ သူ ခေါင်းပင်မဖော်နိုင် ..၊ ခေါင်းသည် ငိုက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကျနေ၏။ မြိုင် သည် ကျေးရွာလေးတစ်ရွာမှာ အရပ်လက်သည်
လုပ်ခဲ့ဖူးသော ဒေါ်မိ နှင့် မီးဖွားခဲ့ချေသည်တကား ..၊ သေမင်းခံတွင်း
မှာ ရပ်နေသည့်အဖြစ်မျိုးဖြင့် မွေးဖွားခဲ့ခြင်း

"ဒါဆိုရင် .. အန်တီစိမ့် အထင် ပြောရရင် .. ဦးဆွေသာ ဟာ
ရွာကို သူကိုယ်တိုင်ပဲဖြစ်ဖြစ် ..သူ့လူကိုပဲဖြစ်ဖြစ် .. လွှတ်ထားတာ
နိုင်တယ်၊ မြိုင် မွေးဖွားပြီးတာနဲ့ ကလေးကို .. ဒေါ်မိ အဲဒီလက်ထဲ
ထည့်လိုက်တာ ဖြစ်ရမယ် .. ကလေးကို ယောကျာ်းလေး မွေးတယ်
လိမ်ပြောတာကလည်း သမီး မွေးတာကို ဆန့်ကျင်ဘက် ပြောတာ
ဖြစ်ရမယ် .. ဦးဆွေသာ မှာထားတာ ဖြစ်နိုင်တယ် .. သမီးမွေး
သားလို့ ပြော .. သားမွေးရင် မြိုင့် ကို သမီးမွေးတယ်လို့ ပြော ..
သလို မှာထားတာ ဖြစ်နိုင်တယ် ..၊ ဒါကြောင့်လည်း .. မြိုင် ရဲ့ သ
မွေးတဲ့ကိစ္စ .. သားမွေးတယ်လို့ ဒေါ်မိ လိမ်တာ ဖြစ်ရမယ် .."

အန်တီစိမ့် ပြောနေချိန်မှာ သူ့ရင်ထဲမှာ ဆို့နေသည်။ ငိုင်နေသည်
"မြိုင် က ပြောတော့ သူ .. သူ .. ချမ်းသောင့်ချမ်းသာနဲ့ နေမယ်
ကလေးကို လုံလုံခြုံခြုံ မွေးဖွားကြီးပြင်းစေမယ်ဆို .. ခုကျတော့ .. အ
လက်သည်ဟောင်း ဒေါ်မိ နဲ့ မွေးရသတဲ့လား .. ရွာလေးတစ်ရွာမှာ
သူ .. သူ .. ကျွန်တော့်သမီးလေးကို မွေးဖွားရသတဲ့လား .. ဟင် ..
အတွက်လည်း စိတ်ပူရတယ် .. ကလေးအတွက်လည်း စိတ်ပူရတယ်
သူ မသိဘူးလား .."

သူ့အသံတွေ အက်နေသည်။ ရင်ထဲမှာ မချိ ..။

"မြိုင် ပြန်ရောက်လာတော့ ပြောတယ်လေ .. သူ သေသွား
လည်း ကောင်းမယ်တဲ့ .. ကလေးကို မွေးဖွားရင်း သေသွားတယ်
ရင် .. မြေးကိုတော့ အဘိုးဖြစ်သူက ကျွေးမွေးစောင့်ရှောက်မှာပါတဲ့
အဲသလို ပြောတယ် ဆရာ .. မြိုင် ဟာ သေရမှာကို ပိုလိုလားနေသ
ပါပဲ .. မြိုင့် အကြောင်း ဆရာ သိပါတယ် .. အလွန် ခေါင်းမာတာ





သူ မုန်းတယ်ထင်တာ ..၊ သူဖြစ်ချင်တာ ရအောင် လုပ်တတ်တဲ့ မြိုင်
ပဲလေ ..၊ မြိုင် .. ကြွေရွာဆိုတဲ့ ရွာကလေးက ပြန်ရောက်လာပြီး ညဘက်
မှာ အန်တီ့ဆီ ဖုန်းဆက်တာ .. သူ မသေဘဲ သားလေးပဲ သေသွားတာ
သူ စိတ်မကောင်းဘူးတဲ့ .. သူ့သားလေး သေရတာ .. သူ့တာဝန် မကင်း
ဘူးလို့ သူ ခံစားရတယ်တဲ့ ..၊ တကယ်တော့ သူက သေချင်နေတာတဲ့
လေ .. အဲသလို ပြောတယ် .. ခက်တယ် ဆရာရယ်.. မြိုင် ဟာ အလွန်
ခေါင်းမာတာ .."

ဟု အန်တီစိမ့် ညည်းသည်။ သူ တက်တစ်ချက် ခေါက်မိရပါ၏။
ဦးဆွေသာ ကို သူ ဒေါသဖြစ်နေမိရပြီ။

"မြိုင် ဟာ .. ဆရာနဲ့ပတ်သက်ပြီး ဒီနေ့အထိ သတိတရ ဘာမှကို
ပြောလာတာမျိုး မကြုံဖူးဘူး ဆရာ.. မြိုင့် ရင်ထဲမှာ ဆရာ ရှိနေသလား..
ရှိမနေတော့ဘူးလား ဆိုတာကိုလည်း အန်တီစိမ့် မဝေခွဲနိုင်ဘူး .. မြိုင်
ဟာ တစ်ခါမှ ဒီကို မလာတော့တာကတော့ ဆရာ့အရိပ်နဲ့ကို ကင်းနေ
အောင် ပြတ်ပြတ်ထင်ထင် နေခဲ့တယ်လို့ပဲ နားလည်ရတော့တယ် ..
ရွှေရည် ပြီးခဲ့တဲ့နှစ်က ဆုံးတော့ သူ အသုဘ မေးလာတာ တစ်ခုပဲ ရှိ
ဘူးတယ်၊ ဖုန်းအဆက်အသွယ်က လွဲလို့ အန်တီနဲ့ရော .. ရွှေရည် နဲ့ရော
သူချင်း မတွေ့ဘဲ ရှိခဲ့ကြတဲ့ ဒီနှစ်တွေထဲမှာ မြိုင် ဟာ မပြောင်းလဲလှ
ဘူး ဆရာ .. ဟိုတုန်းကလိုပဲ လှနေတာပါပဲ၊ ရွှေရည့် အလောင်း စံထား
တာကို သူ အကြာကြီး ကြည့်တယ် .. ငိုတယ် .. အကူငွေ ငါးသိန်း
အတင်းပေးသွားတယ် ..၊ မြိုင် ပြန်သွားတယ် .. အန်တီစိမ့် လည်း
အဲဒီငွေငါးသိန်းကို ဖိုးလုံး နဲ့ ပြန်ပို့ခဲ့တာပါပဲ ..၊ နောက်ပိုင်းတွေမှာ
တော့ အန်တီစိမ့် ကို မကြာမကြာ ဖုန်းဆက်တတ်ပါတယ် .. ဘာလို
သလဲလို့လည်း အမြဲ မေးတတ်တယ်၊ တစ်လတစ်ခါလောက်လည်း
အားဆေးတို့ .. ငှက်သိုက်ပုလင်း .. မုန့်ပုံး .. သစ်သီးဝလံနဲ့ စားစရာတွေ
အိမ်က ဦးမှုန် နဲ့ လာပို့ခိုင်းတတ်တယ်..၊ မပို့ပါနဲ့ဆိုလို့လည်း မရဘူး..



www.burmeseclassic.com

www.burmeseclassic.com



မြိုင် မကြာခင် လက်ထပ်လိုက်တော့မယ် ဆရာ .. နောက် ခြောက်လ လောက်နေရင် သူ လက်ထပ်ဖြစ်မယ်ထင်တယ်လို့ အန်တီစိမ့် ကို ပြော တယ် .. သူ့အဖေကလည်း အိမ်ထောင်ပြုဖို့ တိုက်တွန်းတာ ကြာပြီ .. မြိုင် လက်ထပ်ရမယ့်သူဟာ .. ဆရာ ကြားရင်လည်း အံ့ဩမယ် မထင် ပါဘူး ဆရာ .. ဦးဆွေသာ ရဲ့သား ကျော်မင်းသာ ပါပဲ ..''

ဟု ဆက်ပြောနေတော့ သူ သက်ပြင်းရှိုက်မိရပါ၏။ နှုတ်ခမ်းလေး ကွေးရုံ သူ ပြုံးသည်။ အပြုံးသည် အားအင်မဲ့နေ၏။

''ဩော် .. မြိုင် .. ခုမှ အိမ်ထောင်ပြုမှာကိုး ..၊ ကျွန်တော်က .. သူ .. အိမ်ထောင်ပြုလိုက်ပြီလို့ ထင်နေတာ ..''

ဟု ခပ်တိုးတိုး ပြောသံက ညည်းသံ ဆန်နေသည်။

''ဆရာ့ ကွာရှင်းစာ စာတိုက်က ရောက်လာတယ်တဲ့ .. မြိုင် မိ ဖွားပြီး ပြန်လာတော့ သိပ်မကြာဘူး ရောက်လာတာလို့ မြိုင် ဖုန်းဆက် ပြောတယ် ..၊ ဆရာဟာ မြိုင့် ကို လုံးဝ ပြတ်တောက်ကြောင်း .. မြိုင့် ကို အသိပေးလိုက်တာပဲလို့ မြိုင် ပြောခဲ့တယ် ဆရာ .. မြိုင့် အသံတွေ မာနေတယ် ..၊ စိတ်နာနေသလား .. ခံပြင်းနေသလား .. ငိုချင်တာကို ထိန်းပြီး အသံမာမာနဲ့ ပြောနေတာလား ဆိုတာတော့ မြိုင် ပဲ သိမှာပေါ့ ဆရာ ..၊ ရွှေရည့် အသုဘမေး လာတုန်းကလည်း ဆရာနဲ့ပတ်သက်တာ ဘာမှကို မပြောခဲ့ဘူး .. ရွှေရည့် လက်လေးကို အကြာကြီး ဆုပ်ကိုင်ထား ပြီး မျက်ရည်ကျတယ် ..၊ မြိုင် ဟာ .. ဒီဝန်းကျင်က ထွက်ခွာသွားပြီး ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်အဖြစ် .. ခတ္တာမြိုင်ကို ရောက်လာချိန် ဟာ ရွှေရည် ဆုံးတဲ့အချိန်ပါ ..''

ဟု ပြောကာ သမီးကို လွမ်းစိတ်ဖြင့် အန်တီစိမ့် မျက်ရည် ကျလာ ပါ၏။

''မြိုင် လက်ထပ်တော့မယ်ဆိုတော့မှ .. ဦးဆွေသာ က ဘာလို့ သမီးလေးကို အတင်းရောအမွှေ ဘာလို့ လာတောင်းတာလည်းဆိုတာ





ကျွန်တော် တွေးလို့ မရသေးတာတော့ အမှန်ပါပဲ အန်တီစိမ့် .. ပန်း ကြားရွာလေးမှာ ကျွန်တော် ဇာတ်မြုပ်နေတာပါ ..၊ အဲ့ဒါကို ရအောင် စုံစမ်းပြီး ဦးဆွေသာ က လူမိုက်နဲ့ကို သမီးလေးကို ရအောင် ပြန်ခေါ် လာဖို့ ခိုင်းတာ ကြုံရတာ .. အန္တရာယ်များတာမို့ ရွာလေးက ကျွန်တော် ထွက်ခဲ့တာ ..၊ ကျွန်တော့် အခြေအနေကလည်း ချောင်းဆိုးရင် သွေးပါ လာပြီမို့ သိပ်မကျန်းမာတော့ဘူးလို့ နားလည်လာရတာမို့ .. သမီးလေး အတွက် နောင်ရေး စိတ်အေးဖို့ဆိုတာက သူ့အမေရင်း .. ဘိုးအေအရင်း ဆီမှာ အပ်ခဲ့ဖို့ပဲ လမ်းကျန်တော့တာပါ .. ခုကျတော့ မြိုင် ယုံပါ့မလား.. သူက သူမွေးတာဟာ သား ဖြစ်တယ်လို့ သိထားတာ ..''

ဟု ပြောလာတော့ အန်တီစိမ့် သူ့ကို အတန်ကြာ ကြည့်နေသည်။

''သေခါနီး လူတစ်ယောက်ဟာ .. သူ့သမီးလေးအတွက် စိတ်ချ ရတဲ့ နေရာတစ်ခုကို ရွေးချယ်တဲ့အခါမှာ .. မြိုင့် အဖေကို ရွေးချယ် မိတယ် .. မြိုင့် ကို ရွေးချယ်မိရတယ် ..၊ ဒီတော့မှ မြိုင် ဟာ ရင်သွေး လေးကို လွှယ်ထားချိန်မှာ ဘာကြောင့် .. အဖေဖြစ်သူထံ ပြန်ချင်သလဲ ဆိုတာ နားလည်လာမိတယ် အန်တီစိမ့် .. ကျွန်တော် .. ကျန်းမာနေရင် တော့ သမီးလေးကို ရှာကျွေးနိုင်ပါတယ်.. မေတ္တာတွေ ပေးနိုင်ပါတယ်၊ ခုကျတော့ ရောဂါသည် ကျွန်တော်ဟာ အသက်လည်း ရှည်စရာ မရှိ၊ ကျွန်တော့်ဘက်က မိဘ်ရယ်လို့လည်း မရှိတော့ပြန် .. ဟိုတစ်နေ့က လူမိုက်လိုလို ဘာလိုလိုနဲ့ အိမ်ပေါ်တက်လာပြီး သမီးလေးကို ခေါ်ဖို့ ကြံတဲ့သူကိုတောင်မှ မတိုက်ခိုက်နိုင်အောင် ကျန်းမာရေးကလည်း ချို့တဲ့ .. အားအင်က မရှိနဲ့ ဖြစ်နေပြီဆိုတော့ သမီးလေးကို ဘယ်တော့မှ အရောက်မခံနိုင်ဘူးလို့ တစ်ချိန်က ကျွန်တော် ဆုံးဖြတ်ခဲ့ဖူးတဲ့ .. မြိုင့် ရဲ့ အသိုင်းအဝိုင်း .. မြိုင့် မိဘဝန်းကျင်ကိုပဲ အပ်ဖို့ ဆုံးဖြတ်မိရတော့ တာပါပဲ .. ဒါက သမီးလေးအတွက် အဖေတစ်ယောက်အနေနဲ့ နောက်ဆုံး လုပ်ဆောင်ပေးနိုင်တဲ့ တာဝန်ယူမှုတစ်ခု ဆိုပါတော့ အန်တီစိမ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



မြိုင် ဟာ အိမ်ထောင်နဲ့ ဖြစ်နေရင်တောင်မှ .. သမီးလေးရဲ့ ဘိုးအေက တော့ မြေးကို .. ပထွေးနဲ့ ကလေး တူတူ မနေဖြစ်ဘဲ .. တစ်ခုခု စီစဉ် ပေးနိုင်မယ်လို့ ယုံကြည်မိတယ်လေ .."

ဟု သူ ပြောခိုက်မှာ အန်တီစိမ့် တွေ၍ နေသည်။

"ခက်တာက .. ဒေါ်မိ လည်း မရှိတော့ဘူး ဆရာ .. မြိုင် မီးဖွား ပြီး ရွာက ပြန်လာလို့ ခြောက်လလောက်ကြာတော့ အလုပ်က ထွက်ပါ ရစေဆိုပြီး ထွက်သွားတာပဲ .. ကြေးရွာမှာပဲ ရှိနေသလား .. တခြားပဲ ပြောင်းသွားပြီလား မသိဘူး ..၊ ဆရာ ပြောပြတဲ့အဖြစ်တွေကို နားထောင် ရတာတွေနဲ့ ဆက်စပ်တွေးကြည့်ရင်တော့ ဒေါ်မိ ကို ငွေအတော်များ များ မက်အောင်ပေးပြီး အဲဒီကိစ္စ လုပ်ခိုင်းတာ ဖြစ်မှာမို့ .. ဦးဆွေသာ ဆီက ရတဲ့ငွေတွေနဲ့ .. တစ်နေရာရာမှာ အခြေချနေလိုက်ပြီနဲ့ တူပါရဲ့ သူတစ်ပါးအိမ်မှာ အိမ်ဖော် ထမင်းချက်ဘဝကလည်း လွတ်မယ် - ငွေကြေးလည်း နင့်နေအောင် ရမယ် ဆိုရင်ဖြင့် .. ဒေါ်မိ .. ဦးဆွေသာ ခိုင်းတာတွေကို ဘယ်ငြင်းပါတော့မလဲ ..၊ သူ တကယ်လည်း လုပ်ခဲ့တာ ပဲလေ .. ကလေးကို ဆရာ့ဆီ ရောက်အောင် .. ပို့ပေးခဲ့တယ် မဟုတ် လား .."

"အစတုန်းကတော့ .. ဒေါ်မိ ကို ကျွန်တော့်လက်ထဲ ကလေး လာပို့ပေးခိုင်းမယ်လို့ ဦးဆွေသာ ပြောခဲ့ပေမယ့် တကယ် လာပေးတာ ကတော့ ဦးဆွေသာ ကိုယ်တိုင်ပဲ ဖြစ်နေတယ် အန်တီစိမ့် ..၊ ဒေါ်မိ ကို ကျွန်တော် မမြင်ဖူးလိုက်ဘူး .. ကလေးရတာနဲ့ ကျွန်တော်လည်း အဲဒီနေ့ .. ကလေးကိုပိုက်ပြီး ဦးဆွေသာ ရဲ့ ဆောက်လက်စ အိမ်ထဲက ထွက်တာပါပဲ ..၊ ရထားဘူတာအထိ တက္ကစီနဲ့ပဲ ကျွန်တော် သွားတာပါ အဲဒီကနေပြီး ကျွန်တော့်အဖေရဲ့ဇာတိရွာ ပန်းစံကားကို ရောက်ခဲ့တာ ပါပဲ .. အဲဒီမှာ ခြံစိုက်စားတယ် အန်တီစိမ့် .."

ဟု ပြောနေချိန်မှာ အန်တီစိမ့် ဆုံးဖြတ်လိုက်ပုံဖြင့် ...





"ဘာပဲဖြစ်ဖြစ် .. ကလေးကိစ္စကိုတော့ အစ်ကိုကြီး ဦးအောင်ဇော် ကို ပြောပြသင့်တယ် .. ပြောမှလည်း ဖြစ်မယ် .. မြိုင့် ကိုတော့ လာလောဆယ် မပြောသေးဘဲ ထားလိုက်ဦးမယ် ဆရာ .. မြိုင် က လည်း လက်ထပ်တော့မှာဆိုတော့ .."

လက်ထပ်တော့မှာ .. ဆိုသည့်စကားကို ပြောနေရာမှ အားနာသလို သူ့ကို အန်တီစိမ့် ကြည့်လာပါ၏။ ဇနီးသည် လက်ထပ်မည့်ကိစ္စ .. ခင်ပွန်းသည်က ကြားနေရသည်ကိုးလေ ..။

သူ ပြုံးသည်။

"မကြာခင်မှာ သေရတော့မယ်လို့ သိနေရတဲ့သူ တစ်ယောက် အတွက်ကတော့ ဘာကိုပဲ ကြားနေရ .. ကြားနေရ .. သေမထူး နေမထူး ဘဝမှာ ကြားရသမျှ .. မြင်ရသမျှ .. ရင်ဆိုင်ရဲတဲ့သတ္တိဆိုတာ ရှိနေ တယ် အန်တီစိမ့် ရယ် .. မြိုင့် အပေါ် ကျွန်တော် တစ်သက် သစ္စာရှိရှိ နဲ့ ဘယ်မိန်းမကိုမှ လက်မထပ်ခဲ့တဲ့ သုတ အဖြစ် ရှိခဲ့ရတာကိုပဲ ကျေနပ် ကြည်နူးနေမိရတာပါဗျာ ..၊ တကယ်က ချစ်ခြင်းဆိုတာ စိတ်နာနေ ဘယ်ပဲဆိုစေ .. မြိုင် ကျွန်တော့်ကို ချန်ရစ်ခဲ့လေခြင်းလို့ စိတ်နာနေမိ ခြင်းနဲ့ .. အသက်ရှင်နေရင်းနဲ့ .. သစ္စာရှိတဲ့ ချစ်ခြင်းကို ဆက်ပြီး ရှင်သန် နေစေနိုင်တာပါပဲ ..၊ အချစ်ဆိုတာ ဝေးနေကြတဲ့သူ နှစ်ယောက်ကြား မှာ .. တစ်ယောက်ယောက်ဆီမှာ ဆက်ပြီး ရှင်သန်နေနိုင်တယ်ဆိုတာ.. ကျွန်တော် သိနေရတာပါပဲ အန်တီစိမ့် ရယ် .."

ဟု ပြောနေရင်း နောက်တစ်ကြိမ် သူ ချောင်းဆိုးသည်။ ဤတစ် ကြိမ်မှာ အချိန်ပိုကြာသည်။ နောက်ထပ် လက်ကိုင်ပဝါမှာ သွေးစ သွေးနတွေ ပို၍ ဟပ်ထုတ်မိရပြန်ပါ၏။

သူ့နဖူးပြင်မှာ ချွေးစေးတွေ စို့ထိုင်း စေးကပ်နေကြပါ၏။ မျက် ရည်ကျလာသည်။ ကျသည့်မျက်ရည်သည်.. သမီးလေးအတွက် နောက်ဆံ တင်းနေသော မျက်ရည်ပါတကား ..။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးနဲ့ အတူနေချင်လိုက်တာ သမီးရယ် .. အဖေ့ရင်ခွင် အဖေ့အရိပ်မှာ .. ထားချင်လိုက်တာ .."

ဟု ပြောကာ ဤတစ်ကြိမ်မှာ သူ မျက်ရည်တွေ သွန်ချလိုက်ရ လွှတ်ချလိုက်ရပါပြီတည်း ..။

အန်တီစိမ့် သည်လည်း မျက်ရည် ကျလာရချေသည်။ သူ့ပုခုံး လာ၍ သပ်ပေးသည်။

"သေရမှာ ဝန်လေးလိုက်တာဗျာ .. ဝန်လေးလိုက်တာ ..၊ သမီး စိတ်ချလက်ချ မရှိမချင်း .. သေရမှာကို ရင်မဆိုင်ရဲဘူး အန်တီ ရယ် .."

ဟု သူ ငို၍ ပြောနေမိပြန်သည်။





## အခန်း (၁၃)

"ကျွန်တော့်သမီးလေးကို .. အန္တရာယ်ကြုံလာမှာမျိုး မရှိဘူးဆို ရင် .. သေခြင်းတရားကို ကျွန်တော် .. ရင်ဆိုင်ရတော့မှာကို သိနေရင်း နောက်ဆံငင်နေတဲ့ဒဏ်ဟာ ဒီလောက်ကြီးတော့ ပြင်းထန်မှာ မဟုတ်ပါ ဘူး ..၊ မိဘဆိုတာ နုနုပျိုပျို .. ပျိုပျိုမျစ်မျစ် သမီးလေးတစ်ယောက်ကို.. ဒီအရွယ်လေးမှာ ချန်ခဲ့ရမယ်ဆိုကတည်းက နောက်ဆံငင်မှာပါမဲ ..၊ ခုလို .. အန္တရာယ်ရှိလာနိုင်တဲ့ကိစ္စ ပေါ်လာချိန်မျိုးဆိုတော့ ပိုပြီး နောက် ဆံငင်တဲ့ဒဏ်က .. ပိုပြင်းထန်ပါတယ် .."

ဦးအောင်ဇော်ဦး ကတော့ ရှေ့မှာထိုင်ရင်း မျက်ရည်ဝဲ ပြောနေ သည့် လူတစ်ယောက်ကို မျက်တောင်မခတ် တည်ငြိမ်စွာ ကြည့်နေ သည်။ ဟန်က တည်ငြိမ်နေပေမယ့် ရင်ထဲမှာတော့ လှုပ်ရှားနေပါသည့် အဖြစ် ..၊ ဒါပေမယ့် .. အပြင်သို့ ထိုခံစားချက်တွေကို မျက်နှာထက်မှာ ထင်ဟပ်နေမည့်ပုံရိပ်များအဖြစ် မဖြစ်တည်စေရ ..။ တည်ငြိမ်ဟန်ဖြင့်ပဲ ငြိမ်သက် ထိုင်နေသည်၊ နားထောင်နေသည်။

ရှေ့မှာ ထိုင်နေသူသည် သမီးဖြစ်သူ ခင်ထားမြိုင် နှင့် တစ်ချိန်က လက်ထပ်ခဲ့သောသူတစ်ယောက် ဖြစ်နေသည်။ သူ၏သမက်လောင်း တစ်ယောက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ထက် များစွာ ပို၍ ချူန်းကျ ရုပ်ကျနေသည့် လူတစ်ယောက်သည် လောလောဆယ်မှာတော့ အရွယ်တင် နုပျိုနေဆဲဖြစ်သည့် ဦးအောင်ဇော်ဦး နှင့်ဆိုလျှင် ညီအစ်ကိုလောက် အရွယ်ချင်းက ထင်စရာလာဖြစ်နေသည်။ ဦးအောင်ဇော်ဦး ၏အကြည့်က သုတ ဆိုသူ၏ လက်တွေဆီသို့ ရောက်၏။ တစ်ချိန်က စောင်းတီးခဲ့သည့်လက်များအဖြစ် နုနုနယ်နယ် ရှိခဲ့မည်ဖြစ်သည့် လက်ချောင်းတွေသည် ကြမ်းတမ်း သေးသွယ်နေကြပါ၏။

"ကျွန်တော့်မှာ .. ယောက်ျားတစ်ယောက်ရဲ့ ထားအပ်တဲ့ မာန်.. ဆိုတာ ရှိပါတယ်၊ ဒါကြောင့်လည်း သမီးလေးကို တောင်ယာအလုပ်နဲ့ ရှာဖွေ ကျွေးမွေးခဲ့တယ် .. ပညာသင်ပေးခဲ့တယ် .. မချမ်းသာပေမယ့် သမီးလေးဟာ ဖခင်ရဲ့မေတ္တာအောက်မှာ ကျောင်းစာလည်း ကောင်းကောင်း သင်နိုင်တယ် .. လုံခြုံတဲ့ အိမ်လေးတစ်လုံးမှာလည်း နေခဲ့နိုင်တယ် ..သွပ်မိုး ပျဉ်ကာ ခြေတံရှည်အိမ်လေး ဆိုပါတော့ ..၊ ဦးဆွေသာ ဘက်က သမီးလေးကို ရအောင် ပြန်ခေါ်မယ့်ပြဿနာမျိုးကို မကြုံရ.. မဖြစ်ရဘူးဆိုရင် .. ဒီအချိန်မှာ ကျွန်တော်တို့ သားအဖဟာ ပန်းစံကားရွာလေးက ယာတောအိမ်လေးမှာ ရှိနေကြမှာပါ ..၊ ခုလို .. ထွက်လာစရာကို မရှိတာပါ .. ကျွန်တော့်စိုက်ခင်းလေးမှာ အသီးအနှံတွေ သီးနေကြ .. ပွင့်နေကြပါပြီ၊ ဟင်းသီးဟင်းရွက်ခင်းတွေ စိမ်းမြနေကြပါပြီ.. အဲဒါတွေကို ကျွန်တော် နေဝင်နေထွက် လုပ်ကိုင်ခဲ့တာပါ .. ချန်ခဲ့စရာကို မရှိပါဘူး ..၊ ကျွန်တော် မြတ်နိုးတဲ့ ယာခင်းလေးကို စွန့်လွှတ်ပစ်ခဲ့ဖို့ .. ချန်ခဲ့ဖို့ ဖြစ်လာရတာက ဦးဆွေသာ ကြောင့်ပါ .."

ဒေါ်စိမ့် ဆီမှ ဖုန်းဝင်လာခဲ့ကာ အရေးကြီးတာ ပြောစရာရှိသည်မို့ ဤတစ်ကြိမ်မှာတော့ မဖြစ်မနေ ခတ္တာမြိုင်သို့ လာပေးပါဟု တောင်းတောင်းပန်ပန် ပြောလာခဲ့သည်မို့ ..၊ ကွယ်လွန်ခဲ့ပြီဖြစ်သော သူငယ်ချင်း၏ဇနီးဆိုသည့်အချက်ကို ထောက်၍ .. ဦးအောင်ဇော်ဦး ကားလေးဖြင့်





ရောက်လာခဲ့ခြင်းပါ ..။ စိတ်ထဲက မပါလှ ..၊ မြိုင့် ကို စောင်းဆရာ သုတ နှင့် လက်ထပ်ဖြစ်အောင် မြှောက်ပေးသည့်အထဲတွင် စိမ့် နှင့် ရွှေရည် တို့သားအမိ ထိပ်ဆုံးက ပါသည်ဟု သိထားရင်း စိတ်ထဲ နာရသည်ကိုးလေ ..။ ခုလည်း မလာချင်ဘဲ လာခဲ့ရသည့်ကိစ္စ ..၊ မကောင်းဘတ်လွန်း၍ လာခဲ့ရသည့်ကိစ္စပါ ..။ မုဆိုးမဖြစ်သည့်အပြင် သမီး ရွှေရည် လည်း ကွယ်လွန်ခဲ့ပြီဖြစ်သည့် စိမ့် ကို .. ပစ်ပစ်ခါခါ ငြင်းလိုက်လျှင် ငယ်သူငယ်ချင်း သူ့ရိန့် အပေါ် မကောင်းရာ ရောက်တော့မည်။

ရွှေရည့် ကို မြိုင့် နယ်ပင် ဦးအောင်ဇော်ဦး သံယောဇဉ် ရှိခဲ့သည်ပါပဲ။ ယုံကြည်စွာလည်း မြိုင် နှင့် ဘယ်သွားသွား .. ခွင့်ပြုခဲ့သည်ပါပဲ။ နောက်ဆုံးတော့ မြိုင့် ကို စောင်းဆရာနှင့် လက်ထပ်အောင် အားပေးအားမြှောက် ပြုခဲ့သမျှ ရင်ထဲနာခဲ့ရကာ လမ်းစ ဖြတ်ပစ်ခဲ့ပေမယ့် .. ခုလို မုဆိုးမဘဝ ..၊ သမီး မရှိတော့သည့်ဘဝမှာ စိမ့် ဆိုသည့် မိန်းမတစ်ယောက်က .. ခခယယနိုင်စွာ ဖုန်းဆက်ခေါ်လာတော့လည်း မလာမဖြစ် လာခဲ့မိရပါ၏။ ဘာကိစ္စဆိုတာ မသိရပေမယ့် .. ဖုန်းမဆက်စဖူးဆက်၍ ခေါ်သည်မို့ အရေး အလွန်ကြီးချေမည်ဟုတော့ ထင်မိခဲ့သည်။

တကယ်တမ်း ခတ္တာမြိုင်သို့ ရောက်တော့ .. မထင်မှတ်တာတွေ ကြုံရပါ၏။

သုတ ဆိုသည့် ပိန်သွယ်ချူန်းကျနေသည့် သမက်ဟောင်း ဆိုတာကို တွေ့ရသည်။ ခုမှ စတင်၍ တွေ့ဖူးခြင်း ..၊ ငယ်ရွယ်စဉ်ကတော့ လူချောတစ်ယောက်မှန်း သိသာသည်ပါပဲ ..။ ထိုရုပ်ချောခြင်းဆိုတာကိုပဲ သမီး မြိုင် သည် မိုက်မိုက်မဲမဲ စွဲလမ်းခဲ့တာ ဖြစ်ရချေသည်ပေါ့ ..။ နောက်တော့ .. ဦးဆွေသာ မှ ဘာတွေလုပ်ခဲ့သည်ဆိုတာတွေကို လိုရင်းရောက်အောင် ပြောပြနေသမျှ ကြားရတော့ မယုံနိုင်သလို ဖြစ်ကုန်ရပါ၏။

မြေး ရှိသည်တဲ့လား .. ဆိုသည့် အသိတစ်ခုသည် ယုံပေးရနိုးနိုး.. မယုံနိုင်ဘဲ ရှိနေခြင်းများဖြင့် ဇဝေဇဝါတွေ ဖြစ်ကုန်ရင်း ငြိမ်နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေရသည် မဟုတ်ပါလား..။ ခုလည်း သုတ ကတော့ ဆက်ပြောနေဆဲ.. လောလောဆယ် သိထားရသည်က မြမွေးထုံ ဆိုသည့် မြေးတစ်ယောက် ရှိနေပြီဆိုတာ ဖြစ်သည်။ ထိုသို့ဖြစ်လာသည့် ဖြစ်ရပ်ထဲမှာ ဆွေသာ နှင့် မမိ တို့ ပါဝင်ခဲ့ကြသည်။ ထိုသို့ဖြစ်လာအောင် ဆွေသာ က ထောင့် စေ့အောင် စီမံခဲ့သည်။ မောင်အောင်မြင့် ဆိုသည့် စောင်းသင်တပည့် တစ်ယောက်ဖြင့်လည်း သုတ နှင့် မြိုင့် အိမ်ထောင်ရေးအခြေအနေကို သိနိုင်အောင် စုံစမ်းခဲ့သည် ..။ မြိုင် မှ အဖေဖြစ်သူထံ ပြန်ချင်သည့်စကား ဆီမှ နေ၍ လင်မယား စကားအခံချေအတင် ဖြစ်ခဲ့ကြတာတွေလည်း သိခဲ့ရပြီ ..။

"မြိုင့် ကို .. နေ့စေ့လစေ့ကြီးမှာ ပစ်ထားခဲ့တဲ့သူ .. မြိုင့် ကို ကွာရှင်းစာချုပ်ကို စာတိုက်ကနေပြီး ပို့ခဲ့သူ .. ငါ .. အလွန် အထင်သေး ခဲ့ပြီး စိတ်နာခဲ့ရတဲ့သူ .. သူ ပြောတဲ့စကားတွေသာ မှန်နေတယ်ဆိုရင်.. ဆွေသာ ရဲ့ အကွက်ချ စီစဉ်ထားမှုထဲ မြုပ်ဝင်သွားခဲ့ရတာမျိုး ဖြစ်နေ တယ် .. ဒါပေမယ့် ယုံလို့ မဖြစ်သေးဘူး .. ငါ့မှာ မြေး ရှိနေတယ်လို့ သူကတော့ ပြောနေပေမယ့် သူဟာ တခြားမိန်းမတစ်ယောက်နဲ့ နောက် အိမ်ထောင်ပြုလိုက်ရင်လည်း ကလေးရနိုင်တာ မဟုတ်လား ..၊ သူ့သမီး ကို .. ငါ့စည်းစိမ်ထဲမှာ နေစေချင့်လို့ .. ဆွေသာ ကို တန်ဆာခံလုပ်ပြီး.. ခုတုံးလုပ်ပြီး .. ငါ့ကို ညာနေတာလည်း ဖြစ်နိုင်တယ် .."

ဦးအောင်ဇော်ဦး ဆက်တိုက် ချိန်ဆ တွေးဆနေမိရဆဲ ..၊ ဘာမဆို ဖြစ်နိုင်နေသည်။ ဆွေသာ မှ မြိုင့် ကို ကျော်မင်းသာ နှင့် လက်ထပ်ပေး ချင်နေတာလည်း မှန်နေသည်မို့ .. ဆွေသာ မှ အကွက်ချသည်ဆိုတာ လည်း ဖြစ်နိုင်နေသည်။ ပြီးတော့ .. သမီးကို ချမ်းသာစေချင်စောဖြင့် လိမ်ညာ၍ ဇာတ်လမ်းဆင်ပြီး ပြောနေတာလည်း သုတ ဘက်က ဖြစ် နိုင်နေသည်။ ဦးအောင်ဇော်ဦး ဆိုသည့် အမည်တစ်ခုနှင့် လူတစ်ယောက် ၏ ချမ်းသာမှုတွေက ကြယ်စင်ဆိုသည့် ရှစ်ထပ်ဟိုတယ်ကြီး ..၊ ကြယ်





စင် ရတနာတိုက်ကြီးကို ပိုင်ဆိုင်သည့်သူတစ်ဦးဆိုတာက ပါဝင်နေ သည်ကိုးလေ ..။ မက်မောလောက်သည့် ချမ်းသာခြင်းများကို .. သုတ ဆိုသူကလည်း လူပဲလေ .. မမက်ဘဲ ရှိပါ့မည်တဲ့လား ..။ ကိုယ့်သမီး မြိုင် ကလည်း ထိုလူနှင့် ပတ်သက်ခဲ့ဖူးသည်၊ လက်ထပ်ခဲ့ဖူးသည်။ ဆိုသူ၏ ကလေးကို မွေးဖွားခဲ့ရသည်။

"ကျွန်တော် သိထားတာက .. မြိုင် ရဲ့ သားလေးဟာ မွေးဖွားပြီး တာနဲ့ ဆုံးပါးခဲ့တယ် .. မမိ နဲ့ သွားမွေးတဲ့ သမီးမိုက်လို့ ကျွန်တော် ယုကျုံးမရ ဖြစ်ခဲ့ရတယ် မစိမ့် ..၊ အဖေလုပ်သူကို အသိတောင် မပေးဘဲ သူ့သဘောနဲ့သူ မြိုင် ဟာ အိမ်ထောင်ပြုတယ် .. ကိုယ်ဝန်ကြီးနဲ့ မျက် ရည်စက်လက် ရောက်လာတယ် ..၊ ပစ်ထားပြန်ရင်လည်း ယောကျ်ား ကောင်စီး .. မိန်းမ မီးနေ ဆိုတဲ့ စကားလို .. မြိုင် အမိုက်မ .. သေနိုင်တယ် ဆိုပြီး .. လက်ခံခဲ့တာပါပဲ ..၊ သေချာ ဆေးရုံမှာ မွေးဖွားလို့ အဖေလုပ်သူ က စီမံပေးတယ် .. သူက .. ရွာမှာ မမိ အားကိုးနဲ့ သွားမွေးတယ် .. အားမရဆီးမရ .. လုပ်ချင်ရာလုပ်တဲ့ သမီးမျိုးကို အဖေ တော်ခဲ့ရတာ ခင်ပန်းပါတယ်ဗျာ .. သူနာပြု ဝါရင့်ဆရာမတစ်ယောက် ထည့်ပေး လိုက်တာကိုလည်း .. အဖေ မသိအောင် ပြန်လွှတ်လိုက်တဲ့ မြိုင် ဟာ.. မွေးဖွားပြီးချိန်မှာလည်း သတိမေ့မြောခဲ့ရတယ် .. ကံသီလို့ မသေပေမယ့် သူ့ကလေး သေတယ်ဆိုတာပဲ သူ သိခဲ့ရတာလေ ..၊ ခု .. လူတစ် ယောက်က သူ့ဆီမှာ ရှိနေတဲ့ သမီးဟာ မြိုင့် ရဲ့သမီးလို့ လာပြောနေတာ ကို .. အလွယ်တကူတော့ ကျွန်တော် မယုံပေးနိုင်ဘူး မစိမ့် .. ကျွန်တော် ပြောတာ သဘောပေါက်မယ် ထင်ပါတယ် .. ခင်ဗျားရော ဆိုပါတော့.."

ဟု ဦးအောင်ဇော်ဦး တည်ငြိမ်စွာ ပြောလာတော့ ...

"ကျွန်တော့်မှာ အိမ်လေး ရှိပါတယ် .. အဲဒီအိမ်လေးဟာ .. မြိုင် နဲ့ ကျွန်တော်တို့ နေခဲ့တဲ့ အိမ်လေးလည်း ဖြစ်ပါတယ် .. မြိုင့် ကို ကျွန်တော် ကွာရှင်းပြီးပြီဆိုရင် .. ဘာလို့ ကိုယ့်အိမ်မှာကိုယ် ပြန်မနေ



www.burmeseclassic.com

www.burmeseclassic.com



ခုလို ပန်းစံကားရွာမှာ ဓာတ်မြုပ်နေခဲ့ပါ့မလဲဗျာ .. ကလေးကြောင့်ပါ .. ကျွန်တော့်သမီးလေးကို မြိုင် ပြန်လာယူလိုက်မှာကို လက်မခံနိုင်လို့ပါ ဗျာ .. မြိုင် ကတော့ ချန်ခဲ့ပြီ .. ကျွန်တော့်ဘဝမှာ သမီးလေးဟာ ဘဝ တစ်ခုပါ ..၊ သမီးကိုတော့ ကျွန်တော့်ရင်ထဲက နုတ်ယူသွားတာ မခံနိုင် လို့ပါ၊ ခု .. ကျွန်တော့်သမီးလေးကို .. ရန်ကုန် ပြန်ခေါ်လာတာက .. ကျွန်တော် ရှာကျွေးဖို့ပါပဲ၊ ပန်းစံကားရွာက ပျောက်သွားရင် ဦးဆွေသာ ရဲ့လူတွေက လိုက်ရှာကြမှာပါပဲ .. ဒါပေမယ့် ဦးဆွေသာ ရှိနေတဲ့ ရန် ကုန်ကိုတော့ ထင်မှာလည်း မဟုတ် .. ရှာမှာလည်း မဟုတ်လို့ အဲဒါကို တွေးမိပြီး .. သမီးအတွက် စိတ်ပိုအေးရအောင် ရန်ကုန်ကို လာခဲ့တာပါ ဆင်ခြေဖုံးရပ်ကွက်လေးမှာ မုန့်ဟင်းခါးဆိုင်လေးဖြစ်ဖြစ် ဖွင့်ရောင်းမယ် လို့ တွေးခဲ့ပေမယ့် တကယ်တမ်းကျတော့ .. ကျွန်တော့် ကျန်းမာရေး ဆိုးလာနေပြီ .. ညဘက်ဆိုရင် ရင်ထဲက အလွန်အောင့်လို့ အိပ်မရနိုင် တော့ဘူး .. ဒီတော့ သမီးလေးကို ဘယ်မှာ ထားရမလဲ ..၊ ကျွန်တော် အိမ်ငယ်လေးမှာ တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူး .. ဘာ ဖြစ်ဖြစ် .. ရန်ကုန်ကို ကျွန်တော်တို့ ပြောင်းမလာနိုင်ဘူးလို့ တွေးထား တယ်ပဲ ရှိစေ .. ကျွန်တော် မရှိတော့တဲ့အခါမှာ .. ကျွန်တော့်သမီးလေး ကို ဆင်ခြေဖုံးရပ်ကွက်လေးမှာလည်း တစ်ယောက်တည်း ချန်မထားနိုင် နိုင်သလို .. အန်တီစိမ့် ရဲ့ အစောင့်အရှောက်ရအောင် .. အန်တီစိမ့် ရဲ့ နီးနီးနားနား ကျွန်တော့်အိမ်လေးမှာပဲ ထားမယ်ဆိုရင်လည်း .. ဦးဆွေ သာ ဟာ အိမ်လေးဘက်ကိုများ လာပြီး လေ့လေ့လာလာ လုပ်လိုက်ရင် ဖြင့် .. သမီးလေး ရှိနေတာကို သိသွားပြီး တစ်ခုခု .. ရန်မူမှာကို ကျွန် တော် စိုးရိမ်တယ် .. ဘာလို့လဲဆိုတော့ .. သမီးလေးဟာ မြိုင့် သမီးလေး ဖြစ်နေလို့ပဲ .. မြိုင့် ချမ်းသာပုံထဲက တောက်ပနေတဲ့ ရွှေပုံကြီးကို ခံစား ပိုင်ခွင့် ရှိနေလို့ပဲ .. အဲဒီအချက်ဟာ ဦးဆွေသာ အတွက် အလွန်ဆိုး အချက် ဖြစ်နေတယ် ..၊ အစတုန်းကတော့ သမီးလေးကိုရမှ ကွာရှင်း





စာချုပ်ရမှာမို့ .. သမီးလေးကို ရအောင် ယူပေးခဲ့ပြီး ကွာရှင်းစာချုပ်ကို ယူခဲ့တဲ့ ဦးဆွေသာ ဟာ .. အခု မြိုင် နဲ့ သူ့သား လက်ထပ်တော့မယ် ဆိုတဲ့အခါမှာ .. မြိုင့် ဘက်က ချမ်းသာမှုကို သူ့သား ရှင်းရှင်းလင်းလင်း ပိုင်ဆိုင်ဖို့ဆိုတာ .. သမီးလေး မရှိမှ ဖြစ်မယ်လေ ..၊ ဒါတွေကို အခုမှ အန်တီစိမ့် ပြောပြခဲ့တာတွေကို နားထောင်ရင်း သူ့သားနဲ့ မြိုင် လက် ထပ်တော့မယ်ဆိုတာလည်း သိခဲ့ရ .. ခုလိုလည်း ချင့်ချိန် နားလည်လာ ရတာပါ .."

ပြောနေရင်း ချောင်းဆိုးလာလျက် လက်ကိုင်ပဝါဖြင့် ဟပ်ထုတ် လိုက်သည့် သွေးစတွေကို ဦးအောင်ဇော်ဦး တွေ့လိုက်ရပါပြီ ..။ သုတ ကတော့ တစ်ချက်နားပြီး စကားကို ဆက်ဖို့ ကြိုးစားသည်။ မောနေ၍.. ရေတစ်ဖန်ခွက် လာတိုက်ပါသည့် အန်တီစိမ့် ကို ကျေးဇူးတတင်ဖြင့် မော့ကြည့်သည်ကလည်း သုတ ပါ..။

ဦးအောင်ဇော်ဦး ကတော့ ဤတစ်ကြိမ်မှာ ရင်ထဲမကောင်း ..။ ဘာကြောင့် .. ဤမျှအထိ သုတ ဆိုသည့်လူသည် ပိန်ချုန်းကျနေသည် ဆိုတာ သိနေရပြီတည့် ..။

"အဘိုးဖြစ်သူက မှုယုံလို့ ကျွန်တော့်သမီးကို လက်မခံရင် .. အန်တီစိမ့် ဆီမှာ ထားခဲ့ဖို့ကျတော့လည်း .. မုဆိုးမလည်း ဖြစ် .. သမီး ချွေးမ ကလည်း မရှိတော့တဲ့ အရွယ်အိုလာပြီဖြစ်တဲ့ အန်တီစိမ့် ကို တာဝန်မပေးချင်ပါဘူး .. သမီးလေးဟာ .. ဦးအောင်ဇော်ဦး ရဲ့ မြေးပါ၊ မြိုင့် ရဲ့ သမီးပါ .. သေရတော့မယ့်သူ တစ်ယောက်ဟာ မလိမ်ပါဘူး ဗျာ ..၊ ကိုယ့်မြေးကို ကိုယ် မျက်ကွယ်ပြု ပစ်ထားမယ်ဆိုရင်ဖြင့် .. သမီးကံဆိုးပဲ ..၊-ဒါက ဦးဆွေသာ သမီးလေးကို လာပေးစဉ်က .. ကျွန် တော့်လက်ထဲ တစ်ပါတည်း ပေးခဲ့တဲ့ မြိုင့် လက်စွပ်ပါ .."

ဟု ပြောကာ အင်္ကျီအိတ်ကပ်ထဲမှ ရှုံ့အိတ်လေးကို ထုတ်၍ အထဲမှ လက်စွပ်လေးကို ပေးလာသည်က သုတ ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဇော်ဦး တွေခနဲ ဖြစ်သွားရပါပြီ .. ။

သမီး မြိုင် ၏လက်စွပ် ..၊ အဖေလုပ်သူ ကိုယ်တိုင်က ရတနာ တိုက် အရောင်းခန်းဆောင်ထဲပင် အရောက်မခံဘဲ သေချာ ရွေးချယ်၍ ပန်းထိမ်တိုက်ကို အပ်၍ .. ပေးခဲ့ပါသော လက်စွပ် ..။

ကလေး မီးဖွားစဉ် .. လက်စွပ်လေး ချောင်နေ၍ ပျောက်သွားသည်ဟု မြိုင် ထင်ခဲ့သော လက်စွပ် ..၊ ဘယ်အချိန်မှာ ကျွတ်ပျောက်သွားခဲ့မှန်း မသိပါဟု မြိုင် ပြောခဲ့သော လက်စွပ် ..။

မြိုင် မီးဖွားဖို့ ရွာလေးကို ထွက်ခွာချိန်ထိ မြိုင့် လက်လေးမှာ ဝတ်ဆင်ထားသော လက်စွပ် ..၊ နီလာကို စိန်ဖြင့် ရံထားသော လက်စွပ်လေးပါတကား ..။

"ကလေးကို.. ကျွန်တော် တွေ့ချင်တယ် .. အခု တွေ့ချင်တယ်.."

ဟု ဦးအောင်ဇော်ဦး ရုတ်ခနဲ ပြောချလာပါသတည်း ..။





အခန်း (၁၄)

တောက တက်လာသည့် ဖိုးသည်း ဆိုတာက မြင်ကွင်းသစ်၊ ဝန်းကျင်သစ်မှာ အသားတကျဖြစ်၍ကို မရနိုင်ဘဲ အခန်းထဲက ပစ္စည်းတွေ နမ်းလိုက်.. လူသူတို့အသံ အခန်းပြင်ဘက်က ကြားရလျှင် ဟောင်လိုက် .. မာန်ဖီလိုက် ..၊ အိမ်က အထုပ်အပိုးတွေကို နမ်းလိုက် .. အခန်းထဲက တည်းခိုခန်းပစ္စည်းတွေကို နမ်းလိုက်နှင့် အနံ့မတူတာကအစ ဖျက်စီမျက်ဆံပြူး၍ ဟိုစစ်သည်စစ်နှင့် ယောက်ယက်ခတ်နေပါ၏။ ဖိုးသည်း ဟောင်သံကြောင့် တည်းခိုခန်းနေသူတို့အတွက်လည်း စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ဆက်တိုက်ကြုံနေရပြီ ..။ ဟောင်သည်မှ လမ်းပေါ်က ဟွန်းသံတွေကြားလည်း ထဟောင်ချင် ဟောင်နေသည်။ တောခွေး လန်ဘားကြီး ဖြစ်နေသည့် ဖိုးသည်း မှာ ခြေတံရှည်လက်တံရှည်ကြီးဖြင့် တံခါးကိုလည်း ကုတ်ဟယ်ခြစ်ဟယ်နှင့် အပြင်က ခြေသံတွေ ကြားတိုင်း မနားစတမ်း လုပ်နေတော့ ထုံ့ မှာ လက်မှိုင်ချ၍ ကြည့်နေရုံပဲ တတ်နိုင်ပါသည့်အဖြစ် ..။

"ဖေဖေကလည်း ကြာလိုက်တာ .."

ဟု ညည်းမိရသည်။ စောစောကပဲ တည်းခိုခန်း မန်နေဂျာက တံခါးခေါက်၍ ခေါ်တွေ့ထားပြီးပြီ။ တံခါးခေါက်သံကြားတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသည်း နားစွင့်သည်။ ခေါ်သည့်အသံကလည်း လူစိမ်းအသံမို့ ဟော
သေးသည်။ ထုံ့ မှာ ဖိုးသည်း ကို ကုပ်ဆွဲထိန်းပြီးမှ တံခါးဖွင့်ရခြင်း
မန်နေဂျာကိုယ်တိုင်ကလည်း တစ္စာစ္စာဖြင့် အသံမနားဘဲ ရှိနေသ
ဖိုးသည်း ကို လန့်ပုံရပါ၏။

"ခွေး သေချာထိန်းပြီး အခန်းထဲမှာ ထားခဲ့ပါ .. ရီဆက်ပ်ရှင်
လာခဲ့ပါ .."

ဟု ပြော၍ သွားခဲ့စဉ်က ...

"ခင်ဗျား အဖေ ပြန်လာရင် .. ပြောင်းပေးပါ၊ ခွေးတစ်ကော
အစကတည်းက ပါလာတာ မြင်ရတာမို့ .. လက်မခံချင်လှဘူး၊
တုန်းကတော့ ခင်ဗျား ခွေး လန်ဘားကြီးက အေးအေးဆေးဆေး ဟို
ကပ်ထိုင်နေတာ .. ခင်ဗျားကလည်း ငြိမ်ငြိမ်နေလို့ ပြောတာ သူ သိ
သလိုပဲ ..၊ ခဏပဲ တည်းမှာပါဆိုပြီး ခင်ဗျားအဖေ တောင်းပန်လို့
ပြီးတော့ တောက တက်လာတာလည်း သိသာလွန်းနေလို့ .. လ
ပေးခဲ့တာ၊ ခု ဥစ္စာ .. ခင်ဗျားအဖေလည်း အပြင်သွားလိုက်ရော ..
က အပြင်က ခြေသံကြားလည်း ဟောင် .. စကားပြောသံကြားလ
ဟောင်နဲ့ အလွန် အသံထွက်သကိုးဗျ .. တည်းတဲ့သူတွေ စိတ်ထဲ
ကုန်ပြီ .. တချို့ဆို တခြားပြောင်းမယ် .. တည်းခိုခန်းခ ပေးထား
ပြန်ပေးပါလို့ ကွန်ပလိန်းတက်လာတာတောင် ကြုံနေရပြီ .. အဲသ
ဖြစ်တာကို ကျွန်တော် လက်မခံနိုင်ဘူး မိန်းကလေး .. ဒါကြောင့်
အဖေ ပြန်လာရင် တခြား ပြောင်းပါ .. ဒါပါပဲ ..၊ ဒီက တည်းခိုသူ
ကိုလည်း ခင်ဗျားတို့ ပြောင်းသွားကြမယ်လို့ အဲသလိုပဲ ကျွန်တော်
ထားတယ် .."

ဟု ဂပ်ရှင်းရှင်း ပြောခဲ့ပြီးပြီ ..။ ဘာတတ်နိုင်မည်တဲ့လေ
မှာ အခန်းထဲ ပြန်ဝင်ခဲ့ရလျက် ငွာ ဖိုးသည်း ကို မှိုင်၍သာ ကြည့်
ပါ၏။ ဖိုးသည်း ဆိုတာက ပန်းစံကားမှာ ဖေဖေ့ကို လူစိမ်းတစ်





ရန်လာမှုကတည်းက ပို၍ နိုးနိုးကြားကြားဖြင့် ရှိနေကာ ဘယ်သူ့မှ
မယုံနိုင်ဘဲ ဟိုဟောင်သည်ဟောင်နှင့် ရှိနေသည်ဟု ထုံ ထင်ရသည်ပါပဲ။
သခင်အတွက် စိုးရိမ်၍ဆိုတာ နားလည်နေရသည်မို့ ဖိုးသည်း ကိုလည်း
မဆူရက်ပါ ..။

"ငြိမ်နားစမ်းပါဟယ် ဖိုးသည်း ရယ် .. နင်ကလည်း အလွန်
အသံမြည်တာကိုး .."

ဟု ညည်းမိရပါ၏။ ဖိုးသည်း ကတော့ နားရွက်ထောင်ထားသည်
မှ မြင်းနားရွက်နှင့်ပင် တူနေပြီ။ ထောင်နေသည့်နားရွက်ကလည်း ရေဒါ
လိုပဲ ဟိုဘက်စွင့်လိုက် ..၊ သည်ဘက်စွင့်လိုက်နှင့် ရှိနေ၏။ တံခါး
ခြစ်လိုက် .. အသံကြားလျှင် ဟောင်လိုက် ..၊ ထုံ့ ဆီးမှာ ဆောင့်ကြောင့်
လေး လာထိုင်လိုက် ..၊ လျှာအတစ်ထားထုတ်၍ ဟောဟဲနှင့် မောနေ
လိုက် ..။ ရေချိုးခန်းမှာ ရေစက်ဖွင့်၍ ရေအင်တုံလေးဖြင့် ရေတိုက်တော့
လည်း သောက်လိုက်သည်မှ အင်တုံတစ်ဝက်ကျိုးအောင် မနားစတမ်း
သောက်ပြန်၏။

နောက်တော့လည်း ခုတင်ထက်မှာ ထုံ ထိုင်နေတော့ ခုတင်ရှေ့
မှာ ခွေ၍ ဖိုးသည်း အိပ်၏။ မျက်စိပိတ်ထားတာပဲ ရှိသေးသည်။ ခြေသံ
ကြားတော့ ထဟောင်ပြန်၏။ မကြာခင် တည်းခိုခန်းမှ ပြောင်းရမည့်
အတူတူ .. ဖိုးသည်း ကိုလည်း တားမနေတော့ .. ဟောင်စေတော့ဟု
သွတ်ထားလိုက်ရသည်ပါပဲ။ တား၍လည်း မရချေသည်ကိုးလေ ..။
ထိုစဉ်မိုက် ဖိုးသည်း ရုတ်ခနဲ တံခါးနား ပြေး၏။ တအီအီ အသံပေး၏။
ခပ်ဖွဖွ တံခါးကို လက်သည်းဖြင့် ခြစ်ကုတ်တာတွေ လုပ်နေ၏။

"သမီး ထုံ .. တံခါးဖွင့်ကွယ် .."

ဟု ဖေဖေ့အသံ ပေါ်လာတော့ ထုံ ဖိုးသည်း ကို အရင်ကြည့်မိရ
သည်ပါပဲ။ အံမယ် .. ဖိုးသည်း က ဖေဖေ့ခြေသံကို သိနေသည်တည့်..။
တံခါးရွက်ကို ပတတ်တွေဘာတွေ ရပ်၍ အထဲမှ ကြိုဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စမ်း ဖိုးသည်း .. ဟိုမှာ သွားထိုင် .. ငြိမ်စမ်း .. ဖေဖေ့ တိုင်မှာနော် .. နင်းကန် စွာနေတယ်လို့ .."

ဟု ငေါက်တော့ တစ်ချက် ဝုခနဲ အသံပေး၏။ လက်ညှိုးထိုးပြ အခန်းထောင့်မှာ ခဏ သွားထိုင်သည်။ ထုံ တံခါးဖွင့်တော့ ဖေ အခန်းထဲ ဝင်လာပါ၏။ တံခါးရွက်ကို မြန်မြန် ပြန်ပိတ်ရသည် ဖိုးသည်း ခုန်ပေါက်ထွက်သွားမှာ စိုး၍ပါ..။ အပြင်ရောက်၍ကတော့ မနည်း ပြန်ထိန်းရ ခေါ်ရနှင့် မောရဦးမည်လေ ..။

"သမီး လိုက်ခဲ့ .. ဒီကောင့်ကို ထားခဲ့ .. ဖေဖေတို့ တစ်ချက် အပြင်သွားရလိမ့်မယ် .."

ဖေဖေ့မျက်နှာမှ ချွေးကို လက်ကိုင်ပဝါအသစ်တစ်ခု ခေါင်း ဘေးမှ ယူ၍ သုတ်နေရင်း ပြောတော့ ထုံ ခေါင်းလေးခါ၍ ...

"ဖိုးသည်း ကို ထားခဲ့လို့ မဖြစ်ဘူး ဖေဖေ .. ခေါ်သွားရမှာ တအားဟောင်တာပဲ .. မန်နေဂျာကလည်း ဒီမှာ ပေးမတည်းနိုင် ဘူးတဲ့ .. အဲဒါ .. ပြောင်းရမှာ ဖေဖေ .."

ဟု ပြောတော့ ဖေဖေ ဖိုးသည်း ကို တစ်ချက်ကြည့်သည်။ ခု တော့လည်း ဖေဖေ ရောက်လာ၍လား မသိ ..။ ပါးစပ်စေ့နေသည် အဟောင်နားနေသည်။ ငြိမ်၍ နေပုံကဖြင့် အမောဖြေနေသည့်ဟန်

"ဒါဆိုလည်း ပစ္စည်းတွေ အပြင်ထုတ်ကြတာပေါ့ သမီးရယ် ကားလည်း ပါလာတယ် .. ပြောင်းကြတာပေါ့ .."

ဟု ဖေဖေ သက်ပြင်းရှိုက်ကာ ပြောပါ၏။ ကားပါလာသည် တာက ဆန်းနေသည်။ တည်းခိုခန်းမှ ပြောင်းရမည်ဆိုတာ ဘယ်လိုများ ကြိုတင် သိနေ၍ ခုလို ကားကို ရပ်စောင့်ခိုင်းထားပါ လဲလေ ..။ မန်နေဂျာကများ ဆီးပြောလိုက်၍ ကားကို စောင့်ခိုင်း ခြင်းများပေလားဟုလည်း ထုံ တွေးမိရသည်။ ဖေဖေ ငှားစီးလာ တက္ကစီပေါ်မှ ဆင်းဆင်းချင်း မန်နေဂျာနှင့် တိုးခဲ့ခြင်းများပေလား





"ဟင့်အင်း .. မဟုတ်ဘူး .. ဖေဖေ ပြောတာက .. ဖိုးသည်း ကို ထားခဲ့မယ် .. အပြင် ခဏသွားကြမယ်ဆိုတဲ့သဘောမျိုး ပြောတာပါ၊ ရောက်ရောက်ချင်း ပြောင်းမယ်လို့ မပြောပါဘူး .. ပြောတာက ထုံ ပါ"

ဟု တွေးကာ ဖေဖေ့ကို အကဲခတ်သလို ကြည့်ရပါ၏။

"ဟော့ကောင် ဖိုးသည်း .. ထိုင်နေ .. ငြိမ်စမ်း .."

ဟု ဖေဖေ ငေါက်တော့ ဖိုးသည်း ကိုယ်လေး ဝပ်ချသည်။ လည် ကို ဆန့်၍ မေးကို ကြမ်းပေါ် အလျားလိုက်တင်ကာ မျက်လုံးလေး ကလယ် ပေကလပ်ဖြင့် ကြည့်နေ၏။ ဖေဖေမှ ထုံ့ ကို ခေါ်၍ တည်းခို န်းရှေ့သို့ ခေါ်လာသည်။ ရပ်ထားသော ကားသစ်သစ်လှလှကြီးတစ်စီး ကို ပြသည်။ အနက်ရောင် ကားကြီး ..၊ ဆလွန်းကားကြီးဆိုပေမယ့် ကြီးသည်။ တောက်ပသည်၊ ကားအမျိုးအစားအမည်ကို ရေးထားသည့် ဂ်လိပ်စာလုံးကို ဖတ်ကြည့်တော့ မာစီးဒီး ..။

"ဒီကားနဲ့ ပစ္စည်းတွေ တင်ရမှာတော့ အားနာတယ် .. ဒါပေမယ့် ဘတ်နိုင်ဘူး .. သမီးကို ခေါ်သွားရဖို့အတွက် စောင့်နေတဲ့ ကား .."

ဟု ပြောကာ ဖေဖေ အခန်းသို့ ပြန်တော့ ထုံ လိုက်လာရပါ၏။ ဖေ ပစ္စည်းတွေသယ်တော့ ထုံ လက်လေးကာ၍ ...

"ထုံ သယ်ပါ့မယ် ဖေဖေရဲ့ .. ဖေဖေက ချောင်းဆိုးနေတဲ့ဥစ္စာ.."

ဟု တားပေမယ့် မရ ..၊ တောင်းကြီးကို သယ်မည်ပြုတော့ ...

"ဖိုးသည်း ကို ကြည့်ပေးပါ ဖေဖေရယ် .. ဒီကောင် ခက်တယ်"

ဟု ပြောရသည်က ထုံ ပါ ..၊ ဖေဖေ သေတ္တာကို သယ်သည်။ က တောင်းကို သယ်သည်။ ဖိုးသည်း ကတော့ ဖေဖေ ခပ်တည် ည် ကြည့်နေ၍လား မသိ ..။ အမြီးလေး ကုတ်၍ ငြိမ်ဝပ်ကျန်ခဲ့ပါ၏။ ရွက်ပင် မခတ် ..၊ ရှေ့ခန်းမှာ ထိုင်နေသည့် ဒရိုင်ဘာ ဘဘကြီးမှာ သို့ ပစ္စည်းတွေ သယ်လာတာ မြင်တော့ ကမန်းကတန်း ကားပေါ်မှ င်းသည်။ နောက်ဖုံးကို ဖွင့်သည်။ ပစ္စည်းကို လှမ်းယူ၍ ထည့်သိမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ သားအဖနှစ်ယောက် ပြန်လှည့်၍ အခန်းဘက်သွားတော့ နောက်မှ လိုက်လာပါသည့် ဒရိုင်ဘာ ဘဘကြီးကို ကြည့်၍ ထုံ ပြောရပါ၏။

"ရတယ် ဘဘ .. ပစ္စည်းက သိပ်မကျန်ပါဘူး .. ဟိုမှာ ထုံ့ ရဲ့ ခွေး ဖိုးသည်း ရှိတယ် ဘဘ .. ပစ္စည်းတွေ အသယ်ခံမှာ မဟုတ်ဘူး..၊ ဖေဖေလည်း အခန်းရောက်ရင် ဖိုးသည်း ကိုပဲ ကြည့်နေပါ ဖေဖေရယ်.. ကျန်တာလေးတွေ ထုံ သယ်ပါ့မယ် .."

ဟု ပြောကာ ပစ္စည်းလေးတွေ သယ်ရ ..၊ ကားနောက်ခန်း အံဖုံးကြီးဖွင့်ပြီး စောင့်နေသည့် ဘဘမှ ပစ္စည်းတွေ ထည့်နှင့် ရှိသွားကာ..၊ ပစ္စည်းပစ္စယလည်း သိပ်မပါတာမို့ သယ်စရာ ဘာမျှမကျန်တော့..။ ဖေဖေလည်း ဖိုးသည်း ကို ကုပ်ကဆွဲထိန်း၍ အပြင်ခေါ်လာပြီ ..။ အရပ်ကြီး မြင့်မြင့်ဖြင့်ရှိသည့် ခွေးလန်ဘား ဖိုးသည်း ကို တည်းခိုခန်းတည်းသူတချို့က မကြည်သည့်အကြည့်ဖြင့် ကြည့်၏။ ဤမျှ အပေါင်သန့်သည့်ခွေးကို ဘယ်သူက ကြည့်ချင်ပြုချင် ချစ်ချင်ပါ့မည်တဲ့လဲလေ..။ မန်နေဂျာလည်း ခုမှ ပြုံးနိုင်ရှာသည်။ ခုမှ ရှင်းပြီ .. ဆိုသည့်အကြည့်ဖြင့်လည်း ဖိုးသည်း ကို ကြည့်၏။ ဖိုးသည်း ဆိုတာက ကားတောက်တောက်ကြီးကို တွေ့တော့ ထင်သည့်အရိပ်ကိုပင် ပြန်၍ ရန်လုပ် မာန်ဖီကာ ဆွာနေပြန်၏။

"ဟော့ကောင် .. လိန်တိလိန်ကောက်နဲ့ ကိုယ်ကြီးတွန့်ပြီး အရှိန်ယူမနေနဲ့ .. ကားထဲက အရိပ်ကိုများ ခုန်အုပ်တော့မယ် .."

ဟု ဖေဖေ ငေါက်ခိုက်မှာ ထုံ ကတော့ ဖိုးသည်း ခေါင်းကို ခေါက်ခနဲ ခေါက်ပစ်ရပါသတည်း။ ထုံ သည်လည်း စိတ်ရှုပ်လာပြီကိုးလေ..၊ ဘယ့်နှယ် .. သူများ ကားအကောင်းစားကြီး သွားပြီး လက်နှင့် ကုတ်ခြစ်ပစ်လျှင် အခက် ..။

"နောက်ခန်းမှာ သမီး ဝင်ထိုင် .. ဖိုးသည်း ကို ဝင်ထိုင်ခိုင်း .. သမီး စကားတော့ ဒီကောင် နားထောင်ပါတယ် .. သမီး ထိုင်ရင်လည်း





ကောင်က ချက်ချင်း လိုက်ဝင်ထိုင်မှာ ..၊ ဒီကောင်က သမီးဘေးမှာ ပြဲ ရှိအောင် တကောက်ကောက် လိုက်တဲ့ကောင် .."

ဟု ဖေဖေ ပြောတော့ ထုံ ကားနောက်ခန်းထဲ ဝင်ထိုင်ရပါ၏။ ခါးရွက်ကို ဖွင့်ထားရင်း ...

"လာခဲ့ ဖိုးသည်း .."

ဟု ခေါ်တာပင် မဆုံးလိုက်ရ ..၊ ခွေ့ခနဲ ကားနောက်ခန်းထဲ ဝင်၏။ ခြေရင်းမှာ ခွေခေါက်၍ လှဲ၏။ ထိုင်ဖို့ဆိုတာက ခြေထောက်တွေ က်တွေက ရှည်လျားကာ အရပ်ကြီးကလည်း ရှည်တာမို့ ထိုင်၍မရဘဲ နေခက်သည်ကိုးလေ ..။ ပြီးပြီ .. မီးခဲ နီးသည်း တစ်ကောင် ကြည် ကြည်သာသာ ကားပေါ်တက်ဖော်ရ၍ပင် ကျေးဇူးတင်ရပါသည့်အဖြစ်..။ ခြကန်၍ ပေကပ်နေလျှင် မနည်း ချော့မော့ခေါ်ရမည်ကိုးလေ ..၊ သည်း ခေါင်းကို ဖွဖွပွတ်ပေးတော့ မျက်လုံးလေးတွေ ကြည်လင်နေ ာ မော့ကြည့်၍ ...

"ဝု .."

ဟု အသံပေးသည်။ ကားကတော့ တောက်လျှောက် မောင်းထွက် ာပါပြီတည်း။ ရှေ့ခန်းမှာ ဖေဖေ ငြိမ်သက်စွာ ထိုင်လိုက်လာသည်။ ယ်ကိုသွားမှာလဲ ဖေဖေ .. ဟု မေးချင်သည်။ ဒါပေမယ့် မောင်းနေ ည့်ကားဒရိုင်ဘာ ဘဘကြီးဆိုတာက လူစိမ်းပေမို့ .. လူစိမ်းရှေ့မှာ း၍ မကောင်းသည်မို့ ထုံ ငြိမ်၍ လိုက်လာရသည်ပါပဲ။ ကားကြီးက င်းတစ်ခုတွင်း ဝင်သည်။ အိမ်တစ်အိမ်၏ပေါ်တီကိုရှေ့မှာ ရပ်သည်။

အိမ်၏အမည်က ခတ္တာမြိုင် ..၊ ပန်းတစ်ခု၏အမည် ..၊ အိမ်က ည်း လှသည်။ ပန်းဥယျာဉ်လည်း ရှိသည်။ တောက်ပနေတာ မဟုတ် မယ့် သဘော်ဆေး သုတ်ထားသည့် တံခါးရွက်တွေသည် အရောင် င်နေဆဲ ..၊ တစ်ထပ်တိုက်လေးသည် အစိမ်းရောင်တိုက်လေးလည်း ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန္နည်းတွေ နောက်မှ ချတာပေါ့ သမီးရယ် .. လာ .. လာ .."

ဟု ဖေဖေ ကားပေါ်မှအရင်ဆင်းပြီး ထုံ့ ကို ခေါ်တော့ ထုံ ဆင်းရပါ၏။ ထုံ ဆင်းတော့ ထုံးစံအတိုင်း လျှပ်စီးလက် ဖိုးသည်း လည်း ကားပေါ်မှ ကသောကမျောကြီး ဆင်းသည်။ ထုံ့ ဘေးမှာ ရပ်သည်။ ဟိုဟိုသည်သည် ကြည့်သည်၊ အကဲခတ်ကြည့် ..၊ စူးစမ်းကြည့် ..၊ လုပ်နေပုံကြီးက နားလည်သည်ဟန် ..။ လူတစ်ယောက် နေရာသစ်တစ်ခုကို စူးစမ်းတာမျိုးနှင့်ပင် ခပ်တူတူ ..၊ ထုံ ကတော့ သဘောကျလျက် ဖိုးသည်း ကို ခေါင်းလေး ဖွဖွ ချစ်စနိုး ထုမိရသည်ပါပဲ။ ထုံ့ အတွက်ကတော့ ဖိုးသည်း ဆိုတာက .. မောင်လေးလို ဖြစ်နေသည်ကိုးလေ ..။

"လာ .. လာ .. ဒီကောင်လည်း တားလို့ရမှာ မဟုတ်ဘူး .. သူများ အိမ်ထဲ လိုက်ဝင်မယ့်ကောင် .. မတတ်နိုင်ဘူး ..၊ အန်တီစိမ့် ကို နောက်မှ တောင်းပန်ရမှာပဲ .. ခွေးဝင်တာ အန်တီစိမ့် ကြိုက်မယ် မထင်ဘူး သမီးရေ .."

ဟု ဖေဖေ စိတ်မောပုံဖြင့် ပြောကာ အိမ်ထဲဝင်တော့ ထုံ လည်း လိုက်ဝင်ရသည်။ ဖိုးသည်း လည်း ဘေးကကပ်၍ ပါလာသည်။ ဧည့်ခန်းမှာ ဘဘကြီးတစ်ယောက် ထိုင်နေ၏။ ရုပ်ရည်သန့်ပြန့်သော ဘဘကြီး၊ ချမ်းသာမှန်းလည်း သိသာသည်။ အခန်းတံခါးမကြီးဘက်ကို မျက်နှာမူ၍ ထိုင်နေသည့် ဘဘကြီးသည် ထုံ တို့ ဝင်လာတာနှင့် စိတ်လှုပ်ရှားစွာ ကြည့်နေပါ၏။ ဒါပေမယ့် .. တစ်ခု ထူးခြားသည်က .. ထိုသို့ စိတ်လှုပ်ရှားစွာ ကြည့်နေသည့် ဘဘကြီးသည် ထုံ တို့ စီးခဲ့ရာ ကားကြီး ပေါ်တီကိုအောက်မှာ ရပ်လိုက်ချိန်တွင် ထွက်ကြည့်တာမျိုးတော့ လုပ်မလာခဲ့..။ ဧည့်ခန်း၏နောက်ဘက်အခန်းဆီမှ ဒေါ်ကြီးတစ်ယောက်ကတော့ ကားသံကြား၍ ဖြစ်မည်။ ကမန်းကတန်း ထွက်လာပါ၏။ လက်ထဲမှာ လက်သုတ်ပဝါတစ်ထည် ပါလာသည်။ ရေစိုနေသည့်လက်ကို သုတ်ရင်း ထွက်လာခြင်း ..။





"ဟယ် .. ဆရာတို့ ရောက်လာပြီကိုး .. အိမ်မှာ ထမင်းစားရအောင် .. အန်တီစိမ့် .. ဟင်းနည်းနည်း ထပ်ချက်နေတာ ဆရာရဲ့ .."

ဟု ပျာပျာသလဲ ပြောနေချိန်မှာ ဘဘကြီးကတော့ စူးစမ်းကြည့်ဖြင့် ထုံ နှင့် ဖေဖေ့ကိုပဲ တောက်လျှောက်ကြည့်နေသည်။ အကြည့်တွေထဲမှာ ထုံ ဝေခွဲမရနိုင်သည့်အရိပ်တွေ ပါနေသည်ဟု ခံစားရပါ၏။ အကဲခတ်ကြည့်လည်း ပါသည်ဟု ထင်သည်။ တစ်ခုခုကို ချိန်ဆ တွေးနေသည့် အကြည့်လည်း ပါနေသည်ဟု ထင်သည်။ စိမ်းသောအကြည့်လည်း ဖြစ်နေတတ်သည်။ ရုတ်ခနဲ .. သိမ်မွေ့သောအကြည့်လည်း ပြောင်းချင်ပြောင်းလာတတ်သည်။ နောက် .. ချက်ချင်း ပြန်၍ တည်သောအကြည့်လည်း ဖြစ်သွားတတ်ပြန်သည်။ ထိုမျှအထိ အပြောင်းအလဲ မြန်ဆန်လှသည့်အရိပ်များ ရုတ်ခနဲ ရုတ်ခနဲ စွန်းထင်းနေသည့် မျက်နှာရိပ် မျက်နှာကဲကို ထုံ ဖတ်မိနိုင်ဖို့ဆိုတာ ခက်ခဲသည်ပါပဲ။ တစ်ခုကတော့ သေချာနေသည်။ ဘဘကြီးသည် စိတ်လှုပ်ရှားနေတာတော့ အမှန် ..။

"လာ .. သမီး .. ဖေဖေတို့ ဘုရားကန်တော့ကြရအောင် .."

ဟု အိမ်ဦးခန်း ဘုရားဆောင်ဆီသို့ ထုံ့ ကို ဖေဖေ ခေါ်လာကာ သားအဖနှစ်ယောက် တူတူ ဘုရားကန်တော့ရပါ၏။ နောက်တော့ .. ဆွမ်း ပန်း ရေချမ်း မီး ပူဇော်ရာတို့ဖြင့် ရှိခိုးဦးတင်ရာ ဘုရားရှင်တော်မြတ်ကို ဖေဖေ လက်အုပ်ချီ မော့ဖူးကာ ...

"ကျေးဇူးကြီးလှပါသည် အရှင်မြတ်ဘုရား .. ဤမြေး ဤအဘိုးတို့ ဆုံဖြစ်စေတော်မူရာ ဘုရားရှင်တော်မြတ်ရဲ့ ကျေးဇူးတော် ကြီးလှပါတယ် ဘုရား .."

ဟု ခပ်တိုးတိုး ပြောနေရင်းမှ မျက်ရည်ကျလာတော့ ထုံ မယုံချင်..။ ဘုရားရေ .. ထုံ့ ဘိုးဘိုးနှင့် ဆုံရသည်တဲ့လားလေ ..။ ဒါဆို .. ဒါဆို .. ဧည့်ခန်းမှာ ထိုင်နေသည့် ဘဘကြီးသည် ထုံ့ ဘိုးဘိုးတဲ့လားလေ ..။ မြေးထုံ ၏ ဘိုးဘိုးတဲ့လား ..၊ ဘာကို နားလည်ပေးလိုက်ရမှန်း မသိနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ထုံ ရုတ်တရက် စဉ်းစားမတတ်နိုင်တော့ဘဲ ဖြစ်ကုန်ရပါပြီ တည်း ..။ ဖေဖေ ထုံ့ ကို လက်လေးဆွဲ၍ ခေါ်လာသည်။ စောစောက ကြည့်နေသည့် ဘဘကြီးသည်လည်း ထုံ နှင့် ဖေဖေ တို့၏ လှုပ်ရှားမှု တိုင်းကို တကောက်ကောက်မျှ ခုထိ လိုက်ကြည့်နေဆဲ ..။ ဖေဖေနှင့် ထုံ တို့ ဘုရားဆောင်ဝင်ချိန်မှာ အမြဲ ဖိနပ်ချွတ်နေရာမှာ သွားထိုင်တတ် အောင် သင်ပေးခဲ့တာမို့ ခုလည်း ဖိုးသည်း သည် ဖိနပ်ချွတ်နေရာလေး မှာ သွား၍ ထိုင်နေပါ၏။ ထုံ ရောက်လာတော့မှ ခြေထောက်နား လာ ကပ်၍ ထိုင်သည်။

"ထုံ .. ဘိုးဘိုးကို ကန်တော့လိုက် .."

ဟု ဖေဖေ ပြောကာ ဖိုးသည်း ကို တစ်ချက်ကြည့်၍ ...

"ငြိမ်နေစမ်း .."

ဟု ငေါက်တော့ ဝုခနဲ ဖိုးသည်း အသံပေးကာ ဖေဖေ့ဘေးမှာ ဝပ်ချလိုက်ပါ၏။ ထုံ ကတော့ ဖေဖေ ခိုင်းသည်မို့ ဘိုးဘိုး၏ရှေ့မှာ ထိုင်ကန်တော့ရပါ၏။ ဆုပေးသံ ပွင့်ကျမလာတာကလည်း ဆန်းနေ သည်။ ဒါပေမယ့် ထုံ မော့အကြည့်မှာ ငေးစိုက်၍ ကြည့်နေသည့် အကြည့်နှင့် တိုး၏။ ဖေဖေနှင့် ဆန့်ကျင်ဘက် ရှိနေပါသည့် ဘိုးဘိုး..၊ ဘိုးဘိုးဆိုသူက ချမ်းသာသည်။ နုနုဖန့်ဖန့် ရှိသည်။ ဆံပင်တွေလည်း နက်နက်မှောင်မှောင် ထူထူထဲထဲ ရှိသည်။ လက်တွေက နူးညံ့နေသည်။

ဖေဖေက ပိန်ချုံးနေကာ ဆင်းရဲသားတစ်ယောက်၏ဘဝသရုပ် အဖြစ် နေလောင်သော အသားတွေကို ပိုင်ထားရသည်။ လက်တွေက ပေါက်တူးပေါက်ပြားတို့ဖြင့် အမြဲ ထိတွေ့ရာလက် ဖြစ်နေသည်။ ပေါင်း ပင်တို့ဖြင့် အမြဲ နီးစပ်နေရသည့်လက် ဖြစ်နေသည်။ လက်တွေက ကြမ်းတမ်း၏။ ထိုသို့ ဆန့်ကျင်ခြားနားရာ ဘဝတစ်ခုစီကို ပိုင်ဆိုင်ထား သူနှစ်ဦးထဲမှာ တစ်ယောက်က ဘိုးဘိုး ဖြစ်နေသည်။ ပြီးတော့ .. ဖေဖေ ဖြစ်နေသည်။





ဘိုးဘိုးဆိုတာနှင့်ပတ်သက်၍လည်း ဖေဖေ တစ်ခါမျှ ပြောပြဖူး ာ မရှိ ..၊

"ထိုင်ပါ.. ထိုင်ပါ.. ကလေးကိုတော့ မြင်ရပြီဆိုပါစို့ရဲ့ .. ကလေး.. ိုင် .. ထိုင် .. မောင်သုတ လည်း ထိုင်ပါ .."

ဟု ပြောလာတော့ ထုံ ပို၍ နားမလည်နိုင် ..။ ဖေဖေ့ကိုများ သူစိမ်း ာ မောင်သုတ တဲ့လားလေ..၊ ဖေဖေကတော့ ဘာမျှမပြောပါ။ ဆက်တိ တစ်လုံးမှာ ထုံ ကို ထိုင်ဖို့ မျက်ရိပ်ပြသည်။ ဖေဖေလည်း ထိုင်သည်။

"အေးလေ.. လူကိုယ်တိုင်ကို မြင်တော့ .. အသားအရည်က မြိုင် ့ တူတယ်.. ဖြူဖြူဥဥရယ်.. မျက်ခုံး မျက်လုံးကတော့ အဖေတူ ဆိုပါ တော့ ..၊ ဒါပေမယ့် ဒီကလေးဟာ .. မြိုင့် ကလေး ဖြစ်တယ်လို့တော့ ာ်အပ်သေချာ ကျွန်တော် မယုံနိုင်သေးဘူးဆိုတာ ပြောချင်ပါရဲ့ .."

ဟု ပြောလာတော့ ထုံ ဖျတ်ခနဲ ဖေဖေ့ကို ကြည့်မိသည်။ မြိုင် ..၊ ိုင် ဆိုတာ မေမေ့အမည်ပါ။ ဖေဖေ ပြောပြထားသည်လေ ..၊ မေမေ း်ခဲ့ပြီ ..။ မေမေ့အမည်သည် ခင်ထားမြိုင် ဖြစ်သည်တဲ့ ..၊ ဒါပေမယ့် ဖေ ပြောခဲ့စဉ်က .. မေမေသည် ချမ်းသာသောသူတစ်ယောက် ဖြစ် ည်ဆိုတာကိုတော့ ပြောမပြဖူးခဲ့ ..။

ခု .. ဘိုးဘိုး ဆိုတာက ပြောလာပြီ။ ထုံ သည် .. မွေးဖြစ်သည် ိုတာကို လက်မခံနိုင်သေးဘဲ ရှိနေသေးသည်ဆိုသည့်သဘော ပါသည့် ား ..။ ထုံ ဖေဖေ့ကို ကြည့်မိရပါ၏။ နောက်တော့ ဘိုးဘိုးကိုလည်း ြည့်မိသည်။

"ထုံ တစ်ခု ပြောပါရစေ ဘိုးဘိုး .."

"ထုံ .. သမီး .. သမီးရဲ့ ဘိုးဘိုးကို ဘာမှမပြောနဲ့ .."

ဖေဖေ သိနေပုံဖြင့် လှမ်းတားသည်ပါပဲ။ ဒါပေမယ့် ထုံ ဆိုတာက ်သည်ဆိုတာကို သိပါလျက် .. ငြိမ်နေတတ်သည်မှ မဟုတ်ချေပဲလေ။ ာကြောင့်ဆို .. ဖေဖေသည် ဘယ်တော့မှ မလိမ်တတ် ..၊ ဘိုးဘိုးသည်



www.burmeseclassic.com

www.burmeseclassic.com



ထုံ့ ဘိုးဘိုး မဟုတ်ပါဘဲနှင့် ဘယ်တော့မှ လိမ်ပြောမှာ မဟုတ် ..။ ဖေဖေ့ကို ထုံ ယုံသည်။ ဖေဖေ့သိက္ခာနှင့် မာနတရား ..၊ ဖေဖေ့ကိုယ်ကျင့်တရားကို ထိပါးတော့တော့ ထုံ မခံနိုင် ..။

"ဘိုးဘိုးက .. ထုံ ဟာ ဘိုးဘိုးရဲ့မြေးပါလို့ မယုံကြည်သမျှ .. ထုံ ကလည်း ယုံကြည်ပေးပါလို့ မတောင်းဆိုပါဘူး ဘိုးဘိုး .. အတိတ်တုန်းက ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ထုံ မသိနိုင်လို့ မသိပေမယ့် .. မသိရပေမယ့် .. ထုံ့ ကို ဖေဖေ ပြောပြခဲ့တာကတော့ ထုံ့ မေမေဟာ ဒေါ်ခင်ထားမြိုင် ဖြစ်တယ်ဆိုတာရယ် .. ထုံ့ ကို မွေးဖွားပြီး ဆုံးပါးခဲ့ပြီဆိုတာရယ်ပါပဲ ..၊ အဲဒါကလွဲပြီး ထုံ ဘာကိုမှ မသိခဲ့ရတာပါ .. ဘိုးဘိုးအသိအမှတ်မပြုလည်း ကိစ္စမရှိပါဘူး .. ထုံ ဟာ ဖေဖေနဲ့ ကြီးပြင်းခဲ့နိုင်တယ်ဆိုတာ .. ထုံ ဒီအသက်အရွယ်ရောက်တဲ့အထိ ရှင်သန်နေတာတစ်ခုတည်းနဲ့ သက်သေထူပြီးနေပါပြီ .. မချမ်းသာပေမယ့် .. ထုံ အသက်ရှင်နေတာပါပဲ ဘိုးဘိုး .. ဖေဖေက ရှာကျွေးခဲ့တာပါပဲ .."

ထုံ ဆက်တိုက်ပြောတော့ ဘိုးဘိုး မင်တက်၍ ငေးစိုက်ကြည့်နေသည်။ ထိုသို့ ထုံ ပြောလာမည်ဟု ထင်ထားပုံ မရ။ ပျောင်းနွဲ့နွဲ့ ဖြူသေးသေးနှင့် ကောင်မလေးတစ်ယောက်ထံမှာ ထိုမျှ အင်အားကြီးမားသည့် စိတ်ဓာတ်အားတွေ ရှိနေမည်ဟု ထင်ထားပုံ မရ..။

"ဘိုးဘိုးက .. ထုံ တို့ သားအဖကို လုံးဝ အဆက်ဖြတ်ထားတာလည်း ဖြစ်နိုင်သလို .. ဖေဖေက ဘိုးဘိုးတို့နဲ့ လုံးဝ အဆက်ဖြတ်ထားတာလည်း ဖြစ်နိုင်တယ်ဆိုတာ ထုံ မှူတပြီး တွေးမိတတ်ပါတယ် .. တွေးမိနိုင်ပါတယ် .. တွေးလို့ရနေပါတယ် .. သေချာတာတစ်ခုကတော့ ဘယ်သူ အဆက်ဖြတ်ထားလို့ ပြတ်တောက်နေကြသည်ပဲ ရှိစေ .. ထုံ ကတော့ ဘိုးဘိုးကို လုံးဝ မသိခဲ့ဘူးဆိုတဲ့အချက်ပါပဲ ..၊ ဒါကြောင့် ထုံ ဟာ .. မြေးတစ်ယောက်အဖြစ်အနေနဲ့ ထုံ့ မှာ သက်ရှိထင်ရှားဘိုးဘိုးတစ်ယောက် ရှိနေတယ်ဆိုတာ သိခွင့်ရတဲ့အတွက် ဝမ်းသာရပါ





တယ်.. ထုံ့ မှာ ဘိုးဘိုးရှိနေပါလားဆိုတာ တစ်ခုကလွဲပြီး တခြား ဘာကိုမှ ထုံ မမက်မောပါဘူး .. လိုလည်း မလိုချင်ပါဘူး .. ထုံ က ဆင်းရဲတဲ့ဘဝထဲမှာ နေသားတကျ ကြီးပြင်းလာခဲ့ပြီးသူပါ ..၊ ချမ်းသာတဲ့သူတွေလို ဆင်းရဲမှာကို ကြောက်ရွံ့တဲ့စိတ်မျိုး ဖြစ်မလာနိုင်တော့ပါဘူး .. အစကတည်းက ဆင်းရဲတဲ့ဘဝကို ပိုင်ဆိုင်ခဲ့တာကိုး .."

ထုံ ကတော့ ဆက်တိုက်ပြောနေဆဲ ..၊ ဖေဖေလည်း တားမရတော့ပြီဆိုတာကို သိပုံဖြင့် စိတ်ပင်ပန်းစွာ ခေါင်းငိုက်စိုက်ချ၍ ထိုင်နေသည်။ ဘိုးဘိုးကတော့ မျက်တောင်မခတ် ထုံ့ ကို စိုက်ကြည့်နေပါ၏။ ဘာမျှ ဝင်မပြော ..၊ ဝင်မဟန့် ..။ ငေါက်လည်း မငေါက် ..၊ ပြုံး၍လည်း မကြည့် ..၊ လုံးဝ ငြိမ်သက်သောအကြည့် ..။

"ထုံ ကလည်း .. ထုံ့ ကို မြေးရယ်လို့ အသိအမှတ်ပြုရမှာ ဝန်လေးနေတဲ့ ဘိုးဘိုးရဲ့ဘဝထဲကို တိုးဝင်လာဖို့ မကြိုးစားဘူးဆိုတာ ယုံကြည်ပေးပါ .. ထုံ့ ဘဝမှာ ဖေဖေ ရှိနေရင် ပြည့်စုံနေပါပြီ ..၊ ထုံ .. ဒီလိုပဲ ကြီးပြင်းလာရတာပါ .. ခုလည်း ဖေဖေ့ကို လူတစ်ယောက်က အိမ်ပေါ်ထိ တက်လာပြီး ရန်မူဖို့အထိ လုပ်ခဲ့တာ .. ထုံ့ ကို ခေါ်ဖို့ ကြိုးစားတာတွေကြောင့် .. ယာခင်းအိမ်လေးကို စွန့်ခွာခဲ့ရတာပါ ..၊ ထုံ က ထုံ့ ဖေဖေအတွက် ဘယ်လို ဘေးရန်မျိုးကိုမှ အဖြစ်မခံနိုင်တဲ့ မြေးထုံဖြစ်နေလို့ပါပဲ ..၊ ဖေဖေက ထုံ့ အန္တရာယ်ကို စိုးရိမ်တယ်ဆိုပြီး အိမ်လေးကို စွန့်ခွာခဲ့တယ် .. ယာခင်းကျယ်ကြီးကို ထားရစ်ခဲ့တယ် .. ထုံ ကလည်း ဖေဖေ့ကို ရန်မူတာမျိုးတွေ ဖြစ်လာမှာ စိုးရိမ်လို့ ဖေဖေ ခေါ်ရာကို လိုက်ခဲ့ရတာပါ ..၊ အဲဒါ .. သားအဖရဲ့ ချစ်ခြင်းပါပဲ၊ ဘယ်လိုပိုင်ဆိုင်ရာတွေကိုပဲဖြစ်ဖြစ် .. ထားရစ်ခဲ့နိုင်ပါတယ် .. မထားနိုင်တဲ့အရာက တစ်ခုပဲ ရှိတယ် .. သားအဖနှစ်ယောက်ရဲ့ချစ်ခြင်းနဲ့ သံယောဇဉ်ပါပဲ ..၊ ခြံလည်း ထားခဲ့နိုင်တယ် .. အိမ်လေးလည်း ထားခဲ့နိုင်တယ် .. သားအဖနှစ်ယောက်ရဲ့ဘဝကို လုံခြုံဖို့ရာအတွက် .. အားလုံးကို ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါတယ် ဘိုးဘိုး ..''

ထုံ ဆက်တိုက်ပြောကာ အန်တီစိမ့် ဟု ဖေဖေ ခေါ်ပါသော ကြီးကြီးကို တစ်ချက်ကြည့်မိတော့ မျက်ရည်ဝဲ၍ ကြည့်နေတာနှင့် ကြုံ ထုံ့ ကို ချစ်သောအကြည့်ဖြစ်နေတာလည်း သိသာနေသည်။ ဘိုးဘိုးမှာ ထိုသို့သောအကြည့်မျိုး ဖြစ်မလာနိုင်တာကတော့ အမှန်ပဲ ဖြစ်နေသည် ဘိုးဘိုး၏အကြည့်ထဲမှာ ချစ်သောအကြည့်တွေ ပါမလာ ..၊ ရှိမနေ

''လူဆိုတာ .. လူလူချင်း လိမ်လို့ ရကြပါတယ် .. ဒါပေမယ့် ဘုရားရှင်တော်မြတ်ကို ဘယ်သူမှ မလိမ်ရဲကြပါဘူး ဘိုးဘိုး .. အနေ ဖေဖေ ဘုရားရှိခိုးကန်တော့ရင်း .. ထုံ့ တို့ မြေးအဘိုးကို ဆုံပေးတဲ့ ဘုရားရှင်တော်မြတ်ရဲ့ ကျေးဇူးတော် ကြီးလှပါတယ်လို့ မျက်ရည်ကျ ရင်း ပြောနေခဲ့တာပါ ..၊ ဘိုးဘိုးဟာ ထုံ့ ဘိုးဘိုး ဖြစ်တယ်ဆိုတာ ယုံတယ် .. ဖေဖေ့သိက္ခာကြောင့် ယုံတယ် ..၊ ဘိုးဘိုး မယုံချင်နေပေ ယုံပေးပါလို့လည်း မတောင်းပန်ပါဘူး .. တောင်းပန်လို့ ယုံပေးလိုက် တယ်ဆိုတာ .. စစ်မှန်တဲ့ ယုံကြည်ခြင်း မဟုတ်တဲ့အတွက် နိုင်မြေ လည်း မဟုတ်ပါဘူး ..၊ လာ .. ဖေဖေ .. သွားကြစို့ .. တခြား တည် ခန်းတစ်ခုကို ရှာကြတာပေါ့ ဖေဖေ..၊ ဒါ.. ဘိုးဘိုးရဲ့အိမ် မဟုတ်လား

ဟု ပြောကာ ဖေဖေ့ကို လက်ဆွဲ၍ ထုံ ခေါ်မိစဉ်မှာ ...

''ဒါ .. ကြီးစိမ့် ရဲ့အိမ်ပါကွယ် .. စောစောကတည်းက ဆရာ ကြီးကြီးစိမ့် ပြောပါတယ် .. ခတ္တာမြိုင်မှာပဲ လာနေကြပါလို့ ..''

ဟု ဖျတ်ခနဲ ဝင်ပြောလာသည်က ကြီးကြီးစိမ့် ပါ..၊ ထုံ .. ဖေ ကို ကြည့်တော့ ငိုင်၍ ငြိမ်နေတာ ကြုံရသည်။ ဖေဖေ ဘာကို ဆုံးဖြ မည် မသိ ..။ ခတ္တာမြိုင်မှာ နေမည်လား ..၊ တစ်နေရာမှာ သွားနေမည် လား ..၊ ထုံ မသိ .. သေချာတာတစ်ခုကတော့ ခတ္တာမြိုင်သည် ဘိုး ၏အိမ် မဟုတ် ..။ ဤအတွက် .. လောလောဆယ်မှာ ဤအိမ်၏ ကြ ပြင်ပေါ် ခြေတင်ရပ်နေရတာ လိပ်ပြာလုံနေသည်။ ဥစ္စာမက်၍ ဘိုး





အိမ်ပေါ် တက်လာတာမျိုးတော့ ဖြစ်မနေချေသည်တည့် ..။

''အင်း .. မြိုင် ပြောနေသလား ထင်ရတယ်ကွယ် .. အမေတူပေ သကိုး .. မာနကြီးကြတဲ့ စောင်းဆရာ သုတ နဲ့ .. အလွန်ခေါင်းမာတဲ့ မြိုင် တို့က မွေးဖွားလာတဲ့ အကောင်ပေါက်လေးဆိုတော့ .. ဒီ အကောင် ပေါက်လေးကလည်း ဒီလောက်တော့ မာနလေး တလူလူတက် .. ခေါင်းမာတာလေးက အစွယ်လေး တဖွေးဖွေး ထနေပေမပေါ့ .. နဂါး များ အစွယ်ထနေသလိုပါပဲလား .. စနေသမီး ထင်ရဲ့ ..''

ဟု ခပ်ညည်းညည်း ပြောသံက ဘိုးဘိုးထံမှ ပွင့်ကျလာသည်။ ထုံ .. ဘိုးဘိုးကို ရုတ်ခနဲ စိတ်လှုပ်ရှားစွာ ကြည့်မိလိုက်ရပါပြီ ..၊ ဘာတဲ့.. စောစောက ဘိုးဘိုး ညည်းတွားပြောလိုက်သည့်စကား ..။

''မာနကြီးသည့် စောင်းဆရာ သုတ နှင့် ခေါင်းမာသည့် မြိုင် တို့မှ မွေးဖွားလာတဲ့ အကောင်ပေါက်လေး ..''

ထုံ ခပ်တိုးတိုး ရွတ်နေမိသည်။ ဘိုးဘိုးသည် .. ဘိုးဘိုးသည် .. ထုံ့ ကို မြေးအဖြစ် .. ပြောလာချေပြီတကား .. ၊ ဘိုးဘိုး ပြုံး၍ ထုံ့ ကို ကြည့်လာပါ၏။

''ဟုတ်တယ် မြေး .. လူဆိုတာ .. လူချင်း လိမ်ရဲကြပေမယ့် .. ဘုရားရှင်တော်မြတ်ကို ဘယ်လို လိမ်ညာရဲကြပါ့မလဲ .. ထုံ့ ကို ဘိုးဘိုး နဲ့ ဆုံပေးတဲ့ကျေးဇူးတော်ကို .. ဖူးမြော်လို့ မျက်ရည်ကျ ပြောခဲ့တဲ့ မောင်သုတ ရဲ့စကားတွေကို .. ဘိုးဘိုးလည်း ဒီနေရာမှာ ထိုင်နေရင်း ကြားခဲ့တာပါပဲ .. ဒါပေမယ့် .. မြေး တွေးသလို မတွေးမိခဲ့ဘူး ..၊ ခု .. မြေး ပြောတော့မှ အဲဒီ အသိတရား .. ဘိုးဘိုး ရတာ .. မြေးရဲ့ဖေဖေ မလိမ်ဘူးဆိုတာ .. ဘိုး အဲဒီ အသိ .. ရသွားတာ ..''

ဟု ပြောကာ ဘိုးဘိုး လျှောက်လာသည်။ ထုံ့ ခေါင်းလေးပေါ် လက်ကို အုပ်မိုးသည်။ ဆံစလေးကို သပ်ပေးလာသည်။ နောက်တော့ .. ထုံ့ ကို ရင်ခွင်ထဲ ဖွေ့ငင် ပွေ့ပိုက်ထားသည်မှ ဇာလေးလေးကို တွေ့သွား



www.burmeseclassic.com

www.burmeseclassic.com



သည့်နှယ်ပါတည့် ...။ ထုံ သည်လည်း .. ဘိုးဘိုးကို ပြန်ဖက်ထားမိသည်။ ဖေဖေ့ကိုလည်း ကြည့်မိသည်။ ဖေဖေ ပြုံးနေရှာပါ၏။ မျက်ရည်လည်း ကျနေသည်။ သြော် ... ထုံ သည်လည်း မျက်ရည်ကျနေရပါချေသည် တကား ..။

"နောက်တစ်ခု .. မြေးကို .. ဘိုးဘိုး ပြောပြစရာ ရှိနေတယ် .. မြိုင် .. ရှိနေတယ် မြေး .. မြေးရဲ့မေမေ .. ရှိနေတယ် .."

ဟု ဘိုးဘိုး ဆံစလေးတွေကို သပ်ပေးရင်း ထုံ့ ကို ပြောချိန်မှာ ထုံ .. အံ့သြရပြီ ..။ ဖေဖေ့ကို .. ထုံ နားမလည်နိုင်သလို ကြည့်မိရပါ၏။ စောစောကပဲ ထုံ ပြောခဲ့သည် .. ဖေဖေ မညာတတ်ပါဟု ..။

"ဘာလို့ .. ဘာလို့ .. ဖေဖေက .. ထုံ့ မှာ မေမေ မရှိတော့ဘူးလို့ ပြောခဲ့ရတာလဲ .."

ဟု မေးရမှာ မမေးရက်ဘဲ ဖြစ်နေသည်။ ဖေဖေ မျက်ရည်ကျနေ သည်ကိုးလေ ..။

"မာနတွေလေ .. မာနတွေပေါ့ ..၊ ဒုက္ခတွေ ပေးလိုက်ကြတာ .. ဘိုးဘိုးကလည်း ချမ်းသာမာန .. သမီး မြိုင့် အပေါ်မှာ အဖေရဲ့မာနတွေ နဲ့ နေခဲ့တယ် .. မြိုင် ကလည်း .. ခေါင်းမာတဲ့အကျင့် ရှိနေတယ် .. သမီးရဲ့ဖေဖေကလည်း ဆင်းရဲတဲ့မာန .. သိက္ခာမာနတွေနဲ့ .. ရှိခဲ့တယ် .. အဲဒါတွေကြောင့် အားလုံး မဖြစ်သင့်တွေ ဖြစ်ကုန်ရတာ .. အခုလည်း မြိုင့် ကို ဒီအဖြစ်တွေ အလောသုံးဆယ် .. ချက်ချင်း ပြောပြလို့ မဖြစ်သေး ဘူး။ ဘိုးဘိုး စုံစမ်းစရာတွေ အများကြီး ရှိနေသေးတယ် .. စုံစေ အောင် ဘိုးဘိုး စုံစမ်းယူရဦးမယ် ..၊ မောင်သုတ လည်း .. ဆေးရုံတက် ရလိမ့်မည် .. မြေးလည်း ဒီခွက္ကာမြိုင်မှာ ခဏနေရလိမ့်မယ် .. နောက် တော့ ဘိုးဘိုး ဆက်စီစဉ်ပေးသင့်တာတွေ စီစဉ်မယ် .. မြေးတို့ သားအ နေဖို့ထိုင်ဖို့ကအစ ဆိုပါတော့ ..၊ ကဲ .. မြေး .. မြေးမျက်နှာလေး .. ဘိုး ကြည့်ပါရစေကွယ် .. တစိမ့်စိမ့် ဆိုပါတော့ .."





ဟု ပြောကာ ပြုံး၍ ထုံ့ မျက်နှာလေးကို ဘိုးဘိုး ပင့်မော့ယူသည်။ ၍ တစိမ့်စိမ့် ကြည့်သည်။ မျက်ရည်လည်း ကျနေသည်။ နဖူးပြင် းကိုလည်း ဘိုးဘိုး နမ်းလာပါ၏။ ဖေဖေ့ကို ထုံ ကြည့်တော့ .. နေသည်ကို တွေ့ရသည်။ ပြုံးနေရင်းလည်း ကြေကွဲနေသည်သို့ ရှိ သည်။ နောက်တော့ ဖေဖေ ချောင်းဆိုးလာပါ၏။ ဆက်တိုက် ဆိုး း ..၊ ရုတ်ခနဲ .. ဖေဖေ .. ခေါင်းငိုက်သွားကာ နှုတ်ခမ်းဆီမှ ပွက်ခနဲ းကျလာချေသည်တကား ..။

"ဖေဖေ.. ဖေဖေ.. သွေးအန်တယ်.. သွေးအန်တယ် .. ဟုတ်လား.."

ဟု ထုံ အလန့်တကြား အော်လည်း အော်မိ ..၊ ဖေဖေ့နှုတ်ခမ်းမှ းကို သုတ်မည်ပြုတော့ ဖေဖေ ခေါင်းကို တိမ်း၍ ရှောင်သည်။

"မထိနဲ့ .. ကူးလိမ့်မယ် .."

ဟု တားသံက တုန်ခါနေသည်။ ဖေဖေ မောနေရှာပါ၏။ ထုံ ငို အတင်းပဲ ဖေဖေ့သွေးတွေကို လက်လေးဖြင့် သုတ်ပေးနေတော့.. လည်း ငို၍ ခေါင်းကို တိမ်းဖယ်နေသည်။

"မသုတ်နဲ့ .. ကူးလိမ့်မယ် .."

ဟု ပြောနေတော့ ထုံ အော်ငိုမိလိုက်ရပါပြီတည်း ..၊ ဖေဖေ့ကို ကယ်တင်ပေးကြပါ .. ဟု ဆက်တိုက်လည်း ငိုနေရင်း အော်နေမိရဆဲ..။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဆီမှ ကြေကွဲစရာ
နှစ်များစွာ ကြာရင်လည်း
ကွဲစင်ကြေမွနေတဲ့ နှလုံးသား
ဘယ်လိုများ ရပ်တည်ပါ့..၊

သူက ငါ့ကို မေ့
ငါက သူ့ကို တွေ့ခွင့်မရှိ
ဖြစ်ရသည့် ကံကြမ္မာ
အဆုံးမှာတော့ မျက်ရည်ကထွာ
တည်မြဲတာ ကျန်ရစ်ရဲ့ ..။

မေတ္တာတွေနဲ့
နှစ်ကြာရှည် တည်ဖို့မယ်လို့
ထင်ခဲ့ပေမယ့်ကွယ်..
အဝေးရယ်တဲ့ အဝေးမှာ
မင်းနဲ့ ငါကတော့
ဝေးကြပေါ့ တစ်နေ့ရာစီ..၊
ပြော်...
ဝေးကြပေါ့ တစ်ကမ္ဘာအတည်..၊







## အခန်း (၂၅)

တစ်ချိန်က ဖေဖေနှင့် မေမေတို့ နေခဲ့ရာ အိမ်လေးတဲ့လားလေ..၊ ထုံ့ အတွက်ကတော့ ပထမဆုံး ရောက်ခဲ့ရသည့် အိမ်လေး ..။ ထုံ့ ဘေးမှာ ဖေဖေ မရှိ ..၊ လိုက်မလာနိုင်တော့ပြီကောလေ ..၊ ဖေဖေ သွေး အန်ခဲ့ရာမှ ဆေးရုံရောက်ရသည်။ ထိုနေ့မှာပင် ဖေဖေသည် ထုံ့ မယုံ ကြည်နိုင်အောင်ပဲ ကွယ်လွန်ခဲ့ပါ၏။ ဆေးရုံရောက်ပြီး မကြာခင်မှာပင် မေဖေ ဆုံးခဲ့သည်။ ဒါပေမယ့် အောက်ဆီဂျင်ပိုက်တွေဖြင့် ရှိနေရပြီဖြစ် သော ဖေဖေသည် .. လုံးဝ သတိပြန်မလည်လာတာတော့ မဟုတ် ..။ တစ်ချက် ပြန်၍ သတိလည်လာသည်။ ဤသည်ကလည်း ဖောကြောင့်ပဲ ဖြစ်ပါမည်။ သမီး၏ ဖော ..၊

"သမီး .. မြ ... မွေး .. ထုံ .."

ဟု အားခဲ၍ ခေါ်သည်။ ဆေးတွေ ထိုးပေးခဲ့တာမို့ကြောင့် ဖြစ်ပါ ခည်။ ဖေဖေသည် ပြန်လည်လာသော သတိရချိန်လေးမှာ အာရုံတွေ လုံးဝ ပျက်ပြားနေတာမျိုးတော့ ဖြစ်မနေခဲ့ ..။

ဆေးရုံခုတင်ဘေးမှာ မျက်ရည်တွေ ပြိုကျနေသည့် သမီးကို မြင်ရ သည်။ စိတ်အာရုံကို စုစည်းထားနိုင်ခဲ့သည်။ သမီးကို ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ နေကောင်းသွားမှာပါ .. ဖေဖေ အခု ဆေးရုံရောက်နေ တယ်လေ .. နေကောင်းသွားမယ်နော် .. စိတ်ကို တင်းထားနော် .."

ထုံ တတွတ်တွတ် ပြောနေသံက ငိုသံကိုတော့ မတားဆီးနိုင်ခဲ့။

ဖေဖေ့လက်က ထုံ့ လက်ကို ထွေးဆုပ်နိုင်ဖို့ ကြိုးစားနေသည်။ ထုံ လက်လေးဖြင့် ဖေဖေ့လက်ကို ထွေးဆုပ်တော့ မျက်တောင်တဖျပ် ဖျပ် ခတ်နေသည်က ဖေဖေပါ ..။ မျက်ရည်စက မျက်ဝန်းထောင့်ဆီမှ စီးကျလာ၏။ နောက်ဆံငင်နေခြင်းဆိုတာ ထုံ သိလာနေသည်။ ဖေဖေ သည် ထုံ့ အတွက် နောက်ဆံငင်နေခြင်း ..။

"ဖေဖေ .. သမီးအတွက် .. ကျောင်းဆက်တက်ဖို့ .. ပိုက်ဆံ စု .. ထားတယ် .. သေတ္တာထဲမှာ .. ရှာ .. ကြည့် .."

ဟု မောသံဖြင့် အားစိုက်၍ ပြောပေမယ့် စကား လုံးဝါးမနေ သဲသဲကွဲကွဲ ဖြစ်နေသည်။

"ဖေဖေ .. အဲဒါက အရေးမကြီးပါဘူး ဖေဖေရဲ့ .. ဖေဖေ နေ ကောင်းဖို့ပဲ အရေးကြီးတာပါ ဖေဖေရဲ့ .."

ထုံ ကတော့ ငိုနေပြီ။ သမီးအတွက် ပိုက်ဆံစုနေသည့် ဖေဖေ သည် ချောင်းဆိုးကြာခဲ့စဉ်မှာ .. ဆေးကောင်းဝါးကောင်းပင် ဝယ် မသောက်ခဲ့ရှာ ..။ ချောင်းဆိုးရင်း သွေးပါနေတာကိုလည်း သမီး မသိ အောင် ဖုံးဖိထားခဲ့သည်။ ခုမှ ထုံ သိရခြင်း ..၊ သိရချိန်ကျတော့ ဖေဖေ ဆေးရုံရောက်နေရပြီ။ ဖေဖေ့မျက်နှာ သွေးဆုတ်နေတာကို တုန်လှုပ်စွာ မြင်နေခဲ့ရပါ၏။

"ဖေဖေ့ကို ကန်တော့ .. ကန်တော့ .."

ဟု အားခဲ၍ ဖေဖေ ပြောနေပါ၏။ ထုံ လက်အုပ်လေးချီ၍ ဖေဖေ့ ကို ငိုရင်း ကန်တော့ချိန်မှာ ဖေဖေ့ နှုတ်ခမ်းဆီမှ ဆုပေးသံ ပေါ်လာ သည်။ ဒါပေမယ့် စကားလုံး မကွဲတော့ပြီ ..။ နှုတ်လျှာ လေးလာနေပြီ ဖေဖေ့လက်တွေက အားစိုက်၍ ပူးယှက်၏။ ဘုရားကို အာရုံပြုခြင်းဆို





တာ ထုံ သိနေရပါပြီ ..။ နောက်တော့ ဖေဖေ မျက်တောင် တစ်ချက် နှစ်ချက် ခတ်၏။ ဖျတ်ခနဲ မျက်ဝန်းတွေ ပိတ်ကျသွားသည်။ ဖေဖေ သည် .. ထုံ့ ရှေ့မှာပင် ကွယ်လွန်သွားခဲ့ချေသည်တကား ..။

ထုံ့ တစ်ကိုယ်လုံး လှုပ်မရအောင် ဖြစ်ကုန်သည်။ ဖေဖေ့ကို မယုံ နိုင်အောင် မျက်တောင်မခတ် ကြည့်နေမိခဲ့ရသည်။ ဖေဖေသည် .. မနက် မှာပင် တည်းခိုခန်းဆီမှ ကြီးကြီးစိမ့် ထံသို့ သွားခဲ့သေးသည်။ ထုံ့ ကို ခတ္တာမြို့သို့ ခေါ်ဆောင်လာခဲ့သေးသည်။ ဘိုးဘိုးနှင့် ဆုံစေခဲ့သေး သည်။ ပြီးတော့ .. စိတ်ကို လျှော့လိုက်ခြင်းများပေလား ..၊ ဒါမှမဟုတ် ဝေဒနာကို ဇောဖြင့် ဆန့်ကျင် ကျားကန်ထားနိုင်ရန် အားမကျန်တော့ ၍လား မသိရပေမယ့် .. ဖေဖေသည် ဘိုးဘိုးထံမှာ ထုံ့ ကို ချန်ထားရစ်ခဲ့ ကာ ကွယ်လွန်ခဲ့ချေသည်ကောလေ ..။ ထုံ .. မျက်တောင်မခတ် ဖေဖေ့ ကို ကြည့်နေရာမှ ငို၍ မရနိုင်တော့ ..၊ အော်၍ မရနိုင်တော့ ..၊ စောစော က ပြိုကျနေသည့် မျက်ရည်တွေသည် ဆို့ခဲနေသော ရင်ထဲမှ အစိုင်အခဲ ကြီးကြောင့်များလား မသိ .. ထွက်ကျမလာနိုင် ..။ လည်ချောင်းထဲမှာ ဆို့နေသည်။ ရင်ထဲမှာ ဆို့နေသည်။

မျက်ဝန်းမျက်ဆံတွေ လှုပ်မရနိုင်ဘဲ ဖြစ်ကုန်ရပြီ ..၊ နောက်ဆုံး တော့ ထုံ သတိလစ်ခဲ့ရသည်တည့် ..၊ ဘေးမှာ ရှိနေသည့် ကြီးကြီးစိမ့် မှ အထိန်းမြန်၍သာ ထုံ လဲပြိုကျမသွားရခြင်းဟု နောက်တော့မှ ထုံ သိခဲ့ရပါ၏။ ထုံ သည် .. ဆေးရုံမှာ တစ်ရက်တာမျှ လူနာတစ်ယောက် အဖြစ် တက်ခဲ့ရပါ၏။ နောက်တစ်နေ့မှ .. ထုံ ဆေးရုံက ဆင်းရသည်။ ဘိုးဘိုးကတော့ ထုံ့ ကို ဆံစလေးတွေ သပ်ပေးခဲ့ရင်းမှ ...

"ဘိုးဘိုး ရှိတယ် မြေး .."

ဟု ပြောခဲ့သည်ပါပဲ ..၊ ဖေဖေ့ကို ဂူသွင်းသင်္ဂြိုဟ်ခဲ့စဉ်ကလည်း ဘိုးဘိုးသည် ဖေဖေ့ဂူကို လက်ဖြင့် ဖေးတင်၍ ...

"မောင်သုတ .. မင်းရဲ့သမီး .. ငါ့ရဲ့မြေးကို .. ငါ .. စောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ .. ကတိပေးပါတယ် ... မင်း .. နောက်ဆံမငင်လေနဲ့ .. စိတ်ချ .. စိတ်အေးလှည့်ပါကွယ် .. မင်းကို သမက်တစ်ယောက်အဖြစ် စတွေ့ရတဲ့နေ့မှာပဲ .. မင်း ကွယ်လွန်ခဲ့တဲ့အတွက် .. ငါ .. စိတ်မကောင်းပါဘူး .. အဖြစ်မှန်တွေအားလုံး ပေါ်ပေါက်ဖို့အတွက်လည်း ငါ ကြိုးစားမယ်ဆိုတာ .. ကတိပေးတယ် ...၊ တစ်နေ့မှာ မင်းဆီကို မြို့င် ရောက်လာပြီး .. မင်းကို ကန်တော့စေမယ်ဆိုတာကိုလည်း ငါ ကတိပေးမယ် .. စောင့်နေလှည့်ပါ မောင်သုတ .. တစ်လျှောက်လုံးမှာ မင်းအပေါ် ငါ အထင်အမြင် လွဲမှားခဲ့မိတဲ့အတွက်လည်း .. ယူကျုံးမရ ဖြစ်ရတယ် .. ငါ တောင်းပန်ပါတယ် .. ခွင့်လွှတ်ပါ မောင်သုတ .."

ဟု မျက်ရည်ကျရင်း တောင်းပန်ခဲ့ပါ၏။ ကတိပေးခဲ့ပါ၏။ ထုံကတော့ ဖေဖေ့ကို ကန်တော့ရင်း အံခဲထားသည်ပါပဲ။ ဖေဖေနှင့် မေမေ့ အိမ်ထောင်ရေး ပြိုကွဲခဲ့ရခြင်းသည် ဘယ်သူ့ကြောင့်ဆိုတာတွေကို အားလုံး သိခဲ့ရပြီကိုးလေ ...။ အဖြစ်စုံကို .. ဘိုးဘိုးကလည်း ပြောပြခဲ့ပြီး ပြီ ...။ အစစ အသိဆုံးဖြစ်သည့် ကြီးကြီးစိမ့် ကလည်း ပြောပြခဲ့ပြီးပြီ.. ထိုအဖြစ်တွေအားလုံးကို နားလည်သိစေဖို့ အလိုအပ်ဆုံးသူသည် မေမေပဲ ဖြစ်ပါ၏။ ထိုအဖြစ်တွေကို .. သိစေအောင်လည်း ထုံ ကြိုးစားရမည်သာ ...။

ဪ .. လောလောဆယ်မှာတော့ ဖေဖေ့ရက်လည်သည် ဤနေ့မှာ ...၊ ဖေဖေ့အိမ်လေးဆီသို့ ထုံ ရောက်ခဲ့ရပြီတည့် ...။ ဖေဖေ့အတွက် ရက်လည်ဆွမ်းကို .. အိမ်လေးမှာပင် ဆွမ်းကျွေးတရား နာခဲ့ပြီးပြီ။ အိမ်လေးသည် ညနေဘက်မှာ လူသူသံတို့ ကင်းစင်နေသော နေရာလေး တစ်ခုအဖြစ် ကျန်ရစ်ခဲ့ရပြီ ...။ ထုံ .. အိမ်လေးမှာ တွေ၍ ရပ်နေမိရဆဲ.. ထုံ တစ်ယာက်တည်း နေပါရစေဟု တောင်းပန်ခဲ့တာမို့လို့ ဘိုးဘိုးရော ကြီးကြီးစိမ့် ရော .. ခြံထဲမှာ ဆင်းနေခဲ့ကြပါ၏။ ထုံ ကတော့ .. တစ် အိမ်လုံးကို လိုက်ကြည့်နေမိသည်။





ကြီးကြီးစိမ့် မှာ မကြာမကြာ လာ၍ ရှင်းလင်းပေးတာမို့ အိမ်လေး ည် သန့်ရှင်းနေသည်ပါပဲ။

အိမ်၏နံရံမှာ ဖေဖေနှင့် မေမေတို့၏ မင်္ဂလာဆောင်နံ့ဓာတ်ပုံ ရှိ သည်။ ခြံထဲမှာ တူတူရိုက်ထားသောဓာတ်ပုံလည်း ရှိနေသည်။ တစ်ပုံ က်ဖုံးအကျီလေးဖြင့် ရိုက်ထားသော မေမေ့ပုံ ...၊ မေမေသည် အလွန် သော မေမေ ဖြစ်နေသည်မှာ အမှန်ပါ ...။ ဖေဖေ ဆုံးသည့်နေ့၏ တ်တစ်နေ့ ဆေးရုံက ထုံ ဆင်းချိန်မှာ ခတ္တာမြို့င်သို့သာ ပြန်ရောက် ၏။ ဖေဖေ့အိမ်လေးဆီသို့ ဘိုးဘိုးနှင့် ကြီးကြီးစိမ့် တို့ ခေါ်ခဲ့သည် .. ဖေဖေ့အတွက် ရက်လည်ဆွမ်းကျွေးတရား နာသည်။ ဤနေ့ကျ မှ ခေါ်လာခြင်း ...၊ ဒါ .. ဖေဖေ့အိမ် .. ဆိုတာကို ပြောပြခဲ့ခြင်းပါ...။

"ထုံ .. စိတ် ပိုထိခိုက်မှာ စိုးလို့ .. အရင်ရက်တွေတုန်းက .. ဒီ လေး ဒီမှာရှိနေတာကို .. ပြောမပြခဲ့တာပါ .. ထုံ့ ဖေဖေနဲ့ မေမေတို့ .. ဓာတ်လမ်းလေးကို ပြောပြခဲ့ပေမယ့် .. ဒီအိမ်လေး ဒီလောက် ကပ်ကပ်မှာ ရှိနေတဲ့အချက်လေးကိုတော့ ခြွင်းချန်ထားခဲ့တယ် .. သိရင်ဖြင့် ချက်ချင်း ဒီကိုပြောင်းလာမှာ သိနေလို့ ဆိုပါတော့ ...၊ ဘာ ခတ္တာမြို့င်မှာ ကြီးကြီးနဲ့အတူ .. ရှိနေသင့်သေးတာမို့ .. ဒီအိမ် နဲ့ပတ်သက်လို့ မပြောပြဘဲ ချန်ထားခဲ့တာပါ ...၊ ကဲ .. ထုံ .. ဒါ.. ဲ့ ဖေဖေနဲ့ မေမေတို့ နေခဲ့ရာ အိမ်လေးပါပဲ .."

ဟု ကြီးကြီးစိမ့် ပြောပြခဲ့ပါ၏။ ဘိုးဘိုးသည်လည်း မျက်နှာမကောင်း ...။

ခုကျတော့ .. ဖေဖေ့ရက်လည်ဆွမ်းကျွေးခြင်းသည်လည်း အိမ် ာ ဖြစ်မြောက်ခဲ့ရသည့်နှယ် ...၊ ထုံ သည်လည်း .. ဖေဖေ့ပုံရိပ်များ ခိုန်က ဖြစ်တည်လှုပ်ရှားခဲ့ရာ ဖေဖေ့အိမ်လေးမှာ အဖေကို တမ်းတ သည့် သမီးတစ်ယောက်အဖြစ် ရှိနေရပြီ ...။ ထုံ .. မျက်ရည်ကျလာနေ ဖေဖေ့စောင်းတွေကို လက်ဖြင့် ထိနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နံရံမှာ ချိတ်ထားသည့် ဖေဖေ့ တယောအိုလေးကို လက်
ဖွဖွထိနေမိသည်။ ဆေးရောင်တို့ လွင့်ပြယ်နေပြီဖြစ်သည့် အပြာရေ
သဘော်ဆေးသုတ်နံရံကိုလည်း ငေးကြည့်နေမိသည်။

ဟောင်းနေပေမယ့် .. ဆက်တီတစ်စုံကတော့ ဧည့်ခန်းမှာ ရှိ
ဆဲ ..၊ စားပွဲထက်မှာ ပန်းအိုး မရှိ၊ စားပွဲခင်း မရှိ။ ဒါပေမယ့် .. ဧည့်
ငယ်လေး၏ တစ်ဖက်နံရံမှာ ရှိနေသော မှန်ဗီရိုထဲမှာတော့ စားပွဲ
တွေ၊ ခန်းဆီးစတွေ ..၊ အိပ်ရာခင်းတွေ၊ ခေါင်းအုံးစွပ်တွေ ရှိနေသ
အပေါ်ဆုံးမှာက ပုဆိုးနှင့် အင်္ကျီများ ..၊ ဖေဖေ့အဝတ်တွေမှန်း သိ
သည်။ မေမေ တိုက်ခဲ့သော မီးပူကျအဝတ်တွေပဲ ဖြစ်ပါလိမ့်မည်
ထုံ တွေးမိရပါ၏။ အိပ်ခန်းထဲဝင်တော့ .. ဗီရိုငယ်လေး တစ်လုံး
အထဲမှာ မေမေ့အဝတ်လေးတွေ ခေါက်သားတကျ ရှိနေကြပါ
အခင်းအကျင်း ကင်းနေသည့် ခုတင်လေးတစ်လုံး ရှိနေတာမို့ ထုံ ခု
ထက်မှာ တစ်ချက်ထိုင်၍ အိပ်ခန်းငယ်လေးကို ငေးကြည့်နေမိရပါသ
ပါပဲ ..။ ဪ .. ဤအိမ်လေးမှာ ဖေဖေနှင့် မေမေတို့ .. ကြည်နူး
နေခဲ့ကြဖူးသည်။ နောက်ဆုံးတော့ .. ထုံ့ ကြောင့် ဖေဖေနှင့် မေမေ
ဝေးကွာခြင်း၏ လမ်းစတစ်ခု ဖြစ်တည်ခဲ့ရချေသည်တကား ..။

ဟုတ်သည် ..၊ ထုံ့ ကြောင့် .. ထိုသို့ပင် ထုံ ခံယူပါသည်။ ကြီး
စိမ့် ပြောပြသည့်အထဲမှာ ပါသည်လေ ..။ ထုံ့ ကို ချမ်းသာသော ဘိုး
ထံမှာ မွေးဖွားလိုသည့် မေမေ့စကားကြောင့် ဖေဖေနှင့် မေမေတို့ စ
အချေအတင်တော့ ဖြစ်ခဲ့ရသည် မဟုတ်ပါလား ..။ ဖေဖေသည်လည်
ထိုနေ့က အိမ်လေးမှ ထွက်ခွာသွားပြီးသည့်နောက်မှာ အိမ်လေးဆီ
ပြန်မရောက်လာနိုင်ခဲ့ ..၊ မေမေသည်လည်း .. တစ်ပတ်ကြာ
ဘိုးဘိုးထံ ရောက်သွားခဲ့ကာ ဤအိမ်လေးဆီသို့ ပြန်မလာနိုင်ခဲ့ ..။ အိ
လေးသည် ချန်ခဲ့ရာနေရာလေးတစ်ခုအဖြစ် ကျန်ခဲ့ရသည်။

ဖေဖေသည် .. ဦးဆွေသာ မှ ထုံ့ ကို ယူလာပေးသည့်အချိန်မှ





ပန်းစံကားရွာသို့ ရောက်ခဲ့ကာ .. ကွယ်လွန်ချိန်ထိ ဤအိမ်လေးဆီသို့
ပြန်မရောက်လာနိုင်ခဲ့ ..။ ဤအိမ်လေးမှာ ရှိနေရာ ပစ္စည်းတိုင်းသည်..
ဖေဖေနှင့်လည်း ပြန်မထိတွေ့ခဲ့ရ ..၊ မေမေနှင့်လည်း ပြန်မထိတွေ့ခဲ့ရ..။
ခု .. ထုံ့ လက်လေးတွေနှင့် ပြန်၍ ထိတွေ့ခွင့်ရခဲ့ခြင်း ..၊ အရှင်သခင်တို့
၏သမီး ထုံ ၏ လက်လေးတွေဖြင့် ထိတွေ့ခွင့် ရခြင်း ..။

ထုံ .. ငြိမ်သက်နေရင်း အတွေးတွေက မနားဘဲ လွင့်နေဆဲ ..၊
မျောနေဆဲ ..။ အဖေကို လွမ်းသည့်အလွမ်းသည် အတောမသတ် ..၊
အဖမဲ့သမီးတစ်ယောက်၏ ကြေကွဲ ငိုကြွေးနေသည့် ခံစားချက်သည်
မတန့်မနား ..။

"ဖြစ်နိုင်ရင် .. ပန်းစံကားရွာလေးကို ပြန်သွားလိုက်ချင်တယ်
ဖေဖေ ရယ် .. ဖေဖေနဲ့အတူ .. စိုက်ခင်းလေးမှာ ရှိနေချင်တယ် ..၊
ကြာကန်ကြီးမှာ ထုံ .. ကြာတွေ ချိုးနေချင်တယ် .. ဖေဖေနဲ့အတူ ..
မြို့ဈေးလေးမှာ စိုက်ခင်းထွက် သီးနှံတွေနဲ့ ကြာပန်းတွေ ရောင်းနေ
လိုက်ချင်တယ် ဖေဖေရယ် .."

ဟု ပြောနေမိရင်း ထုံ ငိုနေမိရပြန်၏။

မီးဖိုဆောင်လေးဆီသို့ ဝင်ခဲ့ပြန်ကာ အိုးခွက်လေးတွေ ..၊ မီးဖိုလေး
တွေကို ထိကြည့် .. ကိုင်ကြည့်နှင့် ရှိနေရပြန်ပါ၏။ ဤမီးဖိုဆောင်ထဲ
မှာ .. ထမင်းစား စားပွဲလေး ခင်း၍ ဖေဖေနှင့် မေမေတို့ တူတူ ထမင်း
စားခဲ့ကြစဉ်က .. ရယ်မောပြောဆို .. ရှိခဲ့ကြပါချေလိမ့်မည်။ မီးဖိုဆောင်
လေးသာ စကားပြောတတ်လျှင် ထုံ့ ကို လွမ်းဆွတ်စွာ ထိုအဖြစ်တွေကို
ပြောပြချေမည်သာ ..။

"ဟော့ .. ထုံ .. မင်းရဲ့ ဖေဖေနဲ့ မေမေက သိပ်ချစ်ကြတာကွယ်.."

ဟု ခံစား၍ ပြောရင်း မျက်ရည်ကျချေမည်လား မသိ ..။ ထုံ့
အတွက်ကတော့ အရာရာသည် အသက်ရှိနေသည်။ မီးဖိုဆောင်လေး..
ဧည့်ခန်းလေး .. အိပ်ခန်းလေး ..။ ပစ္စည်းလေးများအားလုံးသည် အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ ဖေဖေနှင့် မေမေတို့အကြောင်းကို ပြောပြနေသည်ဟု ခံစားနေရပါ၏။

ဘိုးဘိုးနှင့် ကြီးစိမ့် တို့ အိမ်လေးပေါ်သို့ တက်လာကြကာ ထုံ့ကို ဘိုးဘိုးမှ လက်လေးကိုင်၍ ...

"ခတ္တာမြိုင်ကို ပြန်ကြစို့ မြေး .. မကြာခင်မှာ မြေးကို ပတ္တမြားစံအိမ်ကို ဘိုးဘိုး ခေါ်သွားမယ် .. လောလောဆယ် .. ဒီအိမ်လေးကိုတော့ သော့ခတ်ထားခဲ့ရအောင် .."

ဟု ပြောတော့ ထုံ့ အကြည့်က နံရံမှာ ရှိနေပါသည့် ဖေဖေနှင့် မေမေ့ပုံကို မမိုတ်မသုန် ကြည့်နေမိရသည်ပါပဲ ..။ ဓာတ်ပုံထဲမှ ဖေဖေသည် နုနုနယ်နယ် ရှိနေသည်။ သိမ်မွေ့နူးညံ့သော အနုပညာသည်တစ်ယောက်ပေမို့ .. ဖေဖေ့ လက်လေးတွေကအစ နူးညံ့နေသည်။ ထုံ သိသော ဖေဖေကျတော့ .. လက်ဖဝါးတွေ ကြမ်းရှနေသော ဖေဖေ ဖြစ်နေပြီ ..။ အသားတွေ ညိုမောင်းနေသည့် ဖေဖေ ဖြစ်နေပြီ ..၊ ယာခင်းသမား ဖေဖေ ဖြစ်နေပြီ .. ။

"ဓာတ်ပုံကို ယူသွားချင်သလား မြေး .. ဘိုးဘိုး ဖြုတ်ပေးမယ်.."

ဘိုးဘိုး ဆံစလေးတွေ သပ်ပေးရင်း ပြောတော့ ထုံ ခေါင်းခါသည်။

"ဟင့်အင်း .. ဖေဖေ ချိတ်ထားခဲ့တာ .. ဖေဖေ့လက်ရာ ပျက်သွားပါ့မယ် ဘိုးဘိုးရယ် .. ဒီတိုင်းပဲ ထားချင်တယ် ဘိုးဘိုး .."

ဟု ဖြေသံသည် တိမ်ဝင်၏။ လက်အုပ်လေးချီ၍ ဖေဖေ့ကို ကြည့်သည်။

"ထုံ ..ခဏ လိုက်သွားမယ် ဖေဖေ .. နောက်မှ .. ထုံ .. ဒီမှာ လာနေမယ် ဖေဖေ .. ထုံ့ အတွက်က .. ဖေဖေ့အိမ်လေးဟာ အအေးချမ်းဆုံးပါပဲ .. အဲဒီတော့မှ ဖေဖေ့ဓာတ်ပုံရှေ့မှာ ထုံ ရပ်ပြီး.. ဖေဖေနဲ့ အကြာကြီး စကားပြောကြမယ်နော် .. ဒီကြားရက်တွေ .. အချိန်တွေမှာလည်း.. ထုံ .. ဒီအိမ်လေးကို လာလာနေပါ့မယ် ဖေဖေ .."





ဟု ပြောမိရင်း ထုံ ပြတင်းပေါက်လေးတွေ လိုက်ပိတ်ပါ၏။ ကြီးကြီးစိမ့် လည်း စိတ်ထိခိုက်နေမှန်း သိသာနေသည်ပါပဲ။ ထုံ့ ကို သနားစိတ်ဖြင့် တကြည့်ကြည့် ရှိနေပါ၏။ ပြတင်းပေါက်တွေကို ကြီးကြီးစိမ့် လိုက်ပိတ်ပေးနေသည်။ ဘိုးဘိုးကတော့ ကားနားမှာ သွား ပ်စောင့်နေပါ၏။ မကြည့်ရက်၍ဆိုတာ သိနေရသည်ပါပဲ ..။

ခြံတံခါးလေးကို ပိတ်၍ အိမ်လေးကို ချန်ခဲ့ရချိန်မှာ ထုံ ရင်ထဲ ဆို့နေသည်။

ဘိုးဘိုး၏ကားဖြင့် ခတ္တာမြိုင်သို့ ကြီးကြီးစိမ့် နှင့်အတူ ပြန်ပါ ာချိန်မှာလည်း ထုံ နှုတ်ဆိတ်နေသည်ပါပဲ။ ခတ္တာမြိုင်၏ ခြံဝင်းတံခါး ကို ဖွင့်၍ ကားဝင်လိုက်တာနှင့် ဖိုးသည်း ခမျာ လေှကားရင်း ပေါ်တီကို အောက်မှာ ခွေ၍နေရာမှ ပြေးပြေးလွှားလွှား လာကြိုရှာသည်။ အမြီး ယမ်းယမ်း .. တမွေ့မွေ့ဖြင့် ထုံ့ နား ကပ်ကာ လက်ကို နှုတ်သီးနှင့် ့လိုက် ..၊ ကိုယ်လေးကို ခေါင်းဖြင့် ခွေ့လိုက်ဖြင့် တအီအီ အသံပေး ၏။ အကြည့်သည် ခြံတံခါးဘက်ဆီသို့လည်း ရောက်၏။ ဘိုးဘိုးထံ သည်း ရောက်၏၊ ကြီးကြီးစိမ့် ကိုလည်း ကြည့်၏။ ဟိုရှာဒီရှာဖြင့် ရှိ နေခြင်းမှာ ဖေဖေ့ကို ရှာနေခြင်းဆိုတာ ထုံ သိနေရသည်။ မျက်ရည်ကျ ာရသည်ပါပဲ ..။

ခြံဝင်းထဲမှာ နေခဲ့ .. ဟု ပြောပြီး ဖိုးသည်း ကို ချန်ခဲ့လျှင်လည်း ကယ့်ကို နေခဲ့ရှာသည်။ သခင်ဖြစ်သည့် ထုံ့ မျက်နှာ အရှမ်း ညှိုးငယ် တော .. မျက်ရည်ကျတာကိုလည်း နားလည်ပုံ ရသည်။ ဖိုးသည် ျာ .. ရွှင်ရွှင်ပျပျ မရှိရှာပါ။ ခုလည်း ထုံ့ ဘေးမှာ ကပ်၍ လိုက်လာ ည်။ ထုံ ပျောက်သွားမှာကို စိုးရိမ်နေပုံလည်း ရသည်။ ထုံ့ ကို တမော့ ာဖြင့် ကြည့်ကာ တအီအီ အသံပေး၏။ ဖေဖေ့ကို မမြင်ရ၍များ ေနေခြင်းလားဟုလည်း ထုံ တွေးမိရင်း မျက်ရည်ကျလာရပြန်သည်။

ထုံ့ အတွက် ကြီးကြီးစိမ့် ပေးထားသော အခန်းထဲ ဝင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသည်း လိုက်လာသည်ပါပဲ။ ထုံ ကလည်း မတားရက်တော့ပါ။ ကြီးကြီးစိမ့် ကလည်း ခွင့်ပြုရှာပါ၏။

အိမ်ထဲ ချေးပါ တူတူ ရှိရှိနေတာကို ထုံ အားနာရပေမယ့် - ဖိုးသည်း အဖြစ်ကို ကြီးကြီးကလည်း နားလည်ပေးသည်။

သနားစိတ်ဖြင့်လည်း ထုံ နှင့်အတူ ဖိုးသည်း ကို နေခွင့်ပေးရှာပါ၏။

"မြေး .. ဘိုးဘိုး ပြန်မယ် .. မနက်ဖြန်မနက် လာမယ် .. ဒီရက်ပိုင်းအတွင်းမှာ မြေးကို ပတ္တမြားစံအိမ်ကို ခေါ်မယ် .. အစတုန်းကတော့ မြိုင့် ကို မပြောဘဲ ထားမယ်လို့ တွေးခဲ့ပေမယ့် .. ခုကျတော့လည်း မြေးရဲ့ဖေဖေ ဆုံးခဲ့ပြီမို့ .. မြေး မေမေ့ကို .. မြေးနဲ့ပတ်သက်ပြီး ပြောပြသင့်ပြီလို့ပဲ ဘိုးဘိုး ဆုံးဖြတ်တယ် .. ယုံတာ မယုံတာ .. သူ့အပိုင်းပေါ့ကွယ် ..၊ မြေးကို ဘိုးဘိုးက လက်ခံ ယုံကြည်ပေမယ့် .. မြိုင် ကတော့ မြမွှေးထုံ ဆိုတာဟာ သူ့သမီး ဖြစ်တယ်လို့ လက်ခံချင်မှ လက်ခံလိမ့်မယ့် မြေး .. အဲဒါကိုတော့ ရင်ဆိုင်နိုင်ဖို့ ကြိုပြင်ဆင်ထားရလိမ့်မယ် - မြိုင် ဟာ .. သူ့ရင်သွေးဟာ သားလေးဖြစ်ပြီး ဆုံးခဲ့ပြီလို့ ယုံကြည်ထားတာလေ .. သားဖောနဲ့ သားတစ်ယောက်တောင် မွေးစားခဲ့တာ ..၊ စွမ်းထက်ခေါင် ဟာ ဘိုးဘိုးရဲ့ ကြယ်စင်ဟိုတယ်မန်နေဂျာ ရည်ခေါင် ရဲ့ သားပါ ..၊ ဟိုတယ်ရဲ့ ရတနာအရောင်းဆိုင်အတွက် .. ဘိုးဘိုးရဲ့ ကြယ်စင်ရတနာတိုက်က ရတနာထည်တွေ ကားနဲ့သွားယူပြီး ရပ်ထားတဲ့ကားကို အပြန်မှာ ပစ္စည်းလုတဲ့လူ ပေါ်လာတယ် .. ခုခံရင်းနဲ့ .. ဒဏ်ရာရခဲ့တယ် .. လုယူသူလည်း ပစ္စည်းမယူလိုက်နိုင်ဘူး .. လူတွေ ဝိုင်းလာကြ .. လိုက်ကြတာနဲ့ ထွက်ပြေးတယ် .. မားဒဏ်ရာနဲ့ပဲ .. ဆေးရုံမှာ ကိုရည်ခေါင် ဆုံးတယ် မြေး .. အဲဒီ ကိုရည်ခေါင် မှာ သားလေးတစ်ယောက် ကျန်ခဲ့တယ် .. အမိမဲ့သားလေးဆိုတော့ အဖေပါ ဆုံးချိန်မှာ မိဘမဲ့ဘဝ ရောက်ရတာပေါ့ မြေးရယ် .. မြိုင် က .. ကလေးကို မွေး





စားခဲ့တယ် .. ခြောက်နှစ်သားလေး စွမ်းထက်ခေါင် ဟာ မြိုင့် အတွက်ကတော့ သား အစားရလိုက်သလိုပါပဲ .."

ဘိုးဘိုး ခုတင်ထက်မှာ လာထိုင်ရင်း ပြောတော့ ထုံ ငိုင်နေရပါ၏။

ဩော် .. မေမေသည် .. သားတစ်ယောက်၏မိခင်ဘဝကို .. ခံယူနိုင်ဖို့ ကြိုးစားခဲ့ချေသည်တကား ..။ မေမေ့အတွက် သား ဆုံးခဲ့ပြီဆိုတာပဲ သိခဲ့ရတာမို့ .. သားတစ်ယောက်ကို.. မွေးစားလိုက်ခြင်းဖြင့်.. ရင်သွေးဆိုသည့်အချစ်တွေကို အပ်နှင်းရာကို ရအောင် ကြိုးစားခဲ့ချေသည်ကောလေ ..။

"သူက .. ကံကောင်းတာပေါ့ .. မေမေ့ကိုအားဆိုပြီး .. မေမေ့ရင်ခွင်တစ်ခုကို .. ရလိုက်လို့ပေါ့ .."

ဟု တွေးမိရသည်။ မနာလိုစိတ် မဖြစ် ..။

"ပတ္တမြားစံအိမ်မှာ ဘယ်သူတွေနဲ့ တိုးနိုင်တယ်ဆိုတာ မြေး သိအောင်လို့ ကြိုတင်ပြီး ဘိုးဘိုး ပြောပြတာပါကွယ် .. မောင်စွမ်းထက်ခေါင် ကလည်း လိမ္မာပါတယ် .. မြေးထက် ကြီးတယ် ..၊ မြေးကို မွေးဖွားပြီး မြိုင် ပြန်လာချိန်တုန်းက စွမ်းထက်ခေါင် က .. ခြောက်နှစ်ရှိနေပြီ .. သစ္စာရှိတဲ့နေရာမှာ အသက်ပေးပြီး သစ္စာရှိခဲ့တဲ့ ကိုရည်ခေါင့်သားပေမို့ .. ဘိုးကလည်း လိုလိုလားလား .. မြေးအဖြစ် မွေးစားခဲ့တာပါပဲ .. အမွေစားအမွေခံအဖြစ်ကို မွေးစားခဲ့ကြတာ မြေး ရဲ့ .."

ဟု ဆက်ပြောနေတော့လည်း ထုံ ငြိမ်နေသည်။ ပစ္စည်းဥစ္စာကိစ္စတွေ ပါလာတာမို့ ဝင်မပါချင်တော့ပါ။ ထုံ့ အာရုံထဲမှာလည်း ချမ်းသာငွေကြေးဆိုတာကြီးက အဓိက ဖြစ်မနေပါ။ ဘိုးတို့ မွေးစားသော ထိုစွမ်းထက်ခေါင် ဆိုတာနှင့်လည်း ပစ္စည်းလုဘက် မဖြစ်ချင်ပါ။ ဘိုးနှင့်အမေတို့ ချမ်းသာသည့် ဥစ္စာဓန .. ဘယ်သူ့ကိုပေးပေး .. ပိုင်ရှင်သဘောပေလေ .. ဟု တွေးသည်ပါပဲ။

လိုချင်မက်မောလည်း ဖြစ်မနေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မရှိတော့သည့်အရာသည်သာလျှင် ထုံ့ အတွက် .. အဆုံး ရဆုံး ဖြစ်နေရပါ၏။

"ကဲ .. ဘိုး ပြန်မယ် ..၊ ဟော .. မစိမ့် .. ကော်ဖီနှစ်ခွက်နဲ့ လာပြီ၊ ဘိုးဘိုးတို့ မြေးအဘိုးနှစ်ယောက် ဒီအခန်းထဲမှာပဲ တူတူ သော ကြတာပေါ့ .."

ဟု ပြုံး၍ ပြောသည်။ တကယ်က .. ထုံ့ ကို အစားဝင်စေချင် ဆိုတာ ထုံ သိသည်။ ကြီးကြီးစိမ့် ကလည်း ထုံ ဘာမှ ဟက်ဟက် ပက် အစား မစားတာကို စိတ်ပူသည်။ ဘိုးဘိုးလည်း စိုးရိမ်နေပြီ။ အားကုန်အားပြတ် ဖြစ်သွားမှာ စိုးရိမ်စိတ်ဖြင့် .. ဘိုးဘိုးနှင့် ကြီးကြီး ခမျာ .. ထုံ့ ကို တစ်ခုခု စားဝင်အောင် ကျွေးကြရှာသည်ပါပဲ..။ ခုလည်း ကော်ဖီခွက်ကြီးနှစ်ခွက်ဖြင့် ကြီးကြီး ရောက်လာခြင်းပါ..။

"မြေးက အစကတည်းက ပိန်ပါးပါးရယ် .. ချုန်းကျနေပြီကွယ် ကော်ဖီသောက်လိုက်နော် .. နွားနို့ပျစ်ပျစ်နဲ့ ဖျော်ထားတာ၊ သော လိုက် .. ဘိုးလည်း သောက်မယ် .."

ဟု ပြောကာ ဘိုးဘိုး ဦးဆောင်၍ ကော်ဖီသောက်သည်။ ကြီးကြီး စိမ့် ကတော့ ထုံ့ လက်ထဲ ကော်ဖီခွက်ကြီး ထည့်ပေးပြီးတာနှင့် ဖိုးသည် ကို ပလတ်စတစ် ပန်းကန်ထဲ ပေါင်မုန့်ချပ်လေးကို ဖဲ့ကျွေးသည်။ အ လေးနံ့၍ ဖိုးသည်း စားနေတာကိုလည်း ကြည့်နေသည်။ နောက်တော့ ဘိုးဘိုးနှင့် ကြီးကြီးတို့ ထုံ ကော်ဖီကုန်အောင် သောက်ပြီးသည်အ စောင့်ပြီးမှ ..၊ ခွက်ကို ကြီးကြီး သိမ်းသည်။ ဘိုးဘိုးလည်း ထုံ့ ဆံ ကို သပ်ပေးပြီး ပြန်သွားပါ၏။ ထုံ ကတော့ အိပ်ခန်းထဲမှာ ..သ ထိုင်၍ ပျှန်နေဆဲ ..။ ဖိုးသည်း လည်း ထုံ့ ခုတင်ဘေးမှာ နေရာပြော ၍ လာခွေနေပြီ ..။ မေးများ မေးတတ်လျှင် ဖေဖေ့ကို ဘယ်မှာထား သလဲ .. ဟု မေးမည်လား မသိ ..။ ဖေဖေ ဘယ်မှာလဲ .. ဟု မေးနေ လား မသိ ..။





မျက်စိလေး တလည်လည်ဖြင့် ထုံ့ ကို ကြည့်ကြည့်နေသည့် ဖိုးသည်း ၏ ခေါင်းလေးကို ထုံ သပ်ပေးနေမိရင်းမှ ...

"ဖေဖေ .. မရှိတော့ဘူး ဖိုးသည်း .. ငါ့မောင်ရေ .. ဖေဖေ မရှိ တော့ဘူး သိလား .."

ဟု တိုးဖွဖွ ပြောကာ မျက်ရည်ကျလာတော့ ဖိုးသည်း ငုတ်တုတ် လေး ထိုင်သည်။ မော့ကြည့်နေရာမှ အူခနဲ အသံပေးသည်။ ထုံ့ ပေါင် လေးပေါ် မေးကိုတင်ထားကာ တအုအု အသံလေး ခပ်တိုးတိုး ပေါ်နေ သည်ပါပဲ ..။

ထုံ မျက်ရည်သုတ်ကာ အိပ်ခန်းထဲမှ သေတ္တာရှေ့မှာ သွားရပ်မိရ ပါပြီ ..။ တည်းခိုခန်းဆီမှ ပြန်သယ်လာခဲ့သော ပစ္စည်းများ ..၊ ကားထဲမှ နေ၍ အိပ်ခန်းလေးထဲ ဘဘမှုန် ပြောင်းထားပေးခဲ့တာ ဖြစ်မည်။ ထုံ က ထိုအချိန်မှာ .. ဆေးရုံမှာ ..၊ ဖေဖေ့ကို ဆေးရုံသို့ ဘိုးဘိုး၏ကားဖြင့် ပို့ခဲ့သည်။ နောက်တော့မှ ခတ္တာမြိုင်သို့ ဘဘမှုန် ၏ကား ပြန်မောင်း လာကာ လိုအပ်မည်ထင်သည့် ဓာတ်ဘူးတွေဘာတွေ ပြန်သယ်သည်။ ကားနောက်ခန်း အံဖုံးထဲမှ ပစ္စည်းတွေကိုတော့ ဘဘမှုန် ပဲ ချထားခဲ့ ပါလိမ့်မည်။ ကြီးကြီးစိမ့် ကတော့ ဆေးရုံမှာ ထုံ နှင့်အတူ .. ဘိုးဘိုးနှင့် အတူ ကျန်ခဲ့ပါ၏။ အိမ်သော့ကို ပေး၍ ဘဘမှုန် ကို လွှတ်ခဲ့ခြင်း ..။

တကယ်တမ်း ဘဘမှုန် မှ ဓာတ်ဘူးတွေ၊ ဖန်ခွက်နှင့် ဟောလစ် ပုလင်းတွေ .. သကြားပုလင်းတွေနှင့် ပြန်ရောက်လာချိန်မှာ ဖေဖေက ဖြင့် ဆုံးပါးခဲ့ပြီးနေပြီ ..။ ထုံ က ခုတင်ထက်မှာ လူနာဖြစ်နေရလျက်..၊ ဦးမှုန် သယ်လာသည့် လူနာသုံးပစ္စည်းတွေသည် ထုံ့ အတွက် ဖြစ်ကုန်ရ သည်ပါပဲ ..။

ဩော် .. ခုတော့ .. ထုံ သည် .. ဖေဖေ့သေတ္တာရှေ့မှာ ငြိမ်သက်ရပ် နေသည့် မြမွေးထုံ ဖြစ်နေရပါပြီ ..။ ဖေဖေ မှာခဲ့သည်လေ ..၊ ဖေဖေ့ သေတ္တာကို ဖွင့်ကြည့်ပါတဲ့ ..။ ထုံ့ အတွက် စာသင်ဖို့ ပိုက်ဆံ ထား



www.burmeseclassic.com

www.burmeseclassic.com



သည်တဲ့ ..။ ဖေဖေ့ရက်လည်ကိစ္စ မပြီးမချင်း မကြည့်ရက်နိုင်လွန်းသည်မို့ .. မကြည့်ဖြစ်ခဲ့ပေမယ့် ..၊ ခုတော့ .. ဖေဖေ့စကားကို နားထောင်ရပါတော့မည်။ ဖေဖေ မှာခဲ့သည့်စကားအတိုင်း .. သေတ္တာကို ဖွင့်မိရပါ၏။ သော့ခတ်ထားခြင်း မရှိသည့် သေတ္တာလေး၏ မြောက်လက်မြီးသည်လည်း ဟောင်းလွန်းနေတာမို့ သေတ္တာအဖုံးဖွင့်ချိန်မှာ လှုပ်လှုပ်ခတ်ခတ်ဖြင့် အသံမြည်၏။ ဖေဖေ့အဝတ်အစားတွေကို ခပ်ဖွဖွ ပွတ်သပ်ကြည့်နေမိရင်း ထုံ ထပ်၍ မျက်ရည်ကျလာသည်။ မျက်ရည်စက်တို့က ဖျောက်ဖျောက်စက်စက်မျှ ဖေဖေ့အဝတ်ခေါက်တွေပေါ် ကြွေသက်၏။

"မထင်မိခဲ့ဘူး ဖေဖေရယ် .. ခုလို .. အခန်းတစ်ခန်းထဲမှာ .. ထုံ တစ်ယောက်တည်း ရှိနေရင်း .. ဖေဖေ့ အဝတ်တွေကို ပွတ်သပ်ကြည့်နေရင်း .. ဖေဖေ့ကို မခွဲနိုင်တဲ့ ထုံ ဟာ .. အဖမဲ့သမီးတစ်ယောက်အဖြစ် ငိုကြွေးနေရလိမ့်မယ်လို့ မထင်မိခဲ့ဘူး ဖေဖေရယ် ..၊ ဖေဖေရေ .. ဖေဖေ မှာတဲ့အတိုင်း သမီး .. ဖေဖေ့ စုထားသမျှငွေတွေကို .. ကြည့် .. ပါ .. တော့ .. မယ် .."

ဟု ပြောနေမိရင်း ထုံ မျက်ရည်မထိန်းနိုင် ..၊ ဖေဖေ့ အဝတ်အစားတွေ၏ အောက်ဆုံးမှာ သားရေအိတ်တစ်ခု ..၊ ပြီးတော့ ဖေဖေ့ ဒိုင်ယာရီစာအုပ် ..၊ ထုံ .. တုန်ခါနေသည့်လက်လေးတွေဖြင့် သားရေပိုက်ဆံအိတ်ကို ဖွင့်လိုက်မိရပါ၏။ ခပ်လတ်လတ် သားရေအိတ်၏ ဇစ်ကို ဆွဲဖွင့်နေရချိန်မှာ .. ထိုအိတ်ထဲမှာ ရှိနေသည့် ပိုက်ဆံတိုင်းသည် ဖေဖေ၏ ကြမ်းရှနေသည့်လက်တွေဖြင့် ခြံကို ပေါက်၍ အပင်တွေ စိုက်ပြီး.. ရေထမ်း ရေလောင်းခဲ့ရာမှ သီးပွင့်လာသမျှ ယာထွက် ခြံထွက်သီးနှံတွေကို ရောင်းချ၍ ရသည့် ငွေကြေးတွေဆိုတာကို သိသိနေရသည့် ခံစားချက်ဖြင့် ရင်သည် ပွင့်မတတ် ဖြစ်လာသည်။ ဆို့ခဲနေသည့်ရင်သည် ကျပ်သိပ်လာလျက် လည်ချောင်းဆီမှ ဆို့တစ်တစ်အသံတွေ ပွင့်ကျနေ၏။ ငိုတာထက် ဆိုးသည့်ဝေဒနာ..၊ ရင်ကို ပြင်းထန်စွာ စီးနင်းထားသည့် ဝေဒနာ..။





"ဖေဖေရေ .. ဖေဖေ့လက်တွေနဲ့ ထိနေရသလိုပါပဲ ဖေဖေရဲ့ .."

ဟု ပြောနေရင်း ငွေတွေကို ထုတ်ကြည့်မိသည်။ ပိုက်ဆံတွေက အသစ်တွေ ..၊ ဖေဖေ တမင် သေချာစုထားတာ ဖြစ်မည်။ တစ်သိန်းတစ်ထုပ် စည်းထားသည်။ ငွေဆယ်သိန်း ..။

"ဘယ်လိုများ .. စုထားပါလိမ့် ဖေဖေရယ် .. ဒီလောက် ပိုက်ဆံတွေ ဖြစ်လာအောင် .. ဘယ်လောက်ကြာကြာကတည်းက စုစု လာခဲ့တာလည်း ဖေဖေရယ် ..၊ ဆေးခန်းတောင် မပြဘဲ ငွေအကုန်မခံနိုင်တဲ့စိတ်နဲ့ .. ဒီပိုက်ဆံတွေကို စုခဲ့သလား ဖေဖေ .. ထုံ့ ကို တက္ကသိုလ်တက်ခဲ့တဲ့လား ဖေဖေရဲ့ .. ထုံ မရှိရင် ကောင်းမှာ ..၊ အဲဒါဆို .. ဖေဖေ .. ဒီလို .. ဆေးမသောက် .. ဆေးမကုဘဲ နေမှာ မဟုတ်ဘူး .. ချောင်းဆိုးပျောက်ဆေးလေး .. ဝယ်သောက်ရုံလောက်ပဲ ရှိနေခဲ့မှာ မဟုတ်ဘူး .. ဆရာဝန်နဲ့ ပြမှာ .. ပြမှာ .."

ဟု ပြောနေရင်း ထုံ ငွေတွေကို ရင်မှာ ပွေ့ပိုက်ထားမိသည်။ ဖေဖေ့မေတ္တာတွေကို .. ပိုက်ပွေ့ထားခြင်း ဖြစ်နေသည်တကား ..။ သမီးဖေဖြင့် စုထားရာ ငွေကြေးတစ်ထပ်ကြီး၏ တစ်ရွက်ချင်းသော ငွေတို့သည် ဖေဖေ့မေတ္တာတွေချည်းပဲ ဖြစ်နေသည်။ ထုံ .. ငိုနေရာမှ ဖေဖေ့ ဒိုင်ယာရီစားကို စိုက်ကြည့်မိပြန်၏။ မျက်ရည်ကို လက်မောင်းဖြင့် ပွတ်သုတ်ပြီးကာ ငွေတွေကို သားရေအိမ်ထဲ ပြန်ထည့်နေမိသည်။ ပြီးတော့ .. ဖေဖေ့ဒိုင်ယာရီကို ယူလိုက်မိရပါ၏။

ဒိုင်ယာရီစာအုပ်၏ ပထမ ဖွင့်ဖွင့်ချင်းမှာပင် .. ရေးထားရာ စာပိုဒ်လေး ..၊ ကဗျာလေးများ .. ထုံ မျက်ရည်ထပ်သုတ်သည်။ ပြတင်းဆီမှ ဝင်လာသည့် လင်းရောင်ဖျော့ဖျော့အောက်မှာ ထုံ သည် ကြမ်းပြင်ပေါ်မှာ ထိုင်ရင်း ဖေဖေ့ ကဗျာလေးကို ဖတ်မိရပါ၏။ သေချာတာတစ်ခုကတော့ .. ဖေဖေ့ဒိုင်ယာရီမှာ မေမေနှင့် ပတ်သက်တာတွေ အများကြီး ပါဝင်နေလိမ့်မည်။ ထုံ နှင့်ပတ်သက်တာတွေလည်း ပါနေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာလေးကို ထုံ ဖတ်မိလိုက်မိရပါပြီ ..။ မိုးတွေ အုံ့ဆိုင်းနေချိန်မှာ ထုံ သည် အခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေရင်း ဖေဖေ့ကဗျာတွေ ကို ဖတ်နေသည့် ထုံ ဖြစ်နေသည်။

ဪ .. ထုံ့ ဘေးမှာ ဖေဖေ ရှိနေချေမည်တကား ..၊ ဖေဖေ ဝိညာဉ်လေးများ ရောက်နေချေမည်လား ..၊ ထုံ့ ဆံစလေးတွေကို သပ် ပေးနေမည်လား ..။ အေးမြသော လေပြည်နုနုသည် မိုးငွေ့နှင့်အတူ ဖျတ်ခနဲ ဆံစတို့ကို ဖြတ်တိုက် တို့ထိသွားခြင်းသည် .. ဖေဖေ့လက် ချောင်းတို့၏ အတို့အထိများပေလား ..။ ထုံ မျက်ရည်ကျလာပါ၏ ဖေဖေသည် ဖိုးသည်း နှင့်အတူ ရှိနေသည့် ထုံ့ ကို .. မျက်ရည်စွေ ကြည့်နေမည်ထင့် ..။ ဖေဖေ့ကဗျာလေးကို ဖတ်နေသည့် ထုံ့ ကို မျက်တောင်မခတ် ကြည့်နေမည်ထင့် ..။

ပထမကဗျာလေးက .. ခေါင်းစဉ်တပ် မထား ..၊ နောက်ကဗျာ လေးမှာလည်း ခေါင်းစဉ် မရှိ ..။

ပင်လယ်ကမ်းခြေမှာ
ထင်တဲ့ခြေရာဆိုတာ
လှိုင်းတွေ ရိုက်တဲ့အခါများမှာ
ပျောက်ကွယ်သွားရတတ်တယ် ..။

ဒါပေမယ့်
နှလုံးသားမှာထင်တဲ့
ချစ်သူရဲ့ခြေရာဟာ
ဘယ်လိုကြမ်းကြမ်းလှိုင်းတွေ
ရိုက်ပုတ်ပေမယ့်
ကွယ်ပျောက်သွားစေနိုင်မှာ မဟုတ်ဘူး ..။





နှလုံးသားမှာ ထင်တဲ့ခြေရာဟာ
ဘဝတစ်သက်တာမှ
နှလုံးသားမှာပဲ
အမြဲ ထင်နေတတ်တယ် ..။

လောကမှာ ပျောက်ကွယ်လို့မရတဲ့ခြေရာ
ဖျောက်ဖျက်လို့မရတဲ့ ခြေရာ
အဲဒါဟာ ..
နှလုံးသားမှာထင်တဲ့ ခြေရာပါပဲ ..။

ထုံ ကဗျာလေးကို ဖတ်ရင်း မျက်ရည်ကျလာရပါ၏။ ဪ ... ဖေဖေသည် မေမေ့ကို အမြဲ မမေ့နိုင်ဘဲ ရှိနေသော ဖေဖေ ..၊ မေမေ့ကို.. ချစ်နေဆဲ ဖေဖေ ဖြစ်နေခဲ့ချေသည်တကား ..။ ဖေဖေ့မာနကို ထိခိုက် ရိုက်ချိုးခဲ့သူဟု ဖေဖေသည် .. ယာခင်းထဲမှာ ရှိနေရင်း ကြေကွဲစွာ တွေးနေမိတတ်ပါလိမ့်မည်။ ဒါပေမယ့် ဖေဖေသည် မေမေ့ကို မမေ့နိုင် ခဲ့ ..။ မေမေ့ကို ချစ်သောအချစ်တွေကို .. နှလုံးသားဆီမှ နှင်မထုတ်ပစ် ခဲ့ ..။ ထုံ .. ကလေးလိုပင် ငိုနေမိရင်းမှ နောက်ထပ် ကဗျာလေးတစ်ပုဒ် ကို ထပ်၍ ဖတ်နေမိရပြန်သည်။ ဖေဖေ့လက်ရေးဖြင့် ရေးသားထားရာ ကဗျာလေးတွေပေမို့ .. ထုံ .. အငမ်းမရလည်း ဖတ်နေမိသည်။ ကြေကြေ မွမွလည်း ဖတ်နေမိသည်။ လွမ်းဆွတ်စွာလည်း ဖတ်နေမိသည်။ တမ်းတလိုက်ရချေသည်ကော ဖေဖေရယ် .. ဟုလည်း ရင်ထဲမှာ တစာ စာ ပြောနေမိရဆဲပါတည့် ..။

အတိတ်ဆီမှ ကြေကွဲစရာ
နှစ်များစွာ ကြာရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကွဲစင်ကြေမွနေတဲ့ နှလုံးသား
ဘယ်လိုများ ရှစ်တည်ပါ့ ..။

သူက ဒါ့ကို မေ့
ဒါက သူ့ကို တွေ့ခွင့်မရှိ
ဖြစ်ရသည့် ကံကြမ္မာ
အဆုံးမှာတော့ မျက်ရည်ကဗျာ
တည်မြဲကာ ကျန်ရစ်ရဲ့ ..။

မေတ္တာတွေနဲ့
နှစ်ကြာရှည် တည်ဖွဲ့မယ်လို့
ထင်ခဲ့ပေမယ့်ကွယ် ..
အိမ်ဝေးရယ်တဲ့ အဝေးမှာ
မင်းနဲ့ ဒါကတော့
ဝေးကြပေါ့ တစ်နေရာစီ ..။
သြော် ...
ဝေးကြပေါ့ တစ်ကမ္ဘာအတည် ..။

ထုံ မျက်ရည် တွေတွေကျနေရင်း မျက်ဝန်းကို စုံမှိတ်ချလိုက်မိသည်။

ခုတော့ .. ခုတော့ .. ဖေဖေသည် .. မေမေနှင့် တစ်နေရာစီ ဝေးနေ ရုံမျှ မဟုတ်တော့ပြီ။ တစ်ကမ္ဘာစီ ဝေးကြရပြီတည့် ..။ ထိုသို့ ဝေးကြ မည့်ဘဝကို ဖေဖေ ရောက်ရချေဦးတော့မည်ဟု ကြိုတင် တွေးဆထားခဲ့ ရပါသည့် ဖေဖေသည် .. တမလွန်ဆိုသည့်အရာကို ကြိုတင် မှန်းဆရင်း ဤကဗျာလေးကိုများ ရေးခဲ့ချေသည်လား ..။





"ဖေဖေရေ .. ခုတော့ .. မေမေနဲ့သာ မဟုတ်တော့ဘဲ .. သမီး ထုံ နဲ့ပါ ဝေးရပါပေါ့လား .."

ဟု တစ်ယောက်တည်း အထီးကျန်ဝေဒနာတွေ လူးလဲနေအောင် ခံစားရင်း ထုံ ပြောနေမိရပြန်သည်တည့် ..။

"ဟင့်အင်း .. ထုံ့ မှာ .. ထုံ့ မှာ .. ဖေဖေ ရှိနေပါတယ် .. ရှိနေ ပါတယ် .. နော် ဖေဖေ .. ထုံ့ ဘေးမှာ .. အခု .. အခု .. ဖေဖေ ရပ်နေ တယ် မဟုတ်လား .. ရပ်နေတယ် မဟုတ်လား .."

အရှူးအမူးပင် ထုံ မေးနေမိရင်းမှ .. ကြမ်းပြင်ထက်မှာ ခွေခနဲ ပုံကျ လဲ့လိုက်မိသည်။ ထုံ့ မှာ အားအင်မကျန်တော့သည့်နှယ် ရှိနေ ချေသည်တည့် ..။

ထုံ့ လက်ထဲမှာ ဖေဖေ့ ကဗျာလေးတွေ ရေးဖွဲ့ရာ .. ဖေဖေ့ ဘဝ တစ်လျှောက်ကို ရေးဖွဲ့ထားရာ .. ဒိုင်ယာရီစာအုပ်လေးက .. တုန်တုန် ခါခါ .. ထုံ့ လက်ချောင်းလေးတွေ ရှိနေရာ လက်ဖဝါးမှာ မြဲမြဲ မဆုပ် ကိုင်နိုင်စွာ .. လူးလူးလွန့်လွန့် .. ရှိနေပါချေသည် တကား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

စေ့ထားသော တံခါးရွက်ကို တွန်းဖွင့်ရင်း အလောတကြီး ဝင်လာ သည့် လူရိပ်ကြောင့် ထုံ ကြည့်လိုက်မိရချိန်မှာ ရုတ်ခနဲ သွေးတွေ ရှိန်း ရှိန်းတမျှ ပူတက်လာအောင် စိတ်လှုပ်ရှားသွားရပါပြီ ..၊

မေမေပါ တကား ..။ ဟုတ်သည် ..၊ ဖေဖေ့အိမ်လေးမှာ ပြုံးချို ဖေဖေနှင့်အတူ ရှိနေပါသည့် ဓာတ်ပုံထဲက ပုံရိပ် ..။ ယခု .. ခတ္တာမြိုင်ရှိ ထုံ့ အခန်းလေးမှာ လတစ်စင်းသာသည့်နယ် ရောက်ရှိလာချေသည် တကား ..။

မေမေသည် မပြောင်းလဲ ..၊ ဟုတ်သည် ..၊ မပြောင်းလဲ ..။ ဓာတ် ထဲက မေမေ့ပုံနှင့် ယခု တွေ့ရသည့် မေမေ့ပုံလေးက ပျောင်းနွဲ့နွဲ့ လှပဖွေးဥစွာ တူညီနေမြဲ ..၊ တူညီနေဆဲ ..။ ဖေဖေမြင်လျှင် မည်သို့ မည်တဲ့လဲလေ ..။ လွမ်းဆွတ်စွာ ကြည့်နေချေမည်လား ..၊ ဒါမှမဟုတ် ချမ်းသာသည့် မေမေ့ကို ရှောင်ထွက်သွားချေမည်လား ..။

ဖေဖေနှင့် မေမေ့ကြားမှာ ကြီးမားသော တံတိုင်းကြီးတစ်ခု ဖေဖေ့စိတ်ဓာတ်အရာမှာ ပြတ်သွားစွာဖြင့် မေမေနှင့် ဝေးဝေးနေရ ဆုံးဖြတ်စေခဲ့သည်။





ချမ်းသာတံတိုင်းကြီးတစ်ခုကြောင့် .. ဖေဖေသည် .. မေမေ့ကို.. ထိုချမ်းသာခြင်းဆိုသည့် တစ်ဖက်တံတိုင်းဆီမှာ ရှိနေစေသည် ..၊ ရှိနေ စေမည်ဟု ထုံ ထင်လာသည်။ ဘာကြောင့်ဆို .. ဖေဖေ့မှာ အနုပညာရှင် တစ်ယောက်၏ မာန် ရှိသည်။ ယောကျ်ားတစ်ယောက်၏ မာန ရှိသည်။ ဖေဖေသည် မေမေ့ကို တမ်းတရင်း .. အဝေးမှာ ပြတ်သားစွာ နေရဲခဲ့ သည်ဆိုတာ ဖေဖေ့ကဗျာလေးတွေက မကြာမတင်ကပင်လျှင် ထုံ့ ကို ပြောပြခဲ့ပြီးပြီ ..။ ဖေဖေ ရေးသားထားရာ ဒိုင်ယာရီလေးထဲမှ မှတ်တမ်း လေးတွေက ပြောပြခဲ့ပြီးပြီ ..။

ဒါပေမယ့် .. ထုံ ကတော့ .. ခုလို .. မေမေ ရုတ်တရက် ရောက် လာတာကို စိတ်လှုပ်ရှားနေရင်းမှ ဝမ်းသာနေမိရသည်ပါပဲ။ ဖေဖေသည် ဘိုးဘိုးနှင့် မေမေ့ထံမှာ ထုံ့ ကို ရှိနေစေ့ချင်သည်။ ပထမ .. ဘိုးဘိုးသည် ထုံ့ ကို မြေးအဖြစ် လက်ခံခဲ့ပြီ ..၊ ခု .. မေမေသည်လည်း ထုံ့ ကို သမီး တစ်ယောက်အဖြစ် လက်ခံရင်း စိတ်လှုပ်ရှားခြင်းနှင့်အတူ ရောက်လာ ချေပြီတည့် ..။

မေမေကတော့ ထုံ့ ကို မျက်တောင်မခတ် စိုက်ကြည့်နေဆဲ ..၊ မေမေ့လက်လေးက တံခါးပေါင်ပေါ်မှာ ဖေးတင်နေသည်။ လက်ဖျား လေးတွေ တုန်ခါနေ၏။ အလွန်လှပသော လက်ချောင်းလေးတွေသည် ငြိမ်သက်စွာ ရှိမနေနိုင်စွမ်းဘဲ ဖြစ်နေသည်။ ဒါပေမယ့် ထိုလက်လေး တွေသည် ခုထိ ထုံ့ ကို လာရောက်ပွေ့ပိုက်လိုက်ကြတာ ရှိမလာသေး..။

ထုံ .. ရှေ့သို့ တိုးလိုက်ချိန်မှာ မေမေ့လက်က ရုတ်ခနဲ ရှေ့သို့ ဝေ့သွားကာ ...

''နေဦး .. မင်းကို ပြောစရာ ရှိနေတယ် .. မင်း ငါ့ကို လာဖက်ဖို့ မကြိုးစားပါနဲ့ ..၊ ငါကလည်း မင်းကို ပွေ့ဖက်လာလိမ့်မယ်လို့လည်း မထင်လိုက်ပါနဲ့ .. မမျှော်လင့်လိုက်ပါနဲ့ ..၊ အဲဒီမှာပဲ ခဏလောက် ငြိမ်ရပ်နေလိုက်ပါ မြေးထုံ ..''



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြတ်သားစွာ ပြောလာတော့ ထုံ့ ရင်ထဲ နင့်ခနဲ ဖြစ်ရပါပြီ..။ မေမေ့ပြောသံတွင် မေတ္တာရိပ် မရှိ ..၊ ကြင်နာငွေ့ မရှိ ..၊ ပြတ်သားရူးရှခြင်းပဲ ရှိနေသည်။ မေမေ့အကြည့်ကလည်း ရူးရူးရှရှ နိုင်နေသည်။ လက်တွေ့မှာ ဘာကို ကြုံကြိုက်နေရပြီဆိုတာ ထုံ နားလည်စ ပြုလာ၏။ မေမေသည် .. ထုံ့ ကို သမီးအဖြစ် အသိအမှတ်ပြုလိုစိတ် မရှိ ..။မေမေ့အကြည့်က ထုံ့ ထံမှာ ရှိနေဆဲ ..၊ နှုတ်ခမ်းလေးကို ကွေးရုံမျှ မေမေ မပြုံးချင့်ပြုံးချင် ပြုံးလိုက်ကာ ရှေ့သို့ လျှောက်လာသည်။ ထုံ ကလည်း နေရာမရွေ့ ရပ်နေရင်း မေမေ့ လှုပ်ရှားမှုတိုင်းကို မျက်တောင်မခတ် လိုက်ကြည့်နေမိရသည်ပါပဲ ..။

"ဘယ်လောက် ဝမ်းနည်းဖို့ကောင်းနေသလဲ ဖေဖေ .. အခု ထုံနဲ့ မေမေတို့ စတင် ဆုံတွေ့ရချိန်မှာ .. တူးခါးတဲ့အကြည့်တွေနဲ့ ရင်ဆိုင်နေရတဲ့ သမီးတစ်ယောက်ရဲ့အဖြစ်ဟာ .. ဘယ်လောက် ဝမ်းနည်းဖို့ကောင်းနေပြီလဲ ဖေဖေရယ် .. တော်သေးတယ် .. မေမေ့ရဲ့ မာကျောတဲ့အကြည့်တွေနဲ့ တုံ့ပြန်လာမှုတွေကို ဖေဖေ မကြုံရလို့ .."

ဟု ဖေဖေ့ကို တမ်းတရင်း ထုံ ကြေကြေကွဲကွဲ ခံစားလာရသည်ပါပဲ။ ဒါပေမယ့် .. မျက်နှာလေးကတော့ ဖေဖေ့သမီးပေပဲလေ ..။ လုံးဝအေးစက်တည်ငြိမ်နေသော မြွေးထုံ အဖြစ် ရှိနေဖို့ စိတ်ကို စုစည်းထိန်းမတ်ထားနိုင်နေသည်။

ရင်ဆိုင်ရမည် ..၊ ဟုတ်သည် .. ရင်ဆိုင်ဖို့ အသင့်ရှိနေရမည်။ ဖေဖေ့အတွက် ..၊ ဖေဖေ့မာနနှင့် သိက္ခာအတွက် .. ထုံ သည် .. ရင်ဆိုင်ရဲနေသော မြွေးထုံ အဖြစ် စိတ်ကို ထိန်းထားနိုင်နေရမည်။ စုစည်းထားနိုင်နေရမည်။

"အံမယ် .. မျက်လုံးကတော့ တကယ့် အဖေတူပဲ .. မျက်တောင်တွေကလည်း ရှည်ရှည်ထူထူ စင်းစင်းလေးတွေနဲ့ .. အတော်လှတဲ့ မျက်တောင်လေးတွေပဲ ဖြစ်နေတာကိုး .. တစ်ချိန်က ငါ အလွန်ချစ်ခဲ့ဖူးတဲ့ မျက်တောင်လေးတွေ .. မျက်လုံးလေးတွေကို.. သမီးဆီမှာ ..်အဖေက ပေးထားတာကိုး .."

နှုတ်ခမ်းကို စေ့ပိတ်၍ ထုံ ငြိမ်နေသည်။ ပြောစေ ..၊ ပြောချင်သလောက် ပြောစေ ..။ မေမေ့စိတ်ထဲ နှိုအောင်းကြာရှည် ရှိနေခဲ့သည့် မခံချင်စောတွေ .. နာကျင်နာကြည်းနေခြင်းတွေကို သွန်ချစေတော့..။ ဖြေရှင်းစကားကို ခုလိုအချိန်မျိုးမှာ အလုအယက် ဝင်ပြောနေ၍လည်း အကြောင်းထူးမှာ မဟုတ် ..၊ အရာထင်မည် မဟုတ်။ မေမေကလည်း ဂရုတစိုက် နားထောင်ပေးလိုသည့်လက္ခဏာ မရှိ ..၊ သွင်ဟန် မရှိ ..။ လောလောဆယ်မှာ .. ထုံ့ ကို ဖေဖေ့သမီးအဖြစ်ပဲ ခေါင်းတည်၍ နာနာကြည်းကြည်း ပြောနေချင်တာပဲ ရှိနေသည်။

"ငါ့ကို .. နေ့စေ့လစေ့နဲ့ .. မာနတစ်လုံးကို ပိုက်ပြီးတော့ ချန်ရစ်ခဲ့တယ် .. သူ့ကြောင့် .. ငါ့မှာ .. ခံစားလိုက်ရတာ .. ဟင် .. ညည်းအဖေကြောင့် .. ငါ ရူးမတတ် ခံစားခဲ့ရတာလေ ..၊ ငါ့သားလေးကို .. ရွာလေးတစ်ရွာမှာ သွားမွေးခဲ့တုန်းကလည်း ခေါင်းမာတဲ့ ငါ့စရိုက်အတိုင်း .. ငါ.. သေသွားရင် ကောင်းမယ် ..၊ အရပ်လက်သည်နဲ့ မွေးတော့.. ငါက သေသွားမယ် .. ငါ့ကလေးကတော့ ဘိုးအေက မွေးလိမ့်မယ်လို့ မိုက်မှုရဲအတွေးနဲ့ .. အဲဒီတုန်းက ငါ မိုက်မိုက်မဲမဲ ရှိခဲ့တာ ဘာကြောင့်လည်းသိလား .. သူ့ကို ချစ်တဲ့စိတ်နဲ့ အရူးတစ်ပိုင်း ကျန်နေရစ်ခဲ့ရင်း .. ငါဟာ .. အသက်ရှင်မနေချင်တော့လောက်အောင် .. ဖြစ်နေတဲ့ ခင်ထားမြိုင် ဖြစ်နေလို့ပေါ့ ..၊ သူ့ကြောင့် .. ငါ .. အဲသလောက် မိုက်တွင်းနက်ခဲ့မိတဲ့ဒဏ်ကို .. ငါ့သားလေးက ခံသွားရတယ် ဒေါ်ကြီးမိ ပြောပြတယ် ..၊ သားလေးက .. ငါ့နဲ့ သိပ်တူတာတဲ့ .. ဖြူခဲ့နေတာပဲတဲ့ .. ဆေးတတ်ပညာတတ်ပါရက်ကယ်နဲ့ .. အဲဒီတုန်းက ငါ ဆင်ခြင်တုံတရားကင်းခဲ့လို့ .. ငါ့သားလေး သေခဲ့ရတယ် ..၊ သူ့ကို ချစ်တဲ့ဇောနဲ့ သေချင်တာပဲ ဇောကပ်နေလောက်အောင် အချစ်ရူးကြီး ဖြစ်နေတဲ့ ငါ့ကိုယ်ငါ



ရွှေသမင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ခုထိ ခွင့်မလွှတ်နိုင်ဘဲ ခံစားနေရအောင် .. ဘယ်သူ လုပ်ခဲ့တာလဲ ..၊ ညည်းရဲ့ အဖေလေ .. ညည်းအဖေပေါ့ ..၊ တစ်ချိန်က ငါ ချစ်လွန်းခဲ့ရတဲ့ သူပေါ့ .. ငါ့သားလေးရဲ့ အဖေပေါ့ ..၊ အဲဒါတွေကို .. ငါက မေ့လိုက်ရမှာလား .. အလွယ်တကူ မေ့လိုက်နိုင်မတဲ့လား .. ဟင် .. ဟင် .. ''

မေမေ ပြောနေရင်း ခေါင်းကို ခါသည်။ မျက်ဝန်းမှာ ဝေ့တက်လာနေသည့် မျက်ရည်တွေကို ခါထုတ်ပစ်ဖို့ ကြိုးစားခြင်းဟု ထုံ သိနေရသည်။ ထုံ .. ရင်ထဲ မကောင်းနိုင်တော့ပါ။ ဖေဖေ့ကို အထင်လွဲနေသည့် မေမေ့ထံမှာလည်း ဒဏ်ရာတွေက အပြည့် ဖြစ်နေသည်။ ဖေဖေ့ကိုလည်း သနားလာရ ..၊ မေမေ့ကိုလည်း သနားလာရနှင့် ထုံ ဖြစ်နေရပါ၏။

ထုံ က .. အဖြစ်မှန်တွေကို သိထားရသည်သူကိုးလေ ..၊ မေမေက မသိ ..။ ဒါကြောင့်လည်း ပြောနေခြင်းဟု နားလည်ပေးလိုက်ရသည်ပါပဲ ..။

''အခု .. ဘယ်ကမိန်းမနဲ့ ထပ်ရလာမှန်း မသိရတဲ့ သမီးကို - ငါ့သမီးဆိုပြီး ဖေဖေ့ဆီ လာအပ်လိုက်ရုံနဲ့ .. ငါက လက်ခံမယ်လို့ သူက ထင်နေတယ် ..၊ ငါ့ကို .. သွေးနုသားနုနဲ့ပါလား ဆိုတာလေးလောက်တောင် မတွေးပေးတဲ့သူ .. အဲဒီအချိန်လောက်ဆို .. မြိုင် ဆိုတဲ့ မိန်းမဟာ ကလေးမွေးဖွားပြီးချိန် ဖြစ်နေလောက်ပြီဆိုတာလေးလောက်တောင် မညာတာတဲ့သူ .. သူ့ကလေးဟာ .. သားလေးလား .. သမီးလေးလား .. သေသလား .. ရှင်သလားဆိုတာလေးလောက်တောင် စိတ်မဝင်စားတဲ့သူက .. ဘာလုပ်ခဲ့သလဲဆိုတော့ .. ကွာရှင်းပြတ်စဲစာချုပ်ကို - စာတိုက်ကနေတစ်ဆင့် ပို့ခဲ့တယ်လေ ..၊ စာအိတ်ပေါ်မှာ ရေးထားတဲ့ သူ့လက်ရေးကြောင့် .. ပြီးတော့ .. သူ့လက်မှတ်ကြောင့် .. အဲဒီ ပုံနှိပ် ပြတ်စဲစာချုပ်ဟာ .. သူ ပေးလာတဲ့ စာချုပ်ဆိုတာ ယုံပေးလိုက်ရတာ- သူ .. မာနနဲ့ ငါ့ကို ထားရစ်ခဲ့တယ်ဆိုတာ သိပါတယ် .. အချစ်လေး





လောက်တော့ ကျန်ကောင်းရဲ့လို့ ထင်မိတဲ့ ငါ .. အဲဒီ ပြတ်စဲစာချုပ် လက်ထဲရောက်လာတော့မှ .. ဒီလောက် ရက်စက်တဲ့စိတ် သူ့မွေးရက်ပါလားလို့ သိခဲ့ရတာ .. အဲဒါကို ငါ မေ့လိုက်လို့ရမလား မြမွေးထုံ ..၊ သားသေထားတဲ့ အမေ .. လင်ပစ်ခံရတဲ့မယားတစ်ယောက်ရဲ့ ရင်ဟာ ဘယ်လောက် စိစိကျေ.. မွမွကျေနေမယ်ဆိုတာ .. ကာယကံရှင်ပဲ သိနိုင်တာပါ .. သိနိုင်မှာပါ ..''

ခုထိ မေမေသည် မထိုင်သေး ..၊ ထုံ့ အခန်းထဲမှာ ရပ်နေရင်း ပြောနေခြင်း ..၊ ထိုင်မည့်ပုံလည်း မပေါ် ..၊ မတတ်သာလွန်း၍သာ လာရပ်နေရခြင်းဆိုတာမျိုးပင် ဖြစ်နေသည်။ ထုံ နှင့်ပတ်သက်ရာ နေရာမှာ ရပ်နေရတာပင် အလွန် ခံပြင်းစရာ ဖြစ်နေသည့်နှယ် မေမေ့ မျက်နှာထက်တွင် နာကြည်းရိပ်တွေ .. ခံပြင်းရိပ်တွေ ပြည့်နေသည်။

''အဲဒီစာချုပ်ရတဲ့နေ့ကတည်းက .. သူ့ကို .. ငါ သတ်မှတ်လိုက်တယ် .. သူ သေပြီလို့ .. ငါ့ဘဝကို .. ငါ .. အလုပ်တွေထဲမှာပဲ ကုန်ဆုံးစေခဲ့တယ် ..၊ ငါ့မွေးစားသားလေး စွမ်းထက်ခေါင် ကို သားကိုယ်စား .. မေတ္တာတွေ ပေးထားခဲ့တယ် .. ငါ့ဘဝဟာ ငါ့ဘာသာ အသားတကျရှိနေအောင် .. ရှင်သန် ရပ်တည်နိုင်အောင် လုပ်ယူလာနိုင်ချိန်မှာ .. ညည်းက .. ငါ့သမီးအဖြစ် .. ငါ့ဘဝထဲ ရောက်လာပြီး .. ငါ့ စည်းစိမ်ထဲမှာ ခံစားစေဖို့ .. သူက .. ကြိုးစားပြန်တယ်လေ ..၊ အဲဒါကို ငါက ယုံပေးရမှာလား .. လက်ခံပေးရမှာလား ..၊ သူက .. ချမ်းသာခြင်းဆိုတဲ့အရာဟာ ဘယ်လောက် တန်ဖိုးကြီး အရေးပါတယ်ဆိုတာ .. ခုတော့ .. ဝန်ခံပေးလိုက်ပြီပေါ့ ..၊ သူ့သမီးကို .. ငါ့လက်ထဲ ထိုးအပ်ဖို့ သူ ကြံစည်တာကို .. ငါက .. လူညံ့ ခင်ထားမြိုင် အဖြစ် ရှိပေးနေရင်.. ညည်းကို .. လက်ခံပေးမယ်လို့ သူ ထင်တာကိုက မှားနေတာ ..''

ထုံ ဘာမှ မပြောသေး ..၊ မေမေကလည်း သွန်၍ ပြောနေဆဲ ..၊ ထုံ့ ရင်ထဲမှာ နာကျင်လှပြီ။ ဖေဖေ့ကို စွပ်စွဲနေတာတွေ အားလုံးရပ်



www.burmeseclassic.com

www.burmeseclassic.com



တန့်လိုက်စေချင်ပြီ။ ဒါပေမယ့် ... တား၍ရမှာ မဟုတ်။ မေမေသည် အလွန်ခေါင်းမာသည်ဆိုတာကို ဖေဖေကလည်း ဖေဖေ့ဒိုင်ယာရီထဲမှာ စာသားလေးတွေဖြင့် ထို့ ကို သေချာ ပြောပြထားခဲ့ပြီကိုးလေ ...။

"ညည်းဟာ ငါ့သမီးဆိုရင် .. ဒီအရွယ် မဖြစ်နိုင်ဘူး .. အသက် ငယ်နေတယ် .. ကြည့်စမ်း .. သေးသေးပိန်ပိန်နဲ့ .. အဖေမျက်နှာကိုပဲ ပိုင်လာတဲ့ ညည်းကို .. ငါက .. ယူမွေးမယ် ထင်သလား ...၊ တခြားမိန်းမ တစ်ယောက်နဲ့ ညားပြီး .. အဲဒီမယား .. သူ့ကို ချန်ထားခဲ့ပုံ ရပါရဲ့ ...၊ သမီးတစ်ကောင်နဲ့ ကျန်ခဲ့တဲ့ကိစ္စ .. ငါ့ချမ်းသာပုံထဲ လာပြီး ထိုးထည့်ခဲ့ မှာကို ငါ ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူးဆိုတာကို .. ညည်းအဖေ ကို ပြောပြလိုက်စမ်းပါ .."

ထုံ နားမလည်နိုင်သလို မေမေ့ကို ကြည့်မိလိုက်ရပါပြီ။ ဖေဖေ့ ကို ပြောပြလိုက်စမ်းပါ .. တဲ့ .. လားလေ ...၊ ဒါဆို .. ဒါဆို .. မေမေသည် ဖေဖေ မရှိတော့ပြီဆိုတာကို သိထားပုံ မရသေး။ ဘိုးဘိုး ပြောမပြသေး ဘဲ ချန်ထားခဲ့ပုံ ရသည်။ ထို့ ကို .. ဖေဖေက လာအပ်သွားသည်ဆိုတာ လောက်ပဲ မေမေ သိထားပုံ ရပါ၏။ ထိုမျှအထိပဲ ဘိုးဘိုး ပြောထားဟန် တူသည်။

"ငါ .. ကိုကျော်မင်းသာ နဲ့ လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ရတာ ကလည်း .. ဖေဖေ တိုက်တွန်းလွန်းလို့ဆိုတာ သူ့ကို ပြန်ပြောလိုက်စမ်း ပါ .. ဒါပေမယ့် .. သူ့ကို ချစ်လွန်းနေတဲ့စိတ်နဲ့ ဒီလောက် အကြာကြီး ငါ အိမ်ထောင်မပြုဘဲ နေနေတယ်လို့တော့ မထင်လိုက်ပါနဲ့လို့ .. အိမ် ထောင်ရေးဆိုတာကို စိတ်နာလွန်းလို့ကို .. လက်မထပ်ဘဲ နေခဲ့တာလို့ ပြောပြလိုက်စမ်းပါ ...၊ ခုလည်း .. အန်ကယ် ဦးဆွေသာ ရဲ့သား ကိုကျော် မင်းသာ နဲ့ လက်ထပ်မယ့်ကိစ္စ .. ဘယ်ကများ သူ ကြားတယ် မသိဘူး.. သမီးပိုက် ပြေးလာတော့တာပဲ .. အန်ကယ့်ကိုလည်း မတရား စွပ်စွဲ တယ် .. အထင်လွဲအောင် ဖေဖေ့ကို သွေးထိုးခဲ့တယ် ...၊ သမီးကို ထားခဲ့





တယ် .. သူက ပြန်သွားတယ် .. အဲဒါကို .. ဖေဖေက .. ယုံနေတယ်...၊ ညည်းဟာ သူ့မြေးလို့ ယုံနေတယ် .. အန်ကယ့်ကိုလည်း မသင်္ကာဖြစ်နေ တယ် .. ကိုကျော်မင်းသာ နဲ့ လက်ထပ်ပေးမယ့်ကိစ္စကိုလည်း ရွှေ့ဆိုင်း တာမျိုးတောင် မဟုတ်တော့ဘဲ ဖျက်သိမ်းဖို့ပဲ ဆုံးဖြတ်လိုက်တယ် ...၊ ငါကလည်း .. အဲသလို ဖျက်သိမ်းတာကို မကန့်ကွက်ပါဘူး .. အစ ကတည်းကိုက .. ငါက .. အိမ်ထောင်ပြုချင်တဲ့ မြိုင် မှ မဟုတ်တာ ...၊ ဖေဖေ တိုက်တွန်းလွန်းလို့သာ ခေါင်းညိတ်ခဲ့တာလေ .. ဒါကလည်း.. နှစ်များစွာ အကြိမ်ကြိမ် ငြင်းခဲ့ရာက .. ဒီလပိုင်းထဲကျတော့မှ ဖေဖေ့ကို အသက်ကြီးပြီဆိုတဲ့အသိနဲ့ .. ခေါင်းညိတ်ပေးလိုက်ရတာပါ .. ပြီးတော့.. ဒီလောက်အကြာကြီးထိ .. ခွဲကြီးကြီးနဲ့ ငါ့ကို မေတ္တာရှိနေတဲ့ ကိုကျော် မင်းသာ ကိုလည်း သူ့မေတ္တာ .. ကြီးမားတယ်လို့ အသိအမှတ်ပြုလာမိ လို့လည်း ပါတယ် .. အန်ကယ်ရဲ့ တောက်လျှောက် မျှော်လင့်နေတဲ့ ဓာကိုလည်း အသိအမှတ်ပြုတာလည်း ပါတယ်၊ ဒါကြောင့် .. ခေါင်း ညိတ်လိုက်တာ .. ခု .. ဖျက်သိမ်းတယ်ဆိုတော့လည်း .. ငါက ဘာမှ မခံစားရပါဘူး .. ငါ့မှာ .. အချစ်ဆိုတာမှ မရှိတော့တာ .. ညည်းအဖေ သင်ပေးခဲ့တာလေ ...၊ အမုန်းနဲ့ နာကြည်းခြင်းဆိုတာတွေကို ကိုယ် သိပ်ချစ်ဖူးတဲ့သူ တစ်ယောက်အပေါ် .. ပုံအောပေးရတတ်ပါလားလို့ သူ သင်ပေးခဲ့တာလေ .."

ဟု မေမေ ဆက်တိုက် ပြောနေရင်းမှ ခပ်တည်တည် ကြည့်သည်။

"ညည်း ပြန်ပါ .. ညည်းအဖေကို ပြောလိုက်ပါ .. ငါ အိမ်ထောင် ပြုတော့မယ်ဆိုတာ ကြားတာနဲ့ ပြေးလာပြီး သူ့သမီးကို ငါ့သမီး ဖြစ် အောင် .. လာမကြိုးစားပါနဲ့လို့ .. ငါ မွေးခဲ့တာ .. သားဖြစ်တယ် ...၊ သားလေးဟာ သေသွားပြီ .. အဲဒါကို .. သူ .. တစ်နည်းနည်းနဲ့ သိခဲ့ပုံ ရတယ် .. စုံစမ်းခဲ့ပုံ ရတယ် ...၊ ဒါကြောင့် .. သမီး မွေးတယ်တို့ .. အန်ကယ်က သမီးကို ပေးပြီး စာချုပ် လက်မှတ်ထိုးခိုင်းတယ်တို့ ..



www.burmeseclassic.com

www.burmeseclassic.com



ကြံဖန် လုပ်ကြံပြောမလာနဲ့လို့ ..၊ ဒေါ်ကြီးမိ ဟာ အဲသလို ငါ့အပေါ်မှာ ဘယ်တော့မှ သစ္စာမမဲ့ဘူးဆိုတာ ငါ ယုံတယ် .. ဒေါ်ကြီးမိ ရဲ့ ရွာကို သွားစုံစမ်းတော့ မရှိတော့ဘူးလို့ ဖေဖေက ပြောပြတယ် .. ညည်းတို့ သားအဖ တယ်ခြေပုန်းခုတ်ကြတာကိုး ..၊ ဒီကြားထဲမှာ .. ဖေဖေကဖြင့် ညည်းတို့နဲ့ တွေ့ပြီးကာမှ .. အဲဒီ ဒေါ်ကြီးမိ ကိုတောင်မှ .. ရွာမှာ သွားစုံစမ်းစေတာတွေဘာတွေ ဖေဖေက လုပ်ပြီးကုန်ပြီ .. ငါက - ခုမှ သိရတာ .. ညည်းကို ငါ့သမီးအဖြစ် .. ညည်းအဖေ လာပို့ပြီး ပြန်သွားတာလေ .."

ဟု ဆက်တိုက်ပြောနေသမျှ ထုံ ကတော့ ငြိမ်နားထောင်ပေးနေရသည်ပါပဲ..။ အထင်အမြင် လွဲမှားမှုဆိုတာ .. တစ်ခါတစ်ခါမှာ ကာယကံရှင်အတွက် တကယ့်အမှန်တရားကြီးတစ်ခုကို ဆုပ်ခဲထားသည့်နယ် ခံစားစေတတ်ကြောင်း မေမေ့ကို ကြည့်ရင်း ထုံ နားလည်လာသည်။ ဖေဖေ့ကို အထင်လွဲမှားနေသည့် မေမေ့စိတ်ထဲမှာ .. မေမေသည် အမှန်တွေကိုချည်း ပြောနေသည်ဟု မှတ်ယူနေစေသည်တည့် ..။

"ညည်းအမေရော .."

ရုတ်ခနဲ မေမေ မေးလာတော့ ထုံ မဖြေ ..။ ရှေ့မှာ ရပ်နေသည့် မေမေဆိုတာကို .. ဖြေလျှင်လည်း မေမေ လက်ခံမှာမှ မဟုတ်ချေသည်ပဲ ..။

"ညည်းအဖေက ညည်းကို .. ညည်းအမေနဲ့ပတ်သက်ပြီး ဘာပြောထားလဲ .."

"ဆုံး၊-~ ဟု လို့ .. ပြောခဲ့ပါတယ် .. အချိန်အတိုင်းအတာတစ်ခုထိ ဆိုပါတော့ .. ဒါပေမယ့် .. မကြာသေးခင်ကတော့ မေမေ ရှိနေတယ် ဆိုတာ .. ဖေဖေ ပြောခဲ့ပါတယ် .."

"ဩော် .. နောက်မယားက သေသွားတာကိုး .. ညည်းအမေ သေသွားတော့ သမီးတစ်ယောက်နဲ့ ယာလုပ်စားတယ် ဆိုပါတော့ -





ခု .. ရွာမကျွေးနိုင်တော့လို့ လာပို့တာတော့ မဟုတ်ပါဘူးလေ .. ငါ့ ချမ်းသာပုံကြီးထဲ သမီးကို ထားချင်လို့ လာပို့တယ်ဆိုတာ သိပါရဲ့ ..၊ သူ့ကို ပြောလိုက်စမ်းပါ .. မြိုင် ဟာ့ အဲသလောက်တော့ မမိုက်မဲပါဘူးလို့ .. တခြားမိန်းမနဲ့ သူနဲ့ ရတဲ့ကလေးကို .. သမီးဆိုပြီး .. ခေါ်မွေး မထားဘူးလို့ .."

ဟု ပြောတော့ ထုံ ခေါင်းခါသည်။ မျက်ရည်လည်လာနေရင်း လည်ချောင်းထဲ ဆို့တက်လာနေသမျှကို .. မနိုင်ရင်ကန် ထိန်းနေရသည်။ မနိုင်မနင်း ထိန်းနေရသည်။ ဤမျှလောက် ပင်ပန်းတာ မရှိ။ အဖေကို တမ်းတနေသည့် အဖမဲ့သမီးတစ်ယောက်၏ မျက်ရည်ကို .. ထိန်းနေရသည်က .. မိခင်ရင်းရှေ့မှာ ဖြစ်လျက် ..၊ အမေကလည်း .. သမီးအဖြစ် လက်မခံနိုင်ဘဲ တူးတူးခါးခါး ဖြစ်နေတာကို ရင်ဆိုင်နေရသည့်အဖြစ်..။

"ထုံ ပြောပါရစေ .. ဖေဖေဟာ .. ဘယ်တုန်းကမှ .. မလိမ်ညာခဲ့ သလို .. တစ်သက်လုံး အမှန်နဲ့ပဲ ရပ်တည်ခဲ့တာပါ ..၊ ထုံ .. ဖေဖေ့ကို ယုံပါတယ် .. မေမေဟာ ထုံ့ မေမေ ဖြစ်တယ်လို့ ဖေဖေ ပြောခဲ့တာကို ယုံပါတယ် .. အဖေကို မယုံတဲ့သမီးအဖြစ် .. သံသရာဆုံးသည်အထိ.. သယ်မယ့်သမီး မဟုတ်လို့ပါပဲ ..၊ ထုံ ဟာ .. အမေနို့စို့ပြီး ကြီးပြင်းခွင့် ကို ကံကြမ္မာက ခွင့်မပေးခဲ့ပေမယ့် .. ဖေဖေ့လက်ထဲ ကြီးပြင်းခွင့်ကို တော့ ရခဲ့ပါတယ် မေမေ.. ဖေဖေ့လက်ထဲ ကြီးခဲ့ရတဲ့ ထုံ ဟာ .. ဖေဖေ့ ဖြောင့်မတ်မှုတွေကို အမြဲ မြင်တွေ့ခဲ့ရသလို .. အဲဒီ ဖြောင့်မတ်ခြင်းတွေ ကို .. ထုံ လည်း ကျင့်သုံးခဲ့ရတာပါ ..၊ ဖေဖေ့အပေါ် .. မေမေ အထင်လွဲ နေတာကို .. ထုံ အပြစ်မပြောနိုင်ပေမယ့် .. မေမေ မှားနေတယ်လို့တော့.. အမှန်တရားကို ပြောခဲ့ပါရစေ ..၊ မေမေ လက်မခံတဲ့ မေမေ့အိမ်ကို လည်း ထုံ လာမနေပါဘူး .. ထုံ့ မှာ ဖေဖေ့အိမ်လေး ရှိပါတယ် .. တစ်ချိန်က ဖေဖေနဲ့ မေမေတို့ နေခဲ့တဲ့အိမ်လေး ဆိုပါတော့ ..၊ မေမေ တစ်ခု တွေးမိဖို့ ကျန်နေတယ် မေမေ .. မေမေ့ကို ကွာရှင်းတဲ့စာချုပ်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးတဲ့ ဖေဖေဟာ .. သူ မြတ်နိုးရာ အိမ်လေးကိုတော့ ခုလောက် အကြာကြီး ချန်ထားခဲ့မှာ မဟုတ်ပါဘူး မေမေ .. ဘာလို့လဲဆိုတော့ .. အဲဒီအိမ်လေးမှာ ဖေဖေဟာ မေမေနဲ့တူတူနေခဲ့လို့ပါပဲ ..၊ အဲဒီအိမ်လေး ကို ချန်ခဲ့ရခြင်းဟာ .. ထုံ နဲ့ မခွဲဘဲ အမြဲ အတူနေရအောင်လို့ပဲဆိုတာ .. ထုံ သိနေတယ် .. ယုံနေတယ် ..၊ တကယ်တော့ တရားခံဟာ ထုံ ဖြစ် ပါတယ် .. ထုံ့ ကြောင့် .. ထုံ့ ကို မွေးခွင့်ရဖို့အတွက် .. ဖေဖေဟာ .. အားလုံးကို ချန်ခဲ့တာပါ .. ပြီးတော့ .. ဖေဖေဟာ .. တစ်ခုကို ယုံကြည် သွားခဲ့ဖူးတယ် မေမေ .. မေမေဟာ ဆင်းရဲဒဏ်ကို မခံနိုင်တော့ဘူး ဆိုတာရယ် .. မေမေဟာ လူတစ်ယောက်နဲ့ လက်ထပ်တော့မယ်ဆိုတာ ရယ် .. အဲဒီကတည်းက .. သိသွားခဲ့ရတာပါ ..၊ အဲဒီအဖြစ်မှန်တွေကို ထုံ သိခဲ့ရတာလည်း မကြာသေးပါဘူး .. အရင်တုန်းကတော့ ထုံ ဟာ မိခင်ဆုံးပါးခဲ့ပြီဆိုတာလောက်ပဲ သိရင်း .. ဖေဖေ့လက်ထဲ ကြီးလာခဲ့ ရတာပါ မေမေ .."

"အော် .. အော် .. ညည်းလည်း .. အဲဒီသူ ထွင်တဲ့ ဇာတ်လမ်းသစ် တစ်ခုကို မကြာသေးခင်ကမှ သိခဲ့ရတယ် ဆိုပါတော့ ..၊ ကဲပါလေ .. ဒီနေ့ပဲ ဖေဖေ ပြောပြလို့ .. ညည်းကို ခေါ်မယ်ဆိုတာ ငါ မကြာသေးခင် ကမှ သိရတာ ..၊ သိသိချင်း ငါ ငြင်းတယ် .. ညည်း ရှိနေတယ်ဆိုတဲ့ ဒီခတ္တာမြို့ကိုလည်း ငါ လိုက်လာခဲ့တယ် .. ငါ့ဘက်က ပြတ်သားတဲ့ အဖြေကိုလည်း ညည်းကို ပေးခဲ့ပြီ .. ညည်း .. ပတ္တမြားစံအိမ်ကို လာဖို့ မကြိုးစားပါနဲ့ .. ငါ့ကို .. ရက်ရက်စက်စက် ပစ်ထားခဲ့တဲ့လူတစ် ယောက်ရဲ့သမီးကို ..ငါ .. မကျွေးမွေးပါရစေနဲ့ .. ငါ့ချမ်းသာစည်းစိမ် မပေးပါရစေနဲ့ .. ငါ့ကို .. သူ ပစ်ခဲ့ပြီး ရက်စက်တာနဲ့ အားမရလို့ .. သူ့သမီးကို .. ကျွေးမွေးဖို့ လာအပ်တာကို .. လက်ခံမယ် မထင်နဲ့ .. ညည်း သူ့ကို ပြောလိုက်ပါ .. အကြံအစည်တွေကို ရပ်ပါလို့ .. ငါက ပြောတယ်လို့ .."





ဟု စိတ်လိုက်မာန်ပါကြီး ပြောကာ တစ်ချက် လက်ပတ်နာရီကို ကြည့်သည်။

"ကဲ .. ငါ့မှာ အချိန်မရှိဘူး .. ပြန်မယ် .."

ဟု ပြောချိန်မှာ ထုံ မေမေ့ကို ကြည့်လိုက်ကာ ...

"စိတ်ချပါ .. ထုံ ပတ္တမြားစံအိမ်ကို မလာပါဘူး .. နောက်တစ်ခု [illegible] မေမေမှာလိုက်တဲ့စကားတွေကို .. ဖေဖေ့ကို .. ထုံ ပြောပြလို့လည်း ရတော့ပါဘူး .. နောက်ဆုံး .. မဖြစ်ဖြစ်အောင် ပြောစမ်းဟေ့ဆိုရင် တော့ .. ဖေဖေ့ဓာတ်ပုံရှေ့မှာရပ်ပြီး ပြောနိုင်တာပဲ ကျန်ပါတော့တယ်..၊ ဒါပေမယ့် .. ဒီလောက်ထိ တူးခါးနေတဲ့စကားမျိုးကို ဖေဖေ့ဓာတ်ပုံရှေ့ မှာလည်း သမီးတစ်ယောက်အနေနဲ့ .. ထုံ မပြောရက်ပါဘူး .."

ဟု ပြောတော့ မေမေ တစ်ချက်နားမလည်သလို စိုက်ကြည့်လာ သည်။ ထုံ့ စကားက ဆန်းနေသည်လေ ..၊ မေမေ့အတွက် ဆန်းနေ သည်။ မေမေ ထင်သည်က ဖေဖေ ရှိနေသည်ဟု ..။

"ဖေဖေ့ဓာတ်ပုံရှေ့မှာ အဲသလို ရပ်ပြီး ပြောလိုက်ရင် .. သမီးဖော [illegible] နောက်ဆုံးအချိန်ထိ နောက်ဆံငင်နေခဲ့ရှာတဲ့ ဖေဖေ့ဝိညာဉ်လေး [illegible]င်ကျိုးပါလိမ့်မယ် မေမေ ..၊ ဖေဖေ .. ဖေဖေ .. မရှိတော့ပါဘူး .. [illegible]ဖေ ဆုံးပါပြီ .. သမီးကို အမေလက်ထဲ အပ်ဖို့ .. အဘိုးလက်ထဲအပ် [illegible] ဆုံးဖြတ် အပ်ခဲ့ချင်တဲ့ ဖေဖေ .. ဆုံးပါပြီ ..၊ မေမေ အလွန်နာကြည်း [illegible]းတီးတဲ့ .. မေမေ့ဘက်က လုံးဝ မျက်နှာတောင် မကြည့်ချင်တော့တဲ့ [illegible]ဖေဟာ .. မရှိတော့ပါဘူး .. ဖေဖေ ဆုံးပါပြီ .. ဆုံးပါပြီ မေမေရဲ့.."

ဟု ပြောနေရင်းမှ ထုံ ကြမ်းပေါ် ထိုင်ချလိုက်ကာ မျက်နှာပေါ် [illegible]က်ဖဝါးလေးတွေ အုပ်ရင်း မျက်ရည်တွေ ကျလာသည်။ အသံမထွက် [illegible]ရ ..၊ ထွက်ခွင့်မပေး ..။ မေမေ့ထံ လိုက်နေခွင့်ရဖို့ မျက်ရည်ခံထိုးနေ သည်ဟု မေမေ ထင်တာမျိုးကိုတော့ အဖြစ်မခံနိုင် ..။ ဖေဖေ့မာနတရား [illegible]တာမျိုးက သမီးထံမှာလည်း ရင်ထဲ လာထင်နေသည်ပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

မေမေ့ထံမှ အသံ ..၊ တိုးဖျော့ဖျော့အသံ ..၊ မေမေသည် တစ်ချ
ငြိမ်ကျသွား၏။ ထို့ မျက်နှာထက်မှာ အုပ်မိုးထားသည့် လက်ဖဝါး
ကို မေမေ့လက်တွေက လာ၍ ထိသည်။ ထို့ လက်ဖဝါးလေးတွေ
မျက်နှာမှ အလောတကြီးပင် ဆွဲဖယ်သည်။ မေမေ့မျက်နှာသည်
မျက်နှာနှင့် အနီးတကပ် ဖြစ်နေ၏။ မေမေ ခါးငုံ့ကိုင်း၍ တုန်လှုပ်
မေးလာနေသည်။ မေးသံက ဆက်တိုက် ..။

"သူ .. ဆုံးပြီ .. ဟုတ်လား .. ဘယ်တုန်းက ဆုံးတာလဲ ..၊ ဘ
တုန်းက ဆုံးတာလဲ .. ဘုရား!... ဘုရား .. သူ .. မရှိတော့ .. ဘူး
ဟုတ်လား ..၊ မ .. ရှိ .. တော့ဘူး .. ဟုတ် .. လား .. ၊ ဘယ်တုန်းက
ဖြေစမ်းပါ .. ဘယ် .. တုန်းကလဲ .."

မေမေ့လက်တွေ ထို့ ပခုံးပေါ် ပြောင်းတင်လာသည်။ ပခုံးကို
၍ မေးနေသည်။ ထို .. မျက်တောင်တဖျပ်ဖျပ် ခတ်နေ၏။ ကိုယ်
က ရှေ့တိုးနောက်ငင် ..။

"ငါ့ကို .. ဖေဖေ .. မပြောပြဘူး .. အဲဒါ .. ချန်ထားတယ် ..
ထားတယ် ..၊ ဟဲ့ .. ဖြေစမ်းပါ ထို .. သူ ဘယ်တုန်းက .. ဆုံး .. တ
လဲ .."

ဟု မေးသံက တစ်ဆို့ဆို့အသံ ပြောင်းလာနေသည်။ ထို သိ
ပါပြီ။ မေမေ့ရင်ထဲမှာ ဖေဖေ ရှိနေသည်။ တကယ်က .. ရှိနေသည်
မေမေကိုယ်တိုင်က မသိဘဲ ဖြစ်နေခြင်းသာ ..။ မေမေ့ရင်ထဲမှာ
ကို နာကြည်းနေသည်ဆိုတာပဲ ရှိနေသည်ဟု မေမေ ထင်နေပေမယ့်
ဖေဖေသည် .. မေမေ့ မြတ်နိုးရာအဖြစ် လျှို့ဝှက်သိုသိပ်စွာ နှစ်မြှုပ်
ချီ၍ ရပ်တည်နေချေသည်တကား ..။

"ဘိုးဘိုးကို .. ဖေဖေ .. တွေ့တဲ့နေ့ .. ထို့ ကို အပ်တဲ့နေ့
ဖေဖေ .. ဆုံးတဲ့နေ့ပါပဲ ..၊ ဒီနေ့ .. ရက်လည် .. ပါ .. တယ် .."





ဟု ထို မျက်ရည်ကျလာရင်း ဖြေသမျှ မေမေ မျက်တောင်မခတ်
ငေးစိုက်ကြည့်နေရင်း နားထောင်နေသည်။ ထို့ ပခုံးပေါ်မှာ အားနှင့်ဆုပ်
ထားသော မေမေ့လက်ဖဝါးတွေ အားပျော့လာသည်။ နောက်တော့ ပခုံး
ပေါ်မှ လျှောခနဲ ပြုတ်ကျသွား၏။ မေမေသည်လည်း ကြမ်းပေါ်တွင်
အားကုန်အားပြတ် ထိုင်ချလိုက်ပါသတည်း ..။

"ဩော် .. သူ .. ငါ့ကို .. လုံးဝ .. မာနနဲ့ ချန်ထားခဲ့ပြီကိုး .."

ဟု ခပ်ညည်းညည်း အသံ ပွင့်ကျလာသည်။ ခေါင်းခါနေသည်။
နောက် မျက်ရည်ကျလာနေသည်မှ အတောမသတ် ..။

တံခါးဝမှာ လူရိပ် ထင်လာပါ၏။

ဘိုးဘိုးပါ တကား ..၊ ဘိုးဘိုး လိုက်လာသည်တည့် ..။

အခန်းလေးကတော့ တိတ်ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"အဲဒါကြောင့် .. ဖေဖေဟာ မြိုင့် ကို မပြောပြခဲ့တာပဲ မြိုင် မောင်သုတ ဆုံးပါးခဲ့ပြီဆိုတာ ဖေဖေ ထိမ်ချန်ထားခဲ့တာ အဲဒါကြော ပါပဲ ..၊ မြမွှေးထုံ ဆီက .. အဲဒီစကားကို .. မြိုင် ကြားတဲ့အခါ ဘယ်လိုဖြစ်တည် ခံစားသွားရတယ်ဆိုတာ မြေးကိုယ်တိုင် မြင်လိုက် တာ ပိုရှင်းသွားမယ်လို့ ဖေဖေ ထင်တယ် .. အခု မြေးလည်း မျက်ဝ ထင်ထင် မြင်ရပြီ .. မြေးရဲ့မေမေ ဘယ်အထိ ခံစားလိုက်ရတယ်ဆိုတ လေ .."

ဘိုးဘိုး အခန်းတွင်း ဝင်လာရင်း ခုတင်ထက်မှာ ထိုင်လိုက် မျက်နှာမလန်းဘဲ ခပ်လေးလေး တစ်လုံးချင်း ပြောလာပါ၏။ မေ ငိုင်နေသည် ..၊ ငြိမ်နေသည်။

"ဖေဖေ ဒီကို လိုက်လာရတာက .. မြိုင် ဟာ .. ဖေဖေ့စကား လက်မခံပဲ နေခဲ့တယ် .. သမီး ရှိတယ်ဆိုတာကို ခါးခါးသီးသီး ငြ တယ် .. ခင္တာမြိုင်မှာ မြမွှေးထုံလေး ရှိနေတယ်ဆိုလို့ .. စိတ်နော ကိုယ်ပါ ကားနဲ့ လိုက်သွားတာမို့ .. ဖေဖေ လိုက်လာရတာ ..၊ မောင် ထက် ကိုလည်း ဖေဖေ ကားမောင်းပို့ခိုင်းခဲ့တယ် .. မြိုင့် ကို လိုအပ် ဖျောင်းဖျဖို့အတွက်လည်း စွမ်းထက်ခေါင် ဟာ အတူပါလာသင့်တ လို့ ဖေဖေ ထင်တယ်လေ .. ဒါက တစ်ချက်ဆိုပါတော့ ..၊ နောက်





ချက်ကတော့ .. မောင်သုတ မရှိတော့ဘူးဆိုတာ သမီးမြိုင် သိတဲ့အခါ ာ ခံစားရလိမ့်မယ်လို့ ဖေဖေ ထင်တယ် .. ယုံတယ် .. အဲဒီအခါမှာ.. မြေးလည်း .. မျက်ဝါးထင်ထင် .. မြင်သွားရပေမယ် .. အဲဒါကြောင့် .. ဖေ လိုက်လာတာ ..၊ စွမ်းထက်ခေါင် ကိုတော့ ဧည့်ခန်းမှာ ထိုင်စောင့် ိုင်းထားတယ် .. မစိမ့် နဲ့တူတူ ရှိနေရလေရဲ့ .. မစိမ့် လည်း စိတ်ထိခိုက် နေတာပါပဲ ..၊ မြိုင် ရောက်လာပုံကြီးက စိတ်လိုက်မာန်ပါနိုင်နေတာမို့.. ့ ကို .. ပြင်းပြင်းထန်ထန် ပြောနေတော့မယ်ဆိုတာ သိနေတယ်တဲ့၊ ါင်းမာတဲ့ မြိုင့် ကို ထိန်းနိုင်မှာလည်း မဟုတ်မှန်းသိလို့ .. ဧည့်ခန်းထဲ ာ မှိုင်တွေချ ထိုင်နေတုန်း.. ဖေဖေတို့ ရောက်လာတော့ .. မစိမ့် ခမျာ ိုင့် ကို မြန်မြန် အခန်းထဲ သွားတွေ့ပါလို့ ဖေဖေ့ကို တိုက်တွန်းခဲ့ရှာ ယ် .. ကလေးကို .. စိတ်ထိခိုက်အောင် ပြောနေပြီ ထင်တယ်လို့လည်း စိမ့် က ပူပန်စိတ်နဲ့ ပြောရှာတယ် .."

ဟု ဘိုးဘိုး ပြောနေချိန်မှာ မေမေ ရုတ်ခနဲ ဘိုးဘိုးကို ကြည့်သည်။ ့ ကို ကြည့်သည်။ မျက်ရည်ကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်သည်။ ဖြည်းဖြည်း မေမေ့မျက်ဝန်းမှာ ခံပြင်းရိပ်တွေ ပြန်၍ နေရာယူလာကြ တာကို အံ့ဩစွာ ထုံ မြင်နေရပါ၏။ ဤမျှ ကြေကွဲနေသည့် ခံစား က်တွေသည် မေမေ့ရင်ထဲမှ ဖြုန်းဆို ပြန်၍ နုတ်သိမ်းပျောက်ကွယ် းနိုင်ခဲ့ပြီတဲ့လား ..။ နာကြည်းခံပြင်းခြင်းတွေက မူလအတိုင်း ပြန်၍ ရာယူလိုက်နိုင်ကြသည်တဲ့လား။ ဤတစ်ကြိမ်တွင်တော့ ဖေဖေ့သမီး စ်ယောက်အဖြစ် ထုံ ရင်ထဲမှာ အထိခိုက်ကြီး ထိခိုက်လာရပါပြီ။ ဖေ မရှိတော့တာကို သိရပါသည့် မေမေသည် ထိုမျှ တိုတောင်းစွာ ာ အချိန်လေးတစ်ခုကိုပဲ ဖေဖေ့အတွက် ကြေကွဲခြင်းအဖြစ် ထားရှိ ရက်သည်တဲ့လား ..။

ဘိုးဘိုးကို မေမေ မော့ကြည့်ကာ ...

"ဒါဆို .. သူက .. ဘာလို့ မြိုင့် ကို ရင်မဆိုင်ရဲရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ .. သူ လိပ်ပြာမရဲလို့ပေါ့ .. သူ့သမီးဟာ မြိုင့် သမီး မဟုတ်ဘူး ဆိုတာ .. မြိုင် သူ့လေသံ .. သူ့မျက်နှာရိပ်ကဲနဲ့တင် သိနိုင်မယ်ဆိုတာ သူ သိနေလို့ပေါ့ ..၊ သူ့ .. ဖေဖေ့ကိုပဲ ခေါ်တွေ့တယ်ဆိုတာက .. သူ့မျက်နှာကဲကို ဖေဖေမှ မဖမ်းတတ်တာ .. မြိုင် ကျတော့ ဖမ်းနိုင်တယ်လေ .. သူ လိမ်လို့မရဘူးဆိုတာ သူ ကောင်းကောင်း သိတာမို့.. ခုလို ဖေဖေ့ကို သူ ပိပိရိရိ ခေါ်ပြီး လိမ်ညာပြောတာ ..၊ မြိုင် .. သူ့သမီးကို ကြည့်တယ် .. သူနဲ့ တူတယ် ဖေဖေ .. သူ့အဖေရဲ့ မျက်လုံး .. မျက်တောင် .. သူ့အဖေရဲ့ သေးသွယ်တဲ့လက်လေးတွေ .. သူ့အဖေရဲ့မျက်ခုံးအို.. သူ့ကို.. မြိုင် ဘယ်လောက်ထိ စိတ်နာနေတယ်ဆိုတာ သူ ကောင်းကောင်း သိပါတယ် .. သူ သေတော့မယ်ဆိုတာ သိလာချိန်မှာ .. တခြားမိန်းမနဲ့ရတဲ့ သမီးကို မြိုင့် သမီးပါဆိုပြီး .. ဖေဖေ့ကို အယုံလာသွင်းတာ ..၊ အန်တီစိမ့် ကို အယုံလာသွင်းတာ ..''

ဟု ခံပြင်းစွာ မေမေ ဆက်တိုက် ပြောနေသည်။

''သူ .. မြိုင့် ကို .. တကယ်ဆိုရင် အရင်ဆုံး တွေ့ရမှာ .. ပြောရမှာ..၊ ဒီကလေးဟာ မြိုင့် သမီး ဖြစ်တယ်ဆိုရင် .. ဒီကလေးကို အရင်ဆုံး တွေ့ပေးရမယ့်သူ .. ဒီကလေးကို အရင်ဆုံး မြင်ရမယ့်သူဟာ မြိုင်ပဲ ဖြစ်ရမှာ ..''

ဟု ခံပြင်းစိတ်ဖြင့် ဆက်တိုက် ပြောနေသမျှ ထုံ နားထောင်ရင်း ငြိမ်မနေနိုင်တော့ပြီ ..။ ဖေဖေ့မှာ ထုံ ပဲ ရှိသည်လေ ..၊ ဖေဖေ့ ဤမျှအထိ မေမေ အထင်လွဲနေတာကို ထုံ ငြိမ်နားထောင်မပေးနိုင်တော့ပါ။ ထုံ .. မေမေ့ရှေ့မှာ သွားရပ်လိုက်ပါပြီ။ နောက်တော့ မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ မေမေကလည်း ထုံ့ ကို မျက်တောင်မခတ် ငေးဆိုင်ကြည့်နေပါ၏။

''မေမေဟာ .. မေမေ့သမီးကို .. သမီးအဖြစ် လက်မခံချင်နေပေါ့ ဒါပေမယ့် .. ထုံ့ ဖေဖေကိုတော့ .. လူလိမ်တစ်ယောက်လို့ မပြောပါနဲ့





မေမေ ..၊ တစ်ချိန်က မေမေဟာ .. ဖေဖေ့ကို လက်ထပ်ခဲ့တာပါ၊ မေမေ လက်ထပ်ခဲ့တဲ့ .. မေမေ့ခင်ပွန်းသည်တစ်ယောက်အပေါ်မှာ ဒီလောက်အထိ အယုံအကြည် ကင်းမဲ့နေတာကိုတော့ ထုံ အံ့သြတယ် မေမေ .. ကြည်းတာကို ထုံ အပြစ်မတင်ချင်ပါဘူး .. အကြောင်းတရားတွေက များကြီး ရှိနေကြတာမို့ .. မေမေ့ရင်ထဲမှာ ဖေဖေ့အပေါ် အထင်လွဲနေတာကို ထုံ နားလည်ပေးနိုင်ပါတယ်.. ဒါပေမယ့် ထုံ့ ဖေဖေကို .. လူလိမ်ကြီးတစ်ယောက်လို့ မေမေ အနိုင်အမာ စွပ်စွဲပြောနေတာကိုတော့ .. ဖေဖေ့သမီးတစ်ယောက်အနေနဲ့ .. ထုံ ငြိမ်နားထောင်မပေးနိုင်တော့ဘူး မေမေ ..၊ ဘာလို့လဲဆိုတော့ .. ထုံ ဟာ ထုံ့ ဖေဖေကို နားလည်တယ်.. ယုံကြည်တယ်.. အထင်ကြီးတယ် .. ဖေဖေ့သိက္ခာနဲ့ မာနကို သိတယ်..''

ထုံ ဆက်တိုက် ပြောနေသမျှ ဘိုးဘိုး ကြည့်ကာ ခေါင်းယမ်းပြသည်။ ဆက်မပြောနဲ့ဟု တားနေခြင်း ..၊ ဒါပေမယ့် ထုံ ငြိမ်မနေနိုင်တော့ပါ။ နှုတ်ဆိတ် မနေနိုင်တော့ပါ။ ဖေဖေ့အတွက် .. ဖေဖေ့ ကိုယ်ချင့်တရားနှင့် မာနအတွက် .. ထုံ မေမေ့ကိုလည်း ဖေဖေ့ဘက်မှ ရပ်တည် ဖြေရှင်းရမည့်တာဝန်ကို ရှိနေပြီ ..။

''အေး .. ငါ ထပ်ပြောမယ်.. နင့်ကို .. သူက .. ငါ့သမီးလို့ ပြောပိုင်း ငါက အလွယ်တကူနဲ့ လက်ခံပြီး .. ငါ့အိမ်ပေါ်မှာ တင်ထားမှာတော့ မဟုတ်ဘူး မြွေးထုံ ..၊ ဒီမယ် .. ငါ ပြောမယ် .. ငါ သားတစ်ယောက်ကို မွေးစားထားတယ်.. သားတစ်ယောက်လိုလည်း ချစ်တယ်..၊ ဘာလို့လဲ သိလား .. လိမ်ညာပြီး .. အကွက်ဆင်ပြီး .. ငါ့အိမ်ပေါ်ကို တက်လာတာ မဟုတ်တဲ့ .. စွမ်းထက်ခေါင် ကို .. ငါ .. သားအဖြစ် ခံနိုင်တယ် ..၊ ဒါပေမယ့် .. မရိုးမသားနဲ့ ဉာဏ်ဆင်ပြီးတော့ .. ငါ့အိမ်ပေါ်ကို အကွက်ထိုးပြီး တက်လာတဲ့ မင်းကိုတော့ သမီးတစ်ယောက်အဖြစ် ငါ လက်မခံနိုင်ဘူး ..၊ သူဟာ .. ငါ့သမီးကို ငါ့ဆီမှာ ထားချင်ယ်ဆိုရင် .. နှစ်တွေ အများကြီး အချိန်ရှိနေခဲ့တာပဲ .. သူ ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာပဲလေ ..၊ ခု .. သူ မရှိတော့တဲ့အချိန်မှာ .. သူ့သမီးလေး အားကိုး ရာ မရှိတော့ဘူးဆိုပြီး .. ငါ့လက်ထဲ .. ရော့ .. နင့်သမီးဆိုပြီး လာထိုးအပ် လိုက်တာနဲ့ .. ငါက .. ယုံကြည် လက်ခံပေးလိုက်ရမှာလား..၊ စွမ်းထက် ခေါင် .. စွမ်းထက်ခေါင် ..''

ဟု အော်ပြောတော့ လူရိပ်တစ်ခု တံခါးဆီမှာ ပေါ်လာပါ၏။ အရပ်မြင့်မြင့်ဖြင့် သန့်ပြန့်သော ရုပ်ရည်နှင့် လူတစ်ယောက် ..၊

''အဲဒါ .. ငါ့သား စွမ်းထက်ခေါင် ပဲ ..''

ဟု မေမေ ပြောလာချိန်မှာ ထုံ ထရပ်လိုက်ပါပြီ ..။ ခပ်လှမ်းလှမ်း မှာ ထုံ သွားရပ်သည်။ ဘိုးဘိုးကတော့ စိတ်မောပုံကြီးဖြင့် မေမေ့ကို ကြည့်နေပါ၏။

''မြင့် .. စကား မကျွံနဲ့ ..''

ဟု ဘိုးဘိုး ပြောတော့ မေမေ ခေါင်းခါပြသည်။ တံခါးအနီးမှာ ရပ်နေသည့် စွမ်းထက်ခေါင် ဆိုသည့် လူရွယ်တစ်ယောက် ဘေးမှာ မေမေသည် ခေါင်းကို မော့၍ ရပ်၏။

''ဒါ .. ငါ့သားပဲ မြွေးထုံ ..''

ဟု ထပ်ပြောလာတော့ ထုံ တည်ငြိမ်စွာ ကြည့်သည်။

''ရော့ .. ဆိုပြီး ဖေဖေက လာပေးတာနဲ့ .. ထုံ့ ကို သမီးအဖြစ် လက်ခံပေးလိုက်ရမှာလားလို့ မေမေ မေးခဲ့တာကို ထုံ ဖြေပါ့မယ် .. လက်မခံချင်ရင် လက်မခံပါနဲ့ မေမေ .. ဒါပေမယ့် ထုံ ကတော့ .. ဖေဖေ ဟာ မေမေ့သမီး ဆိုတာကို ယုံကြည်တယ် .. ဘာလို့လဲဆိုတော့ .. ဖေဖေ့ကို ယုံကြည်လို့ပါပဲ ..၊ အဲဒီအချက်က မေမေနဲ့ ထုံ တို့နှစ်ယောက် ကြားမှာ ဖေဖေနဲ့ပတ်သက်ပြီး ထားရှိတဲ့ စိတ်သဘော မတိုက်ဆိုင် ဖြစ်နေတယ် မေမေ .. ထုံ ကတော့ .. ထုံ့ ဖေဖေကို ယုံကြည်တဲ့အတွက် မေမေဟာ ထုံ့ ကို သမီးအဖြစ် လက်မခံရင်လည်း ကိစ္စမရှိပါဘူး .. ထုံ့ အတွက် မေမေဟာ .. ထုံ့ မေမေပဲ ဖြစ်နေမှာပါ ..၊ ဒါပေမယ့် .. မစိုးရိမ်ပါနဲ့ မေမေ .. ထုံ က .. ထုံ့ မေမေဆိုတာကိုပဲ ယုံကြည်ရုံသက် သက်ပဲ ရှိနေမှာပါ ..၊ မေမေ့ ပတ္တမြားစံအိမ်ဆိုတာကြီးကို .. မပတ်သက် တဲ့ မြွေးထုံ အဖြစ်ပဲ ရှိနေမှာပါ မေမေ .. မေမေ့ မျက်စိအောက်ကို ရောက်မလာစေရပါဘူး ..''

ထုံ ပြောလာတော့ မေမေ ရင်ကိုဖိ၍ ဘိုးဘိုးကို ကြည့်ကာ ...

''ကြည့် .. ကြည့် .. အဲဒါ.. သူ့အဖေသွေး အစစ်ပဲ ဖေဖေ .. မြင့် ကိုများ ပြောနေလိုက်တာ မာနတလူလူနဲ့ .. ဒီမယ် .. အဲသလို ပြောလိုက် လို့ .. ငါ့စိတ်တွေ ယိမ်းယိုင်သွားမယ်များ ထင်သလား .. မယုံကြည်တဲ့ စိတ်က ညည်းအဖေအပေါ်မှာ ခုထိ တည်မြဲနေတုန်းပဲ .. သိရဲ့လား..''

ဟု ပြောလာတော့ ထုံ ကြေကြေကွဲကွဲ ပြုံးလိုက်မိရပါပြီ။ ဖေဖေ မျှော်လင့်ထားတာတွေကို ဘိုးဘိုးမှ ဖြည့်ဆည်းပေးချင်ပေမယ့် မေမေက လက်မခံသည်ပဲလေ ..။

''ဖေဖေ့ကို .. နောက်ထပ် လူလိမ်လူညာတစ်ယောက် .. အခွင့် အရေးသမားတစ်ယောက်လို့ .. ထပ်တိုးပြီး မပြောပါနဲ့တော့ မေမေ .. ထုံ ရှိခိုးတောင်းပန်ပါတယ် .. ဖေဖေဟာ အလွန် နူးညံ့လှပတဲ့ လက် လေးတွေကို ပိုင်ဆိုင်ထားတာ .. အိမ်လေးက ဓာတ်ပုံမှာ ထုံ မြင်ခဲ့ရ တယ် ..၊ ထုံ ငယ်ကတည်းက တွေ့ခဲ့ရတဲ့ ဖေဖေ့လက်တွေဟာ ကြမ်းရှ နေတဲ့လက်တွေ .. နေလောင်ထားတဲ့လက်တွေ .. နေလောင်ထားတဲ့ မျက်နှာနဲ့ .. အလွန် ပိန်သွယ်တဲ့သူအဖြစ်ပဲ ထုံ မြင်ခဲ့ရတာ ..၊ ဖေဖေ ဟာ .. ယာခင်းထဲမှာ နေလောင်ခံပြီး တကုတ်ကုတ်နဲ့ စိုက်ခင်းတွေ ကြားထဲမှာ နေခဲ့ရတာပါ မေမေ .. ထုံ့ ကို ကျွေးမွေး ပညာသင်ပေးခဲ့ တာပါ ..၊ အဖေရဲ့မေတ္တာ ပေးခဲ့တာပါ .. ထုံ့ အတွက် ပိုက်ဆံတွေ စုခဲ့ရာမှာ .. ချောင်းဆိုးသွေးပါ ဖြစ်နေတာတောင်မှ ဆေးခန်းမပြ .. ဆေးမကုဘဲ .. ချောင်းဆိုးပျောက်ဆေးလေးလောက် သောက်ပြီး .. ငွေကို ချွေတာခဲ့တာပါ ..၊ ထုံ့ အတွက်ပါ .. ဖေဖေဟာ ထုံ့ ကို တာဝန်ယူ







www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အတွက် ဘယ်တုန်းကမှ ပင်ပန်းတယ်လို့ မညည်းခဲ့သလို.. တာဝန်ကြီးလိုက်တာလို့လည်း မပြောခဲ့ပါဘူး မေမေ ..၊ ဖေဖေဟာ .. ငွေဆယ်သိန်းကို စုထားခဲ့တာ ဒီနေ့မှ ထုံ မြင်ခဲ့ရတာပါ .. ဖေဖေ့မေတ္တာကို သိတဲ့ ထုံ ဟာ .. ဖေဖေ့ကို မေမေ ပြောနေတာတွေ ငြိမ်နားထောင်ပေးတဲ့ ထုံ အဖြစ်တော့ မနေပါရစေနဲ့ မေမေ .. ဖေဖေဟာ ကိုယ့်အားကိုပဲ အားကိုးပြီး .. မာနနဲ့ .. ယာခင်းထဲမှာ အချိန်တွေကို ပင်ပင်ပန်းပန်း ဖြတ်သန်းနေရခြင်းဟာ သမီးလေးနဲ့အတူ မခွဲမခွာ ရှိနေဖို့အတွက်ပါ၊ သမီးနဲ့နေရမယ်ဆိုရင် .. ဖေဖေဟာ ဖေဖေ မြတ်နိုးတဲ့ အနုပညာရှင်ဘဝကို စွန့်လွှတ်ခဲ့တယ် .. စောင်းကြိုးတွေနဲ့ ထိတွေ့ခဲ့တဲ့ ဖေဖေ့လက်တွေဟာ ပေါက်တူးပေါက်ပြားတွေ .. ပေါင်းမြက်တွေနဲ့ ထိတွေ့ခဲ့တယ်..၊ အဲဒီအချိန်မှာ မေမေက လေအေးစက်တပ် ရုံးခန်းထဲမှာ အလုပ်လုပ်နေချိန် ဖြစ်နေမှာပေါ့ မေမေ .. လေအေးစက်ဖွင့်ထားတဲ့ ကားပေါ်ကဆင်းပြီး လေအေးစက်ဖွင့်ထားတဲ့ ရုံးခန်းထဲမှာ ငွေကြေးကိစ္စတွေ ထောင်သောင်းချီနေတဲ့ သိန်းဂဏန်းများစွာကို တွက်ချက် လုပ်ကိုင်နေချိန်မှာ.. ဖေဖေဟာ .. နှစ်များစွာ ပင်ပန်းရှာဖွေ စုဆောင်းထားတဲ့ ငွေဆယ်သိန်းကို မနည်း စုခဲ့ရတာပါ .. ထုံ့ အတွက်ကလည်း မေမေ့ငွေကြေး သိန်းရာထောင်ချီတာတွေထက် .. အဲဒီငွေဆယ်သိန်းကို ပို တန်ဖိုးထားပါတယ် ..၊ ထုံ က အစကတည်းက ယာတောထဲ ကြီးပြင်းလာတဲ့ မြွေးထုံ ပါ .. ခမ်းနားချမ်းသာခြင်းဆိုတာကို ကြုံလည်း မကြုံဖူးသလို ဆင်းရဲတာကိုလည်း ခံနိုင်ရည်ရှိတဲ့ ထုံ ပါ .. ဖေဖေ့အိမ်လေးမှာ ထုံ နေတတ်ပါတယ် .. နေလည်း နေပါ့မယ် ..၊ မကြောက်ပါနဲ့ မေမေ ထုံ ဟာ မေမေ့ချမ်းသာပုံကြီးထဲ ဝင်တိုးမှာ မဟုတ်ပါဘူး .. စိတ်သောကလည်း မများပါနဲ့ မေမေ .. စိတ်ချမ်းသာ .. သက်သောင့်သက်သာ နေမြဲဘဝမှာ အကြောင့်ကြကင်းကင်းနဲ့ နေပါ ..၊ ဟဲ့ .. ဟိုကောင်မလေး ငါ့အိမ်ပေါ်တက်လာမလား .. ဟိုကောင်မလေး ငါ့ပစ္စည်းတွေ လာစံစား





မလား .. အဲသလို.. စိတ်ကြောင့်ကြ ပူပန်မဖြစ်ပါနဲ့ မေမေ .. ထုံ ဟာ.. ဖေဖေ့သွေးပါ ..၊ ဖေဖေ့မာနတွေ ထုံ့ မှာ ရှိပါတယ် .. ဖေဖေ့ခွန်အားတွေ ထုံ့ မှာ ကျန်နေပါတယ် ..''

"မြေး .. အဲသလို မပြောရဘူးလေ ..''

ထုံ ပြောနေသမျှ မေမေကတော့ မျက်တောင်မခတ် စိုက်ကြည့်နားထောင်နေပါ၏။ ဘိုးဘိုး ဝင်ဟန့်တော့ ထုံ မျက်ရည်လည်နေသည်။ မေမေကလည်း ထုံ့ ကို ကြည့်ကာ ပြုံး၍ ...

"အာဂကောင်မလေးပဲ .. သူက .. သေးသေးဖြူဖြူလေးနဲ့ .. ငါ့ကို များ အာခံနေသေးတယ် ..''

ဟု ပြောကာ အခန်းတွင်းမှ ထွက်သွားတော့ ဘိုးဘိုး ထရပ်သည်။

"ဘိုးဘိုး လိုက်သွားမယ် .. စွမ်းထက်ခေါင် .. ညီမလေးကို အဖော်လုပ်နေလိုက် ..''

ဟု ပြောကာ ဘိုးဘိုး မေမေ့နောက် လိုက်သွားပါ၏။

"ကလေးကို အဲသလို ပြောလိုက်လို့ .. မင်း တစ်နေ့မှာ နောင်တတွေ ရင်နဲ့မဆံ့အောင် ခံစားရမယ် မြင့် .. ဖေဖေ သတိပေးတဲ့စကားကို သဘောပေါက်နိုင်အောင် .. နားလည်နိုင်အောင် .. ကြိုးစားစမ်းပါ ..၊ ခေါင်းမာတာကို လျှော့စမ်းပါ .. အဖေရဲ့အရိပ် ရုတ်ခနဲ ပျောက်သွားရပြီဖြစ်တဲ့ ကလေးဟာ .. မင်းရဲ့သမီး ဖြစ်နေတယ်ဆိုတာကိုလည်း စာနာပေးစမ်းပါ ..''

ဟု ဘိုးဘိုး ပြတ်သားစွာ မေမေ့ကို ပြောနေသည့် စကားသံတွေက ဧည့်ခန်းဆီမှ လွင့်လာသည်။

ထိုစဉ်နိုက် ထုံ့ ဘေးမှာ ရပ်လာရင်း ...

"အန်တီမေမေ့ကို .. အဲသလို မပြောရဘူး ညီမလေးရဲ့ .. အန်တီမေမေဟာ .. အမြဲ ကြေကွဲနေတာတွေကို မျိုသိပ်ခံစားနေတဲ့ အန်တီမေမေ ဖြစ်နေတယ် .. အဲဒါ .. ကိုကို သိတယ် ညီမလေး ..''



www.burmeseclassic.com

www.burmeseclassic.com



ဟု နူးညံ့စွာ ပြောလာပါသည့် အစ်ကို စွမ်းထက်ခေါင် ကို ထုံ မော့ကြည့်မိရပါ၏။

အေးချမ်းနူးညံ့စွာ ပြုံးပြလာပါသည့် ထိုသူ့နှုတ်ဆီမှ ပွင့်ကျလာသည်ကလည်း .. ကိုကို တဲ့လားလေ ..၊ ထုံ့ မှာ ကိုကိုတစ်ယောက်တော့ ရှိလာပြီ ..။ နက်မှောင်သည့် မျက်ဝန်းတွေဆီမှ နူးညံ့သိမ်မွေ့သော အကြည့်တွေက အေးချမ်းနေသည်ပါပဲ ..။

"ထုံ့ မှာက .. အမေဆိုတာ ရှိနေသေးတယ် ထုံ .. ကိုကို့မှာက .. အမေဆိုတာ ငယ်ကတည်းက ဆုံးတယ် .. ကိုကို ခြောက်နှစ်မှာ ဖေဖေ ဆုံးတယ် .. မိဘရယ်လို့ မရှိတော့တဲ့ ကိုကို့ထက် .. ထုံ က အများကြီး ကံကောင်းပါတယ် ..၊ ထုံ့ မှာ မေမေ ရှိနေသေးတယ်လေ .. အဲဒါ .. အရင်ဆုံး အကောင်းဘက်က တွေးပေးရမယ် ညီမလေးရဲ့ .. အန်တီ မေမေ တစ်နေ့မှာ ထုံ့ ကို သမီးအဖြစ် .. ယုံကြည်သွားမှာပါ .. အဲဒါကို.. ဘယ်တော့မှ မစွန့်လွှတ်လိုက်နဲ့ ထုံ ..၊ ဘာလို့လဲဆိုတော့ .. ထုံ့ ဖေဖေက ထုံ့ ကို .. မေမေ့ဆီမှာ အပ်ခဲ့ချင်တာ မဟုတ်လား .. အဲသလိုဖြစ်လာဖို့.. ထုံ ကြိုးစားရမှာပေါ့ .."

ဟု ပြောလာသမျှ ထုံ နားထောင်နေရာမှ ခေါင်းလေးခါ၍ ...

"ဟင့်အင်း .. အဲသလို ကြိုးစားနေရင် .. မေမေက ဘာထင်မလဲ သိလား ..၊ မေမေ့ပိုက်ဆံတွေကို မက်နေလို့ .. သမီးအရင်း အထင်ခံရအောင် ကြိုးစားနေတဲ့ လောဘမက်မက် ကောင်မလေးလို့ ထင်မှာ .. ထုံ အထင်မခံနိုင်ဘူး .."

ဟု ခေါင်းမာစိတ်လေးဖြင့် ပြောတော့ ကိုကို စွမ်းထက်ခေါင် ပြုံး၍ ...

"အဲဒါကိုက .. ထုံ ဟာ .. ထုံ့ မေမေနဲ့ တူနေတာ ထုံ ရဲ့ ..၊ အန်တီမေမေက ခေါင်းမာတယ်လေ .. ထုံ လည်း တူတူပဲ .. ခေါင်း တော်တော်မာတယ် .."





ဟု အေးချမ်းစွာ မှတ်ချက်ချလာတော့ ထုံ ရုတ်ခနဲ ရင်ထဲ ကြည်နူးသလို ရှိသွားရသည်။ ထုံ က .. ထုံ က .. မေမေ့လို ခေါင်းမာသည်တဲ့..၊ မေမေနှင့် တူသည်တဲ့ ..။

မော့ခနဲ ကိုကို့ကို ကြည့်မိတော့ ပြုံး၍ ကြည့်နေသည့် မွန်ရည်သော ကိုကို့အပြုံးတွေက ဖြူသောသွားတန်းလေး ပေါ်လာသည်အထိ အရယ်ဘက်ကို ကူးလာကာ ...

"ဘိုးဘိုးကိုလည်း မေ့မထားနဲ့လေ .. ဘိုးဘိုးက .. ထုံ့ ကို မြေးဆိုပြီး ချစ်နေတာပဲ .."

ဟု ထပ်ပြောလာပါ၏။ ထုံ မျက်လွှာတစ်ချက် ချသည်။

"ထုံ ကတော့ .. ဖေဖေ့အိမ်လေးမှာပဲ သွားနေမှာ .. ကြီးစိမ့် ကိုလည်း အားနာတယ် .. တာဝန်မပေးချင်တော့ဘူး .. ထုံ .. မုန့်ဟင်းခါးဆိုင်လေး ဖွင့်မယ် .."

ဟု ခေါင်းမာသံလေးဖြင့် ပြောစဉ်မှာ ...

"ဘိုးဘိုးက လက်ပိုက်ကြည့်မယ်များ ထင်သလား ထုံ .."

ဟု တံခါးဆီမှ ကန့်ကွက်သံ ပေါ်လာ၏။ ဘိုးဘိုး ခေါင်းခါ၍ ထုံ့ ကို ကြည့်သည်။

"မြေးရဲ့မေမေလည်း ခေါင်းမာတဲ့ မြိုင် အဖြစ် ပြန်သွားပြီ.. မြေးကလည်း ခေါင်းမာတဲ့ ထုံ အဖြစ် ကျန်ခဲ့တယ် .. ဒါပေမယ့် .. ဘိုးဘိုးကတော့ ဒီတစ်ခါမှာ ခေါင်းမာမာနဲ့ ထပ်ပြောရလိမ့်မယ်ကွယ် .. ထုံ့ ကို ပတ္တမြားစံအိမ်ကို ခေါ်သွားရမှာပဲ ..၊ ဘာလို့လဲဆိုတော့ .. မြေးရဲ့ ဖေဖေကို ကတိပေးထားတယ်လေ .. ဘိုး စောင့်ရှောက်ပါ့မယ်လို့ .."

ဟု ဘိုးဘိုး ဘက်ကလည်း ပြတ်သားစွာ ပြောလာပါသတည်း..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

တံခါးရွက်ကို ပိတ်လိုက်ပြီးချိန်မှာ တင်းခဲထားသည့် စိတ်တွေ အားလုံး ဖြုတ်ချခံလိုက်ရသည့်နှယ် ဖြစ်ကုန်ရကာ .. မြိုင့် ကိုယ် နွဲ့နွဲ့ သည် တံခါးရွက်ကို ကျောမှီပွတ်တိုက် လျှောကျရင်း ကြမ်းပေါ် ပုံပုံကျ ထိုင်မိသွားရပါပြီ ..။ မျက်ဝန်းအစုံမှ မျက်ရည်တွေ ပြိုကျလာနေကြပါ သည့်အဖြစ် ..၊ ထိန်းမထားနိုင်ကော့ပြီကောလေ ..၊ ရင်သည် ဆုပ်ညှစ် ထားသည့်နှယ် ရှိ၏။ နှလုံးသားတစ်ခုလုံး လှုပ်မရတော့အောင် ဆုပ်ခဲ ခံထားရသည့်နှယ် ပိတ်ကျပ် မွန်းသိပ်နေသည်မို့ အသက်ရှူမဝသည့်နှယ် လည်း ဖြစ်နေသည်။ ခက်ခက်ခဲခဲ အသက်ကို အားစိုက်၍ ရှူနေရသည့် မြိုင့် ဘေးမှာ မောင် ရပ်နေသည်ဟု ခံစားလာရပါ၏။

မောင် ..၊ ရုတ်ခနဲ ရင်ထဲမှာ တုန်လှုပ်သွားရသည်။ မြိုင် အလွန် တရာမှကို စိတ်နာနေမိရသူကို ဤအချိန်မှာ ခေါ်လိုက်မိသည်က - မောင် .. ကဲသွားလေ ..။ မြိုင့် ကို ချန်ရစ်ခဲ့သူကိုမှ ခေါ်မိသည့် မောင် တဲ့လားလေ ..၊ မျက်ရည်ကတော့ .. တားမနိုင်ဆီးမရ ကျနေဆဲ ..။

"အခု ကျနေတဲ့မျက်ရည်ကို ခြောက်အောင် သုတ်နိုင်တာလည်း မြိုင် ကိုယ်တိုင်ပဲ ဖြစ်နေတယ် .. မောင် သုတ်ပေးလို့ ခြောက်နိုင်မှာ မဟုတ်ဘူး .. ဘာလို့လဲဆိုတော့ .. မောင့်လက်တွေက လူချမ်းသာတစ်





ယောက်ရဲ့လက်တွေ မဟုတ်လို့ပဲ မြိုင် .. ပိုက်ဆံနဲ့သုတ်မှ စင်မယ့် ခြောက်မယ့် မျက်ရည်အဖြစ် မြိုင် ဆုံးဖြတ်တယ်ဆိုရင်တော့ .. မောင့် လက်တွေဟာ မြိုင့် မျက်ရည်ကို ဘယ်တော့မှ ခြောက်အောင် စင်အောင် သုတ်နိုင်မယ့်စွမ်းရည်တွေ ရှိနေနိုင်မှာ မဟုတ်ဘူး မြိုင် .."

နောက်ဆုံး ပြောခဲ့သော စကား ..၊ ဩော် .. အိမ်လေးဆီမှ ထွက် ခွာမသွားမီ ပြောခဲ့သော မောင့်စကား ..။ ခု .. မြိုင် ကျနေသောမျက်ရည် ကို မြိုင် သာလျှင် ခြောက်အောင် စင်အောင် သုတ်နေရချေပြီတကား..။ မောင်သည် .. မောင် ပြောခဲ့စကားအတိုင်း သေသည့်တိုင် တည်အောင် နေပြခဲ့သည်ကော ..။ မချမ်းသာသည့် မောင်သည် .. မောင့်လက်ဖြင့် မြိုင့် မျက်ရည်ကို ထိုနေ့ကလည်း မသုတ်ပေးခဲ့ ..၊ ခုလည်း .. မသုတ် ပေးနိုင်စွမ်းတော့ပြီတည့် ..။

"မြိုင် တားခဲ့တယ် မဟုတ်လား မောင် .. ရှင့်ကို မြိုင် တားခဲ့တယ် မဟုတ်လား ..၊ အဲဒီနေ့က .. ရှင် အိမ်လေးပေါ်က ဆင်းသွားချိန်မှာ မြိုင် လှမ်းတားခဲ့တာကို ရှင် တစ်ချက်လေးလောက်တောင်မှ လှည့် မကြည့်ဘဲ လက်ကာပြပြီး ဆင်းသွားခဲ့တယ် မဟုတ်လား .. အဲဒီနေ့ ဟာ .. အဲဒီနေ့ဟာ .. ရှင်နဲ့ မြိုင် .. နောက်ဆုံး တွေ့ခဲ့ကြရတာပါပဲလား.. ဟင် .. ဟင် .. ခု .. ခု .. ရှင်နဲ့ .. ဒီတစ်သက် ပြန်မဆုံနိုင်တော့ပြီကောလို့ မြိုင် သိနေရတယ်လေ .. မြိုင် သိနေရတယ်လေ .. ရှင်ဟာ .. ဒဏ်ရာ မကျက်နိုင်သေးတဲ့ မြိုင့် နှလုံးသားကို အနာထပ်တိုးအောင် .. ထိုးဆွခဲ့ ပြန်သေးတာ အမှန်ပါပဲ .. ခု.. မြိုင် .. ငိုနေမိရပြန်ပြီလေ .. ငိုနေရပြန်ပြီ..၊ ရှင့်မာနဟာ .. ရှင်တစ်ယောက်တည်းရဲ့ရင်ကို ချေမွခဲ့တာ မဟုတ်ဘူး.. မြိုင့် ရင်ကိုလည်း ကြေမွကျန်အောင် လုပ်ခဲ့တာ .. မြိုင် ဟာ .. မြိုင့် ကို ချန်ရစ်ခဲ့ရက်တဲ့ ရှင့်ကို စိတ်နာနေတာသပ်သပ် .. ရှင် ခုလို မရှိတော့ ဘူးဆိုတာ သိရတော့ .. မျက်ရည်ကျနေတာက .. သပ်သပ် ဖြစ်နေ ဘယ်၊ ဘယ်လိုပဲ ရှင် .. ကျွန်မကို ဘာကြောင့် ချန်ခဲ့ရပါတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပြော .. ချန်ခဲ့တာကတော့ ချန်ခဲ့တာပဲ မဟုတ်လား ..၊ ချန်ခဲ့တာပဲ မဟုတ်လား.. ကျွန်မအချစ်ကို .. ရှင် .. ထည့်မတွက်ခဲ့ဘူး မဟုတ်လား..၊ ခုတော့ .. ခုတော့ .. ကောင်းကြသေးရဲ့လားဟင် .. ရှင် .. မရှိတော့ဘူး ဆိုတာ ကျွန်မ သိရချိန်မှာ .. ရှင်က .. ရက်လည်နေပြီ ..၊ ရှင် မရှိတော့တာ ရက်လည်နေပြီ .."

မြိုင် တစ်ယောက်တည်း ပြောနေမိသည်။ မျက်ရည်ကို သုတ်သည်။ မစင်နိုင် ..၊ မခြောက်နိုင်ဘဲ တောက်လျှောက် ဖြိုင်ဖြိုင်ကျနေသည့် မျက်ရည်တွေကို သုတ်ပေးမည့် .. မောင် .. ဆိုသည့်သူတစ်ယောက်၏ လက်တွေက ဘယ်သောအခါတွင်မှ မြိုင့် ဘဝမှာ .. ဖြစ်တည်လာတော့မှာ မဟုတ် ..။

"ရှင် .. ရှင် .. မာနတွေနဲ့ .. မြိုင့် ကို .. အနိုင်ပိုင်းသွားတာ - အနိုင်ပိုင်းသွားတာ .."

မြိုင် ပြောနေရင်း ငိုင်သွားရပါပြီ ..။

"ငါ .. ငါ .. ငါကိုယ်တိုင်က .. သူ့မာနကို သွားဆွခဲ့တာများ ဖြစ်ခဲ့လေသလား .. ငါ့ရင်သွေးကို ငါ ချမ်းချမ်းသာသာနေရာမှာ ထား ချင့်ဇောနဲ့ သူ့ကို ပြောမိခဲ့တာဟာ .. သူ့မာနကို သွားဆွခဲ့တာမျိုး ဖြစ်ခဲ့တာ ..၊ သူ .. သူ .. ငါ့ကို .. ဒါမှမဟုတ်ရင် .. ချန်ခဲ့မှာ မဟုတ်ဘူး .."

ဟု ရုတ်ခနဲ တွေးမိသည့်အတွေးသည် ပထမဆုံးအကြိမ် ဖြစ်တည် လာသည်။ ပြီးခဲ့သည့်အတိတ်ဆီမှ ပုံရိပ်တွေ မျက်ဝန်းဆီမှာ တောက် လျှောက် ပေါ်လာနေကြရင်း ..၊ အံခဲ၍ ထွက်ခွာသွားသော မောင့်ပုံရိပ် တွေကို ဂ ြစ်နေသလို ခံစား မြင်လာနေရပါသည့်အဖြစ် ..။

"အခု .. အခု .. သူ .. မရှိတော့ဘူး .. အဲဒါကို သိနေရင်း .. ငါ-ရှုံးမတတ် ခံစားနေရပါလား ..၊ သူ မရှိတော့ခြင်း .. ရှိနေခြင်းဆိုတာ တွေဟာ .. သူ ငါ့ကို ချန်ခဲ့ပြီးကတည်းက .. ငါ့ရင်ကို ဘာမှ မထိုး ဖောက်နိုင်လောက်အောင် .. အရေးတကြီး မဖြစ်နေစေလောက်အောင်-





ပြတ်စဲခဲ့ကြပြီပဲ ..၊ ဘာလို့ .. အခု .. ငါ .. ဒီလောက် ခံစားနေရတာလဲ..၊ ရှင်ဟာ .. ခုထိ .. ကျွန်မကို နှိပ်စက်နေတုန်းပါလား မောင်ရယ် .."

မြိုင် တွေးနေရင်း ကျုံး၍ ထရပ်သည်။ မှန်တင်ခုံအံဆွဲထဲမှ သော့ ကို ယူကာ ဗီရိုကို ဖွင့်သည်။ လက်တွေ တုန်ခါနေ၍ သော့ကို တော် တော်နှင့် ဖွင့်မရဘဲ ဖြစ်နေပါ၏။ နောက်တော့ တုန်ခါနေသည့်လက် တွေကို လက်တစ်ဖက်ဖြင့် ပြန်ထိန်းယူရကာ ဗီရိုသော့ကို ကြိုးစားဖွင့် သည်။ ဗီရိုအံဆွဲထဲမှ ယွန်းဘူးပြားလေးကို ထုတ်၍ ခုတင်ထက်မှာ ထိုင် မိ ..၊ ဖွင့်ကြည့်မိရပါ၏။

ဓာတ်ပုံများ ..၊ မောင် စောင်းတီးနေသည့်ပုံ..၊ ဧည့်ခန်းမှာ ထိုင် နေသည့်ပုံ ..၊ မြိုင် နှင့်တူတူ ရယ်မောရင်း မြိုင့် ပခုံး ကို သိုင်းဖက်ထား သည့်ပုံ ..၊ ရွှေရည် မှ ကင်မရာလေးဖြင့် ကြုံလျှင် ကြုံသလို အိမ်လေးမှာ ရိုက်ပေးခဲ့သော အမှတ်တရပုံလေးများ ..။

"မှတ်မိတာပေါ့ .. ဒီဓာတ်ပုံလေးဟာ .. မြိုင့် မှာ ရင်သွေးလေး ရှိနေပြီဆိုတာ သိရတဲ့နေ့မှာ .. မောင် ပျော်လွန်းလို့ .. ရွှေရည် တို့အိမ်ကို ပြေးပြီး သတင်းပို့တယ် .. အန်တီစိမ့် ရော .. ရွှေရည် ရော အပျော်တွေ နဲ့ လိုက်လာကြပြီး .. ရွှေရည် က ယူလာတဲ့ ကင်မရာလေးနဲ့ အမှတ် တရ ရိုက်ပေးခဲ့တဲ့ပုံပေါ့ .."

မြိုင် တစ်ယောက်တည်း ပြောနေရင်း ပြုံးနေသည့် မောင့်မျက်လုံး တွေကို မျက်တောင်မခတ် ငုံ့မိုး ငေးစိုက်ကြည့်နေမိသည်။ မြိုင့် ပခုံးပေါ် တင်ထားသော မောင့်လက်တွေကိုလည်း ငေးစိုက်ကြည့်နေမိသည်။ အိမ်နေအဝတ်အစား ပုဆိုးကြမ်းလေးနှင့် စွပ်ကျယ်လေး ဝတ်ထားသော မောင်သည် ပုံထဲမှာတော့ အနေရိုးစင်းခြင်းနှင့် အပြစ်ကင်းစင်သော ကလေးတစ်ယောက်နှယ် မျက်နှာလေး ဝင်းစင်နေခြင်းတို့ဖြင့် ပြည့်ဝ ခနေသည်ပါပဲ။ မြိုင် သည်လည်း ထိုနေ့က အတောမသတ်အောင် ပျော် ခနေသည်ပဲလေ ..။



www.burmeseclassic.com

www.burmeseclassic.com



"မောင်က သားဖြစ်ဖြစ် .. သမီးဖြစ်ဖြစ် ချစ်မှာ ..၊ သားဆိုရင်တော့ ရှင်းပြမှာ ..၊ မောင့်ဖေဖေရဲ့ ဇာတိရွာလေးမှာ ရှင်ပြုပွဲ ကျင်းပမှာ .."

ဟု ပြောခဲ့သည့် စကား ..၊ ရင်ထဲမှာ ကျဉ်ခနဲ ခံစားလာရပြန်၏။

"ဟုတ်တယ် .. သားလေးကို ကျွန်မ မွေးခဲ့တယ်လေ .. သားလေး ဟာ ရွာလေးတစ်ရွာမှာ .. သေဆုံးသွားခဲ့ရတယ် .."

ဟု ပြောသံတွင် နာကြည်းသံ ပါလာ၏။ ကျနေသည့် မျက်ရည်ကို ဤတစ်ကြိမ် သုတ်လိုက်ပြီးချိန်မှာ မျက်ရည်က အရှိန်တန့်သယောင် ဖြစ်လာသည်။ နာကြည်းစိတ်ဖြင့် သူ့ပုံရိပ်ကို မျက်တောင်မခတ် ကြည့် မိပြန်၏။

"ငါ .. ဘယ်လောက်ထိ .. သူ့ကို ချစ်ခဲ့သလဲ ..၊ ကလေးကို ဖေဖေ့ဆီမှာ ပြန်တောင်းပန်ပြီး အဲဒီမှာ ပြန်နေပြီးတော့ .. မွေးဖွားဖို့ကို မှာ ငါက .. သူ့ကို ဘာမှ တာဝန်ပေးတာ မဟုတ်ဘူး .. ဖေဖေ့ကို တောင်းပန်ဖို့လည်း ငါက သွားတောင်းပန်မှာပါပဲ .. အဲဒါ .. ဘာပြ စရာ ရှိလဲ ..၊ ဘာနစ်နာလို့လဲ .. သူက .. မာနနဲ့ ငါ့ကို ချန်ခဲ့တာ - ချန်ခဲ့တာ .. ငါ့သားလေး သေရတာဟာလည်း သူ့ကြောင့်ပဲ .. သူ့ ပယောဂကြောင့်ပဲ .."

ဟု တွေးမိတော့လည်း မျက်ဝန်းတွေ လက်တောက်လာပြန်၏။

"သူ ပြန်မလာတော့ .. ငါ့မှာ မျှော်လိုက်ရတာ .. အရှူးမီးဝိုင်း ဖြစ်လို့ ..၊ အန်တီစိမ့် နဲ့ ရွှေရည် ဆီ ပြေးငိုရ .. အိမ်မှာ အစားမဝင် အိပ်မရနဲ့ .. သူ့ကို မျှော်ရ .. ငိုရ .. သူ .. ငါ့ကို တွေးပေးလို့လား - ငါ့အတွက်ကို တွေးပေးလို့လား ..၊ ငါ ဘာပြန်ရခဲ့လဲ .. သူ ပေးပို့လိုက် တဲ့ ပြတ်စဲစာကို .. သွေးနုသားနုနဲ့ ပြန်လာတဲ့ .. သားဆုံး အမေထား ယောက်အဖြစ် .. လင်ပစ်ပယ်ခံ မိန်းမအဖြစ် လက်ခံခဲ့ရတယ် မဟုတ် လား .. ဟင် .. ဟင် .. အခု .. ရှင် ဘာပြန်ရသလဲ ကိုသုတ ရဲ့ .. ရှင် - ဘဝကြမ်းကြမ်းကို ရတယ် .. ရောဂါကို မကုသဘဲ .. ရောဂါကျွမ်း





ပြီး အသက်တိုတဲ့ဘဝကို ရတယ် .. ဟုတ်တယ် မဟုတ်လား .. ရှင် .. မြိုင့် စကားကို နားထောင်ခဲ့ရင် .. ခုလိုလည်း အသက်မတိုရဘူး .. မြိုင့် သားလည်း မသေရဘူး .. မြိုင့် ဘေးမှာ ရှင်ဟာ အခုထိ ရှိနေလိမ့် ဦးမယ် .. ချမ်းချမ်းသာသာနဲ့ .. မြိုင့် ဖေဖေ့ လုပ်ငန်းတွေကို ဦးစီးနေနိုင် လိမ့်မယ် .. ကားလေးနဲ့ သွားလာ .. ချမ်းချမ်းသာသာ နေ .. ဘယ် လောက် ဖြစ်သင့်တဲ့အဖြစ်လဲ ..၊ ခုကျတော့ .. ရှင့်မာနနဲ့ .. အဲဒီအရာ တွေအားလုံးကို အဆုံးရှုံးခံလိုက်ရတာပဲ မောင် .. အဆုံးရှုံး ခံလိုက်တဲ့ အထဲမှာ .. ရှင့်အသက်လည်း ပါဝင်ခဲ့ရတဲ့အတွက် ကျွန်မ ရင်အနာဆုံး ပဲ .. ရင်အနာဆုံးပဲ .."

မြိုင် ပြောနေရင်း မျက်ရည်တွေ ကျလာပြန်သည်။ တန့်လုလု မျက်ရည်သည် ပြိုကျပြန်၏။ ရင်သည် ကြေကွဲခြင်းနှင့် လှုးလဲ၏။ နာကြည်းခြင်းနှင့် လောင်မြိုက်၏။ ဆန့်ကျင်ဘက် ခံစားချက်နှစ်ခုသည် ညှပ်ပူးညှပ်ပိတ်မှု ရင်ကို ဖိချေနှိပ်စက်နေချေသည်တည့် ..။ ခံစားရ ချက်က ဆိုးဝါးလွန်းနေသည်။ နှိုင်းပြစရာပင် မမြင် ..၊ ရှာမတွေ့နိုင်ဘဲ.. ဒင်းကြမ်းခဲနေသည့် ဝေဒနာနှင့် အလူးအလဲ ရှိနေရသည်ကလည်း မြိုင် ပဲ ဖြစ်နေသည်။

"ကျွန်မ .. ရှင့်ဓာတ်ပုံတွေကို .. ဘာလို့ .. ခုထိ .. သိမ်းထားနေ ချင်ရသလဲဆိုတာကို .. အမြဲပဲ မခံချင်စိတ်နဲ့ မြိုင့် ကိုယ် မြိုင် မကျေနပ် နိုင်ခဲ့ပေမယ့် .. ခုထိတော့ သိမ်းထားနေမိတုန်းပါပဲ မောင် .. မြိုင့် မှာ လည်း မိန်းမသားမာနဆိုတာ ရှိတာပါပဲ ..၊ မြိုင့် ကို စွန့်ပစ်ခဲ့တဲ့ ရှင့် ဓာတ်ပုံတွေကို ..သိမ်းမထားဖို့အတွက် မြိုင့် မာနက အမြဲ ပြောနေပေ မယ့် .. မြိုင် လိုက်မလုပ်နိုင်သေးတာကိုက .. ပျော့ညံ့ချက်ကြီးတစ်ခု ဖြစ်နေတယ် .."

မြိုင် မျက်တောင်မခတ် သူ့လက်ချောင်းလေးတွေ နေရာမှာ အကြည့်တွေ တန့်နေမိရပါ၏။ စောစောက မြမွှေးထုံ ပြောခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



စကား ..၊ သူ့လက်တွေသည် ကြမ်းတမ်းနေသည်တဲ့ ..၊ အသားတွေ နေလောင်နေသည်တဲ့ ..၊ လူကလည်း ပိန်သွယ်လွန်းနေသည်တဲ့ .. အာရုံ ထဲ ပုံဖော်ကြည့်မိရစဉ်မှာ ရင်သည် နင့်နေ၏။ မခံနိုင်အောင် ထိခိုက်နေ သည်တည့် ..။ ပိန်သွယ်နေသော မောင် ..၊ ပင်ပန်းရှိန်ဖြင့် ရှိနေသော မောင် ..၊ မကျန်းမာသော မောင်သည် ကြမ်းတမ်းသော လက်ဖဝါးတွေ ဖြင့် ပေါင်းသင် မြေဆွနေသည်။

မြိုင် အလွန်ချစ်သော သူ့လက်ချောင်း နုနုသွယ်သွယ်လေးတွေ လက်ဖဝါး နုနုလေးတွေသည် ကြမ်းတမ်းနေသည်တဲ့ ..။ နေလောင်နေ သော မျက်နှာဖြင့် ပိန်ချုန်းနေသည့် မောင့်ပုံစံကို ပုံဖော်ကြည့်ရတာနှင့် ပင် ရင်ထဲမှာ မကောင်းနိုင်ဘဲ ကြေကွဲလာနေကြသည်။ မြိုင် အလွန်ချစ် ရသောသူတစ်ယောက်၏ ပုံရိပ်ပဲလေ ,.၊ ဟင့်အင်း .. ချစ်ခဲ့ရသောသူ တစ်ယောက် ..၊ ဒါမှ ပိုမှန်မည်။

ယာခင်းကျယ်တစ်ခု ..၊ သခွားစင်များ ..၊ ဖရုံခင်းများ ..၊ သီးနှံ စိုက်ခင်းများ .. ။ ထိုနေရာမှာ အလွန်သေးသွယ်လျက် နေလောင်သော အသားဖြင့် လူတစ်ယောက်သည် ပင်ပန်းစွာ ပေါင်းသင်မြေဆွနေသည်။ တစ်ခါတစ်ခါမှာ စိုက်ပျိုးထားရာ စိုက်ခင်းထဲမှ သီးနှံတွေကို ဆွတ်ခူး နေသည်။ တစ်ခါတစ်ခါမှာ ဈေးထဲမှာ စိုက်ခင်းထွက်သီးနှံတွေကို ရောင်း ချနေသည်။ ထိုပုံရိပ်တွေ အစီအရီ ပုံဖော်ကြည့်ရင်း ပေါ်လာလေသမျှ မြိုင် ရင်ထဲမှာ မကောင်းနိုင်တော့ပြီ။ စိတ်ကို လွှတ်ဘားသမျှ ..ပေါ်လာ သည့် သူ့ပုံရိပ်များသည် ဆင်းရဲနွမ်းပါးသော ပုံရိပ်များ ..၊ မြိုင် .. ရင်ထဲ မှာ တင်းမခံသာ ..၊ မျက်ရည်ကျလာပြန်သည်။

"သူ တစ်ချက်လေးပဲ ငါ့ကို ဆက်သွယ်ကြည့်စမ်းပါ .. သူ့အဖြစ် တွေကို တောင်းပန်ကြည့်စမ်းပါ .. ငါ .. ငါ .. ဘယ်လောက်အထိ တင်းခံထားနိုင်ပါ့မလဲ .. ခုကျတော့ .. မာနတလူလူနဲ့ သူ နေခဲ့တယ် ငါ့ကို မဆက်သွယ်ဘဲ နေခဲ့တယ် ..၊ အဲဒါ ဘာကြောင့်လဲ .. သူ -





သူ.. အပြစ်ရှိလို့ .. နောက်မိန်းမ ယူလိုက်မိလို့ .. ငါ့မျက်နှာကို သူ မကြည့်ရဲလို့ပေါ့ ..၊ ခု .. သူပြောတဲ့ ကောင်မလေးဟာ ငါ့သမီး မဟုတ် ဘူး .. မဟုတ်ဘူး .."

မြိုင် တွေးနေရင်း ခံပြင်းလာပြန်သည်။ ဟုတ်သည် ..၊ သူ .. မြိုင့် ကို မဆက်သွယ်ရဲခြင်းမှာ .. အပြစ်မကင်းသောသူတစ်ယောက် ဖြစ်၍ပေါ့..၊ မိန်းမယူခဲ့၍ပေါ့ ..။ မြိုင် က .. တစ်ယောက်တည်း ဘဝမှာ ရင်သန်နေချိန်မှာ .. သူက နောက်မိန်းမတစ်ယောက်နှင့် ရှိခဲ့သည်။ ထိုသို့ ရှိခဲ့သည်ဆိုတာကလည်း သူ့သမီးက သက်သေခံနေသည်။

သမီးတစ်ယောက်ပင် ရလိုက်သေးသည့်အဖြစ် ..၊ နောက်မယား သတော့ .. သမီးနှင့် ဆင်းဆင်းရဲရဲ ဆက်နေခဲ့ရာမှ ..၊ ခုကျတော့ .. သမီးကို လာ၍ လိမ်ညာ ထိုးအပ်ဖို့ ကြံစည်ရက်သည်။

"အဲဒီအတွက်တော့ .. မြိုင် .. စိတ်နာပါရဲ့ .. ရှင် .. အဲသလောက် ကြီးအထိတော့ မြိုင့် အပေါ်မှာ မလိမ်ညာသင့်ဘူး ကိုသုတ .. ကျွန်မ မွေးခဲ့တာ .. သားလေးရှင့် .. သားလေး ..၊ ရှင် စိတ်ကူးယဉ်ခဲ့ဖူးသလို သားလေးတော့ မွေးပါရဲ့ .. ဒါပေမယ့် ရှင့်အဖေရှာမှာ ရှင်ပြုပွဲ မကျင်းပ နိုင်တော့ဘူးလေ .. သားလေးခမျာ .. မွေးဖွားတယ်ဆိုတာနဲ့ သေဆုံးခဲ့ ရှာတာ .. အဲဒါ .. ရှင့်ကြောင့် .."

မြိုင် ရုတ်ခနဲ ခပ်ကြမ်းကြမ်းပင် မျက်ရည်ကို သုတ်၍ ယွန်းဘူး ထဲထဲ ဓာတ်ပုံတွေကို စီစီရီရီပင် မဟုတ်တော့ဘဲ ပစ်ထည့်ကာ စိတ် ထိုက်မာန်ပါပင် ဘူးဖုံးကိုပိတ်၍ ဗီရိုအံဆွဲထဲ အသံမြည်အောင် ခပ်ကြမ်း ကြမ်း ပစ်ချ ထည့်ပစ်ခဲ့ကာ အခန်းတွင်းမှ ထွက်လာမိပြန်သည်။ စိတ် ထွက ဝမ်းနည်းကြေကွဲလိုက် ..၊ ခံပြင်း နာကြည်းလိုက်ဖြင့် ယောက် ယက်ခတ်နေသည်။ ငါးလူး ငါးပျံမျှ ဖြစ်နေသည်။ ဆောက်တည်ရာ ပျောက်နေသည်။ ကားမောင်း ထွက်လာမိသည်က အန်ကယ် ဦးဆွေသာ နေမည့် ဟိုတယ်ရုံးခန်းရှိရာသို့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ် ဦးဆွေသာ သည်လည်း ကြယ်စင်ဟိုတယ်မှာ ရုံးခန်းတစ်ခုဖြင့် ဟိုတယ်လုပ်ငန်းတွေကို စီမံ လုပ်ကိုင်နေရသူအဖြစ် ဖေဖေ ခန့်ထားမှုဖြင့် ရှိနေသည်။

အန်ကယ် ဦးဆွေသာ သည် လောလောဆယ်မှာ ဘာကိုမှ မသိရသေး ...။ မြိုင့် ကိုပဲ ဤနေ့မှာ ဖေဖေ ဤအဖြစ်တွေကို ပြောပြခဲ့ခြင်း... ဒါကြောင့်လည်း မြမွှေးထုံ ရှိရာ ခတ္တာမြိုင်သို့ မြိုင် လိုက်သွားမိခဲ့ရကာ- ထိုအခါမှ .. မောင် မရှိတော့တာကိုလည်း သိခဲ့ရခြင်း ...။ အန်ကယ် ဦးဆွေသာ သည် ဘာတစ်ခုမျှ မသိရသေးသူတစ်ယောက်အဖြစ် လောလောဆယ်မှာတော့ ဟိုတယ်၏ရုံးခန်းမှာ ရှိနေသည်။

မြိုင် .. ရုတ်ခနဲ မေးမည့်မေးခွန်းကို မည်သို့ အန်ကယ် ဖြေမည်ဆိုတာ မသိရသေး...။ ထိုဖြေလာစဉ်ခိုက်မှာ ဖြစ်တည်လာမည့် အန်ကယ်၏ မျက်နှာရိပ် မျက်နှာကဲကိုလည်း မြိုင် အမိအရ အကဲခတ်နိုင်ဖို့ ကြိုးစားရမည်သာ ...။

ကားကတော့ .. ပတ္တမြားစံအိမ်၏ ခြံဝင်းတွင်းမှ ထွက်ခွာလာခဲ့ပါပြီ...။





## အခန်း (၁၉)

"ခုထိ စုံစမ်းလို့ မရသေးဘူးဆိုတာကိုက ငါ မကြိုက်ဆုံးပဲ တင်လွန်း .. ခွေးကိုက်ခံလိုက်ရတာ အကြောင်းလုပ်ပြီး ဆေးခန်းသွားရတာနဲ့ .. မြို့မှာ တည်းခိုခန်းထဲ အနားယူရတာနဲ့ .. နောက်တစ်နေ့ကျတော့မှ ပန်းစံကားကို လိုက်သွားတော့ .. ဟိုက ပြောင်းသွားပြီ .. လူမရှိတဲ့အိမ်ကို ကြည့်ပြီး ပြန်လာခဲ့ရတယ်ဆိုကတည်းက .. ငါ ဒေါသဖြစ်နေတာနော် ...၊ ရအောင် စုံစမ်း .. အဲဒီ အနီးအနားက မြို့တိုင်း .. ရွာတိုင်းကို စုံစမ်း .. နီးများနီးရင် မင်းကို ငါ ထကန်မိတော့မယ်.. ဒီည ငါ့ဆီ ဖုန်းဆက် ...၊ အေး .. စုံစမ်းနေတာပဲ .. သတင်းကို အစအနမရဘဲ ဖြစ်နေတယ်ဆိုတာ ငါ မကြားချင်ဆုံးပဲ တင်လွန်း .. အဲဒီအနီးအနားက မြို့တွေ ရွာတွေမှာ မင်း စုံစမ်းတာ .. ရှာနေတာ .. ထောင့်စေ့စေ့ ရှိလို့လား .. မင်း ထောင့်မစေ့လို့ .. ဟိုသားအဖက ရွာက ထွက်သွားနိုင်တာပေါ့ ...၊ ကောင်မလေးကို ငါက ခေါ်ခိုင်းတယ် .. အလုပ်အကိုင်လေးလည်း ရှာပေးချင်တယ် .. ပညာလည်း သင်ပေးချင်တယ် .. တူမလေးဆိုပြီး ထားပါ့မယ်လို့ အချိုသတ် ခေါ်မရရင် .. ဟိုကောင့်ကို ခေါင်းကွဲအောင်ရိုက်ပြီး ကောင်မလေးကို ခေါ်လာခဲ့ ...၊ လမ်းမှာ .. အပြတ်ရှင်းပ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ ငါ ပြောထားတာ တစ်ခုမှ ဖြစ်မလာဘဲ .. အဲဒီကနေပြီး စရိတ်တွေပဲ ထပ်ထပ်မှာနေတာ များလှပြီးကုန်ပြီ တင်လွန်း .. အေး .. ကိစ္စမပြတ်ဘဲ .. ပြန်မလာနဲ့ .. ပြန်မလာနဲ့ .. ငွေထပ်ပို့ပေးလိုက်မယ် .. ဘဏ်မှာ သွားထုတ်ယူ .."

ဒေါသဖြင့် ဦးဆွေသာ ပြောပြီး လက်ကိုင်ဖုန်းကို ပိတ်ပစ်လိုက်မိရပါ၏။ သားဖြစ်သူ ကျော်မင်းသာ နှင့် မြိုင့် ကို စေ့စပ်ပေးဖို့၊ လက်ထပ်ပေးဖို့ကိစ္စ သူငယ်ချင်းဖြစ်သူ ဦးအောင်ဇော်ဦး မှ ခေါင်းညိတ်တာက ကြာပြီ။ ခက်သည်က မြိုင် ပဲ ဖြစ်ပါ၏။ ခုတော့ .. မြိုင် ကလည်း နှစ်များစွာ ငြင်းခဲ့လေသမျှ ခေါင်းညိတ်ခဲ့ပြီ။

မြိုင့် ချမ်းသာပုံကြီးထဲမှာ အဓိက ဆူးငြောင့်ခလုတ်အဖြစ် ဦးဆွေသာ အတွက် ရှိနေသည်က မြိုင့် သမီးပဲ ဖြစ်သည်မို့ ..၊ အားကိုးရသည့် လက်ရုံး တင်လွန်း ကို စုံစမ်းခိုင်းရသည်။ သုတ ကို ကောင်းကောင်းမြင်ဖူးသည်ကလည်း တင်လွန်း ပဲ ဖြစ်သည်လေ ..။ သုတ ကို အိမ်မှာ ခေါ်ထားခဲ့စဉ်တုန်းကလည်း တင်လွန်း ပဲ စောင့်ကြည့်နေခဲ့ကာ .. သုတ ဖျားတုန်းကလည်း အိမ်မှာ တင်လွန်း ပဲ အနေများခဲ့ ရှိခဲ့ရသည်တည့် ..။

သုတ ၏ သတင်းအစအနကို စုံစမ်းရင်းမှ ..၊ တစ်ချိန်က သုတ ၏ ဖခင်ထံမှာ တပည့်ဖြစ်ဖူးသူတစ်ယောက်နှင့် တင်လွန်း ကြုံခဲ့သည်။ တူရိယာဆိုင်တစ်ဆိုင်မှာ ဝန်ထမ်းဖြစ်သူ ကိုလှိုင်ဦး ဆိုသူထံမှာ စောင်းဝယ်ရင်း သတင်းစုံစမ်းကြည့်ခဲ့ခြင်းပါ။ ဤသည်ကလည်း .. စောင်းနှင့်ပတ်သက်၍ ခြေရာခံဖို့ တွေးကာ ထိုအကြံကိုလည်း ဦးဆွေသာ ပဲ ရခဲ့ခြင်းပါ။

စောင်းတူရိယာဆိုင်တွေကို သွား၍ သွား၍ စောင်းဝယ်ဖို့ မေးရင်းဖြင့် ..၊ စကားစပ်မိသယောင်ဖြင့် သုတ အမည်ကိုလည်း မေးမေးနေရင်းမှ .. ၊ တစ်ဆိုင်မှာ ကံကောင်းစွာပဲ သုတ ၏ဖခင် ဦးယုခင် ထံမှာ စောင်းသင်တပည့်အဖြစ် ရှိခဲ့သူ ကိုလှိုင်ဦး နှင့် ကြုံရခြင်းပါ။





ပြောကြဆိုကြရင်း .. စောင်းလည်း ဝယ်ရင်းဖြင့် စကားစပ် ပြောဆိုကြရာမှ ဦးယုခင် သည် ပန်းစံကားရွာဇာတိ ဆိုတာကို ပြောပြဖူးကြောင်း ကိုလှိုင်ဦး မှ ပြောသည့်အထဲ ပါလာခဲ့သည်။ ဒါကြောင့်လည်း ပန်းစံကားရွာသို့ ခြေရာကောက်နိုင်ခဲ့ခြင်းပါ ..။

တကယ်တမ်းကျတော့ .. ထင်ထားသမျှ အဆင်မချောခဲ့ ..။ သုတ ၏ မွေးထားသောခွေး ဝင်ကိုက်တာကြောင့် ပြန်ပြေးလာခဲ့ရသည့် တင်လွန်း သည် .. ဆေးခန်းပြေးဖို့ မြို့ပြန်တက်ရ .. တည်းခိုခန်းမှာ နား၍ ခွေးကိုက်ခဲ့သည့် အကိုက်အခဲဒဏ်ကို ခံရဖြင့် ရှိပြီး .. နောက်တစ်နေ့နေ့လယ်လောက်မှ ပန်းစံကားရွာသို့ နောက်တစ်ကျော့ သွားခဲ့သည်တဲ့ ..။ ဒီတော့ .. ဟိုဘက် သားအဖ .. မရှိတော့ပြီ ..၊ အဘယ်မျှထိနမြောဖို့ ကောင်းလိုက်ပါသတဲ့လဲလေ ..။ လက်ထဲမိခါနီးမှ ကပ်လွတ်သွားသည့် ရွှေငါးကြီးနှယ် ဖြစ်နေသည်။ ကျော်မင်းသာ နှင့် မြိုင် လက်ထပ်ပြီး တစ်နှစ်လောက်အချိန်ကို စောင့်မည်။ ပြီးလျှင် စွမ်းထက်ခေါင် ကိုလည်း နယ်ဘက် ခရီးသွားရင်း ကားအက်ဆီးဒင့်ဖြစ်ကာ သေဆုံးရသူဖြစ်အောင် ကြံစည် ဖန်တီးဖို့ ကိစ္စဆီသို့ပင် လောလောဆယ်မှာ ခရီးမပေါက်နိုင်သေးဘဲ ဖြစ်နေသည်။

"ဘာမှ မဟုတ်ဘူး .. အဲဒီကောင် .. ခွေးကြောက်ပြီး ချက်ချင်းပြန်မသွားရဲဘဲ .. တည်းခိုခန်းမှာ ငြိမ်နေခဲ့တာ .. နောက်တစ်နေ့လည်းနားတောင် ခပ်ရဲရဲ မကပ်ရဲဘဲ အခြေအနေတွေဘာတွေ အကဲခတ်နေတာတွေတောင် .. ငါ့ကို .. အဲဒီတုန်းက ဒီကောင် ဖုန်းနဲ့ ပြောတဲ့အထဲပါခဲ့သေးတာပဲ .. အလကားကောင် .. အခု ဘယ်လိုက်လို့ လိုက်ရမှန်းသိဘဲ .. ချာလည်ချာလည်နဲ့ .. အဲဒီမှာပဲ ရှိနေတာ .. ညံ့လိုက်ပုံများ.."

ဟု တဖျစ်တောက်တောက် ပြောနေမိသည်က အသံပင် ထွက်ကျလာသည်အထိပါ ..။

ထိုစဉ်ခိုက် ရုံးခန်းတံခါးရွက် ရုတ်ခနဲ ပွင့်လာကာ စိတ်ရှုပ်ထွေး



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းရိပ်တွေ ပြည့်သိပ်နေသည့် မျက်နှာလေးဖြင့် ဝင်လာသည့် မြိုင့် ကို တွေ့တော့ အံ့အားတသင့်ကြီး ဖြစ်သွားရပါ၏။

"သမီး မြိုင် .. မျက်နှာလည်း မကောင်းပါလား .. လာ .. လာ .. ထိုင် .. ထိုင် .."

ဟု ပြောလည်း ပြော ..၊ ရေခဲသေတ္တာတွင်းမှ အအေးဘူးကို ဖောက်၍ ဖန်ခွက်ထဲ လောင်းထည့်ကာ မြိုင် ထိုင်နေရာရှေ့ စားပွဲပေါ် တင်၏။ မြိုင် ကတော့ တောက်လျှောက် ဦးဆွေသာ ကို ကြည့်နေသည်။ အအေးခွက်ကိုလည်း ကောက်မော့ သောက်ပစ်လိုက်သည်ပါပဲ။ စိတ်ပန်း ကိုယ်ပန်းဒဏ်ကို လူးနေအောင် ခံစားလာရသည်ဟု ဦးဆွေသာ ရိပ်မိလာသည်။ နားလည်း မလည်နိုင် ..၊ အစစအရာရာ ပြည့်စုံချမ်းသာသည့်ဘဝထဲမှာ အသားတကျ ရှိနေပြီဖြစ်သည့် မြိုင် သည် .. ဤမျှအထိ သောကကြီးတစ်ခုကို ခံစားနေစရာတော့ မရှိနိုင် ..။ မြိုင် သည် သုတကိုလည်း မေ့နိုင်ခဲ့ပြီ။ အလုပ်ထဲမှာ စိတ်ကို နှစ်ထားကာ လက်ရှိဘဝမှာ ချမ်းသာခြင်းများ၊ အောင်မြင်ခြင်းများဖြင့် ရှိနေသည့် စီးပွားရေးလုပ်ငန်းရှင် ဟိုတယ်သူဌေးမလေး ..၊ ရတနာတိုက်ကြီးတစ်တိုက်၏ ပိုင်ရှင်အဖြစ် ရှိနေသည်ပဲလေ ..။

"ဒေါ်ကြီးမိ .. ဘယ်မှာရှိလဲ အန်ကယ် .."

ရုတ်ခနဲ မေးချလာသည့် မေးခွန်း ..၊

အံ့ဩ မင်တက်စွာပဲ ဦးဆွေသာ မြိုင့် ကို ကြည့်မိရပါ၏။ ဘာကြောင့် ဒေါ်မိ ကို မေးလာရပါသလဲ ..၊ ထိုသို့ မေးလာမည်ဟုလည်း မထင်ထားမိခဲ့ ..၊ ပါးရည်နပ်ရည် အလွန်ရှိသည့် ဦးဆွေသာ မှ မြိုင့် ကို နားမလည်သည့်ဟန်အပြည့်ဖြင့် ပြန်၍ ကြည့်ကာ ...

"မမိ ဘယ်မှာရှိတယ်ဆိုတာ အန်ကယ် ဘယ်လိုသိပါ့မလဲ မြိုင်– မမိ က မြိုင် တို့ဆီက အလုပ်ထွက်သွားတာ မဟုတ်လား .. သူ့ရွာမှာ ပြန်နေမယ်လို့ ပြောသွားတယ်ဆို .."





ဟု မေးလာတော့ မြိုင် ဘာမျှ ပြန်မပြော ..၊ မျက်တောင်မခတ် ဦးဆွေသာ ကို ကြည့်နေသည်။ အကဲခတ်ကြည့် ..၊ အလုပ်စားပွဲရှိ ဆုံလည်ကုလားထိုင်မှာ ဦးဆွေသာ ထိုင်သည်။ မြိုင့် ကို ကြည့်ကာ ...

"မမိ ကို မြိုင် ပြန်ခေါ်ထားချင်လို့လား .. ဒါဆိုရင် .. အန်ကယ် ခေါ်ပေးမယ်လေ .. မမိ ရဲ့ ရွာနာမည်ပဲ မြိုင် ပြောပြ .. ဘယ်မှာ သူ့ရွာ ရှိတယ်ဆိုတာ သိရင် .. အန်ကယ် .. ဝန်ထမ်းထဲက တစ်ယောက်ယောက်နဲ့ အခေါ်လွှတ်လိုက်လို့ ရပါတယ် ..၊ ဘာလို့လဲ မြိုင် .. မြိုင် လက်ထပ်ပြီးတဲ့အခါမှာ မမိ ကို မြိုင့် အိမ်မှာ ခေါ်ထားချင်လို့လား ..၊ အန်ကယ့်သား ကျော်မင်း ကတော့ သူ့စိတ်တိုင်းကျ အိမ်တစ်လုံး ရှာနေလေရဲ့ .. အန်ကယ် လက်ဖွဲ့မယ်ဆိုတဲ့အိမ်ဟာ .. သူလည်း ကြိုက် .. ပြီးရင် မြိုင့် ကိုလည်း ခေါ်ပြပြီး .. မြိုင် လည်း လက်ခံမယ်ဆိုမှ .. ရွေးချယ်မှာတဲ့လေ ..၊ ကိုအောင်ဇော်ဦး ကတော့ ပတ္တမြားစံအိမ်မှာပဲ မြိုင် တို့ကို ခေါ်ထားချင်တယ် ပြောနေပေမယ့် .. အန်ကယ်ကတော့ သတို့သားရဲ့ ဖခင်တစ်ယောက်အနေနဲ့ သမီး မြိုင့် ကို အိမ်တစ်လုံးတော့ လက်ဖွဲ့ချင်တယ် မြိုင် .. ဖခင်တစ်ယောက်အနေနဲ့ ဆိုပါတော့ ..၊ မြိုင်ဟာ အန်ကယ့်အတွက်တော့ သမီးပါပဲ .. ဘာပဲဖြစ်ဖြစ် အန်ကယ့်သားဟာ မြိုင့် ကို အလွန်မြတ်နိုးတဲ့သူပေမို့ .. ခုလို .. မြိုင် ဟာ အန်ကယ့်ချွေးမအဖြစ် ရောက်လာရတော့မယ့်အတွက် .. အန်ကယ် ကြည်နူးတယ် .. သားကလည်း အလွန် ကြည်နူးနေရှာတာ .. သား့အတွက် အန်ကယ် ထူထောင်ထားပေးတဲ့ ပန်းမျိုးတစ်ရာ ပန်းဥယျာဉ်အလုပ်ကို တပည့်တွေနဲ့ လွှဲထားပြီး မင်္ဂလာပွဲကိစ္စအတွက် စီမံနေရတာနဲ့ .. အိမ်ရှာနေရတာနဲ့ အချိန်ကုန်နေလေရဲ့ .."

ဟု ပြောနေတော့ မြိုင် သက်ပြင်းရှိုက်မိရပါပြီ။ အားနာစိတ် ဖြစ်ာည်လာရသည်မှာလည်း အမှန်ပါ။ မင်္ဂလာကိစ္စ ပျက်ပြီဆိုတာ သိလျှင် အန်ကယ် စိတ်ကောင်းမှာမဟုတ်ဟု တွေးမိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မြိုင် ကတော့ ပြောမပြလိုတော့ပါ။ ဖေဖေနှင့် အန်ကယ်တို့ ဆုံချိန်ကျတော့မှ ပြောကြစေတော့ဟု တွေးလိုက်ရသည်ပါပဲ။ ဒေါ်ကြီးမိ ကိစ္စ.. ဖြေနေပုံက ရိုးရိုးသားသား ရှိနေသည်ဟု မြိုင် ယုံကြည်လာမိရသည်ပါပဲ။ ထိုအခါကျတော့လည်း မြမွှေးထုံ ဆိုတာ မြိုင့် သမီး မဟုတ် ဆိုသည့် ဆုံးဖြတ်ချက်က ပို၍ ခိုင်မာလာသည်။

မြိုင် ထရပ်လိုက်ကာ ...

"မြိုင် .. ပြန်ပါမယ် အန်ကယ် .."

ဟု ပြောချိန်မှာပင် အခန်းတွင်းသို့ ဖေဖေ ဝင်လာတာနှင့် ကြုံလိုက်ရသည်ပါပဲ ..။

ဖေဖေကလည်း ခုလို မြိုင့် ကို တွေ့ရမည်ဟု ထင်ထားပုံ မရ ..။ မြိုင် သည် ပတ္တမြားစံအိမ်မှာပဲ ရှိနေလိမ့်မည်ဟု တွေးထားပုံ ရပါ၏။ ဖေဖေနှင့်အတူ စွမ်းထက်ခေါင် လည်း ပါလာသည်။ ဖေဖေ့အကြည့်က အန်ကယ် ဦးဆွေသာ ထံမှာ တည်ငြိမ်လွန်းစွာ ရှိနေတာကိုလည်း မြိုင် မြင်နေရပါ၏။

"မြိုင် .. ပြန်ထိုင်ပါ ..၊ ဖေဖေ သူ့ကို ဘာပြောမယ်ဆိုတာ.. မြိုင် ကြားသွားတာ ပိုသင့်မယ် .. ပိုကောင်းမယ် .."

ဟု ဖေဖေ ပြောတော့ မြိုင် ပြန်ထိုင်လိုက်ရပါ၏။

အန်ကယ် ဦးဆွေသာ ကတော့ ဖေဖေ့ကို ပြုံး၍ ကြည့်ကာ ...

"မင်္ဂလာပွဲကိစ္စအတွက် ပြောမလို့လား .. လာ .. လာ .. ထိုင်ပါအောင်ဇော်ဦး ..၊ သားကတော့ အိမ်တစ်လုံး စိတ်ကြိုက် ရှာနေတာ မပြီးမဆုံး ဖြစ်နေလေရဲ့ .."

ဟု ပြောကာ ရေခဲသေတ္တာထဲမှ အအေးဘူးကို ဖောက်၍ ဖန်ခွက်ထဲ လောင်းထည့်သည်။ ဖေဖေ့အတွက်ရော .. စွမ်းထက်ခေါင် အတွက်ရော နှစ်ခွက် ..၊ ခုထိ အန်ကယ့် လှုပ်ရှားမှုတိုင်းက မရိုးမသား ဖြစ်နေတာ တစ်ခုမှ မရှိ ..။ မြိုင် ကတော့ .. မလွှတ်တမ်း ကြည့်နေသည်ပါပဲ..။





"ငါ .. အအေးမသောက်တော့ဘူး ဆွေသာ .. မင်းကို အသိလာပေးတာ .."

ဟု ဖေဖေ တည်ငြိမ်စွာ ပြောလာတော့ အန်ကယ် ဦးဆွေသာ မှာ ဤတစ်ကြိမ်မှာတော့ အကဲခတ်ကြည့်ဖြင့် ဖေဖေ့ကို ကြည့်လာပါပြီ။ ဖေဖေ့ပုံစံကလည်း ခါတိုင်းနှင့်မတူ .. ပြောင်းလဲနေသည်ကိုး ..။ ခါတိုင်း ဆိုလျှင် သူငယ်ချင်းအပေါ် ဟက်ဟက်ပက်ပက် ပြောသည်။ တရင်းတရှာ ပြောသည်။ တယုံတကြည် ထားသည်။

ခုကျတော့ .. အကြည့်က စိမ်းနေသည်။ ဆက်ဆံမှုက အေးစက်နေသည်။ အထင်သေးကြည့်ပင် ပါနေသည်ဟု မြိုင် မြင်လာနေရပါ၏။ ထိုသို့ဖြစ်လာတော့လည်း အန်ကယ် ဦးဆွေသာ အကဲမခတ်မိဘဲ ရှိတော့မှာ မဟုတ် ..။

"မင်းဟာ အထိုက်အလျောက် ချမ်းသာတဲ့ မိသားစုက မွေးဖွားလာတာပါ ဆွေသာ .. မင်းနဲ့ ငါ တက္ကသိုလ်မှာ တူတူတက်ဖြစ်ကြရင်း သူငယ်ချင်း ဖြစ်ခဲ့ကြတယ် .. မင်းအိမ် ငါ့အိမ် အဝင်အထွက် နှစ်ဖက် သူငယ်ချင်းတွေ ရှိခဲ့ကြတယ် .. မင်းရဲ့ မိဘများဟာလည်း ရိုးသားကြပါတယ် ဆွေသာ .. ငါ .. မိဘလက်ငုပ်လက်ရင်း လုပ်ငန်းတွေကို လုပ်ကိုင်ရာမှာလည်း မင်းကို အားကိုးခဲ့တယ် .. ဒီဟိုတယ်ကြီးမှာ လက်ထောက်မန်နေဂျာရာထူး ပေးထားတာ ..၊ မင်းရဲ့သားလေးဟာ ငယ်ကတည်းက အမိမဲ့ရတာမို့ .. မင်းကို ငါ စာနာတယ် .. ငါ့သမီး မြိုင်ဟာလည်း အမိမဲ့သမီးလေး မဟုတ်လား .. သူငယ်ချင်းနှစ်ယောက်ဘဝကံတူလေချင်းလို့တောင် ငါ ခံစားခဲ့ရတာ .. ရတနာတိုက်မှာလည်း မင်း .. လက်ထောက်မန်နေဂျာ တာဝန်ယူထားတာပဲ .. မင်း .. ဒီလောက်အထိ .. ငါ့အပေါ်မှာ သစ္စာမဲ့မယ်လို့ မထင်မိဘူး .. ငါ ချမ်းသာသမျှကို ငါ့သမီး မြိုင် ပိုင်မယ်ဆိုတာ မင်း သိထားတာမို့ .. မင်း ဒီလောက် ကြံစည်ရက်တယ်ဆိုတာ .. ငါ မကြာမတင်လေးကမှ သိလာရတော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ .. မင်းကို ငါ ပြောမယ် .. မင်းနဲ့ငါ လမ်းခွဲပြီ ..၊ မြိုင် နဲ့ မင်းရဲ့သား .. မင်္ဂလာကိစ္စ ဖျက်တယ် .. မင်းမှာ မင်းစီးပွားလည်း ရှိတာပါပဲ - ပန်းမျိုးတစ်ရာ ဥယျာဉ်ကိုပဲ မင်း ပြန်လုပ်ပေါ့ .."

ဟု ပြောလာတော့ အန်ကယ် ဦးဆွေသာ မှ ခေါင်းခါ၍ ...

"မဟုတ်ဘူး ဇော်ဦး .. မင်း .. တစ်ခုခု မှားနေပြီ .. ငါက - မင်းအပေါ်မှာ ဘာသစ္စာမဲ့လို့လည်းကွာ .. အလုပ်မှာ ငွေကြေးကိစ္စ - ဘာတစ်ခုမှ မရိုးမသား မလုပ်ခဲ့ပါဘူး .."

"ဟုတ်တယ် .. မလုပ်ခဲ့ဘူး .. မြိုင့် ကို မင်းရဲ့သားနဲ့ လက်ထပ်နိုင်ဖို့ပဲ လုပ်ခဲ့တာ .. အဲဒီအတွက် မရိုးမသား လုပ်ခဲ့တာ .. ငါ ပြောမယ် - အဲသလို လက်ထပ်လိုက်ရရင် .. မင်း .. ငါ့စည်းစိမ်ကို .. အားလုံးပိုင်ပြီပဲ မဟုတ်လား ..၊ မင်းကွာ .. အပြစ်မဲ့တဲ့ လူတစ်ယောက်ရဲ့ဘဝကို ဖျက်ဆီးပြီး မင်း တည်ထောင်ချင်တဲ့ဘဝတစ်ခုကို ရယူဖို့ ကြိုးစားတာကိုက .. မတရားတာ ..၊ မြိုင် ဟာ မောင်သုတ နဲ့ လက်ထပ်ခဲ့တယ် - သူ့သဘောနဲ့သူ .. လက်ထပ်ခဲ့လို့ ငါလည်း အဖေတစ်ယောက်ရဲ့မာနနဲ့ .. ပစ်ထားတာပါပဲ ..၊ ဒါပေမယ့် သူတို့လင်မယား ကွဲအောင်တော့ ငါ မလုပ်ခဲ့ပါဘူး ဆွေသာ ..၊ မင်း လုပ်ခဲ့တာ .."

ဖေဖေ ပြောတော့ အန်ကယ် ဦးဆွေသာ မှ မျက်နှာထက်မှာ သွေးဖျော့ကျသွားကာ စားပွဲစွန်းကို ကမန်းကတမ်း ကိုင်သည်။

"ငါ .. လုပ်ခဲ့တယ် .. ဟုတ်လား .."

ဟု နားမလည်နိုင်သလို ဖေဖေ့ကို မေးနေတာ မြိုင် ဖြစ်နေရသည်။

"ဟုတ်ကဲ့ .. ငါ အားလုံး သိခဲ့ပြီ ဆွေသာ .. မောင်သုတ နဲ့ ငါ တွေ့ခဲ့ပြီးပြီ .. ငါ့မြေးနဲ့လည်း ငါ တွေ့ခဲ့ပြီးပြီ .. မင်း လုပ်တာတွေ လည်း ငါ သိပြီးပြီ ..၊ အားလုံး သိပြီးပြီလို့ ပြောရင် .. လုံလောက်ပါပြီ ကွာ .. မင်း .. ပန်းစံကားရွာကို လူလွှတ်ပြီး ငါ့မြေးကို ရအောင် ခေါ်ဖို့ ကြိုးစားခဲ့တာကအစ ဆိုပါတော့ ..၊ မြမွေးထုံ ကို မင်း ခေါ်လိုက်ရင်





မောင်သုတ က အလွယ်တကူ ထည့်ပါ့မလားဆိုတာကို မင်း သိထားပြီး သားပါ ..၊ မရရအောင် ခေါ်ဖို့အထိ မင်းရဲ့လူကို လွှတ်ပြီး ခိုင်းခဲ့တာပဲ.."

ဟု ပြောတော့ အန်ကယ် ဦးဆွေသာ ခေါင်းတွင်တွင်ခါ၍ ...

"ဘာတွေ ပြောနေတာလည်း ဖိုးဇော် .. မင်း မှားနေပြီ .. မင်း ပြောနေတာတွေ တစ်ခုမှ ငါ နားမလည်နိုင်ဘဲ ဖြစ်နေတယ် .. ငါဟာ.. မင်းနဲ့ ညီအစ်ကိုလို နေကြတဲ့သူတွေပါကွာ .."

ဟု ပြောနေတော့ မြိုင် အနေရခက်လာသည်။ ထိုင်လည်း မနေချင်တော့ပါ ..၊ ထထွက်သွားချင်ပြီ။ အန်ကယ် ဦးဆွေသာ ဘက်က မှန်နေသည်ဟုလည်း မြိုင် ယုံကြည်နေသည်လေ။ ဖေဖေ့ကို ဝင်တားဖို့ကျတော့လည်း ဖေဖေ့ကို မှားသည်ဟု ပြောရာ ရောက်တော့မည်။ ဖေဖေ အရှက်ရသွားချေမည်သာ ..။

ဖေဖေက အန်ကယ် ဦးဆွေသာ ကို မရိုးသားသူဟု အသေကိုင် လက်ခံ မှတ်ယူထားပြီးနေတာ ဖြစ်နေသည်။

"အဲဒါကြောင့် ငါ ပို စိတ်နာတာပေါ့ ဆွေသာ .. မင်းကို သူငယ်ချင်းဆိုရာမှာ ညီအစ်ကိုလို ထားခဲ့တာပါ .. မြိုင် က လက်မထပ်ချင်ပါဘူးဆိုတဲ့ကြားထဲက ကျော်မင်းသာ နဲ့ လက်ထပ်ဖို့ ငါ အကြိမ်ကြိမ်နှစ်နဲ့ချီပြီး တိုက်တွန်းခဲ့တာပါ .. မင်းကို ယုံကြည်တာကိုး ..၊ ခုတော့.. အဲဒါတွေအားလုံး ပြီးဆုံးသွားပြီ .. မင်းရဲ့ မက်နေတဲ့ အိပ်မက်တွေကို အဆုံးသတ်လိုက်တော့ .. ဒီကလည်း ထွက်သွားတော့ ..၊ ငါ့မြေးကို .. ငါ ခေါ်ထားမယ် .. ငါ စောင့်ရှောက်မယ် .. အဲဒါ .. ငါ့တာဝန်ပဲ ..၊ အေး .. ထပ်ပြောပြလိုက်မယ် .. မင်းဘက်က မြိုင် နဲ့ ကွဲအောင် ခွဲခဲ့တဲ့ မောင်သုတ လည်း ဆုံးရှာပြီ .. သူ ဆုံးသွားပေမယ့် .. မင်းရဲ့ အကြံအစည်တွေအားလုံးကိုတော့.. ငါ့ကို အသိပေးသွားနိုင်ခဲ့တယ် ဆွေသာ..၊ ကဲ .. မင်း .. သွားတော့ .."

ဟု ပြောတော့ အန်ကယ် ဦးဆွေသာ မြိုင့် ကို ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်စမ်းပါ မြိုင် .. အန်ကယ် အဲသလို မလုပ်နိုင်ဘူးဆိုတာ ပြောလိုက်စမ်းပါ.. ဒီကောင် .. အန်ကယ့်ကို အထင်လွဲနေတာ ..၊ မြိုင် မွေးခဲ့တာ သားလေးပါ .. အဲဒီသားလေး ဆုံးသွားပြီဆိုတာ အန်ကယ် လည်း သိထားတာပဲ ..၊ အခု .. ဒီကောင် ပြောတဲ့အထဲမှာ ပါလာတဲ လေ .. မြမွှေးထုံ ဆိုတဲ့နာမည် .. မြေး မိန်းကလေးသဘော ဖြစ်နေတယ် မြိုင် မွေးတာ .. သားလေးဆိုတာ မြိုင် သိပါတယ် .."

အားကိုးတကြီးဖြင့် အန်ကယ် ဦးဆွေသာ ပြောနေချိန်မှာ မြိုင် ခေါင်းတွေ ကိုက်နေပြီ ..၊ မောင် ဆုံးခဲ့ပြီဆိုတာ သိရကတည်းက ရင်ထဲ မှာ မကောင်းနိုင် ..။ အချီအချ ဖေဖေနှင့် အန်ကယ်တို့ ပြောနေသမျှ ဟိုဘက် နားထောင်လိုက် .. ဒီဘက် နားထောင်လိုက်ဖြင့် မြိုင် စိတ်တွေ မွှန်းကျပ်လာနေသည်။

"ငါ့မိသားစုကိစ္စမှာ .. မင်း .. ဝင်ရှင်းမနေနဲ့တော့ ဆွေသာ - မင်းကို .. ငါ .. မပတ်သက်ချင်ဘူးဆိုတာပဲ သိထားပါ ..၊ မင်း လုပ်ပုံတွေ ဘယ်လောက်ထိ ရက်စက်တယ်ဆိုတာ .. မောင်သုတ ဆုံးခဲ့တာ ငါကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ခဲ့ရတာမို့.. ရင်ထဲမကောင်းဘဲ ဖြစ် ရတယ် ..၊ ကဲပါကွာ .. မင်း .. ပြန်ပါ .. နောက်ကို .. ငါနဲ့ မပတ်သက် နဲ့ကွာ .."

အန်ကယ် ဦးဆွေသာ မှ မြိုင့် ကိုကြည့်ကာ အလောတကြီး ရှင်း ပြနိုင်ဖို့ ကြိုးစားနေဆဲပါ ..။ မြိုင် ကတော့ အနေရခက်နေရသည်ပါပဲ ဖေဖေ့ဘက်က အရမ်းကို ပြတ်သားနေပြီဖြစ်သည့် ခုလိုအချိန်မျိုး အန်ကယ့်ဘက်က မြိုင် ဝင်၍ ပြောပေးဖို့ မကောင်းတော့ပြီ။ ဖေဖေ လည်း အမလျော့ပေးမှာ မဟုတ် ..၊ သူ့ငယ်ချင်းအပေါ် စိတ်နာနေသည် ဖြစ်နေသည်။

"မြိုင် .. အန်ကယ်ဟာ အဲသလိုလူမျိုး မဟုတ်ဘူးဆိုတာ သိတာ မဟုတ်လား မြိုင် .. ဒီကောင် မယုံချင်နေပါ .. မြိုင် ကတော့ အန်ကယ့်





ကို ယုံကြည်မယ်လို့ ထင်ပါတယ်ကွယ် .. အန်ကယ်ဟာ မြိုင့် ကို သမီးလေးလို ချစ်တာပါ .. အဲဒါကလွဲပြီး အန်ကယ့်မှာ ဘာမျှော်လင့် ချက်မှ မရှိခဲ့ပါဘူးကွယ် .."

ဟု ဆက်တိုက် ပြောနေချိန်မှာ ဖေဖေမှ ...

"မင်းဟာ အသက်လည်း ရလာပြီ .. ပန်းမျိုးတစ်ရာ ဥယျာဉ် လုပ်ငန်းမှာပဲ သက်သောင့်သက်သာ ဦးစီးလုပ်ကိုင်ချင်တဲ့အကြောင်း ငါ့ကို ပြောတဲ့အတွက် ငါ ခွင့်ပြုလိုက်ပြီလို့ .. ငါ့ရဲ့ ကြယ်စင်ရတနာ တိုက်က ဝန်ထမ်းတွေကိုရော .. ဟိုတယ်ဝန်ထမ်းတွေကို အသိပေးဖို့ ဆုံးဖြတ်ထားတယ် ..၊ မင်းရဲ့သိက္ခာအတွက် ဆိုပါတော့ .. ဒါပေမယ့် ခုလို .. မင်းက .. မင်း မှန်ပါတယ်လို့ မြိုင် ယုံကြည်အောင် ဆက် ကြိုးစားနေမယ်ဆိုရင်တော့ .. ဟိုတယ်လုံခြုံရေးဝန်ထမ်းကို အခု ငါ ခေါ်ရလိမ့်မယ် ဆွေသာ ..၊ မင်းကို အပြင်ခေါ်ထုတ်သွားခိုင်းရလိမ့်မယ်.. မင်း ကြိုက်တဲ့လမ်းကို ရွေးပါ .. အေးအေးဆေးဆေး ဣန္ဒြေရရ .. ဒီက ထွက်သွားမလား .. ဒါမှမဟုတ် ရုပ်ပျက်ဆင်းပျက်နဲ့ ဘေးက ဆွဲထုတ်ခေါ်သွားတာကို ရွေးမလား .."

ဟု ပြောလာတော့ အန်ကယ် ဦးဆွေသာ မျက်နှာပျက်သည်။ ဖေဖေ့ကို ကြည့်သည်။ အားယူ၍ ပြုံးကာ ...

"တစ်နေ့မှာ မင်း ငါ့အပေါ် အထင်မှားမိလေခြင်းဆိုပြီး စိတ် ထိခိုက်လိမ့်မယ် ဇော်ဦး .. ဒါပေမယ့် .. ငါ .. မင်း စိတ်ချမ်းသာအောင် ထွက်သွားပါ့မယ် ..၊ သမီး မြိုင် .. အန်ကယ် သွားမယ် .."

ဟု ပြောစဉ်နိုက် ဖေဖေမှ ခေါင်းညိတ်၍ ...

"ခုလို .. မင်း ရွေးချယ်လိုက်တဲ့အတွက် ငါ ဝမ်းသာပါတယ် ဆွေသာ ..၊ မြိုင် နဲ့ မင်းရဲ့သား .. ကျော်မင်းသာ ကို လက်ထပ်ပေးဖို့ ဆိုတာကလည်း လူသိရှင်ကြား ဖြစ်စေခဲ့တာမှ မဟုတ်တာ .. မင်းရယ် .. ငါ့ရယ် .. မြိုင် ရယ် .. ကျော်မင်းသာ ရယ်ပဲ သိထားကြတာပေ ..၊



www.burmeseclassic.com

www.burmeseclassic.com



ဘေးလူ မသိသေးတဲ့ ဒီအတွင်းရေးကိစ္စကတော့ ခုလို ပျက်သွားတဲ့အခါ မှာလည်း.. အေးအေးဆေးဆေးပဲ လူသူမသိဘဲ ပြီးသွားတာပါပဲ ..၊ ဘာပဲ ဖြစ်ဖြစ် .. မင်းရဲ့အတွင်းသဏ္ဌာန်ကို ခုလို အချိန်မီ ငါ သိလိုက်နိုင်ခဲ့တာ ငါ ကံကောင်းလှသလို .. မြိုင် လည်း ကံကောင်းတာပါပဲ၊ ကျော်မင်းသာ ကိုတော့ ငါ .. စာနာမိပါတယ် ..၊ သူဟာ မြိုင့် ကို တကယ်ချစ်တယ်ဆိုတာကိုတော့ ငါ ယုံကြည်ပါတယ် .. ဒါပေမယ့် ကံဆိုးတာက.. သူဟာ မင်းရဲ့သား ဖြစ်နေတယ်လေ ..၊ မင်းရဲ့ အသုံးချခံလည်း ဖြစ်နေတယ် .. သူ့ကို အသုံးချပြီး ငါ့စည်းစိမ်ကို မင်း လက်ဝါးကြီးအုပ်ဖို့ ကြိုးစားခဲ့တာကိုး .."

ဟု ပြောချိန်မှာ အန်ကယ် ဦးဆွေသာ ခေါင်းယမ်း၍ အခန်းထဲမှ မျက်နှာမကောင်းဘဲ ထွက်သွားတော့ မြိုင် ဖေဖေ့ကို မော့ကြည့်ကာ...

"မင်္ဂလာပွဲ ဖျက်တဲ့ကိစ္စ မြိုင် ဘာမှ မခံစားရပါဘူး ဖေဖေ .. ဒါပေမယ့် မသေချာဘဲနဲ့ အန်ကယ့်အပေါ် ဒီလောက်အထိ စွပ်စွဲချက်ပြင်းထန်တာကိုရော .. ဆုံးဖြတ်တာ မြန်ဆန်လွန်းနေတာကိုရော .. မြိုင် .. သဘောမကျလှဘူး ဖေဖေ ..၊ ဖေဖေ နဲ့ အန်ကယ်ဟာ နှစ်များစွာ တူတူ လက်တွဲ လုပ်ကိုင်လာကြတဲ့သူတွေပါ .."

ဟု ပြောတော့ ဖေဖေ ပြုံး၍ ကြည့်လာပါ၏။

"အလောင်းအစားလေးတစ်ခု ဖေဖေနဲ့ မြိုင် တို့ လုပ်ကြရအောင် လား မြိုင် .."

ဟု ရုတ်ခနဲ ပြောချလာတော့ မြိုင် နားမလည်နိုင် ..၊ ဖေဖေ့ကို မော့ခနဲ ကြည့်မိသည်။ ခုလိုအချိန်ကြီးမှာ ဖေဖေက ဘာကိစ္စကို အလောင်းအစား လုပ်ချင်နေရပါသတဲ့လဲ ..။

"သူ လုပ်တာတွေ အားလုံးကို ဖေဖေ သိသွားပြီဆိုတာ .. သူ့ကို ဖေဖေ အသိပေးလိုက်ပြီ .. ဖေဖေ အစကတည်းက ကြိုတင် သိထားပြီး သားပါ ..၊ သူ ငြင်းမယ်ဆိုတာ သေချာတယ်လေ .. သူ့ကို ယုံကြည်





အောင် ဖေဖေ့ကို သူ ပြောမှာပဲ .. သူ့ကို ကယ်တင်နိုင်တဲ့သူဟာလည်း တစ်ယောက်တည်းပဲ ရှိတယ် ..၊ အဲဒီလူကို သူခေါ်လာတဲ့အခါ .. မြိုင် တွေ့ရမှာပေါ့ကွယ် .. ကဲ .. ဖေဖေ စိတ်ပင်ပန်းလှပြီ .. နားချင်တယ် မြိုင် ..၊ ပြီးတော့ .. မြေးကိုလည်း ပတ္တမြားစံအိမ်ကို ဒီနေ့ ခေါ်လာရဦးမှာ .."

မြိုင့် မျက်ဝန်းတွေ လက်ခနဲ ဖြစ်လာကာ ...

"ဖေဖေ့ကို မြိုင် အသေအချာ ပြောထားပါရက်နဲ့ ဖေဖေရယ် .. သူဟာ မြိုင့် သမီး မဟုတ်ဘူးဆိုတာ မြိုင် သိနေတာပဲ .. ဖေဖေက ဘာလို့ မယုံဘဲ ဖြစ်နေရတာလဲ ..၊ သူနဲ့တူတူ မြိုင် မနေနိုင်ဘူး ဖေဖေ.. ဒါ .. မြိုင့် အဖြေပဲ .. သူ့အဖေနဲ့ တူတဲ့ မျက်လုံး မျက်တောင်တွေကို မြိုင် ရင်ဆိုင်နိုင်ဖို့ ဝန်အလေးဆုံးပဲ .. အနာဟောင်းက မကျက်သေးပါဘူး ဖေဖေ .. သူ့အဖေရဲ့ မျက်လုံး မျက်တောင်လေးတွေနဲ့ ကောင်မလေးကို မြိုင် မြင်နေရလေလေ .. သူ့ ရက်စက်မှုတွေက မြိုင့် ရင်ကို လာဆွလေလေ ဖြစ်မှာပါ .. သူ ကွယ်လွန်သွားတဲ့အတွက်လည်း .. မြိုင် ရင်ထဲမှာ ခံစားရပါတယ် ဖေဖေ .. မြိုင် ဟာ .. လူသားစိတ်နဲ့ အဲဒီခံစားချက်ကို .. မတွန်းလှန်နိုင်ဘဲ ရင်ကျော်ပြီး ခံစားနေရတာပါ.. သူ့ကို မြိုင် လက်ထပ်ခဲ့ဖူးတယ် .. သူ့ကို ချစ်လွန်းတဲ့စိတ်နဲ့ သူ့ဘဝထဲမှာ မြိုင် တိုးဝင်ခဲ့ဖူးတယ်..၊ အဲဒီလူဟာ မြိုင့် ကို ချန်ရစ်ခဲ့သူပါ ဖေဖေ.. သူ့ကို လက်ထပ်ခဲ့ဖူးတဲ့ မိန်းမ .. ချစ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်အနေနဲ့.. သူ မရှိတော့ဘူးဆိုတာကို သိရချိန်မှာ .. ရင်ထဲ မကောင်းနိုင်တာ မြိုင့်ရဲ့ ပျော့ညံ့မှုတစ်ခုအဖြစ်လို့ပဲ မြိုင် မှတ်ယူပါတယ် .. နှလုံးသားရဲ့ အားနည်း ပျော့ညံ့မှု ဆိုပါတော့ ..၊ မြိုင် .. သူ့သမီးကို .. မတွေ့ပါရစေနဲ့တော့ .."

မြိုင် ပြောကာ ဖေဖေ့ကို ကြည့်တော့ အေးအေးဆေးဆေးဟန်ဖြင့် ဖေဖေ ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ .. ခုလို .. မြိုင် ခံစားနေရချိန်မှာ ဖေဖေ .. မြိုင်ကို စိတ်ဆင်းရဲစရာတွေ ထပ်မလုပ်သင့်ဘူးဆိုတာ ဖေဖေ သိပါတယ်.. ဒါပေမယ့် မြိုင့် ကို ဖေဖေ ပြောစရာရှိတယ် .. မြိုင် ဟာ တစ်ချိန်တုန်းကလည်း ဖေဖေ့ နှလုံးသားကို နင်းချေခဲ့တာပဲ မဟုတ်လား .. ရတ်ခနဲ လက်ထပ်သွားခဲ့တာလေ ..၊ အဲဒီတုန်းကလည်း ဖေဖေ ခံစားခဲ့ရတာပဲ.. အဖေဖြစ်သူကို အသိလေးတောင် မပေးဘဲ .. သိရင်ဖြင့် အခွဲခံခဲ့ရမှာ ဆိုပြီး မြိုင် .. လက်ထပ်သွားတာလေ ..၊ ဒီတော့ ဖေဖေ အခု ပြောမယ်.. အဲဒီတုန်းက ဖေဖေ ရင်ကျေအောင် ခံစားနေရမှာပဲဆိုတာ သိနေပါရက်တယ်နဲ့ .. ချစ်သူကို ချစ်တဲ့အချစ်ကြောင့် မြိုင် ဆုံးဖြတ်ချင်တာကို ဆုံးဖြတ်ခဲ့တယ် ..၊ အခုလည်း .. ဖေဖေဟာ မြေးဆိုတဲ့ အချစ်တစ်ခုကြောင့် .. ဖေဖေ ဆုံးဖြတ်ချင်တာကို ဆုံးဖြတ်ရလိမ့်မယ်၊ ဒီတော့ .. မြိုင် က .. ဖေဖေ့မြေး မြွေးထုံ ကို .. မမြင်ချင်ပါဘူးဆိုရင်ဖြင့် သူ့ကို ပတ္တမြားစံအိမ်ကို ခေါ်မလာနိုင်တဲ့အတွက် .. သူရှိရာ အိမ်လေးကို ဖေဖေ လိုက်သွားရလိမ့်မယ် သမီး ..၊ သမီး မြိုင် .. စိတ်ချမ်းသာစွာ .. ပတ္တမြား စံအိမ်မှာ နေရစ်ပါ .."

ဟု ပြောကာ ဖေဖေ အခန်းထဲမှ တည်ငြိမ်လွန်းစွာ ထွက်သွားတော့ မြိုင် မျက်ရည်ကျ ကျန်ခဲ့ရပါ၏။ မျက်နှာမကောင်းဘဲ ထိုင်နေရင်း ရပ်ငေးကြည့်နေသည့် စွမ်းထက်ခေါင် ကို မြိုင် ကြည့်ကာ ...

"တွေ့တယ် မဟုတ်လား စွမ်းထက် .. ဟင် .. တွေ့တယ် မဟုတ်လား .. အဲဒီသားအဖဟာ အန်တီမေမေ့ကို .. ဒုက္ခပေးဖို့ ရောက်လာကြ တယ်ဆိုတာ တွေ့တယ် မဟုတ်လား .."

ဟု ပြောဒိုတော့ စွမ်းထက်ခေါင် သက်ပြင်းရှိုက်ကာ ဘေးနား ရပ်လာပါ၏။ ငယ်ကတည်းက အမေ့ရင်ခွင်တစ်ခုအဖြစ် နွေးထွေးအေး ချမ်းမှုကို ပေးခဲ့ပါသည့် အန်တီမေမေ့ကို စွမ်းထက်ခေါင် သနားရသည် ပါပဲ ..။





"စွမ်းထက် သိတာက .. အန်တီမေမေ့ကို သနားတာပါပဲ .. ပြီးတော့ .. အမှန်အတိုင်း ပြောပါရစေ အန်တီမေမေ .. မြွေးထုံ ဟာ အန်တီမေမေ့ရဲ့သမီး ဖြစ်နေတယ်လို့ စွမ်းထက် ယုံနေတယ် အန်တီမေမေ .. စွမ်းထက် ရင်ထဲမှာ .. အဲဒီခံစားချက်က ခိုင်ခိုင်မာမာ ဝင်နေတယ်၊ လောလောဆယ်မှာ အန်တီမေမေ စိတ်လှုပ်ရှားပင်ပန်းလှပြီမို့.. အခြောင်များမှ အဲဒီကိစ္စကို .. ခေါင်းအေးအေးထားပြီး ဆုံးဖြတ်ပါ အန်တီ မေမေရယ် .."

ဟု ပြောလာတော့ သား စွမ်းထက်ခေါင် ၏ ပခုံးပေါ် ခေါင်းလေး တင်၍ ငိုနေရာမှ မြိုင် မော့ခနဲ ကြည့်ကာ ...

"သူဟာ .. အန်တီမေမေ့ သမီး မဟုတ်ဘူးဆိုတာ .. မင်းတစ်ယောက်ကတော့ .. အန်တီမေမေ့ဘက်က ရပ်တည်ပေးသင့်တာပေါ့ စွမ်းထက် .."

ဟု အော်ပြောမိပါသတည်း ..။

ပြောပြီးသည့်နောက်မှာတော့ စွမ်းထက် ၏ပခုံးပေါ် ခေါင်းလေး တင်၍ ငိုချလိုက်ရှာသည်ပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ထုံ့ ဖေဖေ ဒီအိမ်လေးကို ဒီအရောင်လေးပဲ သဘော်ဆေးသုတ် ခဲ့တာမို့ .. ခု .. အသစ်ထပ်သုတ်လိုက်တော့ .. ထုံ့ ဖေဖေ ပြင်ဆင်မွမ်းမံ တဲ့ အလှဆင်ခဲ့တဲ့အတိုင်းပါပဲ ထုံ ရယ် .."

ကြီးစိမ့် ပြောသည်မို့ ထုံ ရင်ထဲ ကြည်နူးစိတ်လည်း ဖြစ်ရသည် ကြေကွဲလွမ်းဆွတ်သည်လည်း ရှိရသည်။

ဒူးဆစ်ဖုံး ဘောင်းဘီအပြာစင်းဖြင့် စတီးလ်လှေကားလေး ဆေးသုတ်တံတွေဘာတွေနှင့် ဆေးသုတ်ပေးနေပါသည့် ကိုကိုစွမ်းထ ကိုလည်း ကျေးဇူးတင်ရသည်ပါပဲ။ ဖေဖေ့အိမ်လေးကို ဖေဖေ ချန်ခဲ့ ကအတိုင်း ပြန်၍ ဆေးရောင်လေး တလွင်လွင်ဖြင့် ရှိအောင် လုပ် သည်ကိုးလေ ..။

"ကိုကို .. လက်ဖက်သုပ်လေးနဲ့ ရေနွေးကြမ်းလေး သောက်လို စားလိုက်ပါဦးလား .."

ဟူ စားပွဲဝိုင်းလေးပေါ် လက်ဖက်သုပ်ပန်းကန်လေး ချ ..၊ ရေ ကြမ်းကရားလေးနှင့် ရေနွေးကြမ်းပန်းကန်လေးတွေကို ချရင်း ပြောတော့ ကိုကို စွမ်းထက်ခေါင် မှ ပြုံး၍ ...





"ဒီမှာ အစသပ်နေပြီ ထုံ ရဲ့ .. ပြီးတော့မှ စားတော့မယ်လေ .."

ဟု ငုံ့ပြောသည်။ ကိုကို စွမ်းထက်ခေါင် က သွားတက်လေးဖြင့် အရမ်းကို အပြစ်ကင်းစင်သော အပြုံးလေးကို ပိုင်ဆိုင်သူပါ။ အင်္ဂလိပ် စာ အဓိကဖြင့် ဘွဲ့ရထားပါသည့် ကိုကိုသည်လည်း ဘိုးဘိုး နိုင်းတာတွေ လုပ်ပေးနေရရင်းဖြင့် ဆေးသုတ်သမားလည်း ဖြစ်နေရပြီတည့် ..။

အသားဖြူဖြူ .. အရပ်မြင့်မြင့်ဖြင့် မျက်ခုံးထူကြီးနှင့် မျက်လုံး တောက်တောက်တွေကို ပိုင်ဆိုင်ပါသော ကိုကို စွမ်းထက်ခေါင် သည် ထုံ နှင့် မောင်နှမအရင်းဆိုလျှင်လည်း ဘေးက ယုံနိုင်လောက်သည်ဟု ကြီးစိမ့် ကတော့ ပြောသည်ပါပဲ ..။

ဖေဖေ ရုတ်တရက် ပျောက်သွားကာ .. ခုလို ထုံ တို့ မောင်နှမနှစ် ယောက် ပြန်ရောက်လာကြသည်ဟုပင် ဘေးဝန်းကျင်တချို့က ထင်နေ ကြသည်ဟု ရယ်မောရင်း ကြီးစိမ့် ပြောပြသည်လေ ..။ ဖေဖေ ဆုံးခဲ့ပြီဆို တာကိုတော့ ရက်လည်ဆွမ်းကျွေးတရား နာခဲ့သည့်အဖြစ်ကြောင့် ဝန်း ကျင်ကလည်း သိခဲ့ကြပြီးပါပြီ ..။

"အိမ်လေးက ငယ်တော့ .. ဆေးသုတ်ရတာ မြန်တယ် ထုံ ရဲ့ .. အဲဒါကို .. ကိုကို သဘောကျတယ်ကွ .. ဆေးသုတ်ရတာ မြန်လည်း မြန်တယ် .. အိမ်သစ်သစ်လေးကို မြန်မြန်လေးလည်း မြင်ရတယ် .. အိမ်က သိပ်ကြီးနေရင် ဆေးသုတ်နေရတာကိုက .. တမော့တမော ရယ် .. အခု ကြည့်စမ်း .. ဆေးသုတ်တဲ့ကိစ္စ မနက်က စလိုက်တာ .. ခု ညနေစောင်းမှာ အားလုံး ပြီးနေပြီ .."

ဟု လှေကားလေးပေါ်မှ ဆင်းလာရင်း ကိုကို ပြောတော့ ထုံ ပြုံး မိသည်။ ကိုကိုက အရမ်း ဖြောင့်ဖြောင့်ပြောသည့် ကိုကို ပါပဲဟုလည်း တွေးမိသည်။ ရိုးသားခြင်းဆိုတာလည်း နားလည်မိသည်။

ထုံ့ အိမ်လေးကို ငယ်ငယ်လေးဟု ကဲ့ရဲ့တာ မဟုတ်။ တကယ့်ကို ဆေးသုတ်ရတာ မြန်ဆန်ပြီးမြောက်တာကို ဝမ်းသာနေသည့်ပုံဖြင့်ပြော



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ..၊ အောက်ရောက်တော့လည်း ဆေးသုတ်ထားတာလေးတွေကို ပီတိဖြင့် တကြည့်ကြည့် တမော့မော့ဖြင့် ရှိနေ၏။

ပန်းချီဆရာတစ်ယောက်က ကိုယ်ရေးဆွဲ ပြီးမြောက်သည့် ပန်းချီကားတစ်ချပ်ကို ကြည့်နေသည့်ပီတိ ဆန်နေသည်။ ဆောင်းထားသည့် ဦးထုပ်လေးကို ချွတ်၍ ယပ်ခတ်ကာ ချွေးထွက်သက်သာ .. အပူသက်သာအောင် လုပ်နေသည်။ ကိုကို့အင်္ကျီ လက်ရှည်အညိုကွက်မှာ ဆေးစက်တချို့ ပေတင်နေ၏။

"ကိုကို့အင်္ကျီတော့ ပေကုန်ပါပြီ .. ထုံ လျှော်ပေးမယ်လေ .."

"ရတယ် .. ရတယ် .. အဟောင်းကြီးကို တမင် ဝတ်လာတာ .. ကိုကို လက်ဆေးလိုက်ဦးမယ် .. ပြီးရင် .. လက်ဖက်သုပ် စားမယ် .. ကြမ်းပေါ်မှာ တင်စွန်းနေတဲ့ ဆေးစက်တချို့ကို တင်နာရှည်လေး ဆွတ်ထားတဲ့အဝတ်နဲ့ ကိုကို လိုက်သုတ်မယ် .. ဖယောင်းကြမ်းခင်း ကောဇောကြီး ခင်းမယ် .. ဒါတွေ လိုက်လုပ်ဖို့ လိုတယ် .. ဘိုးဘိုးက သေချာမှာထားတာ ..၊ အိမ်လေးကို လှနေအောင် လုပ်ရမယ်တဲ့ .. ထုံ ပျော်အောင်လို့တဲ့ .."

ဟု ကိုကို ပြောကာ မီးဖိုဆောင်ဘက် ဝင်သွားသည်။ လက်လေးသုတ်ရင်း ပြန်ထွက်လာကာ သုံးယောက်သား လက်ဖက်သုပ်နှင့် ရေနွေးကြမ်းဖြင့် အရသာတွေ့နေကြစဉ်မှာ ...

"ထုံ .. ထမင်းပူပူ ရှိတယ်မဟုတ်လား .. လက်ဖက်သုပ်လေးကို ထမင်းနဲ့ ကိုကို စားချင်တယ်ကွ .. တစ်ပန်းကန်တည်း ခူးထည့်လာခဲ့.. ဇွန်းသုံးချောင်း တပ်လာခဲ့ .."

ကိုကို ပြောလာတော့ ထုံ အံ့သြသွားရပါပြီ ..။ ကိုကိုက ထမင်းပူပူနှင့် လက်ဖက်သုပ်ကို ကြိုက်သည်တဲ့လားလေ ..၊ ထုံ တို့လို ဆင်းရဲရဲ နေခဲ့ရတာ မဟုတ်သည့် ကိုကိုက .. ထုံ တို့ ကြိုက်သည့်အစားကို ကြိုက်သည်တဲ့လား ..။





ကြီးစိမ့် ကတော့ ပြုံးနေသည်။ ကျေနပ်ပုံလည်း ရနေသည်။

"သူဌေးလေးက .. ဒါမျိုး ကြိုက်သတဲ့လား စွမ်းထက်ခေါင်လေးရဲ့ .."

ဟု ကြီးစိမ့် မေးတော့ ကိုကို မျက်နှာ ပျက်ခနဲ ဖြစ်ကာ ...

"မဟုတ်တာ ကြီးစိမ့် ရယ် .. စွမ်းထက် က ဘယ်က သူဌေးလေးဖြစ်မှာလည်း .. ဘိုးနဲ့ အန်တီမေမေ တို့ ကျွေးမွေးထားလို့ .. ပညာသင်ပေးလို့ .. ဒီဘဝနဲ့ နေရတာပါဗျာ .. ဘိုး နဲ့ အန်တီမေမေတို့ ချမ်းသာတဲ့ဥစ္စာတွေဟာ စွမ်းထက် နဲ့ ဘာမှမဆိုင်ပါဘူး .. စွမ်းထက် က ဘိုးဘိုးနဲ့ အန်တီမေမေ တို့ရဲ့ ကျေးဇူးကြောင့် .. ဒီလို ပညာတတ်တစ်ယောက် ဖြစ်ရတာပါ .. တကယ့် သူဌေးမလေးက .. ဒီမှာဗျ .. ထုံ လေ .. သူဆို.."

ဟု လက်ညှိုးထိုးလာတော့ ထုံ တွန့်ခနဲ ဖြစ်ရင်း ကိုကို့ကို ကြည့်သည်း ကြည့် .. ခေါင်းလည်း ခါ၍ ...

"ထုံ က .. ဖေဖေ့သမီးပါ ကိုကိုရဲ့ .. ဒီအိမ်လေးကိုပိုင်တဲ့ ဖေဖေ့သမီး .. နောက်ထပ် စကားမဆက်နဲ့ဆို မဆက်နဲ့နော် ကိုကို .. မေမေ ကြိုက်တဲ့ .. လက်မခံနိုင်တဲ့ ဘဝတစ်ခုကို ထုံ လုံးဝ စိတ်မဝင်စားဘူး.. အဲဒီအိမ်ကြီးကိုလည်း ထုံ ဘယ်တော့မှ မသွားဘူး .. အဲဒီက ပစ္စည်းဝိုင်းကိုလည်း အပတ်သက် အရောနှောမခံဘူး .. ထုံ က ဒီအိမ်လေးဆို ဒီအိမ်လေးနဲ့ သန့်သန့်လေး နေမှာ .."

ဟု ရင်ထဲရှိရာ ပြောချလာတော့ ကြီးစိမ့် ရယ်၍ ထုံ့ ဆံစလေးကို သပ်ပေးသည်။

"အဲဒါပြောတာ.. အဲဒါပြောတာ .. ဆရာ ကိုသုတ နဲ့ မြိုင့် သမီးတို့ မပြောရဘူး .. မာနလေးကတော့ မြင့်ပါ့ကွယ် ... ခေါင်းလည်းပေါ့ .. ကဲပါ .. ကဲပါ .. စားကြစို့ရဲ့ .."

ဟု ဝင်ပြောတော့မှ ဇွန်းလေးကိုယ်စီဖြင့် ထမင်းတစ်ကော်..



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်တစ်ဇွန်းဖြင့် စားလိုက် ..၊ ရေနွေးကြမ်းလေး သောက်လိုက်ဖြင့် ရှိသွားရပါ၏။

"ပြတင်းပေါက် ကျည်းပေါင်တွေနဲ့ ပြတင်းရွက်တွေ .. တံခါး ကျည်းပေါင်နဲ့ တံခါးရွက်တွေက မနေ့ကတည်းက သုတ်ထားတာ တော့ ခြောက်နေပြီ .. ခန်းဆီးတွေ တပ်လို့ ရတော့မယ် .. နံရံတွေ သုတ်နေတုန်းမို့ ခန်းဆီးပေးမတပ်သေးတာ ထုံ ရဲ့ .. ကိုကို ခန်းဆီး နန်းကြိုးလေးတွေ ထည့်ဖို့ ချိတ်ဖို့ သံရိုက်ပေးမယ် သိလား .. ခဏ - ခဏ .."

ဟု အစားပင် မဖြောင့်နိုင်ဘဲ အလုပ်ဇောတင်ကာ ကိုကို အဝတ် လေးမှာ တင်နာရည်ဆွတ်၍ ကြမ်းပေါ်မှ သဘော်ဆေး အစက်လေးတွေ ကို လိုက်သုတ်သည်။ ပြီးတာနှင့် ထုံ တံမြက်စည်းလှည်းနေစဉ်မှာ ကိုကိုက ခန်းဆီးလေးတွေ တပ်ဖို့အတွက် ပြတင်းကျည်းပေါင်တွေမှာ သံရိုက်သည်။ ခန်းဆီးတပ်ကြိုးမှာလည်း သံချိတ်ကွင်းလေးတွေကို ထည့် ပေးနေသည်။

မီးဖိုခန်းပြတင်းပေါက်နေရာအထိ ခန်းဆီးတပ်နိုင်ဖို့ ကိုကို အားလုံး လိုက်လုပ်ပေးရှာသည်ပါပဲ။ ထုံ့ အိမ်လေးကို ပျော်စရာ .. ချစ်စရာအိမ် လေးဖြစ်အောင် ကိုကို စိတ်ပါလက်ပါ လိုက်လိုက်လုပ်ပေးနေခြင်းဆို တာ ထုံ သိနေရသည်ပါပဲ။

လက်ဖက်သုပ်ပန်းကန်နှင့် ထမင်းပန်းကန်လေး ဆေးကြောပြီး ရေစစ်စင်လေးမှာ ထုံ တင်စဉ်ခိုက် ကြိုးစိမ့် ကတော့ ခန်းဆီးစလေးတွေ စီရှိထဲမှ ထုတ်နေပါ၏။

ဘိုးဘိုးကတော့ ဟိုတယ်မှ ပြန်မလာသေး ..၊ ခြံစည်းရိုးလည်း အုတ်ကာပြီးပြီ ..။ စတီးလ်ထိုးတံခါးလည်း တပ်ထားပြီးပြီ။ ခြံဝင်းထော ကိုလည်း ကွန်ကရစ်ခင်းလိုက်ကာ ... ပန်းအိုးတွေ လှအောင် စီရီချထား သည်မို့ အိမ်လေးကတော့ စိုပြည်နေသည်။





ပန်းလေးတွေ တနော့နော့ ယိမ်းနေကြကာ .. ပန်းခက် ပန်းလက် လေးတွေဆီမှ နှင်းဆီရနံ့ ..၊ စံပယ်ရနံ့ ..၊ သစ်ခွစင်လေးဆီမှ သစ်ခွတို့၏ ရနံ့လေးတွေက မွှေးပျံ့နေသည်။ ရွက်စိမ်းပန်းအိုးလေးတွေကလည်း စိမ်းမြနေသည်ပါပဲ ..။

"ဘိုးဘိုးက .. အိမ်အပြင်ကိုတော့ လူငှားနဲ့ ဆေးသုတ်မယ်လို့ ပြောတာ .. ကိုကို သုတ်မယ်ဆိုပြီး အရင်နေ့က သုတ်လိုက်တော့ .. အခု ကြည့်စမ်း.. တစ်အိမ်လုံး ဆေးသုတ်ဆရာ စွမ်းထက်ခေါင် လက်ရာ သန့်သန့်လေးနဲ့ လှလို့ ပလို့ .."

ဟု ကိုကိုကတော့ ပီတိဖြင့် ပြောနေသည်ပါပဲ ..။ တကယ်လည်း အိမ်လေးက ဝရန်တာလေးကအစ သဘော်ဆေး သစ်သစ်လွင်လွင်လေး တွေဖြင့် လှနေသည်ပါပဲ။ ဖေဖေ မြင်လျှင် ကြည်နူးချေမည်သာ ..။ အုတ်ဝင်းထရံကာ .. စတီးလ်ထိုးတံခါးတွေဘာတွေဖြင့်ပင် ရှိနေသည့် အိမ်လေးကို ဖေဖေလည်း ချစ်မည်သာ ..။ အိမ်ပြင်က ကြည့်လိုက် .. အိမ်တွင်းကို ကြည့်လိုက်နှင့် ရှိချေမည် ..။

ဖေဖေ့ကို လွမ်းစိတ်ဖြင့် ထုံ တစ်ချက် ငြိမ်သွားရပေမယ့် .. အရမ်း ကို စိတ်ကိုနှစ်၍ အချိန်ကို လုံးဝ အပြတ်မခံဘဲ ဆက်တိုက် ဇောတင် လုပ်ကိုင်ပေးပါသည့် ကိုကို့ စေတနာကို သိနေရပါသည့် ထုံ့ မှာ ကိုကို စိတ်မကောင်း မဖြစ်အောင် အဖေလွမ်း ဝေဒနာကို ထိန်းနေရပါသည့် အဖြစ် ..။

ကိုကိုသိလျှင် စိတ်ကောင်းမှာ မဟုတ် ..၊ ကိုကိုက ထုံ့ ကို ပျော်ရွှင် ချင်ဇောဖြင့် လုပ်ကိုင်ပေးသည် မဟုတ်ပါလားလေ ..။

ချွေးတွေဘာတွေ တသုတ်သုတ်ဖြင့် ကိုကို ရှိနေပေမယ့် မောရမှန်း မသိရှာ ..။ အခန်းထောင့်ဆီမှ ကော်ဇောလိပ်ကြီးကို ဖြန့်ခင်းကြ .. ဖေဖေ့ ဆက်တီစားပွဲနှင့် ကုလားထိုင်လေးတွေကို ပေါလစ် ထပ်တင် ထားတာမို့ သစ်လွင်နေလျက် ဆိုဖာဖုံငယ်လေးတွေ ခင်း ..၊ ဆိုဖာထိုင်ဖုံ



www.burmeseclassic.com

www.burmeseclassic.com



လေးထက်မှာ ထိုင်ဖုံဖုံးအခင်းလေးတွေ ထပ်တင်နှင့် ရှိသွားရကာ .. ဖေဖေ့အိမ်လေးမှာ ယခင်က ခင်းခဲ့ရာ စားပွဲခင်းလေးကို ယူခင်းလိုက်တော့လည်း အခန်းလေးသည် လှလှပပနှင့် ပို၍ ဖြစ်လာသည်။

စားပွဲခင်းအဖြူလေးမှာ ခေါက်သားကြာခဲ့တာမို့ .. အဝါရောင်ခေါက်သားစင်းလေးတွေ ပေါ်နေခဲ့သည်။ ထုံ လျှော်ကာ မဲနယ်လေးအုပ်လိုက်သည်မို့ ပန်းပွင့်ထိုး စားပွဲခင်းဖြူလေးသည် ခုတော့လည်း မီးပူကျပုံလေးဖြင့် လှပ ဖွေးဥနေသည်ပါပဲ ..။

ခန်းဆီးတွေကို ကိုကိုရော .. ထုံ ရော .. ကြီးစိမ့် ရော .. တပ်လိုက်ပြီးချိန်မှာ အိမ်လေးသည် နေချင့်စရာအိမ်လေး ပို၍ ဖြစ်လာနေပြီ ..။

ပန်းချီကားလေးတွေ ပြန်ချိတ် ..၊ မာတ်ပုံတွေ ပြန်ချိတ် ..၊

အားလုံးပြီးစီးတော့ ဝရန်တာလေးမှာ ခဏ ထွက်ထိုင်နားဖြစ်ကြပါသည့်အဖြစ်..။ ခြံထဲမှာ နှင်းဆီပန်းအိုးလေးတွေမှာ ပွင့်ဝေနေပါသည့် နှင်းဆီတွေကို ငေးကြည့်ရင်း ...

"ကြည့်စမ်း .. ထုံ့ တစ်သက် .. ကင်းဝေးနေခဲ့ရတဲ့ ဒီအိမ်လေးဟာ .. ဖေဖေ့ကို ဘယ်လောက်များ လွမ်းနေမလဲ .. လူသူတို့ ကင်းဝေးနေခဲ့ရတဲ့ အိမ်လေးဟာ .. ခုတော့လည်း ပန်းအိုးလေးတွေ ရောက်လာ.. ဆေးရောင်သစ်သစ်လွင်လွင်လေးတွေနဲ့ အသက်ဝင်လာတာ မယုံနိုင်စရာပါလားလို့ .. အိမ်လေးကတော့ တွေးနေမှာပဲ .."

ဟု တွေးနေမိရင်းမှ .. တကယ်တမ်း တွေးနေသည်က ထုံ ကိုယ်တိုင်ပါလားဟု စတင်၍ သိလာနေမိရပြန်သည်။ ဟင့်အင်း ..၊ အိမ်လေးကလည်း တွေးနေမှာ .. ဟု ဆက်တွေးမိရပြန်သည်ပါပဲ။ ဘာကြောင့်ဆို .. ဤအိမ်လေးမှာ ဖေဖေ့လက်ရာလေးတွေများစွာ ရှိခဲ့သည်။ ဖေဖေ့ပြင်ဆင်ပေးမှုတွေများစွာ ရှိခဲ့သည်။ ဖေဖေ့ အငွေ့အသက်တွေများစွာကျန်နေသေးသည်ကိုးလေ ..။ ဖေဖေသည် .. ထုံ့ အတွက် အစဉ်.. ရှင်သန်နေသော ဖေဖေပဲ ဖြစ်နေရမည်သာ ..။





လှပသော မီးပန်းဆိုင်းငယ်လေးသည်ပင်လျှင် အိမ်ငယ်လေး၏ ညှို့ခန်းမျက်နှာကြက်မှာ တလင်းလဲ့လဲ့ နေရာယူထားပါ၏။

ဘုရားစင်မှာလည်း လန်းဆန်းသော နှင်းဆီရောင်စုံတို့ဖြင့် ဘုရားရှင်တော်မြတ်ကို ပူဇော်ထားခွင့်ကို ထုံ ရရှိခဲ့ပြီ ..။ ဖေဖေရှိလျှင်ဖြင့် ဘုရားစင်ရှေ့မှာ ထိုင်၍ ပုတီးစိပ်နေချေမည် .. ဟု တမ်းတစွာ တွေးမိပြန်သည်က ထုံ ပါ ..။

"ခဏ နားကြမယ်ဟေ့ .. ထုံ ရေ .. ဒီတစ်ခေါက်တော့ ငြိမ်နေပါကွယ် .. ကြီးစိမ့် ကော်ဖီသုံးခွက် ဖျော်မယ် .. ဘီစကစ်လေးနဲ့ စားကြတာပေါ့ ..၊ အလုပ်အများကြီး လုပ်နေရတဲ့ ခုလိုအချိန်မျိုးမှာ အစားလေးလည်း ဝင်အောင် စားရတယ်ကွယ့် .. ပင်ပန်းတဲ့သူက .. အားအတွက် အစား လိုတယ် .."

ဟု ကြီးစိမ့် ပြောကာ မီးဖိုဆောင်လေးထဲ ဝင်သွားတော့ ထုံ လိုက်မည်ပြုတာမို့ လက်ကာ၍ မလာဖို့ ဖွတ်တားသည်က ကြီးစိမ့် ပါ ..။

ဘယ်သူမှ ဆက်တီကုလားထိုင်မှာ မထိုင်ဖြစ်ကြဘဲ ကော်ဇောထက်မှာပဲ ထိုင်ဖြစ်ကြသည်။ နံရံကတော့ ဆေးထန့်စ ပြုလာပြီ ..၊ ဒါပေမယ့် မှီထိုင်၍တော့ မဖြစ်သေး။ ထုံ က .. နံရံလေးကို မှီ၍ ထိုင်ရတာမျိုးကို အလွန် သဘောကျသည်။

ရိုးစင်းသော နေထိုင်ရာဘဝတစ်ခုထဲမှာ သက်သောင့်သက်သာနေရတာမျိုးထဲမှာ ထိုသို့ အိမ်နံရံလေးကို မှီ၍ ထိုင်ရသည့်အရသာလည်း တစ်ခုပါဝင်သည်ဟု ထုံ ထင်သည်လေ..။

ယာခင်းအိမ်လေးမှာဆိုလျှင် ထိုသို့ ထုံ ထိုင်ကာ ယာခင်းလေးကို အိမ်တံခါးဆီမှပဲ ဖြစ်ဖြစ် .. ပြတင်းဆီမှဖြစ်ဖြစ် .. ငေးမိရတတ်ပါ၏။ ကိုကိုလည်း ဘေးမှာ လာထိုင်သည်။ ထုံ့ ကို ကြည့်ကာ ...

"ဘိုးဘိုး ရောက်လာတဲ့အခါ .. သဘောကျမှာ ထုံ ရဲ့ .."

ဟု ဆေးသုတ်သမား ကိုကိုက ကိုယ့်လက်ရာ ကိုယ်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးနေသည်ပါပဲ။

ကိုကို စွမ်းထက်ခေါင် သည် ထုံ နှင့်စာလျှင် ပို၍ ဘဝဒဏ်ကို ခံရသူပေပဲဟု တွေးမိနေရင်း ရင်ထဲမှာ မကောင်း ...။ ခုလည်း .. ဘိုးဘိုး နိုင်း၍ လာလုပ်ကိုင်ပေးသည်ဆိုရာမှာ .. မွေးစားမြေးတစ်ယောက်ပုံစံ ဖြင့် မဟုတ်ပါ။ အလုပ်သမားတစ်ယောက်၏ နာခံမှုမျိုး ဆန်သည်။ ဘိုးဘိုး၏ ငယ်ကျွန်ပမာ နာခံသောသူတစ်ယောက်နှယ် ဖြစ်နေသည်။ ထုံ့ မှာက ဘိုးဘိုးနှင့် မေမေ ရှိနေသေးသည်။

ကိုကိုက ငယ်ဘဝကတည်းက မိဘမဲ့ဘဝဖြင့် ဘိုးတို့အရိပ်မှာ နေခဲ့ရသူ ...၊ ခိုလှုံရသူ ...။

ဘိုးဘိုးနှင့် မေမေကလည်း ကိုကို စွမ်းထက်ခေါင် ကို မြေးရင်း သားရင်းပမာ ထားသည်ဆိုတာ ပညာသင်ပေးတာကအစ ...၊ ဝတ်စား ဆင်ယင်မှုမှာ ခေတ်နှင့်အညီ သန့်ခန့်နေအောင် ထားခြင်းဖြင့်ပင် သိသာ နေပါပြီ ...။

"ကိုကို့ကို စတွေ့ရတဲ့နေ့က .. ကိုကိုကဖြင့် .. အနက်ရောင် ဘောင်းဘီ .. စပို့ရှပ်လက်တိုလေးနဲ့ ဆယ်တန်းကျောင်းသားလေးလို ငယ်ပုံပေါက်နေတာ သိလား .. ခုကျတော့ .. ရှယ်စတိုင်နဲ့ .. ဒူးဆစ်ဖုံး ဘောင်းဘီတွေဘာတွေနဲ့ဆိုတော့ .. ပိုတောင် ငယ်နေပြီ .."

ဟု မော့၍ ထုံ ပြောတော့ ကိုကို ရယ်သည်။ ထုံ့ ကို ကြည့်လိုက် ရင်းမှ ...

"ထုံ ကလည်း တကယ့် ပိန်သေးသေးလေးနဲ့ .. ဆယ်တန်း တောင် ေပ က်ရသေးတဲ့ သူငယ်မလေး ဖြစ်နေတာ .. ငိုထားတာလည်း သိနေရ .. အန်တီမေမေ့ကို မျက်နှာလေးတည်ပြီး ရင်ဆိုင်နေတာလည်း မြင်နေရတော့ .. ရင်ထဲ မကောင်းဘူး ထုံ .. ထုံ့ ကို သနားမိတာ – အခုလည်း စကားလည်း ဆုံလာပြီဆိုတော့ မေးရဦးမယ် ထုံ .. အန်တီ မေမေ့အကြောင်း ဘာမှကို မမေးသေးပါလား .. ခုထိ .."





ဟု မေမေနှင့် ပတ်သက်ရာဘက်ကို စကားရောက်လာတော့ ကိုကို စွမ်းထက်ခေါင် မေးလာပါ၏။ ထုံ တစ်ချက် တွေခနဲ ငြိမ်နေ သည်။ အိမ်လေးကိုလည်း ဟိုဟိုသည်သည် ကြည့်နေသည်။ တစ်နေရာ ရာမှာများ ဖေဖေ့ဝိညာဉ်လေး ရှိနေမည်လားဆိုသည့် ခံစားချက်ဖြင့် ကြေကွဲစွာ ကြည့်နေမိခြင်းဆိုတာ ထုံ ပဲ သိပါသည်။

"မေမေဟာ ထုံ့ ကို သမီးအဖြစ် လက်မခံချင်ဘူးဆိုတာ ပြတ် ပြတ်သားသား ပြောထားပြီးပြီပဲ ကိုကိုရယ် .. မေမေ စိတ်ချမ်းသာ အောင် ထုံ နေပေးရမှာက တစ်နည်းပဲ ရှိတယ် .. မေမေနဲ့ မပတ်သက် အောင် နေဖို့ပါပဲ .. မေမေ့ကို ထုံ တစ်နည်းနည်းနဲ့ ပတ်သက်ဖို့ ကြိုးစား နေရင် .. အတင်းလိုက်ပြီးတော့ စကားတွေ ပြော .. မေမေနဲ့ အငြင်းအခုံ တွေ ဖြစ်နေရင် .. မကောင်းပါဘူး ကိုကိုရယ် .. ထုံ့ မှာ မေမေ ရှိတယ် ဆိုတာ သိရချိန်ကဖြင့် ရက်ပိုင်းပဲ ရှိသေးတာပါ .. ဒီရက်တိုလေး အတွင်းမှာ .. မေမေ့ကို စိတ်ဆင်းရဲအောင် လုပ်နေတဲ့ မြေးထုံ အဖြစ် တော့ ထုံ မရှိချင်ပါဘူး ...၊ ထုံ က အစကတည်းကိုက .. ဖေဖေနဲ့ ကြီး ပြင်းလာရတဲ့သူပါ .. အခု ဖေဖေ မရှိတော့တဲ့ အထီးကျန်ဝေဒနာကို.. ...င်နဲ့တစ်လုံး ပြည့်လျှံနေအောင် ခံစားနေရတာပဲ သိပါတယ် ကိုကို ...ယ် .. အဲသလို ခံစားနေရတဲ့ ထုံ ဟာ .. ပတ္တမြားစံအိမ်ကြီးမှာ မေမေ ...ာတွေ ခံစားနေရတယ်.. ကြေကွဲနေရတယ် .. ဒေါသဖြစ်နေရတယ်.. ...ပြင်းနေရတယ် .. အဲသလိုစကားတွေကို ထပ်ပြီး ကြားနိုင်တဲ့အင်အား ...ည်း မကျန်တော့ပါဘူး .. ကြားလည်း မကြားရက်ပါဘူး ကိုကို .."

ဟု ပြောကာ ထုံ ခေါင်းလေး ငုံ့ချသည်။ စွမ်းထက်ခေါင် ၏ ...င်ထဲမှာ မကောင်း ...၊ အန်တီမေမေ့အကြောင်း လုံးဝ မမေးခြင်းသည် ...တ်နာ၍များလားဟု ထင်မိ၍ ခုလို ထုံ့ ကို စကားအစပျိုး မေးမိခြင်း ...တွက်လည်း ရင်ထဲမှာ နောင်တရမိပါသည်။

မျက်ခုံးထူနက်နက်လေး၊ နှာတံ စင်းစင်းထင်းထင်းလေးနှင့် နူ...



www.burmeseclassic.com

www.burmeseclassic.com



ခမ်းထူအိအိ ပန်းနုသွေးလေးဖြင့် ရှိနေသော ကောင်မလေး ...၊ ပါးပြ
လေးမှာ အကြောမျှင်နုနုတို့ ယှက်ဖြာ ပြာနုနေတာလေးပင် မြင်နေ
သည်။ ပြီးတော့ .. မျက်တောင် ထူထူရှည်ရှည် စင်းစင်းလေးတွေ
မြင်ရခဲ့သော မျက်တောင်လေးတွေပဲ ဖြစ်နေပါ၏။

မျက်တောင်ကော့လေးတွေ မဟုတ်သည့် ထို့ မျက်တောင်ရှည်
ထူထူလေးတွေက တကယ့်ကို ငေးချင်စရာ မျက်နှာလေး ဖြစ်နေအော
အစွမ်းဆောင်နိုင်ဆုံးသော အလှတရားများ ဖြစ်နေသည်။ မျက်ဝန်းထော
က ဝန်းစက်စက်ရှိ၍ .. နက်မှောင်၏။ ဤမျှ နုနယ်သော ကောင်မလေ
သည် ဤမျှ ပြင်းထန်သော အရှိန်ပြင်းပြင်း ထိုးနက်သည့် ကံကြမ္မာ
ဒဏ်ကို တောင့်ခံထားနိုင်ဖို့ မနည်း ကြိုးစားယူနေရမည်သာ ...။

"ကိုကိုက .. ခြောက်နှစ်အရွယ်လေးမှာ ဖေဖေ ဆုံးတယ်လေ
မေမေကလည်း ကိုကို ငယ်ကတည်းက ဆုံးတာဆိုတော့ .. မိဘမဲ့ဘ
ကို ခြောက်နှစ်အရွယ်လေးမှာ ရောက်ခဲ့ရတာ .. အဲဒီတုန်းက ဖေဖေ
မခွဲနိုင်တဲ့စိတ် .. အားငယ်ကဲ့စိတ်တွေနဲ့ .. ဟိုကြည့်ဒီကြည့် .. အား
ရာ ပျောက်နေရင်း ငိုနေတာပဲ ရှိတာ .. ပြင်းထန်လှပြီလို့တော့ ကို
ကြီးလာချိန်မှာ ထင်မိခဲ့တယ်လေ .. ဒါပေမယ့် .. ထို့ ကို မြင်ရတော
မိန်းကလေးလည်းဖြစ်တယ် .. အဲဒီနေ့က ငိုထားတာလည်း သိသာ
တယ် .. အန်တီမေမေကလည်း ချော့မော့တာထက် ငေါက်ငမ်းတာ
ပဲ လုပ်နေတယ် .. ကိုကို သနားလိုက်တာ ထို့ ရယ် .. ဖေဖေက
လောလတ်လတ် ဆုံးထားတာ .. အဲဒီအချိန်မှာ ထို့ ခံစားနေရတာ
တော့ .. ငါက ခြောက်နှစ်သားလေးဆိုတော့ နက်နက်ရှိုင်းရှိုင်း မ
ခေါ်တတ်သေးဘူး .. ထို့ က နားလည် တွေးတောတတ်နေပြီ .. ခံစား
တတ်နေပြီ .. ငါ့ထက် ပိုဆိုးနေပါလား .. ပိုခံစားနေရရှာမှာ ..
နားလည်နေမိရင်း ထို့ ကို ကိုကို အရမ်း သနားနေမိရတာ .. ဒီလို
လို့ အန်တီမေမေ့ကို အပြစ်ပြောတာတော့ မဟုတ်ဘူးပေါ့ ထို့ ရယ်





အန်တီမေမေကလည်း ပေါက်ကွဲနေတာပါ .. ခံစားရတာလည်း နှစ်နဲ့ချီ
နေတာကိုး .. အန်တီမေမေ့ကိုလည်း .. အပြစ်မမြင်ရဘူးနော် ထို့ .."

ဟု လူကြီးလေးလို ဆုံးဆုံးမမလေး ပြောနေတော့ ထို့ ခေါင်းလေး
ညိတ်ကာ မော့ကြည့်မိရပါ၏။ အသားဖြူဖြူ အရပ်မြင့်မြင့် မျက်ခုံး
ထူထူ မျက်ဝန်းတောက်တောက်တွေဖြင့် ရှိပါသော ကိုကို ...၊ မေးရိုးပြန့်
မျက် သွားတက်လေးက ရယ်လိုက်လျှင် ပေါ်လာတတ်ပါသည့် ကိုကို...၊
ဘိုးဘိုးနှင့် မေမေ့ကို လုပ်ငန်းတွေမှာ လုပ်ကိုင်ပေးနေပြီ ဖြစ်ပါသည့်
ကိုကို ...၊

ကိုကို စွမ်းထက်ခေါင် သည် ကြယ်စင်ဟိုတယ်မှာရော .. ကြယ်
စင်ရတနာတိုက်မှာရော .. ရုံးခန်းကျယ်ကြီးမှာ ထိုင်ရင်း .. သူဌေးမြေး
အဖြစ် လုပ်ကိုင်ပေးနေသူတစ်ယောက်အဖြစ် မြင်ရစေလောက်သည့်
မာန၏အရိပ်မျိုး မျက်နှာမှာ ရှာဖွေ မတွေ့ရ ...၊ မာနမျက်ဝန်း မရှိ ...။
မာနအကြည့် မရှိ။ ပြုံးလိုက်တာကိုကပင်လျှင် အေးချမ်းရိုးစင်းသော
အပြုံးမျိုးပဲ ဖြစ်တတ်ပါ၏။

"ထို့ မှာ .. ကိုကို့လို အစ်ကိုတစ်ယောက် ရလိုက်တာ ကံကောင်း
ပါတယ် ကိုကိုရယ် .. မေမေက လက်မခံပေမယ့် .. မေမေ့သားက
ထို့ ကို .. မေမေ့သမီးအဖြစ်လည်း လက်ခံတယ် .. ညီမလေးအဖြစ်လည်း
ဆောင့်ရှောက်တယ် .. အဲဒါဟာ ထူးခြားတဲ့ ကံတစ်ခုပေါ့ ကိုကို .."

ဟု ပြောကာ ထို့ ရယ်တော့ ကြေကြေကွဲကွဲ ခံစားတာလေးတွေ
ရောထွေးနေတာမို့ အသံလေးမှာ ရှိုက်သံစွက်ချင်သည်။

ကိုကို ငေးခနဲ ကြည့်ကာ သက်ပြင်းရှိုက်ပြီး အဝေးသို့ ငေးနေ၏။
ဘာမှ ပြောမလာတော့ပါ။ ထို့ ကို သနားနေတာလည်း ပါမည်။ ကိုကို့
ငယ်ဘဝလေးကို ပြန်သတိရနေတာလည်း ပါနိုင်ပါသည်။ ထိုစဉ်ခိုက်
ကြီးစိမ့် ကော်ဖီသုံးခွက် ပါသော လင်ပန်းလေးနှင့် ရောက်လာပါ၏။
ကိုကိုက ဗီရိုပုထက်မှာ ရှိနေသည့် ဘီစကစ်မုန့်ပုံးကို ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းကန်မယူတော့ဘူး ကြီးစိမ့် .. ပုံးထဲက နှိုက်စားကြတာပေါ့ ပျော်ပွဲစားထွက်သလိုလို .. ဘာလိုလိုတော့ ရှိကုန်မှာပါပဲ ကြီးစိမ့် .."

ဟု ကိုကို ပြောကာ မုန့်ပုံးအဖုံးကို ဖွင့်သည်။ ကြီးစိမ့် ကို မု အရင်နှိုက်ယူစေပါ၏။ နောက်တော့ ထုံ့ ဘက်ကို ပုံးကို ကမ်းလာသည် မုန့်တစ်ချပ် ထုံ ယူကာ ကိုကို့ကို ပေးတော့ ရယ်၍ ယူသည်။

"အကြီးဆိုပြီး ဦးချတယ်ပေါ့ .. သာဓုဗျာ .. သာဓု .. သာဓု .."

ဟု ပြောသေးသည်။ ထုံ လည်း မုန့်တစ်ချပ်ကို ယူကာ စားနေမိ သည်။ ချိုမြမြ သကြားညှပ်မုန့်သည် နွားနို့ရနံ့ သင်းနေဘည်။

"ဘိုးဘိုးခမျာ .. ဟိုအခန်းကျဉ်းလေးမှာ .. ခုတင်ငယ်လေးမှာ အိပ်ရရှာတာ .. ဒါတောင်မှ ကိုကို ပြေးပြီး မွေ့ရာသစ် ထူထူလေးဝယ် ခင်းပေးလို့ အိပ်ရတာ နည်းနည်း အဆင်ပြေမှာ ကိုကို့ရဲ့ .. ထုံ ကတော့ မွေ့ရာခင်းအပါးလေးနဲ့ အိပ်တာက အကျင့်ဖြစ်နေတာ .. တစ်ခါတစ် ယာခင်းအိမ်လေးမှာဆိုရင် .. ပူတဲ့အခါများမှာ သင်ဖြူးဖျာလေး ခင်းပြီး ခေါင်းအုံးလေး ချ .. သည်တိုင်း အိပ်လိုက်တာပဲ .. ပြတင်းပေါက်လေး ဖွင့်အိပ်တာမို့ ယာခင်းထဲက သီးနှံလေးတွေရဲ့အနံ့က လေနဲ့ ပါလာ တတ်တယ် ကိုကိုရဲ့ .. ကိုကိုက သူဌေးမြေးဆိုတော့ ဘယ်သိမလဲ .. မုန်ညင်းဖူးနံ့တို့ .. သခွားပွင့်နံ့တို့ .. မုန်လာဥနီ .. မုန်လာဥဖြူဆိုတာ ကလည်း မျိုးယူတဲ့အခါ အပွင့်တွေ တက်လာသမျှ ထားရတာလေ .. အဲဒီက အစေ့လေးတွေ သီးလာတာ .. အဲဒီပွင့်တဲ့အခါဆိုရင် အနံ့ရ ပဲ .. အဲဒါမျိုးက .. ယာခင်းထဲနေတဲ့သူမှ သိတာ ကြီးစိမ့် ရဲ့ .."

ဟု ပြောနေတော့ စွမ်းထက်ခေါင် ရော ကြီးစိမ့် ရော .. ထုံ့ ငေးကြည့်နေကြသည်။ ရွာမှ ယာခင်းအိမ်လေးကို ထုံ လွမ်းနေသည် တာ သိနေကြပုံ ရသည်ပါပဲ။ ထုံ လည်း ငြိမ်ခနဲ ဖြစ်သွားရပါ၏။

ရေကန်ကြီးအကြောင်း .. ကြာပွင့်တွေအကြောင်း .. ကြာ တွေ .. ကြာဖူးတွေကို လှေလေးဖြင့် ခူးသည့်အကြောင်းတွေကို ပြော





မပြချင်သေးပါ။ ဖိုးသည်း နှင့် လှေလေးဖြင့် ကြာဖူးလေးတွေ .. ကြာပွင့် လေးတွေ လှေဝမ်းထဲ ခူးထည့်ခဲ့ရစဉ်တုန်းက ဖေဖေ ရှိနေသည်လေ..၊ ထုံ့ မှာ ဖေဖေ ရှိနေသေးသည်။

"အံမယ် .. တယ်ဟုတ်ပါလားဟေ့ .. ဘိုးဘိုး ရောက်လာတာ တောင် မသိကြသေးပဲကိုးကွ .. ဒီမှာ ဘဲကင် ပါလာတယ် .. ကြက် ကြော် ပါလာတယ် .. ကြာဆံကြော်လည်း ပါလာတယ် .. အိမ်ကရှိတဲ့ ဟင်းနဲ့ .. ညနေစာ စားကြတာပေါ့ .. ဘိုးဘိုးလည်း ကော်ဖီသောက်မယ် ဟေ့ .."

ဟု အိမ်တံခါးဝမှာ ဘိုးဘိုး ရပ်နေရင်း ပြောတာမို့ ကမန်းကတန်း ထုံ ထရပ်သည်။ တကယ်ပဲ ဘိုးဘိုး ရောက်လာလိုက်တာကို မသိလိုက် ကြ၍။ ကိုယ့်စကားနှင့်ကိုယ် ပြောရင်း .. ခံစားရင်းဖြင့် ဘေးကလူလည်း ကူးစက်ကုန်ရသည်ကိုးလေ .. ဘိုးဘိုးက ခြံရှေ့မှာ ကားကို ရပ်ခဲ့ခြင်းပါ တည့် ..။ ခြံဝင်းတွင်း မောင်းဝင်မလာခဲ့ ..။ အိမ်ရှေ့လေးမှာကလည်း ကိုကို့ကားလေးက ရပ်ထားသည်ကိုးလေ ..၊ ခြံလေးက ကျယ်လှသည်မှ မဟုတ်ချေပဲ ..။

ထုံ ဘိုးဘိုးအတွက် ကော်ဖီဖျော်လာကာ မုန့်ပန်းကန်လေးပါ ယူ လာပြီး ပန်းကန်ထဲ ထည့်သည်။ စားပွဲဝိုင်းလေး ချမည်ပြုတော့ ဘိုး လက်ကာပါ၏။

"ပန်းကန်ထဲက မုန့်ကို ပုံးထဲ ပြန်ထည့် .. စားပွဲလည်း မချနဲ့ ..၊ ဘိုးလည်း သည်အတိုင်း ထိုင်စားမယ်ကွ .. အံမယ် .. ပျော်စရာကြီးကို ဖြစ်လို့ .. ဘယ်လောက်များ အဆောင်အယောင်တွေ ကင်းနေတဲ့ ကော်ဖီ ပွဲလည်း မစိမ့် ရယ် .. ဟိုအိမ်ကြီးမှာ သောက်ရတဲ့ ကော်ဖီပွဲကဖြင့် ကော်ဖီနှပ်ကရားနဲ့ .. နို့ကရားနဲ့ .. အောက်ခံပြားပါတဲ့ ကော်ဖီခွက်နဲ့.. လက်သုတ်ပဝါ မီးပူ[illegible]ခေါက်လေး ဘေးချလို့.. ပြီးတော့ .. ပေါင်မုန့် [illegible]ကင်ဆိုလည်း ထောပတ်နဲ့ .. ဂျင်မ်တို့ဘာတို့ ထည့်ထားရာ ရွေးကြ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေနဲ့ .. ကြက်ဥကြော်နဲ့ .. ဘေးမှာ ဖွန်းခက်ရင်းနဲ့ .. ဓားနဲ့ ..၊ အဆောင်အယောင်က စားရတာထက် ပိုပြီး များနေတာကွ .. အဲဒါ မြိုင် လေ .. မြိုင် က အဲသလိုကို စားရမှ ..''

ဟုပြောကာ ဘိုးဘိုး မုန့်ပုံးထဲမှ ဘီစကစ်ကို နှိုက်ယူသည်။ အရသာခံ၍ စားသည်။ ပေါ့ပေါ့ပါးပါးလည်း တကယ့်ကို ဖြစ်နေသည်ဟန်..၊

ဘိုး၏ဘေးမှာက ငါးဆင့်စတီးချိုင့်ကြီးကို ကော်ဇောပေါ် ချထားသည်။

''ဒီလိုနေရတာ ကောင်းသဟေ့ .. အိမ်ကြီးက ကြီးလွန်းနေရင်လည်း သွားရလာရတာ ခြေလှမ်း ပိုသုံးရတယ် မြေးရဲ့ .. ခု ကြည့်စမ်း-ရောက်တာနဲ့ ဘုရားကို ဦးခိုက်နိုင်တယ် .. ဒီဧည့်ခန်းလေးမှာ ထိုင်စားချင်သလား .. စားနိုင်တယ်၊ အိပ်မလား .. ပန်ကာလေးဖွင့်ပြီး အိပ်လိုက်ရတာများ .. မနက်ဆို တစ်ရေးပဲ .. တယ်လီဖုန်း တပ်မထားတော့ ဖုန်းမလာတာ .. လာတာလည်း မသိရတော့ဘူး .. ဟိုအိမ်မှာက ဖုန်းကလာနေတာ ရှိနေသေး ..၊ ဘိုးရဲ့ဟန်းဖုန်းကို ပိတ်ထားလိုက်ပေမယ့် အိမ်က ကြိုးဖုန်းမှာတော့ ဖုန်းလာရင် .. ဘိုးမှာ ပြောရဆိုရပြန်ရော - အလုပ်ကိစ္စ အိမ်အထိ ပါတယ်လေ .. တစ်ခါတစ်ခါတော့လည်း ခုလိုနေရတာ ပိုကောင်းပါလားလို့ တွေးမိတယ် မြေးရဲ့ .. ကြည့်စမ်း - သင်္ဘောဆေးလေး သုတ်ထားတဲ့ အိမ်လေး .. လှလို့ .. လင်းလို့ ..''

ဟု ဆက်ပြောနေသည်။ ထုံ စိတ်မချမ်းမသာ မဖြစ်အောင်များ ပြောနေခြင်းလားဟုလည်း ထုံ အကဲခတ်ကြည့်ဖြင့် ဘိုး ကို ကြည့်ရသည်ပါပဲ။ ဘိုးဘိုး အနေအစား ဆင်းရဲသည်ဟု ထုံ တွေးကာ ရင်ထဲ မကောင်းနိုင်ဘဲ ရှိရသည်ဆိုတာ ဘိုး လည်း သိမည်သာ ..။

''ပန်းခြံထဲက ပန်းလေး နှစ်ပွင့် သုံးပွင့်လောက် ထုံ ခူးပြီး ဧည့်ခန်း စားပွဲလေးပေါ်မှာ ပန်းအိုးငယ်လေးနဲ့ ပန်းထိုးမလို့ ဘိုးဘိုးရဲ့ .. ဘိုးဘိုး လာတဲ့အခါ ပိုပြီး အိမ်လေး လှနေအောင်ပေါ့ .. နည်းနည်း ဆာလာကြ





တာနဲ့ စားလိုက်လို့ ဗီရိုလေးထဲက ပန်းအိုးငယ်လေး မထုတ်ဖြစ်ရသေးတာ .. ပန်းအိုး မထိုးရသေးတာ ..''

ဟု ဘိုးဘိုးကို ပြောတော့ ဘိုးဘိုး ပြုံး၍ ...

''ကောင်းတယ် .. ပန်းလေးတွေကို .. ဘိုးဘိုး ကတ်ကြေးနဲ့ ညှပ်ပေးမယ် .. မြေးက .. ပန်းအိုးထိုးပေါ့ ..၊ အံမယ် .. ဘိုးရဲ့မြေး စွမ်းထက်က ဆေးသုတ်ဆရာပေါက်စနလေးပါလား ကွ .. တယ်မြန်သကိုး ..''

ဟုလည်း ပေါ့ပေါ့ပါးပါး ဆက်ပြောနေသည်။ တကယ်ပဲ ဘိုးပျော်နေသည်ဟု ထုံ ထင်လာသည်။ ပတ္တမြားစံအိမ်ကြီးမှာ ဘိုးဘိုးသည် မေမေနှင့် ခုလို .. စကားတွေ တပြောပြောဖြင့် နေခဲ့နိုင်ပါရဲ့လား .. ဟု စတင်၍ ထုံ တွေးလာမိရပါ၏။ မေမေကလည်း အလုပ်ဇောဖြင့် ချမ်းသာသည်ထက် ချမ်းသာအောင် သွန်၍ လုပ်နေတတ်သူဟု ဘိုးဘိုး ပြောပြဖူးသည်လေ။ ခု .. အိမ်လေးမှာ ဘိုး ညအိပ်တာ သုံးည ရှိခဲ့ပြီ။ ခု .. လေးညမြောက်တော့မည်။ မေမေ့ကို တမ်းတ ပြောနေတာမျိုးလည်း ရှိမလာခဲ့ ..။ မြေးနှင့်အတူနေဖို့ စိတ်ပိုင်းဖြတ်ပြီးသည့်နေ့ရက်မှာ ဘိုးဘိုးသည် ပတ္တမြားစံအိမ်ကိုရော .. မေမေ့ကိုရော .. လောလောဆယ်မှာ အာရုံထဲက ဖျောက်ထားလိုက်ပုံ ရပါ၏။

ထုံ့ ကိုပဲ စိတ်နှစ်၍ စိတ်ချမ်းသာအောင် ထားဖို့ ဆုံးဖြတ်ထားတာလည်း သိသာနေသည်။ ထုံ စိတ်ဆင်းရဲမည့်စကားမျိုး မပြောမိစေဖို့လည်း ဂရုတစိုက်ဖြင့် သတိထားပြောမှန်း သိသာနေပါ၏။ ဘိုးဘိုး ဟိုဟိုသည်သည် ကြည့်သည်။

''ဟိုကောင်ကြီး .. သွားမခေါ်သေးဘူးလား ..''

ဟု ဖိုးသည်း ကို မေးလာသည်။ အလုပ်လုပ်နေချိန်မှာ အိမ်လေးမှာ ဖိုးသည်း အမြီးတထောင်ထောင်ဖြင့် လိုက်ရှုပ်နေမှာမို့ ..၊ ခတ္တာမြိုင်ခြံထဲမှာ ဖိုးသည်း ကို ချန်ထားရခြင်းပါ ..။ နေ့တိုင်း အလုပ်သိမ်းတော့မှ ဖိုးသည်း ကို ထုံ သွားခေါ်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြီးစိမ့် နှင့်အတူ ခတ္တာမြိုင်သို့ တူတူသွားသည်။ ခြံထဲမှာ လမ်းသလားလိုက် .. အိပ်လိုက် .. ခွေလိုက် .. လမ်းသွားလမ်းလာတွေကို ဟောင်လိုက် .. လှေကားထစ်လေးပေါ် ခေါင်းလေးတင်၍ သခင်မျှော်လိုက် .. မေးလေးတင်၍ သခင်မျှော်လိုက်ဖြင့် ရှိတတ်ပါသည့် ဖိုးသည်း ကို ထိုအခါမှ ပြန်ခေါ်လာရသည်။ ကြီးစိမ့် ကိုလည်း တူတူ ပြန်ခေါ်လာရသည်ပါပဲ ..။

လည်ပတ်အသစ်လေး ဝယ်ပတ်ထားပေးထားသော ဖိုးသည်း ကို သံကြိုးလေးဖြင့် လည်ပင်းမှာချိတ်၍ အိမ်လေးဆီသို့ ပြန်လာလျှင်ဖြင့် ဖိုးသည်း မှာ အမြူးခြေကြွဖြင့် အပျော်ကြီးပျော်ရင်း လိုက်လာတတ်ပါသည့်အဖြစ် ..။

"လမ်းပေါ်ကလူတွေ မဟောင်နဲ့ .."

ဟု မာန်ထားသည့် ထုံ့ စကားကြောင့် ဇွှာ ဖိုးသည်း မှာ ဟိုလူ့ဟောင်ချင် .. သည်လူ့ဟောင်ချင် ရှိနေပေမယ့် အောင့်ထားကာ မော့တော့မော့တော့ဖြင့် သံကြိုးတန်းလန်းလေးဖြင့် လိုက်လာတတ်သည်။ အိမ်လေးသို့ ရောက်ကာ ခြံထဲဝင် .. ခြံတံခါးလေး ပိတ်ပြီး သံကြိုးလေး ဖြုတ်လိုက်တာနှင့် အလုပ်စသည်က ဖိုးသည်း ..။

ခြံထဲ ဟိုရှူသည်ရှူဖြင့် လှည့်ပတ်သည်။ လမ်းပေါ် သွားလာနေသူကို ဟောင်သည်။ ပန်းအိုးတွေ ရောက်လာတာကို ဟိုအိုးနမ်း .. သည်အိုးနမ်းဖြင့် အလုပ်များသည်။

ဧည့်ခန်းထဲဝင်တာ မကြိုက်မှန်းသိသည့် ဖိုးသည်း မှာ ဝရန်တာနေရာလေးမှာ ခေါက်ထားသည့် ဂုန်နီခင်းလေးမှာ သွားခွေချင် ခွေ .. ဆောင့်ကြောင့်လေး ဂုန်နီပေါ် ထိုင်ပြီး ဟိုမျှော်ကြည့် သည်မျှော်ကြည့်ဖြင့် လုပ်ချင် လုပ် ..၊ ပန်းပင်လေးပေါ် နားသည့် လိပ်ပြာလေးကို ဖမ်းဖို့ လှေကားထစ်တွေပေါ် ဝရုန်းသုန်းကား နင်းဆင်းပြေးလိုပြေးဖြင့် လျှပ်စီးလက် ဖိုးသည်း အဖြစ် ရှုပ်နေတတ်သည်ပါပဲ။





ဒါကိုပင် ဘိုးဘိုးက သဘောတကျကျဖြင့် စောင့်ကြည့်တတ်စမြဲ..၊ ရလည်း .. ရောက်တာနှင့် ဖိုးသည်း ကို မေးနေပြီတည့် ..။

"သွားခေါ်မလို့ပါ ဘိုးဘိုး .. ကော်ဖီခွက်လေးတွေ ဆေးပြီးရင် ထုံ နဲ့ ကြီးစိမ့် သွားခေါ်လိုက်ပါ့မယ် .. ကိုကို ရေချိုးမယ် မဟုတ်လား.. ချိုးလိုက်နော် .. ထုံ တို့ ပြန်ရောက်တဲ့အခါ ထမင်း စားကြမယ်လေ.."

ဟု ပြောမိရပါ၏။ ရေချိုးခန်းလေးမှာ အုတ်ရေကန်လေးထဲရှိ ရေအေးဖြင့် ကိုကို ရေချိုးရသည့်နှယ် ..၊ မနက်တွေမှာလည်း ဘိုးဘိုး ရေအေးဖြင့် ရေချိုးရတာကို ထုံ စိတ်မကောင်းပါ။ အိမ်ကြီးမှာ ဘိုးဘိုး သည် ရေနွေးဖြင့် ရေနွေးစက်ရှိရာ ရေချိုးခန်းမှာ ရေချိုးရချေသည် မဟုတ်ပါလား ..။ ဒါကြောင့် မနက်ဆို .. ဘိုး ရေချိုးဖို့ ရေနွေးအိုးကို ဒန်အိုးကြီးဖြင့် ထုံ တည်ထားလိုက်ရသည်ပါပဲ ..။

ဒါပေမယ့် .. ဘိုးကို ကြည့်တော့ အမြဲ အေးချမ်း တည်ငြိမ်နေသည်။ ပေါ့ပေါ့ပါးပါး သက်သောင့်သက်သာ နေရသည့်နှယ်လည်း ရှိနေသည်။ ကိုကိုကတော့ .. ပတ္တမြားစံအိမ်သို့ ည ပြန်အိပ်ပါ၏။ အိမ်ကြီးမှာ မေမေ ရှိနေသည်ကိုးလေ ..။ မေမေ့အတွက်လည်း အဖော်လိုသည်ပေါ့။



www.burmeseclassic.com

## အခန်း (၂၁)

ဒေါ်ကြီးကြွယ် ပြင်ပေးထားရာ ထမင်းပွဲမှာ ဟင်းအမယ်စုံဖြင့် စားနေရပေမယ့် ရင်ထဲမှာ ဟာနေသည်။ အထီးကျန်လှချေသည်ကော ဟု မြိုင် ခံစားနေမိရသည်ပါပဲ ..။ ဖေဖေသည်ပင်လျှင် မြိုင့် ကို ချန်ထားရစ်ခဲ့လျက် မြမွှေးထုံ ဆိုသည့် ကောင်မလေးကို မြေးအဖြစ် ယုံကြည်နေရင်း အတူသွားနေလိုက်ပြီကောလေ ..။

"ငါ တစ်ချိန်က ဖေဖေ့ကို ဒီလိုပဲ ချန်ခဲ့ဖူးတယ် .. မောင့် ကို ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ .. မောင့်အိမ်လေးကို လိုက်သွားချိန်မှာ - ဖေဖေဟာ ခုလိုပဲ တစ်ယောက်တည်း ထမင်းစားနေရမှာ .. အဲဒီတုန်းကတော့ ဒေါ်ကြီးမိ ချက်ပြုတ်ကျွေးတဲ့ ထမင်းပွဲမှာ ဆိုပါတော့ - ခုတော့ .. ငါ .. တစ်ယောက်တည်း ဒီမှာ ထမင်းစားနေရပြီ .. ဟိုတစ်ချိန်တုန်းက .. မောင်နဲ့တူတူ အိမ်လေးမှာ ထမင်းစားပွဲဝိုင်းလေး ချိုး မောင့်ပန်းကန်ထဲ ငါက ဟင်းခပ်ထည့် .. ငါ့ပန်းကန်ထဲ မောင်ထ ခပ်ထည့်နဲ့ လုပ်ပေးနေချိန် .. ကြည်ကြည်နူးနူးနဲ့ ထမင်းစားမြိန်နေချိန်မှာ .. ဖေဖေဟာ .. တစ်ယောက်တည်း ထမင်းစားနေရတာပါပဲလား- ငါ မရှိတော့တဲ့ အိမ်ကြီးမှာ .. ငါ မရှိတော့တဲ့ ထမင်းစားပွဲမှာ တစ်ယောက်တည်း အထီးကျန် ရှိနေရတာပါလား .."





မြိုင် တွေးနေရင်း ဖေဖေ့အပေါ် မတရားခဲ့ရာ ရောက်နေခဲ့ပြီဟု စတင်၍ ဝန်ခံလာနေမိရပြန်သည်။ ဖေဖေ့မေတ္တာကို စွန့်ကန်၍ မြိုင် ထွက်သွားခဲ့တာမို့လည်း ကျိန်စာမပေးသော ဖေဖေ့အချစ်တွေသည် .. မြိုင့် ကို ကျိန်စာသင့်သည်နှယ်ပင် ခံစားခဲ့ရစေသည် တကား ..။ မြိုင် မျက်ရည်လည်လာသည်။ ဆောက်တည်ရာမရ ဖြစ်လာသည်။ တိတ်ဆိတ်လွန်းနေသည့် အိမ်ကြီးကို ကြည့်ရင်း အိမ်နံရံတွေထဲက အေးစက်စက်အကြည့်တွေ ရှိလာနေသည်ဟုပင် ချောက်ချားလာနေမိရပါသည့် အဖြစ် ..။

ဒေါ်ကြီးကြွယ် ကတော့ အစတည်းကိုက နှုတ်နည်းသည့်သူ ..။ မြိုင် ငယ်ကတည်းက ဒရိုင်ဘာ လုပ်ခဲ့ပါလေသော ဘဘမှုန် ဆိုတာကလည်း နှုတ်နည်းသည့်သူ ..၊ ပြီးတော့ .. ဖေဖေ့ကိုလည်း ချစ်သည်။ မြိုင့် ကိုလည်း ချစ်သည်။ ခုလို .. ဖေဖေ ဟိုကောင်မလေးထံမှာ သွားနေလိုက်သည်ဆိုကတည်းက ဘဘမှုန် လည်း မျက်နှာမကောင်းရှာပါ။ ဖေဖေ အနေအစား ဆင်းရဲမည်ဆိုတာ တွေးပုံရသည်ပါပဲ။

ဖေဖေကတော့ဖြင့် ကားကိုပင် ကိုယ်တိုင်မောင်း၍ ဟိုတယ်သို့ လာသည်။ ကြယ်စင်ရတနာတိုက်ကိုလည်း သွားသည်။ ကြယ်စင်ရတနာတိုက်ဆိုတာက ရတနာထည်တွေ အများကြီးရှိသော အရောင်းဆိုင်ကြီးပေမို့ .. ဟိုကောင်မလေးအတွက် ဘယ်လောက်များ လက်ဝတ်ရတနာတွေ ဆင်ပေးနေပြီပင် မသိနိုင် ..။ ရင်ထဲတွင် မြမွှေးထုံ ဆိုသည့် ကောင်မလေးကို စိတ်နာလာသည်။

"သင်းက .. သင်းအဖေလိုပဲ .. ငါ့ကို ဒုက္ခပေးတဲ့သူ .. ငါက .. ခုထိ .. သင်းရဲ့အဖေကို .. မောင် .. ဆိုပြီး ခေါ်ခေါ်နေမိတာကိုက ဆိုးနေတာ .. ငါ့နှလုံးသားကိုက .. မပြတ်သားသလိုကြီး ဖြစ်နေတာ .. သူ့ကို စိတ်နာတယ် .. စိတ်နာတယ်နဲ့ .. ခု .. ကြည့်စမ်း .. သူ့ကို .. မောင်လို့ ငါ ခေါ်နေမိတုန်းပဲ ..၊ သူ မရှိတော့ဘူးဆိုတာ သိရချိန်မှာ..

www.burmeseclassic.com



မောင် မရှိတော့ဘူးဆိုပြီး .. ငါ တုန်လှုပ်ချောက်ချားသွားလိုက်တာ .. ရင်ထဲ မိုက်ခနဲ ဖြစ်သွားလိုက်ရတာ .. ငါ့ကိုယ်ငါတောင် အံ့ဩယူရတဲ့ အထိပါလား .. သူဟာ .. ငါ့ကို ရက်စက်ခြင်းတွေနဲ့ ချန်ရစ်ခဲ့သလို .. ငါ့ရင်ထဲက သူ့အပေါ် ချစ်နေတဲ့ အချစ်တွေကိုလည်း နုတ်သိမ်းယူငင် သွားလိုက်ပြီလို့ တစ်သက်လုံး ငါ့ကိုယ်ငါ လှည့်စား မှတ်ထင်နေမိခဲ့တာ ပါလားလေ .. ကိုသုတ ရယ် .. မောင် .. ဆိုပြီး ခုထိ ခေါ်နေမိရလောက် အောင် ရှင့်ကို ချစ်နေမိတဲ့ အချစ်တွေ ရင်ထဲရှိနေအောင် ရှင် ပြုစားထား သလိုပါပဲလား .. ခုတော့ .. မြိုင် ထပ်ရှုံးပြန်ပြီလေ .. ထပ်ရှုံးရပြန်ပြီ ..၊ ရှင် နောက်မိန်းမတစ်ယောက်နဲ့ ရထားတဲ့ ရှင့်သမီး မြမွှေးထုံ ကို မြိုင့် အဖေက မြေးဆိုပြီး ယုံကြည်နေလေရဲ့ .. အဲဒီမှာ တူတူ သွားနေလေရဲ့.. ရှင် ထပ်ပြီး အနိုင်ယူသွားပြီ ဆိုပါတော့ .. ရှင်ဟာ .. မြိုင့် ကို အနိုင်ယူ ဖို့သက်သက် .. ရက်စက်ဖို့သက်သက် လူလာဖြစ်ခဲ့တာလားရှင် .. ခု.. ရှင် မရှိတော့တဲ့အချိန်မှာတောင်မှ .. မြိုင် ဟာ .. ဆက်ပြီး ရှုံးနေရတုန်း ပဲ .. ရှင်က နိုင်နေတုန်းပဲ .."

မြိုင် တွေးနေရာမှ ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်လာရသည်။ နှလုံးသား တွေ ထုံကျဉ်ကုန်ပြီဟု ထင်လာရအောင် ညှပ်ပိတ် ဖိညှစ်ထားသည့်နှယ် လည်း ရှိလာရသည်။ စိတ်လိုက်မာန်ပါ ထရပ်လိုက်ကာ မြိုင် ထမင်း မစားဘဲ အခန်းတွင်းမှ ထွက်မိရပါပြီတည့် ..။

"မြိုင် .. ထမင်းလေးတော့ စားပါကွယ် .."

နှုတ်နည်းသည့် ဒေါ်ကြီးကြွယ် ပင် မျက်နှာမကောင်းနိုင်စွာ လှမ်း ၍ ပြောလာရှာပါ၏။ မြိုင် အစားအသောက်နည်းနေတာ ဖေဖေ ပတ္တ မြားစံအိမ်မှာ မရှိတော့ကတည်းကပါ။ အရင်ရက်တွေမှာ တို့ကနန်း ဆိတ်ကနန်းလေးတော့ တို့တို့တိတိလေး စားဖြစ်သေးသည်။ ဤနေ့ ညနေစာကိုတော့ လုံးဝ စား၍ကို မျိုမကျနိုင်အောင် ဖြစ်နေရပါသည့် အဖြစ် ..။





"အို!... ငါ .. ငါ .. သူ မရှိတော့ဘူးဆိုတာ သိရကတည်းကကို က .. စားလို့ကို မဝင်နိုင်အောင် ဖြစ်နေတယ်ဆိုတာကိုတော့ ဝန်ခံလိုက် ရတော့မလို ဖြစ်ကုန်တာပါပဲ ..၊ အခု .. ဖေဖေ ထပ်ပြီး ငါ့ကို ချန်ခဲ့ တော့ .. တစ်ကောင်ကြွက်လို ငါ ခံစားရပြန်ရော .. ပိုဆိုးလာရပြီ .. ပိုဆိုးကုန်ရပြီ .."

ဟု ရင်ထဲမှ ညည်းမိရပေမယ့် ထမင်းပွဲကိုလည်း လှည့်မကြည့် ဖြစ် ..။ ဒေါ်ကြီးကြွယ် ကိုလည်း ဘာမျှ ပြန်မဖြေဖြစ်တော့ဘဲ အိမ်ကြီး ပေါ်မှ ဆင်းလာမိသည်။ ပေါ်တီကိုအောက်မှာ ရပ်ထားသော ကားပေါ် တက်မိသည်။ ဖေဖေ့ကို အိမ်လေးမှ သွားခေါ်လာမည်ဟု ဒေါ်ကြီးကြွယ် ကို လှမ်းပြောလိုက်မိရပါပြီ ..။

တစ်ချိန်က မြိုင် ဘယ်သောအခါတွင်မှ မသွားတော့ပြီဟု ဆုံး ဖြတ်ထားခဲ့ဖူးလေသော အိမ်လေးဆီသို့ ကားကို မောင်းလာမိရပါပြီ ကောလေ ..။ မောင်နှင့်တူတူ နေခဲ့ဖူးသော အိမ်လေး ..၊ မောင်နှင့် တစ်သက်တာ ဘယ်သောအခါတွင်မှ မခွဲခွာဘဲ ရှိရလေမည့် မြိုင် အဖြစ် ရှိနေရချေမည်ဟု အနာဂတ်ကို အလှပဆုံး ယုံကြည်စွာ နေမိခဲ့ဖူးသော အိမ်လေး ..။

နောက်တော့ .. မြိုင့် ကို ကျိန်စာသင့်စေသည့်နှယ် ကြေကွဲမှုများ၊ နာကြည်းမှုများကို မောင် ဖြစ်တည်စေခဲ့သည့်နောက်မှာ .. မြိုင် ချန်ရစ်ခဲ့ ရဖူးသော အိမ်လေး ..၊ ထိုအိမ်လေးဆီသို့ ခုလည်း မြိုင် သည် မျက်ရည်ဝဲ နေရင်း ရောက်ရချေဦးတော့မည်တကား ..။

အိမ်လေး၏ တစ်ဖက်သစ်ရိပ်အောက်မှာ ကားကို ရပ်၍ လမ်းကို ဖြတ်ကူးပြီး မြိုင် ရပ်လိုက်မိသည်က ခြံဝင်းတံခါးရှေ့မှာပါ ..။ မြင်ကွင်း သည် အတော်ကြီး ပြောင်းလဲနေသည်ကော ..၊ ခြံဝင်းက အုတ်ကာရံ ထားပြီးပြီ။ ဝင်းတံခါးသည် စတီးလ်ဆွဲတံခါးနှင့် လူဝင်ပေါက် သီးသန့် တံခါးလေးပင် ရှိနေသေးသည့်အဖြစ် ..။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ငယ်လေးရှေ့ မြေကွက်လပ်နေရာလေးပင် ကွန်ကရစ်ခင်းထားပြီးနေပြီ။ ကားဝင်လမ်းလေးတစ်ခုပဲ ချန်ထားကာ ပန်းအိုးတွေ ရှိနေသည်။ ရွက်စိမ်းအိုးတွေ ရှိနေသည်။

အိမ်လေးကလည်း သဘော်ဆေးအသစ် ထပ်သုတ်ထားသေးသည့်အဖြစ် ..။ လှပသော အိမ်လေး..။

"တစ်ချိန်တုန်းကလည်း .. မောင်ဟာ .. ခုလိုပဲ အိမ်လေးကို သဘော်ဆေးလေးတွေ သုတ်ထားခဲ့တာပဲ .. ငါ ချန်ခဲ့ချိန်ထိ .. ဆေးရောင်တွေ မဟောင်းလွင့်သေးဘူး .."

ဟု တွေးမိကာ မြိုင် အတန်ကြာမျှ ငြိမ်ရပ်နေမိရဆဲ ..။ ဒါပေမယ့် အိမ်၏မြင်ကွင်းကတော့ အတော်ကြီး ပြောင်းလဲသွားခဲ့ပြီပဲလေ .. ဖေဖေက အိမ်လေးကို ခြံဝင်းကအစ လုံခြုံအောင် အုတ်တွေဘာတွေပင် ကာခဲ့ပြီးစေခဲ့ပြီတည့် ..။

မောင်ကတော့ .. သစ်သားခြံစည်းရိုးလေးပဲ ကာရံ ထားနိုင်ခဲ့သည်။ ရေနံသုတ်ထားသော ခြံစည်းရိုးတန်းလေးတွေ၏ အဝင်တံခါးသည်လည်း သစ်သားတံခါးလေးပဲ ဖြစ်ပါ၏။ ခုလို .. ခြံဝင်းကိုလည်း ကွန်ကရစ် မခင်းနိုင်ခဲ့ ..။ ခုကျတော့ ပန်းအိုးတွေပင် ရှိနေပြီ..။

ခြံလေးထဲမှာ ပန်းအိုးလေးတွေက အမယ်လည်း စုံသည်။ အပွင့်လည်း ဝေနေသည်တည့် ..။ အရင်တုန်းက ရှိခဲ့သော စံပယ်ရုံတန်းလေးကတော့ ကွန်ကရစ်ခင်းရာမှာ ချန်ခဲ့တာမို့ ရှိနေဆဲ ..။ ဤသည်ကလည်း အန်တီစိမ့် ၏ လာလာကြည့်ပေး .. ရေလောင်းပေးနေမှုကြောင့် ကျန်ရစ်ရဆဲ စံပယ်ရုံတန်းလေးပါတည့် ..။ သြော် .. မောင် စိုက်ပျိုးခဲ့ရာ စံပယ်ရုံတန်းလေးပါတကား ..။

ခြံဝင်း လူဝင်တံခါးကို တွန်း၍ မြိုင် အတွင်းဘက်ကို ဝင်သည်။ ဟန်ကိုဆယ်၍ ကိုယ်ကို မတ်ကာ ခပ်မော့မော့ လျှောက်လာမိရပါသည့်အဖြစ် ..။





"ငါ .. ဒီကို ရောက်လာတာဟာ အရှုံးပေးဖို့ မဟုတ်ဘူး .. ဖေဖေ့ကို ပြန်ခေါ်ဖို့ လာတာ .."

ဟုလည်း စိတ်ကို မာန်ချီ၍ ဟန်ဆယ်၍ အားပေးနေမိပြန်သည်။

ဝရန်တာလေးမှာ ခွေနေသည့် ခွေးတစ်ကောင် ခေါင်းထောင်လာ၏။ မာန်ဖီ၏။ဟောင်သည်မှ ဆက်တိုက် ..။ မြိုင် နောက်ကြောင်းပြန်၍ ခြံပြင်ဘက် ရောက်သွားရသည်မှ မြန်မြန်ဆန်ဆန်ကြီးပါ ..။ ခွေးကိုက်နိုင်သည်လေ ..။ ခြံဝင်း လူဝင်တံခါး အပြင်ဘက်မှာ မြိုင် ရပ်လိုက်နိုင်ချိန်မှာ ခွေးကဖြင့် အနီးမှာ လာရပ် ဟောင်နေပြီ ..။

မြိုင့် ကို မှတ်မိပုံလည်း ရသည်။ မြွေးထုံ ကို ငေါက်ငန်းပြောခဲ့သည့် ခတ္တာမြိုင်အိမ်ကြီးမှာ ဤခွေးလည်း ရှိနေသည်လေ ..။ မျက်မုန်းကျိုးနေပုံလည်း ရနေပါသည့် ခွေး ..။

"ကြည့်စမ်း .. အဲဒီကောင်မလေးရဲ့ ခွေးကလည်း မခေဘူး .. ငါ့ကို .. ရန်လိုနေပုံများ .."

ဟု တွေးနေချိန်မှာ ဝရန်တာ နေရာလေးမှာ ရပ်လာသည်က စွမ်းထက်ခေါင် ..။ စွပ်ကျယ်ချိုင်းပြတ်၊ ချည်ပုဆိုးတိုတိုလေးဖြင့် ရှိနေသည့် စွမ်းထက်ခေါင် ကို ကြည့်ရင်း မြိုင် စိတ်ပိုမောလာရပါ၏။ ပတ္တမြားစံအိမ်မှာ စပို့ရှပ်လေးဖြင့်၊ ချည်ချောပုဆိုးလေးဖြင့် အိမ်နေရင်းပင် ရှိရစေပါသည့် သား ..။ ခုကျတော့ .. လူဆင်းရဲပုံ ပေါက်နေပြီ။ ခပ်သုတ်သုတ် ဆင်းလာရင်းမှ ...

"ဟော့ကောင် ဖိုးသည်း .. ငြိမ်ငြိမ်နေစမ်း .."

ဟု သခင်လုပ်၍ စွမ်းထက်ခေါင် ငေါက်နေတာကိုလည်း မြိုင် အံ့ဩရင်း ငေးကြည့်မိသည်။ အံမယ် ..၊ ခွေးက အီခနဲ အသံပေး၍ အဟောင်ရပ်၏။ ဤမျှ တိုတောင်းသော ရက်လေးအတွင်းမှာ စွမ်းထက်ခေါင် သည် ဖိုးသည်း ဆိုသည့် ခွေးကိုပင် သခင်လုပ်နေနိုင်ပြီတဲ့လား..၊ ခွေးကလည်း နာခံနေသည်တဲ့လား ..။


www.burmeseclassic.com

www.burmeseclassic.com



"အိမ်လေးမှာ .. တော်တော်လေး .. အသားတကျရှိနေတယ်ပေါ့ စွမ်းထက် .. ဟင် .. ကြည့်စမ်း .. ဒီခွေးစုတ်ကတောင်မှ စွမ်းထက် ကို သခင်ဆိုပြီး စကားတွေဘာတွေတောင် နားထောင်နေတယ်ပေါ့ .."

ဟု ခပ်ငေါ့ငေါ့ ပြောတော့ စွမ်းထက်ခေါင် မျက်နှာမထားတတ်သလို အမ်းခနဲ ဖြစ်သွားတာကို မြင်ရသည်ပါပဲ။ ဟုတ်သည်လေ .. ဤအိမ်လေးမှာ ဖေဖေနှင့်အတူ .. လာလာနေပြီး လုပ်ကိုင်ပေးနေသည် ဆိုတာကိုတော့ မြိုင် လည်း သိထားရသည်လေ ..။ ဖေဖေ နိုင်းထားတာတွေကို လုပ်နေရ၍ အလုပ်ပင် မဆင်းနိုင် ..။ ရုံးခန်းပင် မထိုင်နိုင် ..။ ညဘက်ကျတော့မှ ပြန်လာတတ်သည့် စွမ်းထက် ..။ ရောက်လာတော့လည်း ထိုအိမ်လေးမှာ ထမင်းစားခဲ့ပြီ .. ဆိုတာပဲ ကြားရမြဲ ..။

"အန်တီမေမေ .. လာ.. လာပါ အန်တီမေမေရဲ့ .. ခုလို .. အန်တီမေမေ ရောက်လာတယ်ဆိုတာ သိရင် .. ဘိုးဘိုးလည်း ဝမ်းသာမှာ .. ထုံ လည်း ဝမ်းသာမှာ .."

ဟု ပြောလာတော့ မြိုင် ခပ်ဘည်ဘည် ကြည့်ပစ်မိသည်ပါပဲ ..။

"အန်တီမေမေက .. အဲဒီ ထုံ ဝမ်းသာနိုင်ဖို့အတွက် .. တတန်တက ဒီကို လာတယ်လို့များ ထင်နေသလား စွမ်းထက် .. မှားနေပြီ ဆိုတာ သေသေချာချာ သိထားဖို့ လိုတယ်ကွယ် .. ဒီကို လာရတာက ဖေဖေကြောင့်ပဲ ..။ ဒီလောက်အချိန်တွေ အဲဒီကောင်မလေးအတွက် ဆေးနေတာ .. တရားလွန်နေပြီလို့ လာပြောတာ ..။ မြိုင် ဆိုတာ .. ဖေဖေ့သမီးအရင်း ဖြစ်တယ်ဆိုတာကို လာပြောတာ .. ကဲ .. မင်းရဲ့ခွေး အသစ်စက်စက်ကို .. သခင် အသစ်စက်စက်အဖြစ် .. ထိန်းထားစမ်းပါ .."

ဟု ပြောကာဆိုကာ အိမ်ခြံဝင်းအတွင်းသို့ စိတ်နောက်ကိုယ်ပါ ဝင်သည်။ အိမ်လေးပေါ် တက်သည်။ မီးဖိုဆောင်ဘက်ဆီမှ စကားသံတွေ ကြားနေရသည်။ ခွေးဟောင်သံကြား၍ စွမ်းထက် ကိုပဲ ကြည့်နိုင်းတာ ဖြစ်မည်။





စကားတပြောပြောဖြင့် အစားမပျက် အသောက်မပျက် ရှိနေကြသည့် ဖေဖေနှင့် မြွေးထုံ ဆိုတာကို မနာလို ဖြစ်လာမိရပါ၏။

"ကြည့်စမ်း .. သဘော်ဆေးသစ်အနံ့တွေ မွှန်နေတာပဲ .. ဖေဖေက .. ဆေးနံ့ကို ခံနိုင်တယ်တဲ့လား .."

ဟု မနာလိုခြင်းသည် ရှေ့ခရီးသို့ ဆက်ပြန်၏။

"မြေးရဲ့ ဖိုးသည်း ကတော့ ခြံရှေ့ လူဖြတ်လည်း ဟောင် .. ဟိုဘက်အိမ်က ကြောင် ခြံစည်းရိုးပေါ် သွားနေတာတွေ့လည်း ဟောင်.. သူ့ခြံစည်းရိုးပေါ် ကြောင်လည်း မသွားရ .. ငှက်လည်း မနားရဆိုတဲ့ ကောင်မျိုး ဖြစ်နေတယ် .. ဥစ္စာ တော်တော်စောက်တာကွ .. ဒီကောင်ကြီးကို ဒါကြောင့် ဘိုးဘိုး ချစ်တာ .."

မီးဖိုခန်းတံခါး နီးလာချိန်မှာ ဖေဖေ ရယ်မောပြောသံကို ကြားနေရပြီ ..။ ဖေဖေသည်လည်း ထမင်းစားမြိန်နေသည်။ စကားတွေ တပြောပြောဖြင့် ရှိနေသည်။ မြိုင် က ထမင်းလည်း စားမဝင် ..။ စကားလည်း ပြောချင်စိတ် ကင်းနေသည့် မြိုင် အဖြစ် ပဒ္မာမြားစံအိမ်ကြီးမှာ ရှိနေချိန်မှာ..။ ဖေဖေက ပျော်နေသည်တဲ့လား..။ သောကကင်းနေသည်တဲ့လား..။ အိမ်ကြီးတစ်လုံးမှာ မြိုင် ဘာတွေ ဖြစ်နေမည်လဲဆိုတာကိုပင် တွေးပေးဖော် မရတော့ပြီတဲ့လား ..။ သတိရဖော်ပင် မရှိတော့ပြီတဲ့လား ..။

"အဲဒီကောင်မလေးဟာ စုန်းမ.. စုန်းမလိုပဲ.. ရှိနေတာ .. မကောင်းဆိုးဝါးမလိုပဲ ရှိနေတာ .. ငါနဲ့ ဖေဖေ့ကို ခွဲနေတာ .."

ဟု အံခဲ၍ ခါးခါးသီးသီး မုန်းနေမိရသည်ကလည်း မြိုင် ပါ ..။

မီးဖိုတံခါးမှာ မြိုင် ရပ်လိုက်ချိန်မှာဖြင့် စွမ်းထက် သည်လည်း နောက်ပါးမှာ ရပ်လာပြီ။ ဖိုးသည်း ဝင်မလာနိုင်အောင် စွမ်းထက်ခေါင်မှ အိမ်အဝင်တံခါးကို ပိတ်ထားခဲ့ရပါသည့်အဖြစ် ..။

"ဖေဖေ .."

မြိုင် ခေါ်လိုက်တော့မှ ဖေဖေ လှည့်ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် မျက်နှာချင်းဆိုင်မှာ ထမင်းစားနေသည့် ထုံ ကတော့ စောစောကတည်းက မြိုင် တံခါးဝမှာ ရပ်လိုက်တာ မြင်တာနှင့်ပင် ဘာသံမျှ ပွင့်ကျမလာနိုင်အောင် အံ့သြမင်တက် ကြည့်နေပါသည့် အဖြစ် ..။

ဖေဖေ့ဘေးမှာ ယှဉ်၍ထိုင်နေသည့် အန်တီစိမ့် လည်း ခုမှ လှည့် ကြည့်လာသည်။ အန်တီစိမ့် ပင် ထုံ နှင့်တူတူ တစ်သားတည်း ရှိနေ သည်ကိုးဟု တွေးကာ စိတ်ထဲ နာချင်ချင်ပါ ..။ တကယ်ဆို .. မြိုင့် ဘက်က ရပ်တည်ပေးဖို့တော့ ကောင်းသည်ပေါ့။

ခုကျတော့ .. တစ်ဖွဲ့တစ်စည်းတည်း ရှိနေကြကာ အိမ်ငယ်လေး မှာ စားပွဲဝိုင်းချ၍ ထမင်းပွဲစည် ဟင်းပွဲစည်ဖြင့် စားမြိန်သောက်မြိန် ဖြစ်နေကြတာ မြိုင် စိတ်ထဲ နာချင်လာသည်။

"သမီး မြိုင် .. လာ .. လာ .. ထမင်းဝင်စား ..၊ ငါးဟင်းရယ် .. မုန်ညင်းဟင်းချိုရယ် .. မြင်းခွာရွက်သုပ်ရယ် .. ဖေဖေ ဝယ်လာတဲ့ ဘဲကင်နဲ့ ကြက်သားကြော်ရယ် .. ကြာဆံကြော်ရယ် .. စားကောင်း တယ်ကွယ့် ..၊ လာ .. လာ .. ဝင်စား ..၊ မြေး ထုံ .. ထမင်းတစ်ပွဲ ထပ် ခူးလိုက်ပါကွယ် .."

အဘယ်မျှ အံ့သြဖို့ ကောင်းနေပါသလဲ ..။ ဖေဖေသည် အေးအေး ဆေးဆေး ဖြစ်နေသည်။ မြိုင့် ကို အိမ်ကြီးတစ်လုံးမှာ တစ်ယောက် တည်း ဖေဖေ ချန်ခဲ့တာ မလုပ်ခဲ့သည့်အတိုင်း ဖြစ်နေသည်။ ဘာမှမဖြစ် ခဲ့သည့်အတိုင်း အေးချမ်းနေသည်။ မြိုင့် ကိုလည်း ထမင်းဝင်စားခိုင်းနေ သည်။ ဘာကိစ္စနဲ့ လာတာလဲ .. ဆိုသည့် မေးခွန်းမျိုးပင် မေးမလာ ..။ အရာရာသည် အသားတကျ .. အေးအေးလူလူ ရှိနေသည့်ပုံမျိုးပင် ဖြစ် နေသည်။

ဖေဖေ့ပုံစံက .. ဤအိမ်လေးသည် ဖေဖေ့အိမ် ဖြစ်နေသည်။ ဖေဖေ အစဉ်တစိုက် နေခဲ့ရာအိမ်လေး ဖြစ်နေသည်။





ပတ္တမြားစံအိမ်ဆိုတာ ကြားပင် မကြားဖူးသည့်နှယ် ဖြစ်နေသည်။ အိမ်လေးမှာ အသားတကျ နှစ်များစွာ နေထိုင်ခဲ့ရာ အိမ်ရှင်တစ်ယောက် နှယ် ဖြစ်နေသည်။ မြိုင် ပို၍ ရင်ထဲမှာ နာလာရပါ၏။ ဖေဖေသည် မြိုင့် ကို ဘာမှ ထည့်မတွက်ပေတော့ပြီတဲ့လား ..။ ဤအိမ်လေးမှာပဲ ဆက်နေသွားတော့မည်တဲ့လား ..။

အကြည့်သည် တူးခါးသောအကြည့်အဖြစ် ထုံ့ ထံသို့ ရောက်၏။ ထမင်းတစ်ပွဲ ခူးကာ စားပွဲပေါ် ပျာပျာသလဲလေး ချနေသည့် ထုံ့ ကို အံခဲ၍ ကြည့်မိသည်။

"မြိုင် ဒီကိုလာတာ .. ထမင်းစားဖို့ မဟုတ်ဘူး ဖေဖေ .. ဖေဖေ့ကို ပြန်ခေါ်ဖို့ လာတာ .. တော်လောက်ပြီပေါ့ ဖေဖေ .. ဖေဖေ့ဓမြးဆိုပြီး သုံးနေတဲ့စိတ်တွေကို.. ဒီလောက်အထိပဲ ရှင်သန်ပေးသင့်ပါတယ် ဖေဖေ.. ရပ်လိုက်ပါတော့ ..၊ မြိုင် က .. မြိုင့် သမီး မဟုတ်ဘူးဆိုတာကို အကြွင်း မဲ့ ယုံကြည်ထားတဲ့ဥစ္စာ .. ဖေဖေက .. ဘာလို့ .. သူ့ကို မြေးအဖြစ် .. သတ်မှတ်ပေးနေရတာလဲ ..၊ သူ့ကို တစ်ယောက်တည်း မထားခဲ့နိုင်ဘူး လို့ မပြောပါနဲ့ ဖေဖေ .. အန်တီစိမ့် ရှိပါတယ် .. နေပါလိမ့်မယ် ..၊ အန်တီစိမ့် ကိုယ်တိုင်ကလည်း မြိုင့် ဘက်မှာ မရှိဘဲ .. ဒီကောင်မလေး ဘက်မှာပဲ ရှိနေတာပဲဥစ္စာ .."

ဟု နာကျင်ခံပြင်းစိတ်ဖြင့် ပြောမိသည်ကတော့ အတန်မျှ ဆင်ခြင် တဲ့တရား ကင်းနေသလို ဖြစ်ကုန်ရပေမယ့် .. မြိုင် က .. မြိုင် က .. အန်တီစိမ့် ကို အရင်းအချာ ထားရသူပေမို့ ခုလို ခံစားရခြင်းဆိုတာ .. မြိုင့် နှလုံးသားကပဲ သိနေရပါသည့်အဖြစ် ..။ အန်တီစိမ့် မျက်နှာ မကောင်း ..၊ မြိုင့် ကိုလည်း ဘာမှလည်း မပြောပါ ..။ ဖေဖေ ထမင်းစား ရပ်သွားသည်။ လက်ဆေး၍ မြိုင့် ရှေ့ ရပ်လာသည်။ မျက်နှာက တည် နေ၏။ အားလုံးလည်း ထမင်းဆက်မစားဖြစ်ကြတော့ ..၊ ထမင်းပွဲလည်း ပျက်ရပြီ ..။



www.burmeseclassic.com

www.burmeseclassic.com

"မြိုင် အဲသလိုလုပ်တာ မကောင်းဘူးဆိုတာ ဖွင့်ပြောဖို့တောင် မလိုဘူးလို့ ဖေဖေ ပြောချင်တယ် .. အားလုံး ထမင်းစားနေကြချိန် - စားကောင်းသောက်မြိန် ဖြစ်နေကြချိန်မှာ .. လူတွေရဲ့ဝမ်းထဲကို ရောက်ရမယ့် ထမင်းအလုတ်ပေါင်း များစွာကို .. မဝင်အောင် .. အစားပျက်အောင် .. လုပ်လိုက်တာဟာ .. လူလည်း မကြိုက်ဘူး .. နတ်လည်း မကြိုက်ဘူး .. ဘယ်သူမှ မကြိုက်ဘူး မြိုင် .."

ဟု ဖေဖေ ပြောလာတော့ မြိုင် ရင်ထဲ ဆို့ခနဲ ဖြစ်ရပါ၏။

ဖေဖေပင်လျှင် ခုလို .. မထောက်မရက် ပြောရက်ပြီတဲ့လား - အကြည့်သည် ရှူးရှူးဝါးဝါးကြီး ခါးသီးစွာ မြမွှေးထံ ထံသို့ ရောက်၏၊ အားလုံး ထိုကောင်မလေးကြောင့် ဖြစ်ကုန်ရခြင်း ..။

"မြိုင် .. ထမင်းစား မဝင်တာကိုကျတော့ .. ဖေဖေ တွေးပေးသလား ဖေဖေ .. ဒီနေ့ညစာကို မြိုင် မစားနိုင်ဘူး .. မြိုင့် ဝမ်းထဲမှာ ဘာအစားမှ မရှိဘူး .. အဲဒီအချိန်မှာ ဖေဖေက ဒီမှာ ထမင်းပွဲကြီး စည်နေတယ် .. မြိုင့် ကို မေ့ထားတယ် .. အဲဒါ .. ဖေဖေ တွေးပေးလို့လား .."

ဟု ပြောတော့ ဖေဖေ ခေါင်းခါသည်။ မြမွှေးထုံ ကို ကြည့်တော့လည်း မျက်နှာလေး မကောင်းနိုင်ဘဲ ဖြစ်နေကာ ...

"ဘိုးဘိုးရယ် .. မေမေ သနားပါတယ် .. ပြန်လိုက်သွားပါနော် - မေမေ နေမကောင်းဖြစ်ပါ့မယ် ဘိုးဘိုးရယ် .. ထုံ နေရဲပါတယ် .."

ဟု ပြောလာစဉ်မှာ မြိုင် မုန်းသည်မှ အသံပင် မကြားချင်အောင် ဖြစ်ကုန်ရလျက် ...

"နင် .. ငါ့ကို .. မေမေလို့ မခေါ်နဲ့ .. ငါ .. နင့်မေမေ မဟုတ်ဘူး - ငါ မွေးတာ .. သားလေး မွေးတာ ..၊ နင် ငါ့ကို မေမေလို့ မခေါ်နဲ့ -"

ဟု အော်ပစ်လိုက်မိသည်။ ဖေဖေ တည်တင်းသည့်အကြည့်ဖြင့် ကြည့်လာလျက် ...





"မြိုင် က .. ဖေဖေ့ကို ဖေဖေလို့ ခေါ်ခွင့်ရှိသလို .. ထုံ ကလည်း.. သူ့အမေကို .. မေမေလို့ ခေါ်ခွင့်ရှိတယ် မြိုင် .. အခေါ်မခံချင်တာက မြိုင့် အပိုင်းပဲ .. ခေါ်ခွင့်ရှိတာက .. ထုံ့ အပိုင်းပဲ .."

ဟု ပြတ်သားစွာ ပြောချလာတော့ မြိုင် အံ့သြစွာဖြင့် ဖေဖေ့ကို ကြည့်သည်။ ခေါင်းလည်း ခါမိသည်။

"မှိုင်းမိနေသလိုပါပဲလား ဖေဖေရယ် .. မြိုင် က ကာယကံရှင်ပါ၊ သူ့ကို သမီးရယ်လို့ကို မခံစားနိုင်ဘဲ ဖြစ်နေတာ .. ဖေဖေက .. ဘာလို့.. မြေးဆိုပြီး စွဲလမ်းနေရတာလဲ .. ဖေဖေ့မြေးက သေပြီ ဖေဖေရဲ့ .. သူ့ အဖေ ရက်ရက်စက်စက် .. မြိုင့် ကို .. ပစ်ထားခဲ့လို့ .. တောရွာလေးတစ်ရွာမှာ မြိုင် .. ကလေးကို သွားမွေးရတာမို့ .. သားလေး သေခဲ့ရတာ..၊ မြိုင် မသေဘဲ .. မြိုင့် သားလေး သေခဲ့ရတာ .. အဲဒါကို မြိုင် က မေ့ပစ်ရမှာလား .. စိတ်မနာဘဲ .. နေပစ်ရမှာလား ..၊ သူ့အဖေလေ .. သူ့ အဖေ ရက်စက်ခဲ့တာ .."

ဟု ဆက်တိုက် ပြောနေချိန်မှာ မီးဖိုခန်းငယ်လေးသည် ရုတ်တရက် တိတ်ဆိတ်သွားသည်။ ဖေဖေ့အကြည့်တွေက ပြတ်သားစွာပဲ မြိုင့် ကို ကြည့်နေသည်။ သားအဖနှစ်ယောက် အတန်ကြာမျှ ငြိမ်၍ ရပ်နေကြရင်းမှ ...

"မြိုင် .. ပြန်တော့ .. ဖေဖေ မလိုက်နိုင်ဘူး ..၊ ဖေဖေ့မြေးကို .. ဒီမှာ တစ်ယောက်တည်း မချန်ခဲ့နိုင်ဘူး .. ပတ္တမြားစံအိမ်ကိုလည်း မြိုင် က ဒီကလေးကို အဝင်မခံဘူး .. ဒီမှာနေတော့လည်း ဖေဖေ့ကို လာခေါ်တယ် .. မလွန်လွန်းဘူးလား မြိုင် .. စိတ်နာတာတွေကို ရင်ထဲမှာ အစိုင်အခဲကြီးဖြစ်အောင် မွေးမြူထားရင်း .. ဒီကလေးအပေါ်မှာ .. အဲဒီအမုန်းတွေ အားလုံး စုပြုံ ပြိုကျနေစေတဲ့ကိစ္စ .. ဖေဖေ တားလို့လည်း မရတဲ့နောက်မှာ .. ဖေဖေ့ဘက်က .. ဖေဖေ့မြေးနဲ့ အတူနေဖို့ ဆုံးဖြတ်တာကို .. လာပြီး မတားဆီးပါနဲ့ မြိုင် .. ပြန်တော့ .. ပြန်တော့.."


www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောစဉ်ခိုက်မှာ ...

"မေမေ သနားပါတယ် ဘိုးဘိုးရယ် .. ပြန်လိုက်သွားပါနော် .. ထုံ .. အိမ်ပြတင်းတံခါးတွေ သေချာပိတ် အိပ်ပါ့မယ် .. ကြီးစိမ့် လည်း ခွေးဘြမြိုင်ကိုပဲ ပြန်အိပ်ပါ .. အိမ်ကြီးကို အဲသလို လူမရှိဘဲ ထားလို့မှ မဖြစ်တာ ကြီးစိမ့် ရယ် .. ဒီမှာက .. ဖိုးသည်း လည်း ရှိတာပဲ ဥစ္စာ .. ခြံဝင်းတံခါးတွေလည်း သေချာ ပိတ်ထားမှာပဲ ဘိုးဘိုးရဲ့ .. အိမ်အပြင်မီး တွေလည်း ဖွင့်ထားပါ့မယ် .. ထုံ နေရဲပါတယ် ဘိုးဘိုးရဲ့ .."

ထုံ ပြောခိုက်မှာ ဘိုးဘိုး ခေါင်းခါသည်။

"ဟော့ .. ငါ့မြေးကို .. ငါ .. ချန်မထားနိုင်ဘူးကွ ..၊ ကဲ .. မြိုင် .. ပြန်တော့ .. ဒီမှာလည်း ထမင်းစားတာ ပျက်ကုန်ရပြီ .. ဆက်လည်း စားဖြစ်တော့မယ် မထင်ဘူး .. အားလုံး .. လာဖျက်ဆီးပစ်တာ မင်းပဲ ဖြစ်တယ် မြိုင် .."

ဟု အပြစ်တင်တော့ မြိုင် ရင်ထဲမှာ ဆို့တက်လာရသည်။ ဖေဖေ သည် မြိုင့် ကို သနားဖို့ပင် အတွေးမဝင်တော့ပြီကိုးဟု နားလည်လာရ ခြင်းဖြင့် မျက်ရည်လည်တက်လာရသည်ပါပဲ ..။

"လိုက်သွား စွမ်းထက် .. မင်း အန်တီမေမေနဲ့ လိုက်သွား .."

ဟုလည်း ဖေဖေ ပြောနေသည်။ စွမ်းထက်ခေါင် မှ မျက်နှာ မကောင်း ..၊ ဝင်ပြော၍လည်းရသည့်ဘဝ မဟုတ် ..။ ကိုယ့်ဘဝကို ခေါ်ယူ မွေးစားခဲ့၍သာ ခုလို .. ပညာတတ်ဘဝ ရောက်ခဲ့ရလျက် ..၊ အရိပ်ကြီးတစ်ခုကိုလည်း နားခိုခွင့် ရနေသည်ကိုးလေ ..။

ထိုစဉ်ခိုက် ဖိုးသည်း ဟောင်သံ ပေါ်လာတာမို့ စွမ်းထက်ခေါင် စိတ်မောမောဖြင့် ထွက်ကြည့်ရပြန်သည်။

"ဘိုးဘိုး .. ခြံတံခါးရှေ့မှာ ကားတစ်စီး ရပ်နေတယ် .. ကားပေါ် က အန်ကယ် ဦးဆွေသာ တို့ သားအဖရယ် .. အသားဖြူဖြူတုတ်တုတ် နဲ့ အဒေါ်ကြီးတစ်ယောက်ရယ် .. ဆင်းလာကြတယ် ဘိုးဘိုး .."





ဟု လာ၍ ပြောစဉ်မှာ ဘိုးဘိုး ပြုံးလိုက်တာကို ထုံ မြင်ရပါ၏။

"ကဲ .. မြိုင် .. ဖေဖေ လောင်းရဲတယ် .. အဲဒီ ပါလာတဲ့ မိန်းမကြီး ဟာ မြိုင် အလွန်ယုံကြည်တဲ့.. မြိုင့် ဒေါ်ကြီးမိ ပဲ ဖြစ်လိမ့်မယ် .. ဆွေသာ ဟာ .. သူ့ဘက်က သက်သေထူ .. လိုက်ပြောပေးမယ့်သူတစ်ယောက် ကို .. အလွယ်တကူပဲ ခေါ်လာလိုက်နိုင်တယ်ဆိုကတည်းက .. သူဟာ မမိ နဲ့ အဆက်အသွယ်ရှိလို့ .. မမိ ဘယ်မှာ ရှိတယ်ဆိုတာ သိလို့ .. ခေါ်လာနိုင်တာပေါ့ မြိုင် ..၊ ဒီလောက် မြန်မြန်ဆန်ဆန် ခေါ်လာမိတာ ကိုက .. စိတ်စောတင်ပြီး နည်းနည်း လောသွားတဲ့သဘော ဖြစ်နေတယ် ဆိုတာ ဆွေသာ သတိမထားမိနိုင်ဘဲ ဖြစ်သွားတာပဲ မြိုင် .. ကဲ .. ဧည့်ခန်းကို သွားမယ် ..၊ စွမ်းထက် .. အဲဒီလူစု .. ခေါ်လိုက်ပါကွယ်.. ဧည့်ခန်းထဲ ခေါ်လာလိုက်ပါ .. ရှင်းကြပါစေ .. သူတို့ဘက်က .. ရှင်း ချင်တာတွေ ရှင်းကြပါစေ .."

ဟု အေးအေးဆေးဆေး ဖေဖေ ပြောကာ ဧည့်ခန်းသို့ သွားလိုက် တော့ မြိုင် .. ချက်ချင်း လိုက်မသွားမိသေး ..။

အန်ကယ် ဦးဆွေသာ ပြောခဲ့ ဖြေခဲ့သည့် စကား ..၊

ဒေါ်ကြီးမိ ဘယ်မှာရှိသည်ဆိုတာ မသိပါဟု ဖြေခဲ့သည့်စကားကို မမေ့နိုင်သေး ..။

ခုကျတော့ .. အန်ကယ်က ဒေါ်ကြီးမိ ကို ခေါ်လာသည်တဲ့လား..။

မသေချာသေးပါ ..၊ တကယ်ပဲ ဒေါ်ကြီးမိ ဖြစ်ချင်မှ ဖြစ်မည်ပေါ့။ အဒေါ်ကြီးတစ်ယောက်ကို ခေါ်လာသည်ဆိုတာပဲ စွမ်းထက်ခေါင် က ပြောသည်ပဲလေ..။ ဒေါ်ကြီးမိ ကို စွမ်းထက်ခေါင် မမြင်ဘူး ..၊ ဒေါ်ကြီးမိ ရွာပြန်ပြီးမှ .. စွမ်းထက် ကို မွေးစားခဲ့ရသည်ကိုးလေ ..။

ဖေဖေကတော့ ဒေါ်ကြီးမိ ကို အန်ကယ်မှ ခေါ်လာသည်ဟု အတိ အကျ ပြောခဲ့သည်တည့် ..။ မြိုင့် အကြည့်က .. မြမွေးထုံ ထံသို့ တည် တင်းစွာ ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာညှိုးလေးဖြင့် ကြည့်နေသည့် ကောင်မလေးကို သနားစိတ် ဖြစ်မလာနိုင် ..၊ စိတ်နာတာနှင့် မုန်းတီးတာတွေပဲ တိုးလာနေရသည်။ ဖေဖေ ဤအိမ်လေးမှာ လာနေခြင်းက .. ဤကောင်မလေးကြောင့်ပဲ မဟုတ်ပါလားလေ ..။

သားအဖချင်း သွေးကွဲအောင် ခွဲသည့် ကလေးမကို .. မြိုင် စိတ်ထဲမှာ မုန်းနေတာပဲ ရှိနေသည်။

အန်တီစိမ့် ကို မြိုင် ကြည့်တော့ စောစောက မြိုင် ပြောခဲ့သည့် စကားတွေကြောင့် စိတ်ထိခိုက်တာ သိသာနေသည်ပါပဲ ..။ ပြောမိတာ လွန်ခဲ့ပြီလား .. ဟု ခုကျတော့လည်း အားနာစိတ် ရုတ်ခနဲ ဖြစ်ရပြန်သည်။

"သင်းကြောင့် .. သင်းကြောင့် .."

ဟု နောက်ဆုံးတော့ အမုန်းသည် မြွေးထုံ ထံသို့ပင် ရောက်ပြန်သည်တည့် ..။





အခန်း (၂၂)

"မယုံကြည်တဲ့ မင်းကိုရော .. ပြီးတော့ .. သမီးလေးလို ငါ ချစ်တဲ့ မြိုင့် စိတ်ထဲမှာ .. ငါ့အပေါ် သံသယမြင်မှာကို မခံနိုင်တာမို့လို့ရော .. မမိ ရှိရာကို ရအောင် ငါ စုံစမ်းပြီး ဒီကို ခေါ်လာတာပဲ အောင်ဇော် .. မမိ ဆီမှာ မြိုင် မွေးဖွားခဲ့တဲ့ ကလေးဟာ ယောကျ်ားလေးဆိုတာ မမိ သေချာ ပြောပြလိမ့်မယ် ..၊ ကဲ .. ဒီမှာ မမိ .. မြင်တဲ့အတိုင်းပဲ .. အဲဒီ ကလေးမလေးက .. သူဟာ မြိုင့် သမီးပါလို့ ပြောနေတယ် .. သူ့အဖေ သုတ က အောင်ဇော်ဦး ဟာ ဒီကလေးမလေးရဲ့အဘိုး ဖြစ်တယ်ဆိုပြီး တော့လည်း အပ်ထားခဲ့တယ် .. ဒီတော့ .. ရှင်းပြလိုက်စမ်းပါ .."

ဟု ပြောနေသည့် အန်ကယ် ဦးဆွေသာ ကို မြိုင် ငေးကြည့်နေမိပါ၏။ အန်ကယ့်မျက်နှာထက်မှာ မျှော်လင့်ချက်၏ အရိပ်အငွေ့တွေ သိသာစွာ ထင်ဟပ်နေကြပါချေ၏။

ဒေါ်ကြီးမိ ကလည်း ဧည့်ခန်းမှာ ရပ်နေရင်း မြိုင့် ကို ကြည့်သည်၊ ဖေဖေ့ကို ကြည့်သည်။ ပြီးတော့ .. မြွေးထုံ ကို ကြည့်သည်။ မမြင်ခဲ့ဖူးသော စွမ်းထက် ကိုလည်း ကြည့်သည်။

ယခင်ကထက် များစွာ ဖြူနုနေကာ အသားတွေ ဝင်းအိနေအောင် နေသည့် ဒေါ်ကြီးမိ သည် ချမ်းချမ်းသာသာပုံစံမျိုး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသော ချည်သားပွင့်ရိုက် ရင်ဖုံးအင်္ကျီနှင့် ပါတိတ်ထဘီဆိုတာနှင့် မလိုက်ဖက်လောက်အောင်ပဲ ချမ်းသာရုပ် ထွက်နေသည်ကလည်း အမှန်ပဲ ဖြစ်နေပါ၏။

မြိုင်.. ဒေါ်ကြီးမိ ကို ကြည့်နေရင်း ဘာကြောင့် ထိုမျှအထိ ဒေါ်ကြီးမိသည် နုနုနယ်နယ် ဝင်းဝင်းအိအိကြီး ဖြစ်နေရပါလိမ့်ဟုတော့ စဉ်းစားစ ပြုလာရပါပြီ။ တကယ်က .. အိမ်ဆိုင်လေးဖွင့်ကာ တောရွာလေးတစ်ရွာမှာ စားသောက်နေထိုင်မည့် ဒေါ်ကြီးမိ သည် ဤမျှအထိတော့ နုဖန့်နေစရာကို မရှိ ..။ ခြေထောက်လေးတွေကအစ နုနုဖန့်ဖန့် ဖြစ်နေတာ အမှန် ..။

ဒေါ်ကြီးမိ ကို ဖေဖေလည်း ပြုံး၍ ကြည့်နေပါ၏။ ဘာမျှ ဝင်မပြော ..။ ဒေါ်ကြီးမိ ကလည်း ဟိုဟိုသည်သည် ကြည့်ကာကြည့်ကာဖြင့် စကားသံ ထွက်ကျမလာသေး ..။ အားလုံးကလည်း ဒေါ်ကြီးမိ ထံမှ ပွင့်ကျလာမည့်စကားကို နားစိုက်နေကြတာ သိသာနေသည်။

မြမွှေးထုံ ကို မြိုင် အကဲခတ်သလို တစ်ချက် လှမ်းကြည့်ရတော့ အေးစက်သောအကြည့်လေးတွေဖြင့် မျက်တောင်မခတ် ကြည့်နေသည့်အကြည့်ကို ကြုံသည်။ ရင်ထဲ ဆတ်ခနဲ ခါရသည်က မြိုင် ပါ..။ မာနနှင့် ခေါင်းမာအေးစက်နေသောအကြည့် ..၊ တကယ့် အဖေလုပ်သူ၏ အကြည့် ..၊ မောင့်မျက်လုံးတွေကို ထင်းခနဲ ပြန်မြင်ရသည်သို့ ရှိရချေသည်တကား ..။

ကမန်းကတန်းပဲ မြိုင် သည် ထုံ့ ထံမှ အကြည့်ကို ရှောင်လွှဲလိုက်မိရပါသည့်အဖြစ် ..။ ဘေးမှာ မောင် ရပ်လာကာ မြိုင့် ကို အေးစက်သောမာနအကြည့်ဖြင့် လာကြည့်နေသည်ဟုပင် ထင်လာရချေသည်ကောလေ ..။

"ဟုတ်တယ် မြိုင် .. မြိုင် မွေးတာ ယောက်ျားလေးပါ .. ဆုံးတော့ ကမန်းကတန်းပဲ .. ရွာသုသာန်မှာ ချလိုက်ရတယ် .. မြိုင် ကလည်း





နေမကောင်းဖြစ်ပြီး ဆေးရုံရောက်ရတာဆိုတော့ .. မြိုင့် ကိုလည်း ချက်ချင်း အသိမပေးရဲခဲ့ဘူးလေ .. အို .. အသိပေးလို့လည်း မရပါဘူး .. မြိုင် က သတိမဲ့နေတာ .. မနည်း ပြန်လုယူရတာ .. ဆေးရုံလည်း တင်ရတာ .."

ဟု ဒေါ်ကြီးမိ ပြောလာချိန်မှာ မျက်ဝန်းတွေ ဂနာမငြိမ်ပဲ ဘာကြောင့် ဖြစ်နေရပါသလဲဟု မြိုင် စတင်၍ တွေးတောစ ပြုလာနေရပြီ..။

"မြိုင် .. ကိုယ့်ကို လက်မထပ်ချင်နေပါ .. ရပါတယ် .. ကိုယ်က မြိုင့် ကို ချစ်နေရတဲ့သူပါ .. မြိုင် စိတ်မချမ်းသာမှာကို ဘာမှ ကိုယ် မလုပ်ရက်ပါဘူး .. ဒါပေမယ့် ကိုယ့်ဖေဖေအပေါ်မှာတော့ သံသယမရှိစေချင်ဘူး မြိုင် .. ကိုယ့်အတွက်က မြိုင် တစ်ယောက်တည်း အရေးကြီးတာပါ .. အန်ကယ် မယုံချင် နေပါစေ .. မြိုင် တစ်ယောက်တည်း ယုံကြည်ပေးတယ်ဆိုရင်ပဲ .. ကိုယ် ကျေနပ်ပါပြီ .. အန်ကယ်လည်း နောက်ပိုင်းတော့ ဖေဖေ့အပေါ်မှာ ယုံကြည်လာလိမ့်မယ် .. သံသယတွေ ပြေသွားလိမ့်မယ်လို့ ကိုယ် ယုံကြည်တယ် မြိုင် .. ဖေဖေဟာ ကိုယ့်ကို သိပ်ချစ်တဲ့ ဖေဖေပါ .. ကိုယ် မြတ်နိုးတဲ့ မြိုင့် ကိုလည်း သမီးလေးလို ချစ်တဲ့သူပါ ..၊ ကိုယ် သိပ်ချစ်တဲ့ မြိုင် နဲ့ လက်ထပ်ပေးနိုင်ဖို့လည်း အမြဲ မျှော်လင့် စောင့်ဆိုင်းပေးနေတဲ့သူပါ မြိုင် .. ဖေဖေ့ကို .. ကိုယ် သိတယ် ..၊ ဖေဖေ ဘယ်လိုမှ အဲသလို မလုပ်နိုင်ဘူး မြိုင် .."

ကိုကျော်မင်းသာ ကလည်း မြိုင့် ကို တဖွဖွ ပြောနေပြီ။ တကယ်လည်း မြိုင့် ကို ချစ်မြတ်နိုးသည်ဆိုတာ မြိုင် ယုံပါသည်။ အရုပ်မြင့်မြင့် အသားဖြူဖြူနှင့် ခေတ်ပညာတတ် ကိုကျော်မင်းသာ အတွက် ရုပ်ရည်လည်း မွန်ရည်ခန့်သန့်သည်မို့ လက်ထပ်လိုမည့် မိန်းကလေးတွေ ရှိခဲ့ချေမည်သာ။

ကိုကျော်မင်းသာ ဘက်က ကမ်းလှမ်းလျှင် လက်ခံမည်သူ ရှိနေကြမည်ဆိုတာလည်း မြိုင် ယုံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပါလျက်ကယ်နှင့် မြိုင် မှ မြိုင် ဖြစ်ကာ .. ကလေးတစ်ယောက် အမေဖြစ်သည့် မြိုင် ..၊ ခင်ပွန်းသည်၏ အပစ်ပယ်ခံရပါသည့် အကျွာ ရှင်းခံ မြိုင့် ကို လက်ထပ်ဖို့ စောင့်ဆိုင်း မျှော်လင့်ခဲ့ခြင်းကိုက .. ကျော် မင်းသာ ၏ မေတ္တာကိုတော့ အထင်မသေးအပ်သည်ပဲဟု မြိုင် ထင်ပါ သည်။ ဒါပေမယ့် .. မြိုင် သည် နောက်ထပ် အိမ်ထောင်ပြုလိုစိတ်ကို မရှိတော့သည့် မြိုင် ဖြစ်နေတာ အမှန်ပါတည့် ..။ မြိုင် အလွန် ချစ်မြတ်နိုးကာ အထင်တကြီးရှိရပါသည့် မောင်သည်ပင်လျှင် မြိုင့် ကို စွန့်ခွာသွားနိုင်ရက်သည်ပဲလေ ..။

မြိုင် သည် .. အချစ်ဆိုတာကို မပြောင်းလဲနိုင်သောအရာ ဖြစ်သည် ဟု ယုံကြည်ပေးလိုက်ရမှာ အလွန် ခက်ခဲနေသောစိတ်တွေဖြင့် ရှင်သန် နေရသည့် မြိုင် ဖြစ်နေတာ ကြာခဲ့ပါပြီ။ မောင့် စွန့်ပစ်ခံ မြိုင် အဖြစ် ရှိခဲ့ရကတည်းက ဖြစ်ပါချေသည်တည့် ..။

"မမိ .. ကျေးဇူးတင်တယ် .. အဖြစ်မှန်ကို ခုလို လာပြောပေးတဲ့ အတွက် .. ကျွန်တော် ကျေးဇူးတင်ပါတယ် မမိ ..၊ ကဲ .. မမိ ကို ရွာ အထိ ကျွန်တော် ပြန်ပို့ပေးမယ် .. ကျွန်တော် ရွာအထိ လိုက်လာပြီး ခေါ်တဲ့အချိန်မှာ အိမ်ဆိုင်လေး ပိတ်ပြီး အလုပ်ပစ်လို့ လိုက်လာပေးတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်ဗျာ .."

ဟု အန်ကယ် ပြောနေတော့လည်း ဖေဖေ ပြုံး၍ ကြည့်နေသည် ပါပဲ။

"ပတ္တမြားစံအိမ်ကို အရင်ရောက်တာ မြိုင် .. ဖေဖေက .. ဒီက အဒေါ်ကြီးနဲ့ ကိုယ့်ဆီ ရောက်လာတာ .. မြိုင့် ဆီကို ခေါ်သွားမယ်တဲ့.. ပန်းမျိုးတစ်ရာ ပန်းဥယျာဉ်ကနေပြီး ကိုယ် လိုက်လာရတာ .. ညနေစာ စားချိန်လည်း ဖြစ်နေပြီဆိုတော့ .. ပတ္တမြားစံအိမ်ကိုပဲ ဖေဖေ ခေါ်လာ ခဲ့တာ .. ဒေါ်ကြီးကြွယ် နဲ့ တိုးတယ် .. မြိုင် .. မရှိဘူးဆိုတာရယ် .. မြိုင် က မြိုင့်ဖေဖေကို သွားခေါ်မယ်လို့ ပြောသွားတယ်လို့ ဒေါ်ကြီး





ကြွယ် က ဖေဖေနဲ့ ကိုယ်တို့ကို ပြောပြတာ ..၊ အဲဒါ .. ဖေဖေ ဒီကို ခေါ်လာတာ မြိုင် .."

ဟု ပြောတော့ မြိုင် ခေါင်းပဲ ညိတ်ပြလိုက်သည်ပါပဲ။ စိတ်တွေ ရှုပ်ထွေး နောက်ကျလာနေသည်။

"ထုံ .. မေးချင်တာလေးတွေ ရှိနေတယ် ဘိုးဘိုး .. မေးလို့ ရ မလား .. ဟင် .."

ဟု ထုံ ပြောလာတော့ ဘိုးအေဖြစ်သူ ခေါင်းညိတ်ပြတာကို မြိုင် တွေ့ရသည်ပါပဲ ..။

အာဂကောင်မလေးပေပဲဟု မြိုင် တွေးမိသည်။ ဤအချိန်မှာပင် မေးတာတွေ လုပ်ချေဦးမည်တဲ့လေ ..။ ဒေါ်ကြီးမိ ကိုယ်တိုင်က မြိုင် သားလေးကို မွေးတာ အသေအချာ ကိုယ်တိုင် လာပြောနေတာကိုပင်.. ထုံ ဆိုသည့် ကောင်မလေးက .. မေးချင် မြန်းချင်နေသေးသည်တဲ့။ .

မြိုင် စိတ်ညစ်လာသည်။ ကြာကြာလည်း မနေချင် ..၊ ကိစ္စက လည်း ရှင်းနေပြီ။ မြိုင် မွေးတာ သားလေး ဖြစ်သည်။ ဤသည်ကိုတော့ ဘယ်လိုမှ ငြင်း၍မရနိုင်သောအဖြေတစ်ခုအဖြစ် ရှင်းလင်းသွားခဲ့ချေ ပြီပဲလေ ..။

"ထုံ မေးချင်တာက .. ဒီက ကြီးကြီးမိ ကိုပါ .. ကြီးကြီး ပြောတဲ့ အထဲမှာ .. မေမေ မွေးတယ်ဆိုတဲ့ သားလေးကို .. ရွာသုသာန်မှာ မြေ မြှုပ်လိုက်ရတယ်ဆိုတာ ပါတယ် .. အဲဒီအချိန်တုန်းက .. မေမေက လည်း သတိမေ့တာတို့ .. ဆေးရုံကို တင်ရတာတို့တွေ ဖြစ်ရလောက် အောင် နိုးရိမ်စရာ ဖြစ်နေတယ် .. ဒီတော့ ရွာသုသာန်မှာ ကလေးကို ဘယ်သူနဲ့ မြှုပ်နိုင်းခဲ့သလဲ ..၊ ကျင်းတူးတာတို့ မြှုပ်တာတို့ဆိုပါတော့.. သူ ဘယ်နှစ်ယောက်နဲ့ အဲဒါတွေ လုပ်ခိုင်းခဲ့သလဲဆိုတာ ထုံ သိချင် တယ် .. နာမည်လေးလည်း ပြောပြပါဦး .."

ဟု မေးလိုက်တော့ ဒေါ်မိ မျက်စိမျက်နှာ ပျက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုကြည့် သည်ကြည့်နှင့် ဂနာမငြိမ် ဖြစ်လာသည်။ အားကိုးသလို ဦးဆွေသာ ကို လှမ်းကြည့်လိုက်တာလည်း ထုံ မြင်နေရသည်။ ဦးဆွေသာ ဟိုဟိုသည်သည် ကြည့်နေသည်။ ဒေါ်မိ ကို မကြည်ဘဲ တမင် နေနေခြင်း ဆိုတာလည်း သိသာနေသည်။ ဘိုးဘိုးကတော့ ပြုံးနေသည်ပါပဲ ..၊ မေမေလည်း အကဲခတ်သလို ဒေါ်မိ ဆိုတာကို လှမ်းကြည့်နေတာ ထုံ မြင်နေရသည်ပါပဲ ..။

"ဟုတ်တယ် .. မမိ .. ငါလည်း သိချင်တယ် .. အဲဒါ မြေမြှုပ်ပေး တယ်ဆိုတဲ့လူတွေကို ဆိုပါတော့ .."

ဟု ဘိုးဘိုး ထပ်ဝင်ဖြည့် ပြောလာတော့ ဒေါ်မိ ခေါင်းခါ၏။

"ကျွန်မ .. ကျွန်မ .. မမှတ်မိတော့ဘူး အစ်ကိုကြီး .."

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ဖြေလာပါ၏။

"အဲဒီရွာကို ထုံ တို့ သွားကြတာပေါ့ ဘိုးဘိုးရယ် .. ဒေါ်ကြီးမိ မမှတ်မိဘဲ မေ့နေတယ်ဆိုစေဦး .. အဲဒီ မြေမြှုပ်ပေးခဲ့ရတဲ့သူတွေက တော့ .. သူတို့ဟာ တစ်ချိန်တုန်းက .. မြိုင် ဆိုတဲ့ သူဌေးသမီးတစ် ယောက် သူတို့ရွာမှာ ကလေးလာမွေးရင်း .. ကလေး ဆုံးသွားတာမို့ ကလေးလေးကို မြေမြှုပ်ပေးခဲ့ရတယ်ဆိုတာ ကာယကံရှင်တွေကတော့ မေ့နိုင်ကြမှာ မဟုတ်ပါဘူး .. ရုပ်ချောချောနဲ့ သူဌေးသမီးလေး လာမွေး တဲ့ ကလေးပဲလေ .. အဲသလိုအဖြစ်မျိုး ဆိုတာကလည်း ရွာမှာ ဖြစ်ခဲ့ တယ် မဟုတ်လား .. အမေဖြစ်တဲ့ သူဌေးသမီးလေးကလည်း ဆေးရုံ တင်ရတာတို့ ဘာတို့ ရှိခဲ့တာကိုး .."

ဟု ဆက်၍ ထုံ ပြောလာတော့ ပို၍ ယောက်ယက်ခတ်လာသည် က ဒေါ်မိ ပါ။ ဦးဆွေသာ ကိုပဲ တကြည့်တည်း ကြည့်နေသည်၊ အားကိုးကြည့် ..။

"အဲ .. အဲဒါလည်း မမှတ်မိတော့ဘူး အစ်ကိုကြီး .. သူ မေးတာ တွေကို မမှတ်မိတော့တာပါ .. ရွာက ထွက်လာခဲ့တာလည်း ကြာပြီမို့-





တခြားရွာမှာ နေတာလည်း ကြာပြီမို့ .. ဟိုရွာမှာ ကလေးကို ဘယ်သူနဲ့ မြှုပ်ခိုင်းခဲ့မိမှန်း မမိ မသိတာပါ ..၊ ဟိုကို .. ဒီက .. မိန်းကလေးတို့ သွားမေးရင်လည်း ဟိုလူတွေက ရှိချင်မှ ရှိတော့မှာပါ .. ပြောင်းချင်လည်း ပြောင်းသွားကြရောပေါ့ .."

ဟု စတင်၍ ဖြေမိဖြေရာတွေ ဖြေသည့်အလုပ်ကို လုပ်လာချေပြီ တည့် ..။

"ပြီးတော့ .. ဒီက ဘိုးဘိုးက .. ထုံ တို့ရဲ့ အိမ်လေးကို ရောက်ဖူး တာလည်း မဟုတ်ဘူးဆိုတော့ .. ခု .. ကားမောင်းပြီး အားလုံးကို ခေါ် လာတယ်ဆိုတာက .. ထူးဆန်းနေတယ် ဘိုးဘိုးရဲ့ .. ဒီတော့ .. ဖေဖေ့ အိမ်လေးကို .. ဒီက ဘိုးဘိုးကြီးက .. အရင်ကတည်းက ဘယ်မှာရှိတယ် ဆိုတာ သိနေလို့ပေါ့ ..၊ ထုံ့ ဘိုးဘိုးအရင်းကတောင် .. မသိခဲ့တဲ့အိမ်လေး ကို .. ဘိုးဘိုးအရင်းကိုတောင် ဒီက ကြီးစိမ့် တို့က ခေါ်ပြလို့ သိရတာဖြစ် တဲ့ အိမ်လေးကို .. ဒီက ဘိုးဘိုး ဦးဆွေသာ က အလိုလို သိနေတယ်တဲ့.. အံ့သြစရာပဲနော် .."

ဟု ပြောလိုက်တော့ ဦးဆွေသာ မျက်နှာ ကွက်ခနဲ ပျက်သည်။ မှားပြီဆိုတာကို ဦးဆွေသာ သိလိုက်ချိန်မှာ နောက်ကျကုန်ပြီတည့် ..။ မြိုင့် ကို ရှင်းပြလိုဇောဖြင့် .. အယုံသွင်းလိုဇောဖြင့် ဒေါ်မိ ကို ခေါ်လာမိ ခဲ့သည်က ဤအိမ်လေးထိတိုင် ဖြစ်နေသည်။ အိမ်လေးကိုလည်း ကိုယ် က သိထားတာမို့ .. မြိုင် .. အိမ်လေးကို သွားသည်ဆိုတာ ဒေါ်ကြွယ် ပြောပြလိုက်ချိန်မှာ စိတ်နောက်ကိုယ်ပါ ဇောတင်၍ ခေါ်လာမိခဲ့ခြင်း သည် ခြေကျွံချေပြီဟု သိလိုက်ရသည်က ဦးဆွေသာ ပါ ..။

"ကိုကို .. ဒီက ကြီးကြီးမိ ဆိုတာကို .. ရွာအထိ .. အခု ကြီးကြီးမိ ပြောင်းနေတယ်ဆိုတဲ့ ရွာအထိ .. ထုံ တို့နှစ်ယောက် လိုက်ပို့ကြရ အောင် .. ဟိုမှာ .. ဘယ်လိုအိမ်ဆိုင်လေးများ ဖွင့်ထားသလဲဆိုတာကို ပေါ့.. အဲဒီကနေတစ်ဆင့်.. ကြီးကြီးမိ အရင်တုန်းက နေခဲ့ဖူးတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွာလေးကိုလည်း တစ်ဆက်တည်း ခေါ်သွားကြမယ်လေ.. ကြီးကြီးမိ လမ်းပြပေးစေပေါ့ .. ရွာရောက်မှ အဲဒီ ကလေးသေလေးကို ဘယ်သူ မြှုပ်တယ်ဆိုတာ စုံစမ်းကြမယ်လေ .. ကြီးကြီးမိ က အဲဒီက မြှုပ်ပေးတယ်ဆိုတဲ့လူတွေ မရှိတော့ဘူးတွေဘာတွေ ပြောနေတာကို တကယ်ဖြစ်နေမယ်လို့တော့ ယုံလို့ မဖြစ်ဘူး မဟုတ်လား .. ''

ဟု ပြောလာတော့ စွမ်းထက်ခေါင် ခေါင်းညိတ်ပြသည်။ ရင်ထဲမှာ အံ့ဩနေတာလည်း ပါသည်။ အထင်တကြီးလည်း ဖြစ်နေရပါပြီ။ ဤမျှ ပျောင်းနွဲ့နွဲ့ ကောင်မလေးမှာ ထက်မြက်ပြတ်သားသော စိတ်ဓာတ်တွေ ရှိနေသည်လေ ..။ စွမ်းထက်ခေါင် ကိုယ်တိုင်လည်း ဒေါ်မိ ဆိုတာကို မယုံချင် ..၊ မသင်္ကာလည်း ဖြစ်နေသည်။ ချမ်းသာပုံကြီး ပေါက်နေသည်ကိုးလေ ..။

''ထုံ ပြောတာ မှန်တယ်ကွယ့် .. ငါလည်း လိုက်ရလိမ့်မယ် မမိ..၊ ညည်းကို ငါတို့ လိုက်ပို့ပေးမယ် .. ညည်း အခု လက်ရှိနေတဲ့ရွာကို အရင်ပို့မယ် .. အဲဒီရွာကနေပြီးတော့ .. ညည်း အရင်နေခဲ့တယ်ဆိုတဲ့ ကြွေရွာလေးကို သွားတာပေါ့ ..၊ အဲဒီရွာကိုတော့ ငါ ရောက်ခဲ့ပြီးပါပြီ၊ ထုံ ရောက်လာတဲ့နောက်မှာ .. ညည်းကို အဲဒီရွာမှာ သွားစုံစမ်းသေးတယ် .. ပြောင်းသွားပြီဆိုတာပဲ သိခဲ့ရတာလေ .. ဘယ်ပြောင်းတယ်ဆိုတာတောင် ပြောမသွားဘူးလို့ ရွာကလူတွေက ပြောပြခဲ့ကြတယ် မမိ ..၊ ခုတော့ .. အံ့ဩဖို့ကောင်းတာက ညည်း လက်ရှိနေတဲ့ရွာကို ဒီက ဆွေသာ က စုံစမ်းနိုင်တာပဲကွ ,, လိုက်လည်း ခေါ်လာနိုင်တယ်လေ ..၊ ဟာအတွက်လည်းဆိုတော့ .. မြိုင် မွေးတဲ့ကလေးဟာ သားလေးဖြစ်တယ်ဆိုဟာ ပြောပြဖို့အတွက် .. သူ့မှာ အရေးတကြီး ဖြစ်နေတာကိုး ..''

ဟု ဘိုးဘိုးကလည်း ဝင်ပြောလာသည်။ မမေ့ကိုလည်း ဘိုးဘိုး ကြည့်ကာ ...





''မြိုင် လည်း လိုက်ခဲ့ရင် ကောင်းမယ် .. အားလုံး မျက်ဝါးထင်ထင် မြင်ရတာပေါ့ .. မြိုင် ကလေးသွားမွေးတဲ့ရွာကလူတွေကလည်း မြိုင့် ကို တွေ့ရင် မှတ်မိကြမှာပါ''

ဟု ဆက်ပြောလာချိန်မှာ မြိုင် ခေါင်းလေး ညိတ်ပြလိုက်ရပါ၏။ ဘာပဲဖြစ်ဖြစ် .. သားလေးဟု ဆက်ပြောလာချိန်မှာ မြိုင် ကိုယ်တိုင်လည်း ဇဝေဇဝါဖြစ်စ ပြုလာပြီ။ ဒေါ်မိ ၏အမူအရာတွေက အရမ်းကို မူပျက်နေသည်ကိုးလေ .. ။ ထုံ့ ကိုလည်း မြိုင် ကြည့်မိသည်။ ဉာဏ်ရှည် ထက်မြက်သည်ပဲဟုတော့ လက်မခံ၍ကို မရတော့ပြီတည့် ..။

''အေး .. ခုကတည်းက ပြောထားချင်တယ် မမိ .. မဟုတ်တာ လုပ်တယ်ဆိုတဲ့အဖြေ ပေါ်လာရင်တော့ ညည်း မသက်သာဘူး မှတ်ပါ..၊ အခု ညည်း နေနေတဲ့ရွာမှာ ဘာလုပ်ကိုင် စားသောက်တယ်ဆိုတာလည်း ငါ ကြည့်ဦးမှာ .. ငါ့အိမ်မှာ အိမ်ဖော် ထမင်းချက်လုပ်တဲ့ ညည်းဟာ.. ပိုက်ဆံစုထားတာလေးနဲ့ အိမ်ဆိုင်လေးပဲ ဖွင့်စားချင်ပါတယ်ဆိုပြီး အလုပ်က ထွက်သွားတာနော် .. ညည်း ဘယ်လောက်အထိ ပိုက်ဆံစုထားနိုင်မလဲ .. ငါ မှန်းနိုင်ပါတယ် .. တွက်ဆနိုင်ပါတယ် ..၊ အခု.. ညည်း လုပ်နေတဲ့ အလုပ်အကိုင်က .. ဘယ်လောက်ထိ ရှိနေတယ်ဆိုတာ .. ငါ လိုက်ကြည့်ရလိမ့်မယ် မမိ ..''

ဟု ပြောလာသည့် ဘိုးဘိုးကိုကြည့်ကာ ဒေါ်မိ ချုန်းချ၍ ငိုသည်။ ဦးဆွေသာ လည်း မျက်နှာ အပျက်ကြီး ပျက်နေပြီ။ ဒေါ်မိ ကတော့ လက်အုပ်ချီ၍ ကြမ်းပေါ် ထိုင်ချကာ ...

''ကျွန်မ မိုက်မိပါတယ် အစ်ကိုကြီးရယ် .. ငွေမက်လို့ လုပ်မိခဲ့တာပါ ..၊ မလုပ်အပ်တာကို လုပ်မိတယ်ဆိုရာမှာ .. ဒီက ဦးဆွေသာ က ကလေးဟာ သူ့အဖေရင်း လက်ထဲ ရောက်မှာပါလို့ ပြောတဲ့ ကတိလည်း ပါလို့ပါ ..၊ မမိ လည်း ပိုက်ဆံ အများကြီးရမယ် .. အိမ်ဖော် ထမင်းချက်ဘဝက လွတ်မယ် .. အဲဒီဘဝထက် မြင့်တဲ့ဘဝကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရောက်ရမယ် .. အဲဒါတွေကြောင့် ကျွန်မ လုပ်မိတာပါ .. အခု လည်း ကျွန်မ .. ပြောင်းနေတဲ့ရွာမှာ ဆန်စက်ငယ်လေးတစ်လုံး ပိုင်ပါ တယ် ..၊ ဦးဆွေသာ ပေးတဲ့ ပိုက်ဆံတွေနဲ့ ဟာလာဆန်စက်ငယ်လေး တစ်လုံး ဝယ်ပါတယ်၊ အဲဒီကရတဲ့ငွေကို ထပ်စုပြီး .. ရွာမှာ ကုန်စုံဆိုင် ကြီးတစ်ဆိုင်လည်း ထပ်ဖွင့်ထားပါသေးတယ် .. လယ်လည်း ထပ်ဝယ် တာတွေ ရှိပါတယ် .. ကျွန်မ အဲသလို ချမ်းသာလာရတာတွေ အားလုံး ဟာ .. မရိုးသားမှုကရတဲ့ ငွေကြောင့်မို့ .. ဘယ်ခါမှ လိပ်ပြာမသန့်ခဲ့ပါ ဘူး .. အလှူအတန်းလုပ်ရင်တောင်မှ .. ရင်ထဲမှာ သိမ်ငယ်နေရပါ တယ် .. အလှူမမြောက်သလို ခံစားရပါတယ် .. အခု .. ကျွန်မ ဝန်ခံ လိုက်ပါပြီ .. ပေးချင်တဲ့အပြစ် ပေးကြပါတော့ .. မြိုင် .. ဒေါ်ကြီးမိ ကို ခွင့်မလွှတ်ပါနဲ့ကွယ် .. ငွေမက်တဲ့ ဒေါ်ကြီးမိ ကို ခွင့်မလွှတ်ပါနဲ့၊ မြိုင် မွေးတာ မိန်းကလေးပါ .. သမီးလေးပါ မြိုင် ရယ် .. သား မဟုတ် ပါဘူး ..၊ ကလေးမှာ ခြေသလုံးလေးမှာ အမှတ်နီလေးတောင် ပါနေ သေးတာ ဒေါ်ကြီးမိ မှတ်မိနေတယ် .. အဲဒီကလေးကို ဦးဆွေသာ က လူလွှတ်ပြီး လာယူတာပါ ..၊ မြိုင် သတိမေ့နေတုန်း မြိုင့် လက်စွပ်လေး လည်း ဒေါ်ကြီးမိ ချွတ်ပြီး အဲဒီလူနဲ့ ထည့်ပေးလိုက်ပါတယ် ..''

ဟု ဒေါ်မိ ငိုယိုပြောနေတော့ ဦးဆွေသာ ဝုန်းခနဲ ထရပ်ကာ ...

''မမိ .. မဟုတ်မဟတ်တွေ လုပ်ကြံ ပြောမနေနဲ့ ..''

ဟု ဝေါက်သည်။ တောသူမကြီးဝိုဝို ဒေါ်မိ မှာ ခုကျတော့လည်း အရိုးခံမျက်နှာကြီးဖြင့် မော့ကြည့်ကာ ...

''အခုလည်း ငွေသုံးသိန်း လာပေးပြီး .. မမိ ကို လာခေါ်တာပဲ အစ်ကိုကြီး ရယ် .. ငွေမက်တုန်း မမိ ဟာ .. ဘယ်လောက် ပိုက်ဆံရှိလာ ပေမယ့် .. သုံးသိန်းတောင် ရမှာပါလားဆိုပြီး .. ဆက်မိုက်မိပြန်ရော.. ရွာမှာနေရင်း နောင်တတွေ ရနေပေမယ့် .. ငွေသုံးသိန်းကို တကယ် တမ်း ထပ်ရမယ်ဆိုတော့ ငွေနောက် လိုက်မိပြန်ရော .. ဒါကြောင့်





ပါလာတာပါ ..၊ အဝတ်အစားကအစ တန်ဖိုးသိပ်မများလှတဲ့ အဝတ် အစားမျိုး ဝတ်လာပါလို့ ဦးဆွေသာ ကိုယ်တိုင် လာခေါ်တုန်းက ပြော သလို .. ဝတ်လာခဲ့ရတာပါ .. ဦးဆွေသာ နဲ့လည်း လိုက်လာခဲ့ရတာ ပါ..''

ဟု ဆက်တိုက် ဒေါ်ကြီးမိ ပြောနေတော့ မြိုင် မျက်ရည်ကျလာ သည်။ ဖေဖေမှလည်း ဒေါ်မိ ကို ကြည့်ကာ ...

''ဒီလက်စွပ်လေး မဟုတ်လား မမိ .. မောင်သုတ ကို ကလေးနဲ့ အတူ ဒီက ကိုဆွေသာ ပေးလိုက်တာလည်း ဒီလက်စွပ်လေးပါပဲ ..၊ ညည်း .. ထည့်ပေးလိုက်တယ်ဆိုတဲ့ မြိုင့် လက်စွပ်လေး ..''

ဟု ပြောကာ လက်စွပ်ကို ပြတော့ မြိုင် ကမန်းကတန်း လက်စွပ် လေးကို ဖေဖေ့လက်ထဲမှ ယူကြည့်သည်။ ဖေဖေကလည်း အင်္ကျီအိတ် ကပ်ထဲမှာ လက်စွပ်လေးကို အိတ်ငယ်လေးဖြင့် ထည့်ထားသည်မှ သွား လေရာ ပါနေသည့်အဖြစ်မျိုးဖြင့်ပါတည့် ..။

''ငါ သိတယ် ဆွေသာ .. တစ်နေ့မှာ မင်း မမိ ကို ခေါ်လာမယ် ဆိုတာ .. မင်း စကားကို လိုက်ပြီး ထောက်ထောက်ခံခံနဲ့ ပြောပေးဖို့ လေ ..၊ မြိုင် နဲ့ ငါတို့ မင်းအပေါ် အမြင်မကြည် မဖြစ်အောင် ဆိုပါ တော့ .. အဲသလိုဆိုရင် .. ထုံ ဟာ ငါ့မြေးအစစ် မဟုတ်ဘူးဆိုတာမျိုး ငါရော မြိုင် ရော မြင်သွားကြမယ်လို့ မင်း မျှော်လင့်ထားမှာပဲလေ ..၊ ကဲ .. ဆွေသာ .. ဘာများ ပြောချင်သလဲ ..''

ဟု ဘိုးဘိုး မေးနေစဉ်မှာ မေမေ ထုံ့ ဘေးသို့ ရောက်လာသည်မှ အလောတကြီးပါ ..။ ထုံ့ ခြေသလုံးလေးကို ထဘီစလေး ပင့်၍ မေမေ ကြည့်နေသည်ကလည်း အရူးအမူးနိုင်နေသည်ပါပဲ။ ထုံ .. မျက်ရည်ဝဲ နေသည်။ မေမေ့လက်ကို ညင်ညင်သာသာ ဖယ်လိုက်မိရပါ၏။ သမီး ဖြစ်သူ၏ ထဘီစလေးကို အမေလုပ်သူ မကိုင်စေရပါ။ ထုံ .. ခပ်ဖြည်း ဖြည်းလေး ထဘီအနားစကို လှစ်ပြလိုက်မိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထုံ့ ခြေသလုံးလေးမှာ အမှတ်နီလေး ရှိနေတာ ထုံ သိနေရသည်ပဲလေ ..။ စောစောက ဒေါ်မိ ပြောသည့်အထဲမှာ ပါသည့် အမှတ်နီလေး..။ မေမေ မြင်သွားတော့ .. ဟင် .. ခနဲ ဖြစ်၏။ မျက်နှာထက်တွင် သွေးဆုတ်သည်သို့ ဖြစ်သွားရလျက် ထုံ့ ခြေသလုံးလေး ငုံ့မိုး၍ ကိုယ်လေးညွတ်ကြည့်နေရာမှ မော့ခနဲ ကြည့်လာသည်။

"ဘုရား!... ဘုရား!.."

မေမေ့နှုတ်ဆီမှ ငိုသံတွေ ပြည့်နေသည့်အသံ ..၊ ထုံ ကလည်း မေမေ့ကို တိတ်ဆိတ်စွာ မျက်ရည်ဝဲနေရင်း ငေးစိုက်ကြည့်နေမိရပါ၏။ ထုံ့ နှုတ်ဆီမှ ဘာစကားသံမျှ ပွင့်ကျမလာ ..။ မေမေ ကိုယ်ကို ပြန်မတ်လိုက်ကာ ထုံ့ ကို မျက်တောင်မခတ် ကြည့်နေသည်။

"ဒါ .. ဒါ .. အမှန်ပါလား .. မေမေ့သမီးဆိုတာ အမှန်ပါလား.. ဟင် .. ဟင် .."

ဟု ခပ်ညည်းညည်းပြောရင်း မျက်ရည်ကျနေသည်။ သမီး၏လက်ကို ကိုင်ရမှာ မဝံ့မရဲ မေမေ ဖြစ်နေတာလည်း သိသာနေသည်။ ထုံ့ကို သမီး မဟုတ်ဟု အစဉ်တစိုက်လုံး မေမေ ခါးခါးသီးသီး ပြောခဲ့သည်ကိုးလေ ..။ ခုကျတော့ မေမေ .. အနေရခက်နေသည်။ အပြောရခက်နေသည်။ သမီး၏လက်လေးကိုပင် မဆုပ်ကိုင်ရဲရှာ ..။

ဒါပေမယ့် .. သမီးကို ထွေးဖက်လိုက်ချင်သည့်ဓာတွေ ရှိနေတာလည်း သိသာနေသည်။ ထုံ .. ခုထိ မေမေ့ကို ဘာမှ မပြောသေးပါ။ မေမေ့မျက်နှာထက်မှာ ဖြတ်သန်း ဖြတ်ပြေးနေကြသည့် အရိပ်များစွာတို့ကိုသာ ငေးစိုက်ကြည့်နေသည့် ထုံ ပဲ ဖြစ်နေသည်။

"လုပ်ရက်လိုက်တာ ဒေါ်ကြီးမိ ရယ် .. ဟင် .. လုပ်ရက်လိုက်တာ .. မြိုင် .. တစ်လျှောက်လုံးမှာ .. သူတော်ကောင်းကြီးကို အထင်လွဲခဲ့တယ် .. မောင့်ကို အထင်လွဲခဲ့တယ် ..၊ မြိုင့် သမီးကို .. သမီး မဟုတ်ပါဘူးလို့ ငြင်းနေခဲ့တယ် .. ဒေါ်ကြီးမိ ကို ယုံမိနေခဲ့တယ်လေ .. ဘယ်





လောက်များ .. မြိုင် မိုက်တွင်းကြီးခဲ့သလဲ ဒေါ်ကြီးမိ ရယ် .. ငွေလိုရင်.. အစကတည်းက မြိုင့် ကို ပြောပေါ့ .. ဘာလို့ .. ခုလို .. မြိုင့် သမီးလေးနဲ့ မြိုင့် ကို ခွဲရတာလဲ .. မောင် နဲ့ မြိုင့် ကို ဘာလို့ .., ခုလို .. ကွဲစေခဲ့ရတာလဲ ..၊ အန်ကယ် .. အန်ကယ်လည်း .. လုပ်ရက်တယ် အန်ကယ်ရယ် .. မြိုင် .. မြိုင့်သမီးလေးကို ပစ်ပစ်ရက်ရက် ပြောခဲ့မိလိုက်တာ .. ပြောခဲ့မိလိုက်တာ .. ခမျာ .. အဖေက ဆုံးတဲ့အချိန်မှာ .. အမေရဲ့ ခါးသီးတဲ့ တုံ့ပြန်ဆက်ဆံမှုကို ခံခဲ့ရရှာတယ် .."

ဟု ပြောနေခိုက်မှာ ဦးဆွေသာ ခေါင်းငိုက်ချထားသည်။ ငြိမ်နေသည်။ ငြင်း၍လည်း မရတော့ပြီကောလေ ..၊ မြိုင် ငိုနေတာကိုလည်း မကြည့်ရဲ .. ဘယ်သူ့ကိုမှလည်း မကြည့်ရဲဘဲ ဦးဆွေသာ ဖြစ်နေသည်။

"ဘာလို့ အဲသလို လုပ်ရတာလဲ ဖေဖေရယ် .. မြိုင့် မျက်နှာကိုသား ဘယ်လိုကြည့်ရမှာလဲ .. အန်ကယ်ဇော် ကို သား ဘယ်လိုမျက်နှာနဲ့ ကြည့်ရတော့မှာလဲ .."

ကျော်မင်းသာ မှ ရင်ထဲမခံနိုင်သည့်နှယ် ဖြစ်ကုန်ရင်း အဖေလုပ်သူကို မေးစဉ်ခိုက်မှာ ...

"မင်းအဖေကို ခေါ်သွားတော့ ကျော်မင်းသာ .. သူဟာ .. တစ်ချိန်တုန်းက .. ငါ့သူငယ်ချင်း ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ ထောက်ထားမှုတစ်ခုနဲ့ .. ငါ .. စိတ်ကို လျှော့ထားဖို့ ကြိုးစားနေချိန်မှာ .. မင်းရဲ့အဖေကို အမြန်ဆုံး .. ငါ့ရှေ့က ခေါ်သွားတော့ .."

ဟု ပြောတော့ ဦးဆွေသာ မှ ဒေါ်မိ ကို ကြည့်သည်။ မီးဝင်းဝင်းတောက်နေသည့်အကြည့် ..၊ ဒေါ်မိ နောက်သို့ တွန့်ခနဲ ဖြစ်ရှာ၏။

"မမိ .. မကြောက်နဲ့ .. ငါ့အိမ်မှာ နေ .. မနက်ဖြန် .. ညည်းကို ပြန်ပို့ပေးမယ် .. အေး .. အမှားထဲက အမှန် .. အဆိုးထဲက အကောင်းပြီး ပြောရရင် .. ခုလို .. အချိန်နှောင်းပေမယ့် နှောင်တကိုတွေ့လိုက်သေးတာမို့ .. ညည်းကို ငါ ကျေးဇူးတင်လိုက်ပါတယ် မမိ ..



www.burmeseclassic.com

www.burmeseclassic.com



ကဲ .. မြိုင် .. ဖေဖေ .. ဒီကလေးနဲ့ပတ်သက်ပြီး တည်ရုပ်တည်ခဲ့တာ.. ဆုံးဖြတ်ခဲ့တာကို မှားတယ်လို့ ဆက်ပြောနိုင်သေးသလား .."

ဟု ဘိုးဘိုး ပြောစဉ်မှာ ဦးဆွေသာ တို့ သားအဖကတော့ မျက်နှာတွေ ပျက်နေရင်း အိမ်လေးဆီမှာ ဆင်းပါ၏။ ဖိုးသည်း ဟောင်နေတာမို့ ခြံပြင်အထိ စွမ်းထက်ခေါင် လိုက်ပို့ပေးရသည်။ ဖိုးသည်း ကို ထိန်းရသည်။

အိမ်ငယ်လေးမှာ ခုကျတော့လည်း ရုတ်ခနဲ တစ်ချက် တိတ်ကျသွားသည်ပါပဲ ..၊ စွမ်းထက်ခေါင် အိမ်လေးပေါ် ပြန်တက်လာချိန်ထိ အန်တီမေမေသည် ထုံ့ ကို တောင်းပန်ကြည့်ဖြင့် ကြည့်နေတာပဲ ရှိနေသည်။ ဘာမှကို မပြောရဲနိုင်ဘဲ ဖြစ်နေသည်။

"ထုံ .. သမီးလေး မြွှေးထုံ .."

ဟု ခေါ်လိုက်သံကို စွမ်းထက်ခေါင် ကြားရချိန်မှာ ရင်ထဲကြည်နူးရပါ၏။ ဒါပေမယ့် ထုံ မျက်နှာမလန်းဘဲ ရှိနေတာကို စွမ်းထက်ခေါင် မြင်နေရဆဲ ..။

ဘိုးဘိုးလည်း ပြတင်းအနီးမှာ သွားရပ်၍ အပြင်ကို ငေးနေသည်။ တကယ်တော့ .. ကျန်ခဲ့ရာအတိတ်များဆီမှ အဖြစ်များစွာတို့အတွက်.. ကြေကွဲနေခြင်း ..။

"မေမေ့ကို .. ခွင့်လွှတ်ပါ .. သမီးရယ် .."

မေမေ့နှုတ်မှ တိုးသက်စွာ တောင်းပန်သံ ..၊ ထုံ ခေါင်းခါသည်။

"ထုံ့ ကို မတောင်းပန်ပါနဲ့ မေမေ .. ထုံ က .. သမီးပါ .. သမီးကို အမေက တောင်းပန်တယ်ဆိုတာ မဖြစ်အပ်ပါဘူး .. ဒါပေမယ့် မေမေ မလွဲမသွေ တောင်းပန်ရမယ့်သူ .. ကန်တော့ တောင်းပန်ရမယ့်သူ .. ရှိနေတယ် ..၊ သိက္ခာအတွက် .. ကိုယ်ကျင့်တရားအတွက် .. ဖြူစင်တဲ့မာနတရားအတွက် .. သေသည်အထိ .. မလိမ်မညာရှိခဲ့တဲ့ ဖေဖေ့ကို .. လူလိမ်လူညာရယ်လို့ မေမေ စွပ်စွဲခဲ့တဲ့အတွက် .. ဖေဖေ့ကို





တောင်းပန်ပါ မေမေ .. ဖေဖေ့ဓာတ်ပုံကြီးကို ကြည့်ပြီး .. ဦးချတောင်းပန်လိုက်ပါ မေမေရယ် .. မချမ်းသာပေမယ့် ဖေဖေ့မှာ .. သိက္ခာနဲ့ ကိုယ်ကျင့်တရား ချမ်းသာပါတယ် မေမေ .. ကွယ်လွန်သူတစ်ယောက်အပေါ် လူလိမ်လူညာ .. ဥစ္စာမက်သူအဖြစ် .. စွပ်စွဲခဲ့တဲ့ မေမေဟာ .. ဖြေရှင်းခွင့် မရတော့တဲ့ .. အသက်ထင်ရှား မရှိတော့တဲ့သူတစ်ယောက်ကို စွပ်စွဲတာမျိုး ဖြစ်နေတာမို့ .. အပြစ်ပိုကြီးပါတယ် မေမေ.. အဲဒီအတွက်တော့ .. ဖေဖေ့ကို .. မေမေ တောင်းပန်မှ ဖြစ်ကို ဖြစ်မှာပါ၊ ထုံ မေမေ့ကို .. အပြစ်ဝန် .. မကျွန်စေ့ချင်ပါဘူး မေမေရယ်-.. ဖေဖေ့ကို .. ကန်တော့လိုက်ပါတော့ .. တောင်းပန်လိုက်ပါတော့ .."

ဟု ပြောနေသည့် ထုံ့ အသံတွေ တိမ်ဝင်ကုန်သည်။ မျက်ရည်ကျလာနေသည်။ နံရံမှာ ချိတ်ထားသည့် ဖေဖေ့ပုံကိုလည်း မော့ကြည့်မိသည်။ လက်အုပ်လေးလည်း ချီမိသည်။

"ထုံ .. မေမေ့ကို အဲဒီစကား မပြောမဖြစ်တာမို့ ပြောရတာပါ ဖေဖေရယ် .. ဖေဖေ့သမီး ထုံ ပြောရတာပါ .. ထုံ့ ကို ခွင့်လွှတ်ပါ ဖေဖေ .."

ဟုလည်း မော့ပြောနေမိရပါ၏။ ထုံ .. ကြမ်းပေါ် ထိုင်ချလိုက်ကာ ခုမှ စိတ်ကို သွန်ချ လျှော့ချလိုက်မိရပါပြီ။ မျက်ရည်တွေကျစေတော့.. မတားချင်တော့ ..။ ဖေဖေ ချန်ထားခဲ့လိုရာ.. ဘိုးဘိုး၏ရင်ခွင် ..၊ မေမေ့ရင်ခွင်ဆီသို့ ထုံ ရောက်ရပြီ ..။ ဤအချိန် .. ဤနေ့မှာ ရောက်ရပြီ ..။ ဖေဖေ .. ကျေနပ်ရစ်လေ .. ကျေနပ်နေ .. စေ .. ဟု ခံစားရင်း ကျလာသော မျက်ရည်စက်များသည် ဖျောက်ဖျောက်စက်စက် ..၊ နောက်တော့ ဖြိုင်ဖြိုင်မိုးမိုး ကျရွေသည်တည့် ..။

မေမေ ကြမ်းပေါ်မှာ ထိုင်သည်။ ဖေဖေ့ဓာတ်ပုံကြီးကို လက်အုပ်ချီ၍ မော့ကြည့်ကာ ...

"မြိုင် .. အမှားကြီး မှားခဲ့ပါတယ် မောင် .. မြိုင် .. ကန်တော့ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် မောင်ရဲ့ .. အမိုက်မ မြိုင် .. ကန်တော့ပါတယ် မောင်ရဲ့ .. ခွင့်လွှတ်ပါလို့ မြိုင် မပြောရဲတော့ပါဘူး မောင် .. မြိုင် .. တောင်းပန်လို့လည်း မကျေနိုင် မပြေနိုင်တဲ့အပြစ်ပေမို့ .. မြိုင် မပြောရဲတော့ပါဘူး မောင်ရယ် .. မောင် .. မောင်ဟာ .. အရမ်းကို ရိုးသားတဲ့သူပါ .. အလွန်ရိုးသားတဲ့သူပါ .. မောင့်မာနကို ထိခိုက်ပွန်းရှ ကြေမွစေတဲ့ မြိုင့် အပြစ်ကြောင့် .. မြိုင် တို့ အဲဒီနေ့က စကားအချေအတင် ဖြစ်ခဲ့ရတာပါ မောင် .. အဲဒီနေ့မှာ အဲဒီစကား မြိုင် မပြောခဲ့ရင် .. ဒီနေ့ .. ဒီလိုမြင်ကွင်းမျိုး .. အဖြစ်မျိုး .. ဒီအိမ်လေးမှာ ဖြစ်နေမှာ မဟုတ်ဘူး မောင်ရဲ့ .. မောင်လည်း မြိုင်တို့ သားအမိနဲ့ ရှိနေမှာ .. စောင်းသံလေးတွေ လွင့်ပျံ့နေမှာ .."

ဟု ပြောကာ မြိုင် မျက်ရည်မဆည်နိုင် ..။ ဒေါ်မိ လည်း ငိုနေပြီ၊ အန်တီစိမ့် လည်း မျက်ရည်ကျနေသည်။ စွမ်းထက်ခေါင် ကတော့ ဝရန်တာသို့ ထွက်ရပ်ကာ မြင်ကွင်းကို မကြည့်ရက်တာမို့ ပန်းပင်လေးတွေကိုပဲ သဲသဲမဲမဲ သွားကြည့်နေသူတစ်ယောက် ဖြစ်နေသည်။ ဘိုးဘိုးလည်း ခြံပြင်ကိုပဲ ငေးကြည့်နေ၏။ သမီးကို သွား၍ ဖျောင်းဖျတာပင် မလုပ် ..။

နောက်တော့ .. မြေး၏ဘေးမှာ သွားထိုင်သည်။ မြေး၏လက်လေးကို ထွေးဆုပ်သည်။

"မောင့်ကို သနားလိုက်တာ မောင်ရယ် .. စောင်းတီးတဲ့လက်လေးတွေ ယာခင်းထဲမှာ ကြမ်းရှနေအောင် ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရတာဒီက မြိုင် အမိုက်မကြောင့်ပါ ..၊ မောင့်ကို ဒုက္ခပေးဖို့ .. မောင့်ဘဝထဲကို မြိုင် တိုးဝင်လာခဲ့တာပါ မောင် .. မောင့်ကို ဒုက္ခပေးတဲ့ မြိုင် ပါ မောင်ရဲ့ ..၊ ခုတော့ .. မြိုင့် သမီးလေးပါ မြိုင့် ကို စိတ်နာနေပြီ .. စိတ်နာနေပါပြီ မောင် .. အဲဒါ .. မြိုင့် အပြစ်ကြောင့်ပါ .. မြိုင့် အပြစ်ကြောင့်ပါ"

မြိုင် ပြောရင်း လက်အုပ်ချီ၍ ကန်တော့သည်။





မောင့်ကို မော့ကြည့်ရမှာပင် မဝံ့မရဲ ဖြစ်နေရပါသည့် မြိုင်..၊ သမီးလေး၏ စိတ်နာကြည်းမှုကို ခံယူနေရပါသည့် မြိုင် အဖြစ် .. ရင်သန့်ရပ်တည်သွားရချေတော့မည်ဟုလည်း သိနေရသည်။ ရင်ထဲမှာ တမြည့်မြည့် ကျေနေသည်ပါပဲ ..။

"အဖြစ်မှန်တွေကို .. မြိုင် သိရချိန်မှာ .. မောင်က .. မောင်က .. မြိုင့် ကို တစ်ယောက်တည်း ချန်ထားခဲ့ပြီ .. ချန်ထားခဲ့ပြီနော် မောင် .. မြိုင့် ကို ဖျောင်းဖျပေးမယ့် မောင့်ရင်ခွင် ပျောက်နေရပါပေါ့လား မောင်ရဲ့ .."

ဟု ခုမှ .. မောင့်ထံမှ ဖျောင်းဖျစကားတွေကို အရူးအမူး ငတ်မွတ်တောင့်တနေသည်ကလည်း မြိုင် ပဲ ဖြစ်နေပါ၏။ မောင်ကတော့ .. ဓာတ်ပုံထဲမှ ပြုံး၍ အေးချမ်းစွာ ကြည့်နေပါလိမ့်မည် .. ဟုလည်း ထင်နေမိပြန်သည်။

ထိုစဉ်ခိုက် .. နူးညံ့သော လက်မောင်းအစုံက မြိုင့် ကို ထွေးပိုက်လာသည်။ သမီးလေး၏ လက်တွေပါတကား ..။

"မေမေ့ကို .. ထုံ .. ဘယ်တော့မှ စိတ်မနာပါဘူး မေမေ .. ဘာလို့လဲဆိုတော့ .. မေမေဟာ .. ထုံ့ မေမေ ဖြစ်တယ်ဆိုတာ ဖေဖေ ပြောခဲ့လို့ပါပဲ ..၊ ထုံ့ မေမေကို .. ထုံ ချစ်ပဲ ချစ်ပါတယ် မေမေ .. စိတ်မနာပါဘူး ..၊ မေမေ့ကို ထုံ စိတ်နာနေတယ်လို့ ဘယ်တော့မှ မတွေးပါနဲ့ မေမေ .. အခု ထုံ .. မေမေ့ကို ကန်တော့မယ်နော် .. ဖေဖေ့ဓာတ်ပုံကြီးရှေ့မှာ .. ထုံ့ ဖေဖေရဲ့ရှေ့မှာ .. မေမေ့ကို ထုံ ပထမဆုံး အကြိမ် ကန်တော့ခွင့်ရလိုက်ပါပြီ ဖေဖေ .."

ဟုလည်း အဖေဖြစ်သူ၏ ဓာတ်ပုံကို မော့ကြည့်၍ ထုံ ပြောနေတာ မြိုင် မြင်ရပြန်သည်တည့် ..။

"ထုံ က .. မေမေဟာ .. ထုံ့ ကို သမီးအဖြစ် လက်မခံမချင်း .. ဒီတင်း မဆုံးဖြတ်နိုင်ဘူးလို့ .. လက်မခံနိုင်ဘူးလို့ .. ခံယူထားတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ..၊ အခု .. မေမေက ထုံ့ ကို သမီးအဖြစ် လက်ခံပြီဆိုတော့ .. မေမေ့ ကြည်ကြည်ဖြူဖြူ အကန်တော့ခံတဲ့အချိန်ကို .. စောင့်ရင်း .. အခု ကန်တော့ပါတယ် မေမေ .. ပထမဆုံးအကြိမ် ကန်တော့ရခြင်းပါ မေမေ .. နောက်လည်း မေမေ့ကို .. ထုံ အမြဲ ကန်တော့ပြီးမှ အိပ်ရာဝင် ပါ့မယ် မေမေရယ် .. မနက်လင်းရင်လည်း ဘုရားခန်းမှာ ဘိုးဘိုးနဲ့ မေမေ့ကို ဘုရားကန်တော့ပြီးချိန်တိုင်းမှာ .. ကန်တော့ပါရစေ မေမေ ရယ် ..''

ဟု ပြောကာ မေမေ့ကို ထုံ ကန်တော့မိရပါပြီ ..။

မေမေ ငိုပါ၏။ ရှိုက်ကြီးတငင် ငိုချလိုက်ပါချေသည်တကား..

ထုံ ကန်တော့နေတာကို သိမ်းကျုံးပွေ့ပင်ယူရင်း မေမေ ဖက်၍ ဖက်၍ ငိုပါချေသည်ကောလေ..၊ ထုံ သည်လည်း မျက်ရည်မဆည်နိုင်.. မေမေ့ပခုံးလေးပေါ် မေးဖျားလေး တင်ထားရပါတည့် ထုံ ..၊ နံရံဆီ ဖေဖေ့ဓာတ်ပုံကြီးကို မော့ကြည့်မိရင်း မျက်ရည်ဆက်ကျနေသည်.. ဖေဖေ စိတ်ချပါလေတော့ ဖေဖေရယ် ..၊

မေမေ့ရင်ခွင်မှာ ထုံ ရှိနေသည်ကို ကြည့်ရင်း .. ဖေဖေ ဝမ်းမြောက် ပါလေတော့ ..၊ ကြည်နူးပါလေတော့ ..။

ဖေဖေကတော့ .. ပြုံး၍ ကြည့်နေချေသည်တကား ..။

ထုံ့ အာရုံထဲ ဝင်လာသည်က .. ဖေဖေနှင့် မေမေတို့ ယှဉ်တွဲ ရိုက်ထားရာ ဓာတ်ပုံတစ်ပုံဆီမှ .. ပုံရိပ်တွေ လှုပ်ရှားလာသည့်နယ် လာသည်။ တူတူယှဉ် ရပ်နေသည်ဟု ထင်လာမိရသည်။

ဖေဖေ့ဝိညာဉ်လေးသည် မေမေ့ဘေးမှာ ရောက်နေပြီထင့် ..၊ ထုံ ကို ကြည့်နေပြီထင့်..။

ခြည့်ခန်းငယ်ရှိ ဗီရိုထက်မှာ တင်ထားပါလေသော စောင်းတို့ မှ .. အေးမြချိုလွင်သော စောင်းသံလေးတွေ လွင့်ပျံ့သည်သို့ ခံစား ရပါ၏။





ဤတစ်ကြိမ်မှာတော့ .. ဖေဖေသည် .. စောင်းတီးနေသည်ဆို လျှင်ဖြင့် .. ကြမ်းတမ်းသောလက်တို့ဖြင့် မဟုတ်တော့ဘဲ .. နူးညံ့သော လှပသည့် လက်ချောင်းတို့ဖြင့် တီးခတ်နေခြင်းသာ ဖြစ်ပါလိမ့်မည်။

ဖေဖေသည် .. ဖေဖေမြတ်နိုးသော .. ကျန်ခဲ့ရာ ဘဝတစ်ခုကို ပြန်၍ ပိုင်စိုးရချိန် ဖြစ်ချေသည်မို့ .. ဖေဖေ့လက်ချောင်းတွေသည်လည်း.. စောင်းကြိုးထိသော လက် ..၊ စောင်းသံလွင်စေသည့် လက်ချောင်းနုနုတို့ သာလျှင် ဤအကြိမ်မှာ ဖြစ်ကြပါချေလိမ့်မည်သာ ..။

ဖေဖေ့ဒိုင်ယာရီလေးနှင့် ကဗျာလေးများကိုလည်း မေမေ့ထံ အပ်နှံ လိုက်ပါတော့မည် ဖေဖေ ..၊ ထုံ့ ကို သမီးအဖြစ် လက်မခံဘဲရှိနေချိန်မှာ အပ်နှင်း၍လည်း အကျိုးမထူးဟု ထုံ မှတ်ယူ သိမ်းထားခဲ့ရပါသော ဖေဖေ့စာတွေ .. ကဗျာတွေကို .. မေမေ့နှလုံးသားမှာ သိမ်းဆည်းနိုင်ဖို့ရာ အပ်နှံလိုက်ပါတော့မည် .. ဖေဖေ ..။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဆီမှ ကြေကွဲစရာ
နှစ်များစွာ ကြာရင်လည်း
ကွဲစင်ကြေမွနေတဲ့ နှလုံးသား
ဘယ်လိုများ ဆိုတည်ပါ့ ..။

သူက ငါ့ကို မေ့
ငါက သူ့ကို တွေ့ခွင့်မရှိ
ဖြစ်ရသည့်ကံကြမ္မာ
အဆုံးမှာတော့ မျက်ရည်ကဗျာ
တည်မြဲကာ ကျန်ရစ်ခဲ့ ..။

မေတ္တာတွေနဲ့
နှစ်ကြာရှည် တည်ဖွဲ့မယ်လို့
ထင်ခဲ့ပေမယ့်ကွယ် ..
အဝေးရယ်တဲ့ အဝေးမှာ
မင်းနဲ့ ငါကတော့
ဝေးကြပေါ့ တစ်နေရာစီ ..။
ချော် ...
ဝေးကြပေါ့ တစ်ကမ္ဘာအတည် ..။







## အခန်း (၂၃)

ယာခင်း ခြေတံရှည်အိမ်လေး၏ပြတင်းမှာ မြိုင် ရပ်နေမိရင်း ပေါင်းမြက်တို့ ထူထပ်စပြုလာနေပြီဖြစ်သော စိုက်ခင်းများကို ငေးကြည့်နေမိရပါ၏။ တစ်ချိန်က မောင်သည် စိုက်ခင်းတွေကြားထဲမှာ တကုပ်ကုပ်ဖြင့် ပေါင်းမြက်ပင်တွေကို ရှင်းနေပေလိမ့်မည်။ ခုကျတော့ .. အပြုအစု .. ဂရုတစိုက် မခံရတော့သည့် ယာခင်းသည် .. ပေါင်းမြက်တို့ ထူထပ်စ ပြုလာနေပြီ ..။ မောင် မြင်လျှင် စိတ်ကောင်းမှာ မဟုတ် ..။

"မောင် .. ထင်သလို .. မြိုင် ဟာ မောင့်ကို မေ့နေတဲ့ မြိုင် ဖြစ်မနေခဲ့ပါဘူး မောင်ရယ် .. မောင့်ကဗျာလေးကို ဖတ်ရင်း .. မြိုင် မျက်ရည်တွေ ထိန်းမနိုင်ခဲ့တာ .. ခုထိပါပဲ ..၊ ခုထိ .. မြိုင့် ရင်ထဲမှာ မျက်ရည်တွေ ပြည့်နေတယ် မောင် .."

မြိုင် တွေးနေမိရဆဲ ..၊ မောင့် ယာတောအိမ်လေးသို့ ခရီးထွက်လာသည့်နေ့ မနက်မှာ .. မောင့်အုတ်ဂူလေးရှေ့မှာ မြိုင် နှင့် သမီး ထုံ တို့ ကန်တော့ခဲ့ကြသည်။ ဖေဖေသည် မောင့်ကို ပေးခဲ့သောကတိကို တည်ခဲ့ပါ၏။ တကယ်ပဲ .. မြိုင့် ကို မောင့်ထံသို့ ခေါ်သွားခဲ့သည်။ မောင့်ကို ကန်တော့ တောင်းပန်စေခဲ့သည်။

"မောင်သုတ .. မင်းကို မြိုင် လာကန်တော့ တောင်းပန်ရမယ်လို့ ဒီနေရာမှာ ငါ ကတိပေးခဲ့တယ် .. အခု .. အဲဒီကတိကို ငါ တည်ပြီဆို



www.burmeseclassic.com

www.burmeseclassic.com



တာ .. မင်း ကြုံရ .. ယုံရပြီ မဟုတ်လား .. မင်း စိတ်ချပါတော့ .. မင်းရဲ့သမီးလေးဟာ .. အဘိုးရဲ့ရင်ခွင် .. အမေရဲ့ရင်ခွင်မှာ .. အေးအေး ချမ်းချမ်း .. ရှိနေပါပြီကွယ် ..''

ဟု ဖေဖေ မျက်ရည်လည်နေရင်း ပြောခဲ့တာကိုလည်း မြိုင် နားထဲမှ မထွက်နိုင် ..၊ မောင်သည် .. မြိုင် နှင့် သမီးလေး ထို တို့ ကန်တော့နေတာကို ဆိတ်ငြိမ်စွာ ခံနေရင်း မျက်ရည်ဝဲနေလိမ့်မည်။ ကြေကွဲနေလိမ့်မည်။ ပြီးတော့ .. ထို့ အတွက် ဝမ်းသာစိတ်ချပါချေလိမ့်မည်ဟု မြိုင် ထင်နေသည်။

''မြိုင့် ကို .. ခွင့်မလွှတ်ပါနဲ့ မောင်ရယ် .. ဆင်းရဲတဲ့ဘဝထဲက ရုန်းထွက်ချင်တဲ့စိတ်တစ်ခုကို မြိုင် မောင့်ရှေ့မှာ ချပြမိခဲ့လို့ .. မောင်နဲ့ မြိုင် ခုလို .. သေကွဲကွဲရတာကို .. မြိုင် ဘယ်တော့မှ ဖြေဆည်ယူလို့ ရတော့မှာ မဟုတ်ပါဘူး ..''

ဟု မောင့်အုတ်ဂူလေးကို မမှိတ်မသုန် ကြည့်ရင်း မြိုင့် ရင်ထဲမှာ ပြောနေသည့် စကားများကိုလည်း မောင် ကြားနေလိမ့်မည်ဟု မြိုင် ယုံကြည်နေမိသည်ပါပဲ ..။

မောင့်ကဗျာလေး နှစ်ပုဒ်ကို မြိုင် ဖတ်ရင်း အဘယ်မျှထိ လူးနေအောင် ငိုခဲ့ရပါသလဲ ..၊ မြိုင့် ခြေရာသည် .. မောင့်နှလုံးသားမှာ ထင်လျက် ဘယ်သောအခါတွင်မှ မပျောက်ပျက်နိုင်သောအရာအဖြစ် ပြောခဲ့သည့် ကဗျာလေး ..။

မောင်သည် .. တစ်နေရာစီ ဝေးနေရင်းဖြင့် မျက်ရည်ကဗျာကို ရေးဖွဲ့ရပါသည်ဟု ဖွဲ့သီရာ ကဗျာလေးတွေသည် .. မြိုင့် နှလုံးသားကို တဖွဲဖွဲ ခြွေနေကြတာ .. ကြေကွဲနေစေကြတာ .. မြိုင့် နှလုံးသားမှသာ သိနေရပါသည် မောင် .. ဟု အုတ်ဂူလေးကို ကြည့်ရင်း မြိုင် ရင်ထဲမှ ပြောနေမိလေသမျှ .. မောင် ယုံကြည်နေပါလိမ့်မည် ..။

''လောကမှာ ပျောက်ကွယ်လို့မရတဲ့ ခြေရာ





ပျောက်ဖျက်လို့ မရတဲ့ ခြေရာ

အဲဒါဟာ ...

နှလုံးသားမှာ ထင်တဲ့ ခြေရာပါပဲ ..''

မြိုင့် နှုတ်မှ တိုးဖွဖွ ရွတ်နေမိရင်း ယာခင်းကို ငေးကြည့် မျက်ရည် ကျလာနေမိရပါသည့်အဖြစ် ..၊ ညနေဘက်မှာ ဤ ယာခင်းအိမ်လေးဆီသို့ မြိုင် တို့၏ကားလေး ရောက်လာခဲ့သည်။ မောင့်အုတ်ဂူကို ကန်တော့ပြီး ဤရွာလေးဆီသို့ ရန်ကုန်မှ ခရီးဆက်လာရချိန်မှာ သမီး ထို သည် ဘေးမှာ ငြိမ်သက် လိုက်ပါလာသည်ပါပဲ ..။ အဖေ့ဂူကို ကန်တော့စဉ်မှာလည်း စကားတစ်လုံးမျှ မပြောဘဲ မျက်ရည်သာ ကျနေခဲ့သည့် ထို သည် ..၊ အိမ်လေးသို့ ပြန်ရောက်လာရချိန်မှာလည်း ငြိမ်သက်နေပါသည့်အဖြစ် ..။

ဖေဖေကတော့ .. စွမ်းထက်ခေါင် နှင့်အတူ ရွာဦးဘုန်းတော်ကြီး ကျောင်းသို့ ကားလေးဖြင့် သွားခဲ့ကာ .. ဆရာတော့်ထံမှာ မောင် အပ်နှံခဲ့ပါသည့် ဘုရားဆင်းတုတော်ကို ကျောင်းဆောင်ငယ်လေးနှင့်အတူ ပြန်၍ ပင့်ဆောင်လာခဲ့ကာ ..၊ ယာတောအိမ်လေး၏ ဘုရားစင်ထက်မှာ ပူဇော်ထားခဲ့ပြီး .. ဘုရားပန်းအိုးလေးတွေမှာလည်း ပန်း ပူဇော်ထားသည်။ ဘုရားစင်လေးမှာ ဘုရားမီးလည်း ပူဇော်ထားပါသည့်အဖြစ် ..။

မောင်သည် .. မောင့် ဒိုင်ယာရီလေးမှာ ရေးထားခဲ့သည်လေ ..။ ပန်းစံကားရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှာ အပ်နှံခဲ့ပါသည့် ဘုရားဆင်းတုတော်ကို တစ်နေ့မှာ ပြန်၍ ပင့်ဆောင်ပူဇော်လိုပါသည်ဟု ..၊ ထို ကလည်း အဖေ့ဆန္ဒအတိုင်း ဖြစ်နေသည်။ မြိုင် ကလည်း မောင့်ဆန္ဒအတိုင်း ဖြစ်ရချေသည်မို့ .. ပန်းစံကားရွာလေးသို့ ရောက်လာကြရခြင်းပါ ..။ မနက်ဖြန် .. ပြန်ကြမည်။ ပတ္တမြားစံအိမ် ဘုရားဆောင်မှာ .. ဘုရားရှင်တော်မြတ်အား ပူဇော်ထားမည်။ မောင်သည်လည်း .. ဝမ်းသာပါချေလိမ့်မည်၊ ကြည်နူးပါချေလိမ့်မည် ..။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမေမေ .."

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ စွမ်းထက်ခေါင် ရပ်နေလျက် တစ်ခုခုကို ပြောချင်သည့်နှယ် ရှိနေတာ ရိပ်မိလာရလျက် ...

"စွမ်းထက် ခွင့်ပန်ချင်လို့ပါ အန်တီမေမေ .. အခု .. အန်တီမေမေ့မှာ သမီးရင်းလည်း ရှိလာပြီ .. ဘိုးဘိုးမှာလည်း မြေးအရင်း ရှိလာပြီ .. ထုံ ဟာ လိမ္မာတဲ့မိန်းကလေးပါ .. ဘိုးဘိုးနဲ့ အမေဖြစ်သူကို .. စိတ်ချမ်းသာအောင် ထားမယ့် မိန်းကလေးပါ ..၊ စွမ်းထက် လည်း ပညာတတ်လည်း ဖြစ်ရပြီ .. ဘိုးဘိုးနဲ့ အန်တီမေမေတို့ရဲ့ ထောက်ပံ့မှုနဲ့ .. စောင့်ရှောက်မှုတွေ .. မေတ္တာတွေနဲ့ ဒီအထိ .. လူတစ်လုံး သူတစ်လုံး ဖြစ်ခဲ့ရပြီမို့ .. ပတ္တမြားစံအိမ်ကို ပြန်ရောက်ပြီးရင်ဖြင့် .. တစ်နေရာမှာ စွမ်းထက် အလုပ်ရှာပါရစေ .. နေပါရစေ ..၊ ထုံ လည်း ရှိနေပြီမို့ .. သမီးရင်း မြေးရင်းနဲ့ .. နေပျော်ပါပြီ ခင်ဗျာ .."

ဟု ပြောလာတော့ မြိုင် ရင်ထဲ မကောင်း ..၊ အတန်ကြာမျှ စွမ်းထက် ကို စိုက်ကြည့်နေမိသည်။ အနေခက်ပုံဖြင့် စွမ်းထက်ခေါင် ခေါင်းငုံ့ထားပါ၏။ သိမ်ငယ်သော ခံစားချက်တစ်ခုလည်း ခံစားရချေမည်ပေါ့ .. ဟု မြိုင် တွေးမိ .. စာနာမိရသည်ပါပဲ ...။

"သား .. စွမ်းထက် .. ဒီစကားကို .. ဘိုးဘိုးကို ပြောမိသေးလား"

ခြုံထားရာ လျှောတဘက်လေးကို ဆွဲစေ့ရင်း မြိုင် မေးတော့ စွမ်းထက်ခေါင် ခေါင်းခါသည်။ မဝံ့မရဲ မြိုင့် ကို ကြည့်သည်။

"အန်တီမေမေ့ကို အရင် ပြောတာပါ .. နောက်မှ ဘိုးဘိုးကို ခွင့်ပန်မလို့ပါ .."

ဟု အသံလေး တိုးတိမ်လျက် ခေါင်းငုံ့ ဖြေသည်။ မြိုင် ပြုံးလိုက်ကာ စွမ်းထက်ခေါင် ၏ဆံစလေးကို သပ်ပေးမိရပါ၏။

"သားဟာ .. အန်တီမေမေ့သား ပါကွယ် .. သားလေး ဆုံးပါးပြီလို့ ခံစားရင်း ရူးမတတ်ဖြစ်နေတဲ့ အန်တီမေမေ့ ဘဝထဲကို သား ရောက်





လာတဲ့အတွက် .. အန်တီမေမေ့မှာ .. မေတ္တာတွေ ပေးဝေရမယ့် သားတစ်ယောက် ရလာခဲ့တာပါ .. နောက်ကို .. ဒီလို .. ထွက်သွားမယ့်စကား မပြောပါနဲ့ စွမ်းထက် ရယ် .. အန်တီမေမေတို့မှာ ဟိုတယ်ကိစ္စ .. တန်ဖိုးကြီးမားတဲ့ လက်ဝတ်ရတနာထည်တွေရောင်းတဲ့ ကြယ်စင်ရတနာ တိုက်ကိစ္စတွေမှာ .. ဘယ်လောက် အလုပ်များနေတယ်ဆိုတာ သားအသိပဲ .. လုပ်ငန်းတွေမှာ စွမ်းထက် လုပ်ကိုင်နေတာ ဘယ်လောက် အားကိုးနေရသလဲ ..၊ နောက်ကို .. မိဘ ဘိုးအေတို့ရဲ့ ရင်ခွင်က ခွဲထွက်မယ့်စကားတွေ မပြောပါနဲ့ ကလေးရယ် .. အန်တီမေမေ .. အခုအချိန်မှာ ဘယ်လောက် စိတ်ပင်ပန်း ထိခိုက်တယ်ဆိုတာ စွမ်းထက် မသိဘူးလား ..၊ နောက်ကို .. မပြောနဲ့ .. အဲဒီစကား .."

ဟု ပြောတော့ စွမ်းထက်ခေါင် တစ်ချက် တွေတွေကြီး ရပ်နေသေးသည်။ မြိုင့် ကိုလည်း ကြည့်လာသည်။ ဤကလေးသည် ဤသို့ပါပဲလေ..၊ အမြဲတမ်း သူတစ်ပါးအတွက် တွေးပေးတတ်သည့် ကလေး..၊ ခြောက်နှစ်အရွယ်လေး ဆိုတော့လည်း ဖခင်ဆုံးတာကို သိနေပြီ။ အားကိုးရာပျောက်နေသည့် ဘဝလေးကိုလည်း ရင်ဆိုင်တိုးခဲ့ရပြီးပြီ။ ထိုစဉ်အခါမှာ ဘိုးဘိုးတစ်ယောက်နှင့် အမေတစ်ယောက်၏ ရင်ခွင်ကို ရခဲ့စဉ်ကတည်းက .. ထိုရင်ခွင်နှစ်ခုကို အလွန်အားကိုးခဲ့တာ မြိုင် သိသည်။ တွယ်တာလွန်းတာလည်း မြိုင် သိသည်။ ကျေးဇူးတသိ ရှိသည့်နှယ် တစ်ဖက်ကလည်း သိမ်ငယ်သော ခံစားချက်လေးတွေ ကလေးဘဝကတည်းက ရှိခဲ့ရှာတာ မြိုင် သိသည်ပေါ့ ..။ ဆံစလေးကို မြိုင် သပ်ပေးမိကာ ...

"လောလောဆယ်မှာ .. စွမ်းထက် ထုံ့ ဆီကို သွားလိုက်နော် .. ထုံလေး ခမျာ .. အမေကို သတိရနေရှာတာ .. အန်တီမေမေလည်း သမီး ထုံ နဲ့ လောလောဆယ်မှာ တူတူနေရင်ဖြင့် မောင့်အကြောင်းတွေ ပြောမိရင်း .. သားအမိနှစ်ယောက် ပိုမျက်ရည်ကျ ဖြစ်ကြရတော့မယ်..



www.burmeseclassic.com

www.burmeseclassic.com



ထုံ လေး ပိုပင်ပန်းရတော့မှာ ..၊ ကဲ .. စွမ်းထက် .. သွားလိုက် .. ထုံ .. ခြံထဲမှာ ရှိနေသလား မသိဘူး .. သားရဲ့ ဘိုးဘိုးလည်း ခဏ မေးနေတယ် .. ခရီးပန်းလာတာကိုး .. မနက်ဖြန့်လည်း ခရီးဆက်ရမှာ မဟုတ်လား .."

ဟု ပြောတော့ စွမ်းထက်ခေါင် ခေါင်းလေး ညိတ်ပြပါ၏။ မြိုင် တိတ်ဆိတ်စွာ ရပ်ကြည့်ကျန်ခဲ့ရင်း မနေ့ညက ဖေဖေ ပြောခဲ့သည့် စကားကို အမှတ်ရနေမိသည်ပါပဲ ..။

"စွမ်းထက်လေး နဲ့ မြေးကို .. မြေးလေး ပညာစုံတဲ့အခါ .. နေရာချပေးရင် ကောင်းမယ် မြိုင် .. ကလေးနှစ်ယောက်စလုံး .. ဖေဖေတို့ ရင်ငွေ့အောက်မှာပဲ ရှိကြမယ်လေ .. လိမ္မာကြတဲ့ ဒီကလေးနှစ်ယောက်.. ဘဝနာကြတဲ့ ဒီကလေးနှစ်ယောက်ကို .. ဘဝလက်တွဲဖော်အဖြစ် လက်ထပ်ပေးဖို့ ဖေဖေ ရွေးချယ်မိတယ် မြိုင် .."

ဟု ပြောခဲ့သည်။ တကယ် ကြားရတော့လည်း .. မြိုင် .. ကြည်နူးကျေနပ်သွားမိရသည်ပါပဲ။ ဖေဖေ့နည်းပင် မြိုင် သည်လည်း ထိုအတွေးကို တွေးမိခဲ့သည်မို့ .. ဖေဖေ့ကို ဖွင့်၍ တိုင်ပင်လျှင် ကောင်းမည်ဟုပင် စဉ်းစားထားမိသည်ကိုးလေ ..။ ခုတော့ .. ဖေဖေကလည်း ရည်ရွယ်ထားသည်မို့ .. ရင်ထဲမှာ ကလေးတွေ နောင်ရေးအတွက် ရင်အေးရသည်ပါပဲ။ မြိုင် ယုံကြည်ပါသည် .. မောင်သည်လည်း .. စွမ်းထက် လို ကလေးမျိုးနှင့် သမီး ထုံ့ ကို .. သဘောမျှမည်သာ ..။

စွမ်းထက်ခေါင် ခြံထဲ ဆင်းသွားတာကို ရပ်ငေးကြည့်ရင်း မြိုင့် ရင်ထဲမှာ မောင့်ကို လွမ်းစိတ် .. တောင်းပန်စိတ်တို့ဖြင့် တိတ်ဆိတ်စွာ ရှိနေရသည့် မြိုင် အဖြစ် .. ပြန်၍ ရှိနေလိုက်ရပါပြီ ..။

ခြံထဲမှာ ထုံ့ ကို ရှာမတွေ့ပုံဖြင့် စွမ်းထက် ခြံပြင်ထွက်သွားတာကိုလည်း မြိုင် မြင်နေရသည်တည့် ..။ စွမ်းထက်ခေါင် လျှောက်လာမိသည်က ရေကန်ကြီးဘက်သို့ပါ။ ယာခင်းနှင့် မလှမ်းသောနေရာမှာ ရေကန်





ကြီး ရှိသည်လေ..၊ ထုံ ပြောပြဖူးသည် ရေကန်မှာ ကြာတွေချိုးသည်တဲ့..။

စွမ်းထက် .. ရေကန်ဘက်ကို ရောက်တော့ ထုံ့ ကို တွေ့ရပါပြီ။ ကန်စပ်မှာ ထုံ ထိုင်နေသည်။ မြက်ရိုင်းပင်တို့သည် ကန်စပ်မှာ စိမ်းမြနေလျက် ..၊ မြက်ခင်းထက်မှာ ထုံးစံအတိုင်း အငြိမ်မနေတတ်သည့် ဖိုးသည်း ကို ဟိုပြေးသည်ဆော့ဖြင့် ရှိနေတာကို လှမ်းလင့် မြင်နေရသည်။ နောက်တော့ .. လေချည်ကြိုးရှိရာ ရေချိုးဆိပ်တံတားငုတ်တိုင်နားမှာ ဖိုးသည်း ခဏ ရပ်စောင့်နေ၏။ နောက်တော့ လှေဝမ်းထဲ ဝင်ထိုင်ရင်း ဟောင်နေသည်။ ကန်ထက်ကိုလည်း ကြည့်သည်။ သဘောက .. ကြာတွေ ချိုးပါတော့ .. ဆိုသည့်သဘော ..၊ ထုံ့ ကို ခေါ်နေခြင်း..၊ ထုံ ကတော့ ကန်စပ်ရှိ မြက်ခင်းထက်မှာ ထိုင်နေရင်း ကန်ရေပြင်ကို ငေးနေသည်ပါပဲ ..။ ထုံ့ အနီးမှာ စွမ်းထက် သွားရပ်တော့ မော့ကြည့်လာသည်။ မျက်ရည်ဝဲနေတာမြင်တော့ ရင်ထဲမကောင်း ..၊ ဘေးမှာထိုင်ရင်း ထုံ့ ကို ကြည့်ကာ ...

"အန်တီမေမေက .. ထုံ့ ကို အဖော်လုပ်လိုက်ပါလို့ ပြောတာမို့.. ရှာလိုက်ရတာ ထုံ ရယ် .. ထုံ က ဒီမှာ ရောက်နေတာကိုး .."

ဟု ပြောတော့လည်း ထုံ ဘာမှမပြောသေးဘဲ ငြိမ်၍ ခပ်ငေးငေး ကန်ရေပြင်ကိုပဲ ကြည့်နေဆဲ ..၊ နောက်တော့ အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ကာ ...

"ဖေဖေ့ကို လွမ်းလိုက်တာ ကိုကိုရယ် .. ထုံ တို့ သားအဖက .. ဘဝကို ဆင်းရဲပေမယ့် အတူတူ ပျော်ပျော်လေး ဖြတ်သန်းခဲ့ကြတာ ကိုကိုရဲ့ .. ဖေဖေက စိုက်ခင်းက သီးနှံတွေကို မြို့တက်ရောင်းတယ်..၊ ထုံ က .. ဖေဖေ မနက်ကို မြို့ဈေးတက်မယ်ဆိုရင် .. ညနေဘက် .. ဒီကန်ထဲမှာ ကြာတွေ ချိုးတယ် သိလား .. ကြာပွင့်ချိန်တွေမှာဆိုရင်ပေါ့၊ အဲဒီ ကြာပန်း ကြာဖူးတွေကို ဖေဖေနဲ့အတူ မြို့ဈေးမှာ တက်ရောင်းတာ .. ရတဲ့ပိုက်ဆံကို .. ထုံ စုထားတာ သိလား ကိုကို .. ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com



အသီးအနှံရောင်း .. ထုံ က ကြာပန်းတွေ ရောင်း ..''

ဟု ကျန်ခဲ့ရာ အတိတ်ဆီသို့ စိတ်လေးတွေ တက်ကုန်လွှတ်ပို့ရင်း လွမ်းဆွတ်တမ်းတစွာ ထုံ ပြောနေသမျှ စွမ်းထက် နားထောင်သည်။ ကြာပန်းတွေရှိရာ ကန်ရေပြင်ကိုလည်း ထုံ့ နှယ်ဝင် လှမ်းငေးကြည့်မိပါ၏။ ထုံ တစ်ယောက်တည်း .. ကြာပန်းတွေ လှေလေးနှင့် လိုက်ချိုးနေတာကိုလည်း မြင်ယောင်နေမိရသည်။ သနပ်ခါး ပါးကွက်ကျားလေးဖြင့် ရှိနေမည့် ထုံ အဖြစ်လည်း ချစ်စဖွယ်လေး မြင်လာမိရပါ၏။ အကြောင့်ကြကင်းသော ဘဝ ..၊ အဆောင်အယောင်ကင်းသောဘဝ.. ထိုဘဝလေးမှာ အသားတကျ .. ဖြတ်သန်းနေသည့် ကောင်မလေးတစ်ယောက် ..။ ထုံ့ ကို ငုံကြည့်မိသည်။ ခုလည်း .. ထုံ သည် ချမ်းသာဘဝကို မက်မောနေတာမျိုး ရှိမနေ ..။ မာနတက်တာမျိုးလည်း ဖြစ်မနေ..

''ဒီကောင်မလေးဟာ .. သူ .. ချမ်းသာလို့ ချမ်းသာနေမှန်းတော် အာရုံထဲ ထားနေပုံ မရဘူး .. သိနေပုံလည်း မပေါက်ဘူး ..၊ သူ့စိတ်ထဲမှာ သူ့အဖေပဲ ရှိနေတာ .. သူ့ငယ်ဘဝ .. သူ့အဖေနဲ့သူ နေခဲ့ရတဲ့ .. ကျန်း ရာ မကြာမတင်ကဘဝလေးကိုပဲ လွမ်းဆွတ်နေတာ .. ဘာဆိုဘာမှ လောဘမရှိ .. မာနမာန် မတက်ဘဲ ရှိနေတဲ့ ထုံ ပါပဲ .. အဲဒါလေးကို ရိုးစင်းဖြူစင်တဲ့အရာ .. တန်ဖိုးဖြတ်မရတဲ့အရာပါပဲ .. အိမ်ငယ်လေးမှာ နေရတဲ့အချိန်နဲ့ .. ပတ္တမြားစံအိမ်မှာ ရောက်နေတဲ့အချိန် .. ထုံ ဟာ ဘာမှကို မပြောင်းလဲတာ ..''

ဟု တွေးမိကာ ထုံ့ မျက်နှာနုနုလေးကို ငေးကြည့်မိရပြန်သည်။ ဆံပင်နက်နက်ရှည်ရှည်လေးကို နှစ်ဖက်ကျစ်ချထားလျက်..၊ လောလော ဆယ်မှာတော့ မျက်နှာမှာ နံ့သာပင် တင်မထားအောင် စိတ်ပင်ပန်း သည့် ထုံ သည် ..၊ ကလေးတစ်ယောက်နှယ် အပြစ်ကင်းစင်စွာ ချစ် ချစ်စရာလေး ဖြစ်နေသည်ပါပဲ။ ဉာဏ်ရည်လေးကလည်း မခေ ..

''ထုံ က သိပ်တော်တာ ..''





လွှတ်ခနဲ စွမ်းထက်ခေါင် ပြောမိလိုက်ပါ၏။ ရင်ထဲရှိရာ ပွင့်ကျ သွားခြင်း ..၊ ထုံ ကြည့်လာသည်။ စွမ်းထက်ခေါင်ႉ ပြုံးပြပါ၏။ ထုံ့ ရင်ထဲမှ အဖေလွမ်းဝေဒနာကို အခိုက်အတန့်လေးမှာ အတန်မျှ သက်သာ ရာရအောင် စကားလေးတွေ ရှာကြံ ပြောရမည်လေ ..။ ထုံ ကလည်း နူးညံ့အေးချမ်းသောအကြည့်တွေကို မှုပိုင် .. ပိုင်ဆိုင်ထားပါသော ကိုကို့ မျက်နှာကို မော့ကြည့်မိရပါသည့်အဖြစ် ..၊ ကိုကိုသည် .. ထုံ့ ကို စိတ် ချမ်းသာအောင် .. အိမ်လေးကို ဆေးတွေလည်း သုတ်ပေးသည်။ အလှ ဆင်ပေးသည်။ အပင်ပန်းခံ၍ လုပ်ကိုင်ပေးခြင်းကို ထုံ သိသည်လေ..။ ပြီးတော့ .. ကိုကိုသည် မိဘမဲ့ဘဝကို ငယ်ငယ်လေးဖြင့် ရင်ဆိုင်လက်ခံ ပေးလိုက်ရတာမို့ .. ထုံ့ ရင်ထဲမှာ ကိုကို့ကို သနားစိတ် ဖြစ်ရသည်မှာ လည်း အမှန်ပါ။ မှုပိုင် အေးချမ်းသောအပြုံးလေးကို ပိုင်ဆိုင်ထားဖို့ဆို တာလည်း ဘဝကို ဖြတ်သန်းရသည့် ဘဝကြမ်းကြမ်းကြောင့် .. ဘယ် သူ့ကိုမဆို အောက်ကျို့ကာ အဆင်တပြေဖြစ်အောင် နေပေးတတ်ပါ သည့် ငယ်စရိုက်ဆီမှ ရလာသည့် အပြုံးလေးပဲ ဖြစ်နေနိုင်ပါသေးသည် တည့် ..။ ဘယ်သူ့အငြိုအငြင်ကိုမှ မခံရအောင် .. အမြဲ ဂရုတစိုက်ဖြင့် နေတတ်အောင်လည်း ဘဝပေး အခြေအနေကိုက သင်ပြပေးထားတာ ဖြစ်ချေမည်။

''ထုံ က ဘာတော်လို့လဲ ကိုကိုရဲ့ ..''

''ဟာ .. တော်တာပေါ့ ထုံ ရဲ့ .. ဟို ဒေါ်မိ ဆိုတာကို မေးတာ .. ဟို .. ဦးဆွေသာ ကို မေးတာတွေများ ချက်လက်ကို ကျလို့ .. ဟိုက လူတွေ .. ပါးစပ်တောင် မဟနိုင်တော့ဘူး .. ပိတ်ကုန်ရော ..၊ အဲသလို တော်တာ .. ဟောဒီ ရွှေထုံလေး က ..''

လွှတ်ခနဲ ချစ်စနိုးလေး ပြောမိခြင်း ..၊ ရွှေထုံလေး .. ဟု ခေါ်မိတာ ကို ထုံ လည်း သတိထားမိပုံ ရသည်။ ရယ်ပါ၏။ ထုံ ရယ်တော့ စွမ်း ထက်ခေါင် လည်း လိုက်၍ ရယ်သည်။ သွားတက်လေးနှင့် စွမ်းထက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင် ၏အရယ်သည် ထုံ့ ရင်ထဲမှ သောကတွေကို ခဏလောက်တော့ သက်သာရာ ရစေသည်ပါပဲ။ ချစ်ခင်စရာကောင်းအောင် ပြောပေးတတ်သူဖြစ်လျက် ..၊ ချစ်စရာကောင်းအောင် ရယ်မောတတ်သူလည်း ဖြစ်ချေသည်ဟု ထုံ တွေးမိရပါ၏။

"ကိုကိုလည်း တော်တာပါပဲ .. ဟိုတယ်အလုပ်ကိစ္စတွေ .. ဘိုးဘိုးရဲ့ အားကိုးရာ မြေးအဖြစ် လုပ်ကိုင်ပေးနိုင်တာပဲဥစ္စာ .. ရတနာတိုက်လည်း ရှိတယ်ဆို .. ရတနာမျိုးစုံ ရောင်းတဲ့တိုက်ကြီး ဆို .."

"အဲဒါ ပြောတာ .. ထုံ ဟာ အံ့ဩဖို့ ကောင်းတယ် ထုံ ..'ထုံ ပိုင်တဲ့ ဥစ္စာတွေကို ထုံ က .. ရှိနေတယ်ဆို .. ရှိနေတယ်ဆို .. လို့ ကိုကို့ကို မေးနေရလားဗျ .."

ဟု ပြုံး၍ ကိုကို ပြောလာပြန်သည်။ နောက် .. တစ်ချက် တွေးသလို ငြိမ်သက်ရာမှ ...

"ထုံ့ အိမ်လေးကို .. ဆေးတွေသုတ် ဘာတွေသုတ်နဲ့ လှအောင် လုပ်ထားရတာ နှမြောတယ် ထုံ ရယ် .. ကိုကို .. အဲဒီမှာ သွားနေမယ်လေ .. ထုံ .. ကိုကို့ကို အဲဒီအိမ်လေးမှာ နေခွင့်ပေးပါလား .. လခပေးဆိုလည်း ပေးပါ့မယ် ထုံ ရဲ့ .."

ထုံ ပတ္တမြားစံအိမ်မှာ နေတော့တာမို့ .. မွေးစားခံ မြေးအဖြစ် - သားအဖြစ် နေနေရတာလည်း ရင်ထဲမှာ မလုံမလဲ ဖြစ်ရသည်။ ဒါကြောင့် .. ထုံ့ အိမ်လေးမှာ ပြောင်းနေချင်သမှု ဖွင့်၍ ခွင့်တောင်းမိရခြင်းပါ ..။ ထုံ .. အကဲခတ်သလို ကြည့်နေရာမှ ...

"ထုံ က .. အဲဒီအိမ်လေးမှာ ပိုနေမှာ ကိုကိုရဲ့ .. ပတ္တမြားစံအိမ်မှာ .. တစ်ခါတလေတော့ ထုံ နေမှာပေါ့ .. ကိုကို .. ပတ္တမြားစံအိမ်မှာ နေရမှာလေ .. အဲဒီမှာ ကိုကို က နေနေကျ .. ထုံ က အဲသလောက်ကြီးတဲ့ အိမ်ကြီးမှာ မနေတတ်ပါဘူး ကိုကိုရယ် .. စိတ်အနေကျဉ်းတယ် ကိုကိုရဲ့ .."





ဟု ပြောလာတော့ စွမ်းထက်ခေါင် ဘာစကားဆက်ရမှန်းပင် မသိနိုင်တော့သည့်အဖြစ် ..၊ သူက .. ပတ္တမြားစံအိမ်မှာ နေရမည်။ မြေးရင်းဖြစ်သည့် ထုံ ..၊ သမီးရင်းဖြစ်သည့် ထုံ က .. အိမ်လေးမှာ နေမည်တဲ့..။ ချမ်းသာတရား မမက်ပုံများကို ကြား၍သာ ယုံပေးရသည်။ ရှားချေသည့် စိတ်ပေပဲ .. ဟု အံ့ဩရပါ၏။

"ထုံ က အိမ်ငယ်လေးထဲမှာ ကြီးလာတာ ကိုကို .. ယာခင်းအိမ်လေးကို ရောက်ပြီးပဲ ကိုကိုရယ် .. မြင်ပြီပေါ့ .. ရန်ကုန်က ဖေဖေ့အိမ်လေးမှာ ဆက်နေဖို့ဆိုတာက နေသားတကျ ရှိတယ် ကိုကို .. ဘဝကို.. ရုန်းကန်ခဲ့ရတာကလည်း နေပူထဲမှာ ရုန်းရတဲ့ဘဝမျိုးပါ ကိုကို .. ကိုကိုတို့လို .. အရိပ်ထဲ ရုန်းရတာမျိုး မဟုတ်ဘူး ကိုကိုရဲ့ .. ထုံ့ အတွက်က.. ချမ်းသာလွန်းတာကြီးထဲမှာ .. မနေတတ်တာပဲ ဖြစ်နေတယ် .. မပျော်နိုင်တာပဲ ဖြစ်နေတယ် ကိုကို .."

ဟု ပြောလာတော့ စွမ်းထက် သက်ပြင်းရှိုက်ကာ ထုံ့ ကို ကြည့်မိရပါ၏။

"ကိုကို့ကို .. လှေလှော်ပြီး ခေါ်သွားပါလား ထုံ .. ကြာပန်းတွေကြားထဲမှာ .. လှေလေးနဲ့ သွားရတဲ့အရသာ .. ကိုကို မခံစားဖူးဘူး.."

ဟု ပြောလိုက်တော့ ထုံ တစ်ချက် ကန်ဘက်ကို ကြည့်သည်။ သူ့ကို ကြည့်သည်။ နောက်တော့ ခေါင်းလေးညိတ်လိုက်ကာ ထရပ်ပါ၏။ လှေနားရောက်လာတော့ ဖိုးသည်း လှေဝမ်းထဲမှာ ဆောင့်ကြောင့်လေးထိုင်ရင်း ဟောင်သံပေးနေသည်။ ပျော်နေပြီ ..၊ လှေဝမ်းထဲမှာ ထိုင်ရင်း စောင့်နေရတာ ကြာပြီဟုများ ဖိုးသည်း ဟောင်သံတွေ ပေးရင်း ပြောနေသည်လား မသိ..။ ထုံ.. လှေကြိုးကို ဖြုတ်သည်။ သူသည် လှေဝမ်းထဲမှာ ထိုင်ပြီးနေပြီ..။ လှေလေးကို ထုံ လှော်တော့ သူ ကြည့်ကာ...

"ကိုကိုက လှေလည်း မလှော်တတ်ဘူး ထုံ .. ခုမှ စီးဖူးတာ .. ရေလည်း မကူးတတ်ဘူးနော် .. ထုံ သိထားအောင် ကြိုတင် ပြောထား



www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့ ..''

ဟု ရေကန်လယ်လောက်ရောက်မှ ပြောတော့ ထုံ ရယ်သည်။ ခုလို ရယ်မောလိုက်တာလေး ကြုံရတော့လည်း သူ့ရင်ထဲမှာ ကြည်နူးရသည်ပါပဲ။ ထုံ့ ကို ပျော်နေစေချင်သည်လေ ..။ ဤကောင်မလေးကို.. အမြဲ သောကတွေ ကင်းနေစေချင်သည်။ ကြုံရတာတွေက .. အရွယ်နှင့်မမျှ ..။ ပြင်းထန်လွန်းသည်မို့ .. ထုံ ပင်ပန်းလှပြီ .. ဟုလည်း စာနာမိသည်။ သနားရသည်။ ခုလို .. ရယ်လိုက်တာလေး ကြုံလိုက်ရတိုင်း .. သူ့ရင်ထဲမှာ ကြည်နူး အေးချမ်းသွားရတတ်သည်ပါပဲ ..။ ဘာကြောင့်ပါလဲ ..၊ သူ မခွဲခြားတတ် ..။ ထုံ့ ကို ပျော်စေချင်တာပဲ သိနေသည်တည့်..။

''ကိုကိုကလည်း ရေလယ်ရောက်မှ ပြောရတယ်လို့ .. လှေမှောက်ရင် ဘယ့်နှယ်လုပ်မလဲ ..''

''ကိုကို ရေနစ်ရင်.. ထုံ ကယ်ပေါ့.. ထုံ က ရေကူးချန်ပီယံဖြစ်မှာ..''

ဟု သူ ထပ်ဖြေတော့ ထုံ ဆက်ရယ်သည်။ ကြာဖူး ကြာပန်းလေးတွေကို ကြာစွယ်လေးတွေ ချိုးရင်း ခူးကာ လှေဝမ်းမှာ ထည့်နေသည်။ ကြာပန်း၏ ရနံ့က သင်းနေ၏။ ကန်ရေ ရနံ့မှာလည်း ကြာရနံ့ ဝေနေသည်။

''ထုံ .. အရမ်း ကိုယ်ကို မယိမ်းနဲ့လေ .. ထုံ .. ရေထဲကျသွားမှာပေါ့ ..''

ဟု ထုံ ကိုယ်လေးညွှတ် ခူးတာ များသွားချိန်မှာ သူ စိုးရိမ်တကြီး ပြောမိရင်း လှေဝမ်းမှာ ငြိမ်မနေနိုင်ဘဲ ကိုယ်ပါ လိုက်၍ ယိမ်းသွားတာမို့ ထုံ ရယ်ကာ ...

''သေချာ ထိုင်ပါ ကိုကိုရဲ့ .. လှေမှောက်လို့ .. ရေနစ်မှ ဟုတ်ချေ ဖြစ်နေမယ် .. ထုံ က ရေကူးတတ်ပေမယ့် .. လူကို .. ကျွမ်းကျွမ်းကျင်ကျင် .. ဆယ်တတ်မယ် မထင်ဘူး ကိုကို .. ဟော့ကောင် ဖိုးသည်း - ငြိမ်ထိုင်စမ်း .. နင့်ကြောင့် လှေလူးလိမ့်မယ် ..''





''ဝူ ..''

ဖိုးသည်း အငြိမ်းပင် မလှုပ်တော့ပြီ။ သခင်နှင့်ခွေး ထိုသို့ ကန်ထဲမှာ လှေတစ်စင်းနှင့် စကားပြောလိုက် .. ငေါက်လိုက် .. ဆူလိုက် .. ခွေးလေးက နားလည်သလိုလိုဖြင့် ငြိမ်လိုက်ဖြင့် ရှိနေကြချေသည့်ကာလလေးတွေ ကြာရှည်ခဲ့ချေသည်ပဲဟု သူ တွေးမိပြန်ကာ ထုံ့ ကို သနားမိရပြန်သည်။

''ထုံ က .. ဒီကြာပန်းလေးတွေကို ရောင်းခဲ့တာ ကိုကို .. သူများတွေလို ကြာပန်းလေးတွေကို အပျော်ခူးတာမျိုး မဟုတ်ဘူး ကိုကိုရဲ့ .. ရောင်းဖို့ ခူးရတာ .. ဆင်းရဲတာကိုး ကိုကို ..''

ဟု ပြောလာတော့ သူ ရင်ထဲမကောင်း ..၊ ဤကောင်မလေး ပျော်လျှင် လိုက်ပျော်သည်။ ကြေကွဲလျှင် ရင်ထဲမကောင်းနိုင်တော့ပြီ။ ထုံနှင့်ပတ်သက်လာလျှင် .. သူ့ရင်သည် .. ကူးစက်ခံစားတတ်နေသည့်ရင် ဖြစ်နေသည်။ နှလုံးသား ဖြစ်နေချေသည်တကား ..၊ ရုတ်ခနဲ သူ လန့်သွားရပါ၏။ သူ .. သူ .. ထုံ့ ကို .. မြတ်နိုးနေမိချေပြီလား မသိ ..။ သို့ဆိုလျှင်ဖြင့် ခက်ပြီ ..၊ အန်တီမေမေလည်း ခံပြင်းမည်။ ဘိုးဘိုးလည်း စိတ်ဆိုးမည်။

''မဖြစ်ဘူး ထုံ .. ကိုကိုတော့ .. ထုံ့ အိမ်လေးမှာလည်း နေလို့မဖြစ်ဘူး .. တစ်နေရာကို ပြောင်းမှ ဖြစ်မှာ .. နေမှ ဖြစ်မှာ ..''

ဟု လွှတ်ခနဲ ညည်းမိတော့ ထုံ နားမလည်နိုင်သလို ကြည့်လာရင်း ...

''ဘာဖြစ်တာလဲ ကိုကို .. ထုံ ပန်းရောင်းတာတွေ ပြောပြလိုက်တာနဲ့ .. ဆင်းရဲသူမ .. ဆိုပြီး .. ကိုကိုက ထုံ့ ကို .. အဘက်မတန် ဖြစ်လာတာလား ..''

ဟု ကောက်ကာငင်ကာ မေးလာသည်က မှန်တေတေလေး ဖြစ်နေသည်။ သူ သက်ပြင်းရှိုက်ကာ ထုံ့ ကို ကြည့်မိရပါ၏။ ကိုယ့်ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကို လန့်၍ ပြောမိသည့်စကား ..၊ အနာတခြား ဆေးတခြား ဖြစ်ကုန်ပြီကော .. ဟု တွေးမိရင်း ခေါင်းခါ၍ ...

"ထုံ က ဆင်းရဲတယ်ပြောလို့ ကိုကိုက လန့်ပြေးရအောင် .. ကိုကို က .. ချမ်းသာနေလို့လား .. စဉ်းစားပါ သူဌေးမပေါက်စနလေးရဲ့ .."

ဟု ပြောတော့ ထုံ ခေါင်းတွင်တွင်ခါသည်။ လက်မခံနိုင်ဖြစ်နေပါ၏။

"ထုံ က .. ထုံ့ ကိုယ်ကို .. ခုထိ .. ဖေဖေ့သမီးအဖြစ် မှတ်ယူထားတာပါပဲ .. ထုံ ဟာ .. ဖေဖေ့ နှလုံးသားနဲ့ ကြီးလာရတာပါ .. ထုံ့ ရင်ထဲမှာလေ .. ဖေဖေ့နှလုံးသား ရှိနေတာ ကိုကို .. ဆင်းရဲတဲ့ဘဝဆိုတာကို .. ရင်ဆိုင်ရတဲ့မာနလည်း ရှိတယ် .. ချမ်းသာခြင်းကို မမက်မောတဲ့စိတ်ဓာတ်လည်း ရှိတယ် .."

ဟုပြောကာ သူ့ကိုကြည့်ရင်းမှ ကြာပန်းလေးတွေကို ဖွဖွကိုင်၏။

"ထုံ့ ဘဝက ပြင်းပြတဲ့နေရောင်အောက်မှာ ရှိနေသလိုပါ ကိုကို.."

ဟု ပြောမိသည်။

"ရင်ထဲမှာ ပူပြင်းနေတဲ့ဒဏ်တွေကို မတန်တဆကြီး ခံစားနေရတဲ့ ထုံ ဟာ ချမ်းသာသွားပြီဆိုတဲ့ ဘဝတစ်ခုကို မြန်မြန်ကြီး လက်ခံလိုက်တာနဲ့ .. အရာရာ .. အေးမြသွားမယ်တဲ့လား ကိုကို .. ဖေဖေ့ကို လွမ်းနေရတဲ့စိတ်တွေ ပြေဆင်းသွားမယ်တဲ့လား .."

ဟု မေးလာသံတွင် ရှိုက်သံ ပါလာသည်။ သူ .. ထုံ့ ကို နားလည်လာသည်။ အဖေကို တမ်းတနေရင်း ကြေကွဲလောင်မြိုက်နေသည့် ခံစားချက်တွေ ရင်နှင့်မဆံ့အောင် မျိုသိပ်နေချေသည်ကောဟု ..၊ ခုမှ .. သူ့ထံ ဖွင့်ဟပြောလာခြင်း ..။

"ထုံ့ ကို ကိုကို ပြောမယ် .. သေချာနားထောင်နော် .. ထုံ ကြည့်လိုက်စမ်း .. ဒီကြာပန်းလေးတွေကို ကြည့်လိုက်စမ်းပါ ထုံ .. နေရောင် ဘယ်လောက်ပြင်းပြင်း .. ပန်းလေးတွေဟာ မညှိုးမဖျော့ဘဲ .. ကြာတော





ကြီးတစ်ခုဖြစ်အောင် ပွင့်နိုင်ကြတယ် ထုံ .. အရှုံးပေးလိုက်ကြသလား.. နေရောင်ပြင်းပြင်းကြီးကို အရှုံးပေးလိုက်ကြသလား ထုံ .. အဲသလိုသာ လောင်မြိုက်နေတဲ့ အပူရှိန်ကြီးကို အရှုံးပေးလိုက်ကြရင် .. ကြာတောကြီး ဘယ်ဖြစ်လာမလဲ ထုံ ရယ် .."

ထုံ ကြည့်လာသည့်အကြည့်က အထင်တကြီးနိုင်နေသော အကြည့်..၊ ကြာတောကြီးကိုလည်း ငေးခနဲ ကြည့်လိုက်သေးသည်။ သူ့စကားတွေသည် ထုံ့ နှလုံးသားသို့တိုင် သက်ရောက် တိုးဝင်နိုင်လိုက်ပြီဟုတော့ သူ ထင်လာမိသည်။ မျှော်လင့်လာမိသည်။

"နေဝန်းကြီး ညနေဘက်ကို ကူးတော့ .. နေဝန်းညိုချိန် ကြာဖူးချိန် ဖြစ်ကြတယ် .. ကြာပွင့်ချိန် ဖြစ်ရတယ် .. လမင်းကြီး ထွက်လာတော့ ကန်ရေပြင်မှာ ကြာဖူးကြာပွင့်တွေအပြင် .. လရိပ်ကြီးကလည်း.. အေးအေးမြမြ ကျလာတာပဲ ထုံ .. ဘဝဆိုတာ .. အေးမြတဲ့အချိန်ဆိုတာ ရှိပါတယ် ထုံ ရယ် .. အဲသလိုအချိန်မျိုးမှာ .. လရိပ်တစ်ခုတည်းတောင် မဟုတ်တော့ဘူး .. လေပြည်လေအေးလေးတွေက .. ကန်ရေပြင်ထက်မှာလည်း ပြေးကြ ဆော့ကြတယ် .. ကြာဖူးထက်မှာလည်း ဆော့တယ်.. ကြာဖူးလေးဆီက .. ကြာပွင့်လေးဆီကို ကူးတတ်တဲ့ လေပြည် .. ပန်းဝတ်ဆံထက်မှာ ပြေးတတ်တဲ့ လေပြည် .. ဟိုဘက်ကို ကူးလိုက် .. ဒီဘက်ကို ကူးလိုက် ဆော့လိုက်နဲ့ .. လေပြည်လေအေးလေးကလည်း ပန်းတွေကြားမှာ .. ကန်ရေပြင်မှာ .. ဝတ်ဆံတွေမှာ တနော့နော့ ရှိနေတတ်ကြတာပဲ ထုံ .. အေးမြတဲ့ ကြာတောတစ်ခွင်ကို .. ထုံ မြင်ကြည့်စမ်းပါ .. အပူတွေ ပျောက်ကွယ်သွားမှာပါ ထုံ ရယ် .."

ဟု ပြောတော့ ထုံ မျက်ရည်လည်တတ်လာသည်။ ပြောတတ်ချေသည်ကော ကိုကိုရယ် .. ဟု တွေးရင်း ရုတ်ခနဲ ကိုကို့လက်ကို ကျေးဇူးတင်စိတ် .. အထင်ကြီးစိတ်ဖြင့် ဖေးကိုင်လိုက်မိသည်။

"ကျေးဇူးတင်တယ် ကိုကို .. ကိုကိုက သိပ်တော်တာပဲ ထုံ့



www.burmeseclassic.com

www.burmeseclassic.com



ကို .. ဘဝဆိုတာ ဘယ်လို ရစ်တည် ရင်ဆိုင်ရတယ်ဆိုတာ သင်ပေးလိုက်သလိုပါလား .."

ဟု ပြောလာတော့ သူ့ရင်ထဲ ရှိန်းခနဲ ဖြစ်၏။ သူ့လက်ကို ထုံ ကိုင်လိုက်တာမို့ နှလုံးသားမှ နူးညံ့သည့် ခံစားချက်က စိတ်လှုပ်ရှားခြင်းနှင့်အတူ တိုးဝင်လာသည်။ နောက်တော့ .. သူ့ချွေးသမီး .. သူ့ချွေးမြေးလေး ထုံ ၏ လက်လေးတွေကို .. သူ့လက်တွေက .. အထိခံနေတာ မထိုက်တန်သည်ပဲဟု တွေးကာ ရုတ်ခနဲ လက်ကို ရုန်းလိုက်မိသည်။ ကိုယ်ကလည်း ယိမ်းခနဲ ဖြစ်သည်။ လှေက လူးချေ၏။ ထုံ လှေပေါ်မှ ကျသွားမှာ .. ထိခိုက်သွားမှာ စိုးရိမ်စိတ်ဖြင့် ထုံ့ ကို သူ လှမ်းထိန်းနိုင်ဖို့ ကြိုးစားမိသည်။ ဖိုးသည်း ကလည်း လှေလူးတော့ ထခုန်သည်။

ဝုန်းခနဲ ရေထဲကျကုန်ကြရကာ လှေဝမ်းစောင်း လည်ထွက်သွားတာကိုလည်း သူ သိလိုက်ရပါ၏။ ထုံ့ အတွက် စိတ်ပူကာ .. လန့်ရှိန်ဖြင့် ထုံ့ ကို သူ ဆွဲမိလိုက်သည် ထင်သည်။ ထုံ့ လက်လေးတွေကလည်း သူ့ကို လှမ်းထိန်းထားသည်။

"ရေတိမ်တယ် ကိုကိုရဲ့ .. ခြေထောက်.. ထောက်လိုက် .. ထောက်လိုက် .."

ဟု ပြောနေသည့် ထုံ့ အသံကြောင့် ထုံ့ အတွက်ပဲ စိတ်ပူရင်း ကိုယ်က ရေမကူးတတ်တာကို မေ့နေရင်း သတိလက်လွှတ် လန့်ကျသွားတာကို ပြန်ထိန်းမိကာ ခြေထောက်ကို ထောက်လိုက်တော့ ကန်မြေပြင်အောက်ခြေကို ခြေထောက်ထိ၏။ ရပ်ကြည့်တော့ ရင်ညွန့်အထက်လောက်ပဲ ရေအနက် ရှိသည်။ သူ .. ရှက်စိတ်ဖြင့် ထုံ့ ကို ကြည့်မိရပါ၏။ လန့်လန့်ဖြင့် ထုံ့ အတွက်ကို စိုးရိမ်တကြီး လှမ်းဆွဲထားမိခဲ့သည်ကိုး...။ သူ .. တကယ်လည်း ရေမကူးတတ် ..၊ ထုံ ရယ်လိုက်ကာ ...

"ကိုကို ရေမကူးတတ်ဘူးဆိုလို့ ရေတိမ်ဘက်ကို တမင် လှေလှော်လာတာ ကိုကိုရဲ့ .. ဒီကန်လေးက ထုံ ငယ်ကတည်းက ကူးလာခဲ့တဲ့ကန်





ဆိုတော့ .. ဘယ်မှာ ရေနက်တယ် .. ရေတိမ်တယ် .. ခြေဖျားထောက်လို့ရတယ် .. အားလုံး သိတယ် .."

ဟု ပြောကာ ဆက်၍ ရယ်သည်။ ရေစိုနေသည့် ဆံပင်နက်နက်လေးတွေက နဖူးစပ်မှာ ဖေးကပ်နေ၏။ မျက်နှာလေးထက်မှာလည်း ရေတွေစိုနေကာ ရေစက်လေးတွေ တင်နေတာ တချို့ ရှိနေသည်။ သူ့လက်တွေက ထုံ့ လက်လေးကို တွေးခနဲ ဆုပ်ထားမိလိုက်သည်က ချစ်ရလေသမျှ .. လွှတ်ခနဲ တွေးဆုပ်လိုက်မိခြင်းပါတည့် ..။ နောက်တော့လည်း လက်လေးကို ပြန်လွှတ်လိုက်မိသည်။ ထုံ .. သူ့လက်ကို ပြန်ဆွဲ၍ ...

"ကမ်းကို ကူးရမှာ ကိုကိုရဲ့ .. လျှောက်သွားရမှာ .. ကိုကို ရေမကူးတတ်တာမို့ .. ခြေထောက်ချော်ပြီး မြုပ်သွားရင် ခက်မယ် .. ထုံ့ လက်ကို ဆွဲထား .."

ဟု ပြောတော့ သူ ထုံ့ လက်လေးကို မထိရဲဘဲ ဖြစ်နေသည်။ ထုံ သူ့ကို ငြိမ်ရပ်ခိုင်းကာ မျောက်နေသော လှေကို ပြန်၍ လှန်သည်။ မျောနေသည့် လှော်တက်ကို သွားယူ၍ လှေဝမ်းမှာ ထည့်သည်။

"ကိုကို လှေဝမ်းထဲ ပြန်တက်တတ်မှာလည်း မဟုတ်ဘူး .. ထုံ.. ကမ်းရောက်တဲ့အထိ လက်တွဲခေါ်မယ် .. ရှေ့က ခေါ်မယ် .. ကိုကိုက.. ထုံ ဆွဲခေါ်ရာအတိုင်း လိုက်ခဲ့ .."

ဟု ပြောကာ ရှေ့မှာ ဦးဆောင် လက်တွဲခေါ်တော့ သူ ကလေးလိုပဲ ပါလာရပါ၏။ ထုံ .. ကမ်းစပ်ရောက်တော့ သူ့ကို လှမ်းကြည့်သည်။ ရေက ဒူးအောက် ရောက်လာနေပြီ။ သူ့လက်က ထုံ့ လက်ကို အသေဆွဲကိုင်ထားဆဲ ..။ မလွှတ်မိသေး ..၊ ရေနှင့်မလွှတ်သမျှ .. ဆက်၍ ထုံ့ လက်လေးကို မလွှတ်ဘဲ ကိုင်ကို ကိုင်ထားရမည့်သဘောမျိုးဖြင့် သူ အကြောင်းကြောင်း လိုက်လာသလိုကြီး ဖြစ်နေတာ သတိထားမိလာတော့မှ ကမန်းကတန်း လက်ကို ရုန်းမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထုံ .. သူ့ကို ပြုံးကြည့်လာသည်။ သူလည်း ရှက်အမ်းအမ်းဖြင့် ပြုံးပြမိရပါ၏။ အနေရလည်း ခက်နေသည်။ နှစ်ယောက်စလုံးလည်း ရေစိုနစ်နေကြသည့်အဖြစ် ..။

ဖိုးသည်း ခွေးဂျလည်ကတော့ ခြေတံရှည် လက်တံရှည်ကြီးဖြင့် ရေကူး ပြန်လာသည်တည့် ..။

"ကိုကို .. ကမ်းမှာ နေခဲ့ .. ထုံ .. လှေသွားလှော်ပြီး ပြန်လာခဲ့မယ်.. လှေကို ချန်ထားခဲ့လို့ မဖြစ်ဘူး ကိုကိုရဲ့ .."

ဟု ပြောကာ ထုံ ရေထဲကူးတော့ သူ စိတ်ပူလျက် ရေထဲ လိုက်ဆင်းကာ ...

"သတိထား ထုံ .. ခြေထောက်ကြွက်တက်နေမှာ စိုးရတယ် .. ကိုကို့ကို တွဲခေါ်လာရတာက အားစိုက်ခေါ်လာရတာ .."

ဟု ပြောတော့ ထုံ ရယ်သည်။ ခေါင်းလေးပင် ခါပြလိုက်သေးသည်။ သူ စိတ်ပူနေသည်ပါပဲ။ ထုံ လှေလေးလှော်၍ ပြန်လာကာ ရေချိုးဆိပ် လှေငုတ်မှာ ကြိုးလေးနှင့် လှေကို ချည်တော့မှ စိတ်အေးရပါသည့်အဖြစ် ..။

"ကိုကို .. ထုံ မေးစရာရှိတယ် .. မှန်မှန် ဖြေရမယ် .."

ထုံ မေးလာတော့ သူ တစ်ချက် အကဲခတ်သလို ကြည့်၏။

"ထုံ .. ရေထဲကျသွားမှာကို .. ကိုကို စိုးရိမ်ပြီး လှမ်းသတိပေးချိန်မှာ .. ကိုကို ရေမကူးတတ်တာကို မေ့သွားသလား ကိုကို .. အရမ်းစိတ်ပူပြီး ရှေ့လောတကြီးနဲ့ ကိုယ်ကြီးကိုင်းလိုက်တာ သိပ်မြန်တာပဲ.. လှေမှောက်မှာ ကိုကို မတွေးမိဘူးလား .."

"မသိဘူး ထုံ .. ကိုကို့စိတ်ထဲမှာ ထုံ့ အတွက် ပူတာပဲ ရှိတယ်.. ထုံ ရေထဲကျသွားမှာ လန့်နေတာပဲ ရှိတယ် .. ထုံ ရေကူးတတ်တယ်ဆိုတာလည်း အာရုံထဲ ရောက်မနေဘူး .. အဲဒါ .. စိတ်ပူတာပဲပေါ့ ထုံ .. ကိုကို ရေမကူးတတ်တာလည်း မေ့သွားတယ် ထုံ .."





ဟု ဖြေတော့ ထုံ ကိုကို့ကို အတန်ကြာ ငေးကြည့်နေမိရပါပြီ..။

မနေ့ညက ဘိုးဘိုး ပြောသည်လေ ..၊ ကိုကိုနှင့် တစ်နေ့မှာ .. ထုံ့ ကို နေရာချထားပေးချင်သည်တဲ့ ..။ ကိုကို စွမ်းထက်ခေါင် ဆိုတာ အလွန်ကို ရိုးသားဖြူစင်လျက် စိတ်ရင်းစိတ်မာတ် အေးချမ်းသူ ဖြစ်သည်မို့ .. ထုံ့ ကို ဘဝလုံခြုံရာအဖြစ် .. တစ်နေ့မှာ ကိုကို့ဘဝနှင့် ပေါင်းစပ်၍ ထုံ့ ဘဝလေးကို .. တည်ဆောက် ရပ်တည်စေချင်သည်တဲ့ ..။ ထုံ့ ထံမှ သဘောထားနှင့် အဖြေတစ်ခုကိုလည်း ဘိုးဘိုး စောင့်ပါ့မည်တဲ့ ..။ ထုံ လက်ခံမှ .. ကိုကို့ကို .. ဘိုးဘိုး၏ဆန္ဒ ဖွင့်ပြောမည်တဲ့လေ ..။

ထိုစဉ်က .. ဘိုးဘိုးကို ဘာအဖြေပေးရမည်ဆိုတာ ထုံ အဖြေမရသေးပါ။ မဖြေနိုင်သေးပါ ..၊ ခုတော့ .. ထုံ .. ဘိုးဘိုးကို .. ခေါင်းညိတ်သည့်အဖြေတစ်ခုကို ပေးနိုင်ပါပြီတည်း ..။

ကိုကိုသည် .. ထုံ့ အတွက်ဆိုလျှင် ကိုကို့အန္တရာယ်ကိုပင် မေ့တတ်သူပါတကား ..။

ထုံ တစ်ချက် ရယ်မိပါ၏။

"ကိုကိုက .. တကယ် ကျတော့လည်း လန့်ပြီး .. ထုံ့ ကိုပဲ စိတ်ပူနေတော့တာ .. လက်လေး လှမ်းဆွဲတော့တာ .. ကိုကိုက ရေနက်တယ် ထင်နေတာကိုး ..၊ ပြီးတော့ ကိုကို ရေမကူးတတ်တာကိုလည်း မေ့နေသေးတယ် .."

ဟု ပြောပြီးတော့ ကိုယ့်ကို ရှက်နေသည်၊ မနေတတ် ဖြစ်နေသည်။ ရေစိုနေသည့်ဆံပင်ထူထူတွေက ကိုကို့နဖူးပြင်ပေါ် ဖြိုကျနေ၏။ ကလေးလေးနှင့်ပင် ပိုတူနေသေးသည့်အဖြစ် ..၊ လောလောဆယ်မှာ ငယ်သည့် ထုံ က ကိုကို့ကို ချစ်စနိုး နောက်ပြောင်နေသည့်ဟန် ဖြစ်နေလျက် ..။ ကိုကိုက .. ကလေးလေးလို ရှက်အမ်းအမ်း ဖြစ်နေသည်တည့် ..။

ဤသည်ကိုက .. ကိုကို့ အတွင်းစိတ် ဖြူဖြူစင်စင်ကို .. သိနေစေသည်ပါပဲ ..။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရေနက်တယ်ထင်ပြီး လန့်နေတယ်ဆိုတော့.. ရေနက်ထဲမှာ ထုံ ရေနစ်သွားရင် .. ကိုကို ကယ်မှာလား .. ဘယ်လို ကယ်မှာလဲ .."

"လိုက်ကယ်မှာပဲ ထုံ .. ချောပြီး ရေနစ်ရင်လည်း .. ဘာတတ်နိုင်မှာလဲ .. ကိုကို့ရှေ့မှာ .. ထုံ .. တစ်ခုခု ဖြစ်မှာကိုတော့ .. ကိုကို .. ရပ်ကြည့်နေရမှာလား .. မဟုတ်တာ ထုံ ရာ .."

ဟု ကိုကို ဆက်ဖြေတော့ ထုံ ကန်ရေပြင်ဘက်ကို ကြည့်မိသည်။ ကျေးဇူးတင်ပါသည် ကန်ရေပြင်နှင့် ကြာတော တစ်ခိုရယ်လေ ..။

ထုံ့ အတွက် .. အေးမြ လုံခြုံသော .. ဖြူစင်အေးချမ်းသော .. ဘဝဖော်ကို .. ဖေဖေ နေခဲ့ရာ ဤယာတောအိမ်လေးနှင့် မလှမ်းမလှမ်း.. ဤရေကန်နှင့် ကြာတောဆီမှ အဖြေတစ်ခုကို ထုတ်ပေးခဲ့လျက် .. ဘဝဖော်ကို .. ရွေးချယ်နိုင်စေဖို့ .. ဆုံးဖြတ်ပေးသော ကန်ရေပြင်နှင့် ပန်းကြာညိုကျော့တို့ကို ထုံ ကျေးဇူးတင်ရပါသည် ..။

ထုံ .. လှေလေးကို ပြန်လှော်ယူလာစဉ်က .. ထပ်၍ ချိုးယူခဲ့ပါသည့် ကြာဖူး ကြာပွင့် တချို့ကို လက်မှာ စုံ၍ ယူလာမိရပါ၏။

ထုံ့ လက်ထဲမှာ ပန်းကြာဖူးတွေ .. ပန်းကြာပွင့်တွေ ပါလာသည့် နှယ် .. ဝတ်ဆံရနံ့တို့သည်လည်း တသင်းကြည်ကြည် လေပြည်နော့နှင့် အတူ ပါလာသည်တည့် ..။

ကိုကိုနှင့်ယှဉ်၍ ထုံ လျှောက်လာစဉ်မှာ .. ထုံ့ လက်ထဲမှ ကြာဖူး တချို့နှင့် ကြာပွင့်တချို့ကိုလည်း ကမ်းပေးလိုက်မိရပါ၏။ ကိုကို လှမ်း၍ ယူစဉ်ခိုက်မှာလည်း ကြာဝတ်ဆံတို့ဆီမှ ရနံ့တို့က ဝေဝေယှက်ယှက် ရှိနေသည်ပါပဲ ..။

ကိုကိုနှင့်အတူ လျှောက်လာနေရင်းဖြင့်လည်း စောစောက ကိုကို ပြောပြရာ .. စကားလုံးလေးများစွာက .. လှပသော ကဗျာလေးတစ်ပုဒ် နှယ်ပင် .. ထုံ့ နှလုံးအိမ်ဆီမှာ နူးညံ့ညင်သာ .. မွှေးပျံ့လွှင့်သာစွာပင် ပါလာချေသည်တည့် ..။





ပူပြင်း စူးရှ နေရောင်ကျရာ
ကန်ရေပြာတွင်။ ရွှေရောင်ဝင်းစက်
ပန်းကြာရွက်ရုံ၊ ကြာဝတ်ဆံဝါ
ပွင့်ဖတ်လွှာတို့၊ မညှိုးမဖျော့
ခေါင်းကိုမော့၍၊ ကြည်မွေ့ပြာပြာ
ရေပြင်မှာလျှင် ကြာတောဆင်၏ ..။

ညခင်းချိန်ခါ၊ နေရှိန်ဝါကား
လျော့ပါးဆုတ်ခွာ၊ ရှိသောခါတွင်
ရှိမြဲသို့ဝင်၊ ကြာတောတစ်ခွင်ဝယ်
ဝတ်ဆံကြွယ်ရာ၊ ပွင့်ဖတ်လွှာတို့
တချို့ ပွင့်နေ ...
ပူးနေတချို့၊ ဝန်းဝန်းစို့စို့
နေဝန်းညို့ချိန်၊ ကြာဖူးချိန်ဖြစ်
နေဝန်းညို့ချိန်၊ ကြာပွင့်ချိန်ဖြစ်
ပန်းတွေဖြစ်ရင်း၊ ပန်းတိုးရင်းယင်
ပန်းကြာညိုလျှင် ကြာတောဆင်၏ ..။

ကန်ရေပြာထက်၊ ဝန်းစက်လရိပ်
ပုံရိပ်ကျချိန်၊ လသာချိန်တွင်
ကန်ရေပြင်အား၊ ပန်းပိုမွှေးလျက်
ပန်းကြာရွက်ကြား၊ ပွင့်လွှာကြားတွင်
တိုးခွေ့ဝင်ရင်း၊ ဖြတ်ပြေးရင်းဆော့
ဆော့ရင်းမှိန်ကူး၊ ပန်းကြာဖူးထက်
ပန်းပူးထက်မှ၊ ဝတ်ဆံလှဘက်




www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆံထက်မှ၊ ပန်းလွှာလှဘက်
ပန်းလွှာလှမှ၊ တန်ရေမြဲထက်
ဟိုဘက်သည်ဘက်၊ ကူးလူးယှက်ပြေး
လေပြည်အေးတွေ၊ ဖြန့်နေတစ်ခို
ပန်းကြာညိုကျော့ လေပြည်နော့၏ ...။
ပြော် ...
ပန်းကြာညိုကျော့ လေပြည်နော့၏ ...။

မျှဝေခံစားခြင်းများစွာဖြင့် ...



မတူရာ (လှိုင်ဇော်)
(၆-၇-၂၀၁၃)

အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥစ္စူရပ်ကွက်၊ လှိုင်ကော်မြို့၊
ကယားပြည်နယ်။
ဖုန်း-၀၈၃-၂၁၃၂၃



www.burmeseclassic.com